ရတုပြည့်စုံထွန်းစာပေ

www.burmeseclassic.com

(၂၅)နှစ်မြောက် ငွေရတု အထူးထုတ်

# ဂဇ္ဇရလောက

စုစည်း

| | |
|---|---|
| ဆောင်းလှုလင် | ဆင်ဝင်စား |
| နေ့တာမာန် | ခေတ္တ တာမလွန် |
| မောင်ညိုမှိုင်း(သန်လျင်) | ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် စိတ်စမဆရာကြိုင် |
| ကောင်းသုခ | ဒေါက်တာရွှေမင်းအိမ်နှင့် မိုးပျံသူရိန် |



ဆောင်းလှုလင်၊ သက်ထွန်း(ဓားသိဂ္ဂ)၊ မောင်ညိုမှိုင်း(သန်လျင်)၊ နေ့တာမာန်၊ ဆရာကြီးအရိန္ဒမာ၊
မေတ္တာရှင်မောင်မိမြင့်၊ ကောင်းသော်၊ ဝေဆိမ်၊ ပညာဝလ၊ မင်းဘုန်းသိ၊ မင်းအောင်ကျော်၊
ဖေသျှမင်းသျှင်၊ ထောင်မှူးကြီးသိန်းဝင်း၊ ကောင်းသုခ၊ သီဟထင်စော၊ သိမ်သူ၊

www.burmeseclassic.com

www.burmeseclassic.com

## ၂၅ အုပ်မြောက် အထူးထုတ်

အမှတ် (၂၅)၊ ဇွန်လ၊ ၂၀၀၉ ခုနှစ်

BURMESE CLASSIC .com







**ဆောင်းလှလှိုင်**
ဆင်ဝင်စား ၁၈

**ကောင်းဆော်**
ဂျမ်ရှင့်ဂျက်ရိုး ၅၃

**ဆရာကြီးအဂ္ဂိမှဟ**
မယ်လှိုင်ကြီးတောင်က ဘာရှသေး ၆၂

**ဝေးအိပ်**
နိမိတ်စိမ်း ၇၁

**ပညာဗလ**
ဝိညာဉ်လိုက်တဲ့ည ၉၄

**မင်းဘုန်းသိဒ္ဓ**
သန်းခေါင်ယံခေါင်းကြီးပြတ်ည ၁၀၅

**မင်းအောင်ကျော်**
ပေါက်တူ ၁၂၃

**ဓေယျုမင်းသျှင်**
နတ်ဂူကလိပ်ပြာ ၁၄၃

**ထောင်မှူးကြီးသိန်းဝင်း**
ယင်းဆီတောနှင့် တစ်ပွဲစားမုဆိုး ၁၆၄

**ကောင်းသုခ**
ဧဒါကတ်တာစွမ်းအိမ်နှင့် မိုးပျံသူရိန် ၁၈၀

**မောင်ညိုမှိုင်း(သန်လျင်)**
ပုံပျက်ပန်းပျက်ရှေ့ဘုရားကြီးနှင့် စိတ်စမဆရာကြိုင် ၂၀၅

**သီဟထိပ်တင်ဝေ**
တာစွမ်းလေးမောင့်ချစ်သူ ၂၃၁

**သိဒ္ဓ**
နာနာဘာဝဟော ၂၅၇

**သက်ထွန်း(ဆေးသိပ္ပံ)**
အခန်းအမှတ် (၆၉) ၂၇၁

**ပေဠကရွှေမောင်ပဲခေါင်**
ဘိုးရွှေမှားနှင့် ကိုယ်ပျောက်ဝတ်ရုံ ၂၈၅

**ငွေတာဟန်**
ခေတ္တ တာမလွှန် ၂၉၉









www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောက

အယ်ဒီတာချုပ်
(Quality)
တာဝန်ခံအယ်ဒီတာ
အတိုင်ပင်ခံအယ်ဒီတာ
အုပ်ချုပ်မှုအယ်ဒီတာ
အယ်ဒီတာအဖွဲ့
(Quality)



# အယ်ဒီတာ့စကား

မင်္ဂလာပါ...

နယုန်မိုးသေးမြိုက်သားဖွေးရှိန်တွင် ဂမ္ဘီရလောကမဂ္ဂဇင်းသည် ၂၅အုပ် မြောက်သို့ တိုင်ခဲ့ပါပြီ။ ဖြတ်သန်းခဲ့သော ခရီးစဉ်တစ်လျှောက်တွင် စာဖတ် ပရိသတ်အပေါ်ထားအပ်သော စေတနာသည် ဆုတ်နစ်ခဲ့ခြင်းမရှိပါ။ ယခုလ အထူးထုတ်တွင် စာဖောင်တိုးချဲ့ကာ ပိုမိုစေဆာစွာ စီစဉ်ဆောင်ရွက် ပေးထားစေ ကာမူ ဈေးနှုန်းတိုးမြှင့်ခြင်းမရှိသည်ကို သတိထားမိကြပါလိမ့် မည်။ ဆက်လက်၍ လာမည့်လများတွင်လည်း ဆထက်ထမ်းပိုးကြိုးစားသွားမည်ဖြစ်ကြောင်း အသိ ပေးအပ်ပါသည်။

တာဝန်ခံအယ်ဒီတာ

www.burmeseclassic.com

# ဂမ္ဘီရလောကမဂ္ဂဇင်း၏ ဝိုင်းတော်…

www.burmeseclassic.com







[illegible]

[illegible]



[illegible]





[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com





[illegible]



[illegible]

6.2.09 (FRI)

[illegible]



[illegible]



[illegible]



[illegible]



[illegible]





[illegible]

www.burmeseclassic.com

www.burmeseclassic.com



[illegible]



ဂမ္ဘီရလောကမဂ္ဂဇင်းသည် ထူးဆန်းအံ့ဩဖွယ်၊ ထိတ်လန့်ချောက်ချားဖွယ်၊ သဘာဝလွန်ဖြစ်ရပ်များ၊ လျှို့ဝှက်ဆန်းကြယ်ဖြစ်ရပ်များ၊ သည်းထိတ်ရင်ဖိုဖြစ်ရပ်များနှင့် ပတ်သက်သည့် ဇာတ်လမ်းကောင်းများကို ရွေးချယ်ထည့်သွင်းဖော်ပြနေသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်၍ ဘယာနကရသ၊ အဗ္ဗုတရသများကို ခံစားလိုသည့် ပရိသတ်အတွက် ပြီးပြည့်စုံသော မဂ္ဂဇင်းတစ်စောင်ဖြစ်ပါသည်။

နွေတမာန်ကလောင်ကို ဂမ္ဘီရလောကမဂ္ဂဇင်းနှင့်အတူ ဖူးပွင့်ခွင့်ရသည့်အတွက် ကျေနပ်ဂုဏ်ယူမိပါသည်။

နွေတမာန်

[illegible]



[illegible]



[illegible]



[illegible]



[illegible]



[illegible]




[illegible]

www.burmeseclassic.com

www.burmeseclassic.com






[illegible]

[illegible]

2009

[illegible]

22-2-2009



[illegible]





[illegible]

[illegible]

18/2/2009

[illegible]





you earn your name [illegible]

[illegible]

13-2-09

[illegible]



[illegible]




[illegible]

www.burmeseclassic.com

www.burmeseclassic.com











'ဂမ္ဘီရ' ဟူသည် 'ဆန်းကြယ်မှု' ဖြစ်ပါ၏။
'ဆန်းကြယ်' သဖြင့် 'အံ့ဩမှု' ဖြစ်ရပါ၏။
'အံ့ဩ' သဖြင့် 'စူးစမ်းမှု' ပြုပါ၏။
'စူးစမ်း' သဖြင့် 'အမှန်' ကို တွေ့နိုင်ပါ၏။
'အမှန်' ကိုချဉ်းကပ်လို၍ ဂမ္ဘီရလောကကို ဖတ်ပါ၏။
'အမှန်' ကို ချဉ်းကပ်လို၍ ဂမ္ဘီရလောကကိုရေးပါ၏။









www.burmeseclassic.com


www.burmeseclassic.com



[illegible]



[illegible]



[illegible]



[illegible]

[illegible]



ဂမ္ဘီရလောကမဂ္ဂဇင်းကို ဂမ္ဘီရဆန်သောဝတ္ထုများ၊ချည်၊ သီးသန့်ရွေးချယ်ထည့်သွင်း ဖော်ပြနေသည့် မဂ္ဂဇင်းတစ်စောင် အဖြစ် တွေ့ရပါသည်။

ထူးဆန်းအံ့ဩဖွယ်အကြောင်းအရာများ၊ ထိတ်လန့်ချောက်ချားဖွယ်ဇာတ်လမ်းများ၊ သဘာဝလွန်ဖြစ်ရပ်များ၊ သည်းထိတ်ရင်ဖိုဇာတ်ကြောင်းများကို စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် စိတ်ကျေနပ်နှစ်သက်မှုရစေမည့် မဂ္ဂဇင်းတစ်စောင် ဖြစ်ပါသည်။

ဂမ္ဘီရလောကမဂ္ဂဇင်း ငွေရတုမှသည် ရွှေရတု၊ စိန်ရတု၊ ရာပြည့်၊ ထောင်ပြည့် တိုင်ပါစေ . . .

ဆောင်းလုလင်



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com

# ဆင်ဝင်စား

ဓောင်းလုလင်

၃ လပြတ် အခန်းဆက်ဝတ္ထုရှည်

www.burmeseclassic.com

www.burmeseclassic.com

# ဆင်ဝင်စား

သူမ၏မြင်ကွင်းများကို ဆက်စပ်ကြည့်လိုက်လျှင် ဆင်သတ္တဝါများပါဝင်သော ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေါ်လာသည်။ သူမ၏မြင်ကွင်းများအရ ထိုဇာတ်လမ်း၏အဓိကသရုပ်ဆောင်မှာ ဆင်မကြီးဖြစ်နေလေသည်။

လွမ်းစေတီရှိသည့်တောင်ကုန်းအထက်မှ မျှော်ကြည့်လိုက်လျှင် ရိုးမတောကြီးကိုအပေါ်မှစီးမိုးမြင်နေရပါသည်။ သစ်ပင်သစ်တောများမှာ အရွက်ချင်းထပ်၊ အကိုင်းချင်းယှက်၍ မြေပြင်ကိုမမြင်ရနိုင်အောင် ပိန်းပိတ်နေပေသည်။ တစ်တောလုံးစိမ်းစိုနေပေရာ အစိမ်းရောင်ကမ္ဗလာကြီးဖြန့်ချထားသလို ကြည့်လေရာရာ စိမ်းညို့မှိုင်းမှုန်နေပေ၏။

လုံမသည် ထိုရှုခင်းကိုပင်မငြီးငွေ့နိုင်၊ မရိုးနိုင်ဘဲ လွမ်းစေတီတောင်ကုန်းပေါ်သို့ လာကြည့်နေမိပြန်ပါပြီ။ လွမ်းစေတီရှိရာတောင်ကုန်းကား လုံမတို့ရွာမှ တစ်ခေါ်သာသာလောက်ဝေးသည့်အတွက် လူသူပြတ်လတ်သည့်နေရာတစ်ခု ဖြစ်ပေသည်။ လုံမလိုအမျိုးသမီးလေးတစ်ယောက်တည်း လာသင့်သောနေရာ မဟုတ်ပါ။

လွမ်းစေတီတစ်ဝိုက်တွင် စေတီမှဆည်းလည်းသံများ၊ ကျေးငှက်သာရကာတို့၏ အော်မြည်သံများဖြင့်သာ ညံညံစီလျက်ရှိပေ၏။

လုံမ၏အကြည့်သည် ဟိုးဝေးဝေးဆီမှရိုးမတောင်တန်းကြီးဆီသို့ ရောက်လျက်ရှိသည်။ ရိုးမတောင်တန်းကြီးနှင့် လုံမရှိနေရာ လွမ်းစေတီတောင်ကုန်းကြားမှ အပြန့်အပြောကျယ်လှသောတောအုပ်ကြီးကို အပေါ်မှစီးမိုးကြည့်ကာ လုံမမျက်စိထဲဝယ် အဖြစ်အပျက်များကိုမြင်ယောင်လျက်ရှိပါ၏။



လုံမအနေဖြင့် သစ်တောအုပ်အောက်ခြေမှ မြေမျက်နှာပြင်အနေ အထားများ၊ အရာဝတ္ထုများကို သာမန်မျက်စိဖြင့်မမြင်နိုင်သော်လည်း လုံမ၏စိတ်အာရုံတွင်မူ ထိုတောအုပ်ထဲမှ အဖြစ်အပျက်များကို မြင်ယောင်နေမိပါသည်။

စိမ်းညို့သောတောအုပ်ကြီးအောက်ခြေမှ စမ်းချောင်းများ၊ လျှိုမြောင်များ၊ ကမ္ဘူများ၊ လိုဏ်ခေါင်းများ၊ ချောက်ကမ်းပါးများ၊ သားရဲတိရစ္ဆာန်များကို လုံမအာရုံဝယ်ထင်ယောင်မြင်ယောင်လျက်ရှိလေသည်။

လုံမ၏စိတ်အာရုံ၌ ထင်ရှားစွာမြင်နေရသောအရာမှာ ဆင်နှစ်ကောင် ဖြစ်ပေသည်။ တစ်ကောင်မှာအထီးဖြစ်၍ တစ်ကောင်မှာအမဖြစ်သည်။ အရွယ်ရောက်ပြီး ဆင်အထီးနှင့်အမတို့သည် တောထဲတွင် ဘာသာဘာဝ သွားလာလှုပ်ရှားကျက်စားလျက်ရှိပေသည်။

ဆင်အထီးမှာ စွယ်စုံဆင်ကြီးဖြစ်ပြီး တောင့်တင်းသန်မာလှပေသည်။ ဆင်အမသည် ဆင်အထီးနောက်မှ တလှုပ်လှုပ်ဖြင့် လိုက်ပါလျက်ရှိပေသည်။ ဆင်အထီးကြီးသည် ဆင်မကိုယုယပေးမကာ ခေါ်သွားလျက်ရှိပေသည်။

လုံမ၏အာရုံထဲဝယ် ရေတံခွန်အေးတွင် ဆင်ထီးကြီးက ရေတံခွန် အောက်မှရေများကို နှာမောင်းဖြင့်စုပ်ယူပြီး ဆင်မကိုပက်ဖျန်းပေးနေပုံကို မြင်ယောင်နေပေသည်။

ထို့နောက် ဆင်ထီးကြီးက ဆင်မအတွက် ကြံများချိုးယူလာကာ တယုတယကျွေးမွေးနေပုံကိုလည်း မြင်ယောင်မိပြန်သည်။

ထို့နောက်တွင် ဆင်ထီးနှင့်ဆင်မ ရေတိမ်သောစမ်းချောင်းကလေး တစ်လျှောက် လျှောက်သွားနေပုံများ၊ တောထဲတွင် ဘာသာဘာဝ ဆော့ကစား မြူးထူးနေပုံများကို မြင်ယောင်လာပြန်သည်။

တစ်ကြိမ်တွင်မူ လုံမသည် အသည်းထိတ်စရာမြင်ကွင်းတစ်ခုကို မြင်ယောင်ရပြန်၏။

ကိုးတောင်ကျားကြီးတစ်ကောင်သည် ဆင်ထီးနှင့်ဆင်မကိုကြည့်၍ မာန်ဖီလျက်ရှိလေသည်။ ဆင်ထီးကြီးက ဆင်မရှေ့တွင်ကွယ်၍ရပ်လိုက်ပြီး

www.burmeseclassic.com

ဆင်မကို လုံခြုံသောနေရာတွင် ပုန်းအောင်းနေရန် တိရစ္ဆာန်တို့၏ဘာသာ စကားဖြင့် ပြောဆိုအမူအရာပြလိုက်လေသည်။

ဆင်မသည် လျှိုကြီးတစ်ခုကြားတွင် ဝင်၍ရပ်နေလိုက်သည်။

ကိုးတောင်ကျားကြီးနှင့်စွယ်စုံဆင်ကြီးတို့၏တိုက်ပွဲကား စတင်ပေပြီ။

ကိုးတောင်ကျားသည် ဆင်ကြီး၏ဘေးပတ်ပတ်လည်ကိုလှည့်ပတ်ကာ ဟန်ဖိရင်း ချက်ကောင်းကိုချောင်းလျက်ရှိ၏။ စွယ်စုံဆင်ကြီးကလည်း ကျားကြီး လှည့်ပတ်နေသည့်အတိုင်း သူ့ကိုယ်လုံးကြီးကို ပတ်ချာလှည့်ကာ ခုခံရန်အသင့် ပြင်ဆင်လျက်ရှိ၏။ ဆင်ကြီးသည် သူ၏ဇနီးသည်ဆင်မကြီးရှိရာ လျှိုဘက်သို့ အလစ်မပေးဘဲ ကာကွယ်ထားပေ၏။

ကျားသည် ဘယ်ဘက်သို့ပြေးရန်ဟန်ပြပြီးမှ ညာဘက်မှပတ်ဝင်ကာ တစ်ချက်ကျယ်လောင်စွာဟိန်းလိုက်ရင်း ဆင်ကြီးကိုခုန်အုပ်လိုက်လေသည်။ ဆင်ကြီးက လျင်မြန်စွာဝပ်ချလိုက်ကာ ခုန်အုပ်လိုက်သောကျားကို အစွယ် နှစ်ဖက်ဖြင့် ပင့်ကော်လိုက်လေသည်။

ကျားသည် စွယ်စုံဆင်ကြီး၏အစွယ်ဖွေးဖွေးထက်၌ ယက်ကန် ယက်ကန် ဖြင့် သွေးသံရဲရဲဖြစ်လျက်ရှိသည်။ ဆင်ကြီးက ဦးခေါင်းကိုဘယ်ညာယမ်းခါ ပစ်လိုက်သည့်အခါတွင်ကား ကျားသည်ဆင်စွယ်ထက်မှပြုတ်ကျကာ ရင်နှစ် ခြမ်းကွဲလျက် အသည်းအူများမြေပြင်ထက် ပြန့်ကျဲသွားလေတော့သည်။

ကျားသည် တစ်ချက်နှစ်ချက်သာ ဆန့်ငင်ဆန့်ငင်ဖြစ်ပြီး အသက် ပျောက် သွားလေတော့သည်။

စွယ်စုံဆင်ကြီးသည် ထိုအတိုင်းပင် အန္တရာယ်ရန်စွယ်အမျိုးမျိုးမှ ကာကွယ်ပေးခဲ့ပါသည်။

သည့်အဖြစ်တွေကို လုံမအာရုံထဲဝယ် ထင်ရှားစွာမြင်လျက်ရှိသည်။

သည်လို ဆင်မအပေါ်ကြင်နာယုယဖေးမမှုတွေရှိခဲ့သော စွယ်စုံဆင်ကြီး သည် တစ်နေ့သောအခါတွင် ဆင်မကိုထားရစ်ခဲ့ကာ စွန့်ခွာထွက်ပြေး သွားသည်မှာ မယုံနိုင်စရာပင်ဖြစ်ပေ၏။



နောက်ဆုံးတစ်နေ့၌ ဆင်ကြီးသည် ဆင်မကိုထားရစ်ပြီး စွန့်ခွာ သွားခဲ့ပါ သည်။

ဆင်ကြီးစွန့်ခွာသွားသောအပိုင်းကိုမြင်ယောင်လာသော လုံမရင်၌ တစစ်စစ်နာကျင်လာလေသည်။ မျက်ရည်များဝဲလာလေသည်။

"သမီးရေ လုံမ၊ အလို ထင်တဲ့အတိုင်းပဲ ဒီကိုရောက်နေတာကိုး"

နောက်မှအသံကြားသောကြောင့် လုံမက လှည့်ကြည့်လိုက်သည်။ လုံမ မိခင်ဒေါ်လုံးကြည်ဖြစ်ပါသည်။

"လုံမရယ် မပြောမဆိုနဲ့ ထွက်ထွက်သွားလိုက်တာ၊ အမေဖြင့် စိတ်ပူရပါ ပေါ့။ အို သမီးမျက်လုံးမှာလည်း မျက်ရည်တွေဝဲလို့ပါလား ဘာဖြစ်လို့လဲသမီး"

"ဘာမှမဖြစ်ပါဘူး အမေရယ်၊ ကျွန်မမျက်လုံးထဲ ဖုန်ဝင်လို့ပါ"

ဒေါ်လုံးကြည်က သက်ပြင်းချလိုက်သည်။ ဒေါ်လုံးကြည်သိပါသည်။ လုံမ သည် တောထဲကိုကြည့်ကာ တွေးမိတွေးရာတွေးရင်း လွမ်းမောနေခြင်း ဖြစ်သည်။ လုံမရဲ့အကျင့်စရိုက်ကို ဒေါ်လုံးကြည်က သိပြီးဖြစ်ပါသည်။

သို့သော် မိန်းမပျိုလေးတစ်ယောက်တည်း ရွာနဲ့ဝေးရာကိုထွက် ထွက်သွား တာ ဒေါ်လုံးကြည်စိုးရိမ်လှသည်။

ပြီးတော့ ဒေါ်လုံးကြည်မှာ အစွဲအလမ်းတစ်ခုရှိသည်။ သမီးလုံမ တောထဲ ကိုထွက်သွားမှာစိုးရိမ်ခြင်းဖြစ်သည်။ တောထဲကလာတဲ့သမီး တောထဲကို သူ့သဘောနဲ့သူပြန်သွားမှာကို ဒေါ်လုံးကြည်အစဉ်စိုးရိမ်နေမိသည်။ ဒါကြောင့် လည်း လုံမကို မျက်ခြည်မပြတ်ကြည့်နေရ၏။ ကြည့်နေတဲ့ကြားမှ လုံမ တစ်ချက်တစ်ချက် ပျောက်ပျောက်သွားတတ်သည်။ ဒေါ်လုံးကြည်ကလည်း မီးသွေးဖိုမှာ အလုပ်များသည်မို့ လုံမကို အမြဲသတိပြုမနေနိုင်တာလည်းပါ သည်။

ဒေါ်လုံးကြည်စိုးရိမ်နေသော်လည်း လုံမက တောထဲထွက်သွား လောက် အောင်တော့ မမိုက်မဲပါ။ အလွန်ဆုံး ရွာမနီးမဝေးက လွမ်းစေတီရှိရာတောင် ပေါ်သို့သွားပြီး တောထဲကိုငေးစိုက်ကြည့်နေတတ်ရုံသာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲဖြစ်ဖြစ် ဒေါ်လုံးကြည်ရဲ့စိုးရိမ်စိတ်ကလျော့မသွား။ တစ်နေ့တွင် စိတ်ပေါက်ပြီး တောထဲပြန်သွားမှာကို စိုးရိမ်နေမိတာအမှန်ပင်။

တကယ်တော့ လုံမသည် တောထဲကလာသော တောပျော်တစ်ဦးပင် မဟုတ်ပါလား။

“လာနော် သမီး။ ပြန်ကြစို့။ မှောင်လာရင်မကောင်းဘူးကွယ်။ နောင်လည်း မပြောမဆိုထွက်ထွက်မသွားပါနဲ့သမီးရယ်၊ အမေစိတ်ပူလွန်းလို့ပါ”

“ကျွန်မ ဒီလွှမ်းစေတီအထိပဲလာတာပါ အမေရယ်။ တောင်ခြေမှာ ရွာသူရွာသားတွေလည်း သွားလာနေကြတာပဲ၊ ဘာစိတ်ပူစရာရှိသတုံး။ ကျွန်မအတွက်စိတ်မပူပါနဲ့အမေ”

“မိဘဆိုတော့ ပူပန်ရတာပဲအေ။ နောက် ဒီကိုလာချင်ရင် အမေ့ ပြော၊ အမေရင်လည်း လိုက်ပို့မယ်၊ အဖော်ရင်လည်း ထည့်ပေးမယ်၊ နော်– သမီး”

“ဟုတ်ကဲ့ပါ အမေ”

ဒေါ်လုံးကြည်က ချော့ချော့မော့မော့ပြောရင်း သမီးလေးကို အိမ်ပြန် ခေါ်လာခဲ့လေသည်။

ညပိုင်းတွင် ဒေါ်လုံးကြည်က သူမ၏စိုးရိမ်စိတ်များကို ခင်ပွန်းဖြစ်သူ ဦးနက်ကျော်အား တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။

“သမီးကလေး ဆင်စိတ်ပေါက်ပြီး တောထဲပြန်သွားမှာ စိုးရိမ်မိသတော်”

“ကြံကြံဖန်ဖန်လုံးကြည်ရယ် ဘယ့်နှယ်ဆင်စိတ်ပေါက်ရမှာတုံး။ တို့သမီးဟာ အလိမ္မာလေးဆိုတာ မင်းသိသားနဲ့ကွယ်၊ စိုးရိမ်ရန်ကော”

“တောစပ်သွားသွားနေတာ သွေးရိုးသားရိုးဟုတ်မလားတော်၊ ဆင်ဘဝကလာတဲ့သူဆိုတော့ ဆင်စိတ်ပေါက်မှာစိုးရိမ်ရတာပေါ့။ လုံမဟာ ဆင်မလေးတစ်ပိုင်းဆိုတာ တော်လည်းသိသားပဲ”



“ဒါတွေက အရင်ဘဝကပါ လုံးကြည်ရယ်၊ အခု လူဖြစ်လို့ ငါတို့သမီးလေးပဲဖြစ်နေပြီပဲ။ ဆင်စိတ်ပြန်ဝင်မယ်ဆိုတာတော့မဖြစ်နိုင်ပါဘူး။ အေးလေ မင်းက မအေဆိုတော့လည်း ကြံဖန်စိုးရိမ်တာ ငါအပြစ်မပြောပါဘူး”

လင်မယားနှစ်ယောက်သား သမီးအကြောင်းပြောဆိုရင်း အတိတ်အကြောင်းများဆီစိတ်ရောက်သွားကြသည်။

လုံမဟာ တကယ်ပဲ ဆင်ဝင်စားသူလား။ သမီးလေးလုံမနှင့် ဆင်ဆိုသောသတ္တဝါပတ်သက်မှုရှိနေတာတော့အမှန်ပင်။

လုံမကိုမမွေးခင်က ကိုနက်ကျော်နှင့်မလုံးကြည်တို့လင်မယားမှာ အတော်ပင်ဆင်းရဲကြလေသည်။ ဆင်းရဲသမှ မှန်တောရွာတစ်ရွာလုံးတွင် အဆင်းရဲဆုံးလင်မယားပင်ဖြစ်သည်။

မှန်တောရွာခံဖြစ်သော်လည်း မိဘနှစ်ပါး ငယ်စဉ်ကတည်းကဆုံးပါးသွား၍ ဆွေမျိုးမတော်စပ်သည့်အိမ်တွင် အခိုင်းအစေတစ်ပိုင်းဖြင့် ကပ်ရပ်နေရသောမလုံးကြည်နှင့် အဝေးရပ်ရွာက မိဘမရှိလို့ ရွာဦးဘုန်းကြီးက ကျောင်းမှာ ခိုင်းဖို့ခေါ်လာသည့် ကိုနက်ကျော်တို့ ကြံကြံဖန်ဖန်ဖူးစာဆုံကာ ညားခဲ့ကြခြင်းဖြစ်သည်။

ဘုန်းကြီးနှင့်သူကြီးကိုပြောဆိုပြီး နှစ်ယောက်သားလင်မယားအဖြစ် ပေါင်းသင်းမိကြတော့ ရွာအစွန်မှာ တစ်ဖက်ရပ်တဲကလေးထိုးပြီးနေရသည်။ လုပ်စရာအလုပ်ကမရှိ။ တောထဲဝင်ကာ ထင်းခွေ၍ရောင်းစားရပါသည်။

တောအရပ်ဆိုတော့ ထင်းခွေပြီး ရောင်းစရာနေရာက မရှိ။ သူသူကိုယ်ကိုယ် ယာထဲကိုင်းထဲသွားရင်း လမ်းမှာတွေ့ရာ သစ်ကိုင်းသစ်ခက်သစ်ခြောက်များကိုကောက်ယူလာရုံနှင့် ကိုယ့်အိမ်အတွက်တော့ ထင်းလုံလောက်နေသည်။ ကိုနက်ကျော်နှင့်မလုံးကြည်တို့ ခွေလို့ရသောထင်းကို ရွာမှာ ရောင်းစားလို့မရပါ။

ထိုအခါ ကိုနက်ကျော်သည် ငါးမိုင်ခန့်ဝေးသည့် စမ်းအိုင်ဆိုသည့် ရွာကြီးကို ထင်းတွေသွားရောင်းရသည်။ စမ်းအိုင်မှာက မီးသွေးဖိုရှိသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

ထင်းရောင်းလို့ရပါသည်။ ဒါလည်း မီးသွေးလုပ်လို့ကောင်းသည့် ထင်းတုံး ကြီးကြီးကိုမှဝယ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကိုနက်ကျော်တို့လင်မယားမှာ ထင်းတုံးကြီးကြီးရအောင် သစ်ပင်ကြီးကြီးတွေကိုခုတ်လှဲပြီးမှ ထင်း ခွဲရလေသည်။

တောထဲကနေ ရွာအထိ ထင်းတုံးကြီးတွေကို လင်မယားနှစ်ယောက် ထမ်းယူရွက်ယူလာရသည်။ ရွာရောက်တော့ မပြီးသေး။ ကိုနက်ကျော်က ထိုထင်းတုံးကြီးများကိုထမ်းကာ စမ်းအိုင်ရွာအရောက်သွားပို့ရသေးသည်။ သည်လိုပင်ပင်ပန်းပန်းလုပ်ပေမဲ့ ဝမ်းဝရုံသာရှိပေသည်။

အိမ်ထောင်ကျပြီး လေးငါးနှစ်ကြာသည်အထိ ကလေးမရသေးတာ ပဲတော်သေးတယ်လို့ ပြောရတော့မည်။ ကလေးရှိလာပါက ကလေးပါးစပ်ပေါက် အတွက်ပါ ပူပန်ရဦးမည်။

သို့သော် ကိုနက်ကျော်ရော မလုံးကြည်ပါ ကလေးလိုချင်ခဲ့ကြပါသည်။ ဘယ်လောက်ဆင်းရဲဆင်းရဲ အိမ်ထောင်သည်ဖြစ်မှတော့ သားသမီး ရတနာကို မျှော်လင့်မိသည်ပင်။

တစ်နေ့တော့ ထင်းရှားပါးသည့်အတွက် ကိုနက်ကျော်တို့လင်မယား တောအတော်နက်သည်အထိသွား၍ ထင်းခွေခဲ့ရသည်။ ထိုနေ့က ရွာကိုပြန် ရောက်တော့ မိုးချုပ်နေပြီ။ စမ်းအိုင်ရွာအထိ ထင်းသွားမပို့နိုင်တော့။ ကိုနက်ကျော်တို့တောအတော်နက်နက်အထိ ဝင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအခေါက်မှာပင်ဖြစ်သည်။

ကိုနက်ကျော်က သစ်ပင်ကြီးတစ်ပင်ကို အရင်းမှခုတ်လှဲနေတုန်း မလုံး ကြည်က အလန့်တကြားဖြင့် သတိပေးလာသည်။

"ကိုနက်ကျော်၊ ကျုပ်တို့ပြန်ရမှာနဲ့ အဲဒီအပင်ကို ပြီးအောင်ခုတ် မနေနဲ့ တော့တော်၊ ပြန်ကြစို့"

"ဟ ဘယ်လိုဖြစ်တာလဲ၊ ပြီးခါနီးမှ နေပါဦးဟ"



"ပြန်ကြစို့ကိုနက်ကျော်၊ ကျုပ်စိတ်ထဲမှာ မသန့်ဘူး။ ဒီနားမှာ ဆင်အုပ် တွေ သောင်းကျန်းတယ်လို့ ကျုပ်ကြားဖူးတယ်"

"နင်ကလည်းဟာ၊ ကြကြဖန်ဖန် တွေးကြောက်နေပြန်ပြီ"

"တွေးကြောက်တာမဟုတ်ဘူးတော့၊ ဒီနားမှာဆင်ရှိတယ်၊ ကျုပ်တို့ ပြန်ကြစို့"

မလုံးကြည်က ပြန်ဖို့ချည်း တစာစာပြောနေသည့်အခါ ကိုနက်ကျော် လည်း ခုတ်လက်စသစ်ပင်ကို လက်စအတိုင်းထားပစ်ခဲ့ရသည်။

လမ်းမှာ ကိုနက်ကျော်က တဖျစ်ဖျစ်ပြောမဆုံးတော့။ သူ့သစ်ပင်ကြီးကို နှမြောနေသည်။ ဒီကြားထဲ မလုံးကြည် စိတ်ရောဂါက ပိုဆိုးလာသည်။

"မြန်မြန်လျှောက်ပါတော့ ကိုနက်ကျော်၊ ကျုပ်တို့နောက် ဆင်လိုက် လာပြီထင်တယ်"

နောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့်ပြောသည်။

"လုံးကြည်ရယ်၊ နင်ဘယ်လိုဖြစ်နေတာလဲ။ ဆင်ရှိရင် တောတိုးသံ ကြားရမှာပေါ့ဟ၊ နင်လုပ်တာနဲ့ ငါ့သစ်ပင်ကြီးနှမြောလိုက်တာဟယ်"

"နှမြောရင် တော့ဟာတော် နောက်နေ့မှလာယူ။ လျှောက်ပါတော့၊ မြန်မြန်။ နောက်မှာ ဆင်ပါလာတယ်ထင်တယ်"

"ဒီမိန်းမ ဒီနေ့ဘာဖြစ်နေတယ်မသိဘူး၊ တော်တော်ရူး"

အိမ်ကိုချောချောမောမောပဲ ပြန်ရောက်သည်။

"ဘယ်မှာလဲ နင့်ဆင်၊ တကတဲ ကြဖန်ပြီးတွေးကြောက်နေတယ်"

"အိုတော် တော့သစ်ပင်ကြီးပြီးအောင်ခုတ်နေလည်း တောထဲမှာတင် မိုးချုပ်သွားလိမ့်မယ်၊ ခုတောင် စမ်းအိုင်ကို တော်မသွားနိုင်တော့ဘူး မဟုတ် လား။ ကျုပ်တို့ရလာတဲ့ထင်းတွေလည်း နည်းပါဘူးတော်"

ထိုညက ကိုနက်ကျော်အိပ်မက်မက်သည်။

အိပ်မက်က မလုံးကြည် ညနေကပြောထားတာတွေကိုစွဲလမ်းလို့လားမသိ ဆင်ကိုအိပ်မက်မက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူနဲ့မလုံးကြည် တောထဲကပြန်အလာ ဆင်တစ်ကောင်နောက်က လိုက်လာတယ်လို့ အိပ်မက်မက်ခြင်းဖြစ်သည်။ ဆင်က ဆင်မကြီးဖြစ်သည်။ ဆင်မကြီးက ရှေ့ခြေတစ်ဖက် ထော့နဲ့ထော့နဲ့ဖြင့် သူတို့နောက်မှတကောက်ကောက်လိုက်လာသည်။ ဒုက္ခိတဆင်မကြီးဖြစ်လေသည်။ ဆင်မကြီးက အိမ်အဝင်ဝတွင် ငေး၍ကျန်ရစ်ခဲ့သည်တဲ့။ အိမ်ဝင်းထဲအထိတော့ ဝင်လိုက်မလာ။

သူတို့လင်မယားညအိပ်နေတော့မှ အိမ်ကလေးသိမ့်ခနဲဖြစ်သွားတော့ ကိုနက်ကျော်က လန့်နိုးသွားသည်။ ကြည့်လိုက်တော့ သူတို့လင်မယားခြေရင်းမှာ ညနေကပါလာသည့်ဆင်မကြီး ရပ်နေတာတွေ့ရသည်။ ရှေ့ခြေတစ်ဖက်နာနေ၍ ဆင်မကြီးရပ်နေပုံက ခပ်စောင်းစောင်းဖြစ်နေ၏။

"အဖေ အဖေ ကျွန်မ အဖေတို့နဲ့နေချင်လို့ နေမယ်နော်"

ဆင်မကြီးက လူအတိုင်းစကားပြောလေသည်။

အိပ်မက်ထဲဆိုတော့ ဆင်က လူစကားပြောတာကို ကိုနက်ကျော်က အံ့ဩမနေပါ။

"ဟဲ့ နင်နေလို့ဘယ်ဖြစ်မှာလဲ၊ နင့်ကိုယ်လုံးကြီးနဲ့ ငါ့အိမ်ကျိုးကျမှာပေါ့"

"ဟင့်အင်း ဟင့်အင်း၊ ကျွန်မအဖေတို့အမေတို့နဲ့နေချင်လို့ တောထဲကနေ ဒီအထိလိုက်လာတာပါ၊ နေမှာပဲ နေမှာပဲ"

ပြောပြောဆိုဆို ဆင်မကြီးက ကိုနက်ကျော်နှင့်မလုံးကြည်ကြားထဲ ဝင်လာကာ ဝပ်ချလိုက်သည်။

ကိုနက်ကျော်က "တဟဲ့ဟဲ့"အော်ရင်းမှ လန့်နိုးသွားလေသည်။

မလုံးကြည်ကတော့ အိပ်မက်ထဲကအတိုင်း တခေါခေါဟောက်၍ အိပ်နေသည်။

ကိုနက်ကျော်သည် သူ၏ထူးဆန်းသောအိပ်မက်ကို မနက်ကျမှပင် မလုံးကြည်ကို ပြန်ပြောပြလိုက်၏။

"နင် ဆင်လိုက်လာတယ်ပြောတာကိုစိတ်စွဲသွားလို့လား မသိပါဘူးဟာ၊ ညက ငါအိပ်မက်မက်တယ်"



ကိုနက်ကျော်ပြောပြသည့်အိပ်မက်ကို မလုံးကြည်က ပါးစပ် အဟောင်းသားဖြင့် နားထောင်နေသည်။

"အိပ်မက်ထဲကဆင်မကြီးက ခြေထောက်တစ်ဖက် ထော့နဲ့ ထော့နဲ့နဲ့ သနားပါတယ်ဟာ"

ထိုစဉ်ကတော့ နှစ်ယောက်စလုံး အိပ်မက်ကအိပ်မက်ပဲဟုသဘောထားကာ အမှတ်မထင်ရှိခဲ့ကြသည်။ သမီးလေးလုံ့မကိုမွေးလာမှ အိပ်မက်သည် သမီးလုံ့မ ဝင်စားချင်လို့မက်တဲ့အိပ်မက်ဖြစ်မှန်း သတိထားမိတော့၏။

ကိုနက်ကျော်အိပ်မက်မက်ပြီး မကြာမီ မလုံးကြည်မှာ ကိုယ်ဝန်ရှိလာခဲ့သည်။ လုံ့မကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်မှာ မွေးဖွားခဲ့ခြင်းဖြစ်ပါသည်။

လုံ့မကိုမွေးလာတော့ ဆင်စရိုက် ဆင်အလေ့အထလေးတွေတွေ့လာရသည့်တွင် ကိုနက်ကျော့်အိပ်မက်မှာ မှန်ကန်ကြောင်း စဉ်းစားမိကြလေသည်။

ထူးခြားတာက အိပ်မက်ကို အမေကမမက်ဘဲ အဖေဖြစ်သူက မက်ခဲ့ခြင်းပင်ဖြစ်ပါသည်။

လုံ့မလေးသည် ငယ်စဉ်ကတည်းက သွားလာလှုပ်ရှားမှုနှေးနှေးကွေးကွေးနှင့် အေးအေးဆေးဆေးနေတတ်သည်။ အခါများစွာတွင် ကြမ်းပြင်ပေါ်၌ လေးဖက်ထောက်ကာ လက်နှစ်ဖက်နှင့်ဒူးကိုကွေး၍ ငြိမ်ငြိမ်လေးဝပ်နေတတ်သည်။

"ကြည့်စမ်းပါဦး ကိုနက်ကျော်၊ ကျုပ်တို့သမီးနေပုံထိုင်ပုံက ဆင်မလေးဝပ်နေတာနဲ့မတူဘူးလားတော်"

လမ်းသွားတတ်ခါစ ဆော့ကစားတော့လည်း လေးဖက်ကုန်းသွားကာ "ဗွူး ...ဗွူး ..."နှင့်ဆင်လိုအော်တတ်သည်။

ကိုနက်ကျော်က ဘုန်းကြီးဆီခေါ်သွားကာ ကလေးကိုဇာတာဖွဲ့နိုင်းသည်။ ဗေဒင်တွက်ခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော်ဘုရား တပည့်တော်သမီးလေးက ထူးခြားပါတယ် ဘုရား။ သူ့ကိုယ်ဝန်မရှိခင်က ဆင်မကြီးတစ်ကောင် တပည့်တော်တို့နဲ့ လာနေမယ်လို့ အိပ်မက်ပေးတယ်ဘုရား။ လုံမဟာ ဆင်ဝင်စားလေးလား၊ ကြည့်ပေးပါဘုရား"

"ဟဲ့ နက်ကျော်၊ သတ္တဝါတိုင်းမှာ အရင်ဘဝဆိုတာရှိတာပဲ၊ မမှတ်မိကြလို့သာဟဲ့။ နင့်သမီးဆင်ဘဝကလာတော့ ဘာဆန်းသလဲ၊ ဒါတွေ အစွဲအလမ်းမထားစမ်းနဲ့"

ဘုန်းကြီးက ကလေးဇာတာကို တွက်ချက်ပြီးချိန်တွင်တော့ အလေးအနက်မိန့်ကြားခဲ့ပေသည်။

"နက်ကျော်၊ ဒီကလေးက နင်တို့ကိုအကျိုးပေးမယ့်ကလေး၊ သာမန်ကလေးမဟုတ်ဘူး။ သူ့အသက်ဆယ်နှစ်မပြည့်ခင် ထူးခြားမှုပြလိမ့်မယ်"

ကိုနက်ကျော်တို့အဖို့တော့ သာမန်ကလေးမဟုတ်ဘူးလို့ ပြောလိုက်တာနဲ့ပင် ကျေနပ်နေရပါသည်။ သူတို့ဘဝကတော့ ဘာမျှထူးခြားမလာခဲ့။ တောထဲသွား ထင်းခွေရတုန်းပင်။ တောထဲဝင်တာတောင် ကလေးကိုထိန်းမယ့်လူမရှိလို့ တောထဲတိခေါ်သွားရသည်။ ကိုနက်ကျော်တစ်လှည့်၊ မလုံးကြည်တစ်လှည့် ပုဆိုးပိုင်းလေးနှင့်သိုင်းကာ လုံမလေးကို ကျောမှာပိုး၍ခေါ်သွားရပါသည်။

တောထဲရောက်တော့လည်း တော်ရာသစ်ပင်ရိပ်ကောင်းကောင်းမှာ ကလေးကိုသိပ်ထားပြီး ဂေါင်မယားနှစ်ယောက် သစ်ခုတ်ရသည်။ ဆင်းရဲတွင်းက နက်နေဆဲပင်။

ဘုန်းကြီးပြောလိုက်သလို ဒီကလေးက ဘယ်အချိန်မှာအကျိုးပေးလာမလဲလို့သာ စောင့်ကြည့်နေရသည်။

လုံမလေးအသက်ခုနစ်နှစ်အရွယ်မှာပင် သူတို့အတွက် ကံကြမ္မာအပြောင်းအလဲဖြစ်လာသည်။

သူတို့ဆီကထင်းတွေဝယ်နေကျ စမ်းအိုင်ရွာမှသူကြီးလုပ်သူက ကိုနက်ကျော်ကိုခေါ်ပြောသည်။



"အင်္ဂလိပ်အရေးပိုင်မင်းက ကျောက်သွေးလိုချင်တယ်လို့ပြောတယ် နက်ကျော်။ မင်းတို့လင်မယားက တောထဲဝင်နေကျဆိုတော့ ကျောက်သွေးရနိုင်မလား။ ရှာစမ်း။ ကျောက်သွေးအစစ်ရရင် ငွေနှစ်ဆယ်အစိတ် ပေးဝယ်မတဲ့ဟ"

ငွေနှစ်ဆယ်အစိတ်ဆိုသည့်မက်လုံးက ကိုနက်ကျော်ကို တော်တော်ဖမ်းစားခဲ့ပေသည်။

"ကျောက်သွေးဆိုတော့ တောနက်ထဲက ရေတံခွန်နားများ ရနိုင်မလားမသိဘူး။ တစ်ရက်တော့ စွန့်စွန့်စားစားသွားရှာကြစို့လုံးကြည်ရေ။ ကျောက်သွေးရရင် ငါတို့ချမ်းသာပြီဟ၊ မချမ်းသာတောင် အိမ်ကောင်းကောင်းလေးတော့ဆောက်နိုင်မှာပဲ"

မလုံးကြည်ကလည်း စိတ်ဝင်စားပါသည်။

"ရှာတာပေါ့တော်၊ ဒါနဲ့ ကျောက်သွေးဆိုတာ ဘယ်လိုမျိုးလဲ၊ ရှင်သိလို့လား"

ကျောက်သွေး၊ ကျောက်သွေး၊ ပြောသံသာကြားဖူးသည်။ တစ်ခါမျှလည်း မမြင်ဖူးပါ၊ မတွေ့ဖူးပါ။

"ကျောက်ကြို့ကျောက်ကြားကထွက်ကျနေတဲ့ သွေးလိုအရည်နီနီ ရဲရဲလို့ပြောတာပဲဟာ။ စေးပျစ်ပျစ်နဲ့တဲ့၊ ချိုလည်း သိပ်ချိုတာတဲ့။ ကျောက်ကြားကထွက်ကျနေတဲ့ အနီရည်တွေ့ရင် ကျောက်သွေးပဲပေါ့"

တစ်နေ့တော့ ကျောက်သွေးရှာရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် မနက်စောစော ဝေလီဝေလင်းမှာပင် တောထဲသို့ ထွက်လာခဲ့ကြလေသည်။ သားအမိ၊ သားအဖသုံးယောက်စာထမင်းထုပ်ကို ပိုပိုမိုမိုထုတ်၍ ကျောက်သွေးရှိမည်ဟု မှန်းဆရသော ရေတံခွန်အထိ ထွက်ခဲ့ကြလေသည်။

ရေတံခွန်က ရှိုးမတောင်ခြေမှာရှိသည်။ သွားရသည့်လမ်းက မလွယ်ကူ။ ကြမ်းတမ်းသည်။ လမ်းလည်းမှားနိုင်သည်။ လမ်းမှာ တောကောင်အန္တရာယ်လည်း ကြုံတွေ့နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

မည်သို့ဆိုစေ ငွေနှစ်ဆယ်အစိတ်ဆိုသည့် မက်လုံးကြောင့် ကျောက်သွေးကို မရအရရှာရန်ထွက်လာခဲ့လေပြီ။

အမြဲတစေ အေးအေးဆေးဆေး သွားလာလှုပ်ရှားတတ်သော လုံမသည် ထူးခြားစွာပင် ထိုနေ့က တောထဲတွင် သွက်လက်စွာသွားလာလှုပ်ရှားနေခဲ့ပေသည်။ ခုနစ်နှစ်အရွယ်ရှိပြီမို့ ချိုပိုးထိန်းကျောင်းစရာမလိုတော့။ လုံမသည် တောထဲတွင် ရေတံခွန်ရောက်သည်ထိ ရှေ့မှဦးဆောင်သွားခဲ့သည်။

"အဖေနဲ့အမေလမ်းမှားနေပြီ၊ ရေတံခွန်သွားတဲ့လမ်းက ဒီဘက်ကသွားရမှာ" "ဒီဘက်ကချိုးသွားမှ ရေတံခွန်နဲ့နီးတာ" "ရေတံခွန်နဲ့ဆန့်ကျင်ဘက်ကိုရောက်နေပြီ၊ ပေဟာဒီဘက်က လာပါ" စသဖြင့် လမ်းညွှန်ခေါ်ဆောင်သွားခဲ့ရာ မှန်းမတည့်မီ ရေတံခွန်ကိုရောက်သွားခဲ့လေသည်။ ကိုနက်ကျော်နှင့် မလုံးကြည်တို့က တစ်ခါမျှမရောက်ဖူးပဲ လမ်းသိနေသည့်သမီးလုံမကို အံ့ဩနေကြရသည်။

ရေတံခွန်ရောက်တော့ ထမင်းစားချိန်တန်ပြီမို့ ပါလာသည့်ထမင်းထုပ်ကလေးများကိုဖွင့်ကာ ရေတံခွန်ဘေးတွင် ထမင်းစားကြသည်။ တစ်လမ်းလုံးရွှင်လန်းသွက်လက်လာသည့်လုံမသည် ရေတံခွန်အရောက်တွင် သွက်လက်ရွှင်ပျမှုမရှိတော့။ ပက်ဝန်းကျင်ရှုခင်းကိုကြည့်ကာ မှိုင်တွေငေးငိုင်နေသည်။ မျက်ရည်တွေဝဲနေသည်။

ကိုနက်ကျော်တို့ကတော့ ကျောက်သွေးရှာရန် အားခဲလာသည်မို့ ထမင်းစားပြီးသည်နှင့် ရေတံခွန်အောက်တွင် ကျောက်သွေးရှာကြတော့သည်။ သမီးလေးကို ရေတံခွန်ဘေးက သစ်ပင်ကြီးအောက်တွင် ပုဆိုးပိုင်းကလေးခင်းပေးခဲ့ပြီး ထိုင်စောင့်ဖို့ ဘယ်မှုလျှောက်မသွားဖို့ မှာခဲ့ကြသည်။

ကျောက်သွေးကိုတွေ့နိုးနိုးဖြင့် လင်မယားနှစ်ယောက်ကျောက်ကြိုကျောက်ကြားမကျန် အနံ့ရှာကြသည်။ လုံမကိုလည်း ရေတံခွန်စီးကျရာစမ်းချောင်းနံဘေးတွင် မြင်တွေ့နေရသည်။



တော်တော်ကြာကြာရှာလို့ ကျောက်သွေးအစအနပင်မတွေ့ကြတော့ လင်မယားနှစ်ယောက် လှုံ့ခဲ့၍ရှာကြပြန်သည်။ ရေတံခွန်စီးကျရာ ကျောက်လွှာကျောက်ချပ်များကြားတက်ကာ ရှာကြခြင်းဖြစ်၏။ ကျောက်သွေးဆို၍ အနီရောင်အစက်အပြောက်ကလေးပင် မတွေ့ကြပါ။

နေကျသွားချိန်တွင် လင်မယားနှစ်ယောက်ပြန်ဆုံကာ စိတ်ပျက်လက်ပျက်ဖြင့် သမီးလေးကိုထားခဲ့သည့်နေရာသို့ ပြန်လာကြလေသည်။

ထိုအခါမှပင် နှစ်ယောက်သား မျက်လုံးမျက်ဆံပြူးကာ စိုးရိမ် ထိတ်လန့်သွားကြလေတော့၏။

သူတို့ထားခဲ့သည့်နေရာတွင် သမီးလေးလုံမမရှိတော့။ ပုဆိုးပိုင်းကလေးကိုသာ ခင်းလျက်သားတွေ့ရသည်။

"လုံမရေ လုံမ သမီးရေ"

ကိုနက်ကျော်နှင့်မလုံးကြည်တို့ သမီးကိုတကြော်ကြော်ဟစ်အော်ခေါ်ရင်း ရှာကြရပြန်သည်။

တော်တော်နှင့်ရှာမတွေ့။

ရေတံခွန်ကြီးမှစီးကျနေသော ရေသံတဝေါဝေါကြားတွင် သူတို့ အော်ခေါ်သံများက တိုးဝင်ပျောက်ကွယ်သွားကြသည်။ နှစ်ယောက်သား ချောင်းတစ်လျှောက်လှုံ့ခဲ့ပြီး လိုက်ရှာရပြန်သည်။ တစ်ယောက်ကိုတစ်ယောက် မမြင်ရလောက်အောင်လည်း လှူချင်းမခွဲရဲ။ သူတို့ချင်းပါပြန်မတွေ့ရမှာစိုးရိမ်ရ၍ဖြစ်သည်။

ဘယ်လိုရှာရှာ လုံမကို အစအနမျှပင်မတွေ့ရပါ။ ပြန်ထူးသံလည်း မကြားရပါ။

မလုံးကြည်ကတော့ ငိုပင်ငိုနေလေပြီ။

လုံမဘယ်အချိန်က ပျောက်သွားမှန်းလည်း သူတို့မသိ။ ယခုရှာနေကြတာပင် နာရီဝက်ကျော်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်မှာပင် လုံမသည် မည်သည့်နေရာမှထွက်လာမှန်းမသိ။ လက်ထဲတွင် ကြီးမားရှည်လျားသောအရာကြီးတစ်ခုကိုကိုင်ကာ ပြန်ရောက်လာသည်။

"ကျွန်မပြန်လာပါပြီ အဖေနဲ့အမေ"

လုံမပုံသဏ္ဌာန်က ပင်ပန်းနွမ်းနယ်ဟန်လည်းမရှိ။ အိပ်လည်ရာမှ ပြန်လာသလို ဧအးဧအးဆေးဆေးပင်ရှိနေသည်။

"သမီး အမလေး လုံမလေးရယ်၊ အမေတို့ဖြင့် စိတ်ပူလိုက်ရတာ၊ ဘယ်သွားနေတာလဲ"

"ကျွန်မ အမေတို့အတွက် ဟောဒီဥစ္စာကိုသွားယူတာပါ၊ ရော့ အဖေ"

လုံမက သူ့လက်ထဲမှ ရှည်လျား၍ အဖျားသွယ်သွားသော အဖြူရောင်အချောင်းကြီးကို ဖခင်ဖြစ်သူအား အပ်လိုက်သည်။

"ဟာ ... ဆင်စွယ်ကြီးပါလား။ ဆင်စွယ်၊ ဒီဆင်စွယ်ကို သမီးဘယ်က တွေ့ခဲ့တာလဲ လုံမ"

"ကျွန်မတွေ့လို့ ယူလာခဲ့တာပါအဖေ"

"ဘယ်ကတွေ့တာလဲ"

"အို ... မသိဘူး။ ကျွန်မ မပြောတတ်ဘူး"

ကိုနက်ကျော်က ဆင်စွယ်ကြီးကိုပိုက်ရင်း ရင်တွေတုန်နေသည်။ ဆင်စွယ်က သုံးပေခန့်ရှည်လျားကာ ဖြူဖွေးပြီး ပြောင်လက်ချောမွေ့နေသည်။

"ဒီတောထဲမှာ အဖေတို့ရှာတဲ့ ကျောက်သွေးဆိုတာ မရှိဘူးအဖေ။ ရှာမနေပါနဲ့တော့။ ဒါကိုယူပြီး ကျွန်မတို့ပြန်ကြရအောင်"

"သမီးတွေ့ခဲ့တဲ့နေရာမှာ နောက်ထပ်ဒါမျိုးတွေရှိသေးလား"

လုံမက ကိုနက်ကျော်ကိုစူးစူးရဲရဲကြည့်လိုက်သည်။

"ကျွန်မတို့ပြန်ကြရအောင်ပါအဖေ"

ပြန်စကားကိုပဲပြောနေသည်။

"ဟုတ်ပါတယ် ကိုနက်ကျော်ရယ်၊ ကလေးက မပြောချင်တာတွေ မေးမနေပါနဲ့တော့"



လုံမက ဘာမျှမပြောတော့ဘဲ ရှေ့ကထွက်သွားသည်။ မိခင်နှင့်ဖခင်မှာ လုံမနောက်ကလိုက်ခဲ့ရလေသည်။

"လုံမ အဖေ ဘို့လာတော ဒီလမ်းမဟုတ်ဘူးလေ၊ လမ်းလွဲနေပြီ"

"ကျွန်မနောက်ကလိုက်ခဲ့ပါ၊ ရွာကိုမြန်မြန်ရောက်တဲ့လမ်းကို ကျွန်မသိတယ်"

ကိုနက်ကျော်နှင့်မလုံးကြည်သည် တစ်ယောက်နဲ့တစ်ယောက် အဓိပ္ပာယ်ပါသောမျက်လုံးများဖြင့် မကြာခဏကြည့်ကာ လုံမနောက်မှ တိတ်ဆိတ်စွာပဲ လိုက်ပါလာခဲ့လေသည်။

လုံမစကားမှာ မှန်လှလေ၏။ အလာတုံးကအချိန်၏ ထက်ဝက်လောက်နှင့်ပင် ရွာအနီးကိုပြန်ရောက်လာသည်။ ဒီလမ်းဒီခရီးတွေကို အသက် ၅နှစ်အရွယ်လုံမသည် အကြိမ်ကြိမ်အခါခါသွားလာဖူးသည့်သဖွယ် ကျွမ်းကျင်နေပါကလား။

တောထဲမှမထွက်မီ တောစပ်အရောက်တွင် လုံမသည် အတန်ကြာရပ်ရင်း တောထဲသို့စိုက်ကြည့်နေပေ၏။ သက်ပြင်းကိုလည်း လေးတွဲ့စွာချသည်။ မျက်ရည်များလည်း ကျလာသည်။ ပြီးတော့မှ ချာခနဲလှည့်ကာ ရွာဘက်ဆီသို့ခြေဦးတည်ခဲ့လေသည်။

ကိုနက်ကျော်တို့လင်မယားမှာ တွေကြုံရသမျှအတွက် အံ့ဩမှင်တက်မိရင်း သမီးနောက်မှလိုက်ပါခဲ့ကြရလေ၏။

ရွာပြန်ရောက်ရောက်ချင်း ကိုနက်ကျော်က ဆင်စွယ်ကြီးကိုပိုက်ကာ ရွာဦးကျောင်းဘုန်းကြီးဆီသွားပြသည်။ အဖြစ်အပျက်ကိုလည်း ပြောပြလိုက်သည်။ တစ်ရွာလုံးကိုလည်း ကိုနက်ကျော်တို့လင်မယား ဆင်စွယ်ရလာသည့်သတင်းပျံ့နှံ့သွားလေသည်။

"ဆင်စွယ်ဆိုတာ ကျောက်သွေးထက်အများကြီးတန်ဖိုးရှိတာပေါ့၊ ကိုနက်ကျော်တို့တော့ သူဌေးဖြစ်ပြီ"ဟု ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးကတော့ ...

"ဆင်စွယ်ကို မြို့တက်ရောင်းမယ်။ မန္တလေးထိတက်ရောင်းမယ်။ ငါကိုယ်တိုင်လိုက်ပို့ပေးမယ်။ ဆင်စွယ်ရလာတဲ့သတင်းကို လူတကာသိအောင် လျှောက်ပြောမနေနဲ့တော့။ မင်းတို့တဲအိမ်လေးထဲမှာလည်း ဒီဆင်စွယ်သိမ်းမထားနဲ့။ သူခိုးသူဝှက်အန္တရာယ်ရှိတယ်။ ငါ့ကျောင်းမှာထားခဲ့။ တစ်ရက်နှစ်ရက်အတွင်း မြို့တက်ဖို့ပြင်ပေတော့"

ဟုမိန့်ကြားလိုက်သည်။

ကိုနက်ကျော်တို့ဆင်စွယ်ရလာမှန်းသိ၍ လူများက ဆင်စွယ်ဘယ်နားက ရလာသလဲလာမေးကြသည်။ ကိုနက်ကျော်နှင့်မလုံးကြည်က ရေတံခွန်အနီးမှ လုံမယူလာခဲ့ကြောင်း ရိုးရိုးသားသားပင် ပြောပြကြသည်။ လုံမကိုလည်း ချော့မော့ကာ မုန့်များကျွေးကာ၊ အဝတ်အစားများဝယ်ပေးကာ ဆင်စွယ်ဘယ်နေရာကယူလာသလဲမေးကြသည်။ လုံမက တစ်ခွန်းတစ်ပါဒမျှ ပြန်မပြောခဲ့ချေ။

လောဘသားတို့သည် ရေတံခွန်နားမှာပင် ဆင်စွယ်များရှိနိုင်သည်ဟုယူဆကာ ရေတံခွန်ဆီသို့ အုပ်စုဖွဲ့သွားကြလေသည်။ ရွာနီးချုပ်စပ်မှ သတင်းကြားသူများလည်း ရေတံခွန်ဆီ ဆင်စွယ်အရှာထွက်ကြလေ၏။ သူတို့အထင်က ထိုနေရာတွင် ဆင်သချိုင်းရှိမည်ဟု ယုံကြည်ယူဆကြခြင်းပင်ဖြစ်လေသည်။

သို့သော် ဆင်စွယ်အရှာထွက်သူတိုင်း ရေတံခွန်ဆီမရောက်ကြ။ လမ်းမှာပင် မျက်စိလည်ပြီးပြန်လာကြသည်။ ရေတံခွန်ဆီရောက်သွားကြသူများကလည်း မြေလှန်ရှာသည့်တိုင် ဆင်စွယ်နှင့်တူတာဆို၍မတွေ့ကြ။ သတင်းကြားဖြင့် မြို့မှလာသော ဆင်သချိုင်းရှာသည့်အဖွဲ့ဆိုလျှင် လက်နက်ကိရိယာအစုံဖြင့် ရောက်လာကြသည်။ ထိုအဖွဲ့သည် ရေတံခွန်ဆီသို့ ရောက်သွားသည်။ သို့သော် ဆင်ရိုင်းအုပ်စုနှင့်တွေ့ကာ ဆင်ရိုင်းများလိုက်သောကြောင့် သေပြေးရှင်ပြေး ပြန်ပြေးခဲ့ရသည်ဟုဆိုသည်။ အဖွဲ့ထဲမှနှစ်ယောက်မှာ ဆင်နင်း၍



သေကျန်ခဲ့သည်။ တစ်ယောက်ကတော့ ဆင်ပြောင်ကြီး၏ အစွယ်ကြားတွင် ပါသွားခဲ့လေသည်။

ထိုသတင်းများကို လုံမကြားတော့ ပြုံးနေလေသည်။

ဘုန်းကြီးအစီအစဉ်ဖြင့် နောက်တစ်ပတ်အကြာတွင် ဘုန်းကြီးကိုယ်တိုင်ဦးဆောင်ကာ ကိုနက်ကျော်ကိုခေါ်၍ ဆင်စွယ်ရောင်းရန် မန္တလေးအထိတက်သွားကြလေသည်။ ဆင်စွယ်ကိုတော့ ဆင်စွယ်မှန်းမသိအောင် ထုပ်ပိုးသိမ်းဆည်းသွားကြလေ၏။

ကိုနက်ကျော် မန္တလေးတက်သွားသည့်ရက်များတွင် မလုံးကြည် တစ်ယောက် ရင်တမမဖြင့်စောင့်မျှော်နေရလေသည်။ ဘုန်းကြီးပါသည်ဆိုသော်ငြား လမ်းမှာ လူဆိုးဓားပြနှင့်တွေ့မှာကို စိုးရိမ်ပူပန်မိသည်။

ကိုနက်ကျော်တို့ခရီးထွက်သွားသည်မှာ အသွားအပြန် ရက်ပေါင်းနှစ်ဆယ်ကြာခဲ့လေသည်။ ရက်နှစ်ဆယ်ကြာပြီး ကိုနက်ကျော်ရွာပြန်ရောက်လာမှပင် မလုံးကြည်စိတ်အေးရတော့သည်။

ဆင်စွယ်ကြီးကို ငွေကျပ်တစ်ထောင်ဖြင့် ရောင်းလို့ရလာခဲ့ပါသည်။ လက်ထဲမှာငွေတစ်ကျပ်ပြည့်အောင်ပင် မကိုင်ခဲ့ဖူးသောကိုနက်ကျော်တို့အဖို့ ငွေတစ်ထောင်မှာ များလှလေသည်။ ပြီးတော့ ... မုန်တောရွာမှာ ငွေတစ်ထောင်ချမ်းသာသူမရှိပါ။ ကိုနက်ကျော်တို့လင်မယားသည် ဆင်စွယ်တန်ခိုးကြောင့် ရွာမှာအချမ်းသာဆုံးလူများ ဖြစ်သွားကြလေတော့သည်။

ကိုနက်ကျော်ကလည်း မန္တလေးအထိ သူရောက်ပေါက်ခဲ့သောခရီးစဉ်အကြောင်းကို ပြောလို့မဆုံးတော့ပေ။

"မန္တလေးဆိုတာ ဒီကနေ တော်တော်သွားရတာကိုးဟ၊ လမ်းမှာတင် လေးရက်ကြာသွားတယ်ဟ။ တို့ရွာကနေ မြို့အထိသာ ခြေကျင်တစ်လှည့်၊ လှည်းကြမ်းတစ်လှည့်နဲ့ သွားရတာဟ၊ မြို့ဟိုဘက်ရောက်တော့ မော်တော်ကားနဲ့သွားရတာကလား။ မော်တော်ကားများဖြင့် အံ့သြစရာကွယ်ရို့၊



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တိရစ္ဆာန်မျှဆွဲစရာမလိုဘဲပြေးတာဟ၊ မြန်သလားမမေးနဲ့။ တို့ရွာမှာတော့ လူထဲမှာ ငါပထမဆုံး မော်တော်ကားစီးဖူးတာပဲပေါ့"

မှန်သည်။ မော်တော်ကားဆိုသည့်ယာဉ် ရှိနေပြီဖြစ်ကြောင်း ကြားသိကြသော်လည်း မှန်တောလို ရိုးမတောင်ခြေကရွာငယ်လေးမှ လူများသည် မော်တော်ကားကို မြင်တောင်မမြင်ဖူးကြသေးပါ။ ဘယ်လိုပုံသဏ္ဌာန်ရှိမှန်းလည်းမသိ။ ကိုနက်ကျော်က သူ့အတွေ့အကြုံတွေကို ပြန်ပြောတော့ ကိုနက်ကျော်ကို အထင်ကြီးကြသည်။

"ပြောရဦးမယ်၊ အင်္ဂလိပ်တွေတော်ချက်။ လောကဓာတ်ပညာနဲ့ ဆောက်ထားတဲ့တံတားကြီးများ ဧရာဝတီမြစ်ဆိုတာနည်းတဲ့မြစ်ကြီးမဟုတ်ဘူးနော်၊ အကျယ်ကြီးရယ်။ အယ် ... အဲဒါကို တံတားရအောင်ဆောက်သဗျ။ တံတားပေါ်မှာ မော်တော်ကားလည်းမောင်းလို့ရတယ်၊ မီးရထားလည်း သွားလို့ရတယ်။ မီးရထားဆိုတာလည်း မြင်တော့မြင်ဖူးခဲ့ပါတယ်။ အခွင့်မကြုံလို့ မစီးခဲ့ရဘူး။ အရှည်ကြီးရယ်"

ကိုနက်ကျော်၏အတွေ့အကြုံများက ရင်သပ်ရှုမောဖွယ်ပင်။ စစ်ကိုင်းတံတားခေါ် အင်းဝတံတားကြီးကို ခရစ် ၁၉၃၄ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ရာ ကိုနက်ကျော်သွားရောက်ချိန်တွင် တံတားဖွင့်လှစ်သည်မှာ တစ်နှစ်ခန့်မျှသာ ရှိသေး၏။

"အဲဒီဘက်မှာ ဘုရားတွေ စေတီတွေဆိုတာကလည်း ပေါသကိုးဗျ။ ကျုပ်မှာ ကားပေါ်ကနေ ဘုရားတွေ့တိုင်း ဦးချလို့မဆုံးဘူး။ စစ်ကိုင်းမြို့ကို အရင်ဖြတ်ရတာလေ၊ စစ်ကိုင်းကမှ အခုနကပြောတဲ့ အင်းဝတံတားဆိုတာကြီးပေါ်ကနေ မော်တော်ကားနဲ့တစ်ဖက်ကမ်းကူးရတာကော။ စစ်ကိုင်းမှာ ဘုရားတွေပေါ်ပေမဲ့ ဆရာတော်က မဖူးနဲ့ဦး။ ပြန်မှဖူးတဲ့။ ဆင်စွယ်ရောင်းဖို့က အရေးကြီးတာကိုး။ ဆင်စွယ်လည်းရောင်းပြီးရော၊ ဖူးလိုက်ရတဲ့ဘုရားတွေ။

"မန္တလေးမှာက တန်ခိုးကြီးဘုရားတွေအများကြီးကိုး။ ကွယ် မင်းတို့ကို မဟာမုနိဘုရားကြီး ဖူးစေချင်တယ်။ တယ်ကြည်ညိုစရာ ကောင်းသကိုး။



အပြန်ကျ စစ်ကိုင်းဘက်ဝင် စစ်ကိုင်းတောင်ပေါ်ကဘုရားတွေဖူး။ ခြောက် စစ်ကိုင်းတောင်ဆိုတာ သူတော်ကောင်းတွေနေတဲ့နေရာပေကိုး။ ဘုရားတွေဖူးရတိုင်း ဒါ ... ငါ့သမီးလေးလုံမကျေးဇူးဆိုပြီး အောက်မေ့မိတယ်။ လုံမရော လုံးကြည်ရော ... မဟာမုနိဘုရားကြီးဖူးရအောင် မန္တလေးတစ်ခေါက်တော့ လိုက်ပို့ဦးမပေါ့၊ ခုဆို ငါတို့မှာ ငွေကြေးမှုစရာမှ မလိုတော့တာ"

ကိုနက်ကျော်က အားရပါးရပြောပြနေသည်။

မှန်ပါသည်။ ကိုနက်ကျော်တို့မှာ မပူမပင်သုံးလောက်စရာငွေကြေး အပြည့်အစုံရှိခဲ့ပြီ။ ဒါပေမဲ့ ပိုက်ဆံရှိနေပြီဆိုပြီး အလုပ်မလုပ်ဘဲနေလို့တော့ မဖြစ်။ အလုပ်လုပ်မှဖြစ်မည်။ အရင်လိုတော့ တောထဲသွား၊ ထင်းခွေစရာမလိုတော့ပါ။

သည်လိုဆိုလျှင် ဘာလုပ်မည်နည်း။ ထင်းခွေစရာမလိုပေမဲ့ ထင်းခွေစဉ်က ဆက်စပ်နေသည့်လုပ်ငန်းဖြစ်သော မီးသွေးလုပ်ငန်းရှိသည်။ မီးသွေးလုပ်ငန်းကို ကိုနက်ကျော်နားလည်ပြီးဖြစ်သည်။ အရင်းအနှီးရှိပြီဆိုတော့ မီးသွေးဖိုလုပ်ငန်းကိုလုပ်ဖို့ ဆုံးဖြတ်လိုက်တော့၏။

သည်လိုနှင့် တစ်ချိန်က မှန်တောရွာမှာ အဆင်းရဲဆုံးဖြစ်သော ကိုနက်ကျော်နှင့်မလုံးကြည်လင်မယားသည် မီးသွေးဖိုပိုင်ရှင်သူဌေးများဖြစ်လာခဲ့လေတော့သည်။

အားလုံးက ဆင်စွယ်ကြောင့်ဖြစ်လာရတဲ့ နောက်ဆက်တွဲများဖြစ် သည်။

ဆင်စွယ်ကို ဘယ်ကနေ ဘယ်လိုယူလာမှန်းမသိ ယူလာသူက လုံမ။ သည်တွင် လုံမမွေးခင်ကြုံခဲ့ရသည့် တောထဲကဆင်လိုက်လာတယ်လို့ထင်ခဲ့တဲ့ မလုံးကြည်၏အထင်အမြင်၊ ထိုညတွင် ကိုနက်ကျော်မက်ခဲ့သည့် အိပ်မက်များက ပြန်ပြောစရာအဖြစ်များ ဖြစ်လာရလေသည်။

သည်လိုနှင့် လုံမကလေးကို ဆင်ဘဝမှလာသူ၊ ဆင်ဝင်စား အဖြစ် တစ်ရွာလုံးကယုံကြည်လိုက်ကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုဆိုလျှင် လုံမအသက်ပင် ၁၆နှစ် ပြည့်ခဲ့ပေပြီ။

ကိုနက်ကျော်နှင့်မလုံးကြည်မှာလည်း မီးသွေးဖိုပိုင်ရှင်ကြေးရတတ် များဖြစ်နေပြီ။ အလုပ်သမားဆယ်ယောက်ခန့်ထားပြီး တာဝန်ယူထားနိုင်သည်။

ယခင်ကတဲကလေးနေရာတွင်လည်း နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးနှင့် ထည်ထည်ဝါဝါနေနိုင်ပါပြီ။

သို့သော် ဒေါ်လုံးကြည်မှာ သမီးလေးလုံမအတွက် ရတက်မအေးနိုင် ဖြစ်နေရပေသည်။

လုံမသည် ရွာထဲမှရွယ်တူမိန်းမငယ်များနှင့်လည်း မပေါင်း။ စကားလည်း ဟဟာမပြော။ ဘယ်သူနဲ့မျှ အရောမဝင်။ မိဘများနှဲ့ပင် ရောရောဝင်ဝင် စကားမပြောဘဲ တစ်ကိုယ်တည်း ဘာသိဘာသာနေတတ်ပေသည်။ အစဉ် သဖြင့် မှိုင်တွေနေတတ်သည်။

လွမ်းစေတီဆီသွားကာ တောနက်ထဲကို မျှော်ငေးနေတတ်သည်။

ဒေါ်လုံးကြည်စိုးရိမ်လာသည်။

"ကိုနက်ကျော်ရယ် သမီးက နေ့ရှိသရွေ့တောထဲမျှော်ကြည့်ပြီး ဘယ်သူနဲ့မျှလည်း အပေါင်းအသင်းမလုပ်တော့ သူ့ချည်းသီးခြားဖြစ်နေတာကို ကျုပ်စိတ်ထဲမှာတစ်မျိုးပဲ။ သမီးလေးစိတ်ပြောင်းသွားအောင်တော် ကျုပ် တို့သားအမိကို မန္တလေးဘုရားဖူးလိုက်ပို့ပါလားတော်"

"ဟေ ..."

"ဆင်စွယ်ရောင်းပြီးကတည်းက မဟာမုနိဘုရာကြီးဖူးဖို့ လိုက်ပို့မယ်လို့ တော်ကတိပေးထားတာလေ၊ ခုဆို လုံမအသက်တောင် ၁၆နှစ်ရှိနေပြီတော့၊ တော့်ကတိတော်မေ့ပြီလား"

"မမေ့ပါဘူး လုံးကြည်ရယ်၊ အလုပ်ထဲစိတ်ရောက်ပြီး စိတ်မအားလူမအားဖြစ်နေလို့ပါ။ တို့မိသားတစ်စုလုံး တစ်နေရာရာသွားရင် တို့လုပ်ငန်းကြီးကို ဘယ်လိုထားခဲ့ရပါ့မလဲတွေးပြီး စိတ်မချဖြစ်ဖြစ်နေလို့ပါ။ အလုပ်သမားတွေကလည်းရှိသေးတယ်မဟုတ်လား။ အေးဟာ ... ဟုတ်ပါရဲ့၊ နင်တို့ကို



ဘုရားဖူးပို့ဦးမှပါ။ အလုပ်က ဘယ်အချိန်လုပ်လုပ်ဖြစ်တယ်၊ အလုပ်လောဘ တက်မနေတော့ပါဘူး"

"အလုပ်ကိုပိတ်ခဲ့၊ အလုပ်သမားတွေကိုတော့ အဲဒီရက်တွေအတွက် လုပ်ခရှင်းပေးလိုက်ပေါ့တော်။ ဘုရားဖူးသွားပြီး ကုသိုလ်ယူမယ့်ဟာ၊ ကိုယ့်အလုပ်သမားတွေလည်း အလုပ်နားရင်း လုပ်ခလေးရပါစေ၊ ဒါလည်းကုသိုလ်ပေါ့"

"ဟုတ်ပါတယ်၊ ဒါဖြင့် နေ့ပေါက်တာနဲ့ ငါတို့ ဘုရားဖူးထွက်နိုင်အောင် ခုကတည်းက ပြင်ဆင်ပေတော့လုံးကြည်"

အဖေနှင့်အမေက သုမဏ်နောင်ရေးအတွက် ပြောဆိုဆွေးနွေးနေစဉ်တွင် လုံမသည် သုမဏ်အခန်းလေးထဲဝင်ကာ တစ်ကိုယ်တည်း တွေးမိ တွေးရာ တွေးနေလေသည်။

ညအမှောင်ရောက်ပြီမို့ လရောင်က ပြတင်းပေါက်မှတိုးကာ လုံမ အခန်းထဲသို့ကျရောက်ရှိသည်။

လုံမအတွေးများက ထုံးစံအတိုင်းတောနက်ကြီးထဲသို့ ရောက်ရှိသွားပြန်လေသည်။

ပကတိလရောင်နှင့် လုံမအတွေးများရောယှက်ကာ တစ်ချိန်က လသာ ညချမ်းတွင် ဆင်နှစ်ကောင်ပျော်မြူးနေပုံများ မျက်စိထဲမြင်ယောင်လာပြန်လေသည်။

စွယ်စုံဆင်ထီးကြီးက စမ်းချောင်းထဲမှရေများကိုနှာမောင်းဖြင့်စုပ် ယူကာ ဆင်မကြီးကိုပက်ဖျန်းပေးလျက်ရှိသည်။ ဆင်မကြီးက ကိုယ်ကို ဘယ်ညာယိမ်းနွဲ့ကာ ရေပန်းရေမွှားများမထိအောင် ရှောင်ရှားနေ၏။

လသာသောညချမ်းအခါတွင် သဲသောင်ပြင်ဖွေးဖွေးပေါ်သို့ လရောင်မျှန်းကျနေရာ သဲမှုန့်များက လရောင်အောက်တွင် ပြိုးပြိုးပြက်ပြက်လက်နေသည်။ စမ်းချောင်းရေကြည်ကြည်ထဲတွင်လည်း လရိပ်က ထိုးကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆင်မကြီးက ကမ်းပါးသဲသောင်ပေါ်သို့ တက်ပြေးသည့်အခါတွင် ဆင်ထီးကြီးက နောက်မှပြေးလိုက်သွား၏။

ဆင်မောင်နှံနှစ်ဖော် လသာညတွင် ချစ်ကျီစယ်နေကြသည့် မြင်ကွင်းပင် ဖြစ်ပါသည်။

သည်လိုမြင်ကွင်းမျိုးကိုမြင်ယောင်လာရတိုင်း လုံမရင်မှာကြည်နူး ရပါသည်။

သို့သော် တစ်ချိန်တွင် ဆင်ထီးကြီးက ဆင်မကြီးကိုစွန့်ခွာထွက် ပြေးသွားသည်ကို သတိရလိုက်သည့်အခါတွင်တော့ ကြည်နူးနေသောစိတ်များ ပျောက်ကွယ်သွားရပြန်လေသည်။ မှန်ပါသည်၊ ထိုကဲ့သို့ မောင်နှံတွဲ၍ကြည်နူး နေကြသည့်ကြားမှ ဆင်ထီးကြီးသည် တစ်နေ့သောအခါတွင် ပြန်မလာဘဲ ပျောက်သွားခဲ့လေသည်။ ထိုအဖြစ်ကိုသိနေသောလုံမစိတ်တွင် ဆင်ထီးကြီး ကို စိတ်နာနေမိလေ၏။

တစ်ခုသောမနက်ခင်းတွင် ဆင်ထီးကြီးက အစာရှာသွားဦးမည်၊ စောင့်နေပါဟုပြောကာ အစာရေစာပေါများသောနေရာသို့ ထွက်ခွာသွားခဲ့လေသည်။ ဆင်မကြီးသည် ထားခဲ့သောနေရာမှတစ်ဖဝါးမခွာဘဲ ဆင်ထီးကြီးပြန်အလာကို စောင့်မျှော်နေခဲ့ပါသည်။

ဆင်ထီးကြီးသွားရာနောက်သို့ ဆင်မကြီးလိုက်မသွားသည်မှာ အကြောင်း ရှိပါသည်။ ဆင်မကြီးတွင် ကိုယ်ဝန်ရှိနေသောကြောင့်ဖြစ်သည်။ ကိုယ်ဝန်အရင့် အမာနှင့်မို့ ပင်ပန်းမှာစိုးပြီး ဆင်ထီးကြီးကလည်း မလိုက်စေလို၊ ဆင်မကြီး ကိုယ်ဝန်ဆောင်ကတည်းက ဆင်ထီးကြီးကပင် အစာရေစာများ ရှာဖွေ ကျွေးမွေးနေခြင်းဖြစ်ပါသည်။

ဆင်မကြီးသည် ယခင်နေ့များကလိုပင် ချစ်လင်စွယ်စုံဆင်ကြီး ပြန်အလာ ကို ထားရာနေရာမှ တစ်ဖဝါးမခွာဘဲ စောင့်မျှော်နေခဲ့သည်။

သို့သော် ဆင်ကြီးပြန်မလာပါ။ ဆင်မကြီးသည် ဆာလောင်မွတ်သိပ်သည် ကိုသည်းခံကာ ဆင်ကြီးပြန်အလာလမ်းကို မျှော်ငေးနေခဲ့သည်။



ညမိုးချုပ်ထိတိုင် ဆင်ကြီးပြန်မလာခဲ့။

နောက်တစ်နေ့တွင်လည်း ပြန်ရောက်မလာခဲ့။

နောက်နေ့ နောက်နေ့များတွင်လည်း ဆင်ကြီးကား ပြန်ပေါ်မလာတော့ပါ။

ဆင်မကြီးသည် ဆင်ကြီး သူမကိုစွန့်ခွာသွားလေပြီဟုမှတ်ယူလိုက် လေသည်။ အခြားသော ဆင်ပျိုမတစ်ကောင်နှင့်ပေါင်းသင်းနေပြီဟုယုံမှတ် လိုက်လေသည်။ ကိုယ်ဝန်ဆောင်ထားရချိန်ကျမှ စွန့်ခွာသွားရက်သော ဆင် ကြီးကိုလည်း စိတ်နာမိလေ၏။

ထိုအချိန်မှစ၍ ဆင်မကြီးသည် ကိုယ်ဝန်ဆောင်ကြီးဖြင့် ကိုယ့်ဝမ်းစာ ကိုယ် ရှာဖွေစားသောက်ခဲ့ရလေသည်။ ဆင်ကြီးကား မျှော်သော်လည်း ပေါ် မလာတော့။ ဆင်မကြီး၏နာကြည်းစိတ်မှာလည်း ပိုပိုတိုးလာရလေသည်။

ကိုယ်ဝန်ဆောင်ဆင်မကြီးကို အခြားသောဆင်အုပ်တစ်ခုကတွေ့သွားကာ သူတို့နှင့်အတူနေစေပြီး စောင့်ရှောက်ထားခဲ့ပေသည်။ တောရိုင်း သတ္တဝါပင် ဖြစ်သော်ငြား မျိုးတူချင်းရိုင်းပင်းကူညီသည့်မေတ္တာစိတ်များပင် ဖြစ်သည်။

ဆင်မကြီးသည် ကိုယ်ဝန်ဆောင်လစေ့သောအခါ ဆင်ကလေးတစ် ကောင်ကို မွေးဖွားခဲ့လေသည်။ ဆင်ကလေးက အထီးလေးဖြစ်သည်။ ဆင် ကလေးမှာ အလွန်ပင်လှပလေသည်။ ဦးကင်းထိပ်တွင် လက်တစ်ဝါးစာခန့် ကွက်၍ အမွေးဖြူဖြူများပေါက်နေသည်။

ဆင်မကြီးသည် ဆင်ရိုင်းအုပ်နှင့်အတူနေရင်း သားကလေးကို စောင့် ရှောက်လာခဲ့လေသည်။ မျိုးတူဆင်များ၏ ကူညီပံ့ပိုးမှုကြောင့်သာ ဆင်မကြီး သည် သားကလေးကို ဆင်ထီးကြီးတစ်ကောင်ဖြစ်သည်ထိ မွေးမြူ စောင့်ရှောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ချစ်လင်ဆင်ထီးကြီးကား သားငယ်ဆင်ကလေးအရွယ်ရောက်သည် အထိ ပေါ်မလာတော့ပါ။ တောထဲတွင်လည်း မည်သည့်နေရာတွင်မျှမတွေ့ ရတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဆင်မကြီးသည် သားငယ်ဆင်ကလေးကို ထိန်းကျောင်းပြုပြင်ရင်း ဆင်တို့ တတ်အပ်သောပညာများကိုသင်ကြားပြသရင်းဖြင့် ဆင်အိုမကြီးတစ်ကောင် ဘဝသို့ ရောက်ရှိလာခဲ့လေသည်။

❀

ထိုမြင်ကွင်းများကား လုံမမြင်ယောင်နေကျမြင်ကွင်းများထဲတွင် ပထမပိုင်းမြင်ကွင်းများသာဖြစ်ပါသည်။

နောက်ထပ်မြင်ယောင်လာသောမြင်ကွင်းထဲတွင်မူ ဆင်မကြီးသည် အိုမင်းနေပေပြီ။ ဆင်မကြီး၏သားကလေးမှာ အစွယ်စုံသော ဆင်ပျိုထီး တစ်ကောင် အဖြစ် အရွယ်ရောက်ခဲ့လေပြီ။

ဆင်မကြီး၏ကြေကွဲစရာနောက်ဆုံးမြင်ကွင်းကိုလည်း ယခုလို လသာ သော ညနောက်ခံထားလျက် မြင်တွေ့နေရပါသည်။

လသာသောညချမ်းတစ်ခုတွင် ဆင်အိုမကြီးသည် ခြေထောက် ထော့နဲ့ ထော့နဲ့ဖြင့် ရေတံခွန်ရှိရာသို့ဦးတည်သွားနေသည်ကို လုံမမြင်ယောင် မိပေ သည်။

တကယ်တော့ လူသားများအန္တရာယ်မှရှောင်တိမ်းရင်း သူတို့ဆင်အုပ် ထွက်ပြေးရာတွင် ဆင်မကြီးသည် ကျောက်လွှာနှစ်ချပ်ကြား၌ ရှေ့ညာဘက် ခြေထောက်တစ်ဖက်ညပ်သွားခဲ့လေသည်။ ကျောက်တုံးညပ်သော ဒဏ်ကြောင့် ဆင်မကြီး၏ခြေတစ်ဖက် မသန်မစွမ်းဖြစ်သွားရခြင်းဖြစ်ပါသည်။ ဆင်မကြီး သည် မကွယ်လွန်မီဆယ်နှစ်ခန့် ဒုက္ခိတဘဝဖြင့် နေထိုင်ခဲ့ရရှာသည်။

အရွယ်ရောက်ပြီဖြစ်သော သားဆင်ပျိုကလေးက မိခင်ဆင်အိုမကြီးကို အစာရှာကျွေးခဲ့ပေသည်။

တစ်နေ့သောအခါတွင် ဆင်အိုမကြီးသည် မိမိကွယ်လွန်သေဆုံး တော့မည်ကို သိလိုက်သည်။ သူမသည် ဆင်အနေဖြင့် သက်တမ်းကုန်လုနေ ပြီမဟုတ်ပါလား။

ဆင်မကြီးက သားငယ်ဆင်ပျိုလေးအား မှာကြားစရာများကို မှာကြားခဲ့ ပေသည်။



"အမေတော့ သေရတော့မယ်သား၊ အမေမရှိတဲ့နောက်မှာ လိမ် လိမ်မာမာနေရစ်ပါ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်ပါ။ သတိကိုမပြတ် ထားပြီး အန္တရာယ်နဲ့ကင်းအောင်နေပါ ငါ့သား"

"ဟင့်အင်း ... ဟင့်အင်း ... အမေ မသေရဘူး။ အမေမရှိရင် သား ဘယ်သူနဲ့နေရမှာလဲ အမေရယ်၊ အမေမသေပါနဲ့နော်"

"ဩော် ... သားလေးရယ်၊ သတ္တဝါဆိုတာ သေမျိုးတွေကွယ့်၊ သက် တမ်းကုန်ရင်သေရတယ်၊ သက်တမ်းမကုန်ရင်လည်း နာဖျားလို့သေရတယ်၊ ဘယ်သတ္တဝါမျှ မလွဲရှောင်နိုင်ပါဘူး ငါ့သားရယ်"

ဆင်မကြီးက သားငယ်ဆင်လေး၏ဦးကင်းထိပ်မှ အမြှုကွက်လေးကို သူမ၏နှာမောင်းဖြင့် သပ်ရင်းသပ်ရင်း ချော့မော့ပြောဆိုလိုက်လေသည်။

ယခု လသာညတွင် ဆင်မကြီးတစ်ကိုယ်တည်းထွက်လာခြင်းမှာ သေဆုံး ရန်အတွက် ဆင်သချိုင်းသို့ သွားရောက်နေခြင်းပင်ဖြစ်ပါသည်။ သူမတို့ဆင် များသည် ကွယ်လွန်ခါနီးအချိန်တွင် ဆင်သချိုင်းသို့ အရောက်သွားရပါသည်။ ဆင်သချိုင်းတွင် သေဆုံးရပါသည်။ တောထဲမှဆင်တိုင်း မိမိတို့ အမျိုးအနွယ် များ၏ဆင်သချိုင်းဘယ်နားတွင်ရှိသည်ကို သိကြပါသည်။

ဆင်မကြီးသည် ရေတံခွန်အောက်တွင်ရှိသော ဆင်သချိုင်းဆီသို့ ဦးတည် သွားရောက်နေခြင်းဖြစ်ပါသည်။

သားကလေးသိလျှင် စိတ်မကောင်းဖြစ်နေမည်စိုး၍ ညအချိန်တွင် အသိ မပေးဘဲ တစ်ကောင်တည်းထွက်လာခဲ့ခြင်းပင်ဖြစ်ပါသည်။

ဆင်မကြီးသည် ခြေထော့နဲ့ထော့နဲ့ဖြင့်လာခဲ့ရာ ရေများအားကုန် စီးကျနေသော ရေတံခွန်အောက်ခြေသို့ ရောက်လာပေပြီ။

သူမသည် နောက်ဆုံးအနေဖြင့် သူမ၏သားကလေးနှင့်အပေါင်း အဖော်ဆင်များကျန်ရစ်ခဲ့သည့် တောထဲသို့လှမ်းမျှော်ကြည့်လိုက်သည်။ နှာမောင်းကိုမြှောက်ရင်း ကြေကြေကွဲကွဲအော်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆင်မကြီးသည် သန်မြန်စွာထိုးကျနေသော ရေလုံးထုဘေးမှ ကွေ့ပတ်ကာ ရေတံခွန်အောက်ရှိ လှိုဏ်ထဲသို့ ဝင်လာခဲ့လေသည်။ ထိုနေရာကို စီးကျနေသောရေထုကြီးကွယ်နေ၍ လူနှင့်အခြားတိရစ္ဆာန်များ မသိရှိကြပါ။

ဆင်မကြီးသည် လှိုဏ်လမ်းကြားအတိုင်း ကွေ့ကာကောက်ကာ တိုးဝင်သွားသည့်အခါ နောက်ဆုံး၌ ကျယ်ပြောသောခန်းမကြီးထဲသို့ ရောက်ရှိသွားလေသည်။

ခန်းမကြီးထဲတွင်တော့ ဆင်သတ္တဝါများ၏အရိုးများ၊ ဆင်စွယ်များ ပြန့်ကျဲလျက်ရှိပေသည်။

ဆင်မကြီးသည် ဆင်သချိုင်းခန်းမကြီးထဲတွင် စိတ်ကိုလျှော့ချကာ ကိုယ်ကို လှဲချလိုက်လေတော့သည်။

ထိုမြင်ကွင်းကား လုံမမြင်နေကျ ဆင်များ၏လှုပ်ရှားမှုမြင်ကွင်းများထဲမှ နောက်ဆုံးမြင်ကွင်းဖြစ်လေသည်။

လုံမသည် သူမမြင်ယောင်လာသော ဆင်တို့၏လှုပ်ရှားမှုများကို ဆက်စပ်ကာ ဇာတ်လမ်းတစ်ပုဒ်အနေဖြင့် သိမှတ်လာရလေသည်။ လုံမ လူမှန်းသိတတ်စကတည်းက ထိုမြင်ကွင်းများကို မကြာခဏ မြင်ယောင်ခဲ့ပါသည်။ ဘာကြောင့် မြင်ယောင်ရတယ်ဆိုတာကိုတော့ လုံမ မသိ၊ နားမလည်။

တောထဲတွင် သူမမြင်ယောင်သောဆင်များရှိသည်ကိုသိကာ တောထဲကို လှမ်းလှမ်းကြည့်ပြီး လွမ်းနေတတ်ပါသည်။

သူမ၏မြင်ကွင်းများကို ဆက်စပ်ကြည့်လိုက်လျှင် ဆင်သတ္တဝါများ ပါဝင်သောဇာတ်လမ်းတစ်ပုဒ်ဖြစ်ပေါ်လာသည်။ သူမ၏မြင်ကွင်းများအရ ထိုဇာတ်လမ်း၏အဓိကသရုပ်ဆောင်မှာ ဆင်မကြီးဖြစ်နေလေသည်။ ဆင်မကြီး၏ လှုပ်ရှားမှုများကို ဆင်မကြီးသေဆုံးချိန်အထိ မြင်ယောင်ခဲ့ရပေသည်။

ဒါတွေကို ဘာကြောင့်မြင်ယောင်ရတယ်ဆိုတာ လုံမနားမလည်ခဲ့။



လုံမအသက်ခုနစ်နှစ်အရွယ်ရှိချိန်တွင် မိဘနှစ်ပါးက ကျောက်သွေးရှာရန်တောထဲအသွားမှာ လုံမကိုခေါ်သွားမှပင် သဘောပေါက်နားလည်လာရခြင်းဖြစ်ပါသည်။

မိဘများကျောက်သွေးရှာသည်ကိုစောင့်နေရင်း ရေတံခွန်ကြီးကိုကြည့်ကာ သူမမြင်ယောင်နေကျဆင်ဇာတ်လမ်းထဲမှ ရေတံခွန်ကြီးဖြစ်ကြောင်း သိလာရသည်။ မှန်မမှန်သိရစေရန်အတွက် လုံမသည် ရေတံခွန်ကြီး အောက်သို့သွားခဲ့လေသည်။ သူမ၏မြင်ကွင်းထဲကလို ရေတံခွန်အောက်ခြေတွင် ကျဉ်းမြောင်းကွေ့ကောက်သော လမ်းကြောင်းလေးရှိနေတာတွေ့ရသည်။ ဆင်မကြီးဝင်သွားသည့်လမ်းကြောင်းပင်ဖြစ်ပါသည်။

လုံမသည် ဆင်မကြီးဝင်သွားသည့်နည်းအတိုင်း ကျဆင်းနေသော ရေထုကြီးဘေးမှ ကွေ့ဝိုက်ကာ လှိုဏ်ထဲသို့တိုးဝင်လိုက်သည်။ လမ်းကြောင်းလေးအတိုင်း လျှောက်ဝင်လာခဲ့ရာ မြင်ကွင်းထဲတွင်မြင်နေကျ ခန်းမကြီးထဲသို့ ရောက်သွားလေသည်။ ခန်းမထဲမှာတော့ ဆင်အရိုးများ တောင်ပုံရာပုံ၊ ဆင်စွယ်များလည်း ကြမ်းပြင်မှာပြန့်ကျဲနေသည်။

လုံမသည် ထိုအထဲမှ ဆင်စွယ်တစ်ချောင်းကိုကောက်ယူလာခဲ့ခြင်းဖြစ်ပါသည်။

မိဘများကိုတော့ ဒီအကြောင်းတွေပြန်မပြောခဲ့ပါ။ ချော့မော့မေးမြန်းသူတွေကိုလည်း ပြန်မပြောခဲ့၊ ရေငုံနှုတ်ပိတ်နေခဲ့သည်။

ထိုအချိန်မှစ၍ လုံမသည် ဆင်များ၏မြင်ကွင်းကို ဘာကြောင့် မြင်ယောင်နေရတယ်ဆိုတာကို သိလိုက်ရလေသည်။ သူမမြင်ခဲ့ရသော မြင်ကွင်းများကား သူမ၏ ယခင်ဘဝဟောင်းမြင်ကွင်းများပင် ဖြစ်လေတော့သည်။

သူမသည် ယခင်ဘဝက ဆင်မကြီးပင်ဖြစ်ပါသည်။

လုံမသည် အကြောင်းစုံကို မြင်ငုံသိလိုက်ရသော်လည်း ဘယ်သူ့ကိုမျှပြန်မပြောခဲ့ပါ။ ကိုယ်တစ်ယောက်တည်း ကြိတ်မှိတ်ခံစားခဲ့သည်။

ဆင်တို့ကိုမြင်နေရသောမြင်ကွင်းကား ပျောက်မသွားခဲ့။ အလျဉ်းသင့်တိုင်း မြင်နေရမြဲဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လုံမသည် တောနက်ထဲကို မြင်သာသည့်နေရာသို့ သွားရောက်ကာ လွမ်းနေတတ်ခြင်းဖြစ်သည်။

လုံမလွမ်းနေသောအရာကား အခြားမဟုတ်။ ယခင်ဘဝက တောထဲတွင် ကျန်နေရစ်သော ဆင်သားကလေးကိုပင် ဖြစ်ပါသည်။

သူမ၏ဆင်ဘဝသည် မည်သည့်ကာလကဖြစ်ပျက်ခဲ့သည်လဲ မသိနိုင်ပါ။

သူမ၏သား ဆင်ကလေးသည် တောထဲ၌ ယခုအချိန်ထိ ရှိနေသေးသလား မသိနိုင်ပါ။

မည်သို့ဆိုစေ လုံမကတော့ ယခင်ဘဝကကျက်စားခဲ့ရာတောထဲသို့ မျှော်ကြည့်နေရသည်ကိုပင် ကျေနပ်နေမိပါတော့သည်။

❁

### တောင်းပန်အပ်ပါသည်

ဂျိုးရှ်လောကမဂ္ဂဇင်း (၂၅)အုပ်မြောက် အထူးထုတ်သို့ စာမူပေးပို့ကြသော စာရေးဆရာအချို့၏စာမူများအား အထူးထုတ်တွင် စာမျက်နှာအခက်အခဲကြောင့် ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။ အဆိုပါစာမူများကို ရှုလိုင်လထုတ် ဂျိုးရှ် လောကမဂ္ဂဇင်း အမှတ် (၂၆)တွင် ဆက်လက်ဖော်ပြမည် ဖြစ်ပါကြောင်း။

**အယ်ဒီတာအဖွဲ့**

## အပိုင်း ( ၂ )

ဦးနက်ကျော်တို့မိသားစုသည် ၁၉၄၄ ခုနှစ်တွင် မန္တလေးသို့ဘုရားဖူးခရီး ထွက်ခဲ့လေသည်။

အချိန်ကာလကား မြန်မာနိုင်ငံတွင် အင်္ဂလိပ်နယ်ချဲ့များ အုပ်စိုးနေရာမှ ဂျပန်၏အကူအညီကိုယူကာ အင်္ဂလိပ်များအား မြန်မာ့မြေပေါ်မှ မောင်းထုတ်ပြီးချိန်။ မြန်မာ့မြေပေါ်၌ ဂျပန်များခြေချဝပ်မင်းမူနေသော ဖက်ဆစ်ခေတ်ကာလကြီး ဖြစ်ပေသည်။

ဦးနက်ကျော်တို့မိသားစုကား သိုသိုသိပ်သိပ်ပင် သွားလာခဲ့ကြ၍ မည်သည့် အနှောင့်အယှက်မျှ မတွေ့ခဲ့ရပါ။

ဘုရားဖူးခရီးစဉ်တစ်လျှောက်လုံး လုံမသည် ရွှင်လန်းတက်ကြွနေသည်။ တန်ခိုးကြီးဘုရားများကို ဖူးမျှော်ရ၍လည်းကောင်း၊ အိမ်မှ ပထမဆုံးအကြိမ် ခရီးရှည်ထွက်ဖူးခြင်းဖြစ်၍လည်းကောင်း ပျော်ရွှင်နေပေသည်။

သူတို့သည် မန္တလေးကိုဦးစွာသွားရောက်ကာ ဘုရားစုံဖူး လည်ပတ်ပြီးမှ အပြန်တွင် စစ်ကိုင်းသို့လှည့်ဝင်ခဲ့လေသည်။

စစ်ကိုင်းတွင် စစ်ကိုင်းတောင်ပေါ်မှဘုရားများကိုဖူးအပြီး တောင်ပေါ်မှ ပြန်ဆင်းအလာတွင် တောင်ခြေ၌ ရှင်ပြုအလှူတစ်ခုလှည့်လာသည်နှင့် ကြုံရလေသည်။

ရှင်ပြုပွဲကို ဆင်ဖြင့်လှည့်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရှင်လောင်းကိုတင်ဆောင်လာသည့်ဆင်ကိုအမြင်တွင် လုံမက ကြည့်ချင်ပါသည်ဆို၍ မိသားစုလိုက် ရှင်လောင်းလှည့်ပွဲများကို ရပ်ကြည့်နေကြလေသည်။

ရှေ့မှဝင်းခင်းအဖွဲ့များ၊ ပန်းကိုင်အမျိုးသမီးလေးများ စီတန်းလှည့်လည်လာသည်များလွန်သော် မောင်ရှင်လောင်းစီးနင်းလိုက်ပါလာသော ဆင်ကြီးက လုံမတို့အနီးသို့ရောက်ရှိလာလေသည်။

မည်သို့ဖြစ်သည်မသိ။ လုံမသည် ဆင်ကြီးကိုကြည့်ကာ မျက်ရည်များစီးကျလာသည်။

"ဟဲ့ လုံမ၊ သမီး၊ နင် ဘာလို့ငိုသတုံး"

ဒေါ်လုံးကြည်၏အမေးပင်မဆုံးသေး၊ ဆင်ကြီးဆီမှ နှာမောင်းကိုမြှောက်ကာ ကျယ်လောင်စွာအော်လိုက်သောအသံကို ကြားလိုက်ရလေသည်။

ချက်ချင်းပင် ဆင်ကြီးသည် ရွရွကလေးလျှောက်လှမ်းနေရာမှ လုံမရှိရာသို့ လျင်မြန်စွာပြေးလာလေသည်။

အလှူအဖွဲ့ရော၊ ရပ်ကြည့်နေသူများပါ ဆင်ကြီး၏အပြုအမူကြောင့် ရုတ်ရုတ်သည်းသည်း ဖြစ်သွားကြလေသည်။ ဆင်ကြီးမှန်ယိုသွားသည်ထင်ကာ ထွက်ပြေးသူပြေးကြလေ၏။

ဆင်ကြီးသည် လုံမရှေ့အရောက်တွင် ဒူးတုပ်၍ဝပ်ချလိုက်လေသည်။

လုံမကလည်း ဆင်ကြီး၏ဦးခေါင်းကိုဖက်ပွေ့ကာ ဦးကင်းထိပ်မှ အမွေးဖြူဖြူအကွက်ကလေးကို ပွတ်သပ်ရင်း ငိုရှိုက်နေသည်။ ဆင်ကြီးကား သူ၏နှာမောင်းကြီးဖြင့် လုံမ၏ပခုံးလေးကိုပွတ်ကာပွတ်ကာ ရှိုနေပေသည်။

ဆင်ဦးကင်းပေါ်တွင် စီးနင်းလိုက်ပါလာသော ဆင်ထိန်းလုလင်ပျိုသည် အံ့ဩမှင်တက်မိစွာဖြင့် မြင်ကွင်းကိုငေးမောကြည့်နေသည်။ ဆင်ထိန်း လုလင်ပျို၏မျက်လုံးများကား လုံမမျက်နှာမှမခွာတော့ပေ။

ပရိသတ်အားလုံးသည်လည်း ထူးဆန်းသောမြင်ကွင်းကိုကြည့်ကာ အံ့ဩငေးမောနေမိကြလေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးအသံများတိတ်ဆိတ်



သွားသည်။ ဒိုးစည်ဗုံးပတ်အဖွဲ့များကလည်း အတီးများကိုရပ်လိုက်သည်။ ဗျောအဖွဲ့လည်း တီးမှုတ်ခြင်းကိုရပ်လိုက်သည်။

ခဏချင်းမှာပင် ဆင်ကြီးနှင့်လုံမအားတွင် ဝိုင်းကြည့်နေသောလူများဖြင့် ပြည့်နက်သွားလေ၏။

"သမီး လုံမ၊ ဘာဖြစ်တာလဲကွယ်၊ လာ လာ သွားကြစို့"

ဦးနက်ကျော်က လုံမကိုဆွဲခေါ်လိုက်သည်။

မြို့မှလူအများကြီးထဲတွင် တောသားကြီးဦးနက်ကျော်မှာကြောက်လန့်လျက်ရှိသည်။ ဝတ်ကောင်းစားလှဝတ်ဆင်ထားသောသူများက လုံမကို တစ်ခုခုပြောဆိုလိုက်မည်။ အရေးယူလိုက်မည်ကို စိုးရိမ်သွားမိသည်။

"လာဟဲ့ သမီး၊ လုံမ၊ သွားကြစို့"

ဒေါ်လုံးကြည်ကလည်း ဆင်ကိုဖက်တွယ်ထားသည့်လုံမလက်များကိုဖယ်ချကာ လုံမကိုလူတောထဲမှ ဆွဲခေါ်ထုတ်ခဲ့လေသည်။

ကံအားလျော်စွာပင် မြင်းလှည်းတစ်စီးတွေ့လိုက်၍ မြင်းလှည်းပေါ်တက်လိုက်သည်။ မြင်းလှည်းကို ကားဂိတ်သို့မောင်းနိုင်းလိုက်ရလေ၏။

ဆင်ကြီးသည် မြင်းလှည်းပေါ်ပါသွားသော လုံမကိုကြည့်ကာ ကြေကြေကွဲကွဲအော်လိုက်လေ၏။

ဆင်ထက်မှ ဆင်ထိန်းလုလင်ပျိုလေးကား ထွက်ခွာသွားသော မြင်းလှည်းလေးကိုငေးမောလျက် ကျန်ရစ်ခဲ့လေသည်။

"လုံမရယ်၊ ဘယ်လိုလုပ်တာလဲ။ လူတောထဲမှာ ရှက်စရာကြီးဟယ်"

ဒေါ်လုံးကြည်က ပြောလိုက်သည်။

လုံမက ငိုရှိုက်နေဆဲ။

"ဟုတ်ပါရဲ့သမီးရယ်၊ မြို့ကလူတွေက သူတို့အလှူကို အနှောင့်အယှက်ပေးတယ်ဆိုပြီး ဖမ်းလားဆီးလားလုပ်မှာ အဖေမယ်စိုးရိမ်လိုက်ရတာ"

ဦးနက်ကျော်ကလည်း သက်ပြင်းကြီးချရင်း ရေရွတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

လုံမက ခေါင်းမော်လာရင်းမှ မျက်ရည်များသုတ်ကာ တစ်လုံးချင်း ပြောလိုက်လေသည်။

"အဲဒါ ကျွန်မသားလေးပေါ့ အဖေတို့အမေတို့ရဲ့ အဲဒီဆင်လေးက ကျွန်မ သားလေး"

လုံမနှုတ်မှထွက်လာသော ထူးဆန်းသည့်စကားကြောင့် ဦးနက်ကျော်ရော ဒေါ်လုံးကြည်ပါ အံ့အားသင့်သွားကြသည်။ မြင်းလှည်းသမားကလည်း လှည့်ကြည့်လေသည်။


"ဘယ်လိုကွယ့်၊ ဘာပြောလိုက်တယ် သမီး"

ဒေါ်လုံးကြည်က မေးသော်လည်း လုံမဘာမျှပြန်မပြောတော့ပါ။

ထိုအကြောင်းကို မည်သည့်အခါမျှလည်း မေးလို့မရတော့ပါပေ။

(ရှေ့လဆက်ဖတ်ပါ)

**၁ ဆောင်းရုပ်**



www.burmeseclassic.com

# ဂမ္ဘီရပုဂ္ဂိုလ်ရိုး

ကိုဂုဏ်ရှိ၏ လက်မှုအကိုကြည့်ရှင်း ရှာတရက်
ရှင်းပြီတ်လှမ်းမိပါသည်။ ကိုဂုဏ်ရှိသည် အသက်(၃၀)
တွင် ကံကုန်မည်ဖြစ်ကြောင်း တွေ့လိုက်ရသည်။

တစ်နေ့သောအခါ ဝင်ဒါမီယာလမ်းရှိ ဓာတ်ပေါင်းစုစေတီတော်သို့ လမ်းလျှောက်ရင်းရောက်ခဲ့ပါသည်။ ဓာတ်ပေါင်းစုဘုရားဝင်းတွင် ဘက်စုံမွမ်းမံပြင်ဆင်ထားသဖြင့် အလွန်သပ္ပာယ်လျက်ကြည်ညိုဖွယ်ကောင်းလှပါသည်။ ဘုရားကိုဝတ်ပြုရသည်မှာ အေးချမ်းသာယာသဖြင့် အလွန်ကြည်နူးဖွယ်ကောင်းပါသည်။ ဘုရားရှိခိုးပြီးပြန်ရန်ထလိုက်စဉ် ရုတ်တရက်မိုးကရွာချလိုက်သဖြင့် နေရာတွင်ပြန်ထိုင်လိုက်မိပါသည်။ မိုးမှာတစ်စထက် တစ်စပိုမိုသည်းထန်လာသဖြင့် ဘုရားတန်ဆောင်းမှပြန်ရန် အခက်အခဲတွေ့ရပါသည်။ ထိုစဉ် ဘုရားတွင်ဗေဒင်လက္ခဏာဟောသည့် ဆရာသစ်အနီးသို့ ရောက်လာပါသည်။ ဗေဒင်ဆရာသစ်ကို စတင်နှုတ်ဆက်လိုက်ပါသည်။

"ဆရာ၊ ဒီနေရာမှာ ဗေဒင်ဟောရတာ အဆင်ပြေပါရဲ့လား"

"အဆင်မပြေပါဘူးဆရာ၊ အခုလိုမိုးရွာနေရင် တစ်နေ့လုံးလူမလာတော့ဘူး။ တစ်ခါတလေတစ်ဦးမျှ မဟောရဘဲ အိမ်ပြန်ရတဲ့နေ့တောင်ရှိတယ်"

"အခုခေတ်လူတွေက ကျွန်တော်တို့လို မြင်တဲ့အတိုင်းဟောတဲ့ဆရာကို မထင်မကြီးကြတော့ဘူး။ ဟောပြောချက်က တိတိကျကျမှန်ကန်နေရင်တောင် မှန်ပါတယ်လို့ ဝန်မခံချင်ကြဘူး။ ဗေဒင်လက္ခဏာသာ လာမေးတယ်။ ဆရာကို အထင်မကြီးကြဘူး။ ဗေဒင်မေးတဲ့လူတွေက မာတ်ရိုက်ယတြာလုပ်ပေးတဲ့



ဆရာကိုမှ အဟုတ်ကြီးမှတ်ကြတာ။ ကျွန်တော်တို့လို တစ်ခါဟော ကျပ်တစ်ထောင်ကိုယူတယ်ထင်ပြီး ယတြာချေဖို့သောင်းဂဏန်းအထိ တောင်းတဲ့လူတွေကိုမှ အထင်ကြီးကြတာ"

"ဆရာပြောသလို ဗေဒင်လက္ခဏာဆရာတွေကို အထင်မကြီးကြဘူးဆိုပေမဲ့ ဒီခေတ်မှာ ဗေဒင်ဆရာတွေက ပေါ်မှပေါ်ပါလားဆရာ"

"ဗေဒင်လက္ခဏာဟောတဲ့ဆရာတွေထဲမှာ တကယ်သင်ယူလေ့လာတတ်ကျွမ်းပြီးဟောတဲ့ဗေဒင်ဆရာနဲ့ ဟောဖြစ်ရုံမတောက်တစ်ခေါက်အခြေခံလေးနဲ့ ဟောတဲ့ဆရာဆိုပြီး နှစ်မျိုးနှစ်စားရှိသေးတယ်။ ဗေဒင်ပညာကို အခြေခံမှစပြီး စနစ်တကျသင်ယူခဲ့တဲ့ဆရာဆိုရင် သုံးခုဟောရင် အနည်းဆုံးနှစ်ခုမှန်ရမယ်။ အသေးစိတ်သာ စစ်ဆေးပြီး ဟောခွင့်ရရင် ရာနှုန်းပြည့်မှန်ရစေမယ်။ ဒါပေမဲ့ ကျွန်တော်ပြောခဲ့သလို ဟောလို့မှန်ပေမဲ့ မှန်ပါတယ်လို့ ဝန်ခံချင်တဲ့လူက ရှားတယ်ဆရာရဲ့"

"ရာနှုန်းပြည့်တစ်လုံးမကျန် မှန်ပါတယ်လို့ပြောတဲ့လူ ရှိကောရှိရဲ့လားဗျာ"

"ဆရာမေးလို့ ပြောရဦးမယ်။ မကြာသေးပါဘူး၊ လွန်ခဲ့တဲ့နှစ်ပတ်လောက်က ထူးဆန်းတဲ့လူတစ်ဦးတွေ့လိုက်ရတယ်။ သူကဗေဒင်မေးဖို့ရောက်လာတယ်၊ အဲဒီလူကတော့ ကျုပ်ဟောသမျှတစ်လုံးမကျန် မှန်ကန်တယ်လို့ ဝန်ခံတယ်၊ ကျွန်တော့်ရဲ့ ဗေဒင်ဆရာသက်တမ်းတစ်လျှောက်မှာ အဲဒီလူကို အထူးခြားဆုံး တွေ့ခဲ့ရဖူးပါတယ်"

"ဘယ်ကလူလဲဗျ"

"အဲဒီလူက စကားတော့ မပြောတတ်ဘူးခင်ဗျ"

"ဗျာ စကားမပြောတတ်ဘူးဟုတ်လား။ ဟာ ဆရာနောက်ပြီထင်တယ်။ စကားမပြောတတ်တဲ့လူက ရာနှုန်းပြည့်မှန်ကန်တယ်လို့ ဝန်ခံတယ်ဆိုတော့ ဆရာ့စကားက တစ်မျိုးဖြစ်နေပါလား"

"ဆုံးအောင်နားထောင်ပါဦးလေ၊ အဲဒီလူက စကားမပြောတတ်ပေမဲ့ လက်ဟန်ခြေဟန်နဲ့ တစ်ဖက်သားနားလည်အောင် ပြောတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

ဗေဒင်ဆရာမှာ နောက်ပြောင်နေခြင်းမဟုတ်ဘဲ သူ၏ကိုယ်တွေ့ကို အတည်ပြောနေသဖြင့် လေးစားစွာနားထောင်နေမိပါသည်။ ဗေဒင်ဆရာပြောပြသည်မှာ ထူးဆန်းရုံသာမက စိတ်ဝင်စားစရာကောင်းလွန်းသဖြင့် အစအဆုံး နားထောင်နေမိပါသည်။ ဗေဒင်ဆရာက ဇာတ်လမ်းကိုအသေးစိတ်ပြောပြနေစဉ် မလှမ်းမကမ်းတွင် ကိုရင်လေးတစ်ပါးပုတီးစိပ်နေသည်ကို သတိထားမိပါသည်။ ဗေဒင်ဆရာကလည်း သူ၏အတွေ့အကြုံကို အစမှအဆုံးစီကာပတ်ကုံးပြောပြပါသည်။

ထိုနေ့ကမှတ်မှတ်ရရ မိုးသဲသဲမဲမဲရွာနေသဖြင့် ဗေဒင်မေးသူမရှိ၍ ဗေဒင်ဆရာအားနေပါသည်။ မိုးကလည်းစဲပုံမပေါ်၊ ဗေဒင်မေးသူကလည်း လာမည့်ပုံမရှိသဖြင့် ဗေဒင်ရုံးခန်းကိုပိတ်ပြီး အိမ်ကိုစောစောပြန်ရန် စိတ်ကူးမိပါသည်။ ထိုစဉ်မမျှော်လင့်ဘဲ အသက်သုံးဆယ်ခန့်ကတုံးဆံတောက်နှင့် အရပ်ပုပုအသား ဖြူဖြူလူဝဝတစ်ဦးရောက်လာပြီး ဆရာ့ရှေ့တွင် ထိုင်လိုက်သည်ကို တွေ့လိုက်ရ ပါသည်။

"ဗေဒင်မေးမလို့လား"

ထိုလူက ခေါင်းညိတ်ပြီးအဖြေပေးပါသည်။

"ခုနှစ်၊ မွေးရက်မွေးလမွေးနေ့ပြောပါ"

ဆရာကမေးလိုက်သည်ကို ထိုလူကပြန်မဖြေဘဲ အိတ်ထဲတွင် အသင့်ယူလာသော ထန်းပေုဇာတာတစ်ခုကို ထုတ်၍ပြသပါသည်။ ဇာတာတွင်ပါသည့် မွေးသက္ကရာဇ်၊ မွေးရက်၊ မွေးလမွေးနေ့ကို စာရွက်ပေါ်မှာ မှတ်တမ်းတင်ရေးမှတ်ထားလိုက်ပါသည်။

"နာမည် ဘယ်လိုခေါ်သလဲ"

ဆရာကထပ်မေးလိုက်သည်တွင် ထိုလူကနှုတ်မှပြန်မဖြေဘဲ အဘာဘာဘာဟုလက်ဟန်ဖြင့် ဇာတာကိုလက်ညှိုးညွှန်ပြပါသည်။ ဇာတာတွင် အမည်ပါသည့်သဘောဖြစ်ပါသည်။ စကားမပြောတတ်သူဖြစ်လေမလားဟု မေးမိသည်။

"စကားမပြောတတ်ဘူးလား"



ထိုလူကခေါင်းညိတ်ပြပါသည်။ စကားမပြောတတ်သူကို ထပ်ကာထပ်ကာ မေးမိသဖြင့် အားနာမိပါသည်။ ဇာတာတွင်ကြည့်လိုက်ရာ အမည်ခေါ်တွင်ရော မောင်ငှက်ရိုးဟုတွေ့ရပါသည်။

"နာမည်က ကိုငှက်ရိုးပဲလား"

ကိုငှက်ရိုးကခေါင်းညိတ်ပါသည်။ ဆရာကမေးမှဖြေတော့မည့်ပုံ ရှိနေပါသည်။ ကိုငှက်ရိုး၏ခုနှစ်သက္ကရာဇ်များကို စာရွက်ပေါ်တွင် ဗေဒင်နည်းဖြင့် တွက်ချက်ကြည့်လိုက်ပြီး တွေ့သည့်အချက်များကို ရေးမှတ်ထားလိုက်သည်။

"ကိုငှက်ရိုး လက်ဝါးနှစ်ဖက်ပြပါ"

ကိုငှက်ရိုးက လက်ဝါးနှစ်ဖက်ကိုဖြန့်ပြသဖြင့် စစ်ဆေးသင့်သည့် အရေးအကြောင်းများကို မှန်ဘီလူးဖြင့်သေသေချာချာ စစ်ဆေးကြည့်ရှုရပါသည်။ အားလုံးစစ်ဆေးပြီးသည့်အခါ ငှက်ရိုးကိုကြည့်၍ ပြောလိုက်ရသည်။

"ကျုပ်မြင်တာတွေ့တာကို ဟောတော့မယ်နော်။ ဖြစ်ပြီးခဲ့တဲ့ အတိတ်ကအကြောင်းတွေကို အရင်ဟောမယ်။ မှန်ရင်မှန်တယ်ပြောပါ။ မမှန်ရင်လဲမမှန်တဲ့အကြောင်းပြောပါ။ ဘာမျှအားနာစရာမရှိပါဘူး"

ကိုငှက်ရိုးက နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသဖြင့် မြင်သည့်အတိုင်း ဟောပြောရပါသည်။

"ငယ်စဉ်က ဆင်းဆင်းရဲရဲနေခဲ့ရတယ်"

ကိုငှက်ရိုးက ခေါင်းညိတ်ပါသည်။

"ကျောင်းမနေခဲ့ရလို့ စာမတတ်ခဲ့ဘူး"

ကိုငှက်ရိုးက ခေါင်းညိတ်ပါသည်။

"ဒါပေမဲ့ မေတ္တာရေးကောင်းတယ်။ ငယ်ငယ်က စွံတယ်ပေါ့။ ချစ်သူရည်းစားများမယ်၊ ရည်စားဘယ်နှစ်ယောက် ရှိခဲ့သလဲ"

ကိုငှက်ရိုးက မှန်ကန်ကြောင်းခေါင်းညိတ်ပြပြီး လက်ငါးချောင်းထောင်ပြသည်။

"အသက်ငယ်ငယ်နဲ့ အိမ်ထောင်ကျမယ်၊ အောင်မာ မိန်းမနှစ်ယောက်ကိုတစ်ပြိုင်တည်းပေါင်းသင်းတဲ့လူပါလား။ ကိုငှက်ရိုးကျုပ်ဟောတာ မှန်ရဲ့လား။ သက်ရှိဇနီးဘယ်နှစ်ယောက်ရှိသလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုငှက်ရိုးသည်ခေါင်းနှစ်ကြိမ်ညိတ်ပြပြီး လက်နှစ်ချောင်းထောင်ပြပါသည်။ နောက်ပြီး ကိုငှက်ရိုးက ရှက်သည့်အသွင်ရယ်ကျဲကျဲလုပ်နေသည်။

"ပထအိမ်ထောင်နဲ့ သားလေးတစ်ယောက်ရတယ်။ ဒုတိယအိမ်ထောင်ကတော့ ကလေးမရပါဘူး"

ကိုငှက်ရိုးက မှန်ကန်ကြောင်း ခေါင်းညိတ်ပြပါသည်။

"အသက် (၂၅)နှစ်မှာ ထောင်ကျကိန်းမြင်တယ်။ ထောင်ကျခဲ့သေးသလား"

ကိုငှက်ရိုးက ခေါင်းညိတ်ပြပြီး မှန်ကန်ကြောင်းဝန်ခံပါသည်။

"ထောင်ဘယ်နှစ်နှစ်ကျခဲ့သလဲ"

ကိုငှက်ရိုးကလက်တစ်ချောင်းထောင်ပြပြီး ထောင်တစ်နှစ်ကျခဲ့ကြောင်းဝန်ခံပါသည်။

"အရက်သောက်တတ်သလား"

ကိုငှက်ရိုးက ခေါင်းညိတ်ပြပါသည်။

"အရက်မသောက်ပါနဲ့။ အရက်သောက်ရင် အသက်တိုလိမ့်မယ်" ကိုငှက်ရိုးက ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့လျက်ရှိသည်။ ကိုငှက်ရိုး၏လက္ခဏာတွင် အရေးကြီးသော အရေးအကြောင်းတစ်ခုကို တွေ့လိုက်ရသဖြင့် ကိုငှက်ရိုး၏လက်နှစ်ဖက်ကို သေချာအောင်ပြန်ကြည့်ရပြန်သည်။ ကိုငှက်ရိုးက လက်နှစ်ဖက်ကို အသင့်ပြပါသည်။ ကိုငှက်ရိုး၏ လက်များကိုကြည့်ရင်း ရုတ်တရက်ရင်ထိတ်သွားမိပါသည်။ ကိုငှက်ရိုးသည် အသက်(၃၀)တွင် ကံကုန်မည်ဖြစ်ကြောင်း တွေ့လိုက်ရသည်။ ကိုငှက်ရိုးအား မည်သို့လှည့်ပတ်ပြောရမည်ကို စဉ်းစားရင်း ကိုငှက်ရိုးကို မေးလိုက်မိပါသည်။

"ကိုငှက်ရိုး အခု အသက်ဘယ်လောက်ရှိပြီလဲ"

ကိုငှက်ရိုးကလက်သုံးချောင်း ထောင်ပြပါသည်။

ကိုငှက်ရိုးအတွက် စိတ်မကောင်းဖြစ်ရပါသည်။ ကိုငှက်ရိုးသည် အသက်သုံးဆယ်ထက်ပို၍ နေခွင့်မရှိတော့ကြောင်းသိရသည်။ ကိုငှက်ရိုးကိုအမှန်အတိုင်း ပြောရန်ခက်ပါသည်။ ပြောလိုက်ပါက စိတ်မကောင်းဖြစ်ရုံသာရှိတော့



မည်။ ဆက်မပြောတော့ပဲ ဗေဒင်ဟောခြင်းကို အဆုံးသတ်လိုက်ရသည်။

"ကျုပ်တွေ့တာမြင်တာတော့ အကုန်ပြောပြီးပါပြီ။ အသက်ရှည်ရှည်နေချင်ရင်တော့ ကုသိုလ်ကောင်းမှုများများလုပ်ပြီး ဘုရားတရားအလုပ်သာလုပ်ပေတော့။ ကဲ ကိုငှက်ရိုးကရော ဘာမေးစရာရှိသေးသလဲ၊ မေးစရာရှိရင်မေးနိုင်ပါတယ်"

ကိုငှက်ရိုးက ဘာမျှပြောစရာမရှိတော့ကြောင်း ခေါင်းခါပြသပြီး ဗေဒင်ဟောခကျပ်တစ်ထောင်တန်တစ်ရွက်ကိုထုတ်ပေးပြီး ဦးခေါင်းကိုညွှတ်၍ အရိုအသေပေးပြီးနောက် ပြန်လည်ထွက်ခွာရန်ထလိုက်ပါသည်။ ကိုငှက်ရိုးသတိထားမိစေရန် နှုတ်ဆက်စကားပြောလိုက်ရသည်။

"ခင်ဗျားရဲ့လက္ခဏာက အသက်သုံးဆယ်အရွယ်မှာ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်တာမျိုး ဖြစ်တတ်တယ်။ ဥပမာ အဆိပ်သောက်ခြင်း၊ ဆွဲကြိုးချခြင်းမျိုးပေါ့ဗျာ။ သတိတော့ထားပါဗျာ"

ဗေဒင်ဆရာကိုကျောခိုင်းပြီး ပြန်လည်ထွက်ခွာစဉ် ကိုငှက်ရိုးသည် ဗေဒင်ဆရာဘက်သို့လှည့်လိုက်ပြီး ခေါင်းသုံးကြိမ်မျှညိတ်ပြနေသည်ကို တွေ့လိုက်ရပါသည်။ ဗေဒင်ဆရာမှာ ကိုငှက်ရိုးကို နားမလည်နိုင်အောင်ဖြစ်ကာ အထူးအံ့သြလျက်ရှိနေပါသည်။ အတိတ်ဖြစ်ရပ်များကို ဟောပြောစဉ်က မှန်ကန်ပါက မှန်ကန်ကြောင်းခေါင်းညိတ်ပြပါက ဗေဒင်ဆရာက ဝမ်းမြောက်ဝမ်းသာ လက်ခံခဲ့ရသော်လည်း ယခုကဲ့သို့ အနာဂတ်တွင်ဖြစ်မည့်ကိစ္စကို ဟောကြားရာတွင် မှန်ကန်ပါသည်ဟု ခေါင်းညိတ်ပြသဖြင့် စဉ်းစားမရအောင် ဖြစ်မိလေတော့သည်။ ဗေဒင်ဆရာဟောပြောချက်မှန်ကန်ပါသည်ဟု ပြောရအောင်ကလည်း မဖြစ်သေးသည့်ကိစ္စကို ကြိုတင်ဟောကြားချက်ဖြစ်သည်သာမက ဟောပြောချက်မှာလည်း သေဘေးကြုံရမည့်ကိစ္စကိုဟောကြားလိုက်ခြင်းဖြစ်၍ မှန်ကန်ပါသည်ဟု ပြောလိုက်ခြင်းသည် တစ်မျိုးအဓိပ္ပာယ်သက်ရောက်နေပါသည်။ ထိုသို့ လွယ်လွယ်ခေါင်းညိတ်လိုက်သဖြင့် ရှေးကဟောပြောချက်များအပေါ် ခေါင်းညိတ်ခဲ့ခြင်းများကိုပါ ပေါ့ပျက်သည့်အနေအထားသို့ ရောက်သွားနိုင်ပါသည်။ ဗေဒင်ဆရာကို နောက်ပြောင်နေသည်ဟု ပြောရအောင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com

ကိုငှက်ရိုး၏အမူအရာမှာ ပကတိရိုးသားပြီး ဗေဒင်ဟောပြောချက်ကို လှိုက်လှိုက်လှဲလှဲ ယုံကြည်လက်ခံနေသည့် အသွင်ကိုဆောင်နေသဖြင့် ထိုသို့ယူဆရန် ခက်ခဲနေရပြန်သည်။ ဗေဒင်ဆရာသည် အလွန်ထူးခြားဆန်းကြယ်လှသော ကိုငှက်ရိုးဆိုသူကို ငေးမောကြည့်နေမိပါတော့သည်။

"ကဲ ဆရာရေ ကျွန်ုပ်ကြုံတွေ့ခဲ့ရတဲ့အဖြစ်ကတော့ အဲဒီအတိုင်းပဲ။ မထူးခြားပေဘူးလားဗျာ"

"လူအမျိုးမျိုး စိတ်အထွေထွေပေါ့ဗျာ"

ကိုငှက်ရိုး၏ အဖြစ်အပျက်မှာ ထူးခြားသည် မှန်ပါသော်လည်း တိကျသည့် ထင်မြင်ချက်မပေးနိုင်သဖြင့် လွယ်လွယ်ပင်ပြန်၍ပြောလိုက်မိပါသည်။

ထိုစဉ်မလှမ်းမကမ်းတွင် ပုတီးစိပ်လျက်ရှိသော ကိုရင်ကလေးမှာ ပုတီးစိပ်သည့်လုပ်ငန်းပြီးစီးသွားပြီး ပုတီးကိုပြန်လည်သိမ်းဆည်းနေသည်ကို တွေ့ရပါသည်။ ပုတီးကိုစိပ်နေသော်လည်း ဗေဒင်ဆရာ၏ပြောကြားချက်များကို ကြားနေရဟန်နှင့် သည်ဘက်စကားဝိုင်းသို့ကူးလာပြီး ဗေဒင်ဆရာ၏ရှေ့တွင် ထိုင်လိုက်သည်။

"ခကာကြီးပြောတဲ့ ထူးဆန်းတဲ့ဦးငှက်ရိုးဆိုတာ ကိုရင်ရဲ့အဖေပါ"

"ဗျာ" "ဟင်"

ကြားလိုက်ရသည့်စကားကြောင့်ကြောင့် နှစ်ယောက်လုံး အံ့ဩထိတ်လန့်သွားပါသည်။

"ဘယ်လို၊ ကိုငှက်ရိုးဆိုတာ ကိုရင်ရဲ့အဖေ ဟုတ်တယ်လား။ စကားမပြောတတ်တဲ့ကိုငှက်ရိုးဆိုတာလေ"

"ဟုတ်ပါတယ်၊ အဖေက စကားမပြောတတ်ပါဘူး"

"ကိုငှက်ရိုး အခု ဘယ်မှာပါလဲ"

ဗေဒင်ဆရာက သူသိလိုသည့်အချက်ကို အမြန်မေးလိုက်သည်။

"သူကွယ်လွန်သွားတာ ဒီကနေ့ရက်နှစ်ဆယ်ပြည့်ပါတယ်"

"ဗျာ ဘာရောဂါနဲ့ ကွယ်လွန်တာလဲဘုရား"



"အိမ်မှာ ဆွဲကြိုးချပြီး ကွယ်လွန်သွားတာပါ"

"ဟာ"

ကိုရင်၏စကားကြောင့် နှစ်ယောက်သား အံ့ဩသွားရပြန်သည်။ သေကိန်းရှိသည့်ဟုပြောဟောလိုက်စဉ်က ကိုငှက်ရိုးကခေါင်းညိတ်ပြီး မှန်ကန်ကြောင်း ဝန်ခံလိုက်သည်ကို ဗေဒင်ဆရာက မြင်ယောင်နေပါသည်။ သူ့ကိုယ်သူ ဆွဲကြိုးချသေဆုံးလိုက်ကြောင်း ဝန်ခံလိုက်ခြင်းဖြစ်ပုံရပါသည်။

"အဖေဟာ စိတ်ညစ်ပြီး သူ့ကိုယ်သူ သတ်မသေမီ နောက်ဆုံးကုသိုလ်အဖြစ် ဒီကျောင်းမှာကိုရင်ကို ရှင်ပြုပေးသွားပါတယ်။ အဖေ့ကိုအိပ်မက်ထဲမှာ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါတော့ တွေ့မြင်နေရပါတယ်။ အခုလို နေ့လယ်ဘက်မှာတော့ မတွေ့ရဖူးပါဘူး။ ဆရာ့ဆီကိုဗေဒင်လာမေးတယ်ဆိုတော့ အဖေမကျွတ်လွတ်သေးတဲ့သဘောပဲ။ ကိုရင်လည်း အဖေ့အတွက် ကောင်းမှုကုသိုလ်တွေလုပ်ပြီး အမျှပေးပါဦးမယ်"

ကိုရင်၏စကားကိုကြား၍ ကျောထဲတွင်စိမ့်သွားအောင် ကြက်သီးထမိပါသည်။ ထိုကဲ့သို့ ဂမ္ဘီရဆန်သောအဖြစ်မျိုးမှာ ကြုံတွေ့ရန်ခက်ခဲလှသဖြင့် ကိုငှက်ရိုး၏ဖြစ်စဉ်ကို ရေးသားခဲ့မိပါတော့သည်။

၁ ကောင်းဝေ



www.burmeseclassic.com

www.burmeseclassic.com



# မယ်လွှင်ကြီးတောင်က ဘရသေ့

ဆရာကြီးအရှိန္ဒမာ

## မယ်လွှင်ကြီးတောင်က ဘရသေ့

"မြန်မာ ဂန္ဓာရီပညာ၊ ဝိဇ္ဇာရေး လောကီပညာ ရပ်တွေကို လေ့လာလိုက်စားတဲ့သူဟာ နား မျက်စိ တွေကို အလကားမထားရဘူး၊ အမြဲတမ်း သတိရှိနေရတယ်။

အကျွန်ုပ်သည် ပွင့်လင်းရာသီသို့ရောက်ပြီဆိုလေလျှင် ဂန္ဓာရီခရီး ထွက်လေ့ရှိသော ဓါသနာအတိုင်း ယခုတစ်ခေါက်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့သို့ ခရီးထွက်လာခဲ့သည်။

ကျိုက်ထိုမြို့သို့ ရောက်လေလျှင် အကျွန်ုပ်သည် တည်းခိုနေကျ ရှမ်းစုရပ်ကွက် (ယခု တောင်သူစုရပ်ကွက်) နှင်းဆီ(၁)လမ်း၊ အိမ်အမှတ်(၃၈၉)တွင် စတည်းချ တည်းခိုနေထိုင်နေ၏။

ကံကောင်းချင်တော့ အကျွန်ုပ်စတည်းချတည်းခိုနေထိုင်ရာ အိမ်သို့ မမျှော်လင့်ဘဲ ကျေးဇူးရှင်ဆရာဦးသဏ္ဍသည် ရောက်ရှိလာသည်။ ဆရာကြီး ဦးသဏ္ဍသည် မြသပိတ်တောင်သို့သွားရောက်၍ ပုတီးအဓိဋ္ဌာန်ဝင်ပြီး အပြန် ခရီးဖြစ်သဖြင့် ဝင်ရောက်လာခဲ့သည်ဆို၏။

တစ်နေ့သောနံနက်အိပ်ရာထ မျက်နှာသစ်အပြီးတွင် အိမ်ရှေ့ဧည့်ခန်း တွင် နံနက်စာအဆာပြေ ပဲပြုတ်ဆီဆမ်းနှင့်ထမင်းကြမ်း၊ ရေနွေးကြမ်းတို့နှင့် စားသောက်ကြပြီး အကျွန်ုပ်နှင့် ဆရာကြီးဦးသဏ္ဍတို့ နှစ်ဦးသားသည် စကား ကောင်းနေကြ၏။

ထိုအချိန်တွင် လမ်းထဲတွင်နေထိုင်သော သစ်ခုတ်သမား ကိုဘလှက ကျွန်ုပ်ကိုမြင်တွေ့သဖြင့်–



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးအရိန္ဒမာ။ မယ်လွှင်ကြီးတောင်မှာ ရသေ့အိုအိုကြီးတစ်ပါးကို ဖူးတွေ့ခဲ့ရတယ်။ ဆရာကြီးအရိန္ဒမာက ဒါမျိုးတွေဝါသနာပါတော့ သွားရောက်ပြီးဖူးတွေ့ပါလား" ဟူ၍ လမ်းပေါ်မှ လှမ်းအော်ပြောသွား၏။

"ကျေးဇူးပဲ ကိုဘလှရေ" ဟူ၍ အကျွန်ုပ်က ပြန်ပြောလိုက်၏။

ဆရာကြီးဦးသက္ကက အကျွန်ုပ်မျက်နှာကိုလှမ်း၍ အကဲခတ်နေလိုက်ပြီး–

"ဘယ့်နှယ်လဲမောင်ရင်၊ မယ်လွှင်ကြီးတောင်က ရသေ့ကြီးကို သွားဖူးမလို့လား" ဟူ၍ လှမ်းမေးလိုက်ပါသည်။

"ဟုတ်ကဲ့ ဆရာကြီး။ ကျွန်တော်သွားရောက်ပြီး ဖူးတွေ့ချင်ပါတယ်"

"သွားရောက်ဖူးတွေ့ချင်ရင်လည်း ဒီလိုထိုင်နေလို့ပြီးမှာလား။ သွားဖို့လာဖို့ ပြင်ဆင်လေ"

"ဟုတ်ကဲ့ ဆရာကြီး"

အကျွန်ုပ်သည် ထိုင်ရာမှထကာ အိမ်နောက်ဖေးရှိ ရေတွင်းမှာရေသွားချိုးသည်။ ပြီးလေလျှင် အဝတ်အစားလဲသည်။ အကျွန်ုပ်သည် တောတောင်များသို့ ဂန္ဓာရီခရီးထွက်လေလျှင် အသွားအလာလွယ်ကူအောင် ရှမ်းဘောင်းဘီကို ဝတ်ဆင်သွားလာလေ့ရှိသည့်အတိုင်း ရှမ်းဘောင်းဘီကိုဝတ်ဆင်မြန်းလိုက်သည်။ နေပူဒဏ်ကို ကာကွယ်ရအောင် ခမောက်ကိုဆောင်းပြီးသွားလာလေ့ရှိ၏။ -

အကျွန်ုပ်ပခုံးတွင် လွယ်အိတ်ကိုလွယ်လိုက်ပြီး၊ နံရံတွင်ချိတ်ဆွဲထားရှိသော ဝါးလက်ကိုင်တုတ်လေးကို ဖြုတ်ယူကာ–

"လာ ဆရာကြီး။ ကျွန်တော်မယ်လွှင်ကြီးတောင်ကို အကြိမ်ကြိမ်ရောက်ခဲ့ဖူးတယ်။ လမ်းသိတယ်။ သွားကြစို့" ဟူ၍ ဆရာကြီးဦးသက္ကကို ဖိတ်ခေါ်ကာ အကျွန်ုပ်က ရှေ့မှလမ်းပြအနေဖြင့် ဦးဆောင်ပြီးခေါ်ဆောင်လာခဲ့၏။

၉

ကျိုက်ထိုမြို့မှ အဝေးလေးလျှောက်လာခဲ့ကြရ၏။

လမ်းက အာပေါတောင်သို့သွားသည့် လမ်းအတိုင်းပင်ဖြစ်သည်။ အာပေါတောင်သို့ သွားရောက်သည်မှာ လမ်းနှစ်သွယ်ရှိသည်။ အထက်အာပေါတောင်



သို့ တက်သည့်လမ်း၊ အောက်အာပေါတောင်သို့ တက်သည့်လမ်းဟူ၍ ဖြစ်၏။

ယခု မယ်လွှင်ကြီးတောင်သို့ သွားသည့်လမ်းမှာ အောက်အာပေါသို့ သွားသည့်လမ်းဖြစ်သည်။ အောက်အာပေါသို့မရောက်ခင်မှာ တောင်အောက်သို့ ခွဲဆင်းသွားသည်။ သစ်ခုတ်သမားများ သွားလေ့ရှိသောလမ်းကလေးမှ ဆင်းသွားရသည်။ ပြီးမှတစ်ဖန် မယ်လွှင်ကြီးတောင်ပေါ်သို့တက်ရ၏။

အကျွန်ုပ်ကဦးဆောင်၍ ရှေ့ကလျှောက်ကာ ဆရာကြီးဦးသက္ကက နောက်နားက လိုက်ပါလာသည်။ သစ်ပင်ကြီးများ၏ အရိပ်အာဝါသအောက်မှ နှစ်ဦးသားလမ်းလျှောက်လာရာ သစ်ရွက်ခြောက်များကို ခြေဖြင့်နင်းလျှောက်ခဲ့သည့်အသံမှာ လူနှစ်ယောက်တည်း လျှောက်သံမဟုတ်။ လူလေးငါးယောက်စုဝေးပြီး လျှောက်နေသောအသံကို အတိုင်းသားကြားယောင်နေရ၏။

တောတောင်များသို့ အကျွန်ုပ်တစ်ယောက်တည်း ဂန္ဓာရီခရီးလှည့်လေတိုင်း လူနှစ်ယောက်သုံးယောက် အကျွန်ုပ်၏နောက်တော်ပါးမှ လိုက်လာသည့် ခြေသံများကို ကြားယောင်နေရ၏။

အကြောင်းမသိသေး၍ အကျွန်ုပ်က နောက်ခရီးသို့ သမင်လည်ပြန်လှည့်ကြည့်မိသည်။ ယင်းသို့ ကြည့်သောအခါမှာ ဘာကိုမျှမတွေ့၏။ နောက်တော့ အကျွန်ုပ်သည် အချိန်ကုန်ခံပြီး လှည့်၍မကြည့်တော့ပါ။ မိမိသွားရမည့် ခရီးကိုသာဆက်လက်ပြီး သွားခဲ့သည်။ ဤသို့ ဖြစ်သည်ကို မုဆိုးကျော်ကြီးတွေက တောခြောက်သည်ဟု ဆိုလေ့ရှိ၏။

မယ်လွှင်ကြီး၏ တောင်ခြေသို့ကား၊ ရောက်လေပြီ။

အကျွန်ုပ်နှင့် ဆရာကြီးဦးသက္ကတို့သည် ခေတ္တခဏအပန်းဖြေလိုက်သည်။ ပြီးလေတော့မှ မယ်လွှင်ကြီးတောင်ပေါ်သို့ ဖြည်းဖြည်းချင်းလျှောက်၍ တက်လာခဲ့ကြသည်။ မယ်လွှင်ကြီးေ ာင်မှာ သိပ်အမြင့်ကြီးမဟုတ်ပါ။ ပေ ၂၀၀ ကျော်ခန့်သာဖြစ်မည်ထင်၏။

ယခင်က အကျွန်ုပ်ရောက်ခဲ့စဉ်က စေတီတစ်ဆူရှိသည်။ ထိုစေတီ၏ အောက်တွင် အကျွန်ုပ်သည်ပုတီး အဓိဋ္ဌာန်စိပ်ခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါတွင် ထိုစေတီတော်လေးမှာ ရွှေသက်န်းများ ကပ်လှူထားနိုင်သည်ကို ဖူးတွေ့ရသည်။ ယခင်ကရှိခဲ့သော ဇရပ်၊ တန်ဆောင်းများကို အလှူရှင် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းထားသောကြောင့် ကြည်ညိုဖွယ် တွေ့ရှိရသည်။ မယ်လွင်ကြီးတောင်သည် သာယာချမ်းမြေ့နေပြီး တရားထိုင် ပုတီးစိပ်ရာကောင်းသော နေရာလေးဖြစ်၍ နေလေပြီ။

ဇရပ်တစ်ခုပေါ်ဝယ် ဒေါက်ခြာဆောင်းထားသော ရသေ့ကြီးတစ်ပါးသည် စေတီတော်ဘက်သို့ မျက်နှာမူ၍ ပုတီးထိုင်စိပ်နေသည်ကို ဖူးတွေ့ရ၏။ သူ့နံဘေးဝယ် လက်ကိုင်ပါသော ကြေးရေနွေးကရား သေးသေးလေးတစ်လုံးချထားသည်ကို မြင်တွေ့ရသည်။ အရွယ်တစ်မိုက်ခန့်ရှိသော ဝါးဆစ်ခွက်လေးငါးလုံးချထားသည်ကိုလည်း မြင်တွေ့ရ၏။

ဆရာကြီးဦးသက္ကနှင့် အကျွန်ုပ်တို့ စေတီတော်ကို ရှိခိုးဦးချကန်တော့လိုက်ပြီး ရသေ့ကြီး၏နောက် ခပ်လှမ်းလှမ်းတွင် နေရာယူကာ ပုတီးစိပ်ကြသည်၊ မယ်လွင်ကြီးတောင်ပေါ်တွင် လေကတဖြူးဖြူးဖြစ်နေချိန် ပုတီးစိပ်ရသည်မှာ အဆင်ပြေလှ၏။

အကျွန်ုပ် ပုတီး (၂၇)ပတ်စိပ်ပြီး၍ မျက်လုံးဖွင့်၍ ကြည့်လိုက်သောအခါ ရသေ့ကြီးသည် ပုတီးစိပ်၍ပြီးနေလေပြီ။ ဆရာကြီးဦးသက္ကက အကျွန်ုပ်နံဘေးတွင် တင်ပျဉ်ခွေထိုင်နေသည်ကို မြင်တွေ့ရ၏။

ရသေ့ကြီးက အကျွန်ုပ်တို့နှစ်ဦးဘက်သို့လှည့်၍-

"လက်ဖက်ရည်ကြမ်း သုံးဆောင်ပါဦး" ဟူ၍ ဖိတ်မန္တကပြုလိုက်ရ၊ ဆရာကြီးဦးသက္ကနှင့် အကျွန်ုပ်တို့နှစ်ဦးသားသည် ရသေ့ကြီးနားသို့ တိုးကပ်သွားကြသည်။ အကျွန်ုပ်က ရသေ့ကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ လေ့လာအကဲခတ်ကြည့်လိုက်၏။

ရသေ့ကြီးကား အတော့်ကိုအိုရှာနေလေပြီ။

ပါးရေများတွန့်ရှုံ့သာမက လက်မောင်းသားများပင် အရေတွေတွန့်နေပြီ တွဲကျနေသည်ကို မြင်တွေ့ရသည်။ ဒေါက်ခြာအစွန်းနားက ပေါ်ထွက်နေသော ဆံများက ဖြူဖွေး၍နေသည်။ မျက်ခုံးနှစ်ဖက်လည်း ဖြူဖွေးနေသည်။ ထို့



သာမက တစ်ထွာခန့်ရှိသော ဆွတ်ဆွတ်ဖြူနေသော မုတ်ဆိတ်မွေးတို့သည် တောင်ပေါ်တွင် လေကတစ်ချက်ပင့်လိုက်လေတိုင်း လှုပ်လှုပ်လွန့်လွန့်ဖြစ်နေသည်ကို တွေ့မြင်ရသည်။

ရသေ့ကြီးက တစ်မိုက်ခန့်ရှိသော ဝါးဆစ်ခွက်များသို့ သူ၏ကြေးကရားထဲ လက်ဖက်ရည်ကြမ်း သုံးခွက်ငှဲ့ပေးပြီး-

"ကဲ သုံးဆောင်ပါ" ဟူ၍ ပြောဆိုပြီးလှမ်းပေး၏။

ဆရာကြီးဦးသက္ကနှင့် အကျွန်ုပ်တို့သည် တစ်လမ်းလုံးရေငတ်လာ၍ အေးနေပြီဖြစ်သော လက်ဖက်ရည်ကြမ်းကို အားရပါးရမော့သောက်သုံးလိုက်ကြ၏။

အကျွန်ုပ်က -

"ဘရသေ့က ဘယ်အရပ်ဇာတိလဲ။ ရသေ့ဝတ်တာဘယ်လောက်ကြာပြီလဲ။ ဘယ်လို တရားတွေကို ကျင့်ကြံအားထုတ်ပါသလဲ" ဟူ၍ မေးခွန်းတွေ တသီကြီးမေးလိုက်၏။

ဘရသေ့က သူ့လည်ပင်းတွင်ချိတ်ဆွဲထားသော လက်ဆီတက်နေသည့် ပေပုတီးကြီးကို ကိုင်တွယ်နေရင်း-

"အင်း မောင်ရင်က သိချင်လို့မေးတာ အဘပြောပါ့မယ်။ အဘက ရမည်းသင်းဇာတိပါ။ လူနာမည်က တောက်ထွန်းလို့ခေါ်ပါတယ်။ အဘရဲ့ဇနီး မယားဟာငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့ပါတယ်။ သားနှစ်ယောက်ထွန်းကားခဲ့ပါတယ်။ သားနှစ်ယောက်ဟာ အလုပ်အကိုင်ကိုယ်စီနဲ့အိမ်ထောင်ကျကုန်ပါပြီ။ အသက်ငါးဆယ် အရွယ်ရောက်လာချိန်မှာ အဘဟာမိမိဝါသနာပါတဲ့ တရားကျင့်ကြံအားထုတ်တဲ့အလုပ်နဲ့ ပုတီးကိုစိပ်ချင်လို့ ရသေ့ဝတ်ပြီး ရမည်းသင်းရွှေမြတင်ကစတင်ပြီး တောတောင်အနှံ့ကို ဂန္ဓာရီခရီးထွက်လာခဲ့တာ အနှစ်လေးဆယ်ရှိပါပြီ။ အဘရဲ့ ရသေ့ဘွဲ့ကတော့ ဒီဇွပဲ"

"ဟာ ဒါဆို ဘရသေ့က အသက် ၉၀ ရှိပြီပေါ့"

"ရှိပါပြီ။ အသက်လဲကြီးပြီ။ သေဖို့လည်း နီးနေပါပြီ"

"ဘရသေ့ တောတောင်တွေမှာ ဂန္ဓာရီခရီးလှည့်ပြီး ကျင့်ကြံအားထုတ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တော့ ဘယ်လိုတရားတွေကို ကျင့်ကြံအားထုတ်ပြီး ပုတီးစိပ်တဲ့အကျိုးတရား တွေ မရဘူးလား"

"ရသင့်သလောက်တော့ ရတာပေါ့ကွယ်"

ဘရသေ့က အကျွန်ုပ်တို့နှစ်ဦးကို ကြေးကရားထဲမှ လက်ဖက်ရည်ကြမ်းများကို ငှဲ့ပေးပြန်သည်။ ဘရသေ့လည်း တစ်ခွက်သောက်လိုက်ပြီး။

"ဒီလို တရားမျိုးဆိုတာ လိုက်လို့ကိုမဆုံးနိုင်ဘူး။ နည်းနည်းလေးသိတာ စပြီး များများကြီးသိချင်တယ်။ များများကြီးသိတာနေပြီး သိပ်ကိုများများကြီး သိချင်ပြန်ရော။ အဘပြောရင်တော့ ခုအချိန်ထိ တရားကိုလေ့လာဆဲ၊ ရှာဖွေဆဲ၊ ကျင့်ကြံအားထုတ်နေဆဲ အဆင့်မှာပဲ ရှိပါသေးတယ်" ဟူ၍ ဘရသေ့က မိန့်ပါ၏။

ဘရသေ့ကဲ့သို့ ဇရာထောင်းနေပြီဖြစ်သော ပုဂ္ဂိုလ်ကြီးက တရားကိုလေ့လာဆဲ ရှာဖွေဆဲ ကျင့်ကြံအားထုတ်နေဆဲ အဆင့်မှာရှိပါသေးတယ်ဟု ဆိုလေလျှင် အကျွန်ုပ်သည် ဤဘဝတစ်သက်တာတွင် တရားထူးကို အဘယ် မှာလျှင် တွေ့နိုင်အံ့နည်းဟု တွေး တာဆင်ခြင်ကာ စိတ်ဓာတ်ကျသွားတော့၏။

ဤသည်ကို ဘရသေ့က မနောမယစိတ်စွမ်းအားနှင့် သိလေသလား မသိ။ အကျွန်ုပ်အား–

"မောင်ရင်က အသက်ငယ်ငယ်လေးရှိသေးတယ်။ အချိန်တွေ ရှိပါသေးတယ်။ တရားထူးရနိုင်ပါတယ်" ဟူ၍ ဘရသေ့က အံ့ဩဖွယ်မိန့်ပါသေး၏။

"ဘရသေ့ ဘယ်ကိုဂန္ဓာရီခရီးလှည့်ဦးမှာလဲ"

"အဘက ကေလာသ၊ ကေလာသကနေပြီး ဒီမယ်လွင်ကြီးတောင်မှာ ပုတီးစိပ် အမိဋ္ဌာန်(၉)ရက်လာဝင်တာ ဒီနေ့ပြည့်ပြီ။ ဒီနေ့ ဇင်းကျိုက်တောင် ကို သွားတော့မယ်"

အကျွန်ုပ်က –

"အဘ ကျွန်တော့်ကို ဘာများညွှန်ကြား ပြောဆိုစရာများရှိပါသလဲ။ မိန့်ကြားပါ"



"မောင်ရင့်ကို ဘာမှူထူးထူးခြားခြားပြောစရာစကား မရှိပါဘူး။ ကိုယ့် လမ်းကိုယ်ရှင်း။ ကိုယ့်လမ်းကိုယ်သွား။ စိတ်ဓာတ်မကျနဲ့။ လမ်းဆုံးရင်ရှာတွေ့ လိမ့်မယ်"

"ဟုတ်ကဲ့ပါ ဘရသေ့"

အကျွန်ုပ်သည် ဘရသေ့ဦးဒိဗ္ဗကို ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့လိုက် ပါ၏။

"ပြောတိုင်းအောင်၊ လုပ်တိုင်းပြီး၊ ကြံတိုင်းနိုင်၍ လိုအင်ဆန္ဒအဝဝ ပြီးပြည့်စုံပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ပြန်ရမှာက အဝေးကြီး၊ အပြန်လမ်းမှာ ရေဆာနေဦးမယ်၊ လက်ဖက် ရည်ကြမ်းသောက်သွားကြ"

ဆရာကြီးဦးသက္ကနှင့် အကျွန်ုပ်တို့နှစ်ဦးအပြင် ဘရသေ့ကသူကိုယ်တိုင် လည်း လက်ဖက်ရည်ကြမ်းတစ်ခွက် ကြေးကရားထဲမှ ငှဲ့သောက်သည်ကို မြင်တွေ့ရ၏။

ဆရာကြီးဦးသက္ကနှင့် အကျွန်ုပ်တို့နှစ်ဦးသားသည် မယ်လွင်ကြီးတောင် ပေါ်မှ ပြန်လည်ဆင်းလာခဲ့ကြ၏။

❀

အပြန်လမ်းတွင် အလာလမ်းတုန်းက အကျွန်ုပ်တို့နောက်ပါးမှ ခြေသံများ မကြားရတော့ပါ။ အားလုံး အေးအေးဆေးဆေးပင် ဖြစ်ပါ၏။

မြေပြန့်လမ်းတွင် တစ်ဖာလုံကျော်ကျော်ခန့် လျှောက်ခဲ့မိချိန်ကျမှ ဆရာ ကြီးဦးသက္က၏ ပြောစကားကိုကြားရတော့၏။

"ဘရသေ့ကိုတွေ့ခဲ့ရတာ ဘာများထူးသလဲ မောင်ရင်"

"ဘာများထူးခြားလို့လဲ၊ ဆရာကြီးနဲ့ကျွန်တော်ကို နဝံဃာတ်အတူတူ တွေ့ကြတာပဲဟာ"

ဆရာကြီး ဦးသက္ကက အကျွန်ုပ်အားကြည့်၍ ပြုံးလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com

"မြန်မာ ဂန္ထဝင်ရှုံ့ ပိဋကတ်ရေ လောကီပညာရပ်တွေကို လေ့လာလိုက်စားတဲ့သူဟာ နှား ဖျက်စိတွေကို အလကားမထားရဘူး။ အမြဲတမ်းသတိရှိနေရတယ်။ မောင်ရင်မတွေ့ဘူးလား။ ဘုရင့်ေနာင်းက လက်ဖက်ရည်ကြမ်းထည့်ထားတဲ့ ကြေးကရားလေးက သေးသေးလေး။ တို့တစ်တွေကိုတိုက်တဲ့ ဝါးဆစ်ခွက်က တစ်မိုက်သာသာရှိတယ်။ မောင်ရင်က လက်ဖက်ရည်ကြမ်းသုံးခွက်၊ ကျုပ်ကသုံးခွက်၊ ဘုရင့်ကသုံးခွက်၊ ဒီလောက်များပြားတဲ့လက်ဖက်ရည်ကြမ်းတွေ ဘယ်ကထွက်လာတာလဲ"


"ဟုတ်ပါ့ဆရာကြီးရေ၊ ဆရာကြီးပြောမှ ကျွန်တော်လည်းခုမှ သတိရတယ်။ ကျွန်တော် မယ်လွင်ကြီးတောင်ပေါ်ကို ပြန်တက်ပြီး ဘုရင့်ကိုမေးလိုက်ဦးမယ်"

"သွား သွား ကျုပ်ဒီကနေ စောင့်မယ်" ဟူ၍ပြောပြီး ဆရာကြီးဦးသဏ္ဍသည် အကျွန်ုပ်ကိုကြည့်ကာ ပြုံးပြီးလမ်းပေါ်တွင် ကျန်ရစ်ခဲ့သည်။ အကျွန်ုပ်သည် မယ်လွင်ကြီးတောင်ပေါ်သို့ အပြေးအလွှားတက်ရောက်ပြီး ဘုရင့်ကို ရှာဖွေကြည့်သည်။ ဘုရင့်သည် မယ်လွင်ကြီးတောင်ဘယ်လမ်းမှ ပြန်လည်ဆင်းသွားသည်မသိပါ။ မယ်လွင်ကြီးတောင်ပေါ်ဝယ် ဘုရင့်ကို လုံးဝ ရှာဖွေ၍မတွေ့ရှိပါ။

ဤသည်မှာ မယ်လွင်ကြီးတောင်ပေါ်ဝယ် ကျွန်ုပ်ဖူးတွေ့ခဲ့ရသော ဘုရင့်ဦးဒီဇူဖြစ်ပါ၏။

၁ ဆရာကြီးအရိန္ဒမာ





www.burmeseclassic.com

www.burmeseclassic.com

# နိမိတ်စိမ်း

"ဘာအကောင်လဲဆိုတာတော့ ပါလဲမပြောတတ်ဘူး။ ရွှ မည်းနက်နက်နဲ့အရပ်က ၂လုံလောက်ကို မြင့်လိမ့်မယ် ထင်တယ်။ မျက်စိနှစ်လုံးပြူးပြီး လျှာထွက်လျက်တန်းလန်း ငါ့နောက်ပြေးလိုက်လာတာ"

"ညက အိပ်မက်မကောင်းဘူး ကိုနိုင်"

နှင်းရီ၏စကားကြောင့် ထမင်းလုတ်ချိုလုဆဲဆဲတွင် သူ့လက်ပင် ရပ်တန့်သွားရသည်။ သည်မနက်ဇရပ်တောထဲ ထင်းကဲ့သွားခါနီး၌လည်း –

"ကိုနိုင်၊ သတိထားသွားနော်" ဟု အရင်းမရှိ အဖျားမရှိလှမ်းမှာလိုက်သေးသည်။

ဇရပ်တောထဲ နေ့တိုင်းလိုလို ထင်းခုတ်၊ ထင်းကဲ့သွားနေသည့်သူကို တစ်ခါမျှသည်လို သတိပေးစကားတွေ မှာတမ်းမခြွေဖူးသည့်မိန်းမချော သည်နေ့တွင်မှ ထူးထူးဆန်းဆန်း ဘာစိတ်ကူးတွေပေါက်နေသည်မသိ။ ပူစရာမရှိ ရှာကြံပူပန်တတ်သည့် မိန်းမတွေ၏စိတ်ကို သူလိုက်မမီနိုင်။

ယခုလည်း ထင်းကဲ့ရာမှအပြန် ထမင်းစားရုံရှိသေး။ အိပ်မက်မကောင်းသည့်အကြောင်းတွေ ပြောလာပြန်သည်။ အိပ်ရာမသန့်ပြန့်လျှင် အိပ်မက်ဆိုးတွေမက်တတ်သလို ပူပန်စိတ်များလျှင်လည်း အိပ်မက်ဆိုးတွေ မက်တတ်သည်ဟု သူစာအုပ်တစ်အုပ်ထဲ ဖတ်မှတ်ဖူးသည်။

"ညက နှင်းရီ ဘုရားရှိခိုးပြီးမှ အိပ်ရာဝင်တယ်မဟုတ်လား"

ဘယ်လို အိပ်မက်မျိုးမှန်း မသိသေးသော်လည်း အယူသီးရန်ကောဟူသည့်အကြည့်ဖြင့် ကြည့်၍မေးရင်း သူထမင်းလုတ်ကို ပါးစပ်ထဲသွင်းကာ ပလုတ်ပလောင်းဝါးလိုက်သည်။



"နှင်းရီ ညတိုင်းဘုရားဝတ်မပျက်တာ ကိုနိုင်သိသားနဲ့ အခုဟာက" နှင်းရီက ပြောလက်စစကားကိုရပ်ပြီး ပန်းကန်ထဲမှထမင်းလုံးတွေကို လက်ဖြင့် ဖွဖွနယ်နေသည်။

"အခုဟာက ဘာဖြစ်လို့လဲ နှင်းရီရဲ့"

သူ ဂလုတ်ခေါက်တို့စရာကို ငပိဖျော်ဖြင့်တို့ရင်းမှ စကားထောက်ပေးသည်။

"အိပ်မက်ထဲမှာ မိုးတွေအရမ်းရွာတယ် ကိုနိုင်၊ လေပြင်းတွေလည်း အရမ်းတိုက်တာပဲ။ အခု နှင်းရီတို့နေတဲ့ တဲလေးလည်း ပြိုသွားတယ်"

သူ တို့စရာမြှုပ်ထားသည့် ထမင်းလုတ်ကို ဝါးနေရင်းမှ သီးလုမတတ် ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

"ပေါက်ပေါက်ရှာရှာ နှင်းရီရာ၊ မိုးရွာလေတိုက် တဲပြိုဆိုတဲ့အိပ်မက်များ စိတ်ထဲထည့်ထားရတယ်လို့"

"မဟုတ်ဘူး ကိုနိုင်၊ အဲလောက်နဲ့ မပြီးသေးဘူး။ ဟို ကိုနိုင် ကိုနိုင် ထင်းတောထဲမှာ ထင်းခုတ်နေတုန်း သစ်ပင်ပိပြီးသေတယ်တဲ့"

တုန်ယင်လှိုင်းထနေသည့် နှင်းရီစကားသံ တိုးလျှိုးမိဝင်သွားသည်၏ အဆုံး။ သူ့လက်ထဲကိုင်ထားသည့် ဟင်းရည်ခပ်ဇွန်း ရုတ်တရက်ပြုတ်ကျသွားသည်။

ဘာလဲ၊ ဘယ်လိုအိပ်မက်မျိုးလဲ။ တချို့က အိပ်မက်နှင့်ပြောင်းပြန် အဓိပ္ပာယ်ကောက် ယူရသည်ဟုပြောကြ၏။ မည်သို့ဆိုစေ။ နှင်းရီ၏အိပ်မက် အပြောကြောင့် သူအမှန်ပင်ထိတ်လန့် တုန်လှုပ်သွားရသည်။

"နိုင်ဦးရေ၊ ထမင်းစားလို့ မပြီးသေးဘူးလားဟေ့"

တဲအပြင်ဘက်မှ ကိုညိုမောင့်အသံ ပေါ်လာသည်။

"အချိန်ရှိတုန်း သွားကြရအောင် နိုင်ဦး၊ ရွာသွားပြီးရောင်းဦးမှာနဲ့ဆိုရင် တော်ကြာမိုးချုပ်သွားလိမ့်မယ်"

ကိုညိုမောင်က သူနှင့်နှစ်ယောက်တွဲ ထင်းခုတ်ဖော်ဖြစ်သည်။ သည်မနက် ဇရပ်တောထဲ ထင်းကဲ့သွားစဉ် ပလုတ်တုံးတွေ့ခဲ့သဖြင့် ပလုတ်ပေါက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရွာမှာ သွားရောင်းကြဖို့ သူနှင့်ကိုညိုမောင် တိုင်ပင်ထားခဲ့ခြင်းဖြစ်သောကြောင့် လောဆော်လာခြင်းပင်ဖြစ်သည်။

တခြားသူတွေ ထင်းကဲ့ပြီး၍ ရေချိုးထမင်းစားကာ အေးအေးလူလူနားနေကြမည်ဖြစ်သော်လည်း သူအနားမယူနိုင်။ နေ့စေ့လစေ့ ကိုယ်ဝန်အရင့်အမာကြီးနှင့် နှင်းရီမှာ နေ့လားညလား ရက်ရွေးနေပြီ ဖြစ်သည်။ သူအလုပ်လုပ်နေသည့် မီးသွေးဖောင်းပိုင်ရှင်က မွေးစရိတ်အတွက် ငွေကြိုထုတ်ပေးထားမည်ဟု ပြောထားသဖြင့် စိတ်အေးရသော်လည်း သူ့လက်ထဲကိုယ်ပိုင်ဝင်ငွေလေးတော့ ရှိချင်သည်။ ထိုအတွက် ပလုတ်ပေါက်ပြီး ရွာသို့သွားရောင်းမည့် အစီအစဉ်ကို ဖျက်လိုက်လို့မဖြစ်။

"လာပြီ ကိုညိုမောင်ရေ လာပြီ"

သူ ထမင်းပင်ဆက်စားမနေတော့။ စားချင်စိတ်လည်း မရှိတော့သဖြင့် လက်ဆေး၍ ပုဆိုးအောက်အနားစနှင့် လက်ကိုသုတ်ပြီး ထရပ်လိုက်သည်။

"ဟင် ကိုနိုင်တို့က ဘယ်ကိုသွားပြီး ဘာသွားလုပ်ကြမှာလဲ"

ထမင်းစားနေရင်းမှ မျက်နှာသေလေးဖြင့် မော့ကြည့်ရင်း မေးလာသည့် နှင်းရီမေးခွန်းကို "ပလုတ်ပေါက်သွားမှာ" ဟု သူတုံးတိတိပြန်ဖြေလိုက်သည်။

"မသွားပါနဲ့လား ကိုနိုင်ရယ်"

အငိုဖက်လှနေသည့် နှင်းရီ၏စကားသံကြောင့် သူသက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ကြီး ချလိုက်သည်။

"စိုးရိမ်ရန်ကော နှင်းရီရယ်၊ အိပ်မက်က အိပ်မက်ပဲ။ တကယ်ဖြစ်လာမှာမှ မဟုတ်တာ၊ ဘာမှုတွေးပြီး ပူမနေနဲ့ဟုတ်ပြီလား။ အခုဟာက ပလုတ်တုံးတွေ တုန်းလေး ပေါက်ရမှာ၊ ဒါမှ အပိုဝင်ငွေရမှာလေ။ အခုနေကိုယ်မပေါက်ရင် သူများတွေတွေပြီး ဦးသွားလိမ့်မယ် နှင်းရီရဲ့"

နှင်းရီ စိတ်ပျော့ပျောင်းသွားအောင် ဖျောင်းဖျသည့်အနေဖြင့် ပြောသာ ပြောလိုက်ရသည်။ သူ့စိတ်ထဲတွင်လည်း နှင်းရီ၏အိပ်မက်ကြောင့် ခပ်လေးလေး။ ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဆိုသည့် စကားကိုသတိရပြီး သူခေါင်းကို ယမ်းခါပစ်လိုက်၏။



သူ ခါးပေါ်မှ ထိပ်ဝဖြတ်ဖွင့်ထားသည့် ငါးဂါလံဝင်ပလတ်စတစ်ပုံးကို ဆွဲယူပြီး ကိုညိုမောင်စောင့်နေမည့် လှေဆိပ်ဆီထွက်လာတော့ –

"ကိုနိုင် သတိနဲ့သွားနော်" ဆိုသည့်နှင်းရီ၏ ပူပန်သံက အနောက်မှ ကပ်ပါလာသေးသည်။

သူ ခွန်းတုံ့ပြန်မနေတော့ဘဲ လှေဆိပ်ရှိ ထင်းခုတ်ထင်းကဲ့ရာတွင် အသုံးပြုသည့်လှေငယ်ပေါ် ဆင်းလိုက်သည်။ အသင့်စောင့်ဆိုင်းလျက်ရှိသော ကိုညိုမောင်က သူလှေငယ်ပေါ်ရောက်သည်နှင့် စက်နှိုးကာ ပလုတ်တုံးတွေ့ခဲ့သည့် ဇရပ်တောဘက်သို့ ဦးတည်ခုတ်မောင်းလိုက်တော့သည်။

သူတို့ မီးသွေးထင်းခုတ်လုပ်သားဆိုတာက ပါးစပ်ဖြင့်ပြောလျှင် စကားခြောက်လုံးသာရှိသည်။ လွယ်ကူသည့် အလုပ်တော့မဟုတ်။

ကိုယ်နှင့် စိတ်တူကိုယ်တူခေတ်ကျရာ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲဖြင့် ကပ်ပ(ရဲတင်း)၊ နှစ်ယောက်ဆွဲဖြတ်လွှ၊ ထမင်းထုပ်၊ ရေဘူး၊ ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်နှင့်မီးခြစ်ကို ဆောင်ယူပြီး ဦးစွာဒီရေရောက်သည့် သစ်ရိုင်းပင်များစွာထဲမှ ပရွန်းပင်တစ်မျိုးတည်းကိုသာ မီးသွေးဖုတ်ရာတွင် အသုံးပြုသောကြောင့် ပရွန်းပင်များပေါက်ရောက်သည့် ထင်းခုတ်ကွက်ကို ရှာဖွေကြရသည်။

ပရွန်းပင်ဆိုသည်က ဒေသအခေါ်ဖြစ်သည်။ ပင်စည်ကို သစ်မြစ်ပေါင်းများစွာဖြင့် ထောင်မတ်ကျားကန်ထားသည့် ရေငန်သစ်မာတစ်မျိုးဖြစ်သည်။ ၎င်း ပရွန်းတစ်မျိုးတည်းတွင်ပင် ပရွန်းဖြူ၊ ပရွန်းမည်း၊ မျောက်ပရွန်းဟူ၍ သုံးမျိုး သုံးစားရှိသေးသည်။ ပင်စည်အနေဖြင့် ရှည်လျားဖြောင့်တန်းသည့် ပရွန်းဖြူပင်နှင့် ပရွန်းမည်းပင်များကို မီးသွေးထင်းဖုတ်ရာ၌ အသုံးပြုသော်လည်း အခက်အလက်များထွေးရှုပ်စွာဖြင့် ချုံနွယ်များသဖွယ် ပေါက်ရောက်တတ်သည့် မျောက်ပရွန်းပင်ကိုမူ မီးသွေးထင်းဖုတ်ရာ၌ အသုံးမပြုတတ်ကြ။

ထို့အပြင် ဇရပ်တောအတွင်း သဘာဝအလျောက် ပေါက်ရောက်လျက်ရှိကြသည့် အခြားအမျိုးအမည်ရှိ သစ်ပင်များကိုလည်း မီးသွေးအဖြစ်အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com

လျှင် ပရုန်းမီးသွေးလောက် မီးတောက်မီးရှိန် မပြင်းခြင်းကြောင့် မီးသွေးထင်းအဖြစ် ခုတ်ယူလေ့မရှိကြပေ။

ထို့ကြောင့် ပရုန်းပင်အစုကိုတွေ့လျှင် ချောင်းနှင့်အနီးအဝေး၊ ဒီရေတိုးသည့်ရက်များတွင် ဒီရေရောက်နိုင်မရောက်နိုင်ချိန်ဆလျက် သေချာလျှင် ပရုန်းပင်များကို ခုတ်လှဲပြီး၊ လှဲပြင့် တစ်နေကုန်နှစ်ယောက်ထိုင်၍ ၂မပအရွယ် ထင်းပိုင်းများရအောင် ဖြတ်တောက်ကာ သစ်စွံများကို ထုစွာကြရသည်။

သစ်ခွံခွာပြီးသည့် ထင်းပိုင်းများကို ဒီရေတိုးသည့်ရက်များအတွင်း လှေဝင်နိုင်အောင် အခြားသစ်ပင်ငယ်များကို ခုတ်ထွင်လမ်းရှင်းပြီး ထင်းကဲ့သည့်လှေငယ်ဖြင့် ရေတက်ချိန်များ၌ မီးသွေးဖောင်းရှိ ထင်းဆိပ်သို့ကဲ့ယူရသည်။

ထင်းပိုင်းများကို လှေဖြင့် ကဲ့ယူပြီး၍တစ်ဖောင်းစာ မီးသွေးဖုတ်ရန်အဆင်သင့်ဖြစ်လျှင် ၎င်းထင်းပိုင်းများများကို သေချာအောင်စီသွကာစီရသည်။ ထင်းများသွင်းပြီး၍ မီးသွေးဖုတ်နေစဉ်(ဖောင်းမီးထိုးနေစဉ်)ရက်များအတွင်း ဒီရေရောက် ဇရပ်တောထဲတစ်ဖန်ဆင်း၍ သစ်ခုတ်ကွက်များကိုရှာဖွေကာ မီးသွေးထင်းခုတ်ကြရပြန်သည်။

ထိုသို့ မီးသွေးထင်းခုတ်နေကြစဉ် မီးသွေးဖုတ်ထားသည့်ဖောင်းမှာ မီးသွေးဖြစ်ပြီးနောက် သတ်မှတ်ရက်အတိုင်း အအေးခံပြီးပါက၊ ၎င်းမီးသွေးများကို ဖောင်းထဲမှတစ်ဖန် ထမ်းထုတ်ကြရသည်။

ဤနေရာတွင် မီးသွေးဖောင်းပိုင်ရှင်တစ်ဦး၌ မီးသွေးဖောင်း ၁ဖောင်းမှ ၂ဖောင်း၊ ၃ဖောင်းလောက်ဆိုလျှင် မထောင်းတာသော်လည်း ၄ ၅ ၆ဖောင်းအထိဆိုလျှင် လှုပ်ရှားချိန်မရှိတော့လောက်အောင် ဝန်ပိလေတော့၏။ ထို့အတွက် တချို့မီးသွေးဖောင်းပိုင်ရှင်များမှာ ထင်းခုတ်သမားများက ထင်းခုတ်တာဝန်သက်သက်၊ ထင်းပိုင်းသွင်း မီးသွေးထုတ်သမားများက ထင်းပိုင်းသွင်း မီးသွေးထုတ်တာဝန်သက်သက်ဖြင့် ကဏ္ဍအလိုက် နေရာခွဲထားပေးတတ်သော်လည်း၊ တချို့မီးသွေးဖောင်းပိုင်ရှင်များမှာမူ သီးသန့်တာဝန်ခွဲပေးထားခြင်းမရှိဘဲ မီးသွေးဖောင်းနှင့်သက်ဆိုင်သည့် ကိစ္စမှန်သမျှအား ဖောင်းရှိလုပ်သားအားလုံးကို စုပေါင်းလုပ်ကိုင်စေတတ်လေသည်။ ထို့ကြောင့် လုပ်အားခအနေ



ဖြင့် တန်ရာတန်ကြေးရကြသည်ဆိုငြားလည်း ပင်ပန်းလွန်းသည့်အတွက် တချို့ဆိုလျှင် မီးသွေးဖောင်းများများပိုင်ဆိုင်သည့် အလုပ်ရှင်မျိုးကို ရှောင်တတ်ကြသည်။

''ချောင်းထဲလှေဝင်လို့ ဖြစ်မယ်မထင်တော့ဘူး ကိုညိုမောင်။ တော်ကြာလှေတင်သွားမှစိုးရတယ်''

သူတို့ ပလုတ်တုံးတွေ့ခဲ့သည့် ဇရပ်တောသို့ရောက်လာတော့ ရေကတော်တော်ခန်းနေပြီ ဖြစ်သောကြောင့် လှေပဲ့ပိုင်းတွင် ပဲ့ကိုင်နေသည့်ကိုညိုမောင်ကို လှေဦးတွင်ထိုင်နေရင်းမှ သူလှမ်းအော်ပြောလိုက်သည်။

ကိုညိုမောင်ကလည်း ကျရေ၏အနေအထားကို ခန့်မှန်းပြီးဖြစ်ပုံရ၏။ တရုတ်နိုင်ငံလုပ် မြင်းကောင်ရေ ၅/၆ကောင် ဒီဇယ်အင်ဂျင်ပဲ့ချိတ်စက်ကို သတ်လိုက်သည်။

''ကဲ နိုင်ဦး။ ဒီချောင်းဝမှာပဲ လှေကိုထိုးဝါးစိုက်ပြီး ကြိုးချည်ထားခဲ့ကြရအောင်''

ကိုညိုမောင်စကားဆုံးတော့ လှေထဲအသင့်ရှိနေသည့် ထိုးဝါးကို ရွှံ့ပြင်ထဲထိုးစိုက်ပြီး လှေကိုကြိုးချည်လိုက်သည်။ ပြီး ပလတ်စတစ်ပုံးကိုယူကာ ခါးစောင်းလောက်အနက်ရှိသည့် ချောင်းကိုဖြတ်၍ ဇရပ်တောရှုံ့ပြင် ကမ်းပေါ်တက်လိုက်သည်။ ကိုညိုမောင်ကလည်း ကပ်ပတစ်လက်ကိုင်လျက် သူ့နောက်မှလိုက်ပါလာ၏။

ထို့နောက် နှစ်ယောက်သား ပလုတ်တုံးတွေ့ခဲ့ရသည့် ချောင်းဖျားဆီသို့ ဇရပ်တောထဲပေါက်ရောက်နေသည့် သစ်ရိုင်းပင်များကြားမှ ရွှံ့မြေပြင်အတိုင်း ဖြတ်၍လျှောက်ခဲ့ကြသည်။

ပလုတ်ကောင်ဆိုတာက သစ်ပိုးတစ်မျိုးဖြစ်သည်။

ဒီရေရောက် ဇရပ်တောများအတွင်း သစ်ခုတ်သမားများ မေ့လျော့ကျန်ခဲ့သည့်ထင်းပိုင်းများ၌သော်လည်းကောင်း၊ ခုတ်ထစ်ဖြတ်တောက် စွန့်ပစ်ထားခဲ့ကြသည့် သစ်ကိုင်းသစ်ခက်များ၌သော်လည်းကောင်း အလိုအလျောက် မြေမှ



www.burmeseclassic.com

www.burmeseclassic.com

အမြစ်ကျွတ်ပြီး လဲကျနေသည့် သစ်ပင်များ၌သော်လည်းကောင်း၊ ၎င်းပလုတ်ကောင်များ သဘာဝအလျောက် ဝင်ရောက်ဖြစ်တည်နေတတ်သည်။

ပလုတ်ကောင်၏ ကိုယ်ထည်ပိုင်းမှာ ပျော့ပျောင်းနူးညံ့သလောက် ဦးခေါင်းပိုင်းနှင့် သွားနှစ်ချောင်းမှာ သစ်ပိုင်းများ၏ အတွင်းသားကို ထိုးဖောက်ကိုက်စားနိုင်လောက်အောင် မာကျောသည်။ ပလုတ်ကောင်များ၏ ကိုယ်ထည်အလျားမှာ အရွယ်အစားအမျိုးမျိုးရှိတတ်ပြီး ၁၈ လက်မခန့်အထိ ရှည်လျားတတ်သည်။ ထို့အတူပင် လုံးပတ်မှာလည်း အကြီးအသေးအမျိုးမျိုး ရှိတတ်လျက် အကြီးဆုံးမှာ လက်ညှိုးနှင့်လက်မတစ်ကွင်းစာခန့်အထိ ရှိတတ်သည်။ အရောင်အားဖြင့် ရေသေ၊ ရေထကိုလိုက်၍ အဖြူ၊အပြာ၊အနီရင့် စသဖြင့် ရောထွေးစွာရှိတတ်လေသည်။

၎င်း ပလုတ်ကောင်၏အသားမှာ ချိုအေးသောအရသာရှိသည်။ တချို့က အစိမ်းလိုက် ထိုအတိုင်းစားသော်လည်း၊ တချို့က ပအုန်းရည်(ရှာလကာရည်)ဖြင့် ထည့်စိမ်ပြီး ၎င်းအတွင်း၊ ငရုတ်သီးခြောက်အမှုန့်၊ ငရုတ်ကောင်းမှုန့်နှင့် ကြက်သွန်နီပါးပါးလှီးထည့်၍ သုပ်စားတတ်ကြသည်။

တချို့က တစ်ညအိပ်အချဉ်ခံ၍ စားတတ်ကြသလို တချို့ကလည်း ကြက်သွန်နီကို ဆီသတ်ပြီး ပလုတ်ကောင်ထည့်ကာ ကြော်ခြင်းဖြင့်သော်လည်းကောင်း၊ ဟင်းချိုချက်ခြင်းဖြင့်သော်လည်းကောင်း စားသုံးတတ်ကြပြန်သေးသည်။

ပလုတ်ကောင်အား ဆေးဖက်ဝင်သည့် သစ်ပိုးတစ်မျိုးဟု ဒေသခံအချို့က ယုံကြည်ကြလေသည်။ မည်သည့်ရောဂါအတွက် မည်ကဲ့သို့ဆေးဖက်ဝင်အောင် စားသုံးကြသည်ကို မသိသော်လည်း အရက်နာကျသမားများအတွက်ကတော့ အကောင်းဆုံး ဓာတ်စာဟုညွှန်းရမလို ဖြစ်သည်။

သူ မီးသွေးထင်း စခုတ်ခါစကဖြစ်သည်။

မီးသွေးဖုတ်ပြီးသည့် ဖောင်းအတွင်းမှ မီးသွေးများကို ထုတ်ယူအပြီး၌ သူတို့အလုပ်သမားအားလုံးအတွက် မီးသွေးဖောင်းပိုင်ရှင်က တောအရက်၅ ဂါလံပုံးနှင့် တစ်ပုံးဘောက်ဆူးအဖြစ်ပေးသည်။ ထိုစဉ်က သူမသောက်တတ်



သောက်တတ်နှင့် ညနေချိန်လောက်ကတည်းက သောက်လိုက်သည်မှာ ဘယ်လောက်များသွားသည်မသိ။ နောက်တစ်နေ့ မနက်ခင်းရောက်မှ အိပ်ရာကနိုးသည်။

အိပ်ရာကနိုးနိုးချင်းမှာပင် တစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသလို နာကျင်နေပြီး၊ ခေါင်းထဲကလည်း တစစ်စစ်ကိုက်ခဲနေသည်။ ထိုစဉ်က သူနှင့်ထင်းခုတ်ဖော်ဖြစ်သည့် ကိုစိုးတင့် ထင်းခုတ်သွားဖို့လာခေါ်ချိန်မှာတော့ သူဖျားချင်နေသလိုလိုတောင်ဖြစ်နေပြီ။

"ကျွန်တော် လိုက်နိုင်တော့မှာမဟုတ်ဘူး ကိုစိုးတင့်၊ တစ်ကိုယ်လုံးကိုက်ခဲပြီး ဖျားချင်သလိုလိုဖြစ်နေလို့"

တဲအဝင်တံခါးမှာ ခွေအိပ်နေရင်းက သူပြောတော့ ကိုစိုးတင့်ရယ်သည်။

"အဟား ဟား။ မင်းက အလကားရလို့ စွတ်သောက်တာကိုးကွ၊ အခုလိုဖြစ်တာ နည်းတောင်နည်းသေးတယ်။ မှတ်ထား၊ အဲဒါကိုအရက်နာကျတယ်လို့ခေါ်တယ်။ ဖျားရိုးဖျားစဉ်တွေလို အဖျားတက်ချင်လို့ မဟုတ်ဘူး။အေး ‥ တချို့ကတော့ ဒီအချိန်မှာ ခေါင်းကိုက်ပြေတယ်လို့ အကြောင်းပြပြီး တစ်ခွက်နှစ်ခွက်ထပ်သောက်တတ်ကြတယ်။ မထူးပါဘူးကွာ။ အရင်သောက်ထားတဲ့လက်ကျန်အရှိန်နဲ့ရောပြီး ပြန်မူးတာပါပဲ။ ကဲ ကဲထ၊ အလုပ်သွားကြရအောင်။ ဇရပ်တောထဲရောက်ရင် မင်းအခုခံစားနေရတဲ့ဝေဒနာ လက်ငင်းပျောက်စေရမယ်လို့ ငါအာမခံတယ်"

ကိုစိုးတင့်က ပြောလည်းပြော ဆွဲလည်းထူသဖြင့် သူအိပ်နေရာမှ မထချင်ထချင်နှင့်ထထိုင်လိုက်သည်။ ထိုစဉ် ခေါင်းထဲမှနောက်ရီဝေမှုနှင့်အတူ တစစ်စစ်ကိုက်ခဲလာပြန်သဖြင့် နားထင်ကို လက်နှင့်ထောက်ထားလိုက်ရသည်။

"မယုံမရှိနဲ့ နိုင်ဦး။ မင်းကိုငါတကယ်ပြောနေတာ၊ သွား မျက်နှာသွားသစ်လိုက်"

ကိုစိုးတင့်ထပ်ပြောမှ သူတဲ့အနောက်ဘက်ရေအိုးရှိရာကိုသွားပြီး မျက်နှာသစ်ကာ နှင်းရီကိုထမင်းထုပ်ထုပ်နိုင်းလိုက်သည်။ ထို့နောက် ကဝ်ပ၊ ဖြတ်လှ



www.burmeseclassic.com

www.burmeseclassic.com

နှင့်ထမင်းထုပ်တို့ကိုယူကာ ကိုစိုးတင့်နှင့်အတူ ဇရပ်တောထင်းခုတ်ကွက်ထဲ ဆင်းလိုက်သွားခဲ့သည်။

"ရော့ နိုင်ဦး၊ စားလိုက်"

ထင်းခုတ်ကွက်ရောက်တော့ နွမ်းနယ်မှုဖြင့်ထိုင်၍ နားနေချိန်၊ ကိုစိုးတင့်က ဖြူရော်ရော် ရှည်မျော့မျော့အကောင် ၃၊၄ကောင် လက်ထဲတွင်ထည့်လိုက်လာပြီး သူ့ကိုကမ်းပေးသည်။

"ဘာအကောင်တွေလဲဗျ"

သူ ထိုအကောင်တွေကို တစ်ခါမျှ မမြင်ဖူးသဖြင့် ပြန်မေးလိုက်သည်။

"ပလုတ်ကောင်တွေလေကွာ၊ စားမှာသာစားပါ၊ ဒီမှာတွေ့လား"

ကိုစိုးတင့်က သူ့ကိုကမ်းပေးရင်း သူကိုယ်တိုင်လည်း တစ်ကောင်ကို ပါးစပ်ထဲထည့်ပြီး တမြုံ့မြုံ့စားပြနေသည်။ သူ့မှာသာ တစ်ခါမျှစားဖူးခြင်းမရှိသဖြင့် စားရမှာဝပ်တွန့်တွန့်ဖြစ်နေသည်။

"အံ့ဖွယ်သရဲပဲကွာ၊ ထင်းခုတ်သမားဖြစ်ပြီး ပလုတ်ဆိုတဲ့သတ္တဝါကို မမြင်ဖူး မစားဖူးတဲ့လူဆိုလို့ မင်းတစ်ယောက်ပဲ ရှိလိမ့်မယ်ထင်တယ်။ ကဲပါကွာ စားလိုက်စမ်းပါ။ မင်းအခု ငြီးစီစီဖြစ်နေတာတွေရော ခေါင်းထဲမှာအုံပြီး ကိုက်ခဲနေတာတွေရော တခဏအတွင်းယူပစ်သလို ပျောက်သွားလိမ့်မယ်"

ကိုစိုးတင့်က အတင်းရောအဓမ္မပါ ညွှန်းဆိုတိုက်တွန်းနေသောကြောင့် သူပလုတ်ကောင်တစ်ကောင်ကို မစားဝံ့စားဝံ့ဖြင့် စားကြည့်လိုက်သည်။ ချိုသောအရသာက လည်ချောင်းထဲအေး၍ ဖြတ်ဆင်းသွားသည်။ ဘယ့်နှယ်ရှိစ ဟူသည့်အကြည့်ဖြင့် ကြည့်လာသည့် ကိုစိုးတင့်ကို ရှက်ပြုံးပြုံးပြရင်း လက်ထဲကျန်ရှိနေသေးသည့် နောက်ပလုတ်တစ်ကောင်ကို ယူစားပစ်လိုက်သည်။

"ကဲ ဘယ်လိုလဲ၊ ခေါင်းထဲရင်ထဲမှာ ရှင်းသွားကြည်သွားတယ် မဟုတ်လား။ ဒီထက်ပိုပြီး ရှင်းချင်ကြည်ချင်တယ်ဆိုရင် ဟိုရှေ့နားက ပလုတ်တုံးမှာ ပလုတ်ကောင်တွေ အများကြီးရှိသေးတယ်"

သူ ဟန်မဆောင်နိုင်တော့။ ကိုစိုးတင့် ညွှန်ပြသည့်နေရာဆီသွား၍ ကိုစိုးတင့် ကဝ်ပဖြင့် ပေါက်ခွဲထားသော သစ်ခြမ်းအတွင်းမှ ပလုတ်ကောင်တွေ



ကို မြိန်ရှက်စွာစားမိလေတော့သည်။ ဗိုက်ပြည့်သလိုဖြစ်၍ နားလိုက်တော့ သူ့ခေါင်းထဲကြည်လင် လန်းဆန်းသွားသလို ခုနက ကိုက်ခဲနေသည့် ဝေဒနာတွေပင် ဘယ်ရောက်ကုန်မှန်းမသိ။

ထို့ကြောင့်ပင်လျှင် ဒေသခံတချို့က ဆေးဖက်ဝင်သည်ဟု ယုံကြည်ကြသည်လား။ ကိုစိုးတင့်လည်းညွှန်းဆိုသည်လား၊ မပြောတတ်။ သူ့အနေဖြင့်မူ ပလုတ်ကောင်၏အစွမ်းကို အံ့မခန်းစွာ လက်တွေ့ယုံကြည်လိုက်ရပြီဖြစ်သည်။

"ဒါနဲ့၊ ဒီပလုတ်ဆိုတဲ့ကောင်တွေက ဒီသစ်တုံးထဲ ဘယ်လိုက ဘယ်လိုရောက်နေရတာလဲ ကိုစိုးတင့်"

"မင်းအမေးက အုန်းသီးထဲအုန်းရည် ဘယ်လိုရောက်နေသလဲဆိုတာမျိုးဖြစ်နေပြီ။ နိုင်ဦး၊ ငါလည်းသေသေချာချာတော့ ဘယ်သိမလဲကွ။ ဒါပေမဲ့ ငါနားလည်သလောက် ခန့်မှန်းပြီးပြောရရင် ဟို ‥ ပင်လယ်ခရုတို့၊ ရုပ်တို့၊ ဘင်းဝန်းတို့လို သန္ဓေတစ တစ်မျိုးလို့ ဆိုရမှာပေါ့၊ ဒီသစ်တုံးက ဒီဇရပ်တောရွှံ့မြေပေါ်မှာ နေရမရှေ့ပဲရှိနေမယ်ကွာ၊ ဒီရေတက်လာရင် မြုပ်သွားမယ်၊ ဒီရေကျသွားရင် ပေါ်လာမယ်၊ အဲလို ပေါ်လိုက်မြုပ် လိုက်နဲ့ နောက်ဆုံးတော့ သစ်တုံးထဲ ပလုတ်ကောင်ဖြစ်လေသတည်းပေါ့၊ ဟား ဟား ဟား"

ကိုစိုးတင့်က သူ့စကားသူ့တာတွေသဘောကျသည်မသိ၊ တဟားဟားဖြင့် အော်ရယ်သည်။

"တစ်ဆက်တည်းဗျာ။ ဒီသစ်တုံးထဲ ပလုတ်ကောင်ရှိမရှိဆိုတာကိုရော ဘယ်လိုလုပ်သိနိုင်မလဲ ကိုစိုးတင့်"

သူက သိချင်နေသေးသည့် အကြောင်းအရာတစ်ခုကို ထပ်မေးလိုက်သည်။

"ဒါကတော့ကွာ၊ ဒီမှာတွေ့လား။ သစ်တုံးနဲ့သစ်တုံးဘေးတစ်ဝိုက် ရွှံ့မြေမှာ နီရင့်ရင့်အရောင်တွေ။ ဒါကို တချို့က သစ်ဆီကျတယ်လို့ပြောတတ်ပြီး၊ တချို့ကတော့ ပလုတ်ဆီကျတယ်လို့ ပြောတတ်ကြတယ်။ ဘယ်လိုပြောပြော ပေါ့ကွာ။ အဓိက ဒီအနေအထားကိုတွေ့ရင် ဒါသစ်တုံးထဲမှာ ပလုတ်ကောင်ရှိနေပြီဆိုတဲ့ သင်္ကေတပဲ။ ပလုတ်ဆီ ဒါမှမဟုတ် သစ်ဆီအရောင်ရင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com

ဘောရုံပြင်တစ်ဝိုက် ပြန့်ကားလေ အထဲမှာပလုတ်ကောင်ပိုများ ပိုကြီးလေပဲ။ အဲ တစ်ခုတော့မှတ်ထားပေါ့ကွာ၊ ဒီလို ပရှန်းသစ်တုံးထဲက ပလုတ်ကောင်တွေကိုစားရင် အရသာရှိပြီး ခံတွင်းရှင်းပေမဲ့ တခြားသစ်တုံးတွေထဲက ပလုတ်ကောင်တွေကိုတော့ သွားမစားလိုက်မိစေနဲ့ နိုင်ဦးရေ၊ လည်ချောင်းတွေယားယံပြီး သလိပ်ခဏခဏဟပ်နေရတယ်ကွ၊ သတိထား။ အဲ ဘာဖြစ်လို့လည်ချောင်းယားတယ်ဆိုတာကိုလည်း ငါမသိလို့ လည်ချောင်းယားလေသတည်းပေါ့ကွာ၊ ဟား ဟား ဟား"

ကိုစိုးတင့် ခုနကအတိုင်းပင်၊ စကားဆုံးတော့တဟားဟားဖြင့် အော်ရယ်ပြန်၏။ သည်တစ်ခါတော့ သူလည်းဘာကြောင့်မှန်းမသိ။ ကိုစိုးတင့်နှင့်အတူ လိုက်ပါရယ်မောလိုက်မိသည်။

ထိုစဉ်ကတည်းက ကိုစိုးတင့်ဆီမှ ရခဲ့သောအတွေ့အကြုံဖြင့် ပလုတ်ကောင်များ ဝင်ရောက်နေတတ်သည့် သစ်တုံးများကို ရှာဖွေမှတ်သားတတ်ခဲ့သလို ပလုတ်ကောင်များရှိမည်ဟု ယူဆရသည့် သစ်တုံးများကိုလည်း ကပ်ပဖြင့်စမ်းသပ်ပေါက်ခွဲတတ်ခဲ့သည်။

ထိုကဲ့သို့ လက်တည့်စမ်းသည့်ကောင်းမှုကြောင့် သူ၏ကပ်ပများ မကြာခဏ အသွားလိပ်ခြင်း၊ ပဲ့ခြင်းများဖြစ်ခဲ့ဖူးလေသည်။ နောက်တော့ ပလုတ်ကောင်ပေါက်တော့မည်ဆိုလျှင် သူ့အနေနှင့်ထင်းခုတ်ရာတွင် အသုံးပြုသည့်ကပ်ပကိုမသုံးတော့ဘဲ ယခင်အသွားပဲ့ထားပြီးသော ကပ်ပအဟောင်းကိုသာ အသုံးပြုဖြစ်တော့သည်။

ပလုတ်ကောင်ရှိသည့်သစ်တုံးသည် သစ်တုံးတစ်တုံးပင်ဖြစ်လင့်ကစား ဘယ်အတွက်ကြောင့် ကပ်ပများအသွားလိပ်ခြင်း၊ ပဲ့ခြင်းဖြစ်ရလေသက်အောင် မာကျောသွားခဲ့ရသနည်းဆိုခြင်းကိုမူ သူလည်းမတွေးတတ်။

"မင်းမိန်းမနင်းရီ အခြေအနေဘယ်လိုလဲ နိုင်ဦး"

ဇရပ်တောရုံပြင်မြေကို နင်းလျှောက်နေရင်း ပလုတ်ကောင်အကြောင်းတွေးလာမိသည့်အတွေးက ကိုညိုမောင့်အမေးကြောင့် ပြတ်တောက်သွားရသည်။



"ဘာကိုလဲ ကိုညိုမောင်"

ရုတ်တရက်မို့ ကိုညိုမောင်၏အမေးကို သဘောမပေါက်သဖြင့် သူပြန်မေးလိုက်သည်။

"အော် နင်းရီက နေ့စေ့လကြီးဆိုတော့ မီးဖွားမယ့်အခြေအနေကို မေးကြည့်တာပါ။ သားဦးဆိုတာ ဂရုစိုက်ရတယ်နိုင်ဦး။ အခုငါတို့နေတဲ့ မီးသွေးဖောင်းမှာက ကျွမ်းကျင်တဲ့လက်သည်မရှိဘူးဆိုတော့၊ အခက်အခဲဖြစ်လာမှ ရွာကိုထွက်မယ်ဆိုရင် အခြေအနေပိုဆိုးသွားမှာ စိုးရတယ်။ဒီတော့ ရွာကအသိမိတ်ဆွေတစ်ယောက်ယောက်ရဲ့ အိမ်မှာ အကျိုးအကြောင်းပြောပြီး သွားအပ်ထားသင့်အပ်ရမှာ၊ ရွာမှာက ကျွမ်းကျင်တဲ့ သားဖွားဆရာမ ရှိတယ်လေ"

ကိုယ့်ကိစ္စကို သူ့ကိစ္စလိုသဘောထားပြီး မှုပန်မှုဖြင့်အကြံပေးလာသည့် ကိုညိုမောင်အား ကျေးဇူးတင်သည့်အကြည့်ဖြင့် သူကြည့်လိုက်သည်။

"အင်း ကျွန်တော်လည်း စဉ်းတော့စဉ်းစားမိတာပဲ ကိုညိုမောင်၊ ဒါပေမဲ့ ရွာမှာက ကျွန်တော်နဲ့ရင်းနှီးတဲ့လူ မရှိသလောက်ဆိုတော့"

အမှန်စင်စစ် သူရောနင်းရီပါ ပင်လယ်ရွာသားမဟုတ်ကြ။ တနင်္သာရီချောင်းများဘက်မှဖြစ်သည်။ နင်းရီနှင့် အိမ်ထောင်ကျပြီးနောက်ပိုင်း ဥယျာဉ်ခြံခုတ်ထွင်ရှင်းလင်းသည့် အလုပ်လုပ်နေရာမှ ငယ်သူငယ်ချင်းတစ်ယောက်၏ အလုပ်စေ့စပ်ပေးမှုကြောင့် ယခုလက်ရှိ မီးသွေးဖောင်းသို့ ထင်းခုတ်လုပ်သားအဖြစ်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သူတို့လို ထင်းခုတ်လုပ်သားများမှာ မီးသွေးဖောင်းဧရိယာအတွင်းရှိ မြေလွတ်နေရာများ၌ တဲအိမ်လေးများဆောက်လုပ်ပြီး နေကြခြင်းဖြစ်သည်။ ဖျားနာသည့်အခါ သို့မဟုတ် ဆန်၊ ဆီ၊ ဆား၊ ငါးခြောက်စသည့် စားရိက္ခာပြတ်လပ်သည့်အခါများမှသာလျှင် ပဲ့ချိတ်စက်ဖြင့် ၂နာရီမျှ ခုတ်မောင်းရသည့် ရွာသို့ တစ်ခေါက်ထွက်ဖြစ်တတ်ကြသည်။

"အားငယ်မနေနဲ့ဦး။ မနက်ဖြန်ရေတက်နဲ့ ထင်းကဲ့ပြီးရင် နင်းရီကိုခေါ်ပြီး ရွာက ငါ့ယောက္ခမအိမ်မှာ ငါကိုယ်တိုင်သွားအပ်ပေးမယ်၊ မင်းလည်းလိုက်ခဲ့။ နေ့မွေးမလား ညမွေးမလား ရက်ရွှေ့နေတဲ့ဟာ အချိန်ဆိုင်းနေလို့ မဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

သူ့ရင်ထဲ အပူတစ်ခုငြိမ်းသွားသလို အေးခနဲခံစားလိုက်ရ၏။ သူ ကိုညိုမောင်ကို ဘယ်လိုကျေးဇူးတင်ရမည်မှန်း မသိတတ်လောက်အောင် ဖြစ်သွားရသည်။

"ကျေးဇူးပဲ ကိုညိုမောင်၊ အခုမှပဲ နှင်းရီကိစ္စစိတ်အေးရတော့တယ်။ ဒီနို့ဆို ကျွန်တော်တစ်ယောက်တည်း ဘယ်လိုလုပ်ရကောင်းမလဲဆိုတာတွေးပြီး ခေါင်းမီးတောက်နေတာ။ နှင်းရီကလည်း သူ့အမေအမေရှိတဲ့နေရာမဟုတ်လို့ အားငယ်နေတာ ကိုညိုမောင်ရ"

"ရပါတယ်နိုင်ဦးရာ၊ ဘာမှ အားငယ်နေစရာမလိုပါဘူး။ ထင်းခုတ်နေတဲ့ ဘဝတူတွေချင်းပဲ၊ ဒီလောက်တော့ ရိုင်းပင်းရမှာပေါ့။ ဒါနဲ့ ဒီလာခါနီးတုန်းက နှင်းရီ မင်းကိုဘာတွေ မှာတမ်းချွေနေတာလဲ"

"အလကားပါဗျာ၊ ညက အိပ်မက်အကြောင်းပြောပြီး ရှာကြံတွေးပူနေတာပါ"

"ဝုံမိန်းမလည်း ဒီလိုပဲကွ၊ အားအားရှိ ကပ်ပကိုသတိထားပြီးခုတ်ပါ၊ သစ်ပင်လှဲရင် သတိထားပါနဲ့ နေ့တိုင်းလိုလိုကို သတိပေးစကားတွေ ပြောနေတတ်တာ။ ငါတို့ ခြေချော်လက်ချော် တစ်ခုခုဖြစ်သွားရင် ဘာအလုပ်လုပ်လို့ ဘယ်လို ရှာဖွေစားသောက်ရမှန်းမသိတော့ ချစ်စိတ်ကြောင့် ပူပန်တယ်ဆိုတာထက် ထမင်းငတ်မှာစိုးတဲ့စိတ်ကြောင့်ဆိုရင် ပိုမှန်တယ်နိုင်ဦးရ၊ ဟား ဟား ဟား"

ကိုညိုမောင်က သူ့စကားသူသဘောကျမဆုံးဖြစ္စာ ဟက်ဟက်ပက်ပက် ရယ်မောနေသော်လည်း သူ့မှာက ရယ်ဖို့အသာထား၊ ပြုံးပင်မပြုံးနိုင်။ ကိုညိုမောင်အစဖော်ပေးမှုကြောင့် မေ့လျော့နေခဲ့သည့် နှင်းရီ၏အိပ်မက်အကြောင်းက ခေါင်းထဲပြန်ပေါ်လာသဖြင့် သူ့စိတ်တွေ ရုတ်ခြည်းလေးလံသွားခဲ့သည်။ လေပူတစ်ချက်ကို သက်ပြင်းနှင့်အတူ ရောနှောမှုတ်ထုတ်လိုက်တော့လည်း ပေါ့မသွား။

သူတို့ တွေ့ထားခဲ့သည့် ပလုတ်တုံးနေရာရောက်တော့ ကိုညိုမောင်က အချိန်လင့်မခံပဲ လက်ထဲကိုင်ဆောင်ထားသည့် ကပ်ပနှင့် ပလုတ်တုံးကို



စတင်ပေါက်ခွဲလေတော့သည်။ သူက ထက်ခြမ်းခွဲပြီး လိုဏ်ခေါင်းသဖွယ် ဖြစ်နေသည့်သစ်ခြမ်းများထဲမှ ပလုတ်ကောင်များကို ဆွဲယူလျက် ပလတ်စတစ်ပုံးအတွင်းထည့်သည်။

ထိုစဉ် –

သူတို့နှင့် မလှမ်းမကမ်းရှိ သစ်ရိုင်းပင်တစ်ပင်ဆီမှ ဖြောင်းခနဲသစ်ကိုင်းကျိုးကျသံကို ကြားလိုက်ရသည်။ သူလှမ်းကြည့်လိုက်တော့ သစ်ကိုင်းကျိုးကျသည်မှာ လူကြီးတစ်ဖိုက်ကျော်ခန့်ရှိသည့် ဆောင်းပင်ကြီးမှဖြစ်နေသည်။ သစ်ကိုင်းမှာ ပင်စည်တွင်ချိတ်တွယ်မနေဘဲ ထိပိုင်းပြတ်လျက် မြေပြင်ပေါ် ပြုတ်ကျလာခြင်းဖြစ်၏။

သူ ကိုညိုမောင်ကို ကြည့်လိုက်တော့ ကိုညိုမောင်ပြန်အကြည့်နှင့် အကြည့်ချင်းဆုံသည်။

"ထူးဆန်းမနေဘူးလား နိုင်ဦး၊ လေတစ်ချက်မျှမတိုက်ဘဲ သစ်ကိုင်းအစိမ်းလတ်လတ်ကြီး ကျိုးတယ်ဆိုတော့လေ"

ကိုညိုမောင်က သူ့ကိုမေးသည်။

"ဟုတ်တယ် ကိုညိုမောင်၊ ကျွန်တော့်စိတ်ထဲ တစ်ခုခု ထူးခြားနေသလိုနဲ့ တစ်မျိုးကြီးပဲဗျ"

သူက သူ့အတွေးနှင့်သူ ပြန်ပြောသည်။

"ဘာလဲ၊ မင်းက နှင်းရီအိပ်မက်ကို အတိတ်ကောက်ပြီး ပြောတာလား။ ဒီလိုအစွဲမျိုးဆိုတာ မစွဲကောင်းဘူးနိုင်ဦး၊ တတ်နိုင်သလောက် ဖျောက်ဖျက်ပစ်ရတယ်။ ဒီမှာ ငါပြောမယ်၊ အခုဟာက မိုးရွာမယ့်လက္ခဏာ၊ လေတိုက်မယ့်လက္ခဏာကွ။ နှင်းရီအိပ်မက်နဲ့ ဘယ်လိုမှမပတ်သက်ဘူး"

ကိုညိုမောင်၏ မိုးရွာမယ်၊ လေတိုက်မယ်ဆိုသည့်စကားကြောင့် နှင်းရီ၏ အိပ်မက်စကားကို ပြန်လည်ကြားယောင်လာမိပြီး သူကျောချမ်းသွားမိ၏။

"မိုးတိမ်တစ်စမျှမရှိဘဲ မိုးရွာမယ်ဆိုတာ ဟုတ်နိုင်ပါ့မလား ကိုညိုမောင်၊ အခုက တပို့တွဲလမဟုတ်လား"

သူ့အပြောကို ကိုညိုမောင်က လက်မခံသည့်သဘောခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com

"တပို့တွဲလမှ မဟုတ်ဘူး နိုင်ဦး နွေခေါင်ခေါင်တပေါင်းလိုလမျိုးမှာတောင် ဒီလို သစ်ကိုင်းအစိမ်းလတ်လတ်ကြီးကျိုးရင် လေပြင်းတိုက်တတ်တယ်၊ မိုး ရွာတတ်တယ်။ သဘာဝတရားရဲ့ ရှေ့ပြေးသတိပေးချက်တစ်မျိုးလို့ ဆိုရမှာပေါ့ ကွာ။ ဒါ ငါ့အတွေ့အကြုံအရပြောတာ။

"ငါအခုလို မီးသွေးထင်းမခုတ်ခင် သစ်ပိုင်းကြီးလုပ်ငန်းလုပ်နေတုန်းက အဲလိုပဲကွ။ ငါတို့ ၅ယောက်အဖွဲ့ လူကြီး ၃ယောက်ပိုက်လောက်ရှိတဲ့ အုဘန် ပင်ကြီးတစ်ပင်ကို ဖြိမ်းဆင်ပြီး သူတစ်လှည့် ကိုယ်တစ်လှည့်ကပ်ပနဲ့ ခုတ်လှဲနေကြတုန်း ဘေးနားသစ်ပင်တစ်ပင်ပေါ်က ဒီလိုပဲ သစ်ကိုင်းအစိမ်း လတ်လတ်ကြီး ကျိုးကျလာတာ၊ တပေါင်းလထဲမှာပေါ့၊ ဘယ်ကြာမလဲကွာ၊ ငါ့အထင် ၂နာရီ ၃နာရီပဲ၊ ငါတို့ခုတ်လှဲနေတဲ့ အုဘန်ပင်တောင် မလဲသေးဘူး၊ မိုးတွေရွာလာသလို လေပြင်းလည်း အရမ်းတိုက်လာတယ်၊ ဒါနဲ့ငါတို့လည်း သစ်တောထဲ ဆက်မနေရဲတော့ဘဲ တဲဆီကိုအရောက် ပြန်ပြေးခဲ့ကြတာ၊ အံမယ် အဲဒီတုန်းက မိုးကြိုးတွေဘာတွေတောင်ပစ်လို့ကွ။

"တဲရောက်တော့ သစ်ကိုင်းကျိုးလို့ မိုးရွာတဲ့အကြောင်း ဖြစ်နိုင်မဖြစ်နိုင် ဆက်စပ်ပြီး ပြောစားဖြစ်ကြတော့ ငါတို့အဖွဲ့ထဲက အသက်အကြီးဆုံး လူကြီး တစ်ယောက်ကပြောတယ်။ ဒါ တိုက်ဆိုင်မှုသက်သက် မဟုတ်ပါဘူးတဲ့။ မိုးရွာ တော့မယ်၊ လေတိုက်တော့မယ်လို့ သဘာဝတရားက ကြိုပြောတာတဲ့။ သူ အဲဒါမျိုး ကြုံဖူးပေါင်းများပြီးတဲ့၊ သစ်ကိုင်းကျိုးကျတာနဲ့ မိုးရွာတဲ့ကြားမှာ အချိန်သာ ကွာချင်ကွာသွားမယ်၊ ကြာချင်ကြာသွားမယ်၊ ဒါပေမဲ့ နောက်တစ် နေ့ မကျူးတတ်ဘူးလို့ ဆိုတယ်ကွ"

ကိုညိုမောင်က သူ့ကိုစိုးရိမ်ရှည်လက်ရှည် တသီတတန်းရှင်းပြပြီး ကျန်ရှိနေသေးသည့် သစ်တုံးများထဲမှ သစ်တုံးတစ်တုံးကို ကပ်ပဖြင့်ပေါက်ခွဲ လိုက်ပြ[…]သည်။ သစ်ပိုင်းက တော်တော်နှင့်မကွဲ။ အထက်ပြန်ပေါက်ခွဲလိုက်၊ အောက်ပြန်ပေါက်ခွဲလိုက်နှင့် တော်တော်လေး အားစိုက်ပေါက်ခွဲလိုက်တော့မှ ဘသားချောသစ်တုံးက မကွဲချင်ကွဲချင်နှင့် ထက်ခြမ်းကွဲသွားသည်။

ထင်းခြမ်း လိုက်ခေါင်းများအတွင်း မြင်လိုက်ရသည့် ပလုတ်ကောင်တွေ



က ပလတ်စတစ်ပုံးထဲထည့်ပြီးသည့် ပလုတ်ကောင်များနှင့်မတူ၊ ဆွတ်ဆွတ် ဖြူလျက် အရွယ်အစားမှာလည်း လက်ညှိုးနှင့်လက်မတစ်ကွင်းစာလောက်ကို ကြီးမားလွန်းနေသည်။

"တော်လောက်ပြီထင်တယ် ကိုညိုမောင်"

သူ ထိုပလုတ်ကောင်ကြီးများကို မကိုင်ဝံ့ဝံ့ ကိုင်ဝံ့ဝံ့ဖြင့် ပလတ်စတစ်ပုံးထဲ ထွဲထည့်ရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ နိုင်ဦး၊ ဒီမှာ ပလုတ်တုံးတွေရှိနေသေးတာပဲ။ နောက်ပြီး အချိန်လည်းရှိနေသေးတဲ့ ဥစ္စာ။ ပုံးနဲ့ တစ်ပုံးပြည့်ရင်လည်းပြည့်အောင် ဆက်ပေါက်ကြတာပေါ့၊ ဒါမှလည်း တွက်ခြေပိုကိုက်မှာ၊ ဟုတ်တယ် မဟုတ် လား။ ငါပြောတဲ့မိုးက ငါ့အတွေ့အကြုံအရ နောက် ၂နာရီ ၃နာရီလောက်ကြာ မှ ရွာမှာပါကွ"

ကိုညိုမောင်က ခပ်ပြုံးပြုံးဖြင့် တစ်ခေါက်ဆိုတစ်ခေါက် တွက်ခြေကိုက် အောင်၊ ပလုတ်ကောင်တွေ ရတန်သလောက်ပေါက်သွားမည့်သဘော ပြော လာသော်လည်း သူသည်ဇရပ်တောထဲ တစ်စက္ကန့်မျှပင် ဆက်မနေချင်တော့ လောက်အောင် စိတ်တွေလေးလံပြီး နောက်ဆံတင်းသလိုဖြစ်နေသည်။

သူ၏ အေးတိအေးစက်နိုင်လှသော ပုံပန်းသဏ္ဌာန်ကို ကိုညိုမောင်ဘယ်လို ဖတ်မိသွားသည်မသိ။

"ဘယ်လိုဖြစ်နေတာလဲ နိုင်ဦး၊ မင်းကိုကြည့်ရတာ တစ်မျိုးပဲ" ဟု သူ့ကိုမေးလာသည်။

"ဟုတ်တယ် ကိုညိုမောင်၊ ကျွန်တော့်စိတ်ထဲ ဘယ်လိုဖြစ်နေမှန်းမသိဘူး။ လေးတွဲ့လေးကန်နဲ့"

သူ့စကားကြားတော့ ကိုညိုမောင် ပင့်သက်တစ်ချက်ခပ်ပြင်းပြင်း ရှိုက် လိုက်သည်။

"ဘယ်လိုပြောပြော၊ မင်းစိတ်ထဲမှာ နှင်းရီရဲ့အိပ်မက်ကို အဆုံးစွန်ထိ စွဲနေတယ်ဆိုတာ သေချာနေပြီနိုင်ဦး။ ကဲ ကဲ မင်းစိတ်ကိုအတတ်နိုင်ဆုံး လျှော့ချလိုက် ဟုတ်ပြီလား။ ငါတို့ အခုပဲအိမ်ပြန်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com

ကိုညိုမောင်က သူ့ကိုကရုဏာသက်စွာကြည့်ပြီး လိုက်လျောသည့်အနေဖြင့်ပြောသည်။ သူထိုင်နေရာမှ နေးကွေးစွာထရပ်လျက် ပလုတ်ကောင်များထည့်ထားသည့် ပလတ်စတစ်ပုံးကိုဆွဲကာ ပလုတ်ပေါက်သည့်နေရာမှ လှည့်ထွက်မည်အပြု၊ သူတို့ရှေ့ သစ်ရိုင်းပင်များကြားရှိ ဇရပ်တော၌မြေလျှောက်လမ်းလေးအတိုင်း မိန်းကလေးတစ်ယောက် ရိပ်ခနဲပြတ်လျှောက်သွားသည်ကို တွေ့လိုက်ရသည်။

နှင်းရီနှင့်တူလိုက်တာဟု သူ့စိတ်ထဲတွင်တွေးရင်း နှုတ်မှ'နှင်းရီ နှင်းရီ'ဟု အသံထွက်ရေရွတ်လိုက်မိသည်။

"ဒါ နှင်းရီမဟုတ်ဘူး နိုင်ဦး"

ကိုညိုမောင်က သူ့ဘေး၌ ရပ်နေရင်းမှပြောသည်။

"ဟင် ကိုညိုမောင်လည်း တွေ့လိုက်တယ်ဟုတ်လား"

သူ ကိုညိုမောင်ကို ငုံ့စောင်းကြည့်ပြီး ပြန်မေးလိုက်သည်။

"တွေ့တယ် နိုင်ဦး။ ငါလည်း နှင်းရီနဲ့တူတယ်လို့ ထင်လိုက်မိတာပဲ။ ဒါပေမဲ့ ဒါနှင်းရီမဟုတ်ဘူး။ နှင်းရီက ဒီကိုလိုက်လာစရာအကြောင်းမရှိ"

ကိုညိုမောင်စကား မဆုံးလိုက်။ ခုနက ရိပ်ခနဲတွေ့လိုက်ရသည့် မိန်းကလေးမှာ သူတို့ရှေ့ခပ်လှမ်းလှမ်း သဂ်ရိုင်းပင်များကြားမှပေါ်လာပြန်သည်။ သည်တစ်ခါတော့ သူတို့ရှေ့တည့်တည့်သို့ လျှောက်လာနေ၏။ သူ့ရင်ထဲတဒိန်းဒိန်းမြည်သံပေးလျက် အဆမတန်ခုန်လှုပ်သွားသည်။

နှင်းရီ။ ဒါနှင်းရီအစစ်။ ဝတ်စားထားသည်မှာ သူ့အိမ်မှထွက်လာစဉ်ကအတိုင်း အပြာခံပေါ်အဖြူရောင်ပန်းပွင့်ကလေးတွေပါသည့် ဖိုက်ဖုံးအကျီနှင့်။ ထဘီကအိနက်ရောင်။

သူ မှင်တက်မိခြင်းနှင့်အတူ လက်ထဲကိုင်ထားသည့် ပလုတ်ပုံးကို လွှတ်ချလိုက်ပြီး 'နှင်းရီ'ဟု ခေါ်လိုက်မိသည်။

သူ ရုတ်တရက်အသက်ရှူရပ်သွားခဲ့ပြီလား။ ကိုညိုမောင်လက်တစ်ဖက်က သူ့ပခုံးကို တင်းတင်းဆုပ်ကိုင် လှုပ်ယမ်းလာသည်။



"နိုင်ဦး။ ဒါနှင်းရီ မဟုတ်ဘူးလေ၊ ငါပြောတာ ကြားတယ်မဟုတ်လား။ ဒါ နှင်းရီအစစ်မဟုတ်ဘူးဆိုတာ"

ကိုညိုမောင်၏ စကားသံကို သူကြားမိသော်လည်း အာရုံထဲမရောက်၏။ ရှေ့တည့်တည့်မှ လျှောက်လာနေသော နှင်းရီကိုသာစိုက်ကြည့်နေမိသည်။ နှင်းရီ သူ့ကိုစိတ်မချ၍ လိုက်လာခဲ့တာလား။

နှင်းရီက သူ့ကိုလုံးဝမကြည့်ဘဲ သူနှင့် ၂လန်၊ ကွာလောက်အရောက်တွင် ညာဘက်သို့ချိုး၍ ဆက်လျှောက်သွား၏။ ထို့နောက် သစ်ကိုင်းကျိုးကျသည့် ဆောင်းပင်ကြီးအောက် ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဤတွင်မှ သူ့ဒူးတွေမထိန်းမတ်နိုင်စွာ ဇရပ်တော၌မြေပြင်ပေါ် ပျော့ခွေညွတ်ကျသွားတော့သည်။

"သတိထားနိုင်ဦး။ သတိထား။ ဘာမှမကြောက်နဲ့။ ဒါ တောခြောက်တယ်လို့ခေါ်တယ်၊ ဘာမှကြောက်စရာမလိုဘူး"

ကိုညိုမောင်လည်း သူနှင့်အတူ ရွှံ့မြေပေါ်ထိုင်ချကာ တည်ငြိမ်စွာဖြင့် ပခုံးကိုသိုင်းဖက်ပြီး အားပေးစကားပြောလ၂သည်။ သူ့လည်ချောင်းထဲမှ အင့်ခနဲ ရှိုက်သံတစ်ချက်ထွက်သွားခဲ့သည်ကို သတိပြုမိလိုက်၏။ အကြောက်လွန်ပြီး သူငိုလိုက်မိလေသလား။ သူငိုလိုက်မိပြီလား။

ကိုညိုမောင်ပခုံးကို ပြန်လည်သိုင်းဖက်ထားမိရင်းမှ အမှတ်မထင်ကောင်းကင်ကို မော့ကြည့်တော့ မိုးတိမ်တချို့ကို ဟိုတစ်စဒီတစ်စ တွေ့လိုက်ရသည်။ ဒါဆို ...

ကိုညိုမောင်ပြောသလို မကြာတော့သည့်အချိန်မှာ မိုးတွေရွာလာမှာလား။ အကယ်၍များ မိုးတွေရွာလာခဲ့လျှင် နှင်းရီအိပ်မက်ထဲကလို ဖြစ်လာမှာလား။ သစ်ပင်တစ်ပင်။ သစ်ပင်တစ်ပင်ကရော ဘယ်နေရာမှနေပြီး လဲပြိုကျလာမလဲ။ အရှေ့ဘက်ကလား။ အနောက်ဘက်ကလား။ ဒါမှမဟုတ် ...

မဖြစ်နိုင်ဘူး။ ဒါဟာ လုံးဝမဖြစ်နိုင်ဘူး။

သူခေါင်းကို ခပ်ကြမ်းကြမ်း ယမ်းခါပစ်လိုက်သည်။

"နှင်းရီ တစ်ခုခုဖြစ်နေပြီလား မသိဘူး ကိုညိုမောင်"



www.burmeseclassic.com

www.burmeseclassic.com

သူ ကိုညိုမောင်ပခုံးပေါ် ဖက်ထားသည့်လက်ကို ဖြေလျှော့ရင်း မီးသွေးဖောင်းတွင် ကျန်ခဲ့သည့်နှင်းရီကို စိုးရိမ်လာပြီး ပြောလိုက်သည်။

''ဘာဖြစ်လို့လဲ နိုင်ဦး''

''အခုဟာက နှင်းရီမဟုတ်ဘူးဆိုပေမဲ့ အဝတ်အစားကအစ နှင်းရီအတိုင်းဖြစ်နေတော့၊ ဒါဟာ မီးသွေးဖောင်းမှာကျန်ခဲ့တဲ့ နှင်းရီတစ်ခုခုဖြစ်နေလို့ သူ့ဝိညာဉ်က နိမိတ်စိမ်းလာပြတယ်လို့ ကျွန်တော်ထင်တယ် ကိုညိုမောင်''

သူ့အသံက ပုံမှန်မဟုတ်ဘဲ ကွဲအက်တုန်ယင်နေမည်ထင်သည်။

''ငါတော့ ဒီလိုမထင်ဘူးနိုင်ဦး၊ ငါတို့ ပလုတ်ကောင်တွေကိုသယ်ပြီး ဒီအတိုင်းထွက်သွားမှာသိလို့ တောပိုင်ရှင်က ကိုယ်ထင်ပြသတိပေးတာဖြစ်မယ်ကွ''

ကိုညိုမောင်က ပြောပြောဆိုဆိုထိုင်နေရာမှထရပ်လိုက်ပြီး သစ်ရိုင်းပင်တစ်ပင်မှ သစ်ရွက်လေးငါးရွက်ခူး၍ အနီးရှိသစ်ငုတ်တစ်ငုတ်ပေါ်တွင် ဖြန့်ခင်းလိုက်သည်။ ပြီး ပလာတ်စတစ်ပုံးအတွင်းမှ ပလုတ်ကောင်တချို့ကို လက်ဖြင့်နှိုက်ကာ သစ်ငုတ်ပေါ်ဖြန့်ခင်းထားသည့် သစ်ရွက်ပေါ်တင်လိုက်သည်။ ထို့နောက်–

''တောပိုင်ရှင်ဘိုးဘိုးခင်များ၊ မသိနားမလည်တဲ့ အမိုက်အမဲလေးတွေကို ငွေမယူပါနဲ့။ ဟောဒီမှာ လတ်လတ်ဆတ်ဆတ်ပလုတ်ကောင်တွေကို တင်မြှောက်ပသပါတယ်။ သုံးဆောင်တော်မူပါ။ အခု အိမ်ပြန်မယ့်လမ်းခရီးမှာလည်း အနှောင့်အယှက် ဘေးဒုက္ခတစ်ခုမျှမတွေ့အောင် ကူညီစောင့်ရှောက်ပေးပါ တောပိုင်ရှင် ဘိုးဘိုးခင်များ''

ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုညိုမောင်၏ယုံကြည်မှုဖြင့် တောပိုင်ရှင်ဆိုသူအား ပလုတ်ကောင်ဆက်သသံက ဖရုပ်တောထဲ လွှမ်းသွားသည်။

သူ့ထက် အသက်လည်းကြီးသလို တောတွင်းအတွေ့အကြုံလည်း ပိုရင့်သည့် ကိုညိုမောင်အနေနှင့် တည်ငြိမ်လျက်ရှိသည်ဆိုသော်ငြား စိတ်ထဲ၌မူ မည်သို့ဖြစ်နေမည်မသိ။ သူ့မှာတော့ တစ္ဆေသရဲဆိုသည့် ပရလောကသားများ



၏ ကိုယ်ထင်ပြခြောက်လှန့်ခြင်းကို တစ်ခါမျှခံရဖူးသေးသူ မဟုတ်သဖြင့် ကြောက်ရွံ့ထိတ်လန့်မှုများနှင့်အတူ ဓမ္မညင်းတွေတစ်ကိုယ်လုံးထောင်ထပြီး မှေ့ပြောလှမတတ် တုန်လှုပ်မိသည်က အမှန်ဖြစ်သည်။

''ကဲ ထ သွားကြမယ်''

ကိုညိုမောင်က ပြောပြောဆိုဆို၌ပြင်တွင် ဒူးထောက်ထိုင်နေသည့်သူ့ကို ဆွဲထူသည်။ ထို့နောက် သူလွှတ်ချထားသည့် ပလုတ်ပုံးကို လက်တစ်ဖက်ဖြင့် ဆွဲယူပြီး ကျန်လက်တစ်ဖက်ဖြင့် ကာဝပကိုကျစ်ကျစ်ဆုပ်ကိုင်ကာ ရှေ့မှထွက်သွားသည်။ သည်တော့ သူလည်း ကိုညိုမောင်နောက်မှ ထက်ကြပ်လိုက်ပါသွားမိ၏။

သူ ကိုညိုမောင်နောက်မှ လိုက်ပါနေမိရင်း ကောင်းကင်ကိုတစ်ဖန်မော့ကြည့်တော့ အခုလေးတင်က ပြန့်ကျဲလျက်ရှိသော မိုးတိမ်များမှာ ပြိုကျတော့မယောင်ညိုမည်းလျက်ရှိနေသည်။ ဤတွင် သူ့စိတ်ထဲတစ်ခုခုကို မသင်္ကာသလိုဖြစ်လာသောကြောင့် သူတို့ထွက်ခွာလာရာ နောက်ဘက်သို့ လှည့်ပြန်လှည့်ကြည့်လိုက်မိတော့ သစ်ကိုင်းကျိုးကျသည့် ဆောင်းပင်ကြီးမှာ သူတို့ဘက်ညွှတ်ကိုင်းကျလာနေသည်ကို တွေ့လိုက်ရသည်။

''ကို ကိုညိုမောင်၊ ဟို ဟို ဟိုမှာ ...''

သူ၏ အထစ်ထစ်အငေါ့ငေါ့ စကားသံကြောင့် ရှေ့မှလျှောက်နေသည့် ကိုညိုမောင်က သူလက်ညိုးညွှန်ပြရာ အနောက်ဘက်သို့ လှည့်ကြည့်လာသည်။

''ဟ ဟ ဒါသစ်ပင်လဲကျတာကွ၊ သစ်ပင်က ငါတို့ဘက်တည့်တည့်ကြီးလဲကျလာနေတာ။ ပြေး နိုင်ဦး၊ ပြေး ပြေး လှေဆီကိုရောက်အောင်အမြန်ပြေး''

ကိုညိုမောင်က သူ့ကိုစိုးရိမ်တကြီး လှမ်း၍သတိပေးရင်း လှေထားရှိရာ ချောင်းဝဘက်သို့ တစ်ရှိန်ထိုးပြေးထွက်သွားတော့သည်။

ကိုနိုင် သစ်ပင်ပိပြီးသေသတဲ့ဟူသည့် နှင်းရီ၏အိမ်မက်အခြေစကားကို နားထဲ ရုတ်ခြည်းကြားယောင်လာပြီး၊ သူခဏတော့ ကြက်သေသေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအတိုင်း နှင်းရီ၏အိပ်မက်မှန်မည်ဆိုလျှင် သစ်ပင်သည် သူ့ကိုယ်ပေါ်သို့ တည့်တည့်ကြီး လဲကျလာပေရော့မည်။

သူ့ခန္ဓာကိုယ် ဆတ်ခနဲတစ်ချက်တုန်သွားသဖြင့် ရုတ်ခြည်းအသိဝင်လာကာ ကိုညိုမောင်ပြေးထွက်သွားရာ ချောင်းဝဘက်သို့ အားသွန်ပြေးထွက်လိုက်မိသည်။

ပုံမှန်ဆိုလျှင် လမ်းကြောင်းပြောင်ကောင်းပြောင်မည် ဖြစ်သော်လည်း ယခုမှု အသက်လုပြေးရသလို ဖြစ်နေသောကြောင့်ဟိုသစ်ပင်ဝင်တိုး သည်သစ်ပင်ဝင်တိုက်နှင့် လိုရင်းမရောက်နိုင်ဘဲ အလဲလဲအပြိုပြိုဖြစ်နေသည်။ သို့သော်လည်း တစ်ကိုယ်လုံးပူထူလျက် နာကျင်ရကောင်းမှန်း မသိ။

သူလဲကျလိုက် ပြန်ထပြေးလိုက်ဖြင့် ရှိနေစဉ်မှာပင် ဆောင်းပင်ကြီး၏ မြေပြင်ပေါ် ဝုန်းခနဲလဲပြိုသံက ဇရပ်တောတစ်ခွင်လုံး ပဲ့တင်ထပ်မြည်ဟည်း သွားလေသည်။

တော်သေးသည်။ ဆောင်းပင်ကြီးက နှင်းရီအိပ်မက်ထဲကလို သူ့ကိုယ်ပေါ် မပိ။ လှေဆီကို လှမ်းကြည့်လိုက်တော့ ကိုညိုမောင်မှာ လှေထဲမရောက်သေး။

လှေထဲဆင်းပြီး နောက်ပြန်လှည့်ကြည့်ချိန်ကျမှ ဇရပ်တောထဲမှ ဒရော သောပါး ပြေးထွက်လာသည့် ကိုညိုမောင်ကိုတွေ့လိုက်ရသည်။

"စက်ပြန်မြန်နိုးတော့ နိုင်ဦး။ ငါတို့ ဒီဇရပ်တောက မြန်မြန်ခွာမှဖြစ်မယ်"

လှေပေါ်သို့ အမောတကော ဖက်တွယ်တက်ရင်း လောဆော်လာသည့် ကိုညိုမောင်ကို သူသတိထားကြည့်လိုက်တော့ ကပ်ပနှင့်ပလုတ်ကောင် ထည့်ထားသည့် ပလတ်စတစ်ပုံးကို မတွေ့ရ။

"ကပ်ပနဲ့ ပလုတ်တုံးကရော ကိုညိုမောင်"

"ဟ ဘယ်ယူနိုင်တော့မလဲကွ။ ဟိုတိုးဒီတိုက်နဲ့ ကျန်ခဲ့ပြီပေါ့။ တောက် နည်းတဲ့အကောင်ကြီး မဟုတ်ဘူးကွ"

"ဘာအကောင်လဲ ကိုညိုမောင်၊ ဘာအကောင် တွေ့လာလို့လဲ"

"ဘာအကောင်လဲဆိုတာတော့ ငါလည်းမပြောတတ်ဘူးကွ၊ မည်းနက်နက်နဲ့၊ အရပ်က ၂လံလောက်ကို မြင့်လိမ့်မယ်ထင်တယ်။ မျက်စိနှစ်လုံးပြူးပြီး



လျှာထွက်လျက်တန်းလန်း ငါ့နောက်ပြေးလိုက်လာတာ၊ သွား သွား စက်မြန်မြန်သွားနိုး။ တော်ကြာဒီကောင်ကြီးမီလာလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ကိုညိုမောင်က ပြောပြောဆိုဆို လှေကြိုးဖြေကာ ထိုးဝါးနုတ်လိုက်ပြီး လှေဦးကို မြစ်ဘက်သို့ထိုးလှည့်လိုက်သည်။

သူ ပဲ့ပိုင်းဘက်အပြေးသွား၍ စက်နှိုးကာ၊ လှေကိုပဲ့ကိုင်မောင်းထွက်လိုက်သည်။

ဇရပ်တောထဲရှိစဉ်က မိန်းကလေးတစ်ဦးကိုယ်ထင်ပြလာသည့် သည်းထိတ်ဖွယ်ဖြစ်ရပ်ကိုပင် တည်တည်ငြိမ်ငြိမ်နှင့် မတုန်လှုပ်ခဲ့သည့်ကိုညိုမောင်။ သည်တစ်ခါ ထိတ်လန့်တုန်လှုပ်နေပုံက အံ့ဩစရာကောင်းလောက်အောင် မျက်နှာတစ်ပြင်လုံး သွေးမရှိတော့သလို ဖြူရော်ရော်ဖြစ်နေ၏။

သူလှေကို မီးသွေးဖောင်းဆီ ဦးတည်လိုက်စဉ်မှာပင် မိုးကရုတ်ခြည်း ရွာချလာသလို လေကလည်းအုသံပေး၍ တိုက်ခတ်လာတော့သည်။

နှင်းရီ။

သူ နှင်းရီကို အရမ်းစိုးရိမ်သွားမိ၏။

နှင်းရီ၏ အိပ်မက်အရသူအသစ်ပင်မပိသော်လည်း မိုးရွာမည်၊ လေတိုက်မည်၊ တဲပြိုမည်ဆိုတော့ -

ယခု မိုးအရွာလေပြင်းအတိုက်၌ မီးသွေးဖောင်းရှိ သူတို့နေသည့်တဲကလေး အမှန်တကယ်ပင် ပြိုသွားလိမ့်မည်လော။ ထိုအခါ ကိုယ်ဝန်အရင့်အမာကြီးနှင့် ချစ်သောနှင်းရီ ဘယ်လိုရှိရှာမလဲ။

ဇရပ်တောထဲ ကိုယ်ထင်ပြလာသည့် နှင်းရီနှင့်တူသောမိန်းကလေး။

ထိုမိန်းကလေးသည် နှင်းရီကို မည်ကဲ့သို့ကိုယ်စားပြုပါသနည်း။

ငယ်ထိပ်ဆောင့်တက်လာသည့် ပူပန်စိတ်ကြောင့် အဆမတန်ခုန်လှုပ်လျက်ရှိသော သူ၏ရင်ခုန်သံကို သူ့နားက ပြန်လည်ကြားနေရသည်သို့ ရှိ၏။

သူ နှင်းရီထံ အမြန်ဆုံးရောက်ချင်စောဖြင့် စက်လီဗာကို အဆုံးထိ ဆွဲဖွင့်လိုက်တော့သည်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com




# ဝိညာဉ်လိုက်တဲ့ည

ငါ့သားကို သတ်သွားတာ သန်းကျော်လား။ မိုက်လိုက်တဲ့ကောင်ကွယ်။ ပြောစမ်း အမေ ဘာလုပ်ရမလဲ”

ယခုကာလကြီးတွင် သားကောင်းသမီးကောင်းရသည့် မိဘများအတွက် ကျောက်အောင်သလို ကုသိုလ်ထူးလှသည်ဟု ဆိုရပေမည်။ အစစအရာရာ ပြောင်းလဲတိုးတက်နေသည့် ကာလကြီး၊ လူတွေကလည်း ခေတ်နှင့်အမီတိုးတိုးဝှေ့ဝှေ့လိုက်နေကြရ၏။ သူ့ထက်သူ လူစွမ်းကောင်းဖြစ်အောင် ကြိုးစားနေကြ၏။ ခေတ်ကြီးက ညံ့တဲ့လူခံစတမ်းခေတ်ကြီး။ ကိုယ်ကတစ်လှမ်းနောက်ကျသွားလို့ကတော့ ဘယ်သူ့မျှလက်တွဲမှာ မဟုတ်။ စေတနာ၊ မေတ္တာ၊ အကြင်နာ၊ စာနာမှုများ မှုန်ဝါးသွားခဲ့ပြီးဖြစ်၏။

မောင်နှင့်နှမ၊ သားနှင့်သမီးကြားမှာလည်း မေတ္တာ၊ စေတနာစိတ်များ ပြယ်လွင့်မှုန်ဝါးသော အချိန်လည်းဖြစ်၏။ မေတ္တာထက်အသပြာကသာ အရာရောက်လာသောခေတ်ကြီး။ ကိုယ်လဲလို့ကတော့ ကိုယ့်ဘာသာကိုယ်ထ၊ မထလို့ကတော့ခံလေတော့ဆိုသည့် ကာလကြီး။ သားသမီးတွေကလည်း မိဘကြီးများ၏ မေတ္တာကိုဂရုမမူကြတော့။ သူတို့ချမ်းသာဖို့၊ သူတို့ထိပ်တန်းရောက်ဖို့သာ အဓိကဖြစ်လာကြ၏။

သားသမီးဆိုးများ မွေးမိသည့်မိဘကြီးများကတော့ ဘဝတစ်လျှောက်လုံး ကျောကော့အောင်ခံခဲ့ကြရ၏။ သားသမီးဆိုးသမျှ အံကြိတ်ပြီးခံကြရ၏။

ယခုလည်း ဒေါ်နှင်းရီဘဝက သားဆိုးသမီးဆိုးများမွေးခဲ့သည့် ပမာပင်။



www.burmeseclassic.com

www.burmeseclassic.com

အကြီးဆုံးသားဖိုးကျော်ဆိုလျှင် အသက်နှစ်ဆယ်ကတည်းက အိမ်တစ်ခြမ်း ရောင်းပေးလိုက်ရပြီး သဘော်လိုက်သွားခဲ့၏။ ထိုကတည်းက သူနှင့်အဆက် အသွယ်ပြတ်သွားခဲ့ပြီး နိုင်ငံခြားမှအပြန် မြို့တစ်မြို့တွင်အိမ်ထောင်ကျနေပြီ ဟု သိရ၏။ အမေကိုသာကြောင်းမာကြောင်းတောင် ဖုန်းမဆက်။ အလတ်မ ခင်ခင်ကြီးကျတော့လည်း ပွဲစားတစ်ယောက်နှင့်လက်ထပ်သွားကာ သူ့အိုး သူ့အိမ်ဖြစ်နေ၏။ အိမ်ဘက်ကို ခြေဦးတောင်မလှည့်။

အငယ်မခင်ခင်ထွေးကျတော့ မဟုတ်ကဟုတ်က ယောကျ်ားနှင့်ညားကာ ကလေးနှစ်ယောက်မွေးအပြီး ယောကျ်ားကပစ်သွားသဖြင့် အိမ်မှာသောင်တင် နေ၏။ အငယ်ဆုံးသားသန်းကျော်ကတော့ သားသမီးထဲမှာ အဆိုးဆုံး။ အလေ ဆုံး။ အမိုက်ဆုံး။

မိဘကြီးနားကပ်သည်လည်းမရှိ၊ အိမ်ပြန်မအိပ်သည်မှာလည်းအခါခါ။ ပထမတော့ ဒေါ်နှင်းရီသန်းကျော်အတွက် ညညပြန်မလာသဖြင့် စိုးရိမ်ကြီးစွာ နှင့် မအိပ်နိုင်ဘဲမျှော်နေမိ၏။

လာတော့လည်း မူးရူးရမ်းကားတတ်၏။ မူးလာချိန်ဆိုလျှင် အမေကို အမေမှန်းမသိ။ သန်းကျော်ကြောင့် ရင်ထဲနင့်နင့်စူးစူးကို ခံစားရ၏။ ကြက်ဝိုင်း ဖမ်းသွားတုန်းက လည်း သန်းကျော်ရှိရာ မြို့ကအချုပ်ဆီ မပြင်မစမ်းနှင့် လိုက်ခဲ့ရဖူးသည်။

ဒေါ်နှင်းရီမှာ။ အရွယ်ရလာသည်နှင့်အမျှ မျက်စိရောဂါက အတော် လေးဆိုးဝါးလာပြီဖြစ်၏။ ဘာကိုမျှ ထင်ထင်ရှားရှားမမြင်နိုင်တော့။ ကြည့်လိုက် လျှင်လည်း ဝေနေသလိုခံစားရ၏။ အငယ်မခင်ခင်ထွေးမှာ သူ့ကလေး နှစ်ယောက်နှင့် တစ်ယောက်ဘည်း လုံးထွေးပတ်ချာလည်နေသဖြင့် သူ့ကို မကြည့်အား။

ထိုအခါ ဟိုဟိုဒီဒီသွားလာတာကအစ 'နာကျား' ကိုအားကိုးနေရ၏။ 'နာကျား'ဆိုသည်မှာ အိမ်ကိုဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ခွေးကြီး။ သူ့ဒါးအမြင့်လောက်ရှိ၏။ တအားလိမ္မာသည့်ခွေးကြီး။ သူ့ကိုလည်းချစ်လှ၏။ အနားကမခွာ။ သူအပြင်သွားလျှင်ဘေးက ရစ်သီရစ်သီနှင့် လိုက်တတ်၏။



အတူလျှောက်နေစဉ် ရေမှာချိုင့်တွေ၊ ခလုတ်တွေ၊ ငုတ်တွေမြင်လျှင် ထဘီစကိုသွားနှင့် ကိုက်ကာဝေးရာခေါ်သွားတတ်၏။ ခွေးက ခွေးကြီးဆိုတော့ တခြားခွေးတွေ သူ့ကိုကြောက်ရ၏။ အသံကြီးကလည်း ရင်ခေါင်းသံကြီးပါ ၏။ အမွေးအမျှင်ရှည်ဖွားဖွားနှင့် အတော်ချစ်စရာကောင်းလှသည့် ခွေးကြီး။ သူရေချိုးလျှင် ဆပ်ပြာခွက်၊ ရေခွက်ကအစ ကိုက်ချီယူပြင်ပေးတတ်၏။

ထို့ကြောင့်လည်း သူ့စားသည့်အထဲက နာကျားအတွက်ချန်ပြီး ကျွေးမွေး လေ့ရှိ၏။

ဖြစ်ပဲ လူစိမ်းဝင်လည်းမရ၊ သူ့နိုးမကပ်ရဲ၊ ဖြူအတော်လုံသည့်ခွေးကြီး။ သန်းကျော်က နာကျားကိုကြည့်၍မရ၊ အမေက သူ့စားဖို့ဟင်း ထမင်းကောင်း ကောင်းကာန်းကာန်းချန်သည်မဟုတ်။ နာကျားကျတော့ အသားတွေ၊ ငါးတွေ ထည့်ပြီးကျွေးနေတာကို ကြည့်မရ။ ထို့ကြောင့်လည်း သန်းကျော်ပြန်လာလျှင် နာကျားနှင့်တကျက်ကျက်။

တွေ့ရာတုတ်ဆွဲပြီး ရိုက်တတ်သလို ပါးစပ်ကလည်း ဆဲဆိုရေရွတ်တတ် ၏။ မိခင်ကြီးပြောတော့ မိခင်ကြီးဘက်လှည့်ပြီး ပြဿနာရှာတတ်၏။ နာကျား ကြီးကတော့ သန်းကျော်အထာကို သိနေပြီဖြစ်သည်။ ခြံထဲဝင်လာလျှင် နာ ကျား နောက်ဖေးခြံထောင့်က ဝါးရုံကြားမှာဝပ်နေတတ်၏။

နာကျားကြီးက ဒေါ်နှင်းရီအိပ်တဲ့ အိမ်နောက်ဘက်ထင်းတွေလှောင်သည့် တဲကလေးမှာအိပ်၏။ ဒေါ်နှင်းရီသည် နာကျားကို သားသမီးများထက် ပို၍ ယုံကြည်၏။ ပို၍ တွယ်တာ၏။

ဒေါ်နှင်းရီက မျက်စိမှုန်သော်လည်း အိမ်နှင့်မဝေးလှသည့် ပဲခွဲစက်မှာ အလုပ်လုပ်၏။ ပဲရွေးပဲကောက်အလုပ်ကို လုပ်ခဲ့သဖြင့် နေ့စဉ်ဝင်ငွေရှိ၏။ ထိုဝင်ငွေထဲက တစ်ဝက်ကို စုဘူးထဲထည့်ကာ နာကျားအိပ်သည့် ထင်းတဲတွင် ဝှက်ထား၏။

စုခဲ့သည်မှာလည်း လချီနေပြီဖြစ်၏။ ဝိုက်ဆံစုရခြင်းရည်ရွယ်ချက်မှာ တစ်ဖက်က ကိုယ့်အသုဘစရိတ်အတွက်ပါသလို တစ်ဖက်ကလည်း ကိုယ် မသေခင် အဝေးရောက်သားသမီးများထံ သွားရောက်လည်ပတ်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

စဘူးကို သန်းကျော်မြင်မှာပဲ စိုးရိမ်မိ၏။ နာကျားကတော့ စဘူးအောက်မှာ အိပ်သဖြင့် သူ့အနားကိုအငယ်မခင်ခင်ထွေးတောင် မကပ်ရဲ။ နာကျားကိုယ်တိုင်လည်း သူစုထားသည့် စဘူးကိုစောင့်ရှောက်ရန် အသိရှိပုံရလေ၏။ စဘူးယူရန်မပြောနှင့် ထင်းတဲထဲတောင်အဝင်မခံ။

ဒေါ်နှင်းရီကတော့ စုထားသည့်ငွေ အတော်ကလေးရနေပြီဖြစ်၍ တစ်ချိန်ချိန်ဆယ်နှစ်နီးပါး ဖြတ်တောက်ထားခဲ့သော သားကြီးဆီသွားရန် စိတ်ထဲရည်မှန်းထား၏။ သားက တုံးတုံးချဖြတ်နိုင်သော်လည်း မိခင်ဖြစ်သည့်သူကတော့ အမြဲတမ်းသတိရနေ၏။ သားငယ်ငယ်တုန်းက ဝတ်ခဲ့သည့်အဝတ်အစားများ၊ ကစားစရာများ ယခုထိသိမ်းဆည်းထားဆဲ။ သတိရလာလျှင် ထုတ်ထုတ်ကြည့်၍ အလွမ်းဖြေရဆဲ။

သားကြီး၏ အသွင်အပြင်ကို စိတ်ကူးကြည့်ရတာလည်းအမော။ သားဦးဆိုတော့လည်း ဘယ်လိုမှမေ့နိုင်စွမ်းမရှိ။ ရထားသည့်လိပ်စာက မိုင်ငါးရာခြောက်ရာဝေးလှသည့် မြို့ကြီးတစ်မြို့။ ကုန်းလမ်းရောရေလမ်းနှင့်ပါ သွားရမည်။ သူသွားလျှင် နာကျားကြီးပါ ခေါ်သွားရန်စိတ်ကူးထား၏။

ထို့ကြောင့် စဘူးထဲစုထားသည့်ငွေကို တွက်ရတာအမော။ စဘူးကြီးရှိမရှိလည်း ထုတ်ထုတ်ကြည့်ရတာအမော။ စဘူးကိစ္စကို အငယ်မခင်ခင်ထွေးတောင် အသိမပေး။ ကိုယ့်လုပ်အားခနှင့်ရသည့်ငွေကလေးကို အသုဘစရိတ်နှင့် မသေခင်သားကြီးထံ သွားလည်ဖို့သာကြိုစည်တွေးခဲ့၏။

ထိုအချိန်တွင် မိခင်ကြီးထင်းတဲထဲဝင်ပြီး ကုပ်ချောင်းကုပ်ချောင်းလုပ်နေသည်ကို သန်းကျော်ရိပ်မိလာ၏။ တဲနားက ချောင်းကြည့်လိုက်တော့ မိခင်ကြီးလက်ထဲမှ စဘူးကြီးကိုမြင်လိုက်ရသဖြင့် သန်းကျော်အကြံကြီး ကြံလေတော့၏။

ဦးဆုံးဖယ်ရှားရမှာက နာကျားကြီး။ နာကျားကြီးက ခွေးပါးကြီး။ သူ့အနား လည်းမကပ်။ သူကြိုက်သည့်အသားစ၊ အရိုးစများနှင့် နာကျားကြီးကို ယဉ်ပါးအောင်ပြန်လုပ်ရ၏။ နာကျားကြီး၏ သူ့ကိုကြည့်သော အကြည့်များက သင်္ကာမကင်းသည့် အကြည့်များဖြစ်၏။ သူ့အနားကပ်လျှင် မာန်မဲလျက်ဟိန်းဟောက် ညည်းတွားတတ်၏။



သန်းကျော်ကလည်း အကြံကြီးလှသည်။ လက်ထဲပိုက်ဆံပြတ်နေပြီမို့ အတော်ကိုခံစားနေရ၏။ ထို့ပြင် စဘူးကိုအချိန်မလပ်စောင့်ကြပ်နေသော နာကျားကြီးကို ဖယ်ရှားရန် အမျိုးမျိုးကြံစည်ခဲ့၏။

တစ်ရက်တွင် နာကျားကြီးကို အိပ်ဆေးလူးထားသည့် အမဲသားတုံးပစ်ပြီး ထောင်ချောက်ဆင်ခဲ့ကာ နာကျားကြီးအဒိုက်မိပြီး မြေပြင်မှာ တုံးလုံးလဲအိပ်ပျော်သွားလေ၏။ ထိုအခါ နာကျားကြီးကို ကြိုးခွေနှင့်တုပ်၍ ရွာနောက်ဘက် ဘိုးလှချောင်းထဲပစ်ချလိုက်၏။ ထိုအချိန် မိခင်ဖြစ်သူဒေါ်နှင်းရီမှာ စက်ရုံထဲတွင် ပဲရွေးနေ၏။

သန်းကျောသည် နာကျားကြီးကိုဖယ်ရှားပြီးသည်နှင့် ထင်းတဲထဲဝင်ကာ စဘူးကိုဆွဲထုတ်၍ ထက်ခြမ်းခွဲချလိုက်၏။

'ဟ' ငွေတွေအောတိုက်ပါလား။ အမေက ငါ့တော့မပေးဘူး။ သူ့သားသမီးတွေပေးဖို့ စုနေတာဖြစ်မယ်။ တော်တော် သဒ္ဓါတရားနည်းတယ်၊ ခုတော့ ဘာထတ်နိုင်သေးလဲ။

ငွေပုံကြီးမြင်တော့ အတော့်ကိုပျော်နေတာ၊ နောက်ဆုံးအဝတ်ကြီးထဲကျုံးထည့်ပြီး ရွာထဲသို့ထွက်လာသည်။ ရွာထဲမှာ ကြက်ဝိုင်းမရှိတော့ ငါးမိုင်လောက်ဝေးသည့် လေးစုကန်ရွာဘက်ကို ထွက်လာ၏။ လမ်းတစ်လျှောက် ထန်းရည်တွေ့ထန်းရည်သောက်၊ မီးတောက်တွေ့ မီးတောက်ချနှင့် လေးစုကန်ရောက်တော့ လူကလည်းမူးနေပြီ။ ညဦးကလည်း အတော်နက်နေပြီဆိုတော့ ကြက်ဝိုင်းမသွားနိုင်ဘဲ သံချောင်းတို့တဲမှာ အိပ်လိုက်ရ၏။

ထိုအချိန် ပဲစက်မှပြန်လာသော ဒေါ်နှင်းရီသည် သူ့အားကြိုနေကျ နာကျားကြီးကို မမြင်တော့ ဟိုဟိုဒီဒီ အမောတကောရှာဖွေလိုက်၏။

ဘယ်မှာမှမတွေ့။ အသံလည်းမကြား။ သူလာလျှင် အမြီးလေးတထောင်ထောင်နှင့် အပြေးလာလေ့ရှိသောနာကျား။ အရိပ်အယောင်ကိုမမြင်ရသဖြင့် စိတ်အပူကြီးပူသွားမိသည်။

ထို့ပြင် ထင်းတဲထဲမှစဘူးကို သတိရလာသဖြင့် တဲရှိရာစမ်းတဝါးဝါး လျှောက်ရင်း အထဲသို့ဝင်ခဲ့၏။ စဘူးထားသည့်နေရာတွင် ရှာဖွေလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com

သူ့အကြီးအကျယ် ထိတ်လန့်သွားလေသည်။

"အောင်မယ်လေးတော် စုထားတဲ့စုဘူးလေး မရှိတော့ပါလား။ ဘုရား ဘုရား ဒုက္ခပါပဲ ခင်လေး ...ဟဲ့ ခင်လေး"

"ရှင်"

"လာပါဦးဟဲ့"

"ဘာလဲ အမေရာ။ အပြင်ကမောမောနဲ့ ပြန်လာတာ ဘာဖြစ်လို့လဲ"

"ငါ ငါစုထားတဲ့ စုဘူး အခိုးခံရလို့ဟဲ့"

"အမေကလည်း ဘယ်တုန်းကစုထားတာလဲ။ ကျုပ်တောင်မသိပါလား"

"အော် အမေ့အတွက် စုထားတာပါကွယ်"

"အဲဒါတော့ ကျွန်မလည်းမသိဘူး။ သန်းကျော်ကို မေးကြည့်ဦးလေ။ အိမ်ကို ကပ်တာသုံးလေးရက်ရှိနေပြီ။

"ဟုတ်ပါ့၊ ဒီကလေး ငါ့ ငါ့စုဘူးယူသွားပြီလား။ ဘုရား ဘုရား တော် တော် ဒုက္ခပေးတဲ့ကလေးပါလားအေ။ ပြီးတော့ နားကျားလည်းမမြင်ဘူး။ ညည်း မြင်သေးလား"

"ကျွန်မလည်း မမြင်ဘူး"

"အောင်မယ်လေး။ သားလေးတော့ အကျိုးနည်းပါပြီထင်ပါရဲ့။ နားကျား ရေ ဖိုနားကျား"

ဒေါ်နှင်းရီ အကြီးအကျယ် ချောက်ချားကြေကွဲသွားခဲ့၏။ နားကျားကို လည်း တကြော်ကြော်ခေါ်မိ၏။ စုထားသည့်စုဘူး ပျောက်သွားသည့်ခံစားချက်၊ သားအရင်းလို ခင်တွယ်မိသည့် နားကျားကြီးပါပျောက်သွားသဖြင့် ဒေါ်နှင်းရီ အရူးကြီးတစ်ယောက်လို ခံစားနေရ၏။ ရွာထဲတွင် နားကျားကိုတကြော်ကြော် လိုက်ခေါ်မိ၏။ ရွာသားတွေကလည်း စိတ်မကောင်းဖြစ်နေကြ၏။

ထိုစဉ် ဘိုးလှချောင်းဘက်မှ ပြန်လာသော ရေလုပ်သားကိုကြိုင်က ရေတမျှော်ရှိ၍ သေဆုံးနေသော နားကျားအလောင်းကို ဆွဲချလာ၏။ ထိုမြင်ကွင်း ကို အသေအချာမြင်တော့ ဒေါ်နှင်းရီရင်ထုပြီး ကြေကြေကွဲကွဲအော်ငိုရှာ၏။



သူ့စိတ်ထဲ သူစုထားသည့် စုဘူးကြောင့် နားကျားကြီး ကြားကသေရသည်ဟု ထင်၏။

"သားကြီးရယ် ငါ့သား အမေ့လောဘကြောင့်သေရတာ အမေ စိတ် မကောင်းလိုက်တာကွယ်။ ငါ့သားကို သတ်သွားတာသန်းကျော်လား မိုက်လိုက် တဲ့ကောင်ကွယ်။ ပြောစမ်း အမေဘာလုပ်ရမလဲ"

ဒေါ်နှင်းရီအဖြစ်ကို တစ်ရွာလုံးစိတ်မကောင်းဖြစ်ခဲ့ကြ၏။ နောက်ဆုံး နားကျားကြီးကို ရွာအပြင်ဘက် သင်္ချိုင်းအစပ်မှာ ကျကျနနမြှုပ်နှံလိုက်လေ၏။

ထိုအချိန်တွင် ငွေထုပ်ကြီးခေါင်းအုံးကာ သံချောင်းတို့အိမ်ရှေ့တန်းလျား ပေါ်တွင် အိပ်ပျော်နေသော သန်းကျော်တစ်ယောက် မထင်မှတ်ဘဲ ခြေထောက် ကို ခွေးဆွဲခံလိုက်ရသလို ခံစားရလေ၏။

"အောင်မယ်လေးဗျ ကိုက် ကိုက်တယ်"

"ဟာ ဘာဖြစ်တာလဲ သန်းကျော်"

"ခွေး ခွေးဆွဲလို့"

"ဟေ ဘယ်ကခွေးတုံး။ ခွေးလည်းမမြင်ပါလား။ ဘယ်မှာလဲဒဏ်ရာ"

"ညာ ညာဘက်ခြေထောက်၊ အောင်မယ်လေးဗျ နာလိုက်တာဗျာ"

"ဟင် ဒဏ်ရာလည်း မမြင်ပါလားကွ"

"ဟာကွာ သံချောင်းကလဲ"

သံချောင်းလည်း နားမလည်နိုင်၊ သန်းကျော်က ညာဘက်ခြေထောက်ကြီး တမမနှင့် အော်ဟစ်နေ၏။ ခြေထောက်ကို ဆွဲကြည့်တော့လည်း ဘာဒဏ်ရာ မှမမြင်၊ ပြောတော့လည်း သန်းကျော်မယုံ။

"ဟာကောင်၊ ငါတကယ်ပြောတာကွ"

"ငါ့ ငါ့ကို ဟိုကောင်ကြီးဝင်ဆွဲတာ"

"ဘယ်ကောင်ကြီးလဲ"

"အမေ့ခွေးကြီးကွ နားကျားကြီး"

"ဟာ မင်းကလည်း မဟုတ်သေးပါဘူးကွာ"

"ဟုတ်တယ်။ အား နာတယ် နာလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

သန်းကျော် အိပ်နေရာမှငုတ်တုတ်ထိုင်ရင်း ခြေထောက်ကို နှိပ်၍အော်ဟစ်နေ၏။ ထိုစဉ် မြွေအရှေ့ဘက် ဝါးရုံကြားမှ သူ့ကိုနွားကျားကြီး ချောင်းနေသည်ဟု မြင်လာ၏။

"ဟာ ဟို ဟိုမှာ နွားကျားကြီး"

"ဘယ်မှာလဲကွာ"

"ဟိုမှာကွ။ ဝါးရုံပင်ကြားမှာ ငါ့ကိုချောင်းနေတယ်။ ဒါ ခဲနဲ့ထုစမ်း"

"ဟာ ဘာကောင်မှ မရှိပါဘူးကွာ"

"ရှိ ရှိတယ်၊ နွားကျားချွေးမသား ချွေး အား နာလိုက်တာကွာ"

သန်းကျော် မရိုးမရွဖြစ်နေ၏။ သံချောင်း ချာချာလည်လည်ဖြစ်နေပုံကို အားမရ။ ခြေထောက်နာကျင်နေမှုကို ဂရုမစိုက်နိုင်ဘဲ တန်းလျားပေါ်မှ အတင်းထ၊ စားပွဲပေါ်တင်ထားသည့် ထင်းခုတ်ဓားမရှည်ကြီးကိုင်ကာ ဝါးရုံပင်စပ်သို့ ရောက်သွားသည်။

နွားကြာကြီးရှိမည့်နေရာကို အတင်းဝင်ခုတ်ရာ ဂုန်းခနဲမြည်ဟည်းသံကြီးနှင့်အတူ ပုန်းနေသောနွားကျားကြီးက မျက်နှာကိုခုန်ခဲလေ၏။

"အား လုပ်ကြပါအုံး ဟဲ့ ချွေး ဟဲ့ချွေး အောင်မယ်လေးဗျာ။ သံချောင်းကယ်ပါဦးကွ"

"ဘာတုံးဟ ဘာမှလည်းမမြင်ပါလား"

"ငါ့ ငါ့မျက်နှာကို ကိုက်နေတယ်။ သေ သေပါပြီဟ"

သန်းကျော်လည်းချောင်းကြီး ပေါက်သွားအောင်အော်ဟစ်နေ၏။ နွားကျားကြီးကလည်း သူ့ကိုခွစီးထားသဖြင့် ယက်ကန်ယက်ကန်ဖြစ်နေ၏။ သို့သော် ထိုမြင်ကွင်းကို သံချောင်းနားမလည်။ သန်းကျော်ပက်လက်ကြီးလဲကျပြီး ခြေထောက်ကားရားလက်ကားရား အော်ဟစ်နေသော်လည်း သူ့ကိုယ်ပေါ် ဘယ်သူမှမမြင်။

သန်းကျော်ပုံစံက တွန့်လိမ်ကောက်ကွေး လူးလာအော်ဟစ်နေ၏။ ချွေးကြီးက မျက်နှာမှတစ်ဆင့် လည်ပင်းကိုခဲထားသည့်ပုံ၊ သန်းကျော်ခမျာ အော်ရင်းဟစ်ရင်းနှင့် တဖြည်းဖြည်းငြိမ်ကျသွား၏။



သံချောင်းအနားသို့ အပြေးရောက်သွားကာ သန်းကျော်ကိုမွေ့လိုက်၏။

"သန်းကျော် သန်းကျော် ပေှာကောင်၊ ဟာ အသက်မရှူတော့ပါလား။ ဘုရား ဘုရား ဘယ်လိုဖြစ်တာလဲ။ ထူးဆန်းလှချည်လားဟ"

သန်းကျော်ကိုယ်လုံးကြီးကိုမွေ့ရင်း တစ်ယောက်တည်း အံ့သြတကြီး ရေရွတ်နေစဉ် ခြံထဲသို့ရေတွေရွှဲစိုနေသော ချွေးကြီးတစ်ကောင်ဝင်လာကာ သန်းကျော်၏ ပိုက်ဆံအိတ်ကြီးကို ကိုက်ချီ၍ထွက်ပြေးသွားလေတော့၏။

သံချောင်း၊ သည်ချွေးကြီးကို အော်ဟစ်မောင်းနှင်ကာ ရိုက်မယ်လို့ နောက်က ပြေးအလိုက်တွင် ချွေးကြီးလည်း ရွာလမ်းမပေါ်တွင် အစအန ပျောက်ကွယ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

# ဂန္ထီရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲ

## ပြိုင်ပွဲဝင်စာမူ ဖိတ်ခေါ်ခြင်း

ဂန္ထီရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲကို အောက်ပါစည်းကမ်းချက်များအတိုင်းပြုလုပ်ရန် စီစဉ်ထားပါသည်။

၁။ စာမူပြိုင်ပွဲတွင် ကလောင်ဟောင်း၊ ကလောင်သစ်၊ ကလောင်ရှင်၊ ကလောင်နု၊ ဓါသနာရှင်မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများအား အဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး စာမူတစ်ပုဒ် ရွေးပြီးစေပါ သုံးသပ်ချက်နှင့်တကွ လစဉ်မြန်ကြားပေးသွားပါမည်။

၃။ ပြိုင်ပွဲဝင်စာမူများအနက် ဆုမရသည့်တိုင် ဂန္ထီရလောကမဂ္ဂဇင်းတွင် အသုံးပြုနိုင်လျှင် အသုံးပြုပေးပါမည်။

၄။ ဆုရစာမူအတွက် တမူခ ကျပ် ၁၀၀၀ တိတိ ချီးမြှင့်ပါမည်။

၅။ ပင်ကိုရေးဝတ္ထု၊ သို့မဟုတ် အမှီးဝတ္ထု (adaptation) များဖြင့် ပြိုင်ပွဲဝင်နိုင်ပါသည်။ အမှီးဝတ္ထုဖြစ်လျှင် မူရင်းဝတ္ထုအမည်နှင့် စာရေးဆရာ၏အမည် ဖော်ပြပါရှိရမည်ဖြစ်ပါသည်။

၆။ ပြိုင်ပွဲဝင်စာမူပေါ်တွင်လည်းကောင်း၊ ပေးပို့သည့်စာအိတ်ပေါ်တွင်လည်းကောင်း ပြိုင်ပွဲဝင်စာမူဟု ထင်ရှားစွာရေးသားပြီး ဂန္ထီရလောကမဂ္ဂဇင်းတိုက်သို့ ပေးပို့ရပါမည်။

၇။ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်အစား ဓာတ်ပုံနှင့်တကွ အမည်ရင်း၊ နိုင်ငံသား ကတ်နံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို ဖော်ပြပေးစေလိုပါသည်။


၈။ ရွေးချယ်ခြင်းမခံရသော စာမူများကို ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါ။

၉။ လစဉ်ပြိုင်ပွဲဖြစ်ပြီး လစဉ်စာမူများ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

၁၀။ ပြိုင်ပွဲဝင်စာမူသည် မည်သည့်မဂ္ဂဇင်းတွင်မျှ ဖော်ပြခြင်းမခံရသေးသည့်စာမူဖြစ်ကြောင်းနှင့် ယင်းစာမူအတွက် အစစတာဝန်ယူကြောင်းကိုလည်း ဖော်ပြ ပါရှိစေလိုပါသည်။

၁၁။ အခွင့်သင့်ပါက ဆုရစာမူများကို စုစည်း၍ လုံးချင်းစာအုပ်အဖြစ် ဆုပြည့်စုံတွန်းစာပေမှ စီစဉ်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
ဂန္ထီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# သန်းခေါင်ယံ စောင်းကြိုးပြတ်ည

တံခါးပိတ်ထားသော ပြတိုက်ထဲမှ စောင်းကို ပိုင်စိုးပိုင်နင်း တီးခတ်နေတာ ဘယ်သူလဲ။ အံ့ဩတကြီးဖြင့် ကျွန်တော်၏ နှလုံးခုန်သံသည် စည်းလွတ်သောအသံကြား လူသားစားပုံသံကို ပြည်ဟည်းလာသည်။

"ဟောဒီဦးဒေဝ ပိုင်ဆိုင်တဲ့ရှေးဟောင်းပြတိုက်ကလေးမှာ အလုပ်လုပ်ရတာအင်မတန် စိတ်ချမ်းသာစရာကောင်းပါတယ်။ ဒို့တူတို့အလုပ်က လုံခြုံရေးအလုပ်လေကွာ။ လူဝင်လူထွက်ကတော့ သိပ်မများလှပါဘူး။ ဝန်ထမ်းတချို့တလေ၊ ကျောင်းသားတွေလောက်ပဲများတယ်။ ဒီတော့ လူဝင်လူထွက်အကဲခတ်၊ မေးတာလေးတွေသိသလောက်ရှင်းပြ၊ ရှေးဟောင်းပစ္စည်းတွေကြည့်ရှုစောင့်ရှောက်၊ ဒီလောက်ပါပဲကွယ်။ ဒါပေမဲ့ မိုးရာသီဆိုရင် လူနည်းတာပေါ့ကွာ၊ မင်းက ဦးဒေဝတူဆိုတော့၊ လုပ်ရကိုင်ရတာ ပိုအဆင်ပြေတာပေါ့ကွာ"

ကျွန်တော်သည် လုံခြုံရေးတာဝန်ခံ ဦးဘတူကိုအကဲခတ်ရင်း–

"ဦးလေး တခြားအခက်အခဲတွေဘာတွေ များရှိဦးမလဲ။ ဦးဘတူသိသလောက်ပြောပြပါဦး။ ဒီပြတိုက်မှာ ဦးဘတူနဲ့ကျွန်တော်က အဓိကတာဝန်ရှိတဲ့လူဆိုတော့ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်လို့ပဲ သဘောထားပါတယ်ခင်ဗျာ။ ကျွန်တော်ကအခုမှ တာဝန်ထမ်းဆောင်ဖို့ ဦးလေးဦးဒေဝခေါ်တာနဲ့ ရောက်လာတဲ့ လူမဟုတ်လား။ ဘာတွေခက်ခက်ခဲခဲလုပ်ရမယ့်ကိစ္စတွေ ရှိပါသလဲ"

နှစ်ပေါင်းမြောက်မြားစွာ ပြတိုက်လုံခြုံရေးတာဝန်ကို ထမ်းဆောင်လာခဲ့သော ဦးဘတူသည် ကျွန်တော်၏ဦးလေး ဦးဒေဝ၏လူယုံတစ်ဦးဆိုတာ မမှားပါ။ သူသည် လူသစ်ဖြစ်သော ကျွန်တော့်ကိုဖျတ်ခနဲတစ်ချက်ကြည့်ကာ မျက်



လွှာချလိုက်သည်။ ဦးဘတူ၏ညိုမှိုင်းမှိုင်း မျက်ပေါက်ကျဉ်းကျဉ်းမျက်လုံးများသည် ထောင်ချောက်ထဲမှ ကြွက်တစ်ကောင်၏ မျက်လုံးများကဲ့သို့ ဂနာမငြိမ် ရွေ့လျားသွားခြင်းဖြစ်၏။

"အော် အင်း အခက်အခဲတွေကတော့ ကြီးကြီးမားမားမရှိပါဘူး။ ဒါပေမဲ့ တစ်ခါတစ်ရံလောကကြီးက ဆန်းကြယ်တာတွေ မထင်မှတ်ဘဲဖြစ်တတ်တယ်ကွ"

ဦးဘတူ၏မျက်ဝန်းညိုများကို ကြည့်ရင်း ကျွန်တော်၏သိလိုမှုတစ်ခုက ငြိုးမြက်သွားလေသည်။ သူဘာကို ဆိုလိုချင်ပါလိမ့်။ သူဘာကို ...

"ဘယ်လို မထင်မှတ်တာတွေလဲ ခင်ဗျာ"

သူ သက်ပြင်းတစ်ချက်ချလိုက်ပါသည်။ သူ၏မျက်ဝန်းများသည် ကြယ်သေတစ်လုံးလို ငြိမ်သက်နေသည်။

"ဒီလိုလေကွာ။ ဒီရှေးဟောင်းပစ္စည်းတွေဆိုတာ နှစ်ပေါင်းရာထောင်ရှိနေပြီဖြစ်တဲ့ တစ်ခါက တို့များဘိုးဘွားတွေပိုင်ဆိုင်ခဲ့ကြတဲ့ အဖိုးမဖြတ်နိုင်တဲ့ရတနာတွေမဟုတ်လားကွာ။ ဥပမာ ဒီပစ္စည်းတွေနဲ့သူတို့ရဲ့လက်တွေ၊ နှလုံးသားတွေ၊သွေးတွေ ထိတွေ့ခဲ့ကြတာမဟုတ်လား။ ဒါကြောင့် တစ်နေရာရာမှာ ပတ်သက်နေကြတယ်လို့ ပြောချင်တာပါ"

ပေါ့ဖွဖွ ပြောလိုက်သော ဦးဘတူ၏ရင်ထဲတွင် လျှို့ဝှက်စရာတစ်စုံတစ်ခု ပူးကပ်နိုဝင်နေကြောင်း ကျွန်တော်ခံစားလိုက်ရပါသည်။ ဒွိဟစိတ်များဖြင့် သူတစ်ခုခု ပြောချင်နေတာသေချာသည်။

"ဦးဘတူပြောတာ ကျွန်တော်သိပ်နားမလည်ဘူး ခင်ဗျ"

ဦးဘတူခေါင်းကို တစ်ဖွာနှစ်ဖွာ ရှိုက်လိုက်ပြန်သည်။

"ဟာကွာ ရှောက်ပြီးတွေးမနေနဲ့လေကွာ၊ ဒီမှာ ထူးထူးထွေထွေ ဘာပြဿနာမျှ မရှိပါဘူး။ ဖြေး ဒီနေ့လပြည့်နေ့နော်၊ လပြည့်နေ့ဆိုတော့ အင်း"

ကျွန်တော်သည် ရှုပ်ထွေးခက်ခဲသော ဝါကျတစ်ကြောင်းကို ဖတ်နေသလို ဦးဘတူကို အခါမလပ်အကဲခတ်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခြော် ဒီနေ့လပြည့်နေ့နော်" ဟု ခပ်လေးလေးပြောလိုက်သော သူ၏အသံသည် လျှို့ဝှက်ချက်တစ်ခုကို ကိုယ်စားပြုထားသည်ဟု ယုံကြည်သည်။ ကျွန်တော့်စိတ်ထဲတွင် မတင်မကျမှုဖြင့် လေးလံသွားမိသည်။ မမြင်နိုင်သော တစ်စုံတစ်ခုကိုလည်း တုန်လှုပ်သွားမိသည်ဟု ဝန်ခံလိုသည်။

"ဒီနေ့ လပြည့်ညဆိုတော့ ဘာဖြစ်သလဲဟင်"

ဦးဘတူသည် ပြတိုက်အဝင်ဝဆီသို့မျက်လုံးကို ရွေ့လိုက်သည်။

"ခြော် ဘာမှမဖြစ်ပါဘူးကွာ။ ဒီလိုပါပဲ ဟဲ ဟဲ ဟဲ။ ကဲ ကဲ မင်းလည်း လုပ်စရာရှိတာဆက်လုပ်တော့။ ငါလည်း အိမ်ပြန်ထမင်းစားဦးမယ်။ ငါ့ဂျူတီက မနက် ၆နာရီမှ ဝင်ရမယ်ဆိုတော့ ၆နာရီမထိုးခင် လာခဲ့မယ်ဟေ့"

ဦးဘတူသည် ကျွန်တော့်၏နောက်ဆက်တွဲ မေးခွန်းများကို ဆက်လက်ပြောကြားလိုဟန်မရှိခြင်း (သို့မဟုတ်) အမှန်တကယ် အရေးတကြီးကိစ္စရှိလေဟန်ပုံစံဖြင့် ကျွန်တော့်အပါးမှ ထွက်ခွာသွားလေသည်။ တကယ်တော့ ပဟေဠိတစ်ပုဒ်ကို ပစ်ချသွားခဲ့ခြင်းဖြစ်သည်။

အမှောင်ဘက်ဆီသို့ တဖြည်းဖြည်းရွေ့လျားလိုဟန်ဖြင့် ဆောင်းညနေခင်းသည် တိတ်ဆိတ်အေးစက်မှုဆီသို့ ရွေ့လျားလျက်ရှိပေသည်။

မြူနှင့်နှင်း ရောစပ်ထားသော အနက်နုရောင်အဆင်းသည် တဖြည်းဖြည်း နက်ရှိုင်းထူထဲလာလေသည်။ လရောင်ဖြင့် ဖျော့စပ်ထားသော အမှောင်နုနုသည် သစ်ရိပ်ထူထပ်သော တောအုပ်အလယ်သို့ နှစ်ဝင်စီးမျှော်လျက်ရှိ၏။ ဒါပေမဲ့ ကောင်းကင်မှာတော့ ဖြူညစ်ညစ်တိမ်တိုက်အချို့သည် ဟိုတစ်စ သည်တစ်စပြန့်ကျဲလျက် ရှိနေသည်။ အမှောင်ကြိုက်တတ်သော ပိုးကောင်ကလေးတွေ၊ ညပျော်ပန်းပွင့်ကလေးတွေ ပြတိုက်ဝန်းကျင်မှာ တစ်စတစ်စ သက်ဝင်နိုးထလာလေပြီ။

နိုပျို့မှုချုပ်ငြိမ်းစပြုနေသော ညနေရီအလင်းအိုသည် နောက်ဆုံးထွက်သက်အထိ ပတ်ဝန်းကျင်ကို သွေးရူးသွေးတန်းဆုပ်ကိုင်ထားလိုဟန် ရှိနေပေသေး သည်။



ကျွန်တော်သည် ပြတိုက်၏လုံခြုံရေးအခန်းမှထွက်ကာ နံရံမှာချိတ်ဆွဲထားသော လုံခြုံရေးသော့ခလောက်ကြီးကို ဖြုတ်ယူလိုက်ပါသည်။ ထို့နောက် နံရံကပ်နာရီကို လှမ်းကြည့်လိုက်မိသည်။

ညနေ ၆ နာရီထိုးရန် ၇ မိနစ်အလို(သို့မဟုတ်) ၅နာရီ ၅၃မိနစ်တိတိ။

ပြတိုက်ကို ၆ နာရီထိုးလျှင် ပိတ်ရပါတော့မည်။ ထို့ကြောင့် ကြိုတင်အသင့်အနေအထားဖြင့် သော့ခလောက်ကိုကိုင်ကာ ပြတိုက်၏အဝင်အဝဆီသို့ ထွက်လာခဲ့သည်။

ကျွန်တော်သည် ရထားလမ်း၊ ကားလမ်းဆုံရာတွင် တည်ရှိ၍စည်ကားလှသော မြို့ကလေးသို့ ဦးလေးဖြစ်သူ၏ ပြတိုက်ကိုကြီးကြပ်ကွပ်ကဲရန် ရောက်လာခဲ့ခြင်းဖြစ်သည်။

"ကြယ်တာရာအလင်း" အမည်ရှိ ပုဂ္ဂလိကပိုင်ပြတိုက်ကို ပိုင်ဆိုင်သူမှာ အသက် ၇၀ ခန့် ရှိ ဦးဒေဝဖြစ်သည်။ ဦးဒေဝသည် ကျွန်တော်၏ဦးလေးတော်စပ်သူဖြစ်သည်။ သူသည် ရန်ကုန်တက္ကသိုလ်မှ ကထိကတာဝန်ဖြင့် အငြိမ်းစားယူပြီးနောက် ချမ်းသာကြွယ်ဝသူဖြစ်သည့်အလျောက် သူတစ်သက်တာစုဆောင်းရှာဖွေ သိမ်းဆည်းထားသော ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ပစ္စည်းများ၊ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများနှင့်ပတ်သက်သော ပုရပိုက်များ၊ အသုံးအဆောင်ပစ္စည်းများကို ဘဝတစ်သက်တာတစ်လျှောက်လုံး ဝါသနာ၊ ဖွဲ့နှောင်ကြီးမားစွာ စုဆောင်းခဲ့ခြင်းဖြစ်သည်။ အငြိမ်းစားယူသောအခါ လုပ်သားပြည်သူများ၊ ဗဟုသုတပြည့်ဝရန်၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်မပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဇာတိမာန်တက်ကြွရန်ဟူသော ရည်ရွယ်ချက်များဖြင့် ငွေကုန်ကြေးကျခံကာ ပုဂ္ဂလိကပြတိုက်ငယ်တစ်ခုကို တည်ဆောက်ပြသခဲ့ခြင်းဖြစ်သည်။

"ငါ့ပြတိုက်က သိပ်ပြီးခမ်းခမ်းနားနား မဟုတ်ပေမဲ့ ပစ္စည်းတွေကတော့ ရှားပါးပစ္စည်းတွေပဲကွ၊ အေး ငါတို့နဲ့ဦးဘတူ တာဝန်ယူရမယ့်အဓိကကိစ္စကတော့ ပြတိုက်လုံခြုံရေးတာဝန်ရယ်၊ ရှားပါးပစ္စည်းတွေ မပျောက်မပျက်မပျက်စီးဖို့ ထိန်းသိမ်းပေးရမယ့်တာဝန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

''ဟုတ်ကဲ့၊ ကျွန်တော်တာဝန်ယူပါတယ် ဦးလေး''

ကျွန်တော်နှင့် ပြတိုက်လုံခြုံရေးတာဝန်ကိုယူရမည့် ဦးအာတူသည် အသက်ကြီးရင့်သော်လည်း ဖျတ်လတ်တက်ကြွသူဖြစ်ရာ လူငယ်ကလေးတစ်ယောက်နှင့်မခြားလှပေ။ လုပ်ငန်းတာဝန်ကို အကြောင်းပြုပြီး တစ်ခဏချင်းမှာပင် ရင်းနှီးကျွမ်းဝင်သွားကြသည်။ တာဝန်ဖယားခွဲခြားကြရာ လောလောဆယ် ကျွန်တော်က ပထမလဆန်း၏ ၁၅ရက်ကို ညပိုင်းတာဝန်ယူရမည် ဖြစ်သည်။

ညပိုင်းတာဝန်ကျသော ၃ ရက်မြောက်နေ့တွင် မည်သည့်ထူးခြားမှုမျှမရှိဘဲ ရှည်လျားသောညများကို ကုန်ဆုံးသွားခဲ့သော်လည်း စတုတ္ထမြောက်ညတွင် ကျွန်တော့်ဘဝဝယ်မထင်မှတ်သော ထူးခြားအံ့မခန်းဖြစ်ရပ်များနှင့် ကြုံတွေ့ခဲ့ရသည်ကို စာဖြင့်ရေးသားစီကုံး၍ ပြည့်စုံမည်မထင်ပါ။

စတုတ္ထမြောက်ည

နှင်းစက်ယိုစီး လွင်းတီးဝေါ်လပြည့်ည။

''မောင်ရေ ပြတိုက်ကြီးက ခံ့ညားလိုက်တာကွယ်။ ရှေးဟောင်းပစ္စည်းတွေက အတိတ်ကဇာတ်လမ်းတစ်ခုခုကို ပြောနေကြသလိုပဲနော်။ ဒါပေမဲ့ ပြတိုက်ထဲမှာနေရတာ တစ်မျိုးကြီးပဲခံစားရတယ်။ ကြောက်သလိုလိုပဲ''

''ဟုတ်တယ်။ မောင်ကတော့ ကြောက်သလိုလိုမခံစားရဘူးကွ။ ဒီပစ္စည်းတွေကိုကြည့်ပြီး လွမ်းချင်သလိုလို ဆွေးချင်သလိုလို ဖြစ်လာတယ်လေ။ ဟော ဒီပြတိုက်ကြီးတစ်ရလုံးမှာ မောင်သဘောကျဆုံးကတော့ ဟောဒီ 'စောင်းကောက်'ကြီးပဲကွ။ ပြတိုက်တာဝန်ရှိသူတွေက ခွင့်ပြုမယ်ဆိုရင်၊ စောင်းကောက်ကြီးကို လက်နဲ့ထိတို့ပြီး တီးပစ်လိုက်ချင်တယ်''

ကောင်မလေးဆီမှ ခိုးခိုးခစ်ခစ်ရယ်သံ။

''မောင်က စောင်းတီးတတ်လို့လား''

ကောင်လေးက ခပ်တိုးတိုးတစ်ခုခု ပြန်ပြောလိုက်ပုံရသည်။ နှစ်ယောက်စလုံးဆီမှ ရယ်သံတွေထွက်လာသည်။



ကျွန်တော်သည် လုံခြုံရေးသော့ကိုကိုင်ထားရာမှ တီးတိုးရယ်သံ စကားပြောသံများကြောင့် ခြေလှမ်းများဆတ်ခနဲ တွန့်သွားမိလေသည်။ ထို့နောက် အသံလာရာ အခန်းဆီသို့ လှမ်းကြည့်လိုက်ရာ သမီးရည်းစားလား၊ အိမ်ထောင်သည်လားမသေချာသည့် စုံတွဲတစ်တွဲသည် ပြတိုက်ထဲတွင် အေးအေးလူလူလျှောက်ရင်း စကားပြောလာခြင်းဖြစ်သည်။

ပြတိုက်ကို ပိတ်ရတော့မည်ဖြစ်ရာ သူတို့ပြန်ထွက်အလာကို စောင့်မျှော်နေမိသည်။ အဆိုပါစုံတွဲပြန်ထွက်သွားသောအခါ ကျွန်တော်သည် ပြတိုက်အပေါ်ထပ်ဆီသို့ ဦးစွာတက်၍ စစ်ဆေးရပါသည်။ အပေါ်ထပ်တွင် ကိုလိုနီခေတ်ပန်းချီကားများ၊ ကုန်းဘောင်ခေတ်ဒုတိယပိုင်းလက်ရာ ပန်းချီကားအချို့ကိုတွေ့ရသည်။ ကိုလိုနီခေတ်မှ ယနေ့မျက်မှောက်အထိ ထင်ရှားကျော်ကြားခဲ့သည့် ပန်းချီဆရာကြီးများဖြစ်ကြသော ဦးငွေကိုင်၊ ရန်ကုန်ဘဆွေ၊ ဦးဘလုံလေး၊ ဦးစန်းလွင်မှစကာ ယနေ့မျက်မှောက်ခေတ် မဂ္ဂဇင်းသရုပ်ဖော်ပန်းချီဆရာများဖြစ်သည့် သန်းမြင့်အောင်၊ မောင်နေကြည်၊ ဦးအောင်နိုင်ထိ ပြည့်ပြည့်စုံစုံခင်းကျင်းပြသထားရာ ဦးဝေ၏အမြော်အမြင်ကြီးမားမှုအနုပညာအပေါ်မြတ်နိုးတွယ်တာမှုတို့ကို မလေးစားဘဲ မနေနိုင်ပါ။

ပန်းချီခန်း၏တစ်ဖက်တွင် ရှေးဟောင်းအပ်ချုပ်စက်၊ ကန့်စွန်းပွင့်အော်လံဖြင့်ဓာတ်စက်၊ ပုံနှိပ်စက်အသေးစားကလေးတစ်လုံး၊ ရှေးခေတ်စစ်သည်သုံးသေနတ် စသည်ဖြင့် အမျိုးစုံလှသောပစ္စည်းများကို စစ်ဆေးပြီးသကာလ အောက်ထပ်သို့ ဆင်းလာပါသည်။

အောက်ထပ်ပြခန်းတွင် ပျူခေတ်မှအစပြုကာ ပုဂံခေတ်၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ်တိုင်အောင် ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများဖြစ်သည့် မြေဖြင့်ပြုလုပ်ထားသော မြေအိုး၊ မြေခွက်၊ မြေပုတီး။ ထို့နောက် ငွေခွက်၊ ငွေကွမ်းအစ်မှအစပြုကာ တန်ဖိုးကြီးမားသည့် ရွှေအသုံးအဆောင်ထိပါဝင်သည်။ အပေါက်ဝတွင် စစ်သည်သုံးဓား၊ လှံ၊ သန်လျက်၊ ဓားကောက်များကို မှန်ချပ်ထူကြီးများဖြင့် ကာရံကာစနစ်တကျခင်းကျင်းထားသည်။ ခေတ်အလိုက် ဒင်္ဂါးပြားများ၊ အဝတ်အစားများ၊ ပေပုရပိုက်များဆီသို့ စူးစမ်းလေ့လာသောအကြည့်



www.burmeseclassic.com

www.burmeseclassic.com

များဖြင့် ကြည့်ရှုနေစဉ် စောစောကပြန်ထွက်သွားသော စုံတွဲဆီသို့ အာရုံက ရောက်သွားသည်။

သူတို့ပြောတဲ့ စောင်းကောက်ဆိုတာ ဘယ်မှာပါလိမ့်။

ကျွန်တော်သည် စူးစမ်းသောအကြည့်ဖြင့် ဟိုဟိုသည်သည်လှည့်လည် ကြည့်ရှုရင်း ပြတိုက်၏အတွင်းဘက်ကျကျတွင် ရွှေနန်းစဉ်သုံးဓားတစ်လက်၏ နံဘေး စောင်းကောက်ကြီးဆီသို့ နီးထသောအသိတစ်ခုဖြင့် ရောက်ရှိသွားလေသည်။

သွက်လက်သောခြေလှမ်းအနှုံဖြင့် စောင်းကောက်ဆီသို့ ကျွန်တော်ရောက်ရှိသွားချိန်တွင် ထူထဲနက်ရှိုင်းသောအမှောင်သည် ပြတိုက်ထဲသို့ တဖြည်းဖြည်း တိုးဝင်လာနေပြီဖြစ်လေသည်။ အလုံးစုံသော ရှေးဟောင်းပစ္စည်းများသည် အမှောင်ထုထဲတွင် နစ်မြုပ်ပျော်ဝင်စပြုနေစဉ်တွင် ကျွန်တော်သည်နံရံမှ မီးခလုတ်များကို ဖွင့်လိုက်ပါသည်။ ဖိဝ ဝပ် မီးလုံးသုံးလုံးသည် ပြတိုက်အောက်ခန်းတွင် ဖျတ်ခနဲလင်းဖြာသွားသည်။ အရာဝတ္ထုများသည် နီကြင်ကြင်မီးလုံးအောက်ဆီတွင် ပြန်ပေါ်လာသည်။ သို့သော် အမှောင်ပျိုးစည်တွင် ရှေးဟောင်းပစ္စည်းများသည် ငြိမ်သက်နေသောသက်ရှိများပမာ ပြန်လည်သက်ဝင်လှုပ်ရှား သွားဟန်ဖြင့် ခွေးတွေ့မှုအားလုံးကို ကိုယ်စားပြုလျက်ရှိနေသည်ဟု ကျွန်တော်တွေးဆလိုက်မိပါသည်။ ထို့ပြင် ကျွန်တော့်၏တစ်ကိုယ်လုံးသည် အမည်မဖော်ပြနိုင်သော ခံစားမှုတစ်စုံတစ်ရာ (အားငယ်မှုလည်း ဖြစ်နိုင်ပါသေးသည်) ပူးဝင်ဖိကပ်နေကြောင်း ခံစားလိုက်ရပါသည်။

ထိုအချိန်တွင် ခန်းမဆောင်ထဲသို့ အိပ်တန်းပြန်ငှက်တစ်ကောင် လမ်းမှားဝင်လာရင်း ဟိုသည်ပျံသန်းလျက်ရှိပြီး တောက်တဲ့တစ်ကောင်ကတော့ အခန်းထောင့်တစ်နေရာမှ ကြောက်မက်ဖွယ် အော်မြည်လျက်ရှိသည်။

ညသည် ချောက်ချားဖွယ်ရာ အဓိပ္ပာယ်တစ်မျိုးဖြင့် လျင်မြန်စွာရွေ့လျားသွားနေသည်။

ကျွန်တော်၏ခြေလှမ်းအစုံသည် နံရံကပ်မှန်ချပ်ကြီးနောက်မှ 'စောင်းကောက်' ဆီသို့ ဘယ်ပုံဘယ်နည်းဖြင့် ရောက်သွားသည်ကိုမသိရချေ။



ကျွန်တော် အံ့ဩတကြီးငေးမောကြည့်ရှုနေမိသည်။ စောင်းကောက်ကြီးကား အိုမင်းရင့်ရော်လှပါပြီ။ ဟောသည့်ပြတိုက်ထဲမှာတော့ နှစ်ပရိစ္ဆေဒကြာမြင့်စွာ အသက်ရှင်နေသော အဘိုးအိုတစ်ယောက်နှင့် တူလှသည်ဆိုလျှင် မှားလိမ့်မည်မဟုတ်ပေ။

အနီနှင့်အနက် ဆေးခြယ်သထားပြီး မှန်စီရွှေချထားသဖြင့် တန်ဖိုးကြီးမြင့်သော ကျောက်သံပတ္တမြားတို့ စီခြယ်ထားသော စောင်းကောက်ကြီး၏ ကာလတန်ဖိုး၊ အနုပညာတန်ဖိုး၊ ရှေးဟောင်းပစ္စည်းတန်ဖိုးကို ဘယ်လိုများ တန်ဖိုးဖြတ်မှာပါလိမ့်။

စောင်းကောက်၏လက်ရန်းမှနေကာ ခပ်စွေစွေချည်နှောင်ထားသော ကြိုးများပေါ်တွင် ပင့်ကူမျှင်နှင့်ဖုန်မှုန့်များ ကပ်ငြိနေသေးသည်။ ကိုယ်ထည်ပိတောက်အိုးတွင် ရွှေသားတွေ ပိန်းနေအောင်ချထားသည်။ စောင်းကြိုးများကို ရေတွက်ကြည့်လိုက်သောအခါ ကြိုးပေါင်း ၁၄ကြိုးတိတိ။

ကျွန်တော်သည် စောင်းကောက်၏သခင်ကို ရှူးရှူးရှဲရှဲစိတ်ကူးယဉ်မှန်းဆရင်း ခပ်ကြာကြာငေးမောနေမိသည်။ စောင်းကြိုးဆီမှ တေးသံတွေ ထွက်ပေးလာလေမလားဟု ရူးမိုက်စွာမျှော်လင့်နေခြင်းမျိုး ဖြစ်လိမ့်မည်ထင်သည်။

စောင်း၏သခင် ဘယ်သူလဲ။ လွန်ခဲ့သည့် နှစ်ပရိစ္ဆေဒများစွာကပင် ဆွတ်ပျံ့ညှတ်နူးဖွယ်တေးသွားတွေ၊ ဓာတ်မာန်တေးသွားတွေ ဘယ်သူတီးခတ်တာလဲ။

စောင်းကောက်၏လက်ရန်းထိပ် ညောင်ရွက်မှ ကြက်သွေးရောင်ကျောက်မျက်ရတနာတစ်လုံးက ခက်ထန်သော သားရဲတစ်ကောင်၏မျက်လုံးပမာ စိုက်ကြည့်နေရာ ကျွန်တော့်ရင်ထဲမှာ အေးစက်သွားမိသည်။ မြွေဟောက်တစ်ကောင်၏ မျက်လုံးများပေလား။

အဆိုပါ စောင်းကောက်တူရိယာနှင့် ကပ်လျက်မှာတော့ အသွားချည်းသုံးပေနီးပါးကျော်ရှိသော ကျောက်စီဓားတစ်လက်က ခက်ထန်တည်ငြိမ်မှုတစ်ခုဖြင့် ပြတိုက်တစ်ခုလုံး မာန်တက်ကြွဆုံးအရာဖြစ်လိမ့်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ထိတ်လန့်တုန်လှုပ်စွာဖြင့် ထိုနေရာမှ ခွာလိုက်ပါသည်။ ထိုစားသည် ရန်သူပေါင်းဘယ်လောက်၏ သွေးတွေကိုသောက်ခဲ့ပါလိမ့်။ အပြင်ဘက်တွင် နေရောင်ခြည်လုံးဝ ပျောက်ကွယ်သွားပြီး အေးစိမ့်မှုသည် သောင်း၏ညည့်ဦးယံတွင် ထိတ်လန့်ချောက်ချားမှုတစ်ခုဖြင့် စွန်းပေလျက်ရှိလေသည်။

ကျွန်တော်သည် အသွားထက်ထက်မားသွားကြောင့် စိမ့်ခနဲကျောချမ်းမိရင်း ပြတိုက်အဝသို့ လျှောက်လာပါသည်။ ကျွန်တော်၏တာဝန်တစ်ခုမှာ ပြတိုက်အတွင်း လူသူရှင်းလင်းသည်အထိ စောင့်ရင်း တံခါးပိတ်ရမည့် တာဝန်တစ်ခုမဟုတ်လား။

ပြတိုက်အပြင်ဘက်သို့ ရောက်သောအခါ ကျွန်းနှင့်သံရောစပ် တည်ဆောက်ထားသော ရေမတံခါးကြီးကို သော့ခတ်လိုက်ပါသည်။

တစ်စုံတစ်ခုသောအသံကြောင့် နိုးနိုးကြားကြားအိပ်ပျော်နေရာမှ ကျွန်တော်နိုးသွားပါသည်။ ပတ်ဝန်းကျင်သည် နီကြင်ကြင်မီးရောင်ဖြင့် တည်ငြိမ်အေးစက်လျက်ရှိနေဆဲပင်။

အကြားအာရုံထဲသို့ ဝင်ရောက်လာသောထူးခြားသည့် သံစဉ်တစ်ခုကြောင့် ကျွန်တော်လန့်နိုးသွားတာသေချာသည်။ ပြတိုက်ခေါင်မိုးပေါ်သို့ နှင်းစက်(သို့မဟုတ်) ပြင်းထန်သော သစ်ရွက်၏ကြွေသံမဟုတ်ပါ။ လူတစ်ယောက်၏ ခြေသံမဟုတ်နိုင်ပါ။

အိပ်ရာခေါင်းရင်းရှိ နာရီကိုလှမ်းကြည့်လိုက်တော့ ည၁၂နာရီတိတိ။

ကျွန်တော်သည် မပီမိုးတဝါးအသံကြောင့် လဲလျောင်းနေရာမှ ဆတ်ခနဲထထိုင်လိုက်မိသည်။ ထို့နောက် ခေါင်းရင်းတွင် ထောင်ထားသောလက်နှိပ်ဓာတ်မီးနှင့် သံတုတ်ကိုဆွဲယူလိုက်ပါသည်။ ထိုအချိန်တွင် စောစောကကြားလိုက်ရသော အသံသည်ရုတ်တရက် တိတ်ဆိတ်သွားသည်။ ခြင်ထောင်ကိုအသာလှပ်ကာကြည့်လိုက်တော့ ပြတိုက်ရှေ့တွင် ပေါက်ရောက်နေကြသော သစ်ပင်အိုကြီးများသည် နှစ်ချို့တစ္ဆေကြီးများသဖွယ် နှင်းတောထဲတွင် ငေးစက်တောင့်တင်းစွာ ရပ်တန့်နေကြလေသည်။ သစ်ရွက်တွေက လေတိုးသ



ကြောင့် တဖဲဖဲမြည်နေ၏။ လရောင်သည် သူ၏သွားများဖြင့် သစ်ရွက်များကို တခြောက်ခြောက် ကိုက်ဖြတ်လျက်ရှိသည်။

ပြတိုက်၏ ပတ်ဝန်းကျင်သို့လက်နှိပ်ဓာတ်မီးဖြင့် ဟိုဟိုသည်သည်ထိုးကြည့်ရှာဖွေပြီးနောက် အခန်းဆီသို့ ကျွန်တော်ပြန်လာသည်။ စောစောက ဝိုးတဝါးအသံသည် အိပ်မက်ကြောင့်လား။ ဒါမှမဟုတ်ပတ်ဝန်းကျင်မှ ရိုက်ခတ်မှုအသံလား ကျွန်တော်ဝေခွဲမရ စဉ်းစားနေဆဲမှာပင် –

နားထဲသို့ ကြည်လင်ပီသသော အသံတစ်သံက ရုတ်တရက်ဝင်ရောက်လာလေသည်။

''စောင်းသံ''

''အား''

အသံစမ်း တေးသွားတစ်ခုကို လုံးကောက်တီးနေသော စောင်းသံ။ ကျွန်တော့်ရင်ထဲတွင် အံ့ဩတကြီး လေးလံမှုကြောင့် တုန်လှုပ်သွားသည်ကို ဦးစွာဝန်ခံလိုပါသည်။

ရေနွေးများအသံကဲ့သို့ ကြည်လင်စူးရှသော စောင်းသံသည်အလုံပိတ်ထားသော ပြတိုက်ထဲမှ ပေါ်ထွက်လာခြင်းပင်။

စောင်းတီးနေတာ ဘယ်သူလဲ။

တံခါးပိတ်ထားသော ပြတိုက်ထဲမှ စောင်းကိုပိုင်နိုးပိုင်နင်း တီးခတ်နေတာ ဘယ်သူလဲ။ အံ့ဩတကြီးဖြင့် ကျွန်တော့်၏နှလုံးခုန်သံသည် စည်းလွတ်သော အာဖရိက လူသားစားဗုံသံလို မြည်ဟည်းလာသည်။ ကျွန်တော်သည် တာဝန်ဟူသောအသိကို သတိတရားဖြင့်ပြန်လည်စုစည်းတည်ဆောက်ရင်း ပြတိုက်တံခါးပေါက်ဆီသို့ ခြေလှမ်းကို လျင်မြန်စွာ ရွေ့လိုက်သည်။ တစ်စုံတစ်ယောက်သည် ပြတိုက်အတွင်းသို့ ဝင်ရောက်ကာ စောင်းကောက်ကို လက်ဆော့တီးခတ်ပြန်ပေပြီ။

ကျွန်တော်သည် ဝါကြန့်ကြန့်မီးရောင်အောက်ဆီမှ ပြတိုက်တွင်းသို့ ချောင်း ကြည့်လိုက်လေသည်။ စောင်းကောက်သံသည် ရုတ်တရက်ပြတ်တောက်သွားသည်။ ပြတိုက်တွင်းမှာ မည်သူမျှမရှိချေ။ ကျွန်တော်သည် စက္ကန့်ပေါင်းမြောက်မြားစွာ ကြာမြင့်သည်တိုင်အောင် အသက်မရှူဝံ့



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ တစ်စုံတစ်ခုသော လှုပ်ရှားမှုကိုတွေ့လိုတွေ့ငြား အကဲခတ်နေသော်လည်း မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။

မည်သူသည် ပြတိုက်ထဲမှစောင်းကိုယူ၍ တီးခတ်လိုက်ပါသလဲ။ ဒါမှမဟုတ် ကျွန်တော့်၏အသိစိတ်က အာရုံမှောက်မှားစွာ ကြားယောင်နေခြင်းလား။ မည်သည့်လှုပ်ရှားမှုမျိုးမျှ မတွေ့ရလေသောအခါ ကျွန်တော်နားနေရာအခန်းဆီသို့ ပြန်လာသည်။ သို့ဖြင့် ဆက်လက်အိပ်စက်ရန်ဆန္ဒမရှိတော့ဘဲ စောင်းသံကြားရာဆီသို့သာ အာရုံကလွင့်ပါးနေလေသည်။ သော့အထပ်ထပ်ခတ်ထားသော ပြတိုက်ထဲမှအသံကြောင့် အာရုံတွေပြားနေမိသည်။ ပြတိုက်ရှေ့ မဲဇလီပင်ကြီးပေါ်မှ နှင်းစက်များသည် ငွေ့ရည်ဖွဲ့စုစည်းပြီး တဖြည်းဖြည်း လေးလံလာကာ နှင်းစက်များအဖြစ် တဖြောက်ဖြောက်ကြွေကျနေလေသည်။ ထိုနှင်းစက်ကျသံမှလွဲ၍ တိတ်ဆိတ်နေသည်။

အသံဗလံဟူသမျှ ချုပ်ငြိမ်းသွားသလို
ညသည် ဟင်းလင်းတိတ်ဆိတ်ငြိမ်သက်။

ကျွန်တော်သည် နံရံကိုကျောမှီထိုင်ရင်း ဆေးပေါ့လိပ်အား တစ်ရှိုက်နှစ်ရှိုက် ဖွာလိုက်သည်။ မနက်မိုးလင်းလျှင်တော့ ဦးဘတူအား စောင်းသံကြားရခြင်းကို ပြောပြရပေတော့မည်။ ညနေ တာဝန်ချိန် လွှဲပြောင်းစဉ်အခါက လျှို့ဝှက်ချက်များဖြင့် သိုသိုသိပ်သိပ်ဖြစ်ခဲ့သော ဦးဘတူ၏ မျက်ဝန်းများကို ပြန်လည်မြင်ယောင်နေမိသည်။ သူသည် ကျွန်တော်ထိတ်လန့် ကြောက်ရွံ့မည်စိုးသဖြင့် ထိုကိစ္စကို ဖွင့်ဟမပြောခြင်း ဖြစ်ပေလိမ့်မည်။ ထိုစဉ်က သူ၏ မျက်ဝန်းညို့ညို့ များသည် ပဟေဠိဆန်စွာ မှိန်ဖျော့ နေခဲ့သည် မဟုတ်လော။

ကျွန်တော်သည် နောက်တစ်ကြိမ် ဆေးပေါ့လိပ်ကို ဖွာရှိုက်လိုက်ပြီး မီးခိုးငွေ့များကို ဆောင်းလေအေးစက်စက်ထဲသို့ မှုတ်ထုတ်လိုက်စဉ်မှာပင် ကျယ်လောင်ပီသသော စီစီလောင်လောင်မြည်လိုက်သော စောင်းသံကြီးက ရုတ်တရက်ထွက်ပေါ်လာသည်။

"အား ဘုရား ဘုရား"

အံ့ဩတုန်လှုပ်မှုဖြင့် တစ်ကိုယ်လုံးရှိအင်အားများ လျော့ပါးသွားသလို



ခံစားရကာ လက်မှာကိုင်ဆောင်ထားသော ဆေးလိပ်သည်ပုတ်ခနဲပြုတ်ကျသွားလေသည်။ ကျွန်တော့်ရင်သည် ဗလာဟင်းလင်းပြင်ဖြစ်သွားသလို ခံစားလိုက်ရခြင်းဖြစ်သည်။

စောင်းကောက်သည် တီးခတ်သူမရှိပါဘဲလျက် အလိုအလျောက်အသံမြည်ထွက်ပေါ်နေသည်မှာ မဆန်းပေဘူးလား။

ယခု ကျွန်တော်ကြားနေရသော စောင်းသံသည် စောစောကကြားလိုက်ရသော အသံစမ်းတေးမဟုတ်ပေ။ ဓာတ်မာန်ကို တက်ကြွစေသော၊ နှလုံးသွေးကြောတွေကို ဆူပွက်စေသော စစ်ချီတေးတစ်ပုဒ်ထင်ပါသည်။ စောင်းငြင်းအတတ်ပညာကို ထုံးလို့ချေ ရေလို့နှောက်နိုင်သည့် ဂီတပညာကို တစ်ဖက်ကမ်းခတ်မျှ လက်ဆယ်ချောင်းလုံး အသုံးပြုကာတီးခတ်လိုက်သော လက်သံမှန်း ကျွန်တော်ခံစားလိုက်ရပါပြီ။

စစ်မြင်းခွာသံများကို ဖြစ်ပေါ်စေသော မြင်းခွာသံတီးကွက်များ၊ မိုးသီးမိုးပေါက်ရွာချသကဲ့သို့ မြားတံများ၏အသံများသည် ဂီတသဘောတရားကို နားမလည်သော ကျွန်တော့်လိုလူပြိန်းတစ်ယောက်ကိုပင် ကြက်သီးမွေးညင်း တဖြန်းဖြန်းထသွားစေပါသည်။ ပြတိုက်ထဲမှ အုတ်အော်သောင်းတင်း လက်သံပြောင်စွာထွက်ပေါ်လာသော စောင်းကောက်သံသည် တိုက်ပွဲတစ်ပွဲကို သရုပ်ဖော်ညွှန်းပြ တီးခတ်နေသည်ပဲလား။

လှေဖောင်များချီတက်သံ၊ လေးမြားပစ်လွှတ်သံ၊ ချုပ်ဝတ်တန်ဆာနှင့် လှံနှင့်ဓားသွားထိ၍ တချွင်ချွင်မြည်သံ၊ ဆင်အော်သံ၊ မြင်းဟီသံများသည် စောင်းကြိုးမှတစ်ဆင့် အံ့ဩဖွယ်ထွက်ပေါ်နေလေသည်။ ကျွန်တော်သည် ကြောက်ရွံ့မှုကို တားဆီးမရနိုင်တော့ဘဲ ဂီတလှိုင်းလျဉ်ကြောတွင် နစ်မြုပ်ကာ အသက်ရှူဖို့ကိုပင် မေ့လျော့နေမိလေသည်။

"တော်တော်လက်ရာမြောက်တဲ့ ဂီတသံပဲ၊ လသာညအောက်မှာ လူသားစစ်စစ်တစ်ယောက် တီးခတ်နေတဲ့ဂီတသံမှ ဟုတ်ရဲ့လား။ လူသားမဖြစ်နိုင်ဘူး"

ကျွန်တော်သည် ဂီတရေလျဉ်ကြောဝယ်နစ်မျောကာ အံ့ဩခြင်း၊ ကြောက်လန့်ခြင်းများဖြင့် မှင်တက်မိနေစဉ် တသောသောတဖြောဖြော တီးခတ်နေသော



www.burmeseclassic.com

www.burmeseclassic.com

စောင်းသံသည် 'ဆောင်း' ဟူသော စောင်းကြိုးပြတ်သံနှင့်အတူ ရုတ်ခြည်းတိတ်ဆိတ်သွားလေသည်။

"ဟင် စောင်းကြိုးပြတ်သွားပြီ"

စောင်းကြိုးပြတ်သံ တုန်ခါမှုသည်နံရံထဲသို့ စိုက်ဝင်သွားသော မြားတစ်စင်းပမာ နောက်ထပ်မည်သည့်အသံမျှ မကြားရတော့ဘဲ သိပ်သည်းထူထဲသော နှင်းထုနှင့်အတူ လရောင်အောက်မှာ ငြိမ်သက်သွားခဲ့သည်။

ညသည် ပြကတေ့ ငြိမ်သက်တိတ်ဆိတ် အလင်းဆေည။

[illegible]

မိုးမြန်မြန်လင်းဖို့ ကျွန်တော့်စိတ်ထဲက လွန်မင်းစွာဆန္ဒပြင်းပြနေပါပြီ။ နောက်ထပ်စောင်းသံ တိတ်ဆိတ်သွားပြီးကတည်းက ဘယ်လိုမျှ ဆက်လက်၍ အိပ်စက်မရတော့ပေ။ အေးစက်သော ဆောင်းရာသီထဲတွင် ကျွန်တော့်တစ်ကိုယ်လုံးရှိသွေးတို့မှာ ဆူပွက်နေပြီး အဘယ့်ကြောင့် စောင်းသံထွက်ပေါ်နေရသည်ကိုသာ စဉ်းစားနေမိတော့သည်။

ယခုမှပင် ရှေးဟောင်းပြတိုက်ငယ်သည် လေးလံတိတ်ဆိတ်မှုနှင့် အတူ မေးခွန်းပေါင်းမြောက်မြားစွာတို့က သေးနုပ်လွန်းလှသော ကျွန်တော့်၏ အသိအာရုံကို ဖြားယောင်းလျက်ရှိပေသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်တော်တစ်ယောက်တည်း ပြတိုက်တံခါးကိုဖွင့်ကာ အတွင်းသို့ ဝင်ရောက်စစ်ဆေးလိုသော ဆန္ဒမရှိချေ။

ကျွန်တော်သည် ဘာမျှမဟုတ်။ စကြဝဠာမီးလျှံထဲမှာ အမှုန်အမွှား။ ကျွန်တော်သည် ဘာမျှမဟုတ်ပေ။

လင်းအရုဏ်ပျို့ကာ ကျီးကန်းတွေက အာအာ အော်မြည်ကတည်းက ပြတိုက်တံခါးကိုဖွင့်ကာ စောင်းကောက်တူရိယာရှိသည့်နေရာသို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးလိုလှပါပြီ။ မကြာမီ ဦးဘတူရောက်လာတော့မည် မဟုတ်ပါလား။

ကျွန်တော်သည် ပြတိုက်တွင်ရှိရှိသမျှသော မီးခလုတ်မှန်သမျှကို လိုက်ဖွင့်ပါသည်။ ထိုအခါ အောက်ထပ်တစ်ခုလုံး လင်းထိန်သွားသောအခါ သတိဝီရိယ



ဖြင့် သံသယခြေလှမ်းများကို ဦးဆောင်ကာ စောင်းကောက်ရှိရာသို့ လျှောက်လာသည်။

[illegible]

ဇရာမမှန်ချပ်ထူကြီး နောက်ဆီမှ သစ်သားခုံပေါ်တွင် တင်ထားသော စောင်းကောက်သည် နေရာအနည်းငယ်ရွေ့လျက်ရှိပြီး စောင်း၏ကော့နေသော ထိပ်ဖျား (လက်ရန်း) သည် ပြတိုက်အပေါက်ဝဆီသို့ ဦးလှည့်နေသည်။

ဒါ ဘယ်သူရွှေ့လိုက်တာလဲ။

ကျွန်တော်အံ့သြတကြီး ငေးကြည့်နေဆဲမှာပင် စောင်းကောက်၏ သတ္တမမြောက်စောင်းကြိုးသည် ပြတ်တောက်လျက်ရှိပြီး ကိုယ်ထည်(ဝိတောက်အိုး) ပေါ်သို့ ခွေကျနေသည်။

စောင်းကောက်ကိုကြည့်ရှု စစ်ဆေးနေခိုက်တွင် ကျွန်တော်၏နံဘေးဆီဝယ် ကျွန်တော့်အပြင် နောက်ထပ်လူတစ်ယောက် ထပ်မံရောက်ရှိနေသကဲ့သို့ ခံစားနေရသည်။ ဟိုဟိုသည်သည် ရှာဖွေကြည့်ရှုပါသော်လည်း မည်သူ့ကိုမျှ မတွေ့ရချေ။

"အား ထူးဆန်းလိုက်တာ ဘယ်လိုဖြစ်တာလဲ"

ကျွန်တော် 'ဟင်' ဟု တ ကာ ရင်ခုန်သံတွေ လျင်မြန်စွာရွေ့လျားသွားပြီး အံ့သြတကြီး ကြောက်လန့်သွားမိသည်။ ကျွန်တော်သည် စောင်းကောက်၏ အောက်ခြေ စာညွှန်းရေးထိုးထားသော သစ်သားပေါင်တွင် ကပ်ငြိနေသည့် ထူပိန်းလှသည့် ဖုန်မှုန့်များကို လက်ဖြင့်ခပ်ကြမ်းကြမ်း ပွတ်တိုက်လိုက်သော အခါ သစ်သားကိုထွင်းထုထားသော ရည်ညွှန်းချက်စာတန်းကို တွေ့လိုက်ရပါသည်။ စောင်းနှင့်ပတ်သက်၍ ရည်ညွှန်းချက်ဖြစ်ပါသည်။

**မြန်မာသက္ကရာဇ် ၇၇၅ခုနှစ်၊ အိမ်ရှေ့စံမင်းရဲကျော်စွာနှင့်အတူ ကျဆုံးသွားသော ကိုးခရိုင်မြို့စားသတိုးမင်းညို၏ စောင်းကောက်တူရိယာ။**

"ဟင် သတိုးမင်းညို ဆိုပါလား"



www.burmeseclassic.com

www.burmeseclassic.com

သတိုးမင်းညို

သတိုးမင်းညို

သတိုးမင်းညို

ထိုနာမည်သည် ကျွန်တော့်ရင်ထဲတွင် ပဲ့တင်ထပ်မှုမြည်ဟည်းသွားသည်။ ကြုံးတစ်ချောင်းပြတ်တောက်နေသော စောင်းတစ်လက်သည် လေးလံတိတ်ဆိတ်မှု၊ ပဟေဠိများဖြင့် ဆူပွက်နေသော ရင်ခုန်သံ၊ အဘမှန်းမသိသော စိတ်တွေပြားမှုတို့နှင့်အတူ ဆောင်းရာသီနံနက်ခင်းတို့ကို ဖြားယောင်းလျက်ရှိပေသည်။

"အဲဒါ မင်းရောက်ရောက်ချင်းကြောက်သွားမှာစိုးလို့ မပြောလိုက်တာကွ။ ဒီလိုပဲ လပြည့်ညတွေမှာ စောင်းသံတွေကြားကြားနေရတာ ငါ့အဖို့တော့ ရိုးနေပြီလေ။ ဒါပေမဲ့ ဒီစောင်းသံကလွဲလို့ ဘာမှုထူးထူးထွေထွေမမြင်ရပါဘူး။ ကြာတော့လည်း ရိုးသွားတာပါပဲကွာ။ ဒါပေမဲ့ မင်းပြောသလို လက်သံပြောင်ပြောင် စစ်ပွဲအခင်းအကျင်းတွေကို ဓာတ်မှန်တက်ကြစရာ လက်စမ်းပြီးခတ်သွားတာတော့ မကြားဖူးဘူးကွ။ တို့ကြားတာ စက္ကန့်ပိုင်းလောက်ပါပဲ"

"ညက တော်တော်ကြာတယ်၊ ကျွန်တော်ကြားတာ နှစ်မိနစ်လောက်ရှိမယ်လေ။ စောင်းကြိုးပြတ်သွားမှ အသံတွေတိတ်ဆိတ်သွားခဲ့တာ"

ဦးဘတူသည် ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်လေသည်။ သူတစ်ခုခုပြောချင်နေပုံရသည်။ သူ့အသွင်သည် ထိုကိစ္စကို လိုလားနှစ်သက်ပုံမရသည့်သာမက ထိုစောင်းကောက်ကြီးရှိနေသည်ကိုလည်း၊ အဆိပ်ရှိမြွေတစ်ကောင်နှင့် အတူတကွနေထိုင်နေရသည့် ကြွက်တစ်ကောင်လို ခံစားနေပုံရသည်။

"ငါ ဒီစောင်းကောက်ကြီးကို ကြည့်လို့မရဘူး။ ဒါပေမဲ့ ရှေးဟောင်းပစ္စည်းတွေ မျက်စီးယိုယွင်းရင် ဦးဒေဝကိုအကြောင်းကြားပြီး ပြုပြင်ရတဲ့ကိစ္စကလည်း တို့ရဲ့ကိစ္စတစ်ခုဖြစ်နေတယ်လေ။ ပြတ်နေတဲ့ စောင်းကြိုးကိုပြန်မတပ်နဲ့ကွာ၊ ဒီအတိုင်းထားလိုက်။ ဒီတော့မှ စောင်းသံမကြားရတော့မှာ"

ဦးဘတူလည်းပြန်သွားတော့မှ ပြန်မပြောတော့ဘဲ ခပ်မဆိတ်နေလိုက်ရပါသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀၀နီးပါးခန့်က မြန်မာသူရဲကောင်း မင်းရဲ



ကျော်စွာနှင့်တကွသော သွေးသောက်ရဲဘော်များ၏ စွမ်းစွမ်းတမံတိုက်ပွဲများအသက်ကို ပဓာနမထားဘဲ အမှုတော်ထမ်းရွက်ခဲ့ကြသည့် ရဲမက်များ၏ စွမ်းရည်များကို ကျွန်တော်သည်အတွေးဖြင့် ပြန်လည်စိတ်ကူးကြည့်မိသည်။

ထိုအတူ မင်းရဲကျော်စွာ၏နံဘေးတွင် သစ္စာစောင့်သိရင်း လသာသည့်ညအခါများတွင် စောင်းတီးရင်းဂီတဖြင့် အပန်းဖြေနေမည့် ကိုးခရိုင်ရွာစားသတိုးမင်းညို၏ဟန်ပန်ကို စိတ်ကူးဖြင့် ပုံဖော်နေမိပါသည်။

ကျွန်တော်သည် စောင်း၏လက်ရန်းကို ညင်သာစွာကိုင်လိုက်ပြီး ကြိုးများကို လက်ညှိုးဖြင့် အသာတို့ထိလိုက်သည်နှင့် တစ်ပြိုင်နက်တည်း အတွေးစတစ်ခုကို ဆုပ်ကိုင်လိုက်မိပါသည်။

ဓာတ်မှန်ဖြင့် ယှဉ်သောပဥ္စလက်ဆန်သည့် မိုးသီးမိုးပေါက်ပမာ ဂီတသံများကို အတွေးဖြင့်ပြန်လည်ကြားယောင်နေစဉ်မှာပင် ပြတိုက်ဝဆီသို့ လူတစ်ယောက်ဝင်လာသလို ရိပ်ခနဲမြင်လိုက်ရပါသည်။ အရပ်အမောင်းခြောက်ပေနီးပါးခန့်မြင့်မားလှသော ထိုပုဂ္ဂိုလ်သည် ကျွန်တော့်ကိုခပ်စိန်းစိန်း တစ်ချက်မျှစူးစိုက်ကြည့်ပြီး နှင်းတောထဲသို့ ခပ်ရောက်ပျောက်ကွယ်သွားလေသည်။

ဘယ်သူပါလိမ့် ထိုသူကို ကျွန်တော်တစ်ကြိမ်မျှမမြင်ဘူးပါချေ။

ထိုသူသည် ဖိုးရိုးဟားရားအကျီနှင့် တောင်ရှည်လိုလိုလုံချည်ကို ခါးပုံစကြီးကြီးထိုးကာ ဝတ်ဆင်ထားသည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော်သည် ပြတိုက်ဝသို့ လျင်မြန်စွာပြေးထွက်၍ ထိုသူထွက်သွားရာဆီသို့ လိုက်ကြည့်မိသည်၊ ဘယ်ရောက်သွားပါလိမ့်။

အမှန်တော့ မည်သူမျှရှိမနေပါ။ ပတ်ဝန်းကျင်၏ တိတ်ဆိတ်မှု၊ ဆောင်းညဏ်လေးလံမှု ပယောဂများကြောင့် ကျွန်တော့်၏စိတ်အာရုံတွေပြားရခြင်းသာဖြစ်ပေလိမ့်မည်။ အာရုံမှောက်မှားခြင်းသည် မိမိစိတ်ထဲစွဲထင်ရာကိုဖြစ်ပေါ်စေသည် မဟုတ်လား။

ပဥ္စလက်ဆန်သော ညဏ်စောင်းသံညို့ငင်မှုသည် ကျွန်တော့်ကိုဘာတွေပေးသွားခဲ့ပါသလဲ။ မှောင်မိုက်ခြင်းလား။ လင်းလက်မှုလား။ တွေဝေမှုလား။ ရဲရင့်မှုလား။ ကျွန်တော်ဘာမျှမသိပါ။ လောကမှာ ကျွန်တော်တို့မသိသည့်အရာတွေ မြောက်မြားစွာရှိနေပါသေးသည်။ ပဥ္စလက်ဆန်မှုတွေ ဒုနှင့်ဒေး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တော်ဘာမှ မသိချင်တော့ပါ။ ကျွန်တော်သိချင်သည့် အရာကတော့ စောင်းကြိုးတွေထဲမှာ ရှိနေသည်ဟု ယုံကြည်ပါသည်။ သတိုးမင်းညို၏ စောင်းကောက်သည် ကြိုးပြတ်လက်စတန်းလန်းဖြင့် ပြတိုက်ထဲမှာ ဂုဏ်ဟိတ်မဲ့စွာ ရှိမနေသင့်ပါ။

ကျွန်တော်သည် စောင်းကြိုးကိုပြန်ဆက်ရန် ကိုယ်ထည့်(ပိတောက်အိုး)ကို ညင်သာစွာပွေ့ယူလိုက်စဉ် ခဏဝယ် ကျွန်တော့်၏နောက်ကျောဆီတွင် လူတစ်ယောက်ရပ်နေသကဲ့သို့ ခံစားလိုက်ရ၍ ဖျတ်ခနဲလှည့်ကြည့်မိလိုက်ပါသည်။

ဒါပေမဲ့ ဘယ်သူမှရှိမနေပါ။

သတိုးမင်းညို သတိုးမင်းညို သတိုးမင်းညို သတိုးမင်းညို။


ကျွန်တော်သည် ထိုနာမည်ကိုပွဲတင်ထပ်မျှ ရင်ထဲမှပင် နာကျင်စွာ အော်လိုက်မိပြန်ပါသည်။ လက်ထဲမှ စောင်းကောက်ကိုယောင်ယမ်းကာ လွှတ်ချလိုက်မိမလို ဖြစ်သွားကာ ကျွန်တော်သည်စိတ်ကိုပြန်၍ ထိန်းချုပ်လိုက်မိသည်။

နာကျင်ကြေကွဲဖွယ်ရာ အတိတ်ဒဏ်ရာဟောင်းများဖြင့် ဖျော်စပ်ထားသော 'စောင်းတစ်လက်၏ကကြိုး'ကို သိရှိခံစားနိုင်ဖို့ လပြည့်ညတစ်ညကို ခုချက်ချင်းပင် တွေးပွေ့ချင်လှပါပြီ။ လရောင်နှင့်အတူ ဂီတသံတွေရင်ထဲကို အုတ်အော်သောင်းတင်း ကြွေကျရပါစေ။

ကျွန်တော်သည် နာကျင်မှု၊ ဂုဏ်ယူဝင့်ကြွားမှုတို့နှင့်အတူ ပြတ်ကျနေသော သတ္တုမမြှောက်စောင်းကြိုးကို တည်ငြိမ်သောလက်ဖြင့် ပြန်ဆက်လိုက်ပါသည်။

မင်းဘုန်းဦးသူ





www.burmeseclassic.com

# ပေါက်တူ

ဆရာတော်တစ်ဆူကိုရိုက်လိုက်တိုင်း ပေါက်တူမှာ တစ်ခါအတ်ရင်း ကျောင်းတိုင်ကြီးအား ဖက်၍ တက်တက်သွားသည်မှာ ကျောင်းထိပ်တဲ့ ပြာသာဒ်ထဲသို့ပင် ရောက်ရှိသွားလေတော့၏။

လူထူးလူဆန်းဟူသော စကားအရ ထူးသောလူတစ်ယောက်ကို ကျွန်ုပ်ယခုတိုင် မတွေ့မဆုံခဲ့ဘူးသော်လည်း ဆန်းသော လူတစ်ယောက်ကိုတော့ ကျွန်တော် တွေ့ဆုံခဲ့ဖူးသည်။ ထိုသူမှာ ပေါက်တူဟုအမည်ရှိသော လူတစ်ယောက်ဖြစ်၏။

ကျွန်တော်ငယ်စဉ်က နီဗွာန်ရွာ ငါးဘတ်အင်းမြောက်ရပ်ကွက်တွင် နေထိုင်ခဲ့၍ ပေါက်တူမှာ နီဗွာန်ရွာမတွင် နေထိုင်သည်။ ကျောင်းတက်ကြသည့်အခါ နီဗွာန်အပိုင်ရပ်ကွက်တစ်ခုဖြစ်သည့် ကန်ကြီးဒေါင့်ဟူသော ရပ်ကွက်တွင် တက်ကြရသည်။

ထိုစဉ်က အစိုးရကျောင်းများမရှိသေး။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် အလွတ်ပညာသင်ကျောင်းများသာရှိကြ၏။ ကျွန်တော်နှင့် ပေါက်တူသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖြစ်သည့် ကန်ကြီးဒေါင့် ဆရာတော် ဦးသာသနာ၏ ကျောင်းတွင် ကျောင်းတက်ကြသည်။

ပေါက်တူမှာ မိမိထက် သုံးလေးနှစ်ခန့်စော၍ ကျောင်းသို့ရောက်နှင့်နေသူဖြစ်လေ၏။

ထိုစဉ်က ကျွန်တော် တတိယတန်းအရောက်တွင် ပေါက်တူနှင့်တွေ့ဆုံသိကျွမ်းခဲ့ရ၏။ ဆရာတော် ဦးသာသနာ၏ ကန်ကြီးဒေါင့်ကျောင်းတွင်



ပေါက်တူကို မသိသူဟူ၍ မရှိကြ။ ထိုသို့ လူသိများရခြင်းမှာလည်း အကြောင်းတချို့ရှိလေသည်။

ပေါက်တူကိုမွေးတိုင်းမီဟု ကျောင်းသားတချို့က ခေါ်ကြ၏။ အကြောင်းမှာ ပေါက်တူသည် သာမန်ကျောင်းသားများကဲ့သို့ ဦးနှောက်ဉာဏ်ရည် ပြည့်ဝသူမဟုတ်၍ အတန်းတစ်တန်းလျှင် အနည်းဆုံး (၂) နှစ်ခန့်နေ၏။ သူ့နောက်မှ ကျောင်းနေသည့် ကျောင်းသားများ တစ်တန်းပြီးတစ်တန်းအောင်ကာ ကျောင်းထွက်သွားကြသော်လည်း ပေါက်တူမှာ အတန်းကမတက်၊ နောက်မှ လူများ မီမီလာ၍ မွေးတိုင်မီဟူ၍ခေါ်သတဲ့။

လူဒွေး။ ကျောင်းဒွေးဟူသည် ပေါက်တူးကိုရည်ရွယ်ခဲ့သည်ဟု ဆိုရချိမ့်မည်။ မိဘများသည်လည်း မကောင်းကျောင်းပို့ဟူသော စကားနှင့်အညီ ပေါက်တူတစ်ယောက်ကို အပြောအဆိုသက်သာလျှင်ပြီးရောဟူသည့်သဘောမျိုးနှင့် ကျောင်းသို့ပို့ခဲ့ကြဟန်တူလေ၏။ ပေါက်တူ၏ မိဘများမှာ ဦးအဟန်နှင့် ဒေါ်မယ်ဆင့်တို့ဖြစ်လေ၏။ ပေါက်တူတွင် အစ်မဟူ၍မရှိ၊ သူ့အထက်တွင် အစ်ကိုနှစ်ယောက်ကို မွေးဖွားခဲ့သည်။ ကိုထွန်းမြိုင်နှင့်ကိုထွန်းခိုင်တို့ဖြစ်လေသည်။

ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့သည် မိမိတို့ရပ်ကွက်လေးနှင့် မနီးမဝေးအရပ်တွင်ရှိသည့် သံပရာကွင်းဟူသော ရပ်ကွက်လေး၌ ဦးသာဖြိုး ငါးဒိုင်မှ ငါးများကို နေ့စဉ်ဝယ်ယူကာ နီဗွာန်ရွာဈေးထဲတွင် ရောင်းချသည်။

ငါးဒိုင်မှ ငါးများမရလေသည့်အခါ ရွှေသာလျောင်းရွာရှိ ဒေါ်မွှားသင်ကြက်မြီမှုကြက်များကိုဝယ်ကာရောင်းချသည်။ တစ်နည်းဆိုရလျှင် ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့ဝမ်းရေးအတွက် လုပ်ကိုင်သော လုပ်ငန်းသည် အကုသိုလ်အလုပ်များသာလျှင် ဖြစ်လေသည်။

ပေါက်တူအား ကိုယ်ဝန်ရှိလာမည့်အချိန်တွင် ဒေါ်မယ်ဆင့်တစ်ယောက် ထူးထူးဆန်းဆန်း အိပ်မက်တချို့ကို မက်လာ၏။ အိပ်မက်ထဲတွင် ဝတ်ဖြူစင်ကြယ်ဝတ်သူတော်စင်ပုဂ္ဂိုလ်တစ်ဦးက–

"သမီး လူ့ဘဝမှာသာသနာပြုဖို့ အဘကို သမီးတို့အိမ်လေးမှာ နေခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့အိပ်မက်မက်သော်လည်း မမယ်ဆင့်နေခွင့်မပြု။ အိပ်မက်ထဲ၌ပင် ခါးခါးသီးသီးငြင်းဆိုခဲ့၏။

"မနေပါနဲ့ အဘရယ်၊ သမီးတို့က ဆင်းဆင်းရဲရဲနေရတာ။ ပြီးတော့ အကုသိုလ်အလုပ်တွေနဲ့ အသက်မွေးဝမ်းကျောင်းနေရတာမို့ ဒီနေရာ ဒီအရပ် ဟာ အဘနဲ့ မသင့်တော်ပါဘူး"

သို့သော် ထိုအိပ်မက်လေးပျောက်သွားလျှင် တစ်ခဏသာလျှင်ဖြစ်၏။ မကြာမီကာလတခုတွင် ပြန်ပေါ်လာပြန်လေ၏။ ဤသို့ပေါ်လာသည့်အခါ တွင်လည်း မြင်နေကျ မက်နေကျအတိုင်း အိပ်မက်လေးကို မက်ပြန်၏။

ဤသို့ မက်သည့်အခါ၌ ယခင်ငြင်းပယ်နေကျအတိုင်း မမယ်ဆင့် တစ်ယောက် ငြင်းဆန်မြဲ ငြင်းဆန်ခဲ့သည်သာ ဖြစ်လေ၏။

တတိယအကြိမ်မက်သော အိပ်မက်တွင်ယခင်အိပ်မက်နှင့်မတူ အနည်း ငယ်ထူးခြားလာ၏။ ဝတ်ဖြူစင်ကြယ်ဝတ် သူတော်စင်ကြီးသည် –

"သမီး လူ့ဘဝမှာသာသနာပြုနိုင်ဖို့ သမီးတို့အိမ်မှာအဘကိုနေခွင့်ပြုပါ။ ပြီးတော့ သမီးတို့လည်း အကုသိုလ်အလုပ်တွေကို စွန့်လွှတ်ပါ" ဟုဆိုလာ သည်။

ဤအခါတွင်တော့ အလျှင်အခေါက်များကဲ့သို့ မ‌ ဆင့် ခါးခါးသီးသီး မငြင်းဆိုတော့ဘဲ–

"ဒီလိုဆိုအဘရယ် အကုသိုလ်အလုပ်တွေ မလုပ်ခဲ့ဆိုရင် သမီးတို့က ဘယ်လိုအလုပ်တွေ လုပ်ရမှာလဲ"

"သမီးတို့လုပ်ရမယ့် အလုပ်တွေက သူ့အလိုလိုပေါ်လာပါလိမ့်မယ်"

သူတော်စင်ကြီးစကားဆုံးတော့–

"အဲဒီလိုဆိုလည်း သမီးတို့အိမ်မှာ နေချင်လည်း နေပါ၊ သမီးခွင့်ပြုပါ တယ်"

ဒေါ်မယ်ဆင့်စကားဆုံးတော့ အိပ်မက်မှ ဖျတ်ခနဲလန့်၍ နိုးကာသွား သည်။ ချွေးများက တစ်ကိုယ်လုံးရွှဲ၍နေသည်။ အာခေါင်များက ခြောက်ကပ် လာ၏။ နံဘေးကိုကြည့်တော့ ကိုသာဟန်မှာ ဟောက်များပင် ဟောက်ကာ



အိပ်မောကျလျက်နေလေသည်။ အိပ်ပျော်နေသော ကိုသာဟန် အား မမယ်ဆင့် လှုပ်ကာနှိုးလိုက်၏။

"ကို ကိုသာဟန် ကိုသာဟန် ထပါဦးရှင့်၊ ထပါဦး" နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေရာမှ မမယ်ဆင့်နှိုးလိုက်သည့်မို့ ကိုသာဟန်လန့်၍ နိုးသွား သည်။

"မယ်ဆင့်၊ မယ်ဆင့် ဘာဖြစ်လို့လဲကွာ"

"ထပါဦးရှင်၊ ကျွန်မ ပြောစရာရှိလို့"

"အိုမယ်ဆင့်ရယ် ပြောစရာရှိတာများ နိုးပြီးပြောရတယ်လို့၊ မနက်ကျမှ ပြောလည်းရတာပဲကွာ။ မင်းပြောမယ့် အကြောင်းက ဘယ်လောက်များ အရေး ကြီးနေလို့လဲ ပြောပါဦး"

"အရေးကြီးတာပေါ့ရှင်၊ မနက်ကျမှ မပြောချင်လို့ ခုချက်ချင်း နှိုးပြီး ပြောရတာပေါ့"

"ကဲကဲ ဘာလဲပြော ပြော"

"ဒီလို ကိုသာဟန်ရေ"

မမယ်ဆင့် တစ်ယောက် မကြာမြင့်မီအချိန်က မိမိမြင်မက်ခဲ့သော အိပ် မက်လေးအား အစမှအဆုံးတိုင် စေ့စေ့စုံစုံ ပြောပြလိုက်သည်။

"ဟင် ဒါဆို တို့ဆီကိုလာမဲ့ သားသမီးရတနာဟာ သူတော်စင် ပုဂ္ဂိုလ်တစ် ဦးဦးဖြစ်မယ် ထင်တယ်"

"အင်း ကျွန်မလည်း ဒီလိုပဲထင်တယ်ကိုသာဟန်"

"ဒါဆိုလည်း ဒီနေ့ကစလို့ တို့အကုသိုလ်အလုပ်တွေကို တတ်နိုင်သမျှ ကင်းအောင်နေကြမယ်ကွာ"

မကြာမီကာလတစ်ခုတွင်တော့၊ မမယ်ဆင့်တစ်ယောက် တတိယ ကိုယ်ဝန်ကိုလွယ်ပိုးလာရသည်။ ထူးထူးခြားခြား သားငါးများကို မစားချင်၊ အသီးအရွက်ကိုသာ စား၏။ သို့သော် ကိုယ်ဝန်ဆောင်ဟူသည် အစားမရှောင် ရ၊ သားငါးဟူသမျှ စားရမည်ဟူသော ဆရာ၊ ဆရာမများ၏ ညွှန်ကြား



www.burmeseclassic.com

www.burmeseclassic.com

ကိုသာဟန်၏အမေ ယောက္ခမလုပ်သူ၏ စကားများကြောင့် မမယ်ဆင့် သားငါးများကို မစားချင်သော်လည်း စားခဲ့ရသည်။

အိပ်မက်ထဲတွင် အကုသိုလ်အလုပ်ကို စွန့်လွှတ်ပါမည်ဟူသော မမယ်ဆင့်ပေးခဲ့သော ကတိကဝတ်သည်လည်း တကယ်တော့ အမှု မတော်လေသည့်အဆုံး၊ စကားအဖြစ်သာအဖတ်တင်ရင်း ပိုနေမြဲ ကျားနေမြဲလုပ်ကိုင်မြဲ ကျင့်လည်မြဲသာရှိခဲ့ရသည်။ မမယ်ဆင့် တတိယကိုယ်ဝန်လွယ်ဆောင်နေစဉ် လနုနုတွင် ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည် ကောင်းမွန်ခဲ့သော်လည်း လရင့်လာသည့် (၈)လခန့်ကာလတွင် မမယ်ဆင့်ကျန်းမာရေးချူချာလာသည်။ အပြင်းဖျားရာမှ အဖျားမကျ၍ ဆေးရုံသို့ (၃) ပတ်ခန့် တက်ရောက်ကုသခဲ့ရလေသည်။ ကိုယ်ဝန်မှာ ဘာမျှမဖြစ်။ သို့သော်လည်း လစေ့၍မွေးဖွားလာသည့်အခါ ညာဏ်ရည်ညာဏ်သွေးမပြည့်မီသည့် ပေါက်တူလေးကိုမွေးဖွားခဲ့လေသည်။

မီးတွင်းကာလတွင် မမယ်ဆင့်တစ်ယောက် ငါးရောင်း၊ ကြက်ရောင်းစသောအလုပ်များကိုနားရင်း ကိုသာဟန်ကိုသာလျှင်ထွက်စေ၏။ မီးထွက်သည့်အခါတွင်တော့ မိမိလုပ်နေကျအလုပ်လေးများကို ပြန်လည်လုပ်ကိုင်ရပြန်သည်။ ပေါက်တူမှာ သာမန်ကလေးများနှင့်မတူ၊ ခန္ဓာကိုယ်ကြီးထွားမှု မြန်ဆန်၏။ သို့သော် ညာဏ်ရည်ညာဏ်သွေး ဦးနှောက်ဖွံ့ဖြိုးမှုက နှေးကွေးလေသည်။ မိဘများဖြစ်သည့် ကိုသာဟန်နှင့်မမယ်ဆင့်မှာ ပေါက်တူငယ်ရွယ်စဉ်တွင် မရိပ်မိလေကြ။ ကျောင်းနေရမည့်အရွယ်တွင် ပေါက်တူလေးကို ကြည့်၍ သာမန်ကလေးတစ်ဦးကဲ့သို့မဟုတ်၊ ဦးနှောက်ဖွံ့ဖြိုးမှု ချို့ယွင်းသည့်သူတစ်ဦးအဖြစ် သိလာကြသည်။ ထိုအခါ ပေါက်တူကိုကြည့်၍ မိခင်လုပ်သူ မမယ်ဆင့် ယူကျုံးမရဖြစ်မိ၏။

"ကျုပ်သားလေးကျမှ ဖြစ်ရပလေ ကိုသာဟန်ရယ်၊ ကျုပ်တို့ အိပ်မက်ထဲမှာပေးခဲ့တဲ့ကတိများ ပျက်ခဲ့လို့လားမသိဘူးနော်"

"အို ကိုယ်တော့ ဒါတွေသိပ်အယုံအကြည်မရှိပါဘူး မယ်ဆင့်ရယ်၊ ကျုပ်စဉ်းစားမိတာကတော့ မင်းအပြင်းဖျားပြီး ဆေးရုံတက်နေလို့ ကလေးဦး



နှောက်ထိခိုက်သွားတယ်ထင်တာပဲ။ အင်း ဘာပဲဖြစ်ဖြစ် ဘဝရဲ့ အတိတ်ကံတွေပေါ့ကွယ်။ ဖြစ်သမျှအကြောင်းအကောင်းလို့သာမှတ်ရင်း သားလေးကို တတ်နိုင်သမျှ စောင့်ရှောက်ကြရမယ်"

ဤသည်မှ မမယ်ဆင့် မျက်ရည်စတို့ကိုသုတ်လိုက်၏။

သက်တူရွယ်တူကလေးများကိုကြည့်လျှင် ပေါက်တူမှာ အရွယ်အကြီးဆုံးဖြစ်၏။ ရွယ်တူဟု မထင်မှတ်ရ။ ပေါက်တူကကြီးသည်ဟု ထင်ကြ သည်။ ပေါက်တူမှာ ခန္ဓာကိုယ်ချို့ယွင်းမှုမရှိသော်လည်း အားနည်းချက် တစ်ခုတော့ ရှိလေသည်။ ပေါက်တူ၏ဘယ်ဘက်ခြေသန်းလေးသည် ခြေသူကြွယ်ပေါ်သို့ ထပ်၍ ဆင့်ကာနေလေသည်။

ထို့ကြောင့် လမ်းလျှောက်လျှင် ခြေစွကြားတွင် တစ်စုံတစ်ခုညှပ်နေသလိုရှိ၏။ ထို့ကြောင့် သွားရလာရခက်သည်။ ပေါက်တူစိတ်အညစ်ဆုံးသည် ဤခြေသန်းချောင်းလေးသာလျှင်ဖြစ်လေ၏။

ကလေးများ ရွာကြိုရွာကြားမလတ်ဆော့ကစားကြသည်။ ကစားနည်းမျိုးစုံ၏။ လူသာလဲသော်လည်း ပေါက်တူမှာမလဲ။ ထို့ပြင် ပေါက်တူမှာ အရွယ်ကြီး၍ ကစားရာတွင်ကြမ်းရမ်းသည်။ မကြာခဏ ပေါက်တူကြောင့် တခြားကလေးများ ထိခိုက်ဒဏ်ရာရရှိတတ်သည်။

ကြာတော့ အခြားသောကလေးများ၏မိဘများက ပေါက်တူနှင့် မိမိတို့ကလေးများကိုပေး၍ မကစားစေချင်။ သို့သော် ကလေးဟူသည်ကားတား မြစ်၍မရ။ တစ်ခါတွင်တော့ ပေါက်တူနှင့်နေ့စဉ် ဆော့ကစားနေကျ အိမ်နီးချင်းကလေးများဖြစ်သည့် မိနီ၊ ဖော်ဦး၊ ခွေးမ၊ တက်တူ၊ မှုစူးတို့ တစ်သိုက်ပျောက်နေကြ၏။

ထို့ကြောင့် မိဘရင်များ ပေါက်တူးကိုလာ၍ မေးကြသည်။

"ဟဲ့ ပေါက်တူ ငါ့သားငါ့သမီးတွေ မင်းနဲ့ လာမကစားဘူးလား"

"အင်း ဒီနေ့ ကျွန်တော့်ဆီကို ဘယ်သူမှ မလာကြပါဘူး"

ပေါက်တူဆီမှ မိမိတို့လိုချင်သော အဖြေမရသည့်တွင် မိဘများ ယောက်ယက်ခတ်ကြ၏။ ချောင်ကြိုချောင်ကြားရှာသူရှာ၍ ရွာကျော်ရပ်ကျော် မေးသူကမေးသည်။ အချို့မှာ လူပျောက်တိုင်ရန် သွားကြ၏။ ရွာထဲမှ ကလေး



www.burmeseclassic.com

www.burmeseclassic.com

များ ပျောက်ဆုံးနေသောသတင်းမှာ တစ်မုဟုတ်ချင်း ကျော်ကာသွား၏။ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ဖြစ်ကာနေသည်။

ထိုအချိန်တွင် ရပ်ကွက်ဘက်သို့ ဈေးလှည့်လည်၍ ရောင်းချတတ်သော နီဗွာန်ရွာထဲမှ ကြီးကြီးလေးခင် ရွာထဲသို့ဝင်လာ၏။ ရွာထဲတွင် ဘုရားပွဲတမျှ စည်ကားနေသည့် လူအုပ်ကြီးကိုတွေ့၏။

''ဟဲ့ ဘာဖြစ်ကြတာတုံး။ လူတွေလည်း များလှချည်လား''

ဤတွင်ကလေးရှင်မိဘများက ကလေးများ ပျောက်နေကြောင်းပြော၏။ ထိုအခါ ကြီးကြီး လေးခင်က–

''ဟဲ့ မနက်က ငါဈေးထွက်သွားတုန်းကပဲ နင်တို့ကလေးတွေ ပေါက်တူနဲ့ ကစားနေကြတာမြင်ခဲ့သေးတယ်လေ''

ထိုအခါ ပေါက်တူအား ချောက်တစ်ခါ ခြောက်တစ်လှည့်ဖြင့် ရွာသားများမေးကြ၏။ နောက်ဆုံးမေးလွန်းမက မေးသည့်အခါပေါက်တူဖြေလေ၏။

''ရှိပါတယ်။ သားနဲ့အတူ တူတူပုန်းတမ်းကစားနေကြတာပါ။ သူတို့ ပုန်းနေကြတယ်''

''ဟဲ့ ဘယ်မှာလဲ ပေါက်တူ၊ ဘယ်နေရာမှာ ပုန်းနေတာလဲပြောစမ်း ပြောစမ်း''

ထိုအခါ ပေါက်တူတစ်ယောက် နောက်ဖေးစပါးကျီဘေးမှ ရာဝင်စဥ့် အိုးကြီးတစ်လုံးကိုညွှန်ပြ၏။ ရွာသားများ စဥ့်အိုးကြီးဆီသို့ ပြေးကြ၏။ စဥ့် အိုးကြီးမှာ အပေါ်တွင် သံပြားအဖုံးကြီးတစ်ခုဖြင့် ဖုံး၍ထားပြီး တုံးတစ်တုံး ဖြင့်လည်း ဖိ၍ထားလေသည်။

''ဟဲ့ ဘယ်မှာလဲ ပေါက်တူ၊ မြန်မြန်ပြောစမ်း''

''ဟို ဟိုက စဥ့်အိုးထဲမှာပါ။ သူတို့ပုန်းနေကြတယ်''

''အမယ်လေး လုပ် လုပ်ကြပါဦး။ အသက်ရှူမွန်းပြီး သေများကုန်ကြ ပြီလား မသိဘူး''

ရွာသားတစ်စု ရာဝင်စဥ့်အိုးကြီးအား ဖုံးထားသော အဖုံးကို အလျင် အမြန်ဖွင့်လိုက်ကြ၏။ ထို့နောက် အထဲသို့ကြည့်လိုက်ကြသည်။ တစ်ဆက် တည်း နာမည်များကိုလည်း ခေါ်လိုက်၏။



''မှုစူး''

''ခွေးမ''

''ဖော်ဦး''

''တက်တူ''

သို့သော် ကလေးများတစ်ဦးတစ်လေမျှ ပြန်ထူးကြသည့်အသံမကြား။ စဥ့်အိုးကြီးထဲတွင် ပျော့ခွေကာ သတိမေ့၍နေလေ၏။

''အမယ်လေး လုပ်ကြပါဦးတော်၊ ကျုပ်မတို့သားလေး သမီးလေးတွေ သေကုန်ပါပြီတော့''

ရွာသားတချို့ စဥ့်အိုးထဲမှ ကလေးများကို ဆွဲထုတ်ကြ၏။

''ဟဲ့ မသေသေးဘူးဟ။ အသက်ရှူနေသေးတယ်။ မွန်းပြီး သတိလစ် နေတာ၊ ဆေးရုံမြန်မြန်ပို့ကြပါဟ''

ရာဝင်စဥ့်အိုးထဲတွင် ပိတ်လှောင်ထားသော ကလေးများကို ဆေးရုံသို့ ပို့လိုက်ကြ၏။ ပေါက်တူမှာတော့ ထိုအမှုဖြင့် မိခင်ဒေါ်မယ်ဆင့်၏ ကြိမ်ချက် များစွာကို ရရှိလိုက်သည်။

ဤမျှ ဆိုးပါလေသော ပေါက်တူပင်။ နောက်တစ်နေ့အရောက်တွင် ထိုသို့ဘာကြောင့်လုပ်ရသနည်းဟုမေးလျှင် ပေါက်တူက ဤသို့ပြော၏။

''သားနဲ့ သူတို့တူတူပုန်းတမ်းကစားကြတယ်။ သားပုန်းရမယ့်အလှည့်မှာ သူတို့ လိုက်မရှာနိုင်အောင် စဥ့်အိုးထဲထည့်ပြီး အပေါ်ကနေ အဖုံးနဲ့ထွက်မရ အောင် ပိတ်ထားခဲ့တာ''တဲ့။

ပေါက်တူအား ကျောင်းထားရမည့်အရွယ်သို့ရောက်လာ၏။ ထို့ကြောင့် ဖခင်နှင့်မိခင်တို့ဖြစ်သော ကိုသာဟန်နှင့်မမယ်ဆင့်တို့နှစ်ယောက် ကန်ကြီး ဒေါင့်ရွာရှိ ဆရာတော် ဦးသာသန၏ ကျောင်းလေးသို့သွားကာ ပေါက်တူ ကိုကျောင်းအပ်ကြ၏။ ဆရာတော်ဦးသာသနမှာလည်း အခြားကျောင်းသား များနည်းတူ ပေါက်တူအား သူငယ်တန်းမှစ၍ သင်ကြားပေး၏။

သို့သော် ပေါက်တူမှာ ဉာဏ်ရည်မမီသော ကလေးတစ်ယောက်ဖြစ် လေသည်မို့ တခြားကလေးများကဲ့သို့ စာသင်ကြား၍မရ။ အနည်းဆုံး



www.burmeseclassic.com

www.burmeseclassic.com

တစ်တန်းကို (၂)နှစ်ခန့်တက်ပြီးမှ အောင်လေ၏။ မိဘများသည်လည်း ပေါက်တူ၏ အကြောင်းသိလေသည့်ဖို့ ပေါက်တူအတန်းအောင်ရေးသည် အဓိက မဟုတ်။ နောက်ဆုံး ကျောင်းပျော်သဘောမျိုးထားကာ ပညာသင်ကြား စေလေ၏။

ပေါက်တူတတိယတန်းသို့ရောက်လေလျှင် ဆရာတော်ဦးသာသနက ဘုန်းကြီးကျောင်းသားအဖြစ် ခန့်အပ်လေ၏။ ဘုန်းကြီးကျောင်းသားဆိုသည်မှာ အခြားစာသင်သားများနှင့်မတူ။ ကျောင်းတွင် အတန်းပညာသင်ကြားရသည့် အပြင် စာသင်ချိန်ကိစ္စများ ပြီးဆုံးသွားလျှင်လည်း အိမ်သို့မပြန်ရ၊ ကျောင်းတွင် ညအိပ်ညနေ နေထိုင်ကာ ကျောင်း၏ ဝေယျာဝစ္စများကို လုပ်ဆောင်ပေးရ၏။

ဘုန်းကြီးကျောင်းသားခန့်အပ်လျှင် အတန်းငယ်များကို မစဉ်းစား။ (၃) တန်း (၄) တန်းမှ ကျောင်းသားကြီးများကိုသာ ခန့်အပ်လေသည်။ သို့သော် လူတိုင်းသည် ဘုန်းကြီးကျောင်းသားဖြစ်ချင်၍မရ။ ဘုန်းတော်ကြီးက သူမျက်စိကျရာ တပည့်မွေးလိုသူမှသာလျှင် ဘုန်းကြီးကျောင်းသား ဖြစ်နိုင်၏။ ပေါက်တူ တတိယတန်းအရောက်တွင် ဆရာတော်ဦးသာသနက –

"ဟေ့ကောင် ပေါက်တူ ဒီကနေ့ကစပြီး မင်းကို ဆရာတော် ဘုန်းကြီးကျောင်းသားခန့်တယ်။ အိမ်ကိုပြောထား။ ဒီကနေ့ကစပြီး ကျောင်းအိပ်ကျောင်းစားနေရမယ်"

ထိုနေ့မှစ၍ ပေါက်တူတစ်ယောက်အိမ်သို့ မပြန်ရတော့၊ ကျောင်းတွင်သာ အိပ်၍ ကျောင်းတွင်သာစားကာ ဘုန်းတော်ကျောင်းသားဖြစ်၍သွားတော့သည်။ အကြောင်းကြီးငယ်ကိစ္စရှိလေမှသာလျှင် ညအိပ် ညနေအိမ်ပြန်ရ၏။ ဆရာတော်ဦးသာသနသည် ညဘက်တွင် ဘုန်းကြီးကျောင်းသားများကို သင်္ချိုဟ်၊ ပါဠိစသောစာပေများကို သင်ကြားပေးလေ၏။ တစ်ခါတွင် ဆရာတော်က တစ်ရက်ကြို၍ သင်ထားသော စာပေများကို ကျက်ထားရန်မှာလိုက်၏။ နောက်တစ်နေ့တွင် ကျောင်းသားများအားလုံးရကြ၏။ သို့သော် ပေါက်တူ တစ်ယောက်မှာ မရဖြစ်လေ၏။



."ဟဲ့ ပေါက်တူ"

"ဘုရား"

"ငါမှာတဲ့စာတွေ ဘာလို့ မကျက်သလဲ"

"မှန်လှပါ၊ တပည့်တော်ကျက်ပါတယ်ဘုရား။ ဒါပေမဲ့ ကျက်ပြီးရင် ပြန်ပြန်မေ့သွားလို့ မရတာပါဘုရား။

"အေး ဒါဆိုကောင်းပြီ၊ မင်းကို (၃) ရက်အချိန်ပေးမယ်။ ရအောင် ကျက်လာခဲ့"

"မှန်ပါ့ဘုရား"

(၃) ရက်မြောက်နေ့၊ ဆရာတော်က မေးမြန်းလေ၏။ ပေါက်တူသည် ထုံးစံအတိုင်းမရဖြစ်လေသည်။ ထိုအခါ ဆရာတော်ဒေါသထွက်တော့သည်။

"ဟေ့ကောင် ပေါက်တူ ဘာလဲ မင်းက ငါကျက်ခိုင်းတဲ့စာကို မကျက်တာဟာ ငါ့ကိုမကြောက်လို့မဟုတ်လား"

"မဟုတ်ပါဘူးဘုရား။ ကျက်ပေမဲ့ မရလို့ပါဘုရား"

"ကဲ ကောင်းပြီ၊ မေ့မေ့သွားတဲ့ကောင် မမေ့အောင်ငါလုပ်ပေးမယ်၊ သွား ဟိုကျောင်းတိုင်မှာကပ်"

ဆရာတော် စကားဆုံးတော့ ပေါက်တူမနေသာ။ ဆရာတော်ညွှန်ပြသည့်ကျောင်းတိုင်ကြီးအား ဖက်ကာကပ်လိုက်၏။ ထို့နောက် နံရံတွင် တင်ထားသော ကြိမ်လုံးကိုယူကာ ဆရာတော်က ရိုက်လေတော့သည်။

"ဖြန်း"

"အောင်မယ်လေး ကြောက်ပါပြီဘုရား"

"ဖြန်း"

"အောင်မယ်လေး ကြောက်ပါပြီဘုရား"

ဆရာတော်တစ်ချက်ရိုက်လိုက်တိုင်း ပေါက်တူမှာ တစ်ခါအော်ရင်း ကျောင်းတိုင်ကြီးအားဖက်၍ တက်တက်သွားသည်မှာ ကျောင်းထိပ်ဘို့ပြာသာဒ်ထဲသို့ပင်ရောက်၍သွားလေတော့၏။ ပေါက်တူပြန်၍ ဆင်းမလာလေတော့။ ဆရာတော်က ဆင်းခိုင်းသော်လည်းမရ။ နောက်ဆုံးဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com

လက်လျော့ လိုက်ရတော့သည်။ ညဘက်ဆရာတော်နှင့် ကျောင်းသားအချို့ အိပ်ပျော်သည့် အချိန်ကျမှ ပေါက်တူတစ်ယောက် ဘုံပြာသာဒ်ဆောင်ထဲမှ တိတ်တဆိတ် ဆင်းကာလာခဲ့တော့၏။

တစ်ကြိမ်တွင်လည်း ပေါက်တူမှာ ကန်ကြီးဒေါင့်ရှိ ဆရာတော် ဦးသာ သနကျောင်းတွင် ကန်လှရေတွင်းဟုခေါ်သော ရေတွင်းကျယ်ကြီးတစ်ခုရှိ လေ၏။ ထိုရေတွင်းနံရံအုတ်များကြားတွင် စာသိုက်များရှိရာ ဖိုးထောင်၊ လေးမောင်၊ သာဖြိုးစသော ကျောင်းသားအချို့နှင့် စာဥနှိုက်ရန်စီစဉ်ကြ၏။ ထို့ကြောင့် ရေတွင်းထဲသို့ ဝါးတက်တစ်ခုချ၍ဆင်းကြရာ ဖိုးထောင်မှာ ချော်ကာကျ၍ ဝါးတက်ထိုးမိလေတော့သည်။

ဖိုးထောင်အားဆေးရုံသို့ပို့ရ၏။ ဆရာတော်သိလေလျှင် အမှုကိုစစ်မေး ၏။ တရားခံသည် ပေါက်တူဖြစ်လေရကား ဆရာတော်က ဖြစ်မှုကျူးလွန်သူ များကိုခေါ်လေတော့၏။

ထိုအခါ ပေါက်တူထွက်၍ပြေး၏။ သို့သော် လေးမောင်နဲ့ သာဖြိုးတို့ မှာ သန်သန်မာမာ သွက်သွက်လက်လက်ပြေးလွှားနိုင်သူများဖြစ်၍ ဆရာ တော်လက်မှ လွတ်ခဲ့ကြသော်လည်း ပေါက်တူကတော့ ခြေသူကြွယ်ပေါ်တွင် ထပ်၍နေသော ခြေသန်းလေးကြောင့် သူများတကာလို သွက်သွက် လက်လက်မပြေးလွှားနိုင်။ လိုက်၍ဖမ်းသော ကျောင်းသားများလက်၌မိကာ ဆရာတော်၏ ကြိမ်ဒဏ်ခံရပြန်လေတော့၏။

ထို့ကြောင့် ပေါက်တူအမျက်ထွက်၍သွား၏။ ဆရာတော်ကိုတော့မဟုတ် ပါ။ သူများတန်းတူမပြေးလွှားနိုင်သည့် အနှီခြေသန်းလေးကြောင့်ဖြစ်သည်ဟု ဆို၍ ခြေသူကြွယ်ပေါ်တွင် ပိုးကာထပ်၍နေသော ခြေသန်းလေးအား နောက်တစ်နေ့တွင် ဆောက်တစ်ချောင်းဖြင့် ထုကာရိုက်၍ဖြတ်ပစ်လိုက်လေ တော့၏။

ပေါက်တူခြေထောက်မှ သွေးများမြင်မကောင်းအောင်ထွက်လာ၏။ ကိုရင်ကြီးတစ်ပါးကမြင်၍ မေးသည်တွင် ပေါက်တူအဖြစ်မှန်ကို ပြောပြ၏။



ကိုရင်ကြီးကပင် ဆေးထည့်ကာ ပျောက်သည်အထိ ကုသပေးခဲ့ရလေ၏။ ဤမျှဆိုးပါလေသော ပေါက်တူပင်ဖြစ်လေ၏။

ဤသို့ဖြင့် ကန်ကြီးဒေါင့်ဆရာတော် ဦးသာသနကျောင်းလေးတွင် ပေါက် တူတစ်ယောက်နေလာခဲ့သည်မှာ လူပျိုဖော်ဝင်စသာသာပင်ရှိလာလေတော့ ၏။ သူနှင့်အတူ ကျောင်းတက်ခဲ့ကြသော ကျောင်းနေဖက်သူငယ်ချင်း အသီး သီးသည်လည်း အချို့မှာ ကျောင်းထွက်ကာ လုပ်ငန်းခွင်ဝင်သူဝင်၍ အချို့ မှာ အလယ်တန်း၊ အထက်တန်းပညာများပင်လျှင် ဆက်လက်ဆည်းပူး လျက်ရှိနေကြသည်။

ပေါက်တူမှာ ဆရာတော်ဦးသာသန၏ ကန်ကြီးဒေါင့်ကျောင်းလေး၌ သာ ဘုန်းတော်ကြီးကျောင်းသားဘဝဖြင့် ကျင်လည်ရင်း နေထိုင်လျက်ရှိလေ ၏။ ဦးသာဟန်သည် သားကြီးနှစ်ယောက်ဖြစ်လေသည့် ထွန်းမြိုင်နှင့်ထွန်း နိုင်တို့ကို အားကိုးအားပြုနေရသော်လည်း မကြာတွင်မိနှစ်များကပင် ရှေ့ဆင့်နောက် ဆင့်ဆိုသလို အိမ်ထောင်ရက်သား အသီးသီး ကျသွားကြသည်။ ထို့ ကြောင့် သားလတ်ထွန်းနိုင်ကို ကိုသာဟန်အကူအညီတောင်းရသည်။

"ထွန်းနိုင်၊ မင်း အိမ်ထောင်ရက်သားကျသွားပေမဲ့ ဒီနှစ်တော့ အဖေ ကိုကူတဲ့အနေနဲ့ လယ်လေးကိုထွန်းပေးပါဦးကွာ။ နောက်နှစ်ကျရင်တော့ အဖေ့ဟာ အဖေ ပြန်ထွန်ပါ့မယ်"

"ဟုတ်ကဲ့ပါအဖေ"

ထိုအခြေအနေများကြောင့် ဘုန်းကြီးကျောင်းပို့ထားသော ကျပ် မပြည့် လေသည့် သားပေါက်တူကိုပြန်ခေါ်၏။

တစ်နေ့တွင် ကိုသာဟန်ကျောင်းသို့ ရောက်၍ သွား၏။

"ဆရာတော်ဘုရား၊ တပည့်တော်ပေါက်တူကို ပြန်ခေါ်ပါရစေဘုရား"

ကိုသာဟန်စကားကြားလေလျှင် ဆရာတော်က -

"ဒီမှာထားတာ ဘာဖြစ်လို့လဲ ဒကာကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာမျှ မဖြစ်ပါဘူးဘုရား။ ဒါပေမဲ့ သူ့ဘဝနောင်ရေး နောင်တာဆို တာတွေလည်းရှိတာမို့ တပည့်တော်မျက်စိမှိတ်ခင်မှာ သူ့ကိုလယ်ထွန်လေး သင်ပေးချင်လို့ပါဘုရား"

ဦးသာဟန်စကားဆုံးတော့ ဆရာတော်စဉ်းစားလိုက်သည်။ ထို့နောက် ဆုံးဖြတ်ချက် တစ်ခုကိုချလိုက်၏။

"အင်း ဒကာကြီးပြောတာနည်းလမ်းကျပါတယ်လေ။ ပေါက်တူကို စာပေ ပညာတွေ အမျိုးမျိုးသင်ကြားပေးပေမဲ့ သူ့ဘဝကပါရမီပါမလာလေတော့ မတတ်မြောက်ဘူး။ ဒါကြောင့် ဒကာကြီးသာဟန် စီစဉ်သလို အတတ်ပညာ လေးတစ်ခုခုသင်ပေးရင် သူ့အတွက်အဆင်ပြေတာမို့ ဒကာကြီးဆန္ဒအတိုင်း ခေါ်ချင်လည်း ခေါ်ပါကွယ်"

ဤသို့ဖြင့် ပေါက်တူတစ်ယောက် အိမ်သို့ပြန်ရောက်လာခဲ့သည်။ မိုးဦး ကျတစ်နေ့တွင် ဦးသာဟန်၊ ပေါက်တူနှင့် ထွန်းခိုင်တို့ သားအဖ (၃) ယောက် လယ်ထဲသို့ လယ်ထွန်ဆင်းကြသည်။ ထိုအခါ ဦးသာဟန်က ပေါက်တူကို လယ်ထွန်သင်ပေး၏။

"ဟေ့ကောင် ပေါက်တူလာ ထွန်ကိုကိုင် ဒီလိုထွန်ရတယ်ကွ။ သေသေ ချာချာကြည့်ထား"

ဦးသာဟန်ပြောရင်း ကိုယ်တိုင်ဝင်ထွန်ပြလေ၏။ ထို့နောက် ပေါက်တူ ကို ထွန်ခိုင်းသည်။ ပေါက်တူ ထွန်လေ၏။ သို့သော် ဦးသာဟန်ပြသည် သို့မဟုတ်။ တလွဲတချော်သာဖြစ်လေ၏။ (၃) ကြိမ်၊ (၄) ကြိမ်မျှ သင်သည်။ သို့သော် အမှတ်သညာနည်းခဲ့သော ပေါက်တူတစ်ယောက် မှားမြဲမှား၍ လွဲမြဲလွဲနေဆဲသာဖြစ်လေသည်။ ထိုအခါ ဦးသာဟန်ဒေါသထွက်လာသည်။ ထို့ကြောင့် ဤမျှမှ၍ အ,သော ပေါက်တူအား နွားရိုက်သောကြိမ်လုံး (နှင်တံ) ဖြင့် ကျောပြင်သို့ တဖုန်းဖုန်းမြည်အောင် ရိုက်ပါလေတော့သည်။

ထိုအခါ ပေါက်တူက -

"အောင်မယ်လေး ကြောက်ပါပြီ ဖွေဖေကြီးရဲ့၊ အောင်မယ်လေး ကြောက်ပါပြီ မှတ်ပါတော့မယ် ကန်သင်းပေါင်တွင် ဆောင့်ကြောင့်ထိုင်၍



ရှိုးရှိုးအရိုက်ခံနေလေတော့သည်။ ထိုမြင်ကွင်းကို အစ်ကိုလုပ်သူ ထွန်းခိုင် တစ်ယောက် မကြည့်ရက် မမြင်ရက်။ ထို့ကြောင့်-

"တော်ပါတော့ အဖေရယ်၊ အဖေရိုက်လည်း ဒီကောင် ပေါက်တူသေရုံပဲရှိ မယ်၊ တတ်မှာမဟုတ်ဘူး။ တော်ပါတော့"

နောက်ဆုံး လယ်ထွန်ပညာသင်ပေးလိုသော ဦးသာဟန်၏ ဆန္ဒတို့သည် လည်း လက်လျှော့လိုက်ရပြန်လေ၏။

ပေါက်တူအား လယ်ထွန်သင်ရင်း မတတ်၍ ရိုက်နှက်သည်ဟူသော သတင်းကို မမယ်ဆင့်ကြား၏။ ထိုအခါ ဦးသာဟန်အား ရန်လုပ်လေသည်။

"ကိုသာဟန် ရှင်က ကျုပ်သားလေးကို ကျွဲရိုက်နွားရိုက် ရိုက်တယ်ဆို၊ ရှင်ပဲအဖေထိုပေမဲ့ အဲဒီလောက်တော့ မရိုက်သင့်ဘူး။ ဒီကလေးရဲ့ ဘဝအခြေ အနေကိုလည်း ရှင်သိနေသားနဲ့၊ သင်လို့ ကြားလို့မရရှာတဲ့ ကလေးကိုရိုက်နေ တော့ သေရုံပဲရှိတော့မပေါ့။ ရှင် သူ့ကိုရိုက်မယ်ဆိုရင် ကျုပ်ကိုအရင်သတ်။ ကျုပ်သေမှ ရှင်ရိုက်ချင်သလိုရိုက်"

ဤအချိန်မှစ၍ ဦးသာဟန်တစ်ယောက် သေသည်အထိ ပေါက်တူကို မရိုက်မနှက်တော့ပေ။ ပေါက်တူမှာ အမေလုပ်သူ မမယ်ဆင့်နှင့်ဖိုင်းကူရင်း ဈေးရောင်းလျှင် နောက်က အဖော်လိုက်၏။ ဦးသာဟန်မှာတော့ လယ်ငှား သားတစ်ဦး ငှားရမ်းကာ လယ်ကိုလုပ်၏။ လူစုံတက်စုံ လုပ်ကိုင်သော်လည်း စီးပွားရေးကမချောင်လည်၊ ကျပ်သထက်ကျပ်ကာ လာလေ၏။ တစ်ခါတစ်ခါ တော့ လိပ်ပြာမလည်ရှာသော ဘဝကိုပြောရင်း မမယ်ဆင့်ငိုမိသည်။

"အဖေအမေတို့ရယ် အမီးတို့ဘဝကိုလာကြည့်ကြပါဦးတော်၊ ဘာကြောင့် များဘဝက ဒီလောက်နဲ့ချာရတာပါလိမ့်"

မမယ်ဆင့်ငိုသောအခါတွင် ပေါက်တူတစ်ယောက်အမေလုပ်သူကို ကြည့်၍ -

"အမေရယ် မငိုပါနဲ့၊ တစ်နေ့တော့ ဒီဘဝတွေက လွတ်မြောက်မှာပါ" ထိုအခါ ပေါက်တူအသံကြား၍ -



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ပေါက်တူ ဒီလောက်မိသားစုတွေ ရှုန်းကန်နေတာတောင် မနက်နဲ့ ညမနည်းလုပ်နေရတာ ဒီဘဝက ဘယ်လိုလွတ်မြောက်ပါ့မလဲ"

"ဩော် အမေရယ် အချိန်မတန် ကံမလှည့်သေးလို့ပါ။ အချိန်ဆိုတာ စောင့်ရတယ်အမေရဲ့။ အချိန်ကောင်း အခါကောင်းဆိုတာစောင့်နိုင်တဲ့ သူတွေမှသာရကြတာ"

"အောင်မယ် ဒီကောင် ငါ့ကို ကြီးကြီးကျယ်ကျယ်တွေပြောလို့။ အချိန်တွေ အခါတွေနဲ့ ပြောနေတယ်။ မင်းဘာသိလို့လဲ ပေါက်တူရယ်"

ထိုသို့သောညများတွင် ပေါက်တူတစ်ယောက် တစ်ညလုံးမအိပ်ပါလေတော့။ ဘုရားရှိခိုး ပုတီးစိပ်လိုက်၊ လမ်းထလျှောက်လိုက်နဲ့ ပါးစပ်ကလည်း ဂါထာရွတ်သလိုလို တတွတ်တွတ်နဲ့ ဘာတွေပြောလို့ ပြောမှန်းမသိ၊ ရွတ်လို့ ရွတ်မှန်းမသိ။ မိုးရောင်လေးတလက်လက်မြင်တော့-

"ဟဲ့ ပေါက်တူ မအိပ်သေးဘူးလား။ ညဥ့်နက်လှပြီ၊ ဘာလုပ်နေတာလဲ။ မနက်ဈေးထွက်ရမယ် အိပ်တော့လေ"

"သွားဘုရားရှိခိုးနေတာပါ အမေရဲ့၊ အိပ်ပါတော့မယ်"

မနက်မိုးလင်း လေသည့်အခါ ပေါက်တူက ထူးထူးဆန်းဆန်းစကားများကိုပြောလာလေ၏။

"အမေ"

"ဟဲ့ ဘာလဲ ပေါက်တူး"

"အမေ ဒီနေ့ ငါးဖားတွေ မရောင်းနဲ့တော့။ ရွာတောင်ပိုင်း ဦးဖိုးမြခြံက နာနတ်သီးတွေကောက်ပြီး ရောင်းကြည့်ပါလား အမေရယ်"

"ဟဲ့ ဘာထူးထူးဆန်းဆန်းတွေ ပြောနေတာလဲ။ နင်တို့ သားသမီး (၃) ယောက်ကို ဒီ ငါးဖားတွေရောင်းရင်း ကျွေးမွေးလာခဲ့တာ၊ ခုမှ နင်က အဆန်းလုပ်ပြီး လာပြောမနေနဲ့"

ဤသို့ အခက်ခဲတစ်ခုခုနှင့်ရင်ဆိုင်ရ၍ မပြေလည်တိုင်း ဒေါ်မယ်ဆင့် ငိုမိလေ၏။ ဤအခါများတွင်လည်း ပေါက်တူတစ်ယောက် ဘုရားရှိခိုး။ ပုတီးစိပ်လိုက် လမ်းထလျှောက်လိုက်နှင့် မအိပ်တော့ဘဲ ရှိတော့၏။ မိုးလင်းလျှင် ယခင်ပြောနေကျ အတိုင်းပြောလေ၏။

"အမေရယ် အကုသိုလ်အလုပ်တွေ ဖြစ်တဲ့ ငါးတွေ၊ ဖားတွေ၊ ကြက်တွေ ရောင်းတဲ့အလုပ် မလုပ်ပါနဲ့တော့"

တစ်ခါတွင်တော့ ပြောလွန်းမက ပြောလေသည့်မို့ ပေါက်တူပြောသည့်အတိုင်း ဦးဖိုးမြနာနတ်ခြံမှ နာနတ်သီးများကိုဝယ်ကာ ပြောင်း၍ ရောင်းချ၏။ ထိုနေ့တွင် အံ့ဩလောက်အောင် ဈေးရောင်းကောင်းကာ အမြတ်အစွန်းများလည်း နင့်အောင်ရတော့၏။

ထိုမှဒေါ်မယ်ဆင့်တစ်ယောက် အကုသိုလ်အလုပ်များဖြစ်သည့် ငါး၊ ဖား၊ ကြက်များ ရောင်းသည့်အလုပ်ကို ရာသက်ပန်စွန့်လွှတ်ရင်း ကွမ်း၊ နာနတ်များသာ ရောင်းချလေတော့၏။ ထိုအခါ အရောင်းအဝယ်ဖြစ်၍ စီးပွားရေးပြေလည်လာသည်။ နီဗွာန်ရွာထဲရှိ ကွမ်း၊ နာနတ်ခြံများသို့ ကုန်များဆင်းကာ ကောက်ရင်း ဟသ်ာတမြို့သို့ပင် ဒေါ်မယ်ဆင့်သွားကာ ရောင်းချလာ၏။

တစ်ည-

မိသားစုထမင်းဝိုင်းတွင်ဆုံကြစဉ်။ ဦးသာဟန်က စကားတစ်ခွန်းဆိုလာသည်။

"ငါတို့လည်းအသက်ကြီးပြီ မယ်ဆင့်။ ကိုယ်ရေးကိုယ်တာကိစ္စတွေ ဘေးချပြီး ကိုယ့်နောက်ပါမယ့် ဘုရား၊ တရား အလုပ်တွေလုပ်ချင်ပြီကွာ"

ဦးသာဟန်စကားဆုံးတော့ သားဖြစ်သူ ပေါက်တူကလည်း-

"ဟုတ်တယ်အဖေ၊ သားလည်း သင်္ကန်းဝတ်ရင်း သာသနာ့ဘောင်ဝင်ချင်တယ်"

ထိုမှ ဦးသာဟန်နှင့် ဒေါ်မယ်ဆင့်တို့ နှစ်ယောက် ပေါက်တူအား အရွယ်ရောက်သည့်တိုင် သာသနာ့ဘောင်သို့ မချီးမြှောက်နိုင်သေးသည့်အဖြစ်ကို သတိရ၍ သွား၏။

"ဩော် ဟုတ်ပေသားပဲ ကိုသာဟန်ရယ်၊ ကျုပ်တို့သားလေးကို ရှင်မှ မပြုရသေးဘဲကိုးရှင့်"





www.burmeseclassic.com

www.burmeseclassic.com

ထိုမှ အဖေနှင့်အမေတို့ ညည်းညူစကားတစ်ခုကို ဆိုမိကြသည်။

''ခုနေခါ အလှူအတန်းတစ်ခုလုပ်နိုင်ဖို့ဆိုတာ အတော်ခက်တယ်၊ မယ်ဆင့်ရယ်။ တို့များလည်း အရင်ထက်စာရင် သောင်သာလာပြီဆိုပေမဲ့ စားဖို့သောက်ဖို့လောက်ပဲရသေးတာ။ လှူဖို့တန်းဖို့ အပိုအလျှံဆိုတာ ရှိမလာသေးဘူး။ အင်း ဒါပေမဲ့ ကံတရားလှည့်လာတဲ့တစ်နေ့ နတ်ကောင်းနတ်မြတ်တွေက တို့ကိုကြည့်မနေပါဘူးကွာ။ ဆန္ဒဆိုတာရှိရင် တစ်နေ့ဖြစ်လာရမှာပေါ့''

မစွမ်းသာသော်လည်း ကိုသာဟန်တစ်ယောက် ဇနီးသည်မယ်ဆင့်ကို အားပေးရှာလေ၏။ ပေါက်တူမှာတော့ အဖေ့မျက်နှာကို တစ်လှည့်၊ အမေ့မျက်နှာကိုတစ်လှည့်ကြည့်ရင်း ညှိုးနွမ်းသောမျက်နှာလေးနှင့်ရှိနေ၏။

တစ်နေ့တွင် ဟင်္သာတမြို့သို့ မီးခင်လုပ်သူ ဒေါ်မယ်ဆင့်နှင့် ဈေးရောင်းလိုက်ပါသွားရင်း ပေါက်တူတစ်ယောက် သူ့နာမည်နှင့်ထီတစ်စောင် ထိုးနိုင်လေ၏။ အတိတ်မှာ သာသနာ့အမွေခံရန် သိန်းဆုပန်ဟူ၍ ဖြစ်၏။ သိန်းထီဆုကြီးဖွင့်သောနေ့တွင် အံ့ဩမယုံကြည်နိုင်စွာ ပေါက်တူးတို့မိသားစု သိန်းဆုကြီးကိုပေါက်လေတော့၏။

ဤတွင် သာသနာ့အမွေခံလိုသော ပေါက်တူအား ဦးသာဟန်၊ ဒေါ်မယ်ဆင့်တို့က သာသနာ့ဒါယကာ၊ ဒါယိကာမများအဖြစ်ခံယူရင်း ရှင်ပြုရဟန်းခံ အလှူကြီးတစ်ခုကိုပေးခဲ့၏။ ပေါက်တူသည်လည်း ဦးပဏ္ဍဝဟူသော ဘွဲ့အမည်ဖြင့် ယခင်ငယ်စဉ်က နေထိုင်ခဲ့ရသော ဆရာတော် ဦးသာသန၏ ကန်ကြီးဒေါင့်ဘုန်းတော်ကြီးကျောင်းလေးတွင် အသက်ထက်ဆုံးသင်္ကန်းဝတ်ကာ သာသနာ့အကျိုး၊ လောကဓမ္မရာအကျိုးများကို ထမ်းဆောင်ခဲ့လေတော့သည်။

ကံဟူသည် ဆန်းကြယ်ပေစွ။ အတိတ်ကပြုခဲ့သောအကြောင်းတရားကြောင့် ပစ္စုပ္ပန်ဟူသော မျက်မှောက်ကာလတွင် အကျိုးတရားလာ၍ဖြစ်ပေါ်ရသည်။ ကောင်းမှု၊ မကောင်းမှု၊ ကုသိုလ်၊ အကုသိုလ် ကံတရားများစွာတို့သည်လည်း မိမိ၏ပြုခဲ့ဖူးသော အတိတေအတိတ်တစ်ခု၏ အရိပ်များအဖြစ် ဟပ်ထင်နေကြသည်မှာ အထင်အရှားဖြစ်ချေတော့သည်။

၁ မင်းအောင်ကျော်





www.burmeseclassic.com

www.burmeseclassic.com

# နတ်ဂုဏ်လိပ်ပြာ

"ကျွန်မတို့မှာ ညီအစ်မနှစ်ယောက်ရှိကြပါတယ်။ ဒီမုံတဝ္ဂမှာ ဘုရားတည်ပြီး အမှုအတန်းဝေလို့ သာဓုအနုမောဒနာပြုရတဲ့အတွက် ညီအစ်မငါး ယောက်က ကျွတ်လွတ်သွားကြရပါပြီ။ ညီမအငယ်ဆုံး နဲ့အစ်မအကြီးဆုံးပဲ ကျန်ပါတော့တယ်။ ကျွန်မက အငယ်ဆုံး "နန်းသီတာ"ပါ ရှင်"

လောကဥ္စသိင်္ခေါက်နက်နဲ၍ ယုံမှတ်လက်ခံရန်ပင် တွေဝေတွန့်ဆုတ်ဖွယ်ရှိသောအရာတို့ရှိတတ်စမြဲ။ ယင်းတို့ကိုပင် 'ဂမ္ဘီရ'ဟုဆိုဖွယ် ထင်သည်။ လောကကိုယ်၌ကလည်း အဆန်းသား။ အထူးထူးအပြားပြား။ ပွေပွေလီလီရှိချင်သည်။ ဗုဒ္ဓဘုရားရှင်ကမူ 'အတက္ကာဝစရာ ပဏ္ဍိတဝေဒနီယာ၊ တွေးကြံသူတို့၏အရာမဟုတ်။ ပညာဖြင့်သာရှုသိအပ်ရာသည်'ဟု အတိအလင်း ဆုံးမခဲ့ဖူးသည်။ ဂမ္ဘီရဆိုမှုဖြင့် သာမန်ပကတိဉာဏ်နှင့်သာ ဆင်ခြင်တွေးဆ၍ တချို့ကောင်းသည်လည်းမဟုတ်လေ။

ရှိတော့ရှိသည်။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါး၏တိုက်စားမှုကို ကြံ့ကြံ့ခံလျက် လောကအမြုတေနယ် ဖြိုးဖြက်လင်းလက်နေသော သိင်္ခေါက်နက်နဲသည့် အကြောင်းထုပ္ပတ်ကလေးများကလောကအလယ် ဟိုဟိုသည်သည်၌ ဖြစ်တည်နေတတ်ရှိနေတတ်သည်။

'နတ်ဂုဏ်လိပ်ပြာ'သည်လည်း ဂမ္ဘီရဖြင့် ကုံးသီဖွဲ့သော ဆွတ်ဆွတ်ပျံ့ပျံ့ 'ဘဝလက်ာ'ကလေးတစ်ပုဒ်ဖြစ်သည်ဟု ဆိုနိုးရအံ့ထင်သည်။

ဖြူသောနားဖြင့် ပန်တော်မူ ...



ဒေါ်ခင်မမသစ်တဲ့။

အဘွားသစ်ဟုလည်း ခေါ်ကြသည်။ သံတော်ဆင့်ဝန်မင်းကတော်ဖြစ်သည်။ ရှမ်းပြည်နယ်အစိုးရ၊ အငြိမ်းစားအတွင်းဝန်ဝဏ္ဏကျော်ထင်ဦးညို၏ အဘွားဖြစ်၍ တောင်ကြီးမြို့ငွေတိုက်မှာရေးကြီး ဦးဒေဝ၊ ဇနီးဒေါ်ခင်လေးတို့၏ မိခင်ဖြစ်၏။ အသက် ၇၀ ကျော်ရှိခဲ့ပြီ။ ရတနာသုံးပါး၌ မတုန်မလှုပ်သက်ဝင်ကြည်ညို၍ သည်းခင်မြတ်နိုးမှု မြတ်နိုးကော်ရော်မှုတော်နေလေ့ရှိသည့် အဘွားသစ်ကြောင့် နှစ်ရာချီ၍ ပျောက်ကွယ်တိမ်မြုပ်နေခဲ့သော ဂမ္ဘီရကျောက်လိုဏ်ဂူကြီးတစ်ခု 'ဘွားခနဲ'ပြန်လည်ရှာဖွေဖော်ထုတ်နိုင်ခဲ့ကာ ယနေ့ထက်တိုင်စည်ကားစွာသာသနာတော်ထွန်းကားလျက် ရှိနေပါသည်ဟုဆိုလေက ရှုတ်တရက်ဖြင့် အံ့အဲတွေလီဖြစ်လေမည်ကော။

သို့ပင်ဖြစ်လည်း ...

တောင်ကြီးမြို့၏ တောင်ဘက်ဝါးပြားရွာမှ အနောက်တောင်ယွန်းယွန်း၊ တောင်စဉ်တောင်တန်းပေါ်မှ သယံဇာတသဘာဝကျောက်လိုဏ်ဂူကြီးနှင့် အဘွားသစ်၏ 'နတ်ဂုဏ်လိပ်ပြာ'ဖြစ်ရပ်ဆန်းကိုမူ တိတိကျကျသိဖူးမှတ်ဖူးကြားနာဖူးသူများကား အနည်းငယ်။ ထိုမည်သော 'အဘွားသစ်'နှင့် 'မုံတဝ္ဂကြီး'ကိုတည်မှီ၍ ရတနာသုံးပါးဂုဏ်၌ ညွတ်ကိုင်းလေးမြတ်လာရသူများလည်း အနန္တ။ 'ဂမ္ဘီရ'ဟု အတွေးဖူးသိဝေခဲ့သူများလည်းများစွ။

ဓါတစ်ရံ လောကသည် သိင်္ခေါက်နက်နဲဆန်းကြယ်လှတဘိ၏။

ထို့ထက်တစ်မူ ...

၁၂၈၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက် (၂၄-၁၂-၁၉၂၆) သောကြာနေ့။

ရှမ်းရိုးမ၏ဆောင်းညကား နှင်းတသဲသဲဖြင့်အရိုးကွဲမတတ် အအေးကြမ်းလှ၏။ တောင်စွယ်တောရိပ်နှင့် မှိုင်းညို့နေသည့် တောစိုးသစ်ပင်အုပ်အုပ်ဆိုင်းဆိုင်းတို့ကြောင့် ပို၍ပင်သိပ်သိပ်သည်းသည်းအေးခဲနေတော့သည်။ တောကြက်



www.burmeseclassic.com

www.burmeseclassic.com

တောင်ကို၊ ဗိုရှိုန်သားကောင်တို့သည်လည်း အိပ်တန်းခိုရ် ဆောင်းခေတ် ကိုရှောင်နေကြသည်ထင့်။ တောအလုံးသည် တိတ်ဆိတ်ငြိမ်သက်လွန်းစွ။

ကောင်းကင်ယံ၌ တစ်ခြမ်းပဲ့လာကလေးက ကွေးကွေးကလေး တွဲလဲခိုချိတ် ဆွဲထားသလိုရှိနေသည်။ ကြယ်မှိတ်တုတ်ကလေးများလည်း ဟိုတချို့ သည်တချို့အစုအသင်းဖွဲ့လျက် ဆောင်းညဏ်ဒဏ္ဍာရီကိုတိုးတိုးစကာဖွဲ့ ငိုက် မြည်းနေကြဟန်။ လရောင်က မှုန်မှုန်လင်းသည်။ ကမ္ဘာမြေအပြင်သို့ သွန်းချ လိုက်သည့် ဖြူဖြူပြာပြာအလင်းသည်ပင် နှင်းမှုန်တို့နှင့် ထွေးလုံးကာမှိန်ဖျော့ ချင်သည်။

ထိုတောရိပ်တောင်စွယ် ...

ထိုအလင်းမှုန်မှုန်လရောင်အောက် ...

ထိုနှင်းမှုန်သိပ်သည်း ချမ်းအေးထုကြီးထဲ၌ တစ်ကိုယ်တည်းပင် တဝဲရယ် တဲ့ တလည်လည်လမ်းပျောက်နေရှာသူတစ်ယောက်ရှိနေသည်။ သူကားအဘွား သစ်။

နံနက်ဦးက ဤသို့ဖြစ်ခဲ့သည်။

"အမေ၊ ဒီနေ့မနက် ကျွန်မတို့မြေးအဘွားတစ်တွေ မုံတဝဂူတောဘက်ကို သွားလည်ကြမလို့။ အမေ့သံဃဝေယျာဝစ္စဆွမ်းပတ်ကလေးတွေပြီးရင် စားဖို နံနက်စာလည်း အဆင်သင့်ပြင်ထားခဲ့တယ် အမေ။ နေမစောင်းခင် ရောက် အောင်ပြန်လာခဲ့မှာမို့ စိတ်ပူမနေနဲ့နော် အမေ။ ဟိုဟာဒီဟာ နိုင်းစရာလေးတွေ ရှိရင်လည်း ခြေရင်းအိမ်ကခင်သစ်ကလေးကို မှာထားခဲ့ပြီးသား။ လှမ်းခေါ်နိုင်း လိုက်နော် အမေ"

သူ့သမီးကြီး မခင်လေးက ပြောလာသည်။

ယခုအခါ မိမိတို့ရပ်ရွာ၌ ရှေးမရှိသောရုပ်ပွားစေတီတော်များကို ပင်ထားခဲ့ ၍ မြို့ကြီးပြကြီး၊ တောကြီးတောင်ကြီးသို့ ဘုရားဖူးသွားသည့် ဓလေ့ရှိတတ်ကြ၏။ 'ဘုရားဖူးသွားမလို့၊ ဘုရားဖူးသွားမလို့'စသည့် ကျယ်လောင်ကျယ်လောင်နှင့် ပြောသံကြားလျှင် 'တိုးတိုးပြောကြပါဟရို့၊ တို့မှာက ကိုယ်တော်မြတ်တွေကြားလျှင် အားနာစရာ'ဟု ကျေးဖူးတော်ရှင်



မဟာဂန္ဓာရုံဘုန်းတော်ကြီးဘုရား ဆုံးမခဲ့ဖူးသည်ကိုသတိရလျက် ပြုံးယောင် ယောင်ပင်ဖြစ်မိရသေးသည်။ သမီးကိုလည်း 'တို့အိမ်က ကိုယ်တော် မြတ်တွေ အားနာစရာကွယ်'ဟု ပြောလိုက်ချင်သည်။ သို့ပင်ဖြစ်လည်း သူ့ခေတ်နှင့် သူ့အခါထွန်းကားလာသည့် ဘာသာဓလေ့ကိုးဟုသာ အောက်မေ့ ဆင်ခြင် လိုက်သည်။ ဘာသာခေါ်တို့ မအေးမစက် ရတနာသုံးပါးဂုဏ်၌ မွှားထုံကာ တည်နေသည်ကိုသာ တော်ရှာပေ၏ဟု အသင့်အတင့်နှလုံးသွင်းလိုက်ရသည်။

"အေးကွယ် ဘုရားဖူးသွားတော့မယ်လို့ အာရုံညွတ်လိုက်ပြီးကတည်းက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အနန္တဂုဏ်တော်၊ ကျေးဇူးတော်တွေကို အောက်မေ့ဆင်ခြင်ကြည်ညိုပြီး ထုံနေမွှားနေကွယ့် သမီး။ ဝုဒ္ဓာနုဿတိဘာဝ နာတဲ့။ ကုသိုလ်တွေလည်းရ၊ လောကလူတွေ နတ်တွေကလည်း နှစ်လို ကြည်ညို၊ အမနုဿတွေကတောင် ချစ်ခင်လေးမြတ်ပြီး ဘေးရန်အပေါင်းကင်း သတဲ့။ အေး အေး သာဓု သာဓု သာဓု"

သူ့ကိုယ်နှင့်နှိုင်း၍ သမီးကိုသော်လည်း သွန်သင်မိအောင်ပင်သွန်သင် လိုက်မိသေးတော့သည်။

သည်ကနေ့ အဘွားသစ်၏ စိတ်တွေထူးထူးလည်လည် ကြည်လင်ရွှင်ပျ နေ၏။ ငယ်သူတို့၏ဘာဝလိုရယ်ပြုံးလိုသည့်သဘောကား အလျှင်းမရှိ။ အကုသိုလ်အညစ်အကြေးတစ်မှုင်တစ်ရ မကပ်မငြိ၊ ပကတိသန့်စင်လျက် တည်နေခြင်းသာဖြစ်အံ့ထင်သည်။ ကုသိုလ်ကံ အကုသိုလ်ကံရှိ၏၊ ထိုကံ၏ ကောင်းကျိုးမကောင်းကျိုးရှိ၏ဟု ကံနှင့်ကံ၏အကျိုးကိုနားလည်သောဉာဏ်ကို မိမိသန္တာန်၌ ကိန်းတည်အောင်ဆင်ခြင်ကြိုးစားခဲ့မိခြင်း၏ အကျိုးဆက်သာပင် ဟုလည်း ယုံချင်သည်။

မိုးလင်းသည်နှင့်အိမ်ရှေ့၌ စားပွဲတစ်လုံးပေါ်ဆွမ်းတော်အုပ်ကိုတင်ထား ကာ ကြွလာသမျှသံဃာတော်များအား ဆွမ်းလောင်းသည်။ ရှမ်းပြည်တောင် ပိုင်း၊ တောင်ကြီးမြို့ပေါ်ရှိ သံဃာမထေရ်ကြီးများ၊ စာသင်တိုက်များအတွက် လည်း သီးသန့်ဆွမ်း ဆွမ်းဟင်းများကို စီစဉ်လောင်းလှူသည်။ ဆွမ်းခံသံဃာ တော်များ၊ ဆွမ်းအုပ်ယူသော ကျောင်းသားများရောက်မလာသေးလျှင်



www.burmeseclassic.com

www.burmeseclassic.com

အဘွားသစ် အလဟဿမနေ။ ကုသိုလ်ကိုရှာကြံ၍ ရအောင်ယူသည်။ ဆွမ်းတော်တင်စားပွဲအနီးလမ်းကလေးလျှောက်လိုက်၊ ညောင်းလာလျှင် ထိုင်လိုက်ဖြင့် 'ဗုဒ္ဓဝစန'ပရိတ်ဂါထာတော်များ။ မေတ္တာသုတ်၊ ပဋ္ဌာန်းမြတ်ဒေသနာတို့ကို ရွတ်ပွားသရဇ္ဈာယ်နေတတ်သည်။ ငြိမ်းချမ်းအေးမြ၍ စိတ်ချမ်းမြေ့လိုက်သည့်ဖြစ်ခြင်း။ သိမ်တောင်ကျောင်းတိုက်ကြီးမှ ဆရာတော်ကြီး၏ ဆွမ်းတော်ချိုင့်ကိုဆိုလျှင် ကိုယ်တိုင်ဆေး။ ဆွမ်းနှင့်ဆွမ်းဟင်းကို ကိုယ်တိုင်ရွေး၍ခပ်၍ထည့်ပြီးလျှင် ဆွမ်းတော်ချိုင့်ကို စားပွဲပေါ်တင်ကာ ကျုံ့ကျုံ့ကလေးထိုင်လျက် လက်အုပ်ချီရှိခိုးရင်း ငါးမိနစ်ခန့်ရွတ်ဆိုကန်တော့လိုက်သေးသည်။ ကျောင်းသားလက်သို့ဆရာတော်ဘုန်းကြီးဘုရားကို ရည်မှန်းလျက် ရိုရိုသေသေကပ်လှူကာ အိမ်ဝရောက်သည်အထိလှမ်း၍ ရှိခိုးရင်းပင် ကျန်ရစ်တတ်၏။

ဤသို့ဤနှယ် အဘွားသစ်၏နံနက်ပိုင်းအလုပ်ကား နံနက်လေးနာရီမှ ဆယ်နာရီသာသာအထိ မအားမလပ်အောင်ရှိတော့၏။ ရတနာသုံးပါးဝတ်၊ ဘုရားပန်းရေချမ်းဆွမ်းတော်ဝတ်၊ သံဃာတော်များ၏ ဆွမ်းပန်းဝတ် ကြားတွင် ပရိတ်၊ မေတ္တာသုတ်ရွတ်ဆိုခြင်း။ တရားဘာဝနာနှလုံးသွင်းသိမ်းဆည်းခြင်းတို့ကိုပင် ဆောင်ရွက်လိုက်သေး၏။ ဤကား ပြုမြဲနေ့စဉ် နိစ္စဘတ်။

သူနေ့စဉ်ပြုဖွယ်အလုပ်ကလေးများသိမ်းလျှင် စိတ်ထဲတစ်မျိုးကလေးဖြစ်၍လာ၏။ နံနက်ဦးက သား။ သမီး။ မြေး။ မြစ်များတပျော်တပါးကြီး ဘုရားဖူးသွားကြသော မှတဝဠ်တော်သို့ သူ့စိတ်ထဲသွားချင်စိတ် ပေါက်လာမိခြင်းဖြစ်သည်။ 'ရော် ငါ့နှယ် အိုကြီးအိုမဘာယ့်နှယ်စိတ်ဖြစ်ပါလိမ့်မလဲ။ မဟုတ်သေးပါဘူး'ဟုလည်း စိတ်တစ်ဖက်က သတိပေးနေပြန်သည်။ အဘွားသစ်ကား ထိုဂူသို့တစ်ခါမျှ မရောက်ဖူး။ နေရာကိုလည်း မျက်မှန်းလောက်သာသိထား၏။ နှစ်မိုင်နီးပါးတောင်စဉ်တောတန်း၌ လှသွားလမ်းပင် ဖြောင့်ဖြောင့်ဖြူးဖြူးရှိဟန်မတူ။ လူကူလူတွဲမပါဘဲ သည်အရွယ်သည်ခန္ဓာဝန်ဖြင့် ဘယ်သို့ဖြစ်နိုင်ပါ့မလဲ။ စိတ်ထဲ၌ပြဿနာကြီး ဖြစ်နေမိသေးတော့၏။

သို့စဉ်လျက် ...



"အို ဘုရားရှင်ကိုယ်တော်မြတ်ကြီးနဲ့တကွ ရဟန္တာအရှင်မြတ်ကြီးများရဲ့ သဓိရဓာတ်တော်မွေတော်တွေ၊ ရုပ်ရှင်တော်မြတ်ရုပ်ပွားတော်တွေကို ဖူးခွင့်ကြုံကြိုက်ခဲ့ရင် ကျန်တဲ့သက်တမ်းကလေးနဲ့ လဲရကျိုးနပ်ပေရဲ့။ အိုမင်းလာလို့ ဘာကိုမျှ မစွမ်းမဆောင်နိုင်တော့တဲ့သည့်အရွယ်မှာ နမိနမြောဖြစ်ရလောက်အောင်တွယ်တာချင်စရာလည်း ရှိမှမရှိတော့တာပဲ။ မကြာခင် ခွဲထားခဲ့ရမယ့်ဒီခန္ဓာကိုငုံ့ညွှာနေလို့ ဘုရားဖူးမယ့်အရေးသွေးအေးနေမိတာ ရှက်စရာများကောင်းသေးတော့"

သည်အတွေးက သူ့ရင်၌ ခိုပြန်လေသည်။

အဘွားသစ်ကား ပင်ကိုကပင်စိတ်မြန်လက်မြန် ဒိုးဒိုးဒေါက်ဒေါက်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံယုံရဲရဲရှိသူဖြစ်ပေရာ တင်းမာသောသန္နိဋ္ဌာန်စိတ်ကတစ်ချီတည်း ယတိပြတ်ဒုန်းခနဲကျ၏။

"ကဲပါလေ၊ လိုက်သွားလိုက်ပါဦးမယ်။ လမ်းမှာဆုံချင်လည်း ဆုံကြရောပေါ့"

ဘာပစ္စည်းမျှမယူ။ အိမ်ဝတ်အိမ်စားကိုပင် မလဲမဖယ်ခဲ့။ ဆောင်နေကျတဘက်ကလေးတစ်ထည် ခေါင်းပေါ်တင်လျက် ထွက်လာခဲ့မိတော့သည်။ ထမင်းလည်းမစား။ ရေဘူးလည်းမဆောင်။ 'ဘုရားဖူးရတော့မဟဲ့'ဟူသည့်ပီတိစိတ်ကသာ အဟုန်ကြီးစွာ လွှမ်းခြုံလျက် တစိုက်စိုက်လာခဲ့သည်။ ငယ်ဘဝကို အောက်မေ့လျက် အပျော်ခေတ် အရွှင်ခေတ်ကလေးတွေပင် ဝင်ချင်လာ၏။

သို့သော်လည်း မြေးများ။ သမီးများ၏ လမ်းစဖြင့်ဘုရားဖူးချင်စိတ်ပေါက်လာ၍သာ ထလိုက်သွားမိခြင်းဖြစ်သည်။ သူတို့ကိုလည်း မမီ။ လမ်းမှန်သို့လည်း မရောက်။ တောအဝ၌ပင် မျက်စိလည်၍တစ်နေ့လုံး တောထဲ၊ တလည်လည်ဖြစ်နေတော့သည်။ လျှောက်ရင်းလျှောက်ရင်းဖြင့်သာ တောနိုင်တောင်စွယ်၌ နေဝန်းကွယ်ခဲ့ရသည်။

သို့ဖြင့် လရောင်ကလေးရှိန်းသစ်ခဲ့ပြီ။

ဆောင်းညဝါအအေးဓာတ်က စိမ့်နေအောင် တောခွင်ကို စိုးပြီ။ အဘွားသစ်ကား လမ်းပျောက်နေသည်။ သူမ၏လက်သုံး တောင်ဝှေးကလေးကို ထော



www.burmeseclassic.com

www.burmeseclassic.com

ကာယေဘုက်ကာ မုံတာဝဂူတော်၌ ဘုရားဖူးဖို့ ဘုရားရှာဆဲ။

ညသည် တစစအိပ်မင်းခဲ့ပြီ။

"ဒီနေ့မနက်၊ ကျွန်မတို့မြေအဘွားတစ်တွေ မုံတာဝဂူတောကို သွားလည်ကြမယ်ဆိုပြီး သွားကြတယ်ရှင့်။ အမေကအိမ်မှာ ကျန်ခဲ့တာ။ ကျွန်မတို့ပြန်တော့ အမေအိမ်မှာမရှိတော့ဘူး။ ဟိုမေးဒီမေး မေးကြည့်တော့မှ ခြေရင်းအိမ်က ခင်သစ်ကလေးလာပြီး ကျွန်မတို့တွေသွားလို့ သိပ်မကြာခင်ပါလည်းလိုက်သွားဦးမယ်ပြောပြီး ဒီအတိုင်းလိုက်သွားတယ်လို့ ပြောပါတယ်။ အမေ့မှာကြီးတောင်ကြီးမားကျခါမှ ခုလိုဒုက္ခရောက်ရတယ်လို့။ ဘာပစ္စည်းမှုလည်း ယူမသွားနိုင်ဘူး။ အိမ်ဝတ်အိမ်စားနဲ့ပဲ ထွက်သွားတာတဲ့၊ ရှာကြပါဦး။ ဝိုင်းကြဝန်းကြ ကူညီကြပါဦးရှင်"

အဘွားသစ်၏သမီး ဒေါ်ခင်လေး၏ရင်၌ အပူမီးလောင်လေပြီ။ ထိုမီးသည် ချက်ချင်းပင် တောမီးနှယ်ပြန့်၏။ စိတ်သောကဝန်ပိလျက် ပူလောင်ပင်ပန်းမှုစက်ဝန်းကား ပို၍ပို၍ကျယ်ပြန့်လာလေသည်။ သူ့သားမက်ငွေတိုက်စာရေးကြီးဦးအေး၊ သူ့မြေအတွင်းဝန်ဝတ္ထုကျော်ထင်ဦးညိုတို့၏ မျက်နှာများကြောင့်အစိုးရရုံးများ၊ မြို့နီစပယ်အဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မြို့မိမြို့ဖများ၊ ရပ်ဝေးရပ်နီးမိတ်သင်္ဂဟများ၊ ဆွေရင်းမျိုးချာများ၊ အဘွားသစ်အပေါ် သံယောဇဉ်တကြီးရှိတော်မူကြသည့် ဆရာတော်သံဃာတော်များ၊ စိုးရိမ်တကြီးပင် လူအုပ်စုများခွဲလျက် မုံတာဝဂူတောတစ်ဝိုက်၌ တောနင်းရှာဖွေကြ၏။ ရောက်လေမည့်ထင်သမျှတော၊ တက်လေမည်ထင်စနီးသည့် တောင်စွယ်တောင်ရိုးတစ်ခွင်တစ်ပြင်အနှံ့နေ့နေ့ညည မီးရောင်တထိန်ထိန်ဖြင့် ရှာကြဖွေကြလေတော့၏။

ပထမတစ်ရက်ကုန်ခဲ့ပြီ။ အဘွားသစ်ကို အရိပ်အယောင်မျှ မတွေ့ကြရ။

ဒုတိယတစ်ရက် လွန်ခဲ့ပြန်ပြီ။

အဘွားသစ်သတင်း မကြားရတတ်သေး။

တတိယနေ့ကို ကျော်ခဲ့သည်။ အဘွားသစ်အကြောင်း စောင်းပါးရိပ်ခြည်မျှမသိကြရပြန်။



သောကဝန်က ပို၍ပို၍ဖိစီးလောင်မြိုက်လာခဲ့မိကြရသည်။ ဆောင်းညလည်းမအေးနိုင်။ လဝန်းရောင်လည်း မသာယာနိုင်။ တောစိမ်းစိမ်း တောင်စိမ်းစိမ်းသည်လည်း ရုတ်ခြင်းပင်ရှက်ကြွေရှက်ပြတ်တောတစ်ခုပမာ သွေ့ခြောက်လေပြီ။

သည်လိုဖုံဖြင့် မိုးကြီးချုပ်ခဲ့လျှင် ...။

နှင်းတို့ပြာပြာရီရီမှုန်သည်။

အနောက်ဘက်ကောင်းကင်၌ တိမ်ရောင်စုံတို့တောက်နေသည်။ မိုးကာလနေဝင်ချိန်ကဲ့သို့ပင် ရောင်မျိုးတွေတွေတလာခင်းနေတော့၏။ သည်မျှ လှလွန်းသည့်တိမ်လွှင်ပြင်ကို မမြင်ခဲ့ရသည်မှာလည်း ကြာတောင်းကြာခဲ့ပြီ။ တစ်ချိုတစ်ချိုတွင်လေကလေးက သုတ်လေသည်မှာအတန်ငြိမ်းချင်သည်။ စိမ်းစိမ်းညိုညို့တောအုပ် မှိုင်းမှိုင်းကလေးလာတိုင်း ဘယ်ညာယိမ်းနွဲ့လျက်ညွှတ်ညွှတ်တိမ်းတိမ်းနှင့်ကြည့်ရင်းကပင် ဆန်းသလိုလိုအမြင်လှနေသည်။

အဘွားသစ်ကား ရေလည်းမဆာ။

အစာအာဟာရတစ်စုံတစ်ရာ မစားရသော်လည်း ဆာလောင်မှုမရှိ။ ကြောက်စိတ်လန့်စိတ်လည်းမပေါ်။ တစ်ကိုယ်တည်း လွတ်လပ်ပေါ့ပါးစွာ တောထဲတောင်ထဲဟိုသည် သွားလာနေရသည်ကပင် စိတ်ဖြူးချင်စရာ။ ရတနာသုံးပါးဂုဏ်နှင့် အစဉ်မပြတ်ပွားထုံနေတတ်သည့် ဗုဒ္ဓါနုဿတိအကျင့်ကိုလည်းယုံသည်။ 'နဘယ်' တေးမရှိနိုင်။ သူ့အာရုံထဲ၌ ထာဝရဖူးမြော်မြင်တွေ့နေရသည့် ရုပ်ပွားတော်မြတ်များကိုလည်း မုံတာဝဂူကြီးအတွင်းထဲဝယ် ဖူးခွင့်ရလေဦးမည်ဟုသေချာနေသည်။

"အင်း ငါတော့ လောလောဆယ်ဘုရားမှတစ်ပါး ကိုးကွယ်အားထားရာမရှိဘူး။ တဖြည်းဖြည်းနဲ့ မှောင်လာနေပြီ။ တောရဲတိရစ္ဆာန်တွေနဲ့များ တိုးမှဖြင့်။ အင်း ဒုက္ခ ဒုက္ခ ကုသိုလ်ရအောင်ရှာကြနေမှာပဲ။ ဘုရားရှင်ကိုဖူးရအောင်လာတဲ့ခရီးလေ။ သေသွားခဲ့ရင်လည်း အသေမြတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးလှလှကလေးများဖြင့် အဘွားသစ်ကြည်မွေ့နေမိသည်။ သူမြင်နေရသည့်ကလည်း တွေ့ရိုးတွေ့စဉ်မြင်ကွင်းတွေမဟုတ်။ လှသည့် ဆန်းသည်။ လွမ်းမွယ်ပင်ညိုညို့ကလေးရှိနေသည်။ သူ့ရှေ့မှာက ရှမ်းတောင်မင်း။ ပတ်ပတ်လည်၌ တောင်စဉ်တောင်လျှိုင်း တောင်တံတိုင်းတို့ထပ်ထပ်ရံနေသည်။ မြင့်သည်၊ ခန့်သည်၊ တည်သည်၊ ငြိမ်သည်။ နှင်းလွှာအကာသားက ပြာပြာမှောင်သော်လည်း လဝန်းကွေး၏လရောင်ကြောင့် မြင်သာရုံဖြင့် လက်လက်လင်းနေသေးသည်။

ပင်စောက်ပင်မြင့်သစ်တစ်ပင်ခြေရင်း၌ ဖြူပြာပြာကျောက်လွှာပါးပါးကလေးတစ်ချပ်အပေါ် ပုဆစ်ဒူးတုပ်ထိုင်လျက်အတွေးက ကသီကရီ။

"မိဘဆရာသမား တောစောင့်နတ်၊ တောင်စောင့်နတ်ကအစ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါအပေါင်းတို့အား မေတ္တာအထူးပို့ပါတယ်။ မြဲမြီးမြဲဆဲကုသိုလ်အဖို့ဘာဂကိုလည်း အမျှပေးဝေပါတယ်။ ဘုရားမြတ်ဘဂဝါရဲ့ ရွှေနှုတ်တော်ထွက်မေ့စက်ဂါထာ, ဝေနများကိုလည်း အတူတကွနာယူကြည်ညိုပူဇော်ကြပါ"

စိတ်အာရုံထဲတွင် တစ်ကိုယ်တည်းဟုမခံစားမိ။ မိမိဝန်းကျင်ပတ်လည်၌ သူရွတ်ဆိုပူဇော်နေသည့် တရားဂါထာတော်များကို ထက်အောက်ဝဲယာအနှံ့အကြားအလပ်မရှိ စုဝေးနာယူနေသောပရိသတ်များရှိဘိသို့ စိတ်ညွတ်ထားလိုက်သည်။ ပရိတ်တော်များ၊ ဓမ္မစကြာတရားတော်၊ ပဋ္ဌာန်းမြတ်ဒေသနာ၊ ဗုဒ္ဓါနုဿတိဂါထာတော်များ တစ်လှည့်စီ၊ တစ်ပြန်စီ ထပ်၍ ထပ်၍ ကျေ၍ကျေ၍သာ အလီလီအခါခါရွတ်ဖတ်ပူဇော်နေမိတော့သည်။

"အဋ္ဌာနမေတံ ဘိက္ခဝေ
အနဝကာသော
ယံပရူပက္ကမေန
တထာဂတံ ဇီဝိတာ
ဝေါရောပေယျ
အနုပက္ကမေန ဘိက္ခဝေ



တထာဂတာ
ပရိနိဗ္ဗာယန္တိ။ ။"

"ဟင် မွှေးလိုက်သင်းလိုက်တာ။ ယဉ်ယဉ်ကလေးနဲ့ လှိုင်လှိုင်ပါကော။ တောပန်းတောင်ပန်းကလေးတွေရဲ့ ရနံ့ကလေးတွေထင်ပ။ အို ဒီတောဒီတောင်ထဲမှာ ဒီလောက်မွှေးတဲ့ပန်းတွေရှိတတ်သေးတာကိုး။ ကြည့်စမ်း ကြည့်စမ်း။ စကားဝါးစကားနံ့လိုလည်း ချိုအီအီမဟုတ်ဘူး။ ကရမက်နံ့သာဖြူလိုလည်း အနံ့ရူးရူးပြင်းပြင်းကြီးမဟုတ်ဘူး။ ပွင့်ဦးသစ်စပင်လုံးဝေနေတဲ့ စံပယ်ပန်းရုံက အနံ့မျိုးလေလား။ အို မွှေးလိုက်တာ မွှေးလိုက်တာ။ ဘုရား ဘုရား တန်ခိုးတော်ပေပဲ။ အလို အလို အမွှေးနံ့သာတွေက ငါ့ဘေးပတ်လည်မှာ နီးနီးကလေး ဝန်းရံလှည့်ပတ်နေကြပါကလား။ လူလိုမှနတ်လို နတ်လိုမှ ငြိုပြာ်မသတဲ့။ ဗုဒ္ဓဂါထာတော်မြတ်တွေတန်ခိုးကြောင့် နာကြားရတဲ့ သမ္မာဒေဝနတ်တွေငါ့ကို စောင့်ရှောက်နေကြတယ်ထင်ပါရဲ့။ သာဓု သာဓု သာဓု။ ရတနာသုံးပါးကျေးဇူးတွေကိုးလေ။ လက်ငင်းဒိဋ္ဌအကျိုးပေးကြီးနဲ့ ကြုံမှကြုံရတတ်ပလေဟယ်။ အဘွားအိုကား တစိုင့်စိုင့်တွေးလျက် မမှုဝီတီကို အားရပါးရကြီးခံစားနေလေတော့သည်။

စောင်လည်းမပါ၊ အပေါ်ဝတ်အနွေးထည်ထည်လည်း ဆောင်မလာမိခဲ့။ အရိုးတွဲမတတ်ရက်ရက်စက်စက်အေးတတ်သည့် ရှမ်းရိုးမတောင်ကြီးဆောင်းည။ အနွေးလုံစေနိုင်သည့် အဝတ်အဆင်မပါဘဲလျက် မချမ်းမစီးနွေးထွေးလုံခြုံနေပုံကိုတွေ့ကြည့်သည်။ အဖြေကားမရ။ ယခုချိန်ဝိုင် တစိုးတစိမျှ အစာမဝင်၊ ရေမဝင်လည်း မွတ်သိပ်ဆာလောင်မှုမရှိ။ အံ့ဖွယ်ကောင်းလှချည့်။

လကလည်း ရင့်ခဲ့ပြီ။

ညဉ့်ကလည်း တစ်ဇတစ်စနက်၍နက်၍လာသည်။

ရွတ်ရဖတ်ရမောလာသဖြင့် ခဏကလေးမှုးကာ ဘုရားအာရုံပြုသည်။ မေတ္တာဘာဝနာစီဖြန်းရင်း တောခွင်တောင်အနှံ့မေတ္တာဖြန့်သည်။ မေတ္တာဝေသည်။ ထိုစဉ်အခိုက် အဘွားသစ်တစ်ခရေးမျှ အိပ်စက်ခဲ့မိလိုက်သည်ထင်၏။

"အလို အလို။ ဘယ်လိုက ဘယ်လိုဖြစ်ရပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com

အဘွားသစ်ဖျတ်ခနဲလန့်နိုးလာချိန်တွင် သူ့ကိုယ်သည်အလွန်မြင့်သည့် သစ်ပင်ကြီးတစ်ပင်၏ခွကြား၌ ရောက်နေတော့သည်။ သူ့အလိုလိုရောက်နေခြင်းလား။ ဘယ်သူကျွ၍ ဘယ်နည်းဖြင့် ရောက်ခဲ့လေသလဲမသိတတ်နိုင်။ တွေးလည်း မတွေးအား။ "ကျားတို့ မြွေတို့ တောစိုးသားရဲတွေကို ကြောက်စရာမရှိတော့တာပလေ။ သူ့အလိုလိုတောင် လုံခြုံရာသည်အရပ်ရောက်နိုင်ရောက်ခဲ့သေးတာကပဲ။ အဆင်းခရီးလည်း သူ့နည်းနဲ့သူတော့ အဆင်ချောလိမ့်မပေါ့။ ဘုရားဂုဏ်၊ တရားဂုဏ်ကြောင့် ချမ်းသာရာရပေတာ" သတိကိုစုစည်းလျက် အဘွားသစ်မအိပ်တော့။ ရွတ်တိုက်ဖတ်လိုက်၊ တရားနှလုံးသွင်းလိုက်။ မေတ္တာပို့အမျှဝေလိုက်။ တစ်ညလုံးကုသိုလ်တွေရချင်တိုင်းရနေလေသည်။

လမွန်းတိမ်းချိန်၌ လရောင်က ပို၍လင်းထိန်တောက်ပလာသည်။ ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးကိုလည်း စီးမိုး၍မြင်နေရသည်။ သူထိုင်နေမိသည့် သစ်ပင်ကြီးက သိပ်မြင့်လွန်း၏။ လသာသာလရောင်အလင်း၌ သားရဲတိရစ္ဆာန်တို့ဘာသာဘာဝ သွားလာလှုပ်ရှားနေကြလေသည်ကိုလည်း ရှင်းရှင်းကြီးမြင်နေရသည်။ ပရိတ်၊ မေ့စကြာရွတ်၍ အမျှပေးဝေသည့်အခါ ထူးထူးခြားခြား 'သာဓု သာဓု သာဓု'ခေါ်သံတွေကြားလာရသည်။ မျက်လုံးကိုအသာဖွင့်ကြည့်မိလေခါမှပင် အဘွားသစ်မယုံချင်အောင် ကြုံရသည်။ သစ်ပင်ကြီးအောက်၌ တရားနာ၍ သာဓုခေါ်နေကြသည့် ပရိသတ်တွေများလှပါကလားလေ။

"ဗုဒ္ဓရဲ့မွေ ဝနစပါဠိတော်တွေကို ရွတ်ဖတ်ပူဇော်သရစ္ဆာယ်မယ်ဆိုရင်ကိုယ်ပြုသည့်အသံကို နာယူလို့ နာကြားလိုတဲ့ အခြားအခြားလူတွေ၊ နတ်တွေ ဗြဟ္မာတွေ စပ်ရာဆိုင်ရာအမနုဿတွေ ရှိကြသေးတယ်။ သူတို့တွေက ငံ့လင့်နေကြသေးတယ်လို့ ယုံယုံကြည်ကြည်နဲ့ သူတို့တွေလည်း နာကြပါစေဆိုတဲ့စေတနာဓောအာရုံကိုတင်ပြီး ရွတ်ဖျာ။ သိပ်စိတ်ချမ်းသာရတယ်။ သိပ်အကျိုးကြီးတယ်။ သိပ်ကုသိုလ်ရတယ် ဒကာမကြီး"

သိမ်တောင်ဆရာတော်ဘုန်းကြီးဘုရား၏ ဩဝါဒကနားဝ၌ထင်လာသည်။ အဘွားသစ်အားအင်တွေပြည့်ကာ ဝီ၍ဝီ၍ရွတ်ပြန်လေသည်။

နေထွက်ရာအရှေ့အရပ်က အရုဏ်သစ်ခဲ့သည်။



အဘွားသစ်လည်း မှေးခနဲတစ်ချက်ဖြစ်မိပြီးနောက် သစ်ပင်ကြီးအောက် အလိုလိုရောက်နေရပြန်၏။ အိပ်မက်လေလား။ ထူးထွေတလာကြုံရမှုများနှယ် ယုံချင်၍မှ နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။

သည်အတိုင်းပင် သုံးနေ့နှင့်သုံးည။

ကြုံခဲ့ရသည်။ ကြုံဖူးရသည်လေ။

* * *

"အင်း ငါလာတာက မုံတဝက္က မြတ်စွာဘုရားရှင်တွေ ဖူးရအောင်ဆိုပြီးလာခဲ့တာ။ မုံတဝက္ကကိုတွေ့အောင်ရှာပြီး ဘုရားဖူးဦးမှာပါပဲ"

နေ့နေ့ညည၊ ကာလယန္တရားတွေက လည်ပတ်နေဆဲ။

စတုတ္ထမြောက်နေ့နံနက်ဦးတွင် အဘွားသစ်စိတ်၌ သည်သို့ကြံစည်စိတ်ကူးမိ၏။ ရတနာသုံးပါး၏ဂုဏ်ရည်နှင့် ပရိတ်တော်၊ တရားတော်များ၏ အာနုဘော်ကို ကိုယ်တွေ့ကိုယ်ကြုံမို့ ယုံယုံရဲရဲလည်းရှိလှသည်။ ရည်ရွယ်ရာ ဘုရားဖူးခရီးသည်လည်း အလိုပြည့်ရပေမည်ဟု ရင်ထဲစွဲမြဲနေမိ၏။

တောစိုးတောင်စိုးပုဂ္ဂိုလ်အပေါင်းအား အထူးထူးအလည်လည် မေတ္တာပွားပို့သည်။ တိုင်တည်စကားကိုပင် ဆိုမိသေးသည်။

"ရတနာသုံးပါး၏ တန်ခိုးအာနုဘော်တော်နှင့် မိမိ၏ကုသိုလ်သံတိုက်ဆိုင်အခွင့်ကြုံခဲ့ပါက သည်မုံတဝက္ကတောမှ မုံတဝက္ကကိုတွေ့ရှိရကာ ဘုရားရှင်ရုပ်ပွားတော်မြတ်အဆူဆူတို့အား ဖူးရပစေသား"

ခလာက၌ သိခက်နက်နဲ၍ ယုံမှတ်လက်ခံရန်ပင် တွေဝေတွန့်ဆုတ်မိအံ့သောအရာတို့ရှိတတ်လေစမြဲ။ ယင်းတို့ကိုပင် 'ဂမ္ဘီရ'ဟု ဆိုစနိုးရအံ့ထင်သည်။ သာဓုပင်လျှင် ကြုံလာသည်တို့က အဆန်းတကြယ်။

"အဘွား ဘုရားဖူးဖို့ လာတာလားရှင်။ အဘွားကိုဒီအနားမှာ တွေ့တွေ့နေရတာ သုံးလေးရက်ရှိနေပါပြီ။ လမ်းပျောက်ပြီးပဲ အိမ်အပြန်ခက်နေပါသလားရှင်။ သမီး ကူညီပါရစေနော်"

သင်းပျံ့သောအမွှေးရနံ့၊ ချိုလွင်သောအသံနှင့် ဖြူဖြူစင်စင်မိန်းကလေးငယ်တစ်ဦးကိုလမ်း၌ဆုံရသည်။ မိန်းကလေးက ပဋိသန္ဓာရစကားချိုချိုကိုဆိုလာ



www.burmeseclassic.com

www.burmeseclassic.com



သဲတော်ဆင့်မင်းကတော်ကြီး အဘွားသစ်

၏။ နုနုငယ်ငယ်၊ ပျို့ပျို့မျစ်မျစ်။ အဘွားသစ်၏မြေးမငယ်လေးအရွယ်သာ ရှိပါလေဦးမည်။ ရုပ်အဆင်းက သန့်စင်ကြည်လင်လွန်းလှ၏။

"ဟုတ်တယ်မြေးရေ ဟုတ်တယ်။ မုံတဝဂူကဘုရားတွေဖူးမလို့ကွယ်။ အိမ်သားတွေနဲ့ကွဲပြီး တောထဲတောင်ထဲမျက်စိမှောက် ဝဲလည်စတ်နေတာ။ မြေးများလည်း သိရင်ညွှန်ပေးပါဦး။ ဪ ဒါနဲ့ သမီးကဘယ်သူလဲ ဘယ်ကလဲ။ ဒီတောကြီးမျက်မည်းထဲ ဘယ့်နှယ်ရောက်နေသလဲ။ စကားတော့ ရှည်တယ်လည်း၊ မထင်ပါနဲ့ကွယ်။ မိန်းမပျိုကလေးအနေနဲ့ မသူတော်တွေနဲ့ကြုံရမှာစိုးလို့ပါ မြေးရယ်"

"ကျေးဇူးပါ အဘွားရယ်။ သမီးက 'နန်းသီတာ'ပါ။ ဒီနားကရွာမှာ သမီးအမိအဖများနဲ့ နေကြပါတယ်။ တောအလုပ်တောင်အလုပ်ပါပဲ။ အဘွားကို ထူးထူးဆန်းဆန်း တွေ့တွေ့နေရပြီး အဘွားပူဇော်တဲ့တရားတော် အသံတွေနာရတာဟာလဲ ကျက်သရေရှိလွန်းလို့ ဒီကနေ့လာခဲ့တာပါရှင်"

"သာဓု သာဓု သာဓု မြေးရယ်။ အဘွားကို မုံတဝဂူကြီးဆီသာ ခေါ်သွားပါတော့။ ဘုရားရှင်ကိုယ်တော် မြတ်တွေ ဖူးချင်လှပြီ"

နန်းသီတာ၏လက်ကလေးနုနုကို ကိုင်ဆွဲလျက်အဘွားသစ်က တောသို့ဝင်သည်။ တောင်ကိုဖြတ်သည်။ မြိုင်ကိုလျှိုး၍ ချောင်းရိုးကလေးတွေကို ကျော်ခဲ့ကြ၏။

"မြောက်တောင်မိုင်းဝေ၊ သစ်ပင်တွေနှင့်၊ ပင်ခြေကျောင်းကျောင်း။ ပန်းအင်ကြင်းလည်း။ ရွက်ချင်းခိုက်ထိ၊ စောင်းကြိုးညှိသို့ နုမိနုမြော၊ လွမ်းဖွယ်ပေါ်စွ။ တောတောင်ဝန်းကျင်၊ မြင်ရာတွင်မူ၊ လွမ်းစေဟူသို့"



ကဲ့အခွင့်မသင့်စဉ်က မကြုံမတွေ့၊ တမေ့တမော တောနှင့်တောင်အတွင်း တဝဲလည်လည်ဖြစ်ခဲ့ရသော်လည်း ယခုဖြင့်မူ အဘွားသစ်ဖူးခွင့်ကြုံခဲ့ပါပြီ။ ဂူအဝ၌ ဆယ်ကိုက်ခန့်မျှသာ ကျယ်ဝန်းသော်လည်း အတွင်းသို့ရောက်လျှင် ဂူလည်းကျယ်ဝန်း၍ လမ်းခွဲလည်းအသွယ်သွယ်တွေ့ရ၏။ ဂူအတွင်း၌အဆူဆူသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ။ ရဟန္တာအရှင်မြတ်ရုပ်တုတော်များ သရီရဓာတ်တော်မွေတော်များကို ဖူးမဝအောင်ပင်တွေ့ရတော့သည်။

မုံတဝလိုဏ်ဂူကြီးအတွင်း ဘုရားရုပ်ပွားတော်မြတ်များအား သန့်ရှင်းရေးဝတ်ကို ပါလာသည့် တဘက်ကလေးဖြင့် နိုင်သမျှလုပ်တော့၏။ မလောလေလျှင် ကျုံ့ကျုံ့ကလေးထိုင်ကာ အားရပါးရဘုရားဖူးလိုက်ပြန်သေး၏။ ပဋိတ်တရားတော်များနှင့် မေတ္တာကြာမဟာပဋ္ဌာန်းတရားတော်များကိုလည်း ကြီးစွာသော ပီတိဖြင့်ရွတ်ဖတ်ပူဇော်ပြန်လေသည်။ မွှေးပျံ့သင်းကြိုင်သော ရနံ့တို့ကလည်း လိုဏ်ဂူကြီးအတွင်းလှိုင်နေတော့သည့်သား။

"နန်းသီတာ နန်းသီတာ။ ရော် သည့်ကလေးမ ဘယ်များရောက်သွားပါလိမ့်။ ငါများဘုရားဝတ်ပြုနေတုန်း မစောင့်နိုင်လို့ပြန်သွားရှာပြီထင်ပ။ ကျန်းမာချမ်းသာအေးအန္တရာယ်ကင်းပါစေကွယ်။ ကောင်းသောလိုရာဆန္ဒများလည်း ပြည့်ပါစေကွယ်"

အချိန်ကာလတို့သည် လူကိုကျော်လွန်၍ သွားကုန်၏။

နေ့နှင့်ညတို့သည် လူကိုကျော်လွန်၍ သွားကုန်၏။

အရွယ်အပိုင်းအခြားသည်လည်း လူကိုစွန့်၍သွားကုန်၏။

ကိုယ့်ကိုယ်ကိုယ်မှ ကိုယ်မပိုင်၊ စွန့်ရဦးမည်။

ခရီးကြုံခိုက် သံယောဇဉ်ဖွယ်မျှင်တန်းကာ တွယ်ငြိမိလိုက်ခြင်းသည်သာ ကိုယ့်အများပင်တကား။ စွန့်သူကစွန့်၊ ခွဲသူကခွဲလည်း ကိုယ်တည်းတစ်ယောက်ထဲ လျှောက်ရဲရပေဦးမည်။

"အို မဟုတ်လိုက်တာ။ ဘယ်မှာတစ်ကိုယ်တည်းလေလဲ။ ရတနာသုံးပါးနှင့်တကွ သာသနာကိုသက်ဝင်ကြည်ညိုသူပုဂ္ဂိုလ်အပေါင်းလည်း မိမိနှင့်အတူတကွ ရှိနေသည်သည်သာပဲကိုးလေ"



www.burmeseclassic.com

www.burmeseclassic.com

အဘွားသစ်က နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ်ကြီးပြုံးလိုက်မိသည်။

၁၈

ကျန်ရစ်သူမိသားစုများအားလုံးမှာ မစားနိုင်၊ မသောက်နိုင်သောကမီး လောင်လျက် ဒေါင်ချာစိုင်းနေကြတော့၏။ ရှာဖွေရေးအဖွဲ့များမှာ သုံးရက်ပင်ရှိ သွားလေပြီ။ အဘွားသစ်အတွက် အသက်နှင့်ကိုယ်တွေ့နိုင်စရာအကြောင်းမရှိ တော့ဟူ၍ပင် ထင်မြင်ယူဆလာကြသည်။

ဤတောဤတောင်သည် ကျား၊ ကျားသစ်၊ သားရဲတိရစ္ဆာန်တို့ကျွမ်းဝင် ကျက်စားစိုးမိုးရာဖြစ်၏။ ကျား၊ ကျားသစ်များစား၍ အလောင်းပြန်ရရန်မျှ မထွေး၀့်။ တစ်တောင်တက်ဆင်း တစ်တောနင်း၍ ခြေရာချင်းထပ်မျှ ရှာဖွေ ခဲ့ကြပြီးပြီ။ ပင်ပန်းလည်း ပင်ပန်းကာနွမ်းနွမ်းရိရိဖြစ်ကာ ဆက်လက်ရှာဖွေ ကြရန်ပင် အားပျက်နေကြပြီ။

သို့နှင့်တိုင်

''ဤမျှရတနာသုံးပါးဂုဏ်၌ မတုန်မလှုပ်သက်ဝင်ယုံကြည်သော ဘုရား ရှင်၏ ဥပါသိကာတစ်ဦးသည် ဤမျှလွယ်လွယ်ကလေးဖြင့် ဥပဒ္ဒဝေကက်သက် ရောက်၍ ဆုံးရှုံးနိုင်ရိုးလား။ လောကနှင့် လောကပါလတရားတို့က စောင့် ရှောက်နေလိမ့်မည်။ အလောင်းမတွေ့သမျှ ရှာကြဦးမည်''

သိမ်တောင်ဆရာတော်ကြီး၏ ဩဝါဒတော်ကိုပယ်လှန်ရန်မဝံ့၍ ဆွေရင်း မျိုးရင်းတစ်စုက မုံတာဝဂူဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရှာဖွေရေးအတိုင်း တမော့ မော့တက်လာမိကြသည်။ လမ်းကလေးက ညီလည်းမညီ ရှင်းလည်းမရှင်း။ လမ်းယောင်ကလေးသာဖြစ်၏။ တောမြက်ရိုင်းချုံနွယ်တို့က ရှုပ်ရှုပ်ပွပွ။ ကွေ့ ကွေ့ကောက်ကောက်။ တောင်ရိုးခင်တန်းကလေးကိုလွန်မိလေလျှင် အုပ်အုပ် ဆိုင်းဆိုင်းပင်စောက်ပင်မြင့်ကြီးတွေ မှိုင်းဝေနေသည့် မုံတာဝဂူတောစောင့်နတ် စင်ကလေးကိုမြင်သည်။ ထိုမှလွန်လျှင် နင်းကြွင်းမှုန်မှုန်တို့ဝေနေသည့် တောင် နိုး မြူပြာပြာတို့အကြား၌ လူရိပ်သဏ္ဌာန်တစ်လှုပ်လှုပ် တရွေ့ရွေ့ကလေးကို တွေ့သည်။

''အဘွားသစ်''



မုံတာဝဂူနတ်စင်အနီး၌ ဂူဘက်သို့သွားနေသော အဘွားသစ်ကို တောင် ဝေးတစ်ချောင်းနှင့် မြင်ကြရသည်။ အားလုံးပင် ဝမ်းသာလွန်း၍ မှင်တက်မိကာ ငေးမောနေမိကြ၏။

''အဘွားသစ်ကို ကျွန်တော်တို့ ရှာနေကြတာ လေးရက်တောင်ကြာသွား ပြီ''

ဝမ်းသာအားရ ပြောဆိုကြသည်။ ထို့ထက်တစ်မူ -

ဘုရားရဟန္တာရုပ်တုတော်များ တစ်ထောင်ကျော်မျှသီတင်းသုံးလျက် ရှိနေ သော 'မုံတာဝဂူလိုဏ်ဂူကျောင်းတော်ရာ'ကြီးကို ဖူးမြင်ကြရလေပြီ။ ဗုဒ္ဓခေတ်၊ သီဟိုဠ်ခေတ်သာသနာတော်၌ ထင်ရှားကျော်ကြားခဲ့သော ဣန္ဒသာလာလိုဏ်ဂူ၊ ပိပ္ပလိလိုဏ်ဂူ၊ ကဿကလိုဏ်ဂူ၊ ကုရရဃရလိုဏ်ဂူ၊ အာဂျန္တာလိုဏ်ဂူ၊ အေလို ရာ လိုဏ်ဂူတို့ကဲ့သို့လည်းကောင်း၊ မြန်မာနိုင်ငံပြဒါးလင်းဂူ၊ ကော့ဂွန်းတို့ကဲ့သို့ လည်းကောင်း လွန်စွာကျယ်ဝန်းရှည်လျားသော သဘာဝကျောက်လိုဏ်ဂူကြီး ကို တွေ့ခဲ့ကြရခြင်းပင်။ စူးစမ်းလိုသူတစ်စုကိုဦးဆောင်လျက် ဦးသိန်းထွင်တို့ ဝင်ရောက်လေ့လာခဲ့ကြရာ အသွားခရီးသုံးရက်၊ အပြန်ခရီးနှစ်ရက်၊ အရှည်မိုင် ၂၀ခန့်အထိ သွားနိုင်ခဲ့ကြ၏။ ရှေ့ဆက်မသွားရဲ၍သာ ရပ်ထားခဲ့ကြရသည်။ လိုဏ်ဂူကြီးကား မဆုံးသေး။ ဘယ်အရပ်ဘယ်ဆီပေါက် လေမည်လည်း မသိတတ်နိုင်။

သို့ဖြင့် မုံတာဝလိုဏ်ဂူတော်သည် ဗုဒ္ဓဘာသာဝင်တို့အတွက် ကုသိုလ်တွေ လည်းရ၊ ဒေသန္တရဗဟုသုတလည်းတိုးစေသည့် ဘုရားဖူး၊ ဘုရားအာရုံပြုရာ ဌာနသစ်တစ်ခုအဖြစ် ပေါ်ထွန်းလာခဲ့သည်။

လက်တွေ့သိခွင့်ကြုံခဲ့ကြရသည့် 'ဂမ္ဘီရလက်ဆောင်'ပေတကား။ အဘွား သစ်ကိုလည်း 'လူသားစင်စစ်က စတုမဟာရာဇ်နတ်ပြည်သို့ အရှင်လတ်လတ် ရောက်ခဲ့ပြီး စတုမဟာရာဇ်က ပြန်လာသူ'ဟု မုံတာဝလိုဏ်ဂူကြီးနှင့်အတူ တောင်ကြီးဒေသတစ်ခွင်၌ ထင်ရှားလေးစားခဲ့ကြပေ၏။

အသက် (၈၅)နှစ်အရွယ် မြန်မာသက္ကရာဇ် (၁၃၀၃)ခုနှစ် (၁၉၄၁)တွင် အဘွားသစ်လွန်ခဲ့သည်။ တကယ်ပင် စတုမဟာရာဇ်တို့ လားမည်ရောက်မည် ကား မုချပင်။



www.burmeseclassic.com

www.burmeseclassic.com

၁၃၂၇ ခုနှစ်၊ နယုန်လဆန်း (၇)ရက် (၆ – ၆ – ၁၉၆၅) တနင်္ဂနွေနေ့။ အပြင်မှာ မိုးတွေရွာနေသည်။ တိမ်ညိုမည်းတွေ မြူနေသည်။ မိုးကဟုတ်တိပတ်တိကြီးကို ရွာနေသည်။ လေကလည်းပြင်းပြင်းတိုက်၏။ မိုး၏စစ်သည်တို့က တပြိုင်းပြိုင်းတဝေါဝေါ။ မိုးစက်မိုးပေါက်တို့ကလည်း သည်းသည်းစောင်းစောင်း တသောသောစွေရွာနေတော့၏။

သို့နှင့်တိုင် မိုးသက်ကမကြာမရှည်။ တောနင်တောင်သို့ အစိုးရိမ်လွန်၍ ကပိုကရိုကလေး အလှုပျက်လေ့ရှိမှုသာ ကျိုးပယ်ပြီးကစားပြီး ရပ်သွားသည်။ မိုးသံကိုစဉ်းငယ်မျှပင် မကြားရလေတော့ပြန်။

မိုးတိတ်သွားပြီ။

နေ၏ရွှေခြည်နုနုက ဝင့်ဝင့်ကလေး လင်းလက်လာပြန်တော့၏။ သစ်ရွက် သစ်ခက်တို့သည်လည်း နေခြည်၌ဖိတ်ဖိတ်လက်နေသည်။ ကြွင်းရစ်ခဲ့သော မိုးစက်မိုးဥကလေးများက စိန်ပွင့်စိန်မှုန်ကလေးများနှယ် တဖျတ်ဖျတ်တောက် စားနေတော့၏။

တိမ်တစ်သိုက်က ရှမ်းရိုးမကိုကျော်နေကြပြီ။ စောစောကပင် မည်းမှောင် သင်ခဲ့သော ကောင်းကင်သည် တိမ်ဖြူဖြူပန်းတစ်ဆုပ်ကိုပန်လျက် သူမဟုတ် လေဟန် ပြာပြာလွင် ယဉ်နေပြန်ချေသည်။

"ဟင်၊ ဟိုဟာက ဘာကြီးလဲ။ ရွှေရောင်တွေ တဝင်းဝင်းနဲ့လင်းလက်နေ လိုက်တာ"

မုံတဝဂူကြီးကိုပြုပြင်နေသည့် ပန်းရန်အကူလုပ်သားလေး မောင်လှမြင့်က စေတီမုခ်ဝ၌ ထူးဆန်းသောအရာတစ်ခုကို မြင်သည်။ ကျောက်လိုဏ်ဂူသို့တက် ရာ ကျောက်လှေကားကြီးခြေရင်း၌ တွေ့ရခြင်းဖြစ်၏။ သူ့အဖော်များ၊ ပန်းရန် ဆရာများကို အော်ခေါ်ရပြောနေသည်။

"ဟယ် ရွှေတဘက်ကြီးပါလား။ နေဦး နေကြဦးဟေ့ ဆရာဦးသိန်းလွင်တို့ အဘဦးဘကြင်တို့ အကျိုးဆောင်ပုဂ္ဂိုလ်တွေကို အပ်နှံပြီးမှ ကြည့်ကြရကြရ အောင်။ တစ်ယောက်ယောက်က ဘုရားလာလှူထားတဲ့ဘုရားပစ္စည်းဖြစ်နေပြီ ကြားထဲက ဘုမသိဘမသိ လောဘငယ်ထိပ်တက်ပြီး အကုသိုလ်တွေအပြာ



BURMESE CLASSIC .com

လိုက်ကပ်နေဦးမယ်။ ကဲ ကဲ အဲဒီသက်နီးလတ်လတ်ဆတ်ဆတ်တစ်ထည်ကို ထုပ်ဟာ၊ လာကြ၊ စတွေ့တဲ့မောင်လှမြင့်နဲ့ မောင်ကိုတို့ ဘိုးဖြူတို့လိုက်ခဲ့ကြ"

ရွှေတဘက်ကြီးက တောင်ကြီးမြို့သို့ ခရီးဆန့်ခဲ့၏။

မုံတဝလိုဏ်ဂူဆုတောင်းပြည့်စေတီနှင့်တကွ အရပ်ရပ်ပြုပြင်ဆောက်လုပ် နေသော ဦးသိန်းလွင်၊ ဦးဘကြင်တို့က ရှေးဟောင်းပစ္စည်းကျွမ်းကျင်သူများကို ပါ ခေါ်ကြ စနစ်တကျလေ့လာကြ သုတေသနပြုကြသည်။

ရွှေတဘက်ကြီးသည် –

၁။ အလျား ၃ပေ ၈လက်မ      ၄။ ဟသ်ာရုပ် ၂၇ရုပ်
၂။ အနံ ၆လက်မ      ၅။ ယပ်တောင်ရုပ် ၉၆ရုပ်
၃။ ရွှေချိန် ၂၈ကျပ်သား      ၆။ ရွှေခြူ ၂၉လုံးပါ၏။

ရွှေသားအစစ်ကို ဆံခြည်မျှင်ခန့်သေးငယ်သော နန်းကြိုးဆွဲကာ လှပစွာ ရက်လုပ်ထား၏။ ရွှေဟသ်ာရုပ်များ၊ အချိတ်ပန်းများ ခြူးခက်ခြူးနွယ်များ ပုံဖော်ထားသည်။ ကျောဘက်တွင် ယင်တောင်ကွက်များ ဖော်ထား၏။ အနားစ နှစ်ဖက်စလုံး၌ ရွှေခြူကလေးများသီတွဲထားသည်။ ကိုင်တွယ်လှုပ်ရှားလိုက်တိုင်း ရွှေခြူသံကလေးများ တလွင်လွင်ပေါ်လာတတ်သည်။

"လူသားရဲ့လက်နဲ့ ရက်လုပ်ထားတဲ့ပစ္စည်းမှ ဟုတ်ပါလေစ"

မည်သို့မျှ တွေးတောမရနိုင်အောင် ဆန်းကြယ်နေတော့သည်။ 'ဂန္ဓီရ' ကိစ္စဟု ဆိုသူတို့က ဆိုကြသည်။ ဂန္ဓီရဟုဆိုမှုဖြင့် သာမန်ပကာတိဉာဏ်နှင့် ဆင်ခြင်တွေးဆ၍ ရကောင်းရသလော။ မသိတတ်နိုင်ပြီ။

သည်သတင်းက လေဝယ်အပျံ့အနှံ့မြန်လွန်းသည်။


လူအများဝိုင်းအုံကြည့်ရှုကြ၏။ အတင့်ရဲသူတို့က ခွင့်ပန်ရကောင်းမှန်းပင် မသိ။ လက်နှင့်ကိုင်တွယ်သုံးသပ်ကာ အရာကျယ်ချင်ကြသည်။ တစ်ယောက်စ တစ်ရာ။ မဖြစ်ချေပြီ။ မှန်သေတ္တာတွင်ထည့်၍ ပြရတော့သည်။ ပရိသတ်များ စထောင်ချီရောက်လာကြသည့်ထင်ပါ၏။ ဆရာဦးဘကြင်အိမ်ကလေး၌ပင် ခြေချရပ်တည်စရာမရှိတော့လောက်အောင် ပြည့်ကျပ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

သိခက်နက်နဲသော အကြောင်း ထုပ္ပတ်ကလေးများပေမင့်လည်း 'ဂျွိုရှ'ဟု ယိုးမယ်ဖွဲ့လျက် စပ်စုချင်တတ်ကြသည်။ အကျိုးတရား နောက်ကွယ်မှ အကြောင်းထိရောက်အောင် စေ့စေ့ငုငုဆင်ခြင်သုံးသပ်ခြင်းမျိုးလည်း မဟုတ်။ တွေ့ဦးကြုံသမ်၊ အခြစ်တန်းမို့ ရှုးစမ်းလိုခြင်းသက်သက်မျှသာ။



ထူးဆန်းသော ရွှေသားတဘက်ကြီး

(၁၇ - ၆ - ၆၅)။

နယုနီလပြည့်ကျော် (၂)ရက်။

ငိုနေသည်။ မိန်းကလေးတစ်ဦးကား တအိအိတလှိုက်လှိုက်ရှိုက်ကြီးတငင် ငိုနေသည်။ ရွှေတဘက်ကြီးကိုကြည့်လျက် ဝမ်းပန်းတနည်း သည်းသည်း ငိုနေလေသည်။ ရွှေတဘက်ကြီးကိုကြည့်လျက် 'ဝနိုတန်' ငိုနေလေခြင်းဖြစ်ရာ ထူးလည်းထူးသည်၊ ဆန်းလည်းဆန်းသည်။ မြင်နေရသည်မှာပင် စိတ်ပင်ပန်းကြရလွန်းသည်။

"ဟဲ့ ဟဲ့။ ကလေးမ ဘယ့်နယ်လဲကွယ် ဘာကြောင့်များ သည်လောက် ငိုနေရသလဲ။ နေပါဦး၊ သမီးက ဘယ်ကဘယ်သူ့သမီးတုံးဟဲ့"

"ရော် ဦးလေးဦးဘကြင်ကလည်း ပြည်တော်သာရပ်ထဲက ဦးတင်နုနဲ့ ဆရာမဒေါ်လှစင်တို့ရဲ့ သမီးလေးဌေးဌေးဟာကော။ မန္တလေးတက္ကသိုလ်တက်နေတဲ့ကလေးမလေးလေ။ ဟို ပုစုးမဆိုတာလေးပေါ့ ဦးလေးရဲ့"

"ဟဲ့ ဟုတ်ရဲ့လားဟယ်။ ဒါနဲ့ နေစမ်းပါဦး၊ ဒီကလေးနယ်ငိုနိုင်ရန်ကော ဟယ်။ ဘာကြောင့်လဲ မေးကြစမ်းကြပါဦး"

ရှိုက်သံတစ်ဝက်တစ်ပျက်နှင့် အသံကလေးထွက်လာသည်။

"ဒီတဘက်က ကျွန်မလှူထားတဲ့ တဘက်ပါ ဦးလေးရယ်"



"ပေါက်ပေါက်ရှာရှာ ဟုတ်နိုင်ပါ့မလား"

"ကျွန်မက ကုသိုလ်ရချင်လို့လှူခဲ့တာ။ အခုတော့ လူတွေက ကိုင်ကြ တွယ်ကြ ကြည့်ရှုကြပြီး လောဘစိတ်တွေဖြစ်နေကြတယ်။ တချို့ကလည်း အစအနကလေးတွေကို ခိုးသွားကြတယ်။ ကျွန်မ သိပ်ဝမ်းနည်းလွန်းလို့ပါ"

"အို"

"စိတ်မဆင်းရဲပါနဲ့ သမီးရယ်။ လုံလုံခြုံခြုံဖြစ်အောင် ဦးတို့ကြီးစဉ်ပါမယ့် ကွယ်။ အခုလိုအလှူရှင်ပေါ်လာတယ်ဆိုတော့ အားလုံးကပဲ ဝမ်းသာနေကြရပါတယ်။ ဒီတော့ အလှူရှင်က ဘယ်သူလဲဆိုတာ ဦးတို့သိပါရစေ"

"ဟုတ်ကဲ့ ဦးလေးရယ်၊ ကျွန်မတို့မှာ ညီအစ်မခုနစ်ယောက်ရှိကြပါတယ်။ ဒီမုံတဝဠ်မှာ ဘုရားတည်ပြီး အမျှအတန်းဝေလို့ သာဓုအနုမောဒနာပြုရတဲ့ အတွက် ညီအစ်မငါးယောက်က ကျွတ်လွတ်သွားကြရပါပြီ။ ညီမအငယ်ဆုံးနဲ့ အစ်မအကြီးဆုံးပဲ ကျန်ပါတော့တယ်။ ကျွန်မက အငယ်ဆုံး 'နန်းသီတာ'ပါ ရှင်"

"ဟယ် ဘုရား ဘုရား။ ထူးဆန်းလှပါဘိ"

"ဦးညိုရေ၊ ဒီမုံတဝလိုဏ်ဂူကြီးပေါ်လာအောင်ရှာဖွေခဲ့တဲ့ ခင်ဗျားရဲ့ အဘွား ကျောင်းအစ်မကြီးအဘွားသစ်ကို လမ်းပြခဲ့တာလဲ 'နန်းသီတာ'ပဲနော်။ ဟုတ်ရဲ့ မဟုတ်လား"

"အမေကတော့ ဒီအတိုင်းပြောသွားခဲ့တာပဲ ဦးဘကြင်ရေ"

"ဟုတ်ပါတယ် ဦးရယ်၊ သူတော်ကောင်းကြီး 'ဘွားဘွားသစ်'ကို ဘုရားဖူး ခွင့်ရအောင် လမ်းပြခဲ့တာလဲ ကျွန်မပါပဲ"

"ဪ သာဓု သာဓု သာဓု"

"တိုက်ဆိုင်လိုက်တာဟယ်"

"ကြုံမှကြုံရတာတဲ့ပလေနော်"

"အခု ဒီမုံတဝလိုဏ်ဂူဆုတောင်းပြည့်စေတီ တည်ရာမှာလည် ကျွန်မတို့ ညီအစ်မတစ်တွေကူညီလို့ ဒီလောက်မြန်မြန်ပြီးသွားတာပါ။ ဘုရားဒါယကာ



www.burmeseclassic.com

ဦးသိန်းလွင်နဲ့ ဦးဘကြင်တို့နှစ်ဦးရဲ့စေတနာကို ယုံကြည်လို့ပါ။ ကျွန်မဘုရားကို လှူထားတဲ့ ရွှေဘဘက်ကြီးကိုလည်း ဘုရားမှာပဲ ပြန်ထားပေးစေချင်ပါတယ် ရှင်''

''ကတိပေးပါတယ် သမီးရယ်။ ကျုပ်တို့ပြုပြုသမျှ ကောင်းမှုကုသိုလ်တွေနဲ့ သမီးရဲ့ ရွှေသားတဘက်ကြီးအလှူဒါနကုသိုလ်တွေရဲ့ အဖို့ဘာဂကိုအမျှပေးဝေပါတယ်။ သမီး 'နန်းသီတာ'တို့ညီအစ်မလက်ရှိဘုံဘဝက ကျွတ်လွတ်ပြီး ကောင်းရာသုဂတိရောက်ကြပါစေကွယ်။ ဘဝအဆက်ဆက် ဗုဒ္ဓသာသနာတော် မြတ်ရဲ့အရိပ်အောက်မှာ ဘဝသစ်တစ်ဖန်တည်ခွင့်ရလို့ မြတ်ဘုရားသာသနာကို ပြုစုစောင့်ရှောက်နိုင်ပါစေကွယ်။ အမျှ အမျှ အမျှ''

''သာဓု သာဓု သာဓု''

ပုစုံးမခေါ် မငွေးငွေးလည်း အငိုတိတ်လေပြီ။

ချမ်းမြေ့သောခမ္ပဓိတ်သည်လည်း လူတိုင်းကိုယ်စီ၏ ရင်အပြင်သို့တသိမ့် သိမ့်လွှမ်းသတည်း။

❀

လောက၌ သိခက်နက်နဲ၍ ယုံမှတ်လက်ခံရန် တွေဝေတွန့်ဆုတ်မိအံ့သော အရာတို့ရှိတတ်၏။ ယင်းတို့ကိုပင် (ဂမ္ဘီရ)ဟုဆို၏ ထင်သည်။ လောကကိုယ်၌ ကလည်း အဆန်းသား။ အထူးထူးအပြားပြား၊ အဆန်းတကြယ်ရှိချင်ရှိနေ တတ်သည်။

အဘွားသစ်(ခေါ်)သံတော်ဆင့်ဝန်မင်းကတော် ဒေါ်ခင်မမသစ်သည် လည်း သည်လောကကမ္ဘာမြေ၌ အမှန်ရှိခဲ့ဖူးသည်။ သူ့သားသူ့သမီးသူ့မြေး စဉ်ဆက်အရိုးအနွယ်တို့လည်း တောင်ကြီးမြို့၌ပွားစီးရှင်သန်နေဆဲ။

တောင်ကြီးမြို့၏တောင်ဘက် ဝါးပြားရွာမှ အနောက်တောင်ယွန်းယွန်း နှစ်ပိုင်ခန့်အကွာ၌ 'မုံတာဝကျောက်လိုဏ်ဂူကြီး'နှင့် ဘုရားရှင်ရုပ်ပွားတော်မြတ် များလည်း အထင်အရှား၊ စည်ကားစွာကိန်းဝပ်စံပယ်တည်ရှိနေဆဲ။

'နန်းသီတာ'လှူခဲ့သော 'လူတို့လက်ဖြင့် မည်သို့မျှရက်လုပ်၍မဖြစ်နိုင် ရောကောင်းသည့် ရွှေသားစစ်စစ် တဘက်ကြီး'ကိုလည်း 'မုံတာဝဂူဆုတောင်း ပြည့်ဘုရား၌ လုံခြုံစွာထိန်းသိမ်းထားရှိဆဲသားပင်။



သို့နှင့်တိုင်။

(၁၉၂၆) ခုနှစ်၌ 'အဘွားသစ်'ကိစ္စတွင် တစ်ကြိမ်။

(၁၉၆၅) ခုနှစ် 'ရွှေသားတဘက်ကြီးနှင့် တစ်ကြိမ်၊ နှစ်ကြိမ်တိုင် လူ့ဘုံ လောကသို့ ဆက်သွယ်ရောက်ရှိခဲ့သော 'နန်းသီတာ'နှင့် စပ်လျဉ်း၍ နောက်ထပ် တစ်ဖန် ကြားရက် မကြုံကြိုက်ရတော့ပေ။

'ဂမ္ဘီရနယ်'၌ ကျင်လည်နေသေးသလော။

'ဂမ္ဘီရနယ်'ကိုပင်လွန်၍ သွားခဲ့လေပြီလော။

တိတိကျကျသိခွင့်ရခဲ့လျှင်ဖြင့် လက်တို့၍ပြောပြမိလေဦးမည်ထင်ပါသည်။

အကိုးအကား

၁။ ရှမ်းပြည်နယ်တရားသူကြီး (ငြိမ်း)ဦးမြင့်သိန်းနှင့် ရှမ်းပြည်နယ် (ပဝတ) ရုံးအဖွဲ့မှူး (ငြိမ်း)ဦးတင့်အောင်တို့ ကိုယ်တွေ့ပြောပြချက် များ။

၂။ ကမ္ဘာအေးအရှင်တိလောကသာရရေး 'မုံတာဝလိုဏ်ဂူ (၁၉၂၇)

၃။ ဆရာကြီး ဓမ္မာစရိယဦးငွေးလှိုင်ရေး 'ဓမ္မဒူတ (ဒုတိယအုပ်)' ၁၉၈၈ မေလ။

ဝ ဝေယျမင်းသျှင်



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



# ယင်းခဲတောနှင့်တစ်ပွဲစားမုဆိုး

**တောင်မှူးကြီးသိန်းဝင်း**

# ယင်းခဲတောနှင့် တစ်ပွဲစား မုဆိုး

လွန်ခဲ့သော သစ္စာရှိရှိ ကတိတည်သော ကိုအင်နီက တစ်ခါကလေးမျှ ပိုမယူပါ။ အတိအကျသာ ယူသည်။ ဖက် (၃)ကောင်အတွက် ငွေ(၃၀၀)ကျပ် အစား ငွေ(၅၀၀)ကျပ် ပေးသော်လည်း ပိုမယူပြန်ပါ။

ကျွန်ုပ်တာဝန်ထမ်းဆောင်ရသည့် ကသာမြို့မှာ အလွန်တရာသာယာလှ ပသည်။ ကသာမြို့ကိုနောက်ခံထားပြီး ဖက်ဆွတ်တောင်တန်း စိမ်းညို့ညို့ကြီး က မြို့အရေးကို ကာလနားသတ်ထားသည်။ ဧရာဝတီမြစ်ကမ်းကို အမှီပြု၍ တည်ထားသော ကသာမြို့အား မြစ်ယံအတွင်းက မျှော်ကြည့်လိုက်လျှင် ပို၍သာယာသည်။ မြို့ပတ်ကမ်းနားလမ်းတွင် ကသာမြို့၏ကျက်သရေဆောင် မဟာလေးထပ်စေတီတော်၊ မြစေတီနှင့် ရွှေဂူကြီးဘုရားတို့ကို ရွှေရောင်တဝင်း ဝင်းနှင့် ကြည်ညိုဖွယ်ရာဖူးတွေ့ရသည်။ ထို့အပြင် ဆိပ်ကမ်း၌မော်တော်များ၊ လှေများ၊ ခရီးသည်တင်သင်္ဘောများလည်း ဆိုက်ကပ်ထားသဖြင့် ညနေရီ ဆည်းဆာတွင် လွန်စွာမှ စည်ကားသာယာလှပပေသည်။

ရှေးအခါက ကသာမြို့ကို 'ကမ်းသာ'ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ရှမ်းဘာ သာစကားဖြင့် 'ကပ်ဆာ'ဟု ခေါ်သည်။ 'ကပ်ဆာ'ဟူသည့် အဓိပ္ပာယ်မှာ 'မိုင်းသာရှေးမြို့'ဟု အဓိပ္ပာယ်ရသည်။ 'ကသာကျွန်းမြို့'ဟုလည်း ခေါ်တွင် ခဲ့ကြောင်း သိရပြန်သည်။

မြန်မာသက္ကရာဇ် ၃၉၅ခုနှစ်တွင် ပုဂံပြည်အနော်ရထာမင်းစော တည်ခဲ့ သည့် ကင်းမြို့ကြီး (၄၃)မြို့အနက် ကသာမြို့သည် တစ်မြို့အပါအဝင်ဖြစ် သည်။ ထိုစဉ်က ကင်းမြို့များဖြစ်ကြသော မိုးတား၊ ယင်းခဲမြို့တို့မှာမူ ယခုအခါ တွင် ကသာမြို့ကြီးအနီး၌ ရွာများအဖြစ်သာ ကျန်ရှိနေပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကသာမြို့၏မြောက်ဘက်တွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၊ အရှေ့ဘက်တွင် ရွှေကူမြို့နယ်နှင့် ရှမ်းပြည်နယ် မဘိမ်းမြို့နယ်၊ တောင်ဘက်တွင် ထီးချိုင့်မြို့နယ်တို့က ဝန်းရံနေသလို၊ အနောက်ဘက်တွင်လည်း အင်းတော်မြို့နယ်က တည်ရှိနေသည်။ ကသာမြို့အား စိမ်းညို့ပြာလွင်နေသော မင်းဝံတောင်တန်း၊ ဖက်ဆွတ်တောင်တန်းကြီးနှင့် လွယ်ကူးတောင်တန်းကြီးတို့က ကျောထောက်နောက်ခံဝန်းရံ၍ မြောက်ဘက်မှတောင်ဘက်သို့ သွယ်တန်းပြီး သဘာဝအလှဆင်ထားသည်။

ကသာမြို့မှာ ရေမြေတောတောင်၊ စိမ့်စမ်းပေါ်၍ ရာသီဥတုညီညွတ်မျှတသော မြို့တစ်မြို့ဖြစ်ပေသည်။ တောင်တန်းကြီးများနှင့် ဆင်ခြေလျှောများ၌လည်း ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ ကညင်၊ ယင်းမာ၊ ယမနေ၊ ရုံးစသောအဖိုးတန်သစ်များက နေပြောက်မထိုးအောင် ပေါက်ရောက်နေကြသည်။ ယင်းသစ်တော ကြီးများအတွင်း၌လည်း အဖိုးတန်အသုံးဝင်သော ဝါးပိုးမျက်ဆန်ကျယ်၊ ဝါးဖြူ၊ နှင်းတင်းဝါး၊ ကြသောင်းဝါး၊ ဝါးနက်၊ ဝါးယားများလည်း ရောယှက်ပေါက် ရောက်နေပြန်သည်။

မြို့နယ်၏အရှေ့ပိုင်း၊ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းတွင် ရှမ်းရိုးမတောင်တန်းကြီးနှင့် ဆက်စပ်နေသည်။ ကုန်းနိမ့်ဆင်ခြေလျှောတောများနှင့် မြေပြန့်တောများ၌ မိုးမခ၊ ရေချင်းယား၊ တရော်ပင်နှင့် အစင်းပင်များ နေရာမလပ်ပေါက်ရောက်နေကြသည်။ မြို့နယ်၏လေးပုံ သုံးပုံမှာ သစ်တောကြီးများဖြင့် ဖုံးလွှမ်းနေသည်။ ထို့ကြောင့် ကသာမြို့မှာ ရာသီဥတု ညီညွတ်မျှတ ဟန်တူပါသည်။

ကမ်းနားတွင် ကျွန်ုပ်တို့၏သစ်တောဘိုတဲရှိသည်။ ဿစ်လုပ်ငန်းအတွက် အသုံးပြုသည့် TNSPECTING BOAT ခေါ် U BOAT ကလေးများလည်းရှိသည်။ ဧရာဝတီမြစ်ကြီးအတွင်း အထက်အောက် စုန်ဆန်သွားလာပြီး သစ်လုပ်ငန်းများကို စစ်ဆေးရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ သစ်လုပ်ငန်းရုံးများကတော့ မြို့အနောက်ဘက်၊ တပ်မတော်လမ်းတစ်ဖက်တစ်ချက် တွင်ရှိသည်။ ကျွန်ုပ်တို့၏ အိမ်ကလေးများလည်း သစ်တောလုပ်ငန်းဝင်းအတွင်း၌ ရှိသည်။



သစ်တောအရာရှိကြီးများလာလျှင်တော့၊ သစ်တောဘိုတဲတွင် နေရာပိုင်ခင်းပေး၍ ဧည့်ခံရသည်။ ကသာမြို့တွင် သစ်လုပ်ငန်းသုံး ဘိုတဲနှစ်လုံးရှိသည်။ ကျွန်ုပ်တို့လည်း ရုံးဖနှိုးရုံခါအသုံးပြုသည်။ ကမ်းနားလမ်းဘိုတဲအပြင် အခြားတစ်ခုမှာ ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းတွင်ရှိသည့် ယင်းခဲကြီးပိုင်းသစ်တောဘိုတဲဖြစ်သည်။ ထိုဘိုတဲအနီး၌ သစ်လုပ်ငန်းသုံး ယန္တရားနှင့် မော်တော်ယာဉ်အလုပ်ရုံလည်းရှိသည်။ သစ်တောလုပ်ငန်းသုံး မော်တော်ယာဉ်များထားရှိရာ နေရာလည်းဖြစ်သည်။

အရှေ့ဘက်တွင် ယင်းခဲကြိုးပိုင်းတော၊ ငအိုး၊ နမ်မဲ၊ ကွန်းချောင်း၊ စဥ့်ကုံးသစ်တော ကြိုးပိုင်းများရှိပြီး အဖိုးတန်သစ်မာများထွက်သည်။ အနောက်ကသာ သစ်ထုတ်လုပ်ရေးတွင် မြစ်စဥ့်နယ်၊ အင်းတော်နယ်၊ မော်လူးနယ်နှင့် ပန်းမောက်မြို့နယ်တို့ဖြစ်ကြသည်။ စံချိန်မီသစ်မာများထွက်ရှိသောကြောင့် ကသာမြို့မှာ သစ်လုပ်ငန်းတွင် နာမည်ကြီးသည်။

ကျွန်ုပ်တို့၏တာဝန်မှာ သစ်ကွက်များသို့ တစ်ပတ်နှစ်ကြိမ်ဆင်းပြီး စစ်ဆေးရသည်။ ထူးခြားဖြစ်စဥ် ပေါ်ပေါက်လာပါကလည်း ကျွန်ုပ်တို့အုပ်ချုပ်ရသည့် စစ်ကိုင်းတိုင်းအတွင်းရှိ သစ်ကွက်များသို့ အရေးပေါ်ဆင်းရတော့သည်။ အရှေ့ကသာတွင် ယင်းခဲကြိုးပိုင်း၊ ငအိုး၊ နမ်မဲ၊ ကွန်းချောင်း၊ စဥ့်ကုံး၊ အင်ဒေါင်း၊ ကျောက်တောင်၊ ဟသ်ာ၊ မြတောင်ကြိုးပိုင်းသစ်တောများဖြစ်ကြသည်။

ကျွန်ုပ်တို့၏ လုပ်ငန်းများမှာ ရာသီမရွေးမြစ်ချောင်းနှင့် တောတွင်းသို့ သွားလာရသဖြင့် ကျွန်ုပ်ဝါသနာပါသော သစ်ခွပန်းပင်စုဆောင်းခြင်း၊ ဆေးပင်ဝါးပင် စုဆောင်းခြင်းနှင့် အမဲလိုက်ခြင်းတို့မှာ လုပ်ငန်းနှင့်ဆက်စပ်နေသဖြင့် ဝါသနာပါရာလုပ်ငန်း ဖြစ်လာပါတော့သည်။

ကျွန်ုပ်တို့သစ်တောဌာနတွင် လက်နက်များအနေဖြင့် ဘယ်လ်ဂျီယန်နိုင်ငံလုပ် တစ်လုံးထိုးပြောင်းချော GREENER သေနတ်၊ ဒဿမ ၃၀၃ အမေရိကန်နိုင်ငံလုပ်ပြောင်းရှည် ရိုင်ဖယ်သေနတ်၊ အင်္ဂလန်နိုင်ငံလုပ် မောင်းပုံးနှင့် ဗိုင်ပေါင်နှစ်လုံးပြူးသေနတ် (သူကြီးသေနတ်ဟုလည်း ခေါ်သည်) များလည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ကျွန်ုပ်ကိုင်ဆောင်သည်ကတော့ ဘယ်လ်ဂျီယန်နိုင်ငံလုပ် ဒသမ ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးဖြစ်သည်။ ယင်းရိုင်ဖယ်အား ပြင်းထန်လှ၍ ဆင်မှ ဆတ်၊ ပြောင်၊ ကိုင်၊ သမင်၊ ဒရယ်၊ တောဝက်နှင့် ချေအထိ စိတ်ချလက်ချ ပစ်ခတ်နိုင်သည်။ ကျွန်ုပ်တွင်အရေးပေါ် အနီးကပ်အသုံးပြုနိုင်ရန်အတွက် အင်္ဂလန်နိုင်ငံလုပ် SMITH AND WATSON ပြောင်းတို ခြောက်လုံးပြူး သေနတ်ကလေးလည်းရှိသေးသည်။ အသံကျယ်လောင်၍ အနီးကပ်ပစ်ခတ်ရာတွင် ထိရောက်မှုရှိသည်။ သို့သော် ပြောင်းတိုသေနတ်ဖြစ်သဖြင့် လေ့ကျင့်မှုရှိမှသာ ပစ်မှတ်ကိုထိမှန်နိုင်ပေမည်။

ကျွန်ုပ်၏လက်အောက်အရာရှိ တောအုပ်ဇော်မင်းကတော့ နှစ်လုံးပြူးကို လက်တွေ့သည်။ သူ့လက်စွဲတော် စိုင်ပေါင်နှစ်လုံးပြူးသေနတ်အား နှစ်ချက်ဆွဲလျှင် နှစ်ကောင်သေချာပေါက်ရတတ်သည်။ ကျွန်ုပ်၏တပည့်ကျော်၊ လက်နှိပ်စက်စာရေးကလေးကျော်စိန်ကတော့ ကျွန်ုပ်ကိုယ်ပိုင်ဖြစ်သော 22 SEMI AUTO ငှက်ပစ်သေနတ်ကလေးအား ပေးထားသော်လည်းကိုင်ခဲသည်။ သူ့လက်စွဲတော် ငှက်တော်ဖြီးနှယ်ရှည်လျားပြီး ချွန်မြနေသည့် ကွဲချို လောက်လေးခွနှင့် ကသာမြို့မှ နာမည်ကြီး ပန်းပဲဆရာ ဦးချယ်ကြီး၏ပန်းပဲဖိုထွက် ဓလက်မခန် ရှိ အမဲလိုက်ဓားမြှောင်ကိုသာ ကိုင်ဆောင်လေ့ရှိသည်။ ယနေ့မနက် ကျွန်ုပ်တို့ အဖွဲ့ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းသို့ကူးပြီး ယင်းခဲကြိုးဝိုင်းအစွန်ဆုံး အကွက်ကြီး အမှတ်(၃၀) သို့ သွားရောက်စစ်ဆေးရမည် ဖြစ်ပေသည်။

ကျွန်ုပ်နှင့် တောအုပ်ဇော်မင်းတို့ သစ်တောဝင်းအိမ်မှ ကမ်းနားသို့မနက် စောစောယူနီဖောင်းဝတ်၍ သေနတ်ထမ်းကာဆင်းကြပြီး မနက်(၇) နာရီတွင် 'ရွှေကမ်းသာ' လက်ဖက်ရည်ဆိုင်တွင် ချိန်းဆိုထားသည့်အတိုင်း သွားရောက်ကြရာ တပည့်ကျော်ကျော်စိန်ဝင်းက အသင့်စောင့်ကြိုနေသည်။ သူ့အပြင် အတွင်းခံအကျီမပါဘဲ ကချင်အကျီရင်ကွဲကိုသာဝတ်ထားပြီး အောက်တွင်ဂါဝန်လိုလို ပုဆိုးလိုလိုအကွက်မပါတော့သော လုံချည်ကို ဘုန်းကြီးသင်းပိုင်လိုလိပ်၍ တိုတိုဝတ်ထားသောလူတစ်ဦးကိုလည်း တွေ့ရသည်။ အသက်က (၄၀)ကျော်ခန့်၊ ကတုံးဆံထောက်ဆံပင်နှင့် အရပ်



ပုသော်လည်း ဖလကောင်းသည်။ သူ့တွင်ဓားရှက်ကြီးကြီး ဓားရှည်ကြီးတစ်ချောင်းကိုလည်း နောက်ကျောတွင် ပလိုင်းတစ်ခုနှင့်အတူ စလွယ်သိုင်း၍ လွယ်ထားသည်။

ကျော်စိန်ဝင်း – ''ဆရာတို့လာကြပါ။ ထိုင်ကြပါဦး။ ဘာစားမှာလဲ။ ကြက်ဥထမင်းကြော်နဲ့ ပလိုင်လက်ဖက်ရည်ပဲ မဟုတ်လား။ သူက ကျွန်တော့်မိတ်ဆွေ 'ကိုအင်နီ' ပါ။ မနေ့က ညနေကမှ ကျွန်တော့်အိမ်ကိုရောက်လာလို့ အိမ်မှာအိပ်နိုင်းပြီး၊ ဒီနေ့မနက် တောဆင်းကြမှာမို့ ခေါ်ထားတာပါ။ သူက ယင်းခဲတောကြီးထဲမှာမွေးတာ။ သားကောင်အရှာအရပ်းတော်တယ်။ အမဲလိုက်မုဆိုးလည်းလုပ်တယ်။ မုဆိုးအဖွဲ့က ငှားရင်လည်းလမ်းပြတယ်။ 'တစ်ပွဲစားအင်နီ' လို့လည်း ခေါ်ပါတယ်။ သူလမ်းပြရင်သားကောင်မရတဲ့နေ့ မရှိဘူး ဆရာ''

''ကိုအင်နီ၊ ဒီက ဆရာတွေက သစ်တောအရေးပိုင်ဦးနေအောင်နဲ့ တောအုပ်ကိုဇော်မင်းပါ၊ ကျွန်တော့်ဆရာတွေပေါ့။ တောထဲ တောင်ထဲသွားနေကျ အမဲလိုက်မုဆိုးတွေ အတွေ့အကြုံများပြီး တောကောင်ပေါင်းစုံ ပစ်ဖူးပါတယ်''

ကိုအင်နီ – ''ဆရာတို့ကို တွေ့ရတာဝမ်းသာတယ်။ ငါကလည်းတော မျော်တစ်ယောက်ပဲ''

ကျွန်ုပ် – ''ကိုအင်နီက တစ်ပွဲစားမုဆိုးကိုး။ ကချင်လူမျိုးထင်ပါတယ်၊ နာမည်ကတော့ ဘိုဆန်သလိုပဲနော်''

ကျွန်ုပ်တို့လက်ဆွဲနှုတ်ဆက်ကြသည်။ သူ့လက်ကြီးမှာ ကြီးမားပြီး အတော်ကြမ်းတမ်းသန်မာသည်။ အသားကတော့ နီစပ်စပ်၊ ကြေးနီရောင်ပေါက်နေသည်။ ရာသီဥတု အမျိုးမျိုးဒဏ်ကိုခံနိုင်သည့် လူစားမျိုးဖြစ်ပုံရသည်။

ကိုအင်နီ – ''ငါ့ကို လွတ်လပ်ရေးရခါစ၊ ရောင်စုံသောင်းကျန်းသူတွေ ထကြွသောင်းကြမ်းစဉ်ကာလ၊ မိဘတွေပုန်းအောင်းနေတုန်း အင်ပင်တောထဲမှာ မွေးခဲ့တာ။ အဲ့ဒီအချိန်က နွေနှောင်းပိုင်း၊ အပင်တွေရွက်နုဝေနေချိန်၊

www.burmeseclassic.com

www.burmeseclassic.com

အပ်ပင်ပေါက်နီနီရဲရဲတွေကြားမှာ မွေးခဲ့တာမို့ 'အင်နီ'လို့ ငါ့ကို နာမည်ပေးခဲ့ကြတာ။

ကျွန်ုပ် – "ဒါနဲ့ တစ်ပွဲစားဆိုတာကရောဗျာ၊ ဘယ်လိုမျိုးကိုခေါ်တာလဲ"

ကိုအင်နီ – "တစ်ပွဲစားဆိုတာက ဒီလိုပါ။ ငါအရွယ်ရောက်တာနဲ့မိဘတွေကို ကူညီရတယ်။ အဖေက ထင်းခုတ်သမား၊ ငါးရှာ၊ ဖားရှာ၊ တောထဲမှာ သစ်သီးသစ်ရွက်ရှာတယ်။ အမေက ခေါင်းရွက် ဈပ်ထိုးဈေးသည်။ ငါလည်း အရွယ်ရောက်တာနဲ့ အဖေနဲ့အမေအတူ တောထဲတောင်ထဲမှာ ကျင်လည်နိုင်တော့တာပဲ။ ငါက တောထဲတောင်ထဲမှာ မွေးလို့လားမသိဘူး၊ တောတောင်ကိုချစ်တယ်။ တောတိရစ္ဆာန်တွေကိုလည်း စိတ်ဝင်စားတယ်။ ဒါပေမဲ့ ဒီတောကောင်တွေအသားက စားလို့အရသာရှိတာမို့ ငါငယ်ငယ်ကတည်းက လေးခွကိုင်ပြီး ငှက်လိုက်ပစ်တယ်။ နည်းနည်းကြီးလာတော့ ဒူးလေးကိုကိုင်ပြီး အမဲလိုက်တယ်။

"တောကောင်သား ရောင်းလို့ရတဲ့ဝင်ငွေက အမေအသီးအရွက်ရှူးရောင်းလို့ရတဲ့ ဝင်ငွေထက်ပိုရတယ်လေ။ တောစောင့် တောင်စောင့်နတ်တွေက တောထဲမှာ မွေးခဲ့တဲ့ငါ့ကိုချစ်လို့ အထူးအခွင့်အရေး ပေးထားတာလားတော့ မသိဘူး။ တောထဲဝင်တာနဲ့ တောကောင်မရတဲ့နေ့မရှိဘူး။ အကောင်ငယ်တာနဲ့ ကြီးတာပဲကွာတယ်။ ငါကလည်း တောထဲ တောင်ထဲရောက်တာနဲ့ ဘုမ္မစိုး ရုက္ခစိုးတွေကို စားဦးစားဖျားနဲ့ ပူဇော်ပသလေ့ရှိတယ်။ တောတောင်ဆိုတာက ငါ့ရဲ့ အမိအဖဆိုရင်လည်း မှန်တာပဲလေကွာ"

"အဲ့ဒါကြောင့်လားတော့ မသိဘူး။ တောထဲ တောထဲရောက်တာနဲ့ မိုကျင်း ဘယ်အနားမှာရှိသလဲ၊ ပျားအုံဘယ်အပင်မှာ ရှိသလဲ၊ တောကောင်တွေ ဘယ်ချောင်မှာရှိသလဲဆိုတာကို ငါအလိုလိုသိနေတယ်။ အခု အသက်ကြီးလာတော့ အမဲလိုက်အဖွဲ့တွေက ငါ့ကိုလမ်းပြငှားကြတယ်။ မရမရှိရကြတယ်။ ဒါကြောင့် ငါ့ကို တစ်ပွဲစားအင်နီလို့ ခေါ်ကြတာပါ"

ကျွန်ုပ် – "ကိုအင်နီနဲ့ တွေ့ရတာဝမ်းသာသဗျာ။ ဒီနေ့ ကျွန်တော်တို့အဖွဲ့ ယင်းခဲကြိုးဝိုင်း အကွက်ကြီး (၃၀)ကို စစ်ဆေးဖို့သွားကြမှာပါ။ အဲ့ဒီမှာ



သစ်နီးသမား သတင်းလည်းရထားလို့ တာဝန်တွေပြီးရင်တော့ အမဲလည်း လိုက်ချင်တယ်။ အချိန်ကသိပ်မရဘူးဆိုတော့ တောကောင်ဘယ်အနားမှာရှိသလဲဆိုတာကို သေချာပေါက်သိမှဖြစ်မယ်။ အဲ့ဒါကိုအင်နီလမ်းပြနိုင်မလား"

"အဲ့ဒါ ငါ့အလုပ်လေ၊ ငါ့ကိုလမ်းပြခတော့ ပေးရမယ်နော်"

"ဟုတ်ပါပြီ၊ ပေးပါ့မယ်။ ဘယ်လိုပေးရမှာလဲ ပြောပါဦး"

"တောကောင်ရရင် ငါ့ကိုနားရွက်တစ်လုံ၊ ပေါင်တစ်ချောင်းနဲ့ ငွေ(၁၀၀) ကျပ်ပေးရမယ်။ သုံးကောင်ရရင် သုံးခါပေးရမယ်နော်"

"နားရွက်တစ်လုံဆိုတာက ဘာလဲဗျ။ ကျန်တာတွေကိုတော့ နားလည်ပါတယ်"

"နားရွက်တစ်လုံဆိုတာက ရလာတဲ့တောကောင်ရဲ့ နားရွက်ကိုနောက်ပြန် လှဲချလိုက်ရင် ရောက်တဲ့နေရာ ခေါင်းအောက်ပိုင်း(လည်ပင်း)ကို ငါကဖြတ်ယူမယ်၊ သုံးကောင်ရရင် သုံးခါဖြတ်ယူမယ်၊ ကျေနပ်သလား"

"ကျေနပ်ပါတယ်။ ကဲ မုန့်စား၊ လက်ဖက်ရည်သောက်ပြီး သွားကြတာပေါ့"

ကျွန်ုပ်တို့ စားသောက်ကြပြီးနောက် ဆိပ်ကမ်းသို့ဆင်းကြသည်။ ဆိပ်ကမ်း၌ စာရေးကလေးကျော်စိန်ဝင်းအသင့် စီစဉ်ထားသော U BOAT ကလေးက စောင့်နေသည်။ ကျွန်ုပ်တို့ရောဝတီမြစ် အရှေ့ဘက်ကမ်းသို့ ကူးခဲ့ကြသည်။ ဆောင်းအကုန်နွေအကူးကာလဖြစ်၍ လေရူးကမြူးနေသည်။ မော်တော်ဘုတ်ကလေးစထွက်သည်နှင့် မြစ်ပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးက ကျွန်ုပ်တို့အားကြည်နူးချမ်းမြေ့စေသည်။ (၁၅)မိနစ်ခန့်အကြာ၊ တစ်ဘက်ကမ်းသို့ရောက်တော့ ကမ်းပါးပေါ်တွင် FORD အမျိုးအစား ခေါင်းတိုသစ်တိုက်ကားကြီးက အဆင်သင့်စောင့်နေသည်။ ကျွန်ုပ်တို့(၆)မိုင် ကျော်ခန့်ဝေးသော အကွက်ကြီး(၃၀)သို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။ သစ်ထုတ်တောလမ်းဖြစ်၍ လမ်းကကြမ်းသည်။ (၆)မိုင် ကျော်ခန့်ခရီးကို (၁)နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com

မောင်းရသည်။ ဖုန်လုံးကြီးကတော့ အနောက်ဘက်တွင် အလိပ်လိုက်ကျန်ခဲ့သည်။

အကွက်ကြီး(၃၀)ရောက်တော့ ကျွန်ုပ်တို့ခေတ္တနားကြပြီးနောက် သစ်လုပ်ငန်းအားစစ်ဆေးရသည်။ ဆင်များ၊ ကျွဲများဖြင့်သစ်ဆွဲပြီး သစ်ကားကြီးများပေါ်သို့သစ်တင်နေကြသည်။ တောတွင်းပိုင်းမှလည်း သစ်ခုတ်သံ၊ သစ်ပင်လဲသံများကို ကြားနေရသည်။ သစ်လုံးများအား ကားတင်၊ ရေချပြီး ဖောင်ဖွဲ့၍ ရွှေလီမြစ်မှတစ်ဆင့် ဧရာဝတီမြစ်အတွင်းမျှောချပြီး ကသာမြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ရခြင်းဖြစ်သည်။ သစ်နီးသမားများသတင်းအား စုံစမ်းရာ သစ်တောဌာနမှ ခုတ်လှဲပြီးသစ်များအား ညပိုင်း၌ဖောင်ဖွဲ့၍ ခိုးယူနေကြခြင်းဖြစ်ကြောင်းသိရသည်။ လက်နက်များလည်းပါကြောင်း သိရသဖြင့် ညပိုင်းအစောင့်ချထားရန်ကိစ္စအား လက်လျှော့လိုက်ရသည်။ ရဲအဖွဲ့နှင့် သစ်လုပ်ငန်းအဖွဲ့ပေါင်း၍ နှိမ်နင်းမှသာဖြစ်နိုင်ပေမည်။ ထိုအတွက်လည်း အဆင်ဆင့်ညှိနှိုင်းရပေဦးတော့မည်ဖြစ်သည်။

သစ်ထုတ်စခန်းက ကျွန်ုပ်တို့အား နေ့လယ်စာကျွေးသည်။ ချေသားဟင်းနှင့် တောဟင်းရွက်ကြော်၊ စင်ပြွမ်းသီးချဉ်ရည်ဟင်းတို့ဖြစ်သည်။ တောစာတောင်စာဖြစ်သော်လည်း၊ လက်ရာပြောင်း၍စားကောင်းသည်။ ထမင်းစားပြီးတော့လည်း အခါးရည်ကျကျနှင့် ချေသားခြောက်ဖုတ်နှင့် လက်ဖက်သုပ်ကို စားရပြန်သည်။

ကျွန်ုပ် – "ကဲ ကိုအင်နီရေ၊ အလုပ်ကိစ္စတွေကတော့ပြီးပြီ နေမွန်းတည့်တော့ အချိန်လည်းသိပ်မရတော့ဘူး။ တောကောင်သေချာပေါက်ရအောင် ဘယ်တောကိုဝင်ရင် ဘာကောင်ရနိုင်မလဲပြောပါ"

တစ်ပွဲစားကိုအင်နီက ခေါင်းကိုမော့၍ လေထဲတွင်အနံ့ခံသည်။ ပြီးနောက် မျက်စိမှိတ်၍ စဉ်းစားသည်။ ခဏကြာတော့မှ–

"အကွက်ကြီး (၇)ကိုသွားမယ်။ အကွက်အလယ်မှာ ကညင်ဖြူပင်ကြီးတစ်ပင်ရှိတယ်၊ ကညင်ပင်ကြီးအောက်နားက ညောင်မှတ်ဆိတ်ပင်ကြီး အရှေ့ဘက်မှာ တောင်ကုက်ပျောတောရှိတယ်။ အဲ့ဒီနားမှာ ဝက်လူးအိုင်ရှိတယ်။ တောဝက်တွေ ရွှံ့လူးနေတယ်။ ပစ်မယ်မဟုတ်လား"

ကျွန်ုပ် – "ဘာကောင်ရရပစ်မယ်လေ။ တောဝက်ဆို ပိုကောင်းတာပေါ့။ နွေဦးပေါက်ရာသီမို့ တောဝက်ကရှားလို့ တောဝက်သားမစားရတာလည်းကြာပြီ 'ကိုအင်နီ'– ကဲ အဲ့ဒါဆိုသွားကြစို့၊ ဆရာတို့ သေချာပေါက်ပစ်ရစေမယ်"

ကျွန်ုပ်တို့သစ်တိုက်ကားကြီးဖြင့် ပြန်ခဲ့ကြသည်။ သစ်တောထဲကထွက်မှ တပေါင်းနေမှာ ပူပြင်းလာသည်။ တောထဲမှာတော့ သစ်ရိပ်၊ ဝါးရိပ်ကြောင့်အေးမြနေသဖြင့်မသိသာပါ။ တိုက်ခတ်လာသောလေကလည်း ဖုန်မှုန့်များနှင့်အတူ ပူပြင်းနေသည်။ အကွက်ကြီး(၇)သို့ မရောက်မီ အကွက်ကြီး(၈)အဆုံး၌ ကိုအင်နီက ကားကိုရပ်ခိုင်းသည်။ ကျွန်ုပ်တို့သေနတ်များကိုထမ်း၍ လမ်းလျှောက်ရတော့သည်။ အကွက်ကြီး(၇)အစပ်သို့ ရောက်တော့ ကိုအင်နီက ရှေ့ကဦးဆောင်၍ တောထဲဝင်သည်။ နွေဦးပေါက်ကာလဖြစ်၍ သစ်ရွက်ကြွေများက သစ်တောထဲ၌ ပြန့်ကျဲနေသည်။

ကိုအင်နီက ဖိနပ်ဝတ်မထားသဖြင့် ခြေသံလုံသော်လည်း ကျွန်ုပ်တို့က တောစီးဖိနပ်များစီးထားသဖြင့် သစ်ရွက်ခြောက်နှင့် သစ်ကိုင်းခြောက်များအား နင်းမိတိုင်း အသံထွက်နေသည်။ ထိုစဉ် ကိုအင်နီက ခေတ္တရပ်လိုက်ပြီး–

"ဆရာတို့က မုဆိုးတွေဆို၊ ဘာကြောင့်ခြေသံမလုံတာလဲ၊ ခြေဖျားချပြီးမှ တစ်လှမ်းချင်း ဖြည်းဖြည်းနင်းပါ။ ငါနဲ့ခပ်လှမ်းလှမ်းက လိုက်ခဲ့ကြ။ ဟိုရှေ့မှာ ကညင်ဖြူပင်ကြီးရှိတယ်။ နီးနေပြီ၊ သတိထားလျှောက်ကြပါ"

သူဆက်သွားတော့ ကျွန်ုပ်တို့ နောက်က တဖြည်းဖြည်းလိုက်ရသည်။ သူပြောသလိုပင် အောက်ခြေရှင်းသော 'တောဖြစ်သဖြင့် လူနှစ်ဖက်ခန့်ရှိသော ကညင်ဖြူပင်ကြီးကို အဝေးမှပင်လှမ်းမြင်နေရသည်။ တစ်ပွဲစား၏ အတွေးအမြင်လား၊ ယင်းခဲတောကြီးအနံ့ သူရောက်ဖူးသဖြင့် သိနေသောကြောင့်လားမသိပါ။ သူပြောသလိုပင် ကညင်ပင်ကြီးအောက်၌လည်း ကြီးမားသော ညောင်မှတ်ဆိတ်ပင်ကြီးကိုလည်း မြင်ရပြန်သည်။ ကိုအင်နီက ညောင်





www.burmeseclassic.com

www.burmeseclassic.com

မှတ်ဆိတ်ပင်ခြေအားကပ်၍ မျှော်ကြည့်ရင်း ကျွန်ုပ်တို့အားခေါင်းညိတ်၍ အချက်ပြသည်။ ချက်ချင်းပင် ကျွန်ုပ်နှင့်ကိုဖော်မင်းတို့ ကိုအင်နီအားအလယ်ထား၍ လက်ဝဲ လက်ယာ ဖြန့်တက်သည်။ တောဝက်ပစ်မည်ဖြစ်၍ ကျွန်ုပ်တို့၏ အတွေ့အကြုံအရ ပင်စည်ကြီးပြီး အကာအကွယ်ကောင်းသည့် သစ်ပင်များကိုရှာပြီး နေရာယူလိုက်ကြသည်။

မှန်ပါသည်။ ကိုအင်နီကြုံ၍ နိမိတ်ဖတ်ခဲ့သလိုပင် အရှေ့ဘက်တောင်ကျော့တောအနီးရှိ ဝက်လူးဆိုင်တွင် တောဝက်မ(၄)ကောင်က ရွှံ့လူးနေပြီး ဝက်သိုးကြီးက ကုန်းပေါ်တွင်ပတ်ချာလှည့်၍ ကင်းစောင့်နေသည်။ ကျွန်ုပ်တို့ အချိန်မဆိုင်းတော့ပါ။ နေရာယူပြီးသည်နှင့် အသေအချာချိန်၍ ထုံးစံအတိုင်း ကျွန်ုပ်က ဝက်သိုးကြီးကို ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်ကြီးဖြင့်လည်း ကောင်း၊ ကိုဖော်မင်းက သူ၏လက်စွဲတော် ၅၀၀ နှစ်လုံးပြူးဖြင့် လည်းကောင်းချိန်သည်။ အသင့်ဖြစ်သည်နှင့် ကျွန်ုပ်က အချက်ပေးလိုက်ရာ –

"ဒိုင်း ဒိန်း ဒိန်း"

သေနတ်သံ (၃) ချက် ကြားလိုက်ရပြီးနောက်၊ ဝက်သိုးကြီးမှာ ဖင်ထိုင်လျက်ကျသည်။ ဝက်မနှစ်ကောင်မှာတော့ ရွှံ့အိုင်ထဲ၌လဲကျသွားသည်။ ကျန်ဝက်မနှစ်ကောင်ကထ၍ပြေးသည်။ ကျွန်ုပ်၏ပစ်ချက်မှာ သေကွင်းကိုထိဟန်မတူ ကိုက် (၁၀၀) အတွင်းပစ်မှတ်ဖြစ်သော်လည်း၊ ဝက်သိုးကြီးမှာ ရုတ်တရက်လှုပ်ရှားလိုက်သဖြင့် ကျွန်ုပ်ချိန်ထားသောနလုံးနေရာ ရှေ့လက်နောက်သို့မထိပဲ ဝမ်းဗိုက်အားမှန်သွားပုံရသည်။ ဝက်သိုးကြီးမှာ မီးရထားခေါင်းတွဲကြီးသဖွယ်၊ တစ်ဟုန်ထိုးပြေးချလာပြီး၊ ကျွန်ုပ်တို့ သေနတ်သမားနှစ်ဦး၏အလယ်၊ ညောင်မှတ်ဆိတ်ပင်အောက်တွင် ရပ်နေသော ကိုအင်နီအား ပြေး၍ပက်တော့သည်။

"ဝူး ဝူး အစ် အစ်"

ကိုအင်နီကလည်း လျင်မြန်စွာပင် သူ့ရှေ့တွင်ကိုင်းကျနေသော လက်မောင်းလုံးခန့်ရှိ ညောင်မှတ်ဆိတ်ကိုင်းအား ခုန်၍ဆွဲလိုက်စဉ်၊ ညောင်ကိုင်းမှာ ကိုအင်နီ၏ ကိုယ်အလေးချိန်ကြောင့် ညွှတ်ကျလိုက်၊ ပြန်တက်လိုက်ဖြစ်နေစဉ်



ဝက်သိုးကြီးက ပြေးထိုးသည်။ ကိုအင်နီကရှောင်သည်။ ဝက်သိုးကြီးကလည်း မပြေး ပတ်ချာလည်လှည့်ပြီးချောင်းနေသည်။ ထိုစဉ် ကျွန်ုပ်နှင့်ကိုဖော်မင်းက သေနတ်များအား ကျည်သစ်လဲ၍ ပစ်ရန်ချိန်နေလိုက်စဉ် –

ကိုအင်နီ – 'ဆရာတို့မပစ်နဲ့ မပစ်နဲ့၊ ငါ့ကိုမှန်လိမ့်မယ်။ အသာနေကြပါ ငါ့ဘာသာငါလုပ်မယ်။ အသင့်စောင့်နေကြ"

ထိုစဉ် ကိုအင်နီက သူ့နောက်ကျောတွင် လွယ်ထားသောဓားရှက်ကြီးကြီး၊ ဓားရှည်ကြီးအားဆွဲထုတ်၍ ညောင်ကိုင်းပြန်အကျ ဝက်သိုးကြီးက ထိုးအကော်တွင် တအားကုန်ခုတ်ချလိုက်တော့သည်။ တောဝက်ကြီးခေါင်းတွင် ဒဏ်ရာရ၍ထွက်ပြေးတော့မှ ကျွန်ုပ်အသေအချာချိန်၍ ချက်ကောင်းကိုပစ်ချလိုက်တော့သည်။

"ဒိုင်း"

"ဝူး အူး ဘုန်း အင့်"

ဝက်သိုးကြီးပြေးသောအရှိန် ကျွန်ုပ်၏ကျည်အရှိန်တို့ကြောင့် တစ်ပတ်လည်၍ လျှောတိုက်ပစ်ကျသွားပြီး၊ ကညင်ဖြူပင်ကြီးအား ခေါင်းစိုက်၍လဲတော့သည်။ ထိုအချိန်ကျမှ ကိုအင်နီမှာ ညောင်ကိုင်းအား လက်လွှတ်၍ပြုတ်ကျလာသည်။

"ဟူး ဖူး ငါတစ်ပွဲစားလုပ်လာတာကြာပြီ၊ အခုလို တစ်ခါမျှဝက်လိုက်မခံရဘူး။ တော်တော်ညံ့တဲ့ ဆရာတွေပဲ၊ ဟောဈ"

သူ ကျွန်ုပ်တို့အား အပြစ်တင်သော်လည်း ကျွန်ုပ်တို့ စိတ်မဆိုးရက်ပါ။ သူဝတ်ထားသော ဂါဝန်လိုလို၊ ပုဆိုးလိုလိုဟာကြီးက ကွင်းလုံးကျွတ်ကျသွားသဖြင့် အလျင်အမြန်ဆောင့်ကြောင့်ထိုင်ချလိုက်စဉ် "တစ်သက်လုံးဖုံးသမျှ ကုန်ပါမှပေါ်" ဟူသော ရှေးရိုးစကားအတိုင်း သူ့ပေယ်ပါအား ပေါက်ပေါက်မြင်နေရတော့သည်။ ကျွန်ုပ်တို့အားလုံး အောင့်အည်းပြီးထိန်းထားသည့်ကြားကပင် မထိန်းနိုင်တော့ဘဲ အားရပါးရ ရယ်မိကြတော့သည်။

"အူး ဖူး ဝါး ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

ကိုအင်နီမှာ တစ်ဖက်သို့လှည့်၍ မတ်တတ်ရပ်ပြီး ကျွန်ုပ်တို့အားကျော ပေးကာ သူ၏ဂါဝန်လိုလို၊ ပုဆိုးလိုလိုဟာကြီးအား ကုန်းကောက်၍ ခါးတွင်ပြန် လည်ရစ်ပတ်ပြီး၊ ပြုတ်ကျသွားသောဓါးမြှောင်၊ ဆေးလိပ်နှင့်ကွမ်းယာဘူးတို့အား ကောက်၍ ခါးတွင်ပြန်လိမ်လိုက်တော့သည်။ ထိုအခါမှ ကျွန်ုပ်တို့အရယ်ရပ်၍ မျက်နှာပိုးသတ်ပြီး—

ကျွန်ုပ် – "ကိုအင်နီရေ၊ စိတ်မရှိပါနဲ့ဗျို့။ ကျွန်တော်ပစ်တာချက်ကောင်း ပဲ၊ ဝက်သိုးကြီးက ရှေ့ကိုရွေ့လိုက်တော့ ထိချက်လွဲသွားတာ အင်မတန်ဖြစ်ခဲ့ တယ်ဗျာ။ နောက်ပြီး ယမ်းခိုးနောက်လိုက်မထိုးဘဲ၊ အလယ်က ခင်ဗျားကို ရွေးထိုးတာတော့ အံ့ဩစရာကောင်းနေတယ်ဗျနော်"

ကိုအင်နီ – "အင်း ဟုတ်ပါရဲ့၊ ငါလည်းမကြုံဖူးပါဘူး။ ဒီတစ်ခါအဖြစ် အပျက်က အတော်ဆိုးတာပဲ။ ငါတစ်ခုခုမှားသလားမသိဘူး။ တောစောင့်နတ် တောင်စောင့်နတ်တွေကိုတော့ တောင်းပန်ရဦးမယ်။ တောထဲမှာ မွေးရာပါ ပေါ်သွားတာကိုး"

ကျွန်ုပ်တို့ ခေတ္တထိုင်၍အနားယူကြရင်း ရေဘူးကိုမော့၍ သောက်နေကြ စဉ် ကိုအင်နီက ဝက်သိုးကြီး၏ နားရွက်နှစ်ဖက်အားဖြတ်၍လည်းကောင်း၊ အမြီးများအား ဖြတ်၍လည်းကောင်း၊ အင်ဖက်ဖြင့်ထုပ်ပြီး ကညင်ဖြူပင်ကြီး အောက်တွင် တင်မြှောက်ပသနေတော့သည်။ ပြီးနောက် ခါးကြားထဲမှမီးခြစ်နှင့် ဆေးလိပ်တိုကိုထုတ်ပြီး မီးညှို၍ဖွာသည်။ ဆေးလိပ်ဖွာနေစဉ် တစ်ဆက်တည်း ကွမ်းယာဘူးအားထုတ်၍ ကွမ်းယာနေပြန်သည်။

ကိုအင်နီ ထိုင်၍အနားယူနေစဉ် ကျွန်ုပ်၊ ကျော်စိန်ဝင်း၊ ကိုဇော်မင်းနှင့် ကားဆရာတို့က ဝက်မနစ်ကောင်အားကောက်၍ ဝက်တုပ် တုပ်ကာ ဝါးလုံး လျှို၍ထမ်းပြီး ကညင်ပင်ကြီးအောက်သို့ ရွှေ့ထားစဉ် ကိုအင်နီက မနိုင်မနင်း ဖြင့် ဝက်သိုးကြီးအား ကုန်း၍ထမ်းတော့သည်။ ပိဿာချိန်(၆၀)ကျော်မည် ဖြစ်သော ဝက်သိုးကြီးကို သူမနိုင်ပါ။

"ဆရာတို့၊ ဝက်သိုးကြီးကို ငါ့ပခုံးပေါ်တင်ပေး၊ ငါတစ်ယောက်တည်း ထမ်းမယ်"



ကျွန်ုပ် – "မလုပ်ပါနဲ့ကိုအင်နီရယ်၊ ကျွန်တော်တို့ တစ်ခေါက်ပြန်လာ ထမ်းပါ့မယ်"

"မရ။ ငါ့ထိုးတဲ့ဝက် ငါနိုင်အောင်ထမ်းမယ်"

ကျွန်ုပ်တို့လေးဦး ဝက်ကြီး၏ခြေလက်တစ်ဖက်စီမ၍ ကိုအင်နီ၏ပခုံး ပေါ်တင်ပေးရာ အလွန်သန်မာတောင့်တင်းသော ကိုအင်နီက ဝက်သိုးကြီး အား ထမ်းချသွားတော့သည်။ ကျွန်ုပ်တို့လေးဦး ဝက်မနစ်ကောင်ကို သစ်ကွက် ကြီး(၇) အပြင်ဘက်ကားလမ်းမအစပ်သို့ ထမ်း၍ချထားသော်လည်း ကိုအင်နီ က သစ်ကွက်ကြီးအမှတ်(၈)အစပ်တွင် ရပ်ထားသော ကားပေါ်သို့အရောက် ထမ်းပို့ခြင်းဖြစ်သည်။ ကားဆရာက ပြေးလိုက်သွား၍ ကားကြီးကို ကျွန်ုပ်တို့ အနီးသို့မောင်းပြီးရွှေ့လာသည်။

ကျွန်ုပ် – "ကိုအင်နီရယ် ပင်ပန်းခံလို့ဗျာ၊ ကားလမ်းစပ်ရောက်ရင် ကားရွှေ့ပြီးတင်ရုံပေါ့။ အခုတော့ဗျာ အဝေးကြီးထမ်းသွားပြီး တင်ရတယ်လို့ အံ့ရောဗျာ"

ကိုအင်နီ – "ရတယ်ဆရာ၊ အမြင်ကတ်လို့ ငါလုပ်လိုက်တာအပန်း မကြီးပါဘူး"

ကျွန်ုပ်တို့ ဝက်များအားကားပေါ်တင်၍ လာလမ်းအတိုင်းပြန်ခဲ့ကြသည်။ ညနေလည်းစောင်းလေပြီ။ ယင်းခဲဘိုတဲအနီး မော်တော်ယာဉ်အလုပ်ရုံရှေ့သို့ အရောက်၌ ကားအားရပ်စေပြီး ကျွန်ုပ်က ဝက်မတစ်ကောင်အား အလုပ်သ မားများစားရန်အတွက်ချနိုင်းရာ ကျော်စိန်ဝင်းကချပေးနေစဉ် ကိုအင်နီကား ပေါ်မှ ခုန်ဆင်းလာပြီး တားတော့သည်။

ကျွန်ုပ် – "ကိုအင်နီ၊ ဘာဖြစ်လို့လဲ၊ ဝက်နှစ်ကောင်တောင်ကျန်သေးတာ ပဲ။ ခင်ဗျားကြိုက်ရာအကောင် တစ်ကောင်ယူနိုင်ပါတယ်"

"ဒါမယူဆရာ။ ငါပြောပြီးကော ဝက်သုံးကောင်၊ ခေါင်းသုံးခေါင်း၊ ပေါင် သုံးချောင်းနဲ့ ငွေ(၃၀၀)ကျပ်ရမှဖြစ်မယ်"

ကျွန်ုပ်တို့လည်း မတားသာတော့ပါ။ သူလုပ်သမျှကိုသာထိုင်ကြည့်နေရ တော့သည်။ ကိုအင်နီက ဝက်နားရွက်တစ်ဖက်အား နောက်သို့လှန်ချ၍တိုင်း



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးနောက် နားရွက်တစ်လုံရောက်ရာ ဝက်လည်တိုင်ရင်းအား သူ၏ ထက်မြလှသောဓားကြီးဖြင့် တိတိရိရိဖြတ်ယူသည်။ ပေါင်ရင်းအားလည်း ဖြတ်၍ နှစ်ခြမ်းခွဲကာ ပေါင်တစ်ခြမ်းကိုသာယူသည်။ အမှန်းအဆတော်၍ တစ်ဖက်နှင့်တစ်ဖက် အလွန်ညီမျှသည်။ ပိုလည်းမယူ၊ လိုလည်းမရသော တစ်ပွဲစားမှုဆိုး အင်နီအား ကျွန်ုပ်တို့သဘောကျလှ၍ ဝိုင်းကြည့်နေကြသည်။

ကျွန်ုပ် – "ကိုအင်နီရေ မနက်ဖြန်လည်း တောလည်ချင်သေးတယ်။ ခင်ဗျား ဒီနေ့ညတော့ စားရင်းသောက်ရင်း ကျွန်တော်တို့ဆီမှာပဲ အိပ်ပါ"

"မရဆရာ။ ငါအိပ်ပြန်ပြီး၊ ဝက်သားတွေကို ပို့ရဦးမယ်။ ငါ့မိန်းမနဲ့ ငါ့သမီးကမျှော်နေမှာ။ မနက်စောစော ငါဘယ်အချိန်၊ ဘယ်ကိုလာရမလဲ၊ ငါအရောက်လာမယ်။ ဒီမှာတော့ မအိပ်နိုင်ဘူး"

ကျွန်ုပ်တို့အဖွဲ့ ဆိပ်ကမ်းမှာဆင်း၍ အနောက်ဘက်ကမ်းသို့ မော်တော်ဘုတ်ကလေးဖြင့် ကူးခဲ့ကြသည်။ ထုံးစံအတိုင်းပင် သစ်တောဝင်းအိမ်သို့ မပြန်ကြတော့ဘဲ လှလွတ်များစီပီ ကမ်းနားလမ်းဘိုတဲကိုဖွင့်ကာ တစ်ညလုံး ချက်ပြုတ်စားသောက်ရန် ပြင်ဆင်တော့သည်။ ထိုစဉ် ကျွန်ုပ်၏တပည့်ရင်း ထမင်းချက်အောင်ဘု၊ သူ့ရွာသို့ခေတ္တပြန်သွားရာမှ ပြန်လည်ရောက်ရှိလာသဖြင့် အလွန်အဆင်ပြေသွားသည်။ အောင်ဘုမှာ အချက်အပြုတ်လည်းတော်သည်။ ကားလည်း မောင်းတတ်သည်။ တောကောင်များဖျက်ခြင်းကို ကျွမ်းကျင်သလို အမဲလိုက်လည်း ဝါသနာပါသည်။ သို့သော် သူကသေနတ်ပစ်တော့ မကျွမ်းကျင်ပါ။

ဘိုတဲတွင် ဝက်ဖျက်ရန်စီစဉ်ကြစဉ် ကိုအင်နီ၏ပြဿနာ ပေါ်ပြန်သည်။ သူ့ထုံးစံအတိုင်း ဝက်ခေါင်းများအားနားရွက်တစ်လုံ ယူရာတွင် ဝက်မများ၌ ပြဿနာမပေါ်ပေါက်သော်လည်း ဝက်သိုးကြီးတွင် ပြဿနာပေါ်တော့သည်။ ဝက်သိုးကြီး၏ နားရွက်ထိပ်များအား ဖြတ်တောက်၍ တောစောင့်နတ် တောင်စောင့်နတ်တို့အား ပူဇော်ခဲ့သဖြင့် ဝက်သိုးကြီး၏နားရွက်နှစ်ဖက်တွင် ထိပ်များ ပြတ်နေသည်။ စတိသဘောနှင့် တစ်လက်မခန့်စီသာ ပြတ်ခြင်းဖြစ်သော်လည်း သူပြောထားသည့် နားရွက်တစ်လုံပြတ်ရာတွင် တစ်လက်မခန့်စီလျော့နေပေ



တော့သည်။ ထို့ကြောင့် ကျွန်ုပ်တို့က ကိုအင်နီအားနောက်ပြောင်လိုသဖြင့် စကြ၊ နောက်ကြတော့သည်။

ကိုဇော်မင်း – "ကိုအင်နီရေ ခင်ဗျားကတိအတိုင်းပဲနော်၊ နားရွက်တစ်လုံအတိပဲ ဖြတ်ယူပါ။ ပိုမယူပါနဲ့"

ကျော်စိန်ဝင်း – "ကိုအင်နီက ကတိတည်တယ်။ တိတိကျကျပဲ အလုပ်လုပ်တာပိုမယူပါဘူး"

ကျွန်ုပ် – "ကိုအင်နီ။ ခင်ဗျားလက်စွဲခင်ဗျားခြေပဲနော်။ ကြိုက်သလိုလုပ်ပါ။ ကြိုက်သလောက်ယူပါ"

"ဟုတ်တယ်ဆရာ၊ ဆရာတို့စိတ်ချပါ။ ငါကတိကို မဖျက်ပါဘူး။ နားရွက်ပြတ်နေရင်လည်း ဗီတဲ့နေရာအတိအကျကိုပဲ ငါတိုင်းယူမှာပါ။ နည်းနည်းမျှ ပိုမယူပါဘူး။ စိတ်ချပါ"

ကျွန်ုပ်က ကိုအင်နီအားခင်မင်၍ နောက်ပြောင်းခြင်းသာဖြစ်ကြောင်း၊ ကြိုက်သောအသားကို ကြိုက်သလောက်ယူသွားနိုင်ကြောင်း ပြောသော်လည်း လွန်စွာသစ္စာရှိ၍ ကတိတည်သော ကိုအင်နီက တစ်စကလေးမျှပိုမယူပါ။ အတိအကျသာယူသည်။ ဝက် (၃)ကောင်အတွက် ငွေ(၃၀၀)ကျပ်အစား ငွေ(၅၀၀)ကျပ် ပေးသော်လည်း ပိုမယူပြန်ပါ။ ငွေ(၃၀၀)ကျပ်ကိုသာ အတိအကျ တောင်းယူ၍ပြန်မည်ပြုရာ ကျွန်ုပ်က ဆိုက်ကားငှားပေးမည် ပြောသော်လည်း လက်မခံပြန်ပါ။ သူနေထိုင်သည့်နှစ်မိုင်ကျော်ခန့်ဝေးသော ပဏ္ဍမြားမြို့သစ်သို့ ညမိုးချုပ်ကြီး ဝက်သားတွဲများအား ဝါးလုံးလျှိုထမ်းလျက် ကုန်းကြောင်းလျှောက်ကာ ပြန်လေတော့သတည်း။

၁ ဇောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com




# ဒေါက်တာ ရွှေမင်းအိမ်နှင့် မိုးပျံသူရိန်

ကိုသူရိန်မှာ မျှော်ရုံထဲတွင် ကြမ်းပြင်အထက် တစ်ပေခန့်အလွှာရိုင်းနှင့်ဖြစ်ကြ တစ်ဖြည်းဖြည်းမြင့်တက် လာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ လုံးဝအယုံ အကြည်မရှိသော်လည်း မျက်စိဖြင့် ကိုယ်တိုင်ရှင်းရှင်း လင်းလင်းမြင်ရသောအခါ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကြေးနန်းတို (Text Message)တစ်စောင် ရောက်ရှိလာလေ၏။ ပေးပို့သူမှာ ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါက်တာရွှေမင်းအိမ် ဖြစ်ပြီး၊ ၎င်းနေထိုင်ရာ ရန်ကုန်မြို့သို့လာရောက်ပါရန် ဖိတ်ကြားထားခြင်း ဖြစ်လေ၏။ ကျွန်ုပ်မှာလည်း အားလပ်ရက်အတွင်း မေဒင်လက္ခဏာဟောပြော ခြင်း၊ စာအုပ်များဖတ်ရှုခြင်း၊ နေအိမ်သန့်ရှင်းရေးပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်နေရာမှ မေဒင်ဟောခန်းကိုပိတ်၍ ရန်ကုန်သို့ထွက်ခွာလာရလေ၏။ ဒေါက်တာရွှေမင်းအိမ်မှာ ဆရာဝန်ဒေါက်တာမဟုတ်၊ ရူပဗေဒပညာရပ်၌ ပါရဂူဘွဲ့ ယူထားသဖြင့်'ဒေါက်တာ' တပ်၍ ခေါ်ရခြင်းဖြစ်၏။ ကျွန်ုပ်၏ အတွေ့အကြုံများအရ လူပုဂ္ဂိုလ်များအား အထူးပြုသမား(Special)နှင့် အထွေထွေသမား (General)ဟူ၍ ခွဲခြားနိုင်လေ၏။ နှလုံးအထူးကုဆရာဝန်၊ ကွန်ပျူတာပညာရှင်၊ မိုးလေဝသပညာရှင်၊ ပန်းရန်၊ လက်သမား၊ မြို့ပြအင်ဂျင်နီယာ စသည်ဖြင့် ကျွမ်းကျင်လိမ္မာရာအတတ်ပညာ၊ အသက်မွေးပညာကိုအစွဲပြု၍ အထူးပြုသမားဟုသတ်မှတ်နိုင်၏။ အချို့မှာ ပညာရပ်တစ်ခုခု၌ အလွန် ထူးချွန်သူမဟုတ်သော်လည်း အသင့်အတင့်နားလည်တတ်ကျွမ်းကြ၏။ မန်နေဂျာများ၊ အမှုဆောင်အရာရှိများ၊ စာရေးဆရာများ၊ နိုင်ငံရေးသမားများသည် အထွေထွေသမားများဖြစ်ကြ၏။ ကျွန်ုပ်မှာ အင်ဂျင်နီယာတစ်ဦးဖြစ်သော်ငြား



www.burmeseclassic.com

www.burmeseclassic.com

လည်း ဗေဒင်ဟောခြင်း၊ စာရေးခြင်း၊ ဂစ်တာတီးခြင်း၊ မျက်လှည့်ပြခြင်းစသော အကြောင်းအရာများ၌လည်း စိတ်ဝင်စားသဖြင့် အထွေထွေသမားဟု ခေါ်နိုင်၏။ ကျွန်ုပ်၏မိတ်ဆွေကြီး ဒေါက်တာရွှေမင်းအိမ်မှာ အထူးပြုသမားလည်း မဟုတ်၊ အထွေထွေသမားလည်းမဟုတ်။ ရူပဗေဒပညာရပ်၌ ပါရဂူဘွဲ့ရသည်အထိ တတ်မြောက်ထားသကဲ့သို့ စန္ဒရား တီးခတ်ရာ၌လည်း အဆင့်မြင့်မြင့်တီးခတ်နိုင်သူဖြစ်၏။ ဗေဒင်၊ လက္ခဏာ၊ နက္ခတ်ပညာများ၌ ကျမ်းကြီးကျမ်းငယ် အဆုဆုကို ပိုင်နိုင်တတ်ကျွမ်းသကဲ့သို့ ကိုယ်ခံပညာအဆင့် အားဖြင့် အာကီဒို၊ မြန်မာ့လက်ဝှေ့နှင့် ဆမ်ဘာတေးဟုခေါ်သော လျှို့ဝှက်သိုင်းပညာရပ်များကိုလည်း ဂိုဏ်းဆရာတစ်ဆူအဆင့်ထိ ကျွမ်းကျင်သူဖြစ်လေ၏။ ထိုသို့ ပညာရပ်နယ်ပယ်အသီးသီး၌လည်း တတ်ကျွမ်းသူဖြစ်ရာ ၎င်းအားအထူးထူး အထွေထွေသမား (General Specialist) ဟုခေါ် ရမည်ဖြစ်၏။ အသက်အရွယ်အားဖြင့် ၃၅ နှစ်ခန့်သာရှိပြီး ကျွန်ုပ်ထက်ငယ်ရွယ်သူ ဖြစ်သော်လည်း အပြန်အလှန်လေးလေးစားစား ဆက်ဆံကြသည်ဖြစ်၏။

ဒေါက်တာရွှေမင်းအိမ်နေထိုင်ရာ အိမ်အမှတ်(၆၅)၊(၁၀၁)လမ်းသို့ ရောက်သောအခါ အိမ်တံခါးအား အသာအယာခေါက်လိုက်လေ၏။ ခေါက်လိုက်သည်နှင့် အလွယ်တကူပွင့်သွား၍ အတွင်းသို့ဝင်လိုက်ရလေ၏။ အတွင်းသို့ရောက်သောအခါ မြင်လိုက်ရသောမြင်ကွင်းကြောင့် ခြေလှမ်းများ တုံ့၍ရပ်တန့်သွားရလေ၏။ ပြောင်လက်သော ပါးကောကြမ်းခင်းပေါ်တွင် မည်းနက်ညိုမှောင်သော အသားအရောင်၊ စုတ်ပြတ်ညစ်ပေနေသော အဝတ်အစားများဖြင့် မျက်နှာကွင်ကန့်လန့်ဖြတ် အမာရွတ်ရှိသည့် တောင်းရမ်းစားသောက်သူတစ်ဦးသည် အငွေ့တထောင်းထောင်းထနေသော ကော်ဖီခွက်ကို နှစ်ခြိုက်စွာသောက်သုံး နေသောမြင်ကွင်းကို တွေ့ရလေ၏။ ဆိုဖာဆက်တီများ ဝိုင်းပတ်ထားသော မှန်စားပွဲပေါ်တွင်လည်း အငွေ့တထောင်းထောင်း ထနေသည့် ကော်ဖီခွက်တစ်ခွက်ကို တွေ့ရလေ၏။ ကျွန်ုပ်ကိုတွေ့သောအခါ တောင်းရမ်းသူကြီးက နီရဲနေသော ကွမ်းသွေးများပေနေသည့်သွားကို ဖြဲ၍ ရယ်ပြလိုက်ရာ ရှေ့သွား နှစ်ချောင်းကျိုးနေသဖြင့် လွန်စွာရုပ်ဆိုးသူတစ်ဦး



၏ စိတ်ပျက်ဖွယ်အပြုံးကို တွေ့ရလေ၏။ ၎င်းက "ကော်ဖီသောက်ပါ ဆရာကောင်း" ဟု ကွဲအက်တုန်ယင် သောအသံဆိုးဖြင့် ပြောလိုက်ပြန်သဖြင့် မိမိမှာအိမ်မှား၍ ဝင်မိခြင်းမဟုတ်ကြောင်း ပို၍သေချာသွားလေ၏။ ကျွန်ုပ်က "ခင်ဗျားဘယ်သူလဲ၊ ဒေါက်တာမရှိဘူးလား"ဟု မေးလိုက်ရာ၊ ၎င်းက မခန့်လေးစားရယ်လိုက်သဖြင့် လွန်စွာ စိတ်တိုသွားလေ၏။ တောင်းရမ်းသူကြီးက ပါးစပ်ထဲမှာ ငုံထားသောပစ္စည်း တစ်ခုကိုထုတ်လိုက်ပြီး "ကျွန်တော်ပါ ဆရာကောင်း" ဟုပြောလိုက်သည့်အခါ ဒေါက်တာရွှေမင်းအိမ်၏အသံ ဖြစ်နေလေ၏။ ထိုအခါမှ ၎င်းသူတောင်းစားကြီးမှာ ရုပ်ဖျက်ထားသော ဒေါက်တာရွှေမင်းအိမ်ဖြစ်ကြောင်း ရိပ်မိလေ၏။ ၎င်းက လက်ကာပြပြီး "ထိုင်ပါဦးဗျာ၊ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းတာ မဟုတ်ပါဘူး။ တိုက်ဆိုင်သွားလို့ပါ။ ကော်ဖီပူပူလေးသောက်ပါဦး"ဟုပြော၍ အတွင်းခန်းသို့ ဝင်သွားလေ၏။ ကျွန်ုပ်လည်း စုံထောက်ဝတ္ထုတစ်ပုဒ်ဖတ်ရ သကဲ့သို့ ရှုပ်ထွေးသွားသဖြင့် ဆိုဖာပေါ်တွင်ထိုင်လိုက်ပြီး မိမိလွန်စွာမှ နှစ် ခြိုက်သော ဘရာဇီးလ်ကော်ဖီကို အရသာခံ၍သောက်နေမိလေ၏။ ၅မိနစ်ခန့် ကြာသောအခါ ဒေါက်တာရွှေမင်းအိမ်သည် မြန်မာဆန်ဆန်သပ်သပ်ရပ်ရပ် ဝတ်ဆင်လျက်ပြန်ထွက်လာပြီး မျက်နှာချင်းဆိုင်တွင်ဝင်၍ ထိုင်လေ၏။ ၎င်းနောက် "စိတ်မရှိပါနဲ့ ဆရာကောင်းရယ်၊ ကျွန်တော်လည်း အခုမှ မပြင်ကပြန်ရောက်လာလို့ အဝတ်အစားမလဲရသေးတာပါ။ ဆရာကောင်းက မုန့်ဟင်းခါးစားခဲ့ပြီဆိုတော့ အစာပိတ်ကော်ဖီလေးသောက်ပါဦး။ တောင်ဥက္ကလာက ညီတော်မောင်ကော နေကောင်းရဲ့လား"ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း "နေပါဦး ဒေါက်တာရဲ့။ ကျွန်တော် တောင်ဥက္ကလာမှာတည်းတယ်လို့ ဘယ်လိုသိတာလဲ။ မုန့်ဟင်းခါးစားခဲ့ပြီလို့ ဘာလို့ပြောနိုင်တာလဲ။ ပြီးတော့ ကော်ဖီချော်ပြီးသွားက ဘာလို့အဆင်သင့်ဖြစ်နေတာလဲ။ ပြီးတော့"

ကျွန်ုပ်၏ စကားမဆုံးမီ ဒေါက်တာရွှေမင်းအိမ်က လက်ကာပြပြီး၊ ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ ပြီးမှ–

"ဆရာကောင်းက ကျွန်တော့်ကိုရှားလော့ဟုမ်းလို့ ထင်မနေပါနဲ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com

ခ ရာတို့ကားက အဝေးပြေးဂိတ်ကို ဘယ်အချိန်ဝင်သလဲဆိုတာက ဖုန်းဆက်ပေးလိုက်ရင်သိတာပါပဲ။ ပြီးတော့ ဆရာ့မျက်နှာနဲ့ တစ်ကိုယ်လုံးဟာ ညပိုင်းကားစီးရလို့ နွမ်းနယ်အဆီပြန်နေတာ မတွေ့ရတော့တစ်နေရာကို အရင်သွားပြီး ရေချိုးသန့်ရှင်းရေးလုပ်ခဲ့ပြီပေါ့။ ဘယ်ကိုသွားမလဲဆိုတော့ ဆရာညီရှိတဲ့ တောင်ဥက္ကလာပဖြစ်မှာပေါ့။ ပိုပြီးသေချာတာက လောလောဆယ်ဖွင့်လှစ်လိုက်တဲ့ သစ်အရောင်ထည်ပစ္စည်းပြပွဲ အထိမ်းအမှတ်လက်ဆွဲအိတ်ကို ဆရာယူလာလို့ပေါ့။ အိတ်က ဆရာ့ညီရဲ့ ကုမ္ပဏီအမှတ်တံဆိပ်ပါတယ်လေ''

''ဒါဆိုရင် မှန်ပြောင်းခါးစားလာတယ်လို့ ဘာကြောင့်ပြောနိုင်တာလဲဗျာ။ ကျုပ်မျက်နှာမှာ မုန့်ဟင်းခါးဖတ်တွေ ကပ်နေလို့လား''

''မဟုတ်ပါဘူး ဆရာကောင်းရယ်။ ဆရာလာခဲ့ရင် အချက်ပေးဖို့ တိုက်ခန်းလှေကားရင်းမှာ ကွမ်းယာရောင်းတဲ့ မူဆာဆိုတဲ့ ကုလားလေးကိုမှာထားလို့ပါ။ သူက ဆရာ့ကိုတွေ့ဖူးတယ်လေ။ ဆရာကောင်းလမ်းထဲကို ချိုးဝင်လာတော့ သူကခေါင်းလောင်းကြိုးကိုဆွဲပြီး အချက်ပေးလိုက်တာပါ။ ဒါနဲ့ကျွန်တော်လည်း ဝရန်တာကထွက်ကြည့်တော့ လမ်းထောင့်ကမုန့်ဟင်းခါးဆိုင်မှာ ထိုင်ပြီးစားနေတဲ့ ဆရာ့ကိုတွေ့ရလို့ပါဗျာ။ ကျွန်တော်က ဆရာလာရင်သောက်မယ့် ကော်ဖီပူပူကလေး ဖျော်ပေးထားချင်လို့ပါ''

''ဒီလိုလား။ ဒေါက်တာက ရှားလော့ဟုမ်းလို နည်းလမ်းတွေသုံးနေတယ်ထင်လို့ပါ။ ကောင်းပါပြီဗျာ။ ကျွန်တော့်ကိုဘာကိစ္စနဲ့ဖိတ်ခေါ်တယ်၊ ဘာကြောင့်ခုလို စုတ်စုတ်ချာချာတွေ ဝတ်ထားတယ်ဆိုတာ ရှင်းပြစမ်းပါဦး''

''ပြောတာပေါ့။ လောလောဆယ် ကော်ဖီပူပူလေးသောက်လိုက်ပါဦး''

ဒေါက်တာရွှေမင်းအိမ်ကပြောပြသဖြင့် ကျွန်ုပ်လည်းကော်ဖီပန်းကန်ကိုယူ၍ သောက်လိုက်လေ၏။ ထိုသို့သောက်နေစဉ် ဒေါက်တာရွှေမင်းအိမ်က-

''ကျွန်တော်မေးချင်တာက အရာဝတ္ထုတွေဟာ ဘာကြောင့်အထက်ကို တက်မသွားဘဲ မြေကြီးပေါ်ပြန်ကျလာရတာလဲ၊ လေထက်ပေါ့တဲ့ ဓာတ်ငွေ့တွေ ရှိတာပေါ့ ဆရာရယ်။ ဒါလည်း အပေါ်ကိုတက်သွားပေမဲ့ ကမ္ဘာမြေကြီးရဲ့ လေထုအပေါ်ယံမှာပဲ ရှိနေတာမဟုတ်လား''



ကျွန်ုပ်က ကော်ဖီခွက်ကိုချရင်း -

''ယဉ်ကျေးမှုအရ စကားနိဒါန်းတွေပျိုးမနေပါနဲ့ ဒေါက်တာရယ်။ ဒါတွေက ကမ္ဘာမြေကြီးဆွဲငင်အားကြောင့် အလေးချိန်ရှိနေပြီး အထက်မတက်ဘဲ ရှိနေတယ်ဆိုတာ စတုတ္ထတန်းကျောင်းသား ဘဝကတည်းက သိနိုင်တဲ့အချက်တွေပါ။ ဆရာ့လို ပါရဂူကမေးရမယ့် မေးခွန်းတွေမဟုတ်ပါဘူး''

''ဟုတ်ပါပြီဗျာ။ ဒါဆိုရင် အောက်ကိုမကျဘဲအထက်ကို ပျံတက်ရင် ဘာကြောင့်လို့ ဆရာပြောမလဲ''

''ဒါကတော့ ဆွဲငင်အားမဲ့တဲ့အာကာသထဲမှာ၊ ဒါမှမဟုတ် ပျံတက်စေနိုင်တဲ့အားတစ်ခုခုနဲ့ တွန်းတင်လိုက်တာ။ ဥပမာ– လေယာဉ်ပျံ၊ ဒုံးပျံ စသည်ဖြင့်ပေါ့။ ဒါဆိုရင်တော့ အထက်တက်နိုင်တာပေါ့''

''ဒါဆိုရင် ဟောဒီသံမဏိဘောလုံးကလေးဟာ လေထဲမှာ ပျံတက်နိုင်ပါ့မလား''

''ဒေါက်တာရွှေမင်းအိမ်က သူ့လက်ထဲမှ သံမဏိဘောလုံးကို လှမ်းပေးလိုက်လေ၏။ ဘောလုံးမှာ တစ်လက်မခန့်အလုံးဖြစ်ပြီး တစ်ဆယ့်ငါးကျပ်သားခန့်ရှိလေ၏။ ကျွန်ုပ်က အလေးချိန်ကိုဆကြည့်ရင်း-

''အားတစ်ခုခုနဲ့တွန်းမတင်ဘဲ သူ့လိုလိုတော့ လေထဲပျံဝဲမနေနိုင်ပါဘူးဗျာ'' ဟုပြောလိုက်လေ၏။

''မှန်တာပေါ့ဆရာကောင်း။ အားတစ်ခုခုနဲ့ တွန်းမတင်ဘဲလေထဲကို ပျံတက်ဖို့ မဖြစ်နိုင်ဘူး။ ဒါဆိုရင် ကျွန်တော်ပြစရာရှိနေတယ် ကြွပါ''

ဒေါက်တာရွှေမင်းအိမ်က သုတေသနခန်းဟုလည်းခေါ်နိုင်ပြီး စမ်းသပ်ခန်းဟုလည်း ခေါ်နိုင်သောအခန်းအတွင်းသို့ ဖိတ်ခေါ်လေ၏။ အခန်းတွင်း၌ များပြားလှသော စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ စက်ကိရိယာအမျိုးမျိုး ကွန်ပျူတာများဖြင့် နေရာတကျထားရှိလေ၏။ ဒေါက်တာရွှေမင်းအိမ်က ဓာတ်ခွဲခန်းစားပွဲပေါ်ရှိ ဖန်ပြွန်ကလေးတစ်ခုအတွင်းသို့ သံမဏိဘောလုံးကလေးကို ထည့်လိုက်လေ၏။ ၎င်းဖန်ပြွန်ကို လေးထောင့်မှန်ပုံးကလေးအတွင်းထည့်လိုက်လေ၏။ မှန်ပုံးကလေးမှာ နံဘေးမှကိရိယာလေးခုပ်ဆင်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ကိရိယာများမှာ မော်တော်ကားပလပ်များနှင့်တူပြီး ဗိုင်ယာငှင့်ချောင်းဖြင့် ဆက်ထားလေ၏။ ၎င်းအပြင် အမည်မသိသောပစ္စည်း ၄-၅ခုဖြင့်လည်းဆက်သွယ်ထားလေ၏။ ဒေါက်တာရွှေမင်းအိမ်က ခလုတ်သုံးလေးခုကို ဖွင့်လိုက်သောအခါ မော်တာလည်ပတ်သံနှင့်ဆင်တူသော အသံများအနည်းငယ်ထွက်ပေါ်လာ၏။ နှစ်မိနစ်ခန့်ကြာသောအခါ မှန်ပုံးတွင်တပ်ထားသော ပလပ်(၃)ခုမှ စိမ်းပြာရောင်အလင်းတန်းကလေးများ ထွက်ပေါ်လာ၏။ နောက်နှစ်မိနစ်ခန့်ကြာသောအခါ စူးရှသောအလင်းကွက်များ ဖြစ်ပေါ်လာပြီးသံမဏိဘောလုံးထည့်ထားသော ဖန်ပြွန်ပတ်လည်တွင် စက်ဝိုင်းပုံကွင်းများဖြစ်ပေါ်လာ၏။ ထိုအခါ သံမဏိဘောလုံးမှာ အနည်းငယ်လှုပ်လာ၏။ လှုပ်လာပြီးခဏအကြာတွင် အပေါ်သို့ကြွတက်လာ၏။ ထို့နောက် ဖန်ပြွန်၏အဝသို့ဆယ်လက်မခန့်အထိ ပေါလောပေါ်၍ မြောက်တက်လာပြီး လေထဲတွင်ချာလည်လှည့်၍ ရပ်တန့်နေလေ၏။ ထိုသို့ တစ်မိနစ်ခန့်ကြာသောအခါ ဒေါက်တာရွှေမင်းအိမ်က ခလုတ်အဝိုင်းများကို ဖြည်းဖြည်းချင်းလှည့်လိုက်သောအခါ စက်ဝိုင်းပုံစိမ်းပြာရောင် အလင်းကွင်းများ မှေးမှိန်စပြုလာပြီး သံမဏိဘောလုံးကလေးမှာ ဖန်ပြွန်အတွင်းတဖြည်းဖြည်း ပြန်၍ကျဆင်းသွားလေ၏။ ဒေါက်တာရွှေမင်းအိမ်က ခလုတ်တစ်ခုကို ပိတ်လိုက်၏။ စမ်းသပ်မှုအားလုံးပြီးဆုံးသွားသည်ဟု ထင်မှတ်ရလေ၏။ ထို့နောက် ဧည့်ခန်းသို့ပြန်၍ ထွက်လာခဲ့ကြလေ၏။ ဒေါက်တာရွှေမင်းအိမ်က–

"ဆရာမမေးဘဲနဲ့ ကျွန်တော်ရှင်းပြရမှာပေါ့။ တကယ်တော့ သံမဏိဘောလုံးကို သံလိုက်နဲ့ဆွဲလိုက်ရင် အပေါ်တက်ပြီးနေမှာပဲ။ ဒါပေမဲ့ သံလိုက်မှာကပ်နေမှာပဲ။ ဒါမျိုး ကျွန်တော်မဖြစ်ချင်ဘူး။ ဘယ်လိုမျှ အဆက်အစပ်မရှိဘဲ လေထဲပေါလောမျောပြီး လိုရာကိုရွှေ့နိုင်အောင် ထိန်းချုပ်တဲ့နည်းကို လိုချင်တာပါ။ တကယ်တော့ ဘယ်အရာဝတ္ထုမဆို လျှပ်စစ်သံလိုက်ဓာတ် အနည်းအများရှိပါတယ်။ စကြဝဠာကြီးထဲမှာလည်း နေရာအနှံ့ရှိပါတယ်။ ဒီလိုသာ ဟန်ချက်ညီတဲ့ ဆွဲငင်အားတွေရှိမနေရင် တစ်ခုနဲ့တစ်ခုတိုက်မိနိုက်မိကြမှာပဲ။ ဝင်ဆောင့်မိကြတဲ့ ဂြိုဟ်တွေဆိုတာလည်း အကြောင်းတစ်ခုခုကြောင့် စည်းချက်ချက်တွေသဘောပါပဲ။ ဒီတော့ ခဲဒီအရာဝတ္ထုမှာရှိတဲ့ သံလိုက်စက်ကွင်းနဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ သံလိုက်စက်ကွင်းနည်းကိုသုံးပြီး အပြန်အလှန်တွန်းကန်ခြင်း၊ ဆွဲငင်ခြင်းကိုသုံးနိုင်ရင် ဘယ်ပစ္စည်းကိုမဆိုလိုသလို ရွှေ့ပြောင်းဆင်းတက်နိုင်မှာပဲ။ ကျွန်တော်ပြသတာလည်း ဒါပါပဲ။ သံမဏိဘောလုံးကို သံလိုက်စက်ကွင်းပြင်းအားတစ်ခုနဲ့ မတင်ပြီး လိုသလိုနှိပ်ချ၊ ရွှေ့ပြောင်းနိုင်ပါတယ်။ လုံလောက်တဲ့ စက်ကွင်းပြင်းအားကို ချိန်ဆလွှတ်ပေးရတဲ့ သဘောပါပဲ"

"ဒါဆိုရင် သက်ရှိသက်မဲ့တွေကို အင်ဂျင်စက်မပါဘဲ မ,တင်မောင်းနှင်ရွှေ့လျားနိုင်ပြီဆိုတဲ့ သဘောလား"

"ဒီလောက်တော့လည်း မဟုတ်သေးပါဘူး ဆရာကောင်း။ ခုလို သံဘောလုံးတစ်ခုကို ဆောင်ရွက်ပြနိုင်တာနဲ့ သံလိုက်စက်ကွင်းပြင်းအားသုံးယာဉ်စက်တစ်ခု တီထွင်ဖို့ဆိုတာ လွန်စွာဝေးကွာပါသေးတယ်"

"ဘယ်လို အခက်အခဲတွေများရှိနေသေးလဲဗျာ"

"ရှိပါတယ်။ တကယ်လို့ သံလိုက်ပြင်းအားများရင် လူတွေကိုဘယ်လောက်အထိ ထိခိုက်နိုင်သလဲ။ ပတ်ဝန်းကျင်ကို ဘယ်လိုအနှောင့်အယှက်ဖြစ်နိုင်သလဲ။ တယ်လီဖုန်းတွေ၊ ရုပ်သံလွှင့်ထုတ်မှုတွေ၊ ဂြိုဟ်တုဆက်သွယ်ရေးစတာတွေကို ဘယ်လောက်အနှောင့်အယှက်ဖြစ်မလဲ။ ဒီပြင်းအားကို ဘယ်လိုထိန်းချုပ်ပို့လွှတ်မလဲ စသည်ဖြင့် ပြဿနာတွေ အများကြီး ကျန်ပါသေးတယ်။ ကျွန်တော့်အနေနဲ့ကတော့ စမ်းသပ်တွေ့ရှိမှုမှန်သမျှကို ကောင်းကျိုးအသုံးပြုမယ့်အဖွဲ့၊ လူပုဂ္ဂိုလ်တွေကိုပေးဖို့ပါတယ်"

ကျွန်ုပ်လည်း ဒေါက်တာရွှေမင်းအိမ် ရှင်းပြသောသိပ္ပံအချက်အလက်၊ သဘာဝတရားအားလုံးကို အလုံးစုံနားမလည်နိုင်သော်လည်း အကြမ်းအားဖြင့် သဘောပေါက်မိလေ၏။ ထို့ကြောင့်–

"ဒီလို စမ်းသပ်မှုကိုပြချင်လို့ ကျွန်တော့်ကိုခေါ်လိုက်တာလား" ဟုမေးလိုက်ရာ ဒေါက်တာရွှေမင်းအိမ်က–





www.burmeseclassic.com

www.burmeseclassic.com

"ဒီစမ်းသပ်မှုကို ပြုချင်တာချည်းသက် [illegible] ပြောချင်တာလေးတွေလည်း ရှိလို့ပါ။ အခုပြုသလိုက်တာကတော့ သိပ္ပံပညာသဘောတရားလေးပေါ့ ဆရာကောင်းရယ်။ ခုလို ပစ္စည်းပစ္စယ အထောက်အပံ့မပါဘဲ၊ လူတစ်ယောက်ဟာ လေထဲမှာ ပျံတက်နိုင်ပါ့မလားလို့လည်း မေးချင်ပါတယ်ဗျာ"

ကျွန်ုပ် အနည်းငယ်ပြုံးလိုက်ပြီး–

"မေးချင်တာမဟုတ်ဘူး။ ပြောချင်တာဖြစ်ပါလိမ့်မယ် ဒေါက်တာရယ်။ ကဲပါဗျာ၊ 'မေးသော်ဖြေ၏' ဆိုသလို ပြောရရင် လူတစ်ယောက်က ရှာန်သမာပတ်ရရင်တော့ ကောင်းကင်ခရီးကကြွလှမ်းနိုင်တယ်ဆိုတာ ဖတ်မှတ်ဖူးပါတယ်။ ဒါပေမဲ့ ကိုယ်တိုင်တွေ့မြင်ဖူးတာတော့ မဟုတ်ဘူးဗျ"

"ကျွန်တော့်အတွေ့အကြုံအရပြောရရင် လူတစ်ယောက်ဟာ ပစ္စည်းပစ္စယ အထောက်အပံ့မပါဘဲ ကြွတက်နိုင်တယ်"

"ရဟန္တာတွေ ဈာန်ပျံတဲ့သဘောလား"

"ဈာန်ပျံတယ်ဆိုတာမှာ စကားအမှတ်မှားနေတာရှိသေးတယ်။ ဈာန်ပျံနိုင် ရင်ရဟန္တာလို့ ပုံသေသတ်မှတ်မပြောနိုင်ဘူး ဆရာကောင်းရဲ့။ ဈာန်အဘိညာဉ် အတွက်ကျင့်ကြံတဲ့ ပေါက်ပြောက်တဲ့ ရဟန္တာမှဈာန်သမာပတ်ရတယ်။ ရဟန္တာ မဟုတ်တဲ့ "ဇော်ဂျီဝိဇ္ဇာ"စတဲ့ သူတွေလည်းဈာန်ပျံနိုင်တယ်လို့ဖတ်ဖူးတယ် မဟုတ်လား။ အနောက်နိုင်ငံမှာ ဈာန်သင်တန်းဆိုတာ ရှိတယ်။ ဒေါ်လာ၅၀၀ ပေးရတယ်။ သင်တန်းကြေးပေါ့။ အဲဒီသင်တန်းတက်ပြီး အမြင့်၁၀ပေ၊ ၅ပေ ၁ပေ စသည်ဖြင့် လေထဲမှာ ကြွတက်အောင်ဆောင်ရွက်နိုင်သူတွေရှိတယ်။ ဘာမျှ အကျိုးမထူး သူတွေလည်းရှိတာပဲ။ အဲဒီလူတွေက အရိယာမဟုတ်ဘူး။ ပုထုဇဉ်တွေပါပဲ"

"ဒေါက်တာ အနေနဲ့အဲဒီသင်တန်းမျိုး တက်ဖူးသလား"

"ကျွန်တော်တို့နိုင်ငံမှာ ဒီလောက် ဝိပဿနာ၊သမထထွန်းကားတာပဲဗျာ။ ဘာလို့ အနောက်နိုင်ငံတွေမှာ သင်တန်းတက်စရာလိုမလဲ"



"ဟုတ်ပါပြီဗျာ။ ဒါဆိုရင် ဒေါက်တာဦးတည်ပြောနေတာက ဈာန်ပျံနိုင်တဲ့ လူတစ်ယောက်ကိုတွေ့သွားပြီ။ အဲ့ဒီလူကို အနီးကပ်လေ့လာနေတယ်လို့ ပြောနေတာမဟုတ်လား။ ဒါကြောင့် ရုပ်ဖျက်ပြီးစုံစမ်းနေတာ မဟုတ်လား"

ဒေါက်တာရွှေမင်းအိမ်က ရယ်မောလိုက်ပြီး–

"ဆရာကမှ တကယ့်ရှားလော့ဟုမ်းအစစ်ပါ။ ရှားလော့ကောင်းပေါ့။ ဟုတ်ပါရဲ့ခင်ဗျာ၊ ဈာန်ရတယ်လို့ သတင်းထွက်နေတဲ့ လူပုဂ္ဂိုလ်တစ်ယောက်ကို လေ့လာနေတာပါဗျာ။ ဒီလိုပါ ဆရာကောင်းရယ်၊ မြေလတ်ပိုင်းက မြို့ကလေးတစ်မြို့ကို လူတစ်စုရောက်လာတယ်ခင်ဗျ။ အားလုံး(၅)ယောက်ပေါ့။ လူသူတော်ဝတ်စုံနဲ့ ဘုရားတွေကိုလိုက်ပြီးပြုပြင် ထီးတင်နေတဲ့အဖွဲ့ပါ။ ခေါင်းဆောင်လုပ်တဲ့သူက အသက်(၃၅)နှစ်လောက်ရှိတဲ့ လူရွယ်တစ်ယောက်ပါ။ သူ့နောက်ကြောင်းဇာတိကို လိုက်စုံစမ်းတော့ သူကအသက်၂၀လောက်ကတည်းက ရွာကထွက်သွားပြီး ဘာတွေလုပ်ကိုင်စားသောက်နေသလဲဆိုတာကို မသိကြဘူး။ ခုမှ ပြန်ပေါ်လာပြီး ရွာမှာသာရေးနာရေး အလုပ်တွေလုပ်၊ ရွာတကာနယ်တကာကပြိုပျက်နေတဲ့ စေတီ ဘုရားအဟောင်းတွေပြုပြင်၊ ထီးတင်နေတဲ့သူပါ။ တဖြည်းဖြည်းနဲ့ ရိုက်တူသူတွေ စုလိုက်ကြတာလေးငါးယောက် ဖြစ်လာတယ်ဗျ။ လွန်ခဲ့တဲ့(၆)လလောက်ကတော့ ကျွန်တော့်မိတ်တွေ ပန်းရိုးမကိုကြီးက တနဲ့အကြောင်းကြားလို့ သူတို့မြို့ကိုသွားတော့မှ အဲဒီလူကိုတွေ့ဖူးတာ၊ ဒါနဲ့ သူ့နောက်ကြောင်းကို စုံစမ်းကြည့်တာပေါ့ဗျာ"

"နေပါဦး ဒေါက်တာရဲ့၊ခုလို မဟီဒ္ဓသာသနာပြုလုပ်ငန်းလုပ်နေတဲ့အဖွဲ့ကို ဘာလို့သံသယမျက်လုံးနဲ့ လေ့လာစုံစမ်းနေရတာလဲ။ သာခု ဒေါ်ရမှာ မဟုတ်လား"

"စုံစမ်းတာက ထူးဆန်းလို့ပေါ့ဆရာရယ်။ အဲဒီ အသက်၃၅နှစ်အောက်ပုဂ္ဂိုလ်ကဈာန်ပျံနိုင်တယ်ဆိုတဲ့ သတင်းကသဲ့သဲ့ထွက်ပေါ်နေတယ်ဗျ။ သဲ့သဲ့ထွက်တယ်ဆိုပြီး ဘာကြောင့် လူတွေဝိုင်းနေရတာလဲ။သီချင်းထဲကလို "မင်းနဲ့ကိုယ့်အကြောင်းကို တိုးတိုးတိတ်တိတ် တစ်ရွာလုံး သိတာ" ဆိုသလိုဖြစ်နေတယ်။ တိုးတိုးတိတ်တိတ်ဆိုသော်လည်း ဒီသတင်းဟာ တော်တော်ပျံ့နှံ့နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကတော့ ထူးခြားမှုဆိုတာ တစ်ယောက်စကားတစ်ယောက်နားဆိုသလို ပြန်နိုင်တာပေါ့ဗျာ။ ခုလို အိုင်တီခေတ်မှာ ကမ္ဘာ့ပေါ်မှာဖြစ်နေတဲ့ ကိစ္စတွေကို ချက်ချင်းသိနိုင်တာပဲ"

"ထားပါတော့ဆရာရယ်။ ဆက်ပြောပါရစေ။ ဒါနဲ့ ကျွန်တော်က တကယ်ပဲရှာနိုင်ပျံနိုင်တာလားဆိုတာကို သွားပြီးစောင့်ကြည့်ရတာပေါ့ဗျာ။ အဲဒီလူက မြို့စွန်က ကိုရင်ကြီးတစ်ပါးတည်း သီတင်းသုံးတဲ့ကျောင်းအိုကြီးကိုပြင်တယ်။ ထီးမရှိတဲ့ ကိုးတောင်ပြည့်ဘုရားကို ထီးတင်တယ်။ ချုံနွယ်တွေရှင်းတယ်။ ပြီးတော့ ခမ္ဘာရုံကလေးတစ်လုံးကို သူ့ပိုက်ဆံနဲ့ဆောက်လိုက်သေးတယ်ဗျ။ တစ်ညမှာတော့ ရွာထဲကလူတစ်ယောက်ဟာ ခမ္ဘာရုံထဲကိုလှမ်းကြည့်လိုက်တော့ အဲဒီပုဂ္ဂိုလ်ဟာ သမ်တလင်းကြမ်းပြင်ကနေ လေထဲမှာ သုံးလေးပေလောက်မြောက်ပြီး တင်ပျဉ်ခွေလျက် ပေါလောပေါ်နေတာတွေ့ရတယ်ဗျ။ ဒါနဲ့ ဝင်ကြည့်မယ်လုပ်တော့ အပေါက်ဝမှာစောင့်နေတဲ့ နောက်လိုက်တွေက သမာဓိပျက်မှာစိုးလို့ဆိုပြီး တားတယ်လို့ဆိုတယ်။ ဒါပေမဲ့ မီးမှောင်ထဲမှာ ရှင်းရှင်းကြီးမြင်နေရတယ်။ အဲဒီသတင်းဟာ ဟိုးလေးတကျော်ဖြစ်သွားပြီး လူတွေဖိုင်းလာလိုက်တာ တော်တော်များများပဲဗျ။ ကားကြီးကားကောင်းတွေနဲ့လာပြီး ကန်တော့ပွဲထဲမှာ သိန်းနဲ့ချီပြီးလှူဒါန်းကြတာတွေလည်း ရှိတယ်။ ရွာကလူတွေ၊ နီးစပ်ရာတွေက လှူဒါန်းကြတာတွေလည်း အများကြီးပါပဲ။ သူတော်ကောင်းလို့ ပုဂ္ဂိုလ်ထူးလို့ယူဆ၊ သာသနာပြုသူလို့ ယုံကြည်လို့ လှူကြတာပေါ့"

"လှူဒါန်းတယ်ဆိုတာကတော့ သူတို့ယုံကြည်ပြီး သဒ္ဓါတရားထက်သန်လို့ပေါ့။ ပြီးတော့ မလှူမနေရပြောတာလည်းမဟုတ်၊ ရွှေငွေတွေပွားအောင် သိဒ္ဓိတင်ပေးမယ်၊ ထီပေါက်အောင်လုပ်ပေးမယ် စသည်ဖြင့် လိမ်ညာနေတာလည်း မဟုတ်ရင်တော့ ဘာမှုအပြစ်မရှိဘူးမဟုတ်လား"

"မှန်ပါတယ်ဆရာကောင်းရယ်။ ကျွန်တော်ပြောချင်တာက လောကကြီးမှာရှာနိုင်ပြီး ပျံသန်းနိုင်တယ်လို့ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ ကျော်ကြားလာတာက ငွေကြေးလှူဒါန်းတာတွေရဲ့ အရင်းခံကိစ္စဖြစ်နေတယ်။ သူ့အစွမ်းအစကိုတွေ့ပြီး အတွေးများလို့ဖြစ်ဖြစ်၊ ယုံကြည်မှုလွဲလို့ဖြစ်ဖြစ်၊ စေတနာပေါက်လို့



ဖြစ်ဖြစ် လှူဒါန်းတာကတော့ ဘာမှုမဖြစ်ဘူးပေါ့။ ပြီးတော့ သူ့အနေနဲ့ဘယ်လောက်ငွေဝင်လို့ ဘယ်လောက်သုံးတယ်ဆိုတာလည်း မသိဘူးမဟုတ်လား"

"တည့်တည့်ပြောရရင် ရှာနိုင်ပျံနိုင်တယ်လို့ လိမ်ညာခြားယောင်းပြီး ဟန်ပြလှူဒါန်း၊ ပိုတာတွေကို အမြတ်ထုတ်နေတယ်လို့ ဒေါက်တာကပြောချင်နေတာလား"

"မပြောပါဘူး။ ဒါဟာ အမှန်တရားလားဆိုတာ သိချင်တာပါ"

"ဒါကြောင့် ဒေါက်တာက အဲဒီနေရာကိုရောက်တယ်၊ စုံစမ်းတယ်၊ တိတ်တဆိတ်ထောက်လှမ်းတယ်၊ တောင်းရမ်းစားသောက်တဲ့လူပုံစံနဲ့ ချဉ်းကပ်တယ်။ ပြီးတော့ ရုပ်ဖျက်ထားတာအမှန်တကယ် ပီပြင်မှုရှိမရှိစမ်းသပ်တဲ့အနေနဲ့ ကျွန်တော်လာတော့ ပြန်ပြီးသရုပ်ပြကြည့်တယ်ပေါ့"

ဒေါက်တာရွှေမင်းအိမ်က ခေါင်းညိတ်ရင်း–

"မှန်တာပေါ့ ဆရာရှားလော့ကောင်းရယ်"ဟု ရယ်မောပြောဆိုလိုက်သဖြင့် ကျွန်ုပ်လည်းရောယောင်၍ ရယ်မောလိုက်ရလေ၏။ ဒေါက်တာရွှေမင်းအိမ်က–

"ဟုတ်ပါတယ်ဆရာရယ်။ အဲဒီ ခြံဝင်းပတ်ပတ်လည်၊ သူတို့နေတဲ့ဇရပ်၊ ဘုန်းတော်ကြီးကျောင်းဝင်းကို စစ်ဆေးပြီးပြီ။ ဘာမှု ထူးခြားတာမတွေ့ရဘူး။ ပြီးတော့ သူ့ကိုပြောနေတာကလပြည့်ကျော်လဆန်း(၇)ရက်နေ့ဆိုရင် ကောင်းကင်ကိုပါ ပျံတက်သွားလာနေတယ်လို့ ရပ်ရွာက လူတွေက "သေချာပေါက်" ပြောနေပြန်တယ်။ သူ့ကိုမေးတော့ သူကဒါတွေမမေးအပ်ပါဘူးလို့ ပြောတော့ လူတွေကပိုပြီး ယုံကြည်ကြပြန်တယ်။ ဒါနဲ့သူက ရှာနိုင်ကြတာက်နေတယ်လို့ သတင်းကြားရင် အသိပေးဖို့ပြောပြီး တစ်ရက်မှာတော့ အမှန်တကယ်ဖြစ်ရပ်ကိုတွေ့ရတာပဲ။ ကျွန်တော်က ဘုန်းကြီးကျောင်းအဝ ခြံဝင်းတံခါးနားမှာ မြေကြီးပေါ်ထိုင်ရင်းကြည့်နေတာ။ ည ၉နာရီလောက်မှာ သူ့ခြံဝင်းထဲက တပည့်တွေက ကြေးခေါင်းလောင်းတွေလှုပ်တဲ့အချိန်မှာ အဲဒီပုဂ္ဂိုလ်ဟာ ကြမ်းပြင်ပေါ်က ဖလက်မလောက်ကြွနေပြီဗျ။ မျက်စိနဲ့ကြည့်ရင်းကြည့်ရင်း ငါးမိနစ်၊ ဆယ်မိနစ်အတွင်းတဖြည်းဖြည်းနဲ့ တင်ပျဉ်ခွေပုတီးစိပ်မပျက်ဘဲ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

ကြက်အထိမြင့်တက်သွားတယ်။ ပြီးတော့ ဖြည်းဖြည်းချင်းပြန်ပြီးဆင်းလာတယ်။ စုစုပေါင်း ၁၀မိနစ်၊ ၁၅မိနစ်လောက်ကြာမယ်။ အပြင်ကလူတွေ ဝိုင်းကြည့်နေကြတာပေါ့။ မဆူရဘူး။ ကြေးခေါင်းလောင်းတွေတော့ လှုပ်နေတာပေါ့ဗျာ။ အတွင်းကိုတော့ ဝင်လို့မရဘူး။ ဒါပေမဲ့ ပေ၂၀ ပတ်လည်လောက်ရှိပြီး အုတ်ညှပ်နံရံနဲ့ ဆက်ထားတဲ့သိမ်ထဲမှာ မီးတွေ လင်းနေတာပဲ။ သေချာမြင်နေရတာပေါ့။ ပြီးတော့ အဆောက်အအုံထဲမှာ ဘာပစ္စည်းမျှ မရှိ ဘူး။ သမံတလင်းပေါ်မှာတရားထိုင်နိုင်အောင် ခင်းထားတဲ့လျှာထိုးဖျဉ်ပဲရှိတယ်။ နံရံမှာ မီးခလုတ်နဲ့ မီးကြိုးလိုင်းတွေပဲရှိတယ်။ ရွာကတော့ မီးမရှိပါဘူး။ အဲဒီပုဂ္ဂိုလ်ကပဲ မီးစက်လှူထားတာပါ။ ကျွန်တော်ကတော့ မျက်စိနဲ့မြင်ခဲ့ရပေမယ့် ရင်ထဲမှာသံသယ ရှိတာတော့အမှန်ပါပဲ။ မျက်လှည့်တွေမှာတော့ လူတစ်ယောက်လေထဲပေါ်လော မျောတယ်ဆိုတာ ကန့်လန့်ကာနောက်က သံချောင်းတစ်ချောင်းထွက်လာပြီး အဲဒီသံချောင်းပေါ်က အခင်းကလေးပေါ်မှာ လူကရှိနေတဲ့အခါ ကန့်လန့်ကာ နောက်ကဝန်ချီစက်နဲ့ မ,တင်လိုက်တာပါပဲ။ အဲဒီ မှော်ရုံထဲမှာတော့ ဘယ်က ဝန်ချီစက်Fork Lift မှ မရှိပါဘူးဗျာ"

ကျွန်ုပ်လည်း အတော်ပင်စဉ်းစားရကျပ်သဖြင့် –

"ဓာတ်ပုံကလေးဘာလေးများ ရိုက်ထားတာမရှိဘူးလား" ဟုမေးလိုက်လေ၏။ ဒေါက်တာရွှေမင်းအိမ်က –

"ဓာတ်ပုံရိုက်ခွင့်မပေးဘူးဗျ။ သူတို့ပြောတာတော့ အကျယ်တဝင့်ဖြစ်ပြီး လှုပရိသတ်များလာမှာစိုးလို့၊ လူများရင်တရားအားထုတ်ရတာ အနှောင့်အယှက်ဖြစ်လို့ဆိုပြီး ပြောတယ်။ တော်တော်နိုင်လုံတဲ့ ဆင်ခြေဖြစ်နေတယ်။ ဒီလိုရေပက်မဝင် ဒိုင်လုံနေတဲ့အတွက် ပိုပြီးအတွေးပိုရတာပေါ့ဗျ။ ဒါပေမဲ့ ကျွန်တော်ခိုးရိုက်လာပါတယ်" ဟုပြောပြီး သူ၏စားပွဲပေါ်မှ ခစ်ဂျစ်တယ်ကင်မရာယူ၍ ကွန်ပျူတာလက်ပ်တော့နှင့်ချိတ်ကာ ပုံများကိုပြသလေ၏။ မှော်ရုံမှာ အုတ်နံကပ်ကျောက်ပြား မျက်နှာကြက်၊ သွပ်မိုး လျှာထိုးခင်းဖြစ်ပြီး အတွင်း၌ မည်သည့်ပရိဘောဂပစ္စည်းမျှမရှိ။ တရားထိုင်ရာတွင် ခင်းသည့်တစ်ပေခွဲ



ပတ်လည်အခင်းကလေးတစ်ခုသာရှိပြီး အလင်းရောင်များ လုံလောက်စွာရှိ၍ ရှင်းလင်းစွာမြင်တွေ့နေရလေ၏။ ကျွန်ုပ်က–

"ဒေါက်တာရွှေမင်းအိမ်ရေ ကျုပ်ကတော့ မစဉ်းစားတတ်ဘူး။ ဒါပေမဲ့ အဖြေကတော့ ဟောဒီဓာတ်ပုံတွေထဲမှာ ရှိမယ်လို့ထင်တာပဲ" ဟုသာပြောလိုက်ရလေ၏။ ဒေါက်တာရွှေမင်းအိမ်လည်း ကျွန်ုပ်အားစကားမပြောတော့ဘဲ ဓာတ်ပုံများအား ၁၅မိနစ်ခန့်စူးစမ်းလေ့လာလျက်ရှိလေ၏။ ထို့နောက် ၁၅မိနစ်ခန့်တွေဝေမိန်းမောနေပြန်၏။ ကျွန်ုပ်မှာ ပွင့်လင်းစွာဝန်ခံရလျှင် အနည်းငယ် ငြီးငွေ့လာသည်ဖြစ်၍ အိပ်ငိုက်လာလေ၏။ ဒေါက်တာက သူ၏ Hand Phone ဖြင့် တစ်နေရာပြီးတစ်နေရာသို့ ဆက်သွယ်ပြန်၏။ ၎င်းနောက်–

"ကဲ ဆရာကောင်းကို မေးစမ်းကြည့်ပါရစေ။ သွယ်ဝိုက်မနေဘဲ တည့်တည့်ပဲမြေပါ။ အဲဒီပုဂ္ဂိုလ် လူမှာမည် ကိုသူရိန်ဆိုတာ လက်ရှိသိရှိသမျှ အချက်အလက်တွေအရ အမှန်တကယ်ပိုးပျံနိုင်တယ်ထင်သလား"

ကျွန်ုပ်က ပြုံးလိုက်ပြီး–

"တည့်တည့်ပဲဖြေမယ်။ အဲဒီလူပိုးပျံ ရှာန်ကြတယ်လို့ မယုံဘူးဗျာ"

"ကဲ ဒါဆိုရင် တစ်နေရာခရီးထွက်မယ်ဗျာ။ လိုက်မယ်မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်လိုက်လေ၏။

နောက်တစ်နေ့နံနက် ၆း၀၀နာရီတွင် ဒေါက်တာရွှေမင်းအိမ်၏ ဆလွန်းကားလေးဖြင့် မြန်မာနိုင်ငံမြေလတ်ပိုင်းရှိ မြို့ကလေးသို့ခရီးထွက်ခဲ့ကြလေ၏။ မောင်းနှင်ချိန်(၅း၀၀)နာရီခန့် ကြာသောအခါ ရောက်ရှိလေ၏။ ဒေါက်တာရွှေမင်းအိမ်က သူ၏သူငယ်ချင်းပန်းရှီးမ ကိုကိုကြီးဆိုသူနှင့် မိတ်ဆက်ပေးပြီး နေရာထိုင်ခင်းကိစ္စ စီစဉ်ရလေ၏။ ထို့နောက် တစ်ရေးတမောအိပ်စက်ပြီး ည(၇း၀၀)နာရီခန့်တွင် မြို့စွန်ရှိဘုန်းကြီးကျောင်းသို့ ထွက်လာကြလေ၏။ ဘုန်းကြီးကျောင်းမှာ ကျောင်းအိုကျောင်းဟောင်းကြီးဖြစ်၍ ယခုအခါ ပြုပြင်ရှင်းလင်းထားသဖြင့် အတော်အတန်သပ်ရပ်နေလေ၏။ ခြံဝင်း ကျောင်းဝင်းကြီးမှာ ပွဲဈေးခင်းတစ်ခုကဲ့သို့ရှိနေပြီး လှုပရိသတ် ကားကြီးကားငယ်များစွာလည်းရှိ၏။ ခြံဝင်းအတွင်းသို့ ခွင့်ပြုမှသာ ဝင်ခွင့်ရသဖြင့် ကျွန်ုပ်တို့မှာလည်း အ



www.burmeseclassic.com

www.burmeseclassic.com

ပြင်မှစောင့်ဆိုင်းနေရလေ၏။ ဝင်ရောက်ပြီးသောအခါ အသုတ်လိုက်ဝင်ရောက်၍ ကိုသူရိန်နှင့်တွေ့ကြရလေ၏။ မြဝင်းဝနှင့် ဓမ္မာရုံအဝတွင် လူ၂ဦးစီစောင့်နေပြီး အားလုံးဝတ်ဖြူစင်ကြယ်ဝတ်ထားလေ၏။ ကျွန်ုပ်တို့လည်း ရန်ကုန်မှလာခြင်းဖြစ်၍ ပုဂ္ဂိုလ်ထူးအား ကြည်ညိုခွင့်ပြုပါဟု ခွင့်ပန်ရလေ၏။ (၂)နာရီခန့်စောင့်ပြီးသောအခါ အလှည့်ကျ၍ ဝင်ရောက်သွားရလေ၏။ ခွင့်ပြုတွေ့ဆုံချိန်မှာ (၂)မိနစ်သာဖြစ်၏။ ကိုသူရိန်ဆိုသူမှာ အသားလတ်လတ်၊ နှုတ်ခမ်းမွေးပါးပါးဖြစ်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်၍ ပုတီးတစ်ကုံးလက်ထဲတွင်ကိုင်ထားလေ၏။ လှူဒါန်းမှုကို အဝင်ဝရှိကန်တော့ပွဲတွင်း၌သာ ထားခဲ့ရလေ၏။ ကန်တော့ပွဲမှာ ငွေများစွာပြင့်ပြည့်နှက်နေလေ၏။ ကျွန်ုပ်နှင့် ဒေါက်တာရွှေမင်းအိမ်မှာ ကိုသူရိန်ခေါ်ပုဂ္ဂိုလ်ထူး၏ ရှေ့တစ်လံကွာ၌ လျှာထိုးကြမ်းပြင်ပေါ်ကျုံ့ကျုံ့ထိုင်ရလေ၏။ ကိုသူရိန်က ပုတီးစိပ်နေရာမှ မျက်စိဖွင့်ကြည့်၍–

"မည်သူမဆို လာရာလမ်းကိုပြန်ကြရတာပဲ။ ကံသာလျှင်အဓိ ကိုးကွယ်ရာဖြစ်တယ်။ ရတနာသုံးပါးမမေ့နဲ့။ အနန္တော အနန္တငါးပါးဦးထိပ်ထား။ ရှစ်ပါးသီလမြဲကြ ကဲ ကဲ သွားကြ" ဟုပြောပြီး မျက်စိပြန်မှိတ်သွားလေ၏။ ကျွန်ုပ်တို့အား ၎င်း၏ တပည့်ကတိုးတိုးတိတ်စွာဖြင့်"ဆရာတို့အလှည့်ပြီးပါပြီ၊ ကြွပါခင်ဗျာ"ဟုပြော၍ ပြန်ထွက်ရလေ၏။ ထို့နောက် နောက်တစ်ဖွဲ့ဝင်ပြန်ပြီ။ ထိုသို့ တစ်မျိုးပြီးတစ်မျိုး ပြောပြန်၏။ ကျွန်ုပ်က"သူပြောတဲ့စကားမှာ သုံးရယ်၊ငါးရယ်၊ရှစ်ရယ် ပါတယ်။ လောင်းကစားသမားဆိုရင်ထိုးမှာပဲ" ဟု ပြောလိုက်ရာ ဒေါက်တာရွှေမင်းအိမ်က "သုံး၊ငါး၊ရှစ်၊ အရှုံးသမားဖြစ်ပေါ့ဗျာ"ဟု ပြောင်သလိုနောက်သလိုပြောလေ၏။ ည(၁၀ း ၀၀)ခန့်ရှိသောအခါ လူဝင်လူထွက်ပြတ်သလောက်ရှိပြီး မြဝင်းအပြင် မှာစောင့်နေသူ လူ၂ဝခန့်သာ ရှိတော့၏။ ည(၁၁ း ၀၀)နာရီခန့်တွင် ကြေးစည်သံ၊ခေါင်းလောင်းသံများ ပေါ်ထွက်လာ၍ကြည့်လိုက်ရာ ကိုသူရိန်မှာ ဓမ္မာရုံထဲ တွင် ကြမ်းပြင်အထက် ဟဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရလေ၏။ ကျွန်ုပ်မှာ လုံးဝအယုံအကြည်မရှိသော်လည်း မျက်စိဖြင့် ကိုယ်တိုင်ရှင်းရှင်း လင်းလင်း မြင်ရသောအခါ များစွာအံ့သြသွားလေ၏။ ဒေါက်တာရွှေမင်းအိမ်ကမူ –



"ဟုတ်ပြီဗျို့ ဟုတ်ပြီ။ ဆရာကောင်း ဘာသံကြားလဲဗျ"ဟု မေးလေ၏။ ထို့ကြောင့် –

"ကြေးစည်သံ၊ ခေါင်းလောင်းသံကြားတယ်လေ။ သူ့တပည့်တွေတီးနေကြတာမဟုတ်လား" ဟုဖြေရလေ၏။

"မဟုတ်ဘူး။ ဆရာကောင်းရဲ့။ နားထောင်ပါဦး"

ဒေါက်တာရွှေမင်းအိမ်၏ ပြောစကားကြောင့် နားစွင့်နေသော်လည်း 'အခြားဘာသံမှမကြားပါဘူး' ဟုသာ ပြန်၍အဖြေပေးရ၏။ ထိုစဉ် ဒေါက်တာရွှေမင်းအိမ်မှာ သူ၏အိတ်အတွင်းမှပစ္စည်းတစ်ခုခုကိုထုတ်၍ မီးစက်ရှိရာ မီးဖိုဘက်သို့ထွက်ခွာသွားလေ၏။ ထိုစဉ် မှောင်ရိပ်မှလူတစ်ယောက်ထွက်လာပြီး တားမြစ်ရာ ဒေါက်တာရွှေမင်းအိမ်က ရင်ဘတ်ကိုဆောင့်တွန်း၍ မီးစက်ရှိရာသို့ ပြေးထွက်သွားလေ၏။ ကျွန်ုပ်တို့လည်း ထိုသို့ဖြစ်နေသည်ကို ငေးမောနေစဉ် ဒေါက်တာရွှေမင်းအိမ်က 'ဆရာကောင်းရေ ဓမ္မာရုံထဲကို လက်နှိပ်ဓာတ်မီးထိုးထားစမ်းပါဗျ' ဟုအော်ပြော၍ ကျွန်ုပ်လည်းလက်ထဲရှိ အားကောင်းလှသော ဓာတ်မီးဖြင့် ဓမ္မာရုံထဲရှိ ကိုသူရိန်ဗျာန်ပျံနေသည့်နေရာသို့ ထိုးလိုက်လေ၏။ ထိုစဉ် မီးစက်နေရာမှ တဖြောင်းဖြောင်းအသံထွက်လာပြီး မြဝင်းတစ်ခုလုံး လျှပ်စစ်မီးများ ပြတ်တောက်သွားလေပြီ။ ကျွန်ုပ်ထိုးထားသော အားကောင်းလှသည့် ဓာတ်မီးအရောင်အောက်တွင် ဗျာန်ပျံနေသောကိုသူရိန်မှာ အရုပ်ကြိုးပြတ်ကျလာပြီး လျှာထိုးကြမ်းပြင်ပေါ်သို့ ဝမ်းလျားထိုး၍ လိမ့်သွားလေ၏။ မျက်နှာကြက်အမြင့်မှ ကြမ်းပြင်အထိ အမြင့်မှကျသည်ဖြစ်ရာ အတော်မင်ထိခိုက်သွားဟန်တူလေ၏။ ထိုစဉ် မီးစက်ပြန်နိုးလာသံကြားရပြီး လျှပ်စစ်မီးများပြန်၍ လင်းလက်လာ၏။ ဒေါက်တာရွှေမင်းအိမ်လည်း ဓမ္မာရုံအတွင်းဝင်လာပြီး ကျွန်ုပ်အား–

"ကိစ္စကတော့ရှင်းသွားပါပြီ ဆရာကောင်းရယ်" ဟုပြောလိုက်လေ၏။ ဒေါက်တာရွှေမင်းအိမ်၏ နောက်ဘက်မှရဲတပ်ဖွဲ့ဝတ်စုံနှင့် လူ ၂ ဦးပေါ်လာပြီး မျက်နှာကြက်အပေါက်အား အောက်ဘက်မှ ဝါးလုံးဖြင့် ထိုးဖွင့်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com

"ဟေ့ကောင် အပေါ်ကကောင် ဆင်းခဲ့စမ်း" ဟုအော်လိုက်ရာ မျက်နှာကြက်ပေါ်မှ ဝတ်ဖြူစင်ကြယ်နှင့် ကုပ်ချောင်းချောင်း လူတစ်ယောက်ဆင်းလာသဖြင့် ကျွန်ုပ်မှာ အံ့ဩသွားရပြန်လေ၏။ ထိုလူကို ဆွဲခေါ်သွားသောအခါ ကျွန်ုပ်က –

"ဘာတွေဖြစ်နေတာလဲဒေါက်တာ၊ ရှင်းပြစမ်းပါဦး" ဟုပြောလိုက်ရာ ဒေါက်တာရွှေမင်းအိမ်က "ဟောဒီမှာကြည့်" ဟုပြော၍ ကိုသူရိန်ထိုင်နေသောနေရာမှ အခင်းကလေးအား ဆွဲဖယ်လိုက်လေ၏။ အောက်တွင်လည်း မည်သည့်ပစ္စည်းမျှ မတွေ့သဖြင့် 'ဘာမျှမရှိပါလား ဒေါက်တာရဲ့' ဟုပြောလိုက်လေ၏။ ထိုအခါ ဒေါက်တာရွှေမင်းအိမ်က လျှပ်စစ်ကြမ်းခင်းများအားထိုးပြ၍ "သေချာကြည့်ပါ ဆရာကောင်းရယ်။ အဲဒီအကွက်ဟာ တစ်ပေခွဲပတ်လည်လောက် တိတိရိရိအဆက်နေရာတွေ ဖြစ်မနေဘူးလား။ ပြီးတော့ သံချက်တွေ မတွေ့ဘူး။ ဘယ်တွေ့မလဲ။ အောက်မှာသံပြားရှိပြီး သံပြားပေါ်မှာ လျှပ်စစ်ပျဉ်တစ်ပေခွဲပတ်လည်လောက်ကို ကော်နဲ့ကပ်ထားတာဗျ။ အဲဒီသံပြားပေါ်မှာ အခင်းခင်းပြီး ထိုင်တာဗျ။ ပြီးတော့ ဟောဒီနောက်ဘက်နံရံက မီးကြိုးကို ကြည့်စမ်းပါ။ P V C မီးကြိုးခွေကို ဖားနဲ့တိတိရိရိခွဲထားတာတွေ့မယ်။ ကျွန်တော်မှန်းဆတာ မှန်ရင် အဲဒီမီးကြိုးထဲမှာရှိတာ ဝါယာကြိုးကြေးနီနန်းကြိုးမဟုတ်ဘဲ လွန်းကျစ်ထားတဲ့ အလွန်ခိုင်တဲ့ သံမဏိကြိုးရှိလိမ့်မယ်ဗျ" ဟုပြောလေ၏။ ပြောပြောဆိုဆို ရင်းဓါးလက်ထဲမှ ပလာယာဖြင့် မီးကြိုးကို ဖြတ်လိုက်ရာ ရာဘာများသာ ကွာကျသွားပြီး ခေါင်လိုက်အပေါ် အောက်ဖြတ်ရာအတွင်းမှ ခဲတံလုံးခန့်ရှိ သံမဏိလွန်းကြိုး ထွက်ပေါ်လာလေ၏။ ဒေါက်တာရွှေမင်းအိမ်က–

"အဲဒီသံမဏိလွန်းကြိုးကို ပျဉ်ပြားအောက်ခံသံပြားနဲ့ အထိုင်ပြုလုပ်ထားတဲ့ ခွေမှာချိတ်ပြီး အပေါ်ကိုဆွဲတင်လိုက်တာပဲ။ ဆွဲတင်တဲ့ကြိုးကို ယိုင်ပြီးလွှဲနေအောင် ကွင်းကလေးတွေနဲ့ထိန်းပြီး နံရံမှာမြှုပ်ထားတဲ့ သံဒေါက်တွေနဲ့ ကန့်ပေးထားတယ်ဗျ။ အဲဒါတွေကို မမြင်နိုင်အောင် ရှေ့မှာမလိုအပ်တဲ့ဝါယာကြိုးတွေကို သုံးလေးချောင်းလောက်သွယ်ထားပြီး ကွယ်ပေးထားတာ။



လွန်းသံကြိုးကိုတော့ စက်သီးအသေးကလေးတွေပေါ်မှာတင်ပြီး ဆွဲတင်သွားတာပဲ"

"ဒါဆိုရင် သူကအပေါ်ကိုမြောက်ပါသွားတဲ့အခါ အောက်မှာအပေါက်ကြီးဖြစ်နေမှာပေါ့"

"မဖြစ်ပါဘူး ဆရာကောင်းရယ်။ အောက်ကလျှပ်စစ်အစစ်တွေကို စပရင်ခံပြီးခုပေးထားတာဗျ။ နှစ်ထပ်ဆိုတော့ အပေါ်တစ်ထပ်ပါသွားရင် အောက်ကတစ်ထပ်က အလိုလိုအပေါ်တက်ပြီး ပိတ်သွားမှာပေါ့"

"ဒီခန္ဓာကိုယ်တစ်ခုလုံးကို အပေါ်မြောက်ပါအောင် မျက်နှာကြက်ပေါ်က လူတစ်ယောက်တည်းနဲ့ ဆွဲတင်နိုင်ပါ့မလားဗျာ"

"ဆရာကောင်းလည်း အတွေးကောင်းပါတယ်။ မျက်နှာကြက်ပေါ်က လူတစ်ယောက်တည်းရဲ့အားနဲ့တော့ ပေါင်၁၂၀ ဝန်းကျင်ရှိတဲ့လူကို ဆွဲမတင်နိုင်ဘူး။ ဆွဲတင်တာကတော့ မော်တာနဲ့စက်သီး၊ မူလီနဲ့ဂီယာသွားတွေဆင်ပြီး လိုသလို အပေါ်ကအနေးအမြန် အတင်အချလုပ်သွားတာပါ။ မော်တာဆင်ဖို့ ကိုယ်တိုင်အဆောက်အအုံဆောက်မှ ရမယ်။ ဒါကြောင့် ဒီဓမ္မာရုံကလေးကို ပငှရင်းပြီး ဆောက်လိုက်တာပေါ့။ မျက်နှာကြက်ပေါ်မှ မော်တာအသေးတစ်လုံး ထိုင်ဖို့ကတော့ ကိုယ်တိုင်လုပ်ရမှာပေါ့ဗျာ။ မော်တာလုပ်ဖို့က မီးစက်လိုပြန်တယ်။ ဒီတော့ မီးစက်ဝယ်ရတာယ်။ မော်တာသံမကြားရအောင် တပည့်တွေက ခေါင်းလောင်းထိုး၊ ကြေးစည်ထုနေရတယ်ဗျာ။ ဒါကြောင့် ဆရာကောင်းတို့ ဘာသံမျှကြားမိသလဲလို့ သေချာအောင်မေးတာပါ"

"တော်တော်ထောင့်စေ့အောင် စီမံထားတာပဲ။ ကျုပ်ကလည်း ရှာနိုကြွနေတာကို အာရုံဝင်စားနေတော့ အသံကိုအာရုံမစိုက်မိဘူးဗျ။ ဒေါက်တာက မီးစက်ဘက်ကို ပလိုင်ယာကိုင်ပြီးပြေးသွားတော့ ဘာလုပ်ရမှန်းမသိဘူး။ မီးစက်ပိတ်လိုက်တာလား"

"ဟုတ်ပဗျာ။ မီးစက်ခလုတ်ရှာမရရင် မီးကြိုးကိုပလိုင်ယာနဲ့ ဖြတ်ချမယ်လို့စိတ်ကူးထားတာဗျ။ ရုတ်တရက်မီးပြတ်သွားတော့ မော်တာလည်းတာရပ်သွားတာပေါ့။ ကျွန်တော်က 'ဂီယာကို ဖရီးလုပ်လိုက်' လို့အောက်ကအော်ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တော့ မျက်နှာကြက်ပေါ်ကလှုလည်း ယောင်ယောင်မှားမှား ဂီယာကိုဖမ်း ရိုက်ချလိုက်တော့ စက်သီးက ကြိုးတွေပြေပြီး အောက်ကိုလျှောကျလာတာပဲ။ ဟန်ကျပန်ကျ တင်မျှဉ်ခွေပြီး ရှာနိုကြနေတဲ့သူရိန်လည်း ခွေးကျကျသွား တော့တာပဲဗျာ”

“ရှင်းပါပြီဗျာ။ ဒါပေမဲ့ အဲဒီလိုအတွေးစကို ဘယ်ကသဲလွန်စနဲ့ ကောက်ချက်ချနိုင်တာလဲဗျာ”

“ဆရာကောင်းပြောတဲ့စကားပေါ့။ အဖြေဟာ ဓာတ်ပုံထဲမှာရှိမယ်ဆိုတာလေ။ ဓာတ်ပုံတွေကို သေချာလေ့လာတော့ မသင်္ကာဖြစ်စရာက မီးကြိုးတွေပဲဗျ။ အခန်းထဲမှာ ဖန်ချောင်းတစ်ချောင်းသာထွန်းထားပြီး မီးကြိုးလိုင်းတွေက သုံးလေးလိုင်းဖြစ်နေတယ်။ ဒါနဲ့ ကွန်ပျူတာထဲမှာ ပုံကြီးချဲ့ကြည့်လိုက်တော့ မီးကြိုးတွေမှာ ခါးနဲ့တိတိရိရိခွဲထားတဲ့နေရာလေးတွေကို တစ်ခွန်းတစ်စ တွေ့ရတယ်။ ပြီးတော့ ကျွန်တော်က သူတောင်းစားဟန်ဆောင်ပြီး စောင့်ကြည့်ခဲ့တုန်းက သူ့တပည့်တွေကစက္ကူအမှိုက်တွေကို စနစ်တကျကိုယ်တိုင် ဖွန့်ပစ်တဲ့ အမှိုက်ကျင်းထဲမှာရှာကြည့်တော့ မော်တာရယ်၊ စက်သီးရယ်၊ သံကြိုးရယ် ဝယ်ထားတဲ့ဘောက်ချာတွေ့တယ်ဗျာ။ ဒါပေမဲ့ ခြံဝင်းတစ်ခုလုံးမှာ အဲဒီပစ္စည်းတွေ ဆင်ထားတာလုံးဝမတွေ့ဘူး။ ဒါဆိုရင် မမြင်သာတဲ့ မျက်နှာကြက်ပေါ်မှာ ရှိနိုင်တယ်လို့တွေးရင်း စဉ်းစားမိတာပဲ။ ဒါနဲ့ အဲ့ဒီ လျှပ်စစ်ပစ္စည်းဆိုင်ကို ဖုန်းဆက်မေးကြည့်တော့ ပုံပန်းသဏ္ဍာန်က သူရိန်ရဲ့ တပည့်တွေဖြစ်နေတယ်။ ဒါနဲ့ သူရိန်ရဲ့ဓာတ်ပုံကို FAXထိုးပြီး သက်ဆိုင်ရာကို ပို့လိုက်တော့ ဒီကောင်ကနယ်စပ်မှာ သိန်းတစ်ရာငါးဆယ်ဖိုးလောက် ရွှေဆိုင်ကို ဝင်ဖောက်သွားလို့ သံသယရှိတဲ့တရားခံပြေးဖြစ်နေတယ်။ ဖမ်းဆီးဖို့ကိစ္စတွေကတော့ ပန်းရိုးမကိုကိုကြီးကိုပဲ အကူအညီတောင်းပြီး စီစဉ်လိုက်ရတာပါပဲ”

“ရှင်းပါပြီရဲ့ဗျာ။ ဒါတွေကို ဘာလို့အစက ရှင်းမပြတာလဲဗျာ”

“ကိုကိုကြီးနဲ့တွေ့မှ သေချာသွားတာပါ။ သူကလည်း သူ့တပည့်တစ်ယောက်ကို ဘုန်းကြီးကျောင်းကဖွဲ့ယလို့ပြောပြီး ဓမ္မာရုံထဲဝင်ပြီး သန့်ရှင်းရေးလုပ်ရင်း။ ကြမ်းတိုက်ရင်းကောင်းကောင်းလေ့လာကြည့်နိုင်တာပါ။ ကျောင်းအို



ကြီးမှာ တစ်ပါးတည်းသီတင်းသုံးနေတဲ့ ကိုရင်ကြီးကတော့ ဘာမှမသိရှာဘူး။ လူရှုပ်ရှုပ်ဆိုရင်မနေတတ်လို့ ရွာထိပ်ကစေတီမှာ အမြဲတမ်းတရားထိုင်နေတော့ မသမာသူတွေက ပိုပြီးကြိုက်သွားတာပေါ့။ ဒီကောင်တွေက နည်းနည်းရင်းပြီး အမြီးကြီးကြတာဗျ။ လာပြီးသိန်းနဲ့ချီလှူကြတယ်ဆိုတာတွေကလည်း သူ့လူတွေချည်းပဲ။ ဟန်ပြလုပ်ပြီးချူပူတဲ့ သဘောပေါ့။ နာမည်မကြီးချင်ဘူးပြောပေမဲ့ စိတ်ထဲကတော့ မြန်မြန်ပူ မြန်မြန်ပြေးဖို့ကြံနေတာ။ ကံကောင်းလို့ပေါ့ဗျာ။ နောက်ပြီး သူတို့လွှင့်ပစ်တဲ့စက္ကူစုတ်တွေထဲမှာ ဆီစိမ်စက္ကူရယ်၊ ကလေးကစားစရာ ကောင်းကင်မှာပျံတဲ့ လေယာဉ်ပျံရုပ်တွေ့တယ်ဗျာ။ Remote Control နဲ့ ပျံတာပေါ့ဗျာ။ သူရိန်က လဆန်း လဆုတ်(၇)ရက်မှာ မိုးပျံတယ်ဆိုတာ အဲဒါပဲ။ လဆန်း၊ လဆုတ်(၇)ရက်မှာ လထွက်ရင်သိပ်ပြီးမလင်း။ သိပ်ပြီး မမှောင်တဲ့လရောင်ရှိတယ်ဗျ။ ဆီစိမ်စက္ကူမှာ သူရိန့်လိုဝတ်ဖြူစင်ကြယ်ဖြစ်အောင် စက္ကူအဖြူနဲ့လုပ်၊ အလေးချိန်ကပေါ့မှဖြစ်မှာလေ။ ပြီးတော့ အဲ့ဒီ လေယာဉ်ပျံကလေးမှာ နှီးကွင်းနဲ့ဆင်ပြီး အောက်ကထိန်း၊ ကောင်းကင်ပျံနိုင်း လိုက်တာပဲ။ လရောင်မှာ ရုတ်တရက် တစ်ပုံတစ်ယောက်လောက်ကမြင်သွားရင် နာမည်ပိုကြီး၊ ပိုပြီးထိပ်လို့ကောင်းတာပေါ့။ ဒီကောင်တွေက လိုသလောက် မရသေးလို့ မပြေးသေးတာဗျ။ မိုးကုတ်ကကျောက်သူဌေးအုပ်စုတစ်စုကို စောင့်နေတာ။ အဲ့ဒီအဖွဲ့လာရင် ဘာကြီးဆောက်မယ်၊ ဘယ်လိုလုပ်မယ်ဟန်ရေးပြပြီး ချူယူဖို့ကြံနေတာ။ သက်ဆိုင်ရာကလည်း စောင့်ကြည့်နေတာပါပဲ။ သက်သေ မစုံသေးလို့ပါ”

ကျွန်ုပ်လည်း ဒေါက်တာရွှေမင်းအိမ်ရှင်းပြသည့် အချက်များကို ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရလေ၏။ နောက်တစ်နေ့တွင် ပန်းရိုးမ ကိုကြီးအားနှုတ်ဆက်၍ ပြန်လာခဲ့ကြလေ၏။ ရန်ကုန်တွင်(၃)ရက် ကြာမျှ နားနေပြီး အဝေးပြေးကားဖြင့် မကွေးသို့ပြန်ရန် စီစဉ်ရလေ၏။ ဒေါက်တာ ရွှေမင်းအိမ်က ကားဂိတ်သို့လိုက်၍ ပို့ဆောင်ပေးလေ၏။ ကျွန်ုပ် ကားပေါ် တက်ခါနီးတွင် ဒေါက်တာရွှေမင်းအိမ်က လက်ကိုဆွဲ၍-



www.burmeseclassic.com

www.burmeseclassic.com

"ဆရာကောင်းရေ၊ မိုးမျှံ ရွာနိုကြွဆိုတာတွေက သိပ္ပံပညာသမားနဲ့ လူလိမ်တွေ၊ မျက်လှည့်ဆရာတွေရဲ့ ကိစ္စလို့တော့ မယူဆလိုက်ပါနဲ့ဗျာ။ အမှန် တကယ်လိုရာစေနိုင်တဲ့ သူတော်စင်တွေလည်းရှိပါတယ်"ဟု ပြောလေ၏။ ကျွန်ုပ်က–


"ခင်ဗျားကိုယ်တွေ့လား။ ဒါဆိုရင် ကျုပ်ကားပေါ်မတက်တော့ဘူး။ မြန် ဆင်းပြီးသွားကြရအောင်"ဟု ပြောလိုက်လေ၏။ ဒေါက်တာရွှေမင်းအိမ်က–

"ကိုယ်တွေ့ပေါ့ ဆရာကောင်းရယ်။ ဒါပေမဲ့ အခုသွားလို့တော့ မတွေ့ နိုင်ပါဘူး။ ဟောဒီဓာတ်ပုံကလေးကိုသာ ပူဇော်ဖို့ယူသွားပါ" ဟုပြော၍ သေ ချာစွာပလတ်စတစ်လောင်းထားသော ဓာတ်ပုံတစ်ပုံကို လက်ထဲသို့ထည့်လိုက် လေ၏။ ကျွန်ုပ်လည်း ဓာတ်ပုံကိုကြည့်လိုက်ရာ ကျွန်ုပ်ကောင်းစွာသိရှိသော သံဃာတော်တစ်ပါးဖြစ်လေ၏။ ကျွန်ုပ်လည်း ဓာတ်ပုံကိုရိုသေစွာ အိတ်အတွင်း သို့ သိမ်းဆည်းထည့်သွင်းလိုက်ပြီး–

"ဒါကတော့ သံသယမရှိယုံကြည်ပါတယ် ဒေါက်တာရယ်" ဟုပြော၍ အဝေးပြေးကားပေါ်သို့ တက်ရောက်နေရာယူလိုက်ပါတော့သည်။

ဩ ကောင်းသူ






www.burmeseclassic.com


www.burmeseclassic.com

ဆုပြည့်စုံထွန်းစာပေ




အမှတ် - ၅၀၀ / ၅၁၂ ( ၂ - ခ ) [illegible]
[illegible]

Quality Publishing House




ဒဂုန်ရွှေမျှား
နန်းလုညီနောင်

www.burmeseclassic.com

www.burmeseclassic.com



သမုတ် – ၅၀၀ / ၅၁၂ ( ၂၈ ) ရွှေပဲလမ်းမကြီး၊ ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

# ဝေမင်းဆိုင်

လက်ဖတင်နှစ်ဆံဖိတ်

နှင့်

# နတ်ဘုရားငါးမျက်လုံးတော်

စုံထောက်ဝတ္ထုကောင်းဖတ်လိုသူဝါသနာရှင်များအတွက်




www.burmeseclassic.com

www.burmeseclassic.com

# ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် စိတ်စမဆရာကြိုင်

မင်းတို့စက်ရေတွင်းတူးစက် မပေါ်ခင်
ကတည်းက ငါတို့မြန်မာက လက်နဲ့ပေါက်တူး
သံတူရွင်းနဲ့ မြေကြီးကိုတူးပြီး ရေချိုကိုရှာခဲ့တာကွ

စာဖတ်သူများသိတော်မူကြသည့်အတိုင်း ( )သချိုင်းမှာ ခေတ္တနားနေသီတင်းသုံးနေသည့် ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ ထူးဆန်းအံ့ဖွယ်ပညာရပ်များအကြောင်း ကျွန်ုပ်တို့အမျိုးမျိုးကလိ၍မေးရင်း စူးစမ်းရင်းမကြုံစဖူး သိခဲ့ရပြီးဖြစ်ပါသည်။

ပြောရလျှင် –

ရသေ့ကြီးကို စတွေ့တုန်းက လုံးဝကိုအထင်မကြီးခဲ့။

ကျွန်ုပ်တို့ ပညာတတ်သိပ္ပံသမားအုပ်စုက နိုင်ငံတကာကိုလှည့်၍ ခေတ်မီပညာရပ်များကို လေ့လာဆည်းပူးခဲ့ကြသူများဖြစ်၏။

သို့ဖြစ်၍ –

ပညာရှင်ပါမောက္ခကြီးများ၊ သုတေသီကြီးများ၊ ဒေါက်တာဘွဲ့ရသူများ၊ ကမ္ဘာကျော် သိပ္ပံပညာရှင်များနှင့် တွေ့ဆုံခဲ့ရဖူးရကား ယခုလို ကိုယ်လက်အင်္ဂါချို့ငဲ့ပြီး မသန်မစွမ်းဒုက္ခိတပုံပေါက်နေသည့်ရသေ့၊ အိုးမဲ့အိမ်မဲ့ကျောင်းမရှိ၊ ဒကာရင်းမရှိသော –

သင်္ကန်းတစ်ထည်စို၍ တစ်ထည်လဲစရာမရှိသော –

အရုပ်ဆိုးဆိုး ညစ်ညစ်ပေပေ သချိုင်းကုန်းမသတီစရာ လူလိမ်များ၊ မျက်လှည့်ပညာ မတောက်တခေါက်တတ်သည့် ပဉ္စလက်သမားဟု အထင်သေးခဲ့၏။



ရိုးသားရိုးအသူများကို လိမ်လည်လှည့်ဖြားပြီး လုပ်ကိုင်စားသောက် အယူအဆလွဲမှား၊ ယုံကြည်မှုတိမ်းစောင်းကုန်မှာကို မရှုစိမ့် မလိုလား၍ ကျွန်ုပ်တို့က ဖော်ထုတ်တွေ့ဆုံ စာရင်းရှင်းခဲ့ကြ၏။

သို့နှင့် ဘိုးတော် အတုများ၊ ပယောဂဆရာ လူလိမ်များ၊ ပျောက်ဆေးဆရာဆိုသူ ဥပဓိမှုင်မောင်းကောင်းများ၊ လက်လှည့်ပွဲလက်သုံး၍ ရှင်သီဝလီရုပ်တုရောင်းပြီး မြွေဆေးလိမ်ရောင်းသူများကို သန့်စင်နိုင်ခဲ့ကြ၏။

သို့သော် ကျွန်ုပ်တို့ သန့်စင်နှိမ်နင်းတောထုတ်သော ခြောက်၍မရသောသူတစ်ဦး ရှိလာခဲ့လေ၏။

ယင်း ပုဂ္ဂိုလ်ကား မျက်စိတစ်လုံးတည်းရှိသော၊ နဖူးမှာ အရှိုင့်ကြီးပါသော၊ နားရွက်ကားကား ရှည်လျားလျားနှစ်ဖက်ပါသော၊ ခြေတစ်ဖက်တို ခြေတစ်ဖက်ရှည်၊ လက်တစ်ဖက်တို လက်တစ်ဖက်ရှည် ဖြစ်နေသော ( ) သချိုင်းကုန်းမှ ပုံပျက်ပန်းပျက်ရသေ့ကြီးပဲ ဖြစ်လေ၏။

ဒီပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် တွေ့ဆုံပြီး ပညာပြိုင်ခန်းများကို ပညာရှင်ကြီးများရှေ့မှောက်မှာ လက်တွေ့စမ်းသပ်လိုက်သောအခါ ကျွန်ုပ်တို့ ပညာတတ်ရုပ်ဝါဒသမား၊ သိပ္ပံသမားများ ကိုယ်ကျိုးနည်းပြီး မျက်နှာမပြရဲလောက်အောင် အရှက်ထက်ခြမ်းကွဲခဲ့ရလေ၏။

ထိုအချိန်ကစ၍ –

ကိုယ့်လောက်မှ ပညာမတတ်သော၊ နိုင်ငံတကာသိပ္ပံနည်းပညာအတွေ့အကြုံမရှိသော၊ ဂန္ဓရလိုလို စိတ်နယ်လွန်ဖြစ်ရပ်ဆန်းကြယ် ပညာသည်လိုလို ပုဂ္ဂိုလ်များကို ရယ်မောလှောင်ပြောင်လေ့ရှိသူ ကျွန်ုပ်တို့အုပ်စုအား –

ထိုပုံပျက်ပန်းပျက်ရသေ့ကြီးက တွေ့လိုက်မြင်လိုက်သည်နှင့် လူတောမရောင် သူတောမရောင် ရယ်မောထေ့ငေါ့ လှောင်ပြောင်လေတော့သည်။

ပြောသမှ နစ်ဖြီးမတန်အောင်ကို ပြော၏။

သူ့ကို အစနဂိုက ဖွတ်ကျားအူကြောင်ကျားဟု အထင်သေးခဲ့၏။

နဖူးတွေ့ ဒူးတွေ့တွေ့ကြုံကြရသောအခါ သူက အင်္ဂလိပ်လိုမှတ်၏။

ဂျပန်လို ချဲ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုင်းဘာသာစကား၊ ဟိန္ဒူစတန်နီစကား၊ ကလေးယ်စကားများနှင့် ရောယှက်မဝင်အောင် ပြန်ဖြေသောအခါ –

ဤပုံပျက်ပန်းပျက် ရသေ့ကြီးသည် အရူးမဟုတ်ပါလား။ငါးပြားဆယ်ပြားမဟုတ်ပါလား။ လုပ်စားကိုင်စား အကြံအဖန်မဟုတ်ပါလား။

ကျွန်ုပ်တို့ဆက်တောင် မြန်မာအကြောင်း၊ ကမ္ဘာအကြောင်း၊ ဒေသန္တရ၊ ဘာသန္တရ၊ လောကီလောကုတ္တရာအကြောင်း ကောင်းကောင်း သိနေသူ ဆန်းသောပညာရှင်မှန်း တရိပ်ရိပ်သိလိုက်ရသောအခါ –

ကျွန်ုပ်တို့ ညှိုးပါပြီ၊ အရှုံးပေးပါပြီဟု ဝန်ခံရမှာရှက်၍သာ မသိချင်ယောင်ဆောင်ပြီး ခပ်ရိရိခပ်ထေ့ထေ့လုပ်၍ သူ့ပညာအတိမ်အနက်ကို နှိုက်ယူလေ့လာရသည့်ဘဝသို့ ရောက်ရှိသွားခဲ့ရလေသည်။

❀

ယခု ကျွန်ုပ်တို့မှာ အခက်အခဲတစ်ခုနှင့် ကြုံနေရသည်။ ဖြစ်ပုံကဒီလို။ စင်ကာပူနိုင်ငံမှာ သုံးနှစ်ကြာအလုပ်သွားလုပ်နေသည့် ကျွန်ုပ်တို့မိတ်ဆွေ ကိုသီရိအောင် တစ်ရေးတုန်းက ကျွန်ုပ်တို့ထံရောက်ချလာ၏။

နာမည်ကြီး ဟိုတယ်တစ်ခုမှာ ပျော်ပျော်ပါးပါးစားသောက်ပြီးနောက် ကိုသီရိအောင်က ထူးဆန်းသောစကားကို စ၍ပြောလေ၏။

"ကိုရှပ်နဲ့ ကိုဘေတု"

"ဗျာ ဗျာ"

"ဘာတုံး ကိုသီရိအောင်"

"ခင်ဗျားတို့အိပ်မက်ဆိုတာကို ယုံလားဗျာ ဟင်"

"အိပ်မက်"

"ဟုတ်တယ်"

"အိပ်မက်ဆိုတာ မယုံအပ်ပါဘူးဗျာ ကိုသီရိအောင်ရ"

"ဘာဖြစ်လို့"

"စိတ်ပညာရှင်အချို့၏ အဆိုအရ အစွဲအလမ်းရဲ့နောက်ဆက်တွဲကို ဒုတိယအကြိမ် ပြန်ပုံဖော်တာပါ။ တစ်နည်း စိတ်ကူးယဉ်တာကို ရုပ်လုံးဖော်



ကြည့်နေပြီး အဆုံးတော့လည်းအိပ်မက်က လန့်နိုးရော ပြီးပျောက်သွားတဲ့ စိတ်ကူးစိတ်သန်းတချို့ပါဗျာ။ ကျွန်တော်တို့ကတော့ အိပ်မက်ကို လုံးဝကို မယုံကြည်ဘူး"

"ကိုဘေတုကရောဗျာ"

"အင်း ကျွန်တော်တို့တွေ့ခဲ့ဖူးတဲ့ ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ ပြောချက်ကို ပြန်ပြောရရင်တော့ အိပ်မက်ဆိုတာ အတိတ်ရဲ့ဘဝပုံရိပ်မပြီးပြတ်လို့ အိပ်မက်နဲ့ လာဆက်ပြီး ဘဝကိုနွှယ်ကြည့်တာရှိသတဲ့"

"ဆက်ပြောဗျာ စိတ်ဝင်စားစရာပဲဗျ"

"တစ်ခါ နတ်ကောင်း၊ နတ်မြတ်များ၊ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များက ကံကောင်းချိန်ကိုရည်ရွယ်ပြီး အကျိုးကျေးဇူးပြုချင်လို့ အိပ်မက်ရှင်ကို အိပ်မက်နဲ့ လာသတိပေးတာပဲ"

"အင်း ပြီးတော့ရောဗျာ"

"ကိုရှပ်ပြောသလိုပဲပေါ့ဗျာ၊ မပြီးပြတ်သေးတဲ့ စိတ်ရဲ့ခံစားချက်ကို သူလိုချင်တဲ့ပုံစံဖြစ်ချင်လွန်းတာနဲ့ စိတ်ကူးရင်း အိပ်ပျော်ချိန်မှာ လက်တွေ့ဘဝရဲ့ မပြီးပြတ်သေးတာကို အိပ်မက်မှာလာဆက်တာပဲဗျာ။ ပြီးတော့လည်း ဘာမှဖြစ်မလာတာက များတာပါပဲဗျာ"

ဒီမှာ ကျွန်ုပ်ကဝင်ပြောလိုက်သည်။

"အိပ်မက်ကို ယုံကြည်လွန်းရင် ယုံကြည်လို့မရရင်တော့ နတ်ကတော်တို့ ဘိုးတော်တို့ ကောင်းစားဖို့ပဲဗျ။ သူတို့က အိပ်မက်ရှင်အထာကိုကြည့်ပြီး နိုးကြမှာကိုး။ ကောင်းတာလေးပုံကြီးရဲ့ ရှေ့ပြေးအဖြစ်ကိုပြောထားပြီး အစီအရင်လုပ်ရမယ် ဘာလှူရမယ်။ အစီရင်ခံရမယ်ဆိုပြီး ကိုင်လိုက်ရင် ဟုတ်မဟုတ်တာထားဗျာ အရင်ဦးဆုံး အဲဒီလူ့အိတ်ထဲက ငွေတော့ထွက် ပြီသာမှတ်"

"နေပါဦးကိုသီရိအောင်၊ ခင်ဗျားက ဘယ်လိုအိပ်မက်များ မြင်မက်နေလို့ လဲဗျ လုပ်ပါဦး အော့ အော့"

ကိုဘေတုက ယမကာခွက်ကိုကိုင်ရင်းမှ မေးလိုက်ပြန်၏။

"ဆန်းတော့ဆန်းနေလို့ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ။ ဆန်းပုံကို ပြောပါဦး"

"ဒီလိုဗျာ၊ ကျွန်တော်စင်ကာပူနိုင်ငံကပြန်ရောက်ပြီး မကြာခင်မှာ မြို့စွန်က ခြံကြီးတစ်ခြံကိုဝယ်လိုက်တယ်။ ခြံက ဂေါနစ်ဆယ်လောက်ကျယ်တယ်။ ခြံထဲမှာ ပြုံကျလုလုသစ်သားအိမ်အို ရှေးလက်ရာပန်းကနုတ်နဲ့ နှစ်ထပ်အိမ်ကြီး တစ်လုံးလည်းပါတယ် ကိုရွှေပရဲ့။ ခြံထဲမှာ သစ်ကြီးဝါးကြီး လည်းအများကြီးပဲ။ ရေတွင်းလည်းရှိတယ်။ စမ်းချောင်းတစ်ခုလည်း ခေါင်းရင်းမှာစီးပြီး မြစ်ထဲကို ဝင်သွားနေတယ်။ အဲဒါ ကျွန်တော်က သိန်းနှစ်ဆယ်နဲ့အိမ်ရှင်အဘိုးကြီးရဲ့ သားဆီကနေပြန်ဝယ်လိုက်တယ်။ သူ့သားက လောင်းကစားသမား၊ သေးသမား။ အမွေခံကတစ်ဦး တည်းမို့အကုန်ရသွားတယ်။ ဒီလူ့နာမည်က ကိုသိန်းလှမေတဲ့။ သူလည်းရတဲ့ငွေသိန်း နှစ်ဆယ်ကို လောင်းကစား၊ အပျော်အပါးနဲ့ဖြုန်းပစ်ရင်း မူးယစ်ဆေးအထိုးလွန်လို့ ဆုံးသွားပါပြီဗျာ။ ဖြစ်ပုံက အိပ်မက်ဗျ အိပ်မက်"

"အဲဒီအိပ်မက်ကို ပြောဗျာ၊ သိပ်မရစ်ပါနဲ့ကိုသီရိအောင်"

"အေးပါဗျာ ထုံးစံအတိုင်းပေါ့ဗျာ၊ ကျွန်တော်ကဒီခြံမှာ တိုက်အသစ်ဆောက်မယ်ဆိုပြီး စည်ပင်သာယာမှာ ဆောက်လုပ်ခွင့်တောင်းလို့ ပါမစ်လည်း ရပြီးရော ယာယီလုပ်ငန်းအိမ်ကလေးဆောက်ဖို့ အဲဒီအိမ်အိုကြီးဖျက်သိမ်းရေး ကိစ္စကို အလုပ်သမားတွေနဲ့ ဆွေးနွေးနေချိန် ညဘက်မှာ အိပ်မက်ဆန်းတစ်ခု မက်ခဲ့တယ်ဗျ"

"ဘယ်အချိန်လဲဗျ"

ကိုစာတုက ဝင်မေးလိုက်ပြန်သည်။ သူကား ပုံပျက်ပန်းပျက်ရသေ့ကြီးကို ကြည်ညိုလေးစားစပြုနေသူမို့ ရသေ့ကြီးရဲ့ 'အာ' များဝင်နေကာ အချိန်ကို မေးလိုက်သည်။

"သန်းခေါင်ယံအချိန်မှာဗျ အိပ်မက်ထဲမှာ အဘိုးကြီးတစ်ဦးဗျ အသက် (၇၀)လောက်ရှိတယ်။ ဦးခေါင်းအကြီးကြီးနဲ့ ကိုယ်လုံးကခပ်သေးသေးရယ်၊ သူက ကျွန်ုပ်ကိုပြောနေတာ"

"ဘာပြောလဲကိုယ့်လူရဲ့ လုပ်ပါ"



"ငါ့ကိုကယ်ပါတဲ့ ဒါနဲ့ကျွန်ုပ်က 'အဘိုးဘယ်သူလဲ' မေးတော့ ငါ့ကိုကယ်ပါပဲ ပြောပြီး ပျောက်သွားရော။ အဘိုးကြီးရဲ့ရုပ်က သနားစရာရုပ်ပါဗျာ။ ဒါပေမဲ့ သန့်သန့်ပြန့်ပြန့်ဝတ်စားထားတာ။ အဲဒါ အဲဒီအိပ်မက်ကို သုံးရက်ဆက်ပေးတယ်။ ဒီခေါင်းကြီးကြီးနဲ့ အဘိုးကြီးလဲ အိပ်မက်ထဲမှာ ကျွန်ုပ်ကိုနှိုးပြီး သူ့ကို ကယ်ပါ လို့ပဲထပ်ကာတလဲလဲ ပြောနေတယ်။ ဒါနဲ့ကျွန်ုပ်ကမေးရော၊ အဘိုးကို ကျွန်တော်ဘာကြောင့် ဘယ်လိုကယ်ရမလဲလို့ပြောတော့ သူကဘာပြောလဲသိလား။ ငါ့ကိုသာကယ်ပါ။ အိမ်ကိုမဖျက်ပါနဲ့ဦး။ ငါ့အတွက်လုပ်ပေးပြီးရင် မင်းချမ်းသာမှာ လူကလေးလို့ပြောပြီး မျက်ရည်စက်လက်နဲ့ ပြေးထွက်သွားပါရောကွာ။ သူ့လည်းကျုပ်မမြင်ဖူးဘူး။ ငါကသူ့ကို ဘယ်လိုကယ်ရမှာလဲ။ သူဘယ်မှာနေတာလဲဆိုတာလည်း ပြောမပြဘူး။ သူ့ကိုကျုပ်ကယ်ပြီးရင် ကျုပ် ထပ်ပြီးချမ်းသာဦးမှာလို့ အတိအကျပြောသွားတာ ကိုရွှေပနဲ့ကိုစာတုရ"

"အိပ်မက်မဟုတ်လားဗျ"

"သုံးရက်ဆက်တိုက် ဒီအတိုင်းမက်နေတာဗျ ကိုရွှေပရ"

"ပထမအိပ်မက်ကို စွဲလမ်းပြီးထပ်မက်နေတာပါဗျာ"

"ဒါပေမဲ့ ညတုန်းကအိပ်မက်က ပိုပြီးထူးဆန်းနေတယ်"

"ဟုတ်လား၊ လုပ်ပါဦး အိပ်မက်ရှင်ကြီးရယ်"

ကျွန်ုပ်ကားအသောက်များနေပြီမို့ မဆုံးနိုင်သေးသော ကိုသီရိအောင်ရဲ့ အိပ်မက်ကို ဝတ္ထုရေးအရဆက်ရန်ပြောလိုက်၏။

"ကျုပ်လည်း ခေတ်ပညာတတ်တစ်ဦးပါ ရွှေပရာ၊ အိပ်မက်ကို သိပ်အလေး အနက်မထားပါဘူး။ အိမ်ကိုအရင်ဖျက်ပြီးရှင်းလင်းဖို့ မိုးလင်းရင် အလုပ်သမားတွေလည်း ကြိုခေါ်ထားပြီးပြီ။ အဲဒီညမှာ ကျုပ်ကိုခေါင်းကြီးကြီးအဘိုးအိုက အိပ်မက်လာပေးပါရောကွာ"

"မင်း ငါ့ရဲ့မေတ္တာရပ်ခံချက်ကို အလေးမယူပါလားတဲ့။ ငါ့ဘဝက မင်းကို အားကိုးပြီး အခြားတစ်နေရာကို သွားချင်တာ။ အဲဒါ မင်းအတွက်အကျိုး မယုတ်ပါဘူးလို့ ပြောထားတဲ့ကြားက မင်းကငါ့စကားကို နားမထောင်ဘူးကိုး။ အဲဒီအတွက် နောင်တမရပါနဲ့လူကလေးလို့ပြောပြီး မျက်ရည်စက်လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်သွားရောဗျာ။ ဒါနဲ့မိုးလင်းလို့ အလုပ်သမားတွေရောက်လာပြီး နှစ်ထပ်အိမ်အိုကြီးကို အမိုးသွပ်ကစပြီးခွာရော၊ အလုပ်သမားတစ်ဦး အိမ်ခေါင် မိုးပေါ်က ပြုတ်ကျခြေကျိုးလို့ ဆေးရုံတင်လိုက်ပါရောဗျာ။ ကံကောင်းလို့ မသေတာရယ်၊ ငွေလည်းတော်တော်ကိုကုန်သွားပါရော။ အဲဒီအလုပ်သမားကို ဆေးရုံပို့နေချိန်မှာ ကျန်အလုပ်သမားတွေက သွပ်ပြားတွေကိုဆက်ခွာရော၊ သွပ်နဲ့သစ်သားထုပ်တန်း ဒိုင်းတန်းကြားကနေ အလွန်အဆိပ်ပြင်းတဲ့ ပုရွက်ဆိတ်အမည်းကောင်ကြီးတွေ မရေမတွက်နိုင်အောင် ထွက်ကိုက်ကြလို့ သူတို့ကို အရေးပေါ်ဆေးခန်း ပြကြရပြန်ပါရောဟ။ ဆရာဝန်ကပြောတယ်။ ဒီပုရွက်ဆိတ်ရဲ့ အဆိပ်ဟာ လူကိုတောင် အသက်အန္တရာယ်ရှိတယ်တဲ့။ အဲဒါ အလုပ်သမားတွေလည်း မလုပ်ကြတော့ဘူး။ စရန်ပြန်အမ်းပြီး ပြေးကုန်ကြပြီး နောက်လူငှားတော့လည်း အဲဒီအဆိပ်ပြင်းတဲ့ ပုရွက်ဆိတ်တွေသတင်းကြားပြီး လုပ်မယ့်လူငှားမရဖြစ်ပါရဲ့ဗျာ။ အဲ့ဒါ ကျုပ်ဘယ်လိုလုပ်ရမလဲဟင်၊ အကြံကောင်း ဉာဏ်ကောင်းလေးများ ပေးကြပါဦး သူငယ်ချင်းတို့ရာ''

ကျွန်ုပ်တို့ကား ဘာအကြံပေးရမှန်းမသိ။ လက်တွေ့ကျမှ ယုံချင်သော ကျွန်ုပ်သည် နောက်ဆုံး သူ့အိမ်ကိုသွားရောက်လေ့လာကြရန် ဆုံးဖြတ်၍ ကားနှင့် သုံးဦးသားထွက်လာခဲ့ကြသည်။

(၂) နာရီကျော်ကျော်ခန့် ကားမောင်းပြီးသောအခါ မြို့စွန်မှာရှိသော ကိုသီရိအောင်၏ ခြံကြီးသို့ရောက်ခဲ့၏။

ခြံအနီးမှာ မြစ်ကလေးရှိ၏။

လမှပင်တန်း ဒီရေတောအုပ်ရှိ၏။

သစ်အုပ်ဝါးအုပ်နှင့် ကြခတ်တောလည်းရှိ၏။

နေရာကား တစ်ဦးတည်းနေဖို့မလွယ်။ မိသားစု တပည့်တပန်းများနှင့်နေပြီး စက်မှုလုပ်ငန်းလုပ်ဖို့ မွေးမြူရေးလုပ်ငန်းလုပ်ဖို့ အလွန်သင့်လျော်သည့် နေရာမျိုးဖြစ်၏။



တစ်ဦးတည်းနေပါမှ မသမာသူတွေများ သတ်သွားလျှင်ပင် မည်သူမျှ သိလိုက်လိမ့်မည်မဟုတ်။

အနီးဝန်းကျင်က ခြံကြီးတွေလည်းသည့်နှယ်ရှိ၏။

ကျွန်ုပ်တို့သည် ရောက်သည်နှင့် အိမ်အိုကြီးအပေါ်ထပ်သို့ တက်ခဲ့ကြ၏။

''ပုရွက်ဆိတ်တွေက ဘယ်နေရာမှရှိတာလဲဗျ ကိုသီရိ''

''ဟောဟို ခေါင်တန်းပိုးစားတဲ့နေရာကနေ ထွက်တာဗျ''

''တုတ်နဲ့ထိုးကြည့်ရအောင်ဗျာ''

''မလုပ်နဲ့ကိုရွှေ အဆိပ်ပြင်းတယ်''

''စမ်းကြည့်ချင်လို့ပါ၊ သေချာအောင်လို့ပါ''

''ဒုက္ခရောက်ကုန်ပါမယ်ဗျာ''

''ခင်ဗျားတို့ အပြင်ခဏရှောင်နေစမ်းပါဗျာ''

ကျွန်ုပ်သည် ခေါင်ကိုထိသည့်ဝါးတုတ်ရှည်ကြီးကို ကိုင်လိုက်ပြီး ဦးစွာသွပ်မိုးများကို တုတ်များနှင့် ဆောင့်တွန်းပစ်လိုက်၏။ သွပ်ပြားများကား ဆွေးနေ၍ ချိုးကျိုးမြည်ပြီး ပေါက်လန်ကုန်၏။ ဒါနှင့်အတူ ဆွေးနေသောထုပ်တန်းတစ်ခုကို တုတ်များနှင့် အသာထိုးကြည့်လိုက်သောအခါ မည်းမည်းရှည်ရှည် အကောင်ကြီးများ အပေါ်မှအောက်ကြမ်းခင်းသို့ပြုတ်ကျလာပြီး ခြေသံကြားရာ ကျွန်ုပ်ဆီသို့ပြေးလာ၏။

ကျွန်ုပ်တုတ်ကိုခဏချပြီး မည်းမည်းရှည်ရှည်ဖင်ဗျားချွန်ချွန် ပုရွက်ဆိတ်ကြီးများကို ကြည့်နေစဉ် –

''ကိုရွှေ ခင်ဗျားဆီကိုလာနေပြီ''

''ဒီကိုလာခဲ့ပါဗျ။ အကိုက်ခံရရင်သက်သာမှာမဟုတ်ဘူး'' ဒီမှာ ကျွန်ုပ်က ရှူးဖိနပ်နှင့် ပြေးဝင်လာသည့်ပုရွက်ဆိတ်မည်းကြီးများကို နင်းခြေလိုက်သောအခါ ပုရွက်ဆိတ်ကြီးများက မာတင်းအကြောမာနေ၏။

အားစိုက်၍နင်းလိုက်မှ သုံးလေးကောင်ပြတ်ကြေ၍ သေသွား၏။

''အား လား''

''ဟ ဟ ဘာဖြစ်ပြီလဲဟေ့လူ''



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကိုယ်ပေါ်သို့ခေါင်တန်းပေါ်မှ ပုရွက်မည်းကြီးတစ်ကောင်ပြုတ်ကျလာသည်။ ပုရွက်ဆိတ်မည်းသည် လက်မောင်းမှာတွယ်ပြီး ကိုက်လိုက်ရကား မျက်လုံးများချက်ချားပြာဝေပြီး အဆိပ်များသည် ဘယ်လက်တံတောင်ဆစ်မှသည် လက်မောင်းရင်းချိုင်းကြားသို့ အလျင်အမြန်စီးဝင်လာရကား –

ကျွန်ုပ်သည် တစစ်စစ်ကိုက်ခဲနာကျင်လွန်းလှ၍ အပြင်ကိုပြေးထွက်လိုက်ရ၏။ ကြည့်နေဆဲမှာပင် လက်မောင်းကြီးချက်ချင်းရောင်ကိုင်းလာကာ မြှောက်၍မရတော့။

ကျောထဲမှာ စိမ့်ချမ်းလာပြီး မေးကြောများ လေးလံလာသည်။ မျက်စိမှုန်ချင်သလိုဖြစ်လာပြီး –

ဒီမှာ ကိုသိရိအောင်က ကိုခေတုနှင့်တွဲပြီး ကားပေါ်မှ ထိန်းတင် ဆေးခန်းသို့ကားကို အမြန်မောင်းခဲ့လိုက်ရ၏။ ဆေးခန်းရောက်သည်နှင့် အဆိပ်ဖြေဆေးကို ချက်ချင်းထိုးရပြီး –

ဆေးရည်တစ်မျိုးပါ ပုလင်းနှင့်ချိတ်၍ သွင်းခဲ့ရ၏။

ဝမ်းမည်းမည်းတချို့ပါ စအိုမှထွက်ခဲ့လေ၏။

ပြောရလျှင် ကျွန်ုပ်ကံကောင်းလို့ အသက်မသေခဲ့။

ဒီအကြောင်းအား ပုံပျက်ပန်းပျက်ရသေ့ကြီးကို ပြောပြလိုက်သောအခါ ပုံပျက်ပန်းပျက်ရသေ့ကြီးက ကျွန်ုပ်တို့မျက်နှာကို စိုက်ကြည့်ပြီး –

''ပွဲချင်းပြီး နေရာတင်သေဖို့ကောင်းသကွ''

''ဘာပြောတယ်ဗျ ရသေ့ကြီး''

''ဟ..ရှုပရ။ မင်းလိုပညာတတ်ပြီး ရှေ့နောက်မဆင်ခြင်တဲ့ လူ့ဖွတ်ကျားမျိုးရှိနေလည်း ကမ္ဘာကြီးဆန်ကုန်မြေလေးလှသကွာ။ မင်းနဲ့ စာရေးဆရာထောင်မှူးကြီးသိန်းဝင်းနဲ့ ဘာမှမထူးပါဘူးကွာ''

''ဦးသိန်းဝင်းက ဘာဖြစ်လို့လဲ''

''သင်းကလည်း တောထဲမှာပစ်ဖူးတော့ နို့စို့တောဝက်ကွ။ ပြောလိုက်ရင်ကိုးတောင်ကျားနဲ့ စိန်ပြေးတမ်းကစားပြီး နပန်းလုံးရတဲ့အတိုင်းပဲ။ တစ်ခါကလည်း ကံကောင်းလို့ မသေတာရယ်''

''ဘယ်လိုဖြစ်လို့လဲ ရသေ့ကြီးရ လုပ်ပါဦးဗျ''

''ရွာတစ်ရွာရောက်သွားတယ်။ အဲဒါ လေလုံး ကြီးကြီးဆိုတော့ ရွာသူကောက်စိုက်သမတွေရှေ့မှာ ကဏန်းကျင်းကဘယ်လို၊ ငါးရှဉ့်ကျင်းကဘယ်ချမ်းသာ၊ ငါးသံချိတ်တွင်းက ဘယ်လိုရှိတယ်နဲ့ပြောပြီး ကဏန်းကျင်းကိုလက်ညှိုးလက်မနဲ့ နှိုက်ဖမ်းသတဲ့လေ။ အဲဒါကဏန်းမရပဲ မြွေကိုက်ပါရောလား။ အဲဒါ အပမှီသလိုဖြစ်ပြီး ရွာထဲကိုဒယဉ့်တိုက် ဆွဲလာရတယ်။ တော်သေးတယ် မြွေက မြွေပွေးမြွေဟောက်မဟုတ်ဘူး ရေမြွေဖြစ်နေလို့။ အဲဒါ ဘုန်းကြီးရေမန်း တိုက်မှ ပျောက်သွားတယ်။ ဒါတောင်လုပ်သေးတယ်။ သူကမြွေကိုက်ရင် မသေဘူးတဲ့။ ဖြန်းဆိုလန့်သွားလို့ပါတဲ့။ အဲဒါ ရွာသူအပျိုကြီးတစ်ယောက်က အပြန်မှာသူ့လွယ်အိတ်ထဲ မြက်လျှောမြွေတစ်ကောင် ထည့်ပေးလိုက်တာ ကွမ်းယာထုပ်စမ်းရင်း ကိုင်မိရာက သတိလစ်သွားလို့ ဘရန်ဒီအမြန်တိုက်လိုက်မှ ငနဲသားအလန့်အတက်ကျသွားတယ်။ မင်းလည်း အဲ့ဒီလိုအစားပဲရှုပ။အဆိပ်ရှိသောသတ္တဝါဆိုတာ မထိမဲ့မြင်မလုပ်ရဘူးကွ။ ရော့ဒီဆေးကိုဆောင်ထား''

''ဒါ ဘာဆေးတုံးရသေ့ကြီးရာ။ တော်ကြာ မဟုတ်ကဟုတ်က''

''အမ်မာ တော့်းကများ လာသေးကွာ။ ဒါအဆိပ်ကျဆေးကိုယ့်လူ။ မြွေကြီးအရွက်ကို မြွေကြီးအစေးနဲ့ကြိတ်ပြီး လုံးထားတာ။ မြွေကိုက်ရင်တောင်တစ်နာရီခြား ရွေးကြီးတစ်ရွေးလုံးသောက်ရင် မြွေဆိပ်ပါကျရော''

''မြွေကြီးဆိုတာ ဘာလဲရသေ့ကြီး''

''မရိုးပင်ကို ပြောတာ။ မရိုးစေးက နွားနို့ကိုပါခဲစေနိုင်တယ်။ မရိုးမြစ်ကိုသွေးသောက်ရင် ပိုးနာပျောက်တယ်။ အသံကောင်းတယ်၊ သလိပ်ကိုပယ်ဖျောက်နိုင်တယ်။ မရိုးဆေးက ပိုးနာ၊ ဓမြင်းခံသည့်အနာ၊ နူနာ၊ မြင်းသရိုက်နာကိုပါ ပျောက်စေတယ်။ ကင်းကိုက်ရင် မြွေကြီးအမြစ်ကိုသွေးလိမ်း ချက်ချင်းအဆိပ်ကျရော။ သနားလို့ပေးတာ မင်းလိုကောင်သေသွားရင် ဝမ်းတောင်သာသေး။ ယူမလား မယူဘူးလား''





www.burmeseclassic.com

www.burmeseclassic.com

"ယူ ယူဖို့မယ်ဗျာ။ မသေချင်သေးပါဘူး"

"ဘာလို့ စောစောမသေချင်ရတာလဲကိုယ့်လူ"

"ဟို ဟို ရ ရသေ့ကြီးကို ဒုက္ခကြာရှည်ပေးချင်လို့"

ပုံပျက်ပန်းပျက်ရသေ့ကြီးရဲ့ အပိတ်စကားကြောင့် ကျွန်ုပ်တို့အားလုံး နာသာခံခက်ရယ်ပွဲဖွဲ့၍ ရယ်လိုက်လေသည်။

ဒီမှာပဲ ကိုသီရိအာဝ်က –

"ဘရသေ့ခင်ဗျား"

"ဘာတုံး မောင်ရင်"

"ဘရသေ့ကြီးအကြောင်း ဒီက ကိုရှပတို့ကိုဓာတုတို့ပြောပြလို့ သိရပြီး ပါပြီဘရသေ့ရယ်။ အခုဖြစ်နေတဲ့ ကျွန်တော့်ရဲ့အိပ်မက်ဆိုးနဲ့ ဖြစ်ရပ်ဆန်းများ ကို ကြည့်ရှုပြီး ရှင်းလင်းပေးလို့ရမလား ဘရသေ့ရယ် ဟင်"

ရသေ့ကြီးသည် ကျွန်ုပ်သူငယ်ချင်းပြောပြသည့် ဖြစ်ရပ်ဆန်းအိပ်မက်နှင့် နောက်ဆက်တွဲကြုံရမှုကို စဉ်းစားပြီး ဦးခေါင်းတညိတ်ညိတ်လုပ်နေ၏။

"ကူညီလို့ရမလား ဘရသေ့ ဟင်"

"ငါကူညီလို့ မရဘူးကွယ့်"

"ဗျာ"

"ဟင်"

ဒီမှာကျွန်ုပ်က ခွင်ကြုံ၍ဝင်ခွပ်ဟောက်လိုက်လေ၏။

"ဘရသေ့ကြီးပညာရပ်တွေက ဒါမျိုးကို မနိုင်ဘူး ဟုတ်လား"

"အချဉ်ပါ ရှပရာ"

"ပြောတာပဲ။ ဒါဆိုလိုက်ရှင်းပေးလေဗျာ"

"ငါပြားဆယ်ပြားကိစ္စမို့ပါကွ"

"ရသေ့ကြီးလည်း လေကြီးမိုးကြီးပါဗျာ။ အကြောင်းရှိရင် သုံးမရပါဘူး"

"ဒီမှာဟေ့ကောင် လူ့ကန့်လန့် လူ့တေုံး လူ့ဖွတ လူဆော်လော်၊ လူကန့် လန့်ရ။ ငါအရေးပေါ် ခရီးသွားစရာရှိနေလို့ မကူညီနိုင်တာကွ"



"ဘယ်သွားမှာလဲ။ ကြီးလေးကြီးအစည်းဝေးလား။ ဒါမှမဟုတ် ယေရှည်း စားနဲ့ သွားတွေ့မလို့လား ဟား ဟား ဟား ဟား ဟား"

"ဖွီး ရသေ့များကွာ၊ မင်းဟာလေ မသေခင်ကတည်းက ငရဲအိုးကိုကိုယ် လုံးတီး ကျမယ့်ကောင်ကွ လူ့ကန့်လန့်ရ။ ငါဘုရားထီးတော်တင်ပွဲသွားရမှာ မို့ပါ။ မပူပါနဲ့ကွာ၊ ငါ့ကိုယ်စား ငါ့တပည့်တစ်ယောက် ထည့်ပေးလိုက်ပါမယ်"

"ဘာဗျ ရသေ့ကြီးတပည့်ဟုတ်လား။ ဘာလဲစတ္တာလကြီး ဦးဖျဉ်းဆွဲကို ထည့်ပေးလိုက်မှာလား ပုံပျက်ပန်းပျက်ရသေ့ကြီးရ"

"ဟား ဟား ဟား ဟား"

"ဟီး ဟီး ဟီး ဟီး ဟီး ဟေ့ကောင် လူ့ကန့်လန့်။ စတ္တာလကြီးဖျဉ်း ဆွဲကလည်း ပညာမခေဘူးကိုယ့်လူ။ သို့သော် ဖျဉ်းဆွဲကတော့ မင်းအဆိပ် တက်ပြီး သေငယ်စောနဲ့ ပြောနေချိန်ရောက်မှ ပေါက်တူးထမ်းပြီး လာလိမ့်မယ် ကိုယ့်လူ စိတ်ချ ဟား ဟား ဟား ဟား"

"ဖွီး ကျက်သရေကိုမရှိပါဘူးဗျာ"

"ရသေ့ကြီးခင်ဗျာ"

"ဘာတုံး မောင်ဓာတုရဲ့"

"အခု ရသေ့ကြီးလွှတ်ကူညီနိုင်းမည့်သူ အမည်ကဘယ်လိုခေါ်ပါသလဲ ခင်ဗျာ"

"စိတ်စမ ဆရာကြိုင်တဲ့ကွ"

"စိတ်စမ ဆရာကြိုင်"

"အိမ်း"

"စွမ်းရဲ့လား ရသေ့ကြီးရာ"

"စွမ်းမစွမ်းသိချင်ရင် အခု မင်းတို့မြွေပွေးအကိုက်ခံနိုင်းပြမလို့"

"ဟင် သေမှာပေါ့ဗျ"

"သေတယ် မသေဘူး။ မင်းတို့ရှေ့မှာ ပြချင်လို့ပါ"

"သူက အဲဒီလောက်စွမ်းတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ကြာပါတယ်ကွာ၊ ဆရာကြိုင်ရေ ဆရာကြိုင်" ပြောရင်းမှ ပုံမျက်ပန်းပျက်ရသေ့ကြီးက တစ်နေရာကိုလှမ်းအသံပြုလိုက်သောအခါ –

"ဗျာ ဆရာရသေ့"

ကျွန်ုပ်တို့အသံကြားရာသို့ ဖြိုင်တူလှည့်ကြည့်လိုက်တယ်။ အသံသာကြားရပြီး လူကိုမမြင်ရ။

"ခဏထွက်ခဲ့ပါဦး ဆရာကြိုင်"

ဒီတော့မှ ခပ်လှမ်းလှမ်းရှိ အရိုးအိုးသင်္ချိုင်း မတ်တတ်ဂူဟောင်းတံခါးကိုဖွင့်၍ လူတစ်ဦးထွက်လာလေ၏။

မျက်မှန်အမည်းကြီးတပ်ထား၏။ ဘိုကေကိုသပ်သပ်ရပ်ရပ်ခွဲပြီးထား၏။ ကိုယ်လုံးကိုယ်ထည်က ခပ်သွယ်သွယ်၊ ရုပ်အင်္ကျီယောဂီရောင် လက်ရှည်တိုကိုယောဂီရောင်ပုဆိုးအကွက်ခံနှင့် တွဲ၍ဝတ်ထား၏။ ရုပ်ရည်ကား ပုံမျက်ပန်းပျက်ရသေ့ကြီးလိုမဟုတ်။ မျက်နှာသန့်၏။ အသက်(၄၀)ကျော်ခန့်ရှိသည်ဟု ယူဆရ၏။

သူသည်မျက်မမြင်များ လမ်းလျှောက်လျှင်ကိုင်လေ့ရှိသော မျက်မမြင်လမ်းလျှောက်တုတ်ကိုကိုင်တွယ်ပြီး ကျွန်ုပ်တို့ရှိရာသို့ လမ်းလျှောက်လာနေ၏။

"ရသေ့ကြီး"

"ဘာတုံးဟ၊ ခေါ်လိုက်တာ နားကိုငြီးနေတာပဲ ချီး"

"သူ သူ မျက်စိ မ မ မြင်ဘူးလားဟင်"

"မမြင်ဘူးကွ"

"ခုကွပါပဲဗျာ၊ ကျုပ်တို့ဆီကို ဒီမျက်မမြင်ခုက္ခိတ ထည့်လိုက်မှာလားဟင်"

"ဆိုပါစို့ကွာ"

"ပိုဆိုးလိမ့်မယ်နဲ့တူရဲ့ ကိုရှုပရေ"

"ဘုရား ဘုရား ဘယ်လိုများ ခုကွပေးဦးမယ့် ပုံမျက်ပန်းပျက်ရသေ့ကြီးလဲ မသိပါဘူးဗျာ"

ဒီမှာ မျက်မမြင်ကြီး စိတ်စမဆရာကြိုင်ကိုဆိုသူသည် ကျွန်ုပ်တို့ရှေ့မှာ လာရောက်ရပ်ပြီး ကျွန်ုပ်တို့အသံများကို နားစွင့်နေ၏။



"ဆရာကြိုင်"

"ခင်ဗျာ ဘရသေ့"

"ဘရသေ့ ဒီနေ့မအားလို့ တစ်ခုကူညီပါဆရာကြိုင်"

"အမိန့်ရှိပါခင်ဗျာ"

"သူတို့ကိစ္စကို အဆင်ပြေအောင် ရှင်းပေးလိုက်ပါတပည့်"

"ဟုတ်ကဲ့ ဘရသေ့ခင်ဗျာ၊ အဟမ်း ဒီမှာကာယကံရှင်က ဘယ်သူပါလဲခင်ဗျာ"

စိတ်စမဆရာကြိုင်ဆိုသူကား အလွန်အသံကြည်ဖြစ်ရှိနေ၏။ မျက်မှန်အောက်မှ မျက်နှာပြင်ကိုကြည့်ခြင်းအားဖြင့် သူသည်လူချောတစ်ဦးဖြစ်မှန်းသိသာ၏။

"ကျွန်တော်ပါ ခင်ဗျာ"

ကိုသီရိအောင်က အသံပြုလိုက်သည်။

"ကျုပ်အနီးကို ခဏလောက်လာရပ်ပါလားခင်ဗျာ"

ကိုသီရိအောင်က စိတ်စမဆရာကြိုင်ရှေ့မှာ ရပ်လိုက်ပြန်၏။

"နာမည်ဘယ်လိုခေါ်ပါသလဲ"

"ကိုသီရိအောင်ပါခင်ဗျာ"

"ခင်ဗျားလက် ကျုပ်ကိုကမ်းလိုက်ပါလား" ကိုသီရိအောင်က သူ့ညာလက်ကို ဆရာကြိုင်ရှေ့သို့ ကမ်းလှမ်းပေးလိုက်သောအခါ ဆရာကြိုင်က ကိုသီရိအောင်လက်ကို သူ့ညာဘက်နှင့်လှမ်းကိုင်ပြီး –

"ကိုသီရိအောင်"

"ခင်ဗျာ"

"ခင်ဗျားအရ ခြကျယ်ကြီးတစ်ခြကိုဝယ်ထားတယ်"

"ဟုတ်ကဲ့ ခင်ဗျ"

"အိမ်ဆောက်မလို့လုပ်နေတယ်"

"မှန်ပါတယ် ခင်ဗျာ"

"ခင်ဗျားဆီကို အဘိုးကြီးတစ်ယောက်လာတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုပုံသဏ္ဍာန်ပါလဲ ဆရာ"

ကိုသီရိအောင်က သူ့လက်ကိုကိုင်ပြီး အတာ်သေချာအောင် မေးဒင်ဟော သလိုအတိအကျပြောနေသည့် စိတ်စမဆရာကြိုင်ဆိုသူကို အံ့ဩသလိုကြည့်ပြီး ပြန်မေးလိုက်သည်။

"ခေါင်းကြီးကြီးနဲ့လူကြီး"

"ဗျာ"

"ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ခင်ဗျ"

ကိုသီရိအောင်သာမက ကျွန်ုပ်တို့ပါအံ့ဩနေ၏။ ဒီအကြောင်းရသေ့ကြီး ကိုလည်း စောစောကပြောခဲ့ဖူး၏။ ဒီစကားကို စိတ်စမဆရာကြိုင်မကြားနိုင်။ သို့သော် သူပြောဆိုနေပုံက ဖြစ်စဉ်နှင့်တထပ်တည်း။

"သူက အကာယ်တင်ခံချင်နေတာ"

"ဗျာ"

"ခင်ဗျား ဘာကြောင့် သူ့ကိုမကာယ်ခဲ့တာလည်း ကိုသီရိအောင်"

"သူ သူက အိပ်မက်ပဲပေးပြောတာကိုး။ ဆရာ။ လူကို ကျွန်တော်မှ မမြင်ဖူးတာဥစ္စာ"

"ခင်ဗျား သူ့ကိုဘယ်တော့မှ အမြင်မှာမြင်ခွင့်ရမှာ မဟုတ်ဘူးလေ"

"ဘာ ဘာဖြစ်လို့။ ဘာဖြစ်လို့လဲဟင်"

"သူက မကျွတ်မလွတ်တဲ့ဘဝကို ရောက်နေတဲ့ပရလောကသားဥစ္စာ"

"ဗျာ"

"သူ့ကို ကယ်လိုက်ကူညီလိုက်ရင် ခင်ဗျားချမ်းသာဦးမှာ"

"ဆ ဆရာ အဲ့ဒီအိပ်မက်ထဲက ခေါင်းကြီးကြီးနဲ့လူကြီးကလည်း ခု ဆရာပြောတဲ့အတိုင်း သုံးရက်လာပြောပါတယ်ခင်ဗျာ"

"အခု ခင်ဗျားက သူဖြစ်တာကိုမကူညီဘဲ ကိုယ်လုပ်ချင်တာကို အရင်လုပ် တော့ အဲ့ဒီအိမ်မှာရှိနေတဲ့ မကျွတ်မလွတ်တဲ့လူက ခင်ဗျားကိုအနှောင့်အယှက် ပေးပြီး စိတ်ညစ်အောင်လုပ်နေတာ"



ဆ ဆရာ ဒါ ဒါဆို ဆရာ အခုကျွန်တော်တို့နဲ့လိုက်ခဲ့ပြီး အဲဒီကိစ္စကို ဖြေရှင်းပေးပါဆရာရယ်။ ကျွန်တော်တို့ကလည်း ပရလောကတို့ မကျွတ်မ လွတ်တာတို့အကြောင်းကို လုံးဝနားမလည်ပါဘူးခင်ဗျား။ ဘယ်လိုလုပ်ပေးရင် အားလုံးကိစ္စပြီးမယ်ဆိုတာ ဆရာပဲလိုက်ကြည့်ပြီး လိုအပ်သလိုစီစဉ်ဆောင် ရွက်ပေးပါ ဆရာရယ်"

"ကိုင်း ဒါဆို ခုပဲသွားကြဦးဗျာ"

စိတ်စမဆရာကြိုင်ဆိုသူ ထူးဆန်းသောမျက်မမြင်လူကြီးနှင့် ကျွန်ုပ်တို့ သုံးယောက် အိမ်ခြံဝင်းထဲသို့ ဝင်လိုက်သောအခါ -

ဦးရွှာ -

သစ်ပင်ပေါ်ရှိ ကျီးကန်းများထပျံအော်ဟစ်ပြီး ကောင်းကင်မှာဝဲပျံလူးလာ လုပ်နေသည်ကို မြင်လိုက်ရ၏။

အိမ်ပေါ်သို့ တက်လိုက်တော့ -

အရပ်လေးမျက်နှာမှ အိမ်မြှောင်စုတ်ထိုးသံများ ဆက်တိုက်ကြားရ၏။ ပြီး အိမ်ရှေ့ညောင်ပင်မှ တောက်တဲ့ကိုးကြိမ်အော်လေ၏။

ဆရာကြိုင်ကား ရင်းအသံများကိုကြားသော် ပြုံးလေ၏။ ပြီးနောက် အိမ်အပေါ်ထပ်သို့တက်၏။ အရပ်လေးမျက်နှာကို မမြင်ရသောမျက်စိအစုံနှင့် လှည့်ကြည့်ပြီး အနံ့ခံသလိုလုပ်နေ၏။

အပုပ်ရနံ့တစ်ခု ပေါ်လာ၏။

လူသေကောင်ပုပ်စော်နံ့။ အနံ့ချင်၍ နောက်ဆုံးအနံ့ချလိုက်ရ၏။ ဒီမှာ အိမ်ပေါ်သွပ်ပြားပေါ်မှ ကြွက်များ။ ကြောင်များပြေးသလို အသံများကြားရပြန် ၏။

ဒါနှင့်အတူ သွပ်ပြားအစေ့များ အောက်သို့ကျလာ၏။ အချို့ကို ဆရာ ကြိုင်ကလက်ဝါးဖြန့်လှမ်းဖမ်းပြီး အာရုံခံကြည့်နေ၏။

"ကိုင်း ဦးခေါင်းကြီး။ ခင်ဗျားကိုဟောဒီလူ ကိုသီရိအောင်က ဘဝကူး ကောင်းအောင် ခင်ဗျားအိမ်မက်ပေးတောင်းဆိုတဲ့အတိုင်း လုပ်ပေးပါ့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်စားကျုပ်ကတိပေးတယ်။ ဒါကို ခင်ဗျားလက်ခံရင် သိသိသာသာ သက်သေပြပါ ကိုင်း''

ဒီလို ဆရာကြိုင်က အော်ပြီးပြောလိုက်ရာ သွပ်ပြားကြီးတွေပေါ်ကနေ လမ်းလျှောက်သွားသလိုမျိုး အသံကြားရပြီး -

ခေါင်ထုပ်တန်းပေါ်ကနေ အမည်းရောင်ပုရွက်ဆိတ်ကြီးများ အောက်ကို ပြုတ်ကျလာကြပါရော့ဗျာ။

''ဆရာကြိုင် ပြေး ပြေး''

''ဆရာကြိုင် အဲ့ဒီကောင်တွေက အဆိပ်ပြင်းတယ်။ ပြေး ပြေးပါ''

''နေပါ လာဟေ့ ရှောင်ကြစို့''

ပြောမရသည့်အဆုံး ကျွန်ုပ်တို့နောက်ကိုဆုတ်လိုက်ကြစဉ် အဆိပ်ပြင်းသောပုရွက်မည်းကြီးသည့် စိတ်စမဆရာကြိုင်ခြေထောက်မှသည် သူ့ကိုယ်အဝတ်အစားများပေါ်သို့ ပြေးတက်ကုန်ကြ၏။

ဆရာကြိုင်ကား လုံးဝနေရာမှမရွေ့။

ကျောက်ရုပ်တစ်ရုပ်လို ပေ၍ရပ်နေ၏။

သူ့ကိုယ်ပေါ်မှ ပုရွက်မည်းကြီးများသည် ဟိုပြေးသည်ပြေးပြေးနေ၏။ လက်ပေါ်ကိုတက်နေ၏။ မျက်နှာပေါ်တက်နေ၏။ ခေါင်းပေါ်ရောက်နေ၏။ ဆရာကြိုင်ကလက်ဝါးဖြန့်လိုက်သော် လက်ဝါးပေါ်သို့အကောင်ငါးဆယ်ခန့် တက်လာပြီး ကိုက်သလိုလုပ်နေရကား ဆရာကြိုင်သေမှာပဲဟု ယူဆနေသည်။

''သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ ဤခြံမြေပရိက်အတွင်းရှိ ပုဂ္ဂိုလ်များ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ မင်းတို့ကိုငါမသတ်ပါ။ ရန်မပြုပါ။ ယခုအချိန်ကစပြီး ဤအိမ်ခြံနှင့်ဝေးရာအရပ်သို့ ထွက်သွားကြပြီး အခြားလူ သတ္တဝါများကို ရန်မပြုမှဘဲ ကိုယ့်ဝမ်းကိုယ်ရှာစားကြပါ။ အားလုံး ကျွန်ုပ်ထိန်းထားသောသစ္စာ၊ ကုသိုလ်အဖို့ဘာဂတို့အား အမျှပေးဝေပါ၏။ အမျှ အမျှ အမျှ'' ထိုကဲ့သို့ပြောလိုက်သည်နှင့် မကြာခင်မှာပင် ဆရာကြိုင်၏ကိုယ်ပေါ်မှ များစွာသော အဆိပ်ပြင်းပုရွက်မည်းကြီးများသည် ကိုယ်ပေါ်မှ ဆွာဆင်း



ပြီး အိမ်အောက်ရှိရာသို့ တန်းစီထွက်သွားကြသည်ကို ကျွန်ုပ်တို့ထူးဆန်းစွာ မြင်လိုက်ရလေသည်။

''ကိုသီရိအောင်''

''ခင်ဗျား ဆရာကြိုင်''

''နက်ဖြန်ခါမိုးလင်းရင် ရဟန်းသံဃာသက်ကြီးငါးပါး ဒီအိမ်ကိုပင့်ဗျာ''

''ဘာလုပ်ဖို့လဲဆရာ''

''သင်္ကန်းဝယ်၊ ဆွမ်းကပ်၊ သိမ်ကျောင်းဆောက်ဖို့ ငွေလှူပါ။ အဲဒီကုသိုလ်ဟာ တစ်ချိန်ကကွယ်လွန်သွားခဲ့သူ ဟောဒီအိမ်ရှင် ခေါင်းကြီးကြီး မကျွတ်မလွတ်ပရသားကိုရည်စူးပြီး သူဘဝကူးကောင်းဖို့ ရည်စူးတဲ့အလှူဖြစ်တယ်။ အဲဒါ လုပ်ပြီးရင်ဟောဒီနေရာကို ခင်ဗျားတူးရမယ်''

''ဘယ်နေရာလည်း ဆရာ''

''ဥရှုတိုင်အောက် တည့်တည့်ပဲ''

''ဘာရှိလို့လဲဆရာ ဟင်''

''တစ်ခုခုကိုတွေ့ကို တွေ့ရမယ်ဗျာ ကျုပ်မြင်နေရတယ်''

''ဆရာ ဘယ်လိုမြင်လို့လည်းခင်ဗျ''

''ဒါက ကျုပ်ရဲ့စိတ်သမာဓိ ပညာကျင့်စဉ်ကြောင့်ပါ။ ခင်ဗျားကတိတစ်ခု ထပ်ပေးရ မယ်။ ကိုသီရိအောင်''

''ဘာကတိလဲ ဆရာရယ်''

''ဘာပစ္စည်းတွေ့တွေ့ အဲဒီပစ္စည်းရဲ့မူလပိုင်ရှင်က ခင်ဗျားမဟုတ်ဘူး။ မူလပိုင်ရှင်က ကွယ်လွန်သူဒီအိမ်ကြီးရှင် ဦးခေါင်းကြီးပဲဗျ။ သူကခင်ဗျားကို ချဉ်းကပ်ပြီး အကူအညီတောင်းလို့ ခင်ဗျားရဲ့အကျိုးကို ဖြည့်ဆည်းနေတာ။ ဒါကိုခင်ဗျားတို့က နားမလည်တော့ အလွဲလွဲအချော်ချော်တွေဖြစ်ရတာကိုး။ အဆုံးပြောရရင် အိမ်ဖျက်ပြီးလို့ အဲဒီနေရာကပစ္စည်းတစ်စုံတစ်ရာရခဲ့ရင် ပစ္စည်းတစ်ဝက်ကို မူလပိုင်ရှင် ကွယ်လွန်သူဘဝကူးပိုကောင်းဖို့ မှတ်မှတ်ရရ ဒါနတစ်ခုလုပ်ပေးပါ့မယ်ဆိုတဲ့ကတိပဲ ဘယ့်နှယ့်''



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ပါတယ်ဆရာ၊ ကျွန်တော့်အိတ်က စိုက်ရတာမှမဟုတ်တာ။ ဆရာ ပြောသလိုရရင် ထိုက်ထိုက်တန်တန်လုပ်ပေးပါမယ်ဆရာ။ ဒါပေမဲ့ ဘာမျှ မရရင်တော့"

"မလုပ်ပေးနဲ့ ရတယ်။ ကိုင်း ကျုပ်ကို ရသေ့ရှိရာသချိုင်းပြန်ပို့ပေးပါဗျာ။ မနက်ဖြန်လုပ်ပေးလိုက်ပါ ကိုသီရိအောင်"

"စိတ်ချပါဆရာ"

ကျွန်ုပ် ထိုသူ (စိတ်စမ ဆရာကြိုင်) ဆိုသူအား မှလာနေရာသို့ပြန်ပို့ပေးပြီး ဗီဆွမ်းကပ်သည့်ကိစ္စကို ဘာမျှမလုပ်တတ်၍ ခြိမ်းနားချင်းဖြစ်သည့် ဘကြီး ဦးမီးခြစ်ဆိုသူအား အကူအညီတောင်းရတော့၏။

ဦးမီးခြစ်ဆိုသူ ဘကြီးကလည်း ဗုဒ္ဓဘာသာဝင်ရှေးလူကြီးပီပီ အကုန်စီစဉ် ဆောင်ရွက်ပေး၏။

သူစီစဉ်ဆောင်ရွက်ပေးမှုဖြင့် မိုးလင်းသောအခါ သံဃာတော်ငါးပါးကို ဆွမ်းကပ်သည်။ ပရိတ္တရာများကာပ်၍ ဘကြီးဦးမီးခြစ်ကပဲ ကွယ်လွန်သူ မူလ ပိုင်ရှင်ဦးခေါင်းကြီး (ခေါ်) ဦးစိန်ကုလားဆိုသူ ဝိညာဉ်အားခေါ်ဆိုပြောဆို၍ တရားနာရန်ဖိတ်လေ၏။

တရားနာကြပြီး ရေစက်ချအမျှပေးဝေလိုက်လေ၏။

သို့နှင့် ပထမပိုင်းကိစ္စပြီးစီးလေ၏။

ညဘက်မှာ ဘာအိပ်မက်မျှမမက်ခဲ့။ ထူးခြားသည်ကား အိမ်ခေါင်မိုးပေါ် မှ ပုရွက်မည်းများ လုံးဝကျမလာခြင်းပဲဖြစ်သည်။

သည့်နောက် –

အိမ်ဖျက်ရန် လက်သမားအသစ်များကို ရှေးကြီးပေး၍ခေါ်ရ၏။ ၎င်း လက်သမားများ အိမ်အိုကြီးကို ဖျက်ကြသောအခါ ကံကောင်းလှပေသည်။

အဆိပ်ပြင်းသော ပုရွက်မည်းကောင်ကြီးများ အိမ်ခေါင်သစ်သားခွေး ကြားမှ တစ်ကောင်မျှမရှိတော့။ အံ့ဖွယ်ကောင်းလေစွ။ ဘယ်အရပ် ဘယ်ဒေသ သို့ ပြောင်းရွှေ့သွားကြသည်မသိ။

ဒီလိုနှင့် အိမ်အိုကြီးကို နှစ်ရက်နှင့်အပြီးဖျက်ပြီးနောက် အုတ်တိုင်အတွက်



ဖောင်ဒေးရှင်းပြုလုပ်ဖို့ မြေကြီးများကိုတူးဖော်ကြသောအခါ ယခင်အိမ်ဦးခန်းရှိ အောက်မြေကြီးထဲမှ အိုးတစ်လုံးကိုမမျှော်လင့်ဘဲ တွေ့ရလေ၏။

အိုးကား အင်္ဂလိပ်ခေတ်သုံး သတ္တုအိုးလေးဖြစ်၏။ မှုလီရစ်နှင့် အဖုံး လည်းပါ၏။ မြေကြီးများခံနေသဖြင့် အသာထုတ်ရေဆေးပြီး ဖွင့်လိုက်သော အခါ –

"ဟာ"

"ဟယ်"

"ဘုရားရေ"

"ဟ ရွှေတွေကွ"

စိတ်စမဆရာကြိုင်ဆိုသူ မျက်မမြင်လူထူးဆန်းကြီး ပြောသည့်စကား အတပ်သေချာမှန်ပေစွ။

အထဲမှာ ရွှေဒင်္ဂါးများ၊ ရွှေဘူးစေ့နှင့် ဆွဲကြိုးလက်ကောက်၊ ကျောက်စီရွှေ လက်စွပ်များ အိုးလေးအပြည့်နီးပါးကို အံ့သြဖွယ်ရာတွေ့ရှိကြရလေသည်။

တစ်ဦးတည်းသောသားသည် မူးယစ်ဆေးသုံးစွဲ၍ ကွယ်လွန်ခဲ့လေပြီ။ ကျန်အဆက်အသွယ်လည်းမရှိ။ ဦးမီးခြစ်ရဲ့အပြောအရ ကွယ်လွန်သူမူလ မြေပိုင်ရှင်ဦးခေါင်းကြီးသည် အင်္ဂလိပ်ခေတ်တုန်းက ဝန်ထောက်ကြီးဟုဆို၏။ လွန်စွာချမ်းသာသည်တဲ့။ အသက်ကြီးမှ အိမ်ထောင်ကျပြီး တစ်ဦးတည်းသော သားဆိုးရဲ့ ဒဏ်ကိုခံစားရပြီး ကွယ်လွန်သွားခဲ့သူဟု သိရလေ၏။ ဤရတနာ ဥစ္စာပစ္စည်းများကို ဦးခေါင်းကြီး (ခေါ်) ဦးစိန်ကုလားက ဖုက်မြှုပ်နှံထားခဲ့တာ ဖြစ်ပုံရပြီး ကွယ်လွန်တော့ယင်းဥစ္စာအစွဲနှင့် မကျွတ်မလွတ်ဘဲ ရောက်နေပုံ ရသည့်ပုံဟု ဝေဖန်ချက်ပေး၏။ အခု ကယ်ခွင့်ကြုံကြရပါပြီတဲ့။

နောက်ဆုံး ဆရာကြီးစိတ်စမဆရာကြိုင်ရဲ့ အဆိုအမိန့်အတိုင်း ရရှိသော ရတနာတစ်ဝက်ကို မြို့ထိပ်ရှိရှေးဟောင်းစေတီကြီး ဘက်စုံပြုပြင်ရန် ကွယ်လွန်သူ ဦးခေါင်းကြီး (ခေါ်) ဦးစိန်ကုလားကောင်းမှုဟု နာမည်ကမ္ပည်းထိုး ၍ လှူဒါန်းခဲ့လိုက်ရာ မကြာမီအတွင်း ထီးတော်တင်မင်္ဂလာကို ခမ်းခမ်းနားနား ပြုလုပ်နိုင်ကာ အမျှဝေနိုင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသီရိအောင်လည်း တိုက်သစ်ကြီးကို လူအင်အားနှင့်တစ်လအတွင်း အပြီးဆောက်ပြီး အနှောင့်အယှက်ကင်းစွာဖြင့် အိမ်တက်မင်္ဂလာပွဲကို ပြုလုပ်ခဲ့လေ၏။

ထိုအိမ်တက်မင်္ဂလာပွဲသို့ –

ကျေးရွာရှင် ပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် သူ့တပည့်စိတ်စမဆရာကြိုင် ဆိုသူအား အထူးသီးသန့်ဖိတ်ကြားခဲ့သည်။

ကြွရောက်လာသူဂုဏ်သရေရှိ လူကြီးမင်းများကား ပုံပျက်ပန်းပျက်ရသေ့ကြီးကို ခေါင်းရင်းခန်းမှာ စမတ်ကျကျနှင့် တွေ့သောအခါ ကိုသီရိအောင်နှင့် ကျွန်ုပ်တို့ကိုကြည့်ပြီး အံ့သြနေကြ၏။ ဘယ်လိုဖြစ်ကုန်သလဲဟု တိုးတိုးမေးကုန်ကြ၏။

ကျွန်ုပ်တို့ကလည်း ကိုယ့်လူပုံပျက်ပန်းပျက်ရသေ့ကြီးနှင့် စိတ်စမဆရာကြိုင်ဆိုသူတို့ရဲ့ ပညာပိုင်းကိုသိနေရကား လူထူထူမှာရသေ့ကြီးကိုမကလိရဲ။

ရသေ့ကြီးစိတ်တို ဒေါသထွက်ပြီး ထခွပ်လျှင်ကျွန်ုပ်တို့အားလုံး လူပုံအကြား အရှက်ကွဲရမည်ကိုသိ၍ အသာငြိမ်နေရ၏။

လူရှင်းတော့မှ ကျွန်ုပ်တို့က ရသေ့ကြီးနှင့် ဆရာကြိုင်ကို ကပ်၍မေးရတော့၏။

"ရသေ့ကြီး"

"ဘာတုံး။ စားလို့ဝရင် ငြိမ်ငြိမ်နေလေကွာ"

"သိချင်တာရှိလို့ပါ ရသေ့ကြီးရ"

"ဘာသိချင်ပြန်ပတုံးဟာ လူ့ကန့်လန့်ရ"

"ဟို ရသေ့ကြီး ရသေ့ကြီးတပည့် ဆရာကြိုင်ကမြေကြီးအောက်မှာရှိတဲ့ ပစ္စည်းကို မတူးမဖော်ရဘဲ ဓာတ်သတ္တုရှာပစ္စည်းကိရိယာနဲ့လဲမရှာဘဲ ဘာလို့ ပစ္စည်းရှိနေတာကို အတပ်သေချာပြောနိုင်ရတာလည်း ရသေ့ကြီးရ"

"ဟ တော့်ရေ။ မင်းတို့ခေတ်ပညာတွေက မြေပေါ်မြေအောက်ရှိ ပစ္စည်းမှန်သမျှကို မင်းတို့သိပ္ပံဓာတ်သတ္တုရှာဖွေရေး ပစ္စည်းတွေနဲ့ရှာမှ တွေ့မယ်လို့ မင်းတို့ကတရားသေယူဆနေတာကိုးကွ။ ဒီမှာကွ ရှုပရ၊ မင်းတို့စက်ရေတွင်း



တူးစက်မပေါ်ခင်ကတည်းက ငါတို့မြန်မာက လက်နဲ့ပေါက်တူး၊ သံတူးရွင်းနဲ့ မြေကြီးကိုတူးပြီး ရေချိုကိုရှာခဲ့တာကွ။ ရေနံကိုရှာခဲ့၊ ချက်ခဲ့ပြီးရေနံဆီမီးထွန်းခဲ့တာကွ။ မှတ်ထားကိုယ့်လူ၊ ငါတို့မြန်မာလောကီပညာမှာ ပညာရယ်၊ သီလရယ်၊ ဒါနဘာဝနာရယ်ကောင်းရင်၊ သမထအားကောင်းရင် လူတစ်ယောက် မျက်နှာကိုကြည့်ပြီး သူ့ရဲ့အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကို ခက်ခနဲကြိုပြောနိုင်သလို မြေကြီးထဲမှာဘာရှိတာကိုလည်း ပြနိုင်တဲ့စွမ်းအားတွေရှိသေးတယ်ကွ။ ငါတို့ကျင့်လို့သိတာ အများနားပါကွာ။ ငါတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးဆိုရင် မြေအောက် ၁ ယ်နေရာမှာ ရွှေအိုးကြီးလေးလုံးရှိတာကို အတပ်သေချာပြောနိုင်သေးတယ် ကိုယ့်လူရေ" ဟု ဘုရားနှင့်ကိုင်ချပ်လိုက်ရကား ကျွန်ုပ်တို့လည်း အကွန့်အတွန့်မတက်ရဲဘဲ ငြိမ်နေလိုက်ရလေသည်။ မငြိမ်လို့မဖြစ်။ တွန့်လိုက်လျှင် ဤပုံပျက်ပန်းပျက်ရသေ့ကြီး ဆရာတပည့်တို့သည် မြေကြီးကိုဖနောင့်နှင့်ပေါက်ပြီး လူဦးခေါင်းခွံကိုထုတ်ပြသော် ကျွန်ုပ်တို့၏ မင်္ဂလာပွဲသည် ချက်ချင်း အမင်္ဂလာပွဲဖြစ်မသွားနိုင်ဘူးဟု မပြောနိုင်သောကြောင့်ပင်တည်း။


၁ မောင်ညိုမြိုင်း (ဆန်းကျင်)




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com




# ဆောင်းလှိုင် ၏ ၂၅ ကြိမ်မြောက် အထူးထုတ်

# စက်ကွင်း

# တစ္ဆေမလေးမောင့်ချစ်သူ

## သီဟထိပ်တင်စော



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေမလေး မောင့်ချစ်သူ

"ဟော ဟိုမှာ အရာ တစ္ဆေ တစ္ဆေ" ကိုပိန်က
ကျွန်တော့်ကို လက်ကုတ်ပြီးပြောသည်။ ကျွန်တော်
တွေ့ပါသည်။

"မြင်မြင်ချင်းပင် × × × ဘာကြောင့်များ ချစ်ချင်တယ် × ×
ဘဝဟောင်းက × × × ရေစက်ဆုတောင်း ကြောင့်ထင်တယ် × ×

ဤသီချင်းလေးကို ယခင်က ကျွန်တော်ကြားဖူးပေမဲ့ စိတ်မဝင်စားခဲ့ပါ။ ယခုတော့ ခံစားသွားတတ်ခဲ့ပါပြီ။ အချစ်က 'လန်း' သည်လေ။

ကျောင်းစာများနှင့် နပန်းလုံးနေခဲ့ရသောဘဝ။ တစ်နည်းအားဖြင့် ဘဝကို ကျားကုတ်ကျားခဲ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်ဖြစ်၍ နှလုံးသားရေးရာသည် ဘဝလောက် လက်တွေ့မကျခဲ့။ အချိန်တိုင်းပင် 'ဘဝ' 'ဘဝ'ဟူ၍ နလုံးခုန်နေခဲ့သည့် ကျွန်တော်။

အချစ်ဆိုသည်မှာ ကျွန်တော့်အတွက်တော့ တစ္ဆေသရဲပင်။

တစ္ဆေသရဲကို လူတွေအပြောများကြ၏။ လက်တွေ့တွင် မြင်ဖူးတွေ့ဖူး ကြုံဖူးသည်ကား နည်း၏။ ကျွန်တော့်အဖို့မှာ တစ္ဆေသရဲလိုပင် အချစ်ဆိုသည်က ကြားသာကြားဖူး၏။ မကြုံဖူးခဲ့။ နားမလည်ခဲ့။

"ဟေ့ကောင် ပိုးတေ၊ မင်းမှာ နှလုံးသား ပါမလာတာများဖြစ်နေမလား"

"မဟုတ်ဘူးကွ။ ဒီကောင့်နှလုံးသားက သွေးလည်ပတ်ဖို့အတွက်ပဲ လုပ်ဆောင်တတ်တာ။ ခံစားတတ်တဲ့ အရည်အသွေးပါမလာတာ"

"ဒီလိုလည်း မဟုတ်ဘူးကွ။ ဒီကောင်ကိုက စက်ရုပ်အဆင့်လောက်ပဲရှိတာ။ စားမယ်၊အိပ်မယ်၊စာကျက်မယ်၊အလုပ်လုပ်မယ်။ ဒါကလွဲရင် ဘာမှမသိဘူး"



"ရှူးရှူးပေါက်တာ အီးအီးပါတာတော့ သိပါတယ်ကွာ။ ဟိုဟာသာမသိတာ"

"ဘာလဲကွ ဟိုဟာ"

"ချစ်တတ်တာကို ပြောတာပါကွ မင်းကလဲ။ အတွေးမချော်ပါနဲ့"

သူငယ်ချင်းတွေ'လှောင်' သည်ကို ဤသို့ခံခဲ့ရဖူး၏။

စင်စစ် သူတို့ပြောသလိုတော့ မဟုတ်ပါ။

ကျွန်တော့်တွင် ခံစားတတ်သောနှလုံးသား ပါခဲ့သည်အမှန်။ ခံစားချက်ရေ့တန်းမတင်နိုင်ခဲ့၍သာပါ။

ဟော အခုတော့ တစ်ချိန်လုံးငြိမ်နေခဲ့သောနှလုံးသားသည် ခုန်မည့်ခုန်တော့ အသည်းအသန်ဖြစ်ခဲ့ပေပြီတကား။

သို့မဟုတ် အတွေ့ကြုံမဲ့သောကြောင့် ထိန်းမနိုင်သိမ်းမရခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်၏။

မြင်မြင်ချင်းပင် ချစ်တတ်ခဲ့မိပြီ။ ရေစက်ဆုတောင်းကြောင့်လေလား။

တမွှဒီပ ဆည်မြောင်းလုပ်ငန်းအတွက် အငယ်တန်းအင်ဂျင်နီယာအဖြစ်တာဝန်ထမ်းဆောင်ရန် ကျွန်တော် ဤနယ်မြေသို့ရောက်ရှိလာခဲ့ ခြင်းဖြစ်သည်။

ရိုးမပေါ်မှ မြစ်ဖျားခံလာသော တောင်ကျချောင်းကိုပိုတည်၍ ဆည်တည်ဆောက်ကာ နွေရာသီရေရှားပါးသော လယ်မြေများသို့ရေပေးဝေနိုင်ရေး စီမံကိန်းသို့ ကျွန်တော်ရောက်လာတော့ လုပ်ငန်းက နှစ်ဆယ့်ငါးရာခိုင်နှုန်းခန့် ပြီးနေပြီဖြစ်၏။

အင်ဂျင်နီယာမှူးကြီး တာဝန်ခွဲပေးသမျှ ကျေပွန်အောင်ထမ်းဆောင်ရင်း စီမံကိန်းကြီး အချိန်မီပြီးစီးနိုင်ရေးအတွက် အားသွန်နေလျက်မှ တစ်ခုသောနေ့တွင် လုပ်ငန်းအတွက် လိုအပ်သည်များ ရှာဖွေဖြည့်တင်းရန် ကျွန်တော်မြို့သို့တက်လာခဲ့သည်။

လိုအပ်သည်များ ရရှိဖြည့်စုံပြီးချိန်တွင် အတူပါလာသူကျွန်တော့်လက်ထောက်ဝန်ထမ်း ကိုပိန်က–



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ အချိန်ရပါသေးတယ်။ ဈေးထဲဝင်ပြီး ဝယ်စရာလေးတွေဝယ်ရအောင်။ ဆရာလည်း အငှာပြုချင်တာ ပြုပါ" ဟုပြောသည်။

"ဘာလဲဗျ ကိုပိန်ရဲ့၊ အငှာပြုဆိုတာက"

ကိုပိန်က စကားပြောလျှင် "အငှာပြု"ဟူသော စကားကပါပါလာတတ်၏။ စကားလုံးရွေးမရတိုင်း ပါလာတတ်သည့် ဝေါဟာရ၊ ကိုပိန်ကရယ်သည်။

"အငှာပြုဆိုတာ အငှာပြုတာကိုပြောတာပေါ့ဆရာရဲ့။ ဆရာက အရွယ်ရောက်နေပြီ။ ဒီအရွယ်ရောက်လို့မှ အငှာမပြုရင် ဘာအငှာလဲပြောတတ်တယ်မဟုတ်လား"

"ဟာ ခင်ဗျားကကျွန်တော့်ကို အပြီးမပေါက်ဘူးလို့ပြောတာလား။ ဒါဆိုမျောက်ရှုံ့နိုင်းတာပေါ့ ဟုတ်လား"

ကျွန်တော်က စိတ်မဆိုးမိဘဲ ပြုံး၍ပြန်ပြောမိ၏။

"အဲ အဲဒီလိုအငှာပြုတာ မဟုတ်ပါဘူးဆရာရယ်။ ကျွန်တော့်ဆရာရဲ့ ခြောက်သွေ့နေတဲ့ဘဝကို အငှာပြုစေချင်လို့ပါ။ ကျွန်တော်တို့ မြို့သူတွေက သိပ်အငှာပြုတာ ဆရာရဲ့"

"ဘာ အငှာပြုတာလဲ။ ရှင်းရှင်းပြောပါဗျ။ နားမလည်ဘူး"

"ချောတာပြောတာပါ ဆရာရယ် ဟဲဟဲ။ ဆရာတွေ့ရင် တွေ့တွေ့ချင်း အငှာပြုချင်တဲ့စိတ်ပေါက်သွားမှာ"

"ညွှန်းလှချည်လားဗျ"

"ကျွန်တော်တို့ရဲ့ တမ္ပဒီပရေကို သောက်မိရင်ဒီမြေကမခွာနိုင်ဘူးလို့ အဆိုရှိတယ်ဆရာရဲ့။ ဆရာလည်း ဒီမှာအခြေကျသွားမှာ သေချာပါတယ်"

"ကဲ ခင်ဗျား ဒီလောက်အပြောကောင်းမှတော့ ကြည့်ရသေးတာပေါ့ဗျာ။ လာ ကျွန်တော်တို့ တစ်ခုခုစားရင်း ဈေးထဲဝင်တာပေါ့"

ဌာနမှကားကို ဈေးရှေ့တစ်နေရာတွင်ရပ်ကာ ကျွန်တော်တို့ဈေးထဲဝင်ခဲ့ကြ၏။ စားစရာရှိတာစား၊ ဝယ်စရာရှိတာဝယ်ပြီး၍ ပြန်အထွက်တွင် မဈော် လင့်ဘဲဈေးတွင်း ထောင့်ချိုးတစ်နေရာ၌ ကျွန်တော်သည် လူတစ်ယောက်နှင့် ဝင်တိုက်မိ၏။



သူ၏လက်ထဲမှ ဘူးအချို့လွတ်ကျသွားသည်။ စိန်ရွှေလက်ဝတ်လက်စားများထည့်သော ကတ္တီပါဘူးများဖြစ်၏။ ဘူးခွံအလွတ်များ ဖြစ်ဟန်ရှိ၏။

"ဆောရီးဗျာ ကျွန်တော်တောင်းပန်ပါတယ်"

ကျွန်တော်က တောင်းပန်စကားကိုဆိုရင်း ဘူးများကိုကောက်ပေးသည်။

"ကိစ္စမရှိပါဘူးရှင်။ မတော်တဆဖြစ်တာပဲ"

သူမကလည်း ဘူးများကိုကောက်ရင်း ပြန်ပြော၏။ ဘူးများကို ကောက်ယူပြီး ပေးသောအခါ –

"ကျေးဇူးတင်ပါတယ်ရှင်" ဟုသူက ပြောလေသည်။

ထိုအခါမှ သူမ၏မျက်နှာကို ကျွန်တော်ကြည့်မိတော့သည်။

"အလို"

ကျွန်တော့်ရင် ဘာဖြစ်သွားပါသနည်း။ တောင်များကိုမိုင်းခွဲလိုက်သလို မြင်းထန်သော ပေါက်ကွဲမှုကြီးတစ်ခု။

အဲဒါ အချစ်ဟု ခေါ်ပါသလား။

သူက ထွက်ခွာသွားချိန်တွင် ကျွန်တော့်ဝန်ထမ်းကိုပိန်က ပြုံး၍အကဲခတ်ကာ –

"ကျွန်တော့်ဆရာတော့ အငှာပြုသွားပြီ"

လိုရင်းကိုပဲ ကျွန်တော်ပြောပါမည်။

ထို တောင်ဆုံတွေ့ခဲ့သည်မှ ရခဲ့သောဝေဒနာ အနက်အရှိုင်းကြောင့် ကျွန်တော် တမ္ပဝတီဈေးသို့ အလုပ်ကိစ္စနှင့်ရော၊ အကြောင်းမရှိအကြောင်းရှာ၍ရော ရောက်ခဲ့ရာမှ ရွှေသရဖူ ရွှေငွေရတနာဆိုင်ပိုင်ရှင် 'ယွန်းဝတီ' နှင့် သိကျွမ်းခင်မင်မှု ရခဲ့သည်။

ထိုမှ ကာလအနည်းငယ်လွန်သော် ရင်းနှီးမှုတိုးကာ သံယောဇဉ်များကို မျက်ဝန်းချင်းအသိအမှတ်ပြု အဆင့်သို့ရောက်ခဲ့သည်။

ထိုမှ လွန်ပြန်သော်ချစ်ခြင်းမေတ္တာ ဖွင့်ဟဖလှယ်သောအဆင့်သို့ တက်လှမ်းလာနိုင်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယွန်းဝတီ၏အလှ၊ ယွန်းဝတီ၏သိမ်မွေ့နူးညံ့မှု၊ ယွန်းဝတီ၏ရိုးသားဖြူစင်မှုများနှင့် ယွန်းဝတီ၏ချစ်ခြင်းမေတ္တာကို ပိုင်ဆိုင်ခွင့်ရခဲ့သည့်အတွက် ကျွန်တော့်ဘဝသည် အဓိပ္ပာယ်ပိုမိုရှိလာခဲ့ရ၏။

သို့သော်

ယွန်းဝတီ၏မိခင် ဒေါ်သူဇာကိုမူ အကဲခတ်ရခက်လှသည်။

ကျွန်တော့်ကို လိုက်လျောစွာဆက်ဆံမှုရှိသော်လည်း သမီးဖြစ်သူယွန်းဝတီနှင့် ဆက်ဆံရေးကိုမူ ဒေါ်သူဇာကြည်ဖြူဟန်မရှိဟု ထင်မိ၏။ သူတို့က ချမ်းသာကြွယ်ဝ၍ မြို့မျက်နှာဖုံးဖြစ်ကာ မြို့ခွန်ခြံကျယ်ကြီးထဲ၌ တိုက်အိမ်ကြီးနှင့် နေထိုင်နိုင်သော ဂုဏ်ကြီးရှင်ဖြစ်၍ ကျွန်တော်ကသာမည အင်ဂျင်နီယာ ပေါက်စလေး ဖြစ်နေသောကြောင့်လား။

ယွန်းဝတီကို ထိုအကြောင်း ဆွေးနွေးသောအခါ–

"အစ်ကိုကလဲ ပူတတ်ရန်ကော။ မေမေကအစ်ကို့ကို ဘယ်တုန်းကများ မလိုမလားဆက်ဆံဖူးလို့လဲ"

ယွန်းဝတီက အပူပင်ကင်းစွာ ပြောပါ၏။

"မဟုတ်ဘူး။ ဒေါ်ဒေါ့်မျက်လုံးတွေထဲမှာ အစ်ကို တစ်ခုခုကိုတွေ့နေရတယ်လို့ထင်တယ်"

ကျွန်တော်က သံသယအကြောင်းကို အနိုင်အမာပြောမိ၏။

"ယွန်းဝတီက တစ်ဦးတည်းသောသမီးပါ အစ်ကို။ ဖေဖေရော မေမေပါ ယွန်းဝတီကိုသိပ်ချစ်ကြတာပါ။ ယွန်းဝတီရဲ့ဆန္ဒကို ဘယ်တုန်းကမျှ မဟန့်တားမချိုးနှိမ်ခဲ့ကြဖူးပါဘူး။ အခုပဲကြည့်။ အစ်ကိုနဲ့ပတ်သက်လို့။ ယွန်းဝတီကို ဘာမျှ တားမြစ်တာ ဆူပူမာန်မဲတာ ဘာမျှမှမရှိတာ"

ယွန်းဝတီပြောသမျှကလည်း လက်မခံနိုင်စရာမရှိ။

"အစ်ကိုနဲ့ ယွန်းဝတီတို့ရဲ့ လက်ထပ်ရေး အဆင်ပြေမှာပါနော်"

"စိတ်ချပါ အစ်ကိုရယ်"

"အစ်ကိုကတော့ ရင်တွေပူနေတယ်"

"မိန်းကလေးဖြစ်တဲ့ ယွန်းဝတီပူပို့လည်းထားပါဦး။ တစ်ရွာသားကို ရည်းစားလုပ်ရတဲ့ ယွန်းဝတီပါအစ်ကိုရဲ့။ အစ်ကို့မှာ မိန်းမရှိလား၊ ချစ်သူရှိလား တောင်မစုံစမ်းနိုင်ဘဲ အစ်ကို့အချစ်ကိုလက်ခံမိတဲ့ အချစ်ရူးမလေးရဲ့အဖြစ်ကို ကြည့်ပါဦး"

"ယွန်းဝတီရယ် ယွန်းဝတီက အစ်ကိုရဲ့ အချစ်ဦးပါ။ ယုံပါ"

"ယုံပါတယ်အစ်ကို။ အစ်ကို့ကို ယွန်းဝတီယုံပါတယ်။ အဲဒီလိုပဲ အစ်ကိုကလည်း ယွန်းဝတီကိုယုံနော်"

မြို့ခံဖြစ်သော ကိုပိန်က –

"ဆရာကလည်းဗျာ။ ဆရာက အဇာပြုရမှာမဟုတ်ပါဘူး။ ယွန်းဝတီက အဇာပြုမှာပါ"

ယွန်းဝတီကိစ္စကို ကျွန်တော်ဆွေးနွေးသောအခါ ဤသို့ပေါ့ပေါ့ဆဆပင် ပြန်ပြောလေသည်။

"ခင်ဗျားက ဒီမြို့သားဆိုတော့ ဒေါ်သူဇာတို့အကြောင်းသိမှာပါ။ ခင်ဗျားသိသလောက်ပြောစမ်းပါဦးဗျာ"

ယွန်းဝတီကိုချစ်မိသည်က ဦးစွာဖြစ်လျက်၊ ချစ်သူဖြစ်ပြီးခါမှပင် ယွန်းဝတီနှင့်ပတ်သက်၍ စုံစမ်းမိသည်က ကျွန်တော့်၏လွဲမှားမှုဟုဆိုသော် ဆိုနိုင်မည်ထင်ပါ၏။

"ဆရာရယ် ကျွန်တော်တားသင့်ရင် အစကတည်းက ဆရာ့ကိုတားမှာပေါ့။ ယွန်းဝတီက လှရုံတင်မကဘူး။ ယဉ်ကျေးသိမ်မွေ့တာရော၊ ဉာဏ်ရှိတာရော၊ အဇာပြုတာရော အဘက်ဘက်က ပြည့်စုံတဲ့သူမို့ မြို့ကလူငယ်တွေအားလုံးက ယွန်းဝတီကို အဇာပြုချင်ကြသူတွေချည်းပဲ"

"အဲဒါက ထားပါဗျာ။ ဒေါ်သူဇာတို့လူကြီးတွေ အကြောင်းပဲသိချင်တာ"

"ဒေါ်သူဇာရော သူ့ခင်ပွန်းဦးပေါ်ထွန်းရော ဘုရားတရားကိုင်းရှိုင်းကြပြီး သာရေးနာရေးတွေမှာ ထက်ထက်သန်သန်ပါဝင်ကြသူတွေပါ။ ပစ္စည်းဥစ္စာရှိပေမဲ့ မာန်မာနမရှိကြဘူး။ ကျွန်တော့်အမြင်မှာ အဇာပြုစရာဘာမျှမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားပြောတော့လည်း အားလုံးကောင်းပါတယ် ခင်ဗျားပဲ။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာကျတော့လည်း စလုံးစနတစ်ခုခု ခံနေသလိုပဲ ကိုပိန်"

"ဆရာက အချစ်ကြီးလို့အငှာပြုနေတာလား။ မချစ်ဘူးလို့ အငှာပြုနေတာလား။ တစ်ခုခုနေမှာပါ"

"မဟုတ်ဘူး ကိုပိန်။ ဒေါ်သူဇာ မျက်လုံးတွေထဲမှာတစ်ခုခု အလိုမကျတာလား။ စိုးရိမ်တာလား။ ပူပန်တာလား။ မယုံကြည်တာလား။ ဘာမှန်းမသိတဲ့ ခံစားမှုအရိပ်တစ်ခုခုရှိနေတာ အမှန်ပဲဗျ"

"အဲဒါဆို ဆရာကယွန်းဝတီကို မေးကြည့်ဘူးလား ဆရာအငှာပြုတာကို"

"ယွန်းဝတီကတော့ ကျွန်တော့်ကိုစိုးရိမ်စိတ်ကို ပယ်ဖျောက်နိုင်လို့ အားရှိစေမယ့် စကားတွေပဲပြောတာပေါ့။ သူအမှန်ပြောနေတာပဲလို့ ကျွန်တော် ယုံကြည်ပေမဲ့ ကျွန်တော့်စိုးရိမ်စိတ်က လျော့မသွားဘူးဗျ"

ကိုပိန်က တစ်ချက်တွေ၍စဉ်းစားကာ –

"သူတို့မိသားစုက မြို့ကလူတွေနဲ့တော့မတူဘူး။ အဆက်အဆံနည်းတာ တစ်ခုတော့ ပြောစရာရှိတယ်။ အထူးသဖြင့် ညဆိုရင်ဝင်းတံခါးကို အသေအချာပိတ်ပြီး ဘယ်သူ့ကိုမျှအဝင်အထွက် အငှာမပြုတော့ဘူး။ ဒါကတော့ ငွေကြေးဥစ္စာနဲ့ မိသားစုနည်းတဲ့အခြေအနေကြောင့် ဘေးအန္တရာယ်ကြောင့်မို့ အငှာပြုတာနေမှာပါ" ဟုပြောသည်။

"ဒါကို လက်ခံနိုင်ပါတယ်။ ကိုပိန် ခင်ဗျားပြောသလို ယွန်းဝတီတို့က မိသားစုနည်းတယ်ဆိုတော့ ဘယ်နှစ်ယောက်ရှိလဲ ခင်ဗျားသိလား"

"သမီးကတော့ ယွန်းဝတီတစ်ဦးတည်းပဲ။ အိမ်မှာ ဝိုင်းလုပ်ပေးတဲ့ ဆွေမျိုးနီးစပ်တော်တဲ့ လင်မယားရှိတယ်။ ခြံအလုပ်လုပ်ပေးတဲ့ ဦးထွားက လည်း ညဆို သူ့အိမ်သူပြန်အိပ်တာ။ အငှာပြုတာဘာမျှမရှိဘူး။ အဲ နောက် တစ်ခုကတော့"

"ဘာလဲဗျ ကိုပိန် နောက်တစ်ခုက ဆိုတာက"

"သူတို့အိမ်ကြီးက သရဲခြောက်တယ်တော့ ပြောကြတယ်ဆရာရဲ့။ ကျွန်တော်တော့ အငှာမပြုဖူးဘူး။ ပြောသံကြားတာပါ"



"ဘယ်လို ခြောက်တာတဲ့လဲ"

"တစ္ဆေလိုလို ဘာလိုလို ဆံပင်ဖားလျားနဲ့ တွေ့တယ်တို့၊ အော်သံ ညည်း သံကြားရတယ်တို့ပေါ့ဗျာ။ အပြင်ထွက်ပြီး အငှာပြုတာတော့မရှိပါဘူး"

"ဒါကလည်း ကျွန်တော့်စိုးရိမ်မှုနဲ့ မဆိုင်ပါဘူးဗျာ"

"ဟုတ်ပါတယ် ဆရာရယ်။ ဆရာအငှာပြုလွန်နေတာပါ။ ခေါင်းထဲမှာ မထားပါနဲ့။ အငှာပြုချိန်တန်ရင် သူ့ဘာသာအငှာပြုသွားမှာပါ"

ကျွန်တော်က ပင့်သက်မောဖြင့် ရယ်မိ၏။

"ကိုပိန်ရာ ခင်ဗျားနဲ့ဆွေးနွေးမှ အငှာပြုတာပျောက်မလိုလိုနဲ့ အငှာမပြုပါဘူးဗျာ"

"ဟာ ဆရာကနောက်ပြီ။ ဆရာ ကျွန်တော့်ကို အငှာပြုတာပဲ ဟား ဟား ဟား"

စိမ်ကိန်းကာလအချိန်မီပြီးစီးရန် ကျွန်တော်တို့ ညအချိန်အလုပ်များ ဆင်းနေချိန်။ တစ်ရက်တွင်–

တမူဒီပမြို့ထဲမှ မိုးချုပ်မှပြန်လာကြသူ အလုပ်သမားနှစ်ဦး ကျွန်တော့်ထံ ရောက်လာသည်။ သူတို့မှာ ချွေးတွေသံတွေနှင့်။ မျက်နှာအပျက်ပျက်နှင့်။ ပြေးလွှားလာခဲ့ရပုံ အမောတကောနှင့်။

"ဆရာရေ ကျုပ်တို့တစ္ဆေခြောက်ခံခဲ့ရလို့"

ခြေပစ်လက်ပစ်ထိုင်ချရင်း သူတို့ပြောသည်။

"ဘယ်နားမှာ အခြောက်ခံရတာလဲ"

ကျွန်တော်က အလုပ်ကိုသာအာရုံထားပြီး တစ္ဆေခြောက်ခံရသောကိစ္စကို စိတ်မဝင်စားသည့်အမှန်။ မေးရိုးမေးစဉ်သာ ပြန်မေးမိ၏။

"မြို့အထွက်မှာဆရာရဲ့။ ဟို ရွှေသရဖူခြံကြီးဘေးကအဖြတ်မှာ အခြောက်ခံရတာ"

ကျွန်တော်ရော ကိုပိန်ပါခေါင်းထောင်သွားမိကြသည်။

"ဘယ်မှာ"



www.burmeseclassic.com

www.burmeseclassic.com

"ရွှေသရဖူအိမ်ကြီးက ခြောက်တာဆရာရဲ့"

ကျွန်တော်နှင့်ကိုပိန် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။

"အသေအချာပြောစမ်းပါဦးဗျာ။ ဘယ်လို အရှာပြုတာလဲဆိုတာ"

ကိုပိန်က မေးခွန်းထုတ်ကာ အကျိုးအကြောင်းကို ရေလာမြောင်းပေးသည်။

"ကျွန်တော်တို့ မြို့ထဲကပြန်လာတော့ မိုးချုပ်နေပြီဆရာ။ ည ဆယ်နာရီဝန်းကျင်ဖြစ်နေပြီ။ ဒီနေ့မှ ခွင့်ရတာနဲ့မိသားစုတွေဆီပြန်တာ၊ စားပြီးကောင်းနေတာနဲ့ နောက်ကျသွားကြတာ။ ရွှေသရဖူခြံကြီးနားရောက်တော့ ကြက်သီးထသွားတယ်။ ဒီခြံကြီးက တစ္ဆေခြောက်တယ်လို့ ကြားဖူးတာကိုး။ ဒါနဲ့ ခပ်သုတ်သုတ်ဖြတ်လာကြတာ။ ဆရာရေ ခွေးကလည်းအူ၊ လကလည်းမသာဆိုတော့ တိတ်နေရတဲ့အထဲ တိုက်အိမ်ကြီးထဲက ညည်းသံအော်သံကြီးပေါ်ထွက်လာတော့တာပဲ"

အလုပ်သမားတစ်ဦးက အတွေ့အကြုံကိုရှင်းသည်။

"ညည်းသံ အော်သံဟုတ်လား။ ဘယ်လို ညည်းသံမျိုးလဲ"

ကျွန်တော်က မေးလိုက်သည်။

"နာနာကျင်ကျင် အော်ညည်းသံကြီးပေါ့ဆရာရယ်။ ပြောရင်းတောင်ကြက်သီးထပါတယ်"

နောက်တစ်ဦးက ဝင်၍ –

"တစ်စုံတစ်ရာနဲ့ ရိုက်နှက်နေသလိုမျိုး၊ နာလို့အော်တဲ့ အသံကြီးဗျ"

ဟု ပြောသည်။

"ယောကျ်ားသံလား မိန်းမသံလား"

"မိန်းမသံဗျ"

"အသက်ကြီးကြီးအသံလား၊ ငယ်ငယ်အသံလား"

"ငယ်ငယ်လို့ ထင်ရတာပဲ"

"အဲဒီအိမ်မှာက ငယ်ငယ်ဆိုလို့ ယွန်းဝတီပဲရှိတာဗျ။ ယွန်းဝတီကိုသူ့မိဘတွေက ရိုက်လို့အော်ဟစ်ငိုယိုတဲ့ အသံများလား။ အဲဒါကို ဝင်းများတို့က



အရှာပြုလို့ တစ္ဆေခြောက်တယ် ပြောတာများလား"

"မဟုတ်ဘူးဗျ ကိုပိန်ရ။ ကြားရရုံတင်မဟုတ်ဘူး။ မျက်စိနဲ့ပါ မြင်ခဲ့ရတာ"

ကျွန်တော့်အမေးမှာ စိုးရိမ်တုန်လှုပ်မှုတွေ ပါနေသည်။

"ပြတင်းဝမှာ ပေါ်လာတာ။ ဆံပင်စုတ်ဖွားနဲ့ မိန်းမတစ်ယောက်"

ကိုပိန်နှင့်ကျွန်တော် အကြည့်ချင်းဆုံသွားကြပြန်သည်။

"အဲဒီမိန်းမက ကြီးကြီးလား ငယ်ငယ်လား"

"ငယ်ငယ်လို့ ထင်တာပဲ"

"သူက ဘာလုပ်နေလဲ။ ခင်ဗျားတို့ကို ပြူးပြဲပြီး ခြောက်တာလား"

"ဟင့်အင်း ကျွန်တော်တို့နဲ့အဝေးကြီးပါ။ သူ့ကိုပြတင်းမှာတစ်ခါ လသာဆောင်မှာတစ်ခါ မြင်လိုက်ရတာ"

"တခြားလူတွေဘာတွေ မမြင်ဘူးလား"

"မမြင်ဘူး။ တစ်အိမ်လုံး တိတ်နေတယ်"

"ဒီလောက် အော်သံညည်းသံကြီး ပေါ်ထွက်လာပါလျက်နဲ့ အိမ်ကြီးထဲမှာ ဘာမျှလှုပ်ရှားမှု မမြင်ရဘူးဆိုတာ ဟုတ်ပါ့မလား"

"အမှန်ပါပဲ ဆရာ"

"နောက်တော့ရော"

"အဲဒီတစ္ဆေမက အော်ဟစ်ပြေးလွှားပြီး အထဲပြန်ဝင်သွားတယ်။ ပြီးတော့ အထဲကအော်သံကြီး ထပ်ပေါ်လာတယ်။ ခွေးတွေကလည်းအူ အော်သံညည်းသံကြီးကလည်း ကျက်သရေမရှိဆိုတော့ဆရာရယ် ကျွန်တော်တို့လည်း ဖနောင့်နဲ့တင်ပါး တသားတည်းကျအောင် ပြေးလာရတော့တာပဲပေါ့"

ကျွန်တော် ဘာဝင်မကျနိုင်ပါ။

ဒါ တစ္ဆေ ခြောက်တာလား။

မိန်းကလေးကို ရိုက်နှက်နေတာလား။

အဲဒီ မိန်းကလေးက ဘယ်သူလဲ။

ယွန်းဝတီလား။ တခြားတစ်ယောက်လား။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့် ပတ်သက်သောကိစ္စကြောင့် ယွန်းဝတီကို ရိုက်နှက်ခြင်း များလေလော။

"ဆရာမရောက်ခင်ကတည်းက ကျွန်တော့်သူငယ်ချင်းတွေ အဲဒီလို အခြောက်ခံရဖူးတယ်။ သူတို့ အခြောက်ခံရတာ မြို့ထဲမှာတစ္ဆေမကို တွေ့လိုက်တာ"

သူ့စကားအရဆိုတော့ ကျွန်တော်နှင့်ပတ်သက်မှုကြောင့် ယွန်းဝတီအရိုက်ခံရခြင်း မဖြစ်နိုင်ပြန်။

ထိုတစ္ဆေခြောက်ခံရသည်ဆိုသော လူနှစ်ဦးထွက်သွားသောအခါ ကိုဝိန်က လေသံတုံ့ဆိုင်းဆိုင်းဖြင့် –

"တခြားလူတွေ ပြောကြတာလည်း အဲဒီလိုပဲဆရာ။ အော်သံညည်းသံကြီးတွေကြားရတာတဲ့။ မမြင်ရဘဲ ကြားကြရတာများတယ်ပေါ့ဆရာ။ အခုမှ မြို့ပြီးလူတွေကို ထွက်ခြောက်တာ လိုက်တာမျိုးတော့မဟုတ်ဘူး"

"အဲဒီအိမ်မှာ ယွန်းဝတီအပြင် တခြားရွယ်တူ မိန်းကလေးရှိလား"

"ကျွန်တော်တော့ ရှိတယ်မကြားမိဘူး"

"ကိုဝိန် ခင်ဗျားစုံစမ်းပျော့။ အဲဒီ ရွှေသရဖူအိမ်ကြီးက အလုပ်သမားလင်မယားကိုဖြစ်ဖြစ် ခြံအလုပ်သမားဦးထွားကိုဖြစ်ဖြစ် မေးစမ်းကြည့်ဗျာ"

"ဟုတ်ကဲ့ဆရာ။ ဆရာလည်း ယွန်းဝတီနဲ့တွေ့ပြီး အဝှာမြူကြည့်ပေါ့"

ထိုညက –

ကျွန်တော်အလုပ်လည်း ကောင်းကောင်းဆက်မလုပ်နိုင်။

အိပ်ရာဝင်တော့လည်း အိပ်မပျော်နိုင်။

❁

နောက်တစ်နေ့မနက်မှာ တမွှဝတီမှာဈေးရှိ ယွန်းဝတီတို့ရွှေသရဖူဆိုင်သို့ ကျွန်တော်ရောက်သွားသည်။ ယွန်းဝတီလည်းခါတိုင်းလို ပြုံးပြုံးရွှင်ရွှင် အလုပ်လုပ်လျက်ရှိ၏။ သူမ၏လက်များ၊ မျက်နှာများကို ကျွန်တော်အကဲခတ်၏။ ဘာဒဏ်ရာမျှမရှိပါ။ သူမ၏မိခင်ဒေါ်သူဇာနှင့် ယွန်းဝတီရယ်ရယ်မောမော စကားပြောလျက်။



"လာ မောင်စော။ ဒီနေ့ ဈေးထဲလာတာ စောလှချည်လား"

ဒေါ်သူဇာ ခေါင်ငြိမ့်ဆက်သည်ကလည်း ဖော်ဖော်ရွေရွေ။

"အစ်ကို ကော်ဖီသောက်ပါဦး"

ယွန်းဝတီကလည်း ကြည်နူးမျက်နှာဖြင့်။

ကျွန်တော် အဝေခွဲရခက်လှသည်။

ညက ယွန်းဝတီကို သူ့ဖခင် မိခင်က ရိုက်နှက်သည်ဆိုလျှင် ဒဏ်ရာဒဏ်ရာချက်ရှိရမည်။ သူတို့သားအမိ မျက်နှာများတွင် အဆင်မပြေမှုများတွေ့ရှိရမည်။ ယခုမူ ဘာမျှဖြစ်ထားဟန်မရှိ။

ဒေါ်သူဇာအား ဈေးထဲမှမိတ်ဆွေတစ်ဦးက ဈေးဆိုင်ကိစ္စအတွက်လာခေါ်သွားချိန်တွင် ကျွန်တော် ယွန်းဝတီနှင့် လွတ်လွတ်လပ်လပ် စကားပြောခွင့်ရသည်။

"ယွန်းဝတီ ညက အိပ်ပျော်ရဲ့လား"

"ပျော်တာပေါ့။ အိပ်ပျော်လို့ အိပ်မက်ထဲမှာတောင် အစ်ကို့ကိုတွေ့ရသေးတယ်"

"အစ်ကိုတော့ ညက လုံးဝမအိပ်ခဲ့ရဘူး"

"ဟင် ဘာဖြစ်လို့"

"ညက အလုပ်တွေ တစ်ညလုံးလုပ်နေခဲ့ရတယ်လေ"

ကျွန်တော်က စကားကိုရှောင်လွှဲဖြေရသည်။

"ဒါကြောင့် အစ်ကို့မျက်နှာချောင်နေပါတယ်လို့ ထင်တာ။ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါအစ်ကိုရယ်"

"ကျန်းမာရေးကိုတော့ မပူပါနဲ့။ အစ်ကိုက ခေါင်ခေါင်မြည်ပါ။ ခြောက်ပါနဲ့ ယွန်းဝတီတို့အိမ်မှာက ယွန်းဝတီနဲ့ရွယ်တူ မိန်းကလေးတွေဘာတွေ မရှိဘူးလား"

"မရှိဘူးအစ်ကို။ ဘာဖြစ်လို့လဲ"

"ဘာမျှ မဖြစ်ပါဘူး။ ယွန်းဝတီ ညအိပ်တော့အဖော်တွေ ဘာတွေရှိလားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေနဲ့မေမေက တစ်ခန်း၊ ယွန်းဝတီက တစ်ခန်းအိပ်ကြတယ်အစ်ကို။ ဒေါ်ခွေးမတို့လင်မယားက ခြံထဲကအိမ်ကလေးမှာ နေကြတာ။ အစ်ကို မေးတာ အကြောင်းရှိလို့လား"

"ဟာ မရှိပါဘူး။ မရှိပါဘူး"

"ဘာလဲ၊ အစ်ကိုက ညဘက်အလုပ်ကနေ ယွန်းဝတီအိမ်လာလည်မလို့ လား"

"မဟုတ်ပါဘူး ယွန်းဝတီ။ ဒီအတိုင်း မေးကြည့်တာပါ"

ယွန်းဝတီမှလွဲ၍ အခြားရွယ်တူမိန်းကလေးမရှိဟုလည်း ဆိုသည်။ အလုပ်သမားများကလည်း တစ္ဆေမလေးကို မြင်ခဲ့ကြသည်ဟုဆိုသည်။ အဘယ်ကြောင့်နည်း။

ယင်းသည် ကွဲလွဲချက်လား။ ထပ်တူကျခြင်းလား။

ယွန်းဝတီတို့အိမ်မှာ တစ္ဆေရှိနေသည်လား။

ယွန်းဝတီကို နှုတ်ဆက်၍ပြန်လာသည်ထိ ကျွန်တော့်ရင်ထဲမရှင်းပေ။

"ဆရာ ဘာမှ အငှားမပြုပါဘူး ဆရာရယ်"

ကိုဝိန်က စကားစသည်။

"ခင်ဗျား ဘယ်သူနဲ့ တွေ့ခဲ့တာလဲ"

ကျွန်တော်က သိချင်စောဖြင့် မေးခွန်းစထုတ်သည်။

"ဒေါ်ခွေးမကို တွေ့တာ။ ဈေးထဲမှာ တွေ့တော့ မျက်မှန်းတန်းမိနေတာ နဲ့အတော်ပါပဲ။ စကားရောဖောရောလုပ်ပြီး အငှားပြုကြည့်တယ်။ သူတို့အိမ်မှာ ယွန်းဝတီရယ်၊ ဦးထွန်းပေါ်ရယ်၊ ဒေါ်သူဇာရယ်ပဲ ရှိကြတယ်တဲ့။ ဆွေမျိုးဘာ ညာဘယ်သူမှ မရှိဘူးတဲ့"

"ကိုဝိန်ကမေးတာကို သူကအမှန်အတိုင်း ဖြေတယ်လို့ထင်လား"

"အမှန်အတိုင်း ဖြေပုံပါပဲ။ ဒေါ်ခွေးမက ရိုးသားပုံပေါ်ပါတယ်"

"ခင်ဗျားတစ္ဆေအကြောင်း စကားစမကြည့်ဘူးလား"

"စကြည့်တာပေါ့ ဆရာရယ်။ အငှားမပြုဘဲ ဘယ်နေပါ့မလဲ"



"အဲဒီတော့"

"အဲဒါတော့ ဒေါ်ခွေးမက နည်းနည်းလန့်သွားပုံရတယ်ဆရာရဲ့။ အငှားပြု တယ်တဲ့။ တခြားသူတွေပြောတာလည်း ကြားဖူးတယ်တဲ့။ သူတို့ကတော့ ဘာမှုမတွေ့ဘူး မကြားဘူးလို့ပြောတာပဲ။ သူပြောတာတော့ အငှားပြုပုံပါပဲ"

ကျွန်တော်က လက်မခံချင်။

"သူတို့အိမ်က တစ္ဆေခြောက်တာကို တခြားလူတွေမြင်ရ၊ တွေ့ရ၊ ကြားရ တယ်ဆိုရင် သူတို့မတွေ့ဘူး၊ မကြားဘူးဆိုတာ ဘယ်ဖြစ်နိုင်မလဲကိုဝိန်ရဲ့"

"အင်း၊ အဲဒါတော့ အငှားပြုစရာပဲ"

ကျွန်တော်ပင့်သက်ချလိုက်သည်။

"စိတ်ဝင်စားစရာ ကောင်းနေသလို၊ စိတ်လှုပ်ရှားစရာလည်း ကောင်း တယ်ဗျာ။ ကိုဝိန်၊ ဒီမှာကျွန်တော်ထင်တာကတော့ လျှို့ဝှက်ချက်တစ်ခုခု ရှိနေပုံပဲ"

"ဘယ်လို လျှို့ဝှက်ချက်လဲဆရာ"

"အတိအကျတော့ ဘယ်ပြောနိုင်မလဲ။ ကျွန်တော်ထင်တာပြောတာ"

"ယွန်းဝတီနဲ့ အငှားပြုလို့လား"

"အဲဒါလည်း မသေချာဘူး"

"ဆရာ ဘာလုပ်ချင်လဲ"

"စုံစမ်းချင်တယ်"

"ဘယ်လို အငှားပြုမှာလဲ"

"သူတို့ ရွှေသရဖူမြို့ကြီးနားကို ညကျရင် ခင်ဗျားရဲ့ကျွန်တော်သွားကြ ခယ်"

"ဗုဒ္ဓေါ"

ညက တိတ်ဆိတ်လွန်းလှသည်။

ဆန်းစလကွေးကွေးက မဝံ့မရဲထွက်ပြူစပင် ရှိသေး၏။ အလင်းရောင် ထိန်ထိန် မကြဲဖြန့်နိုင်ရှာ။



www.burmeseclassic.com

www.burmeseclassic.com

သစ်ကြီးဝါးကြီးများက ပင်ချင်းယှက်နေသဖြင့် အမှောင်ကိုပို၍ ထူထဲပိတ်ဆို့သွားသလို ရှိနေသည်။ လမ်းကိုပင်မမြင်ရ။

အဝေးမှခွေးအူသံက ရှည်လျားစွာပေါ်ထွက်လာသည်နှင့် ကိုပိန်က ကျွန်ုပ်၏လက်မောင်းကို ဖမ်းဆုပ်သည်။ သူ ကြောက်နေပုံရသည်။

ကျွန်ုပ်တော်သည်လူ့ဘဝတွင် တစ်ကြိမ်တစ်ခါမျှ တစ္ဆေသရဲကိုမမြင်ဖူးခဲ့။ အခြောက်လည်းမခံရဖူးခဲ့။ ပြီးတော့ ကျွန်ုပ်တော်က သိပ္ပံသမားဖြစ်သည်လေ။ မြင်တွေ့သည်ကိုသာ ယုံချင်သည်။ တစ်ဆင့်ပြောဖြင့် လက်မခံတတ်။

ကျွန်ုပ်တော့်အာရုံ ကျက်စားရာက ဗုဒ္ဓမွှသာ။ ကံတရားကိုယုံ၏။ ကောင်းမှုမကောင်းမှု၏ အကျိုးဆက်ကိုယုံ၏။ အင်းအိုင်၊ လက်ဖွဲ့၊ မန္တန်တို့ကို မယုံကြည်။ အားမကိုး။ အလုပ်ကောင်းလျှင် ကံကောင်းသည်။ မကောင်းမှုကို ရှောင်ရမည်။ ကောင်းမှုကိုဆောင်ရမည်။ စိတ်ကိုဖြူစင်အောင် ထားရမည်။ ဗုဒ္ဓအလိုကျ ကျွန်ုပ်တော်နေပါသည်။

"ဆရာ"

"ဘာလဲ ကိုပိန်"

"ကျွန်ုပ်တော့်ရင်တွေ အရမ်းအဝှာပြုနေပြီဆရာ"

"မကြောက်ပါနဲ့ဗျာ။ ကျွန်ုပ်တော် ပါပါတယ်"

"ခဏပဲ နေမယ်နော် ဆရာ"

ကျွန်ုပ်တော်တို့နှစ်ဦး ရွှေသရဖူမြို့ကြီးနားသို့ ကပ်လိုက်ကြသည်။ မြို့ဝင်းကြီးကကျယ်၍ မည်းမှောင်တိတ်ဆိတ်နေပြီ။ နှစ်ထပ်တိုက်အိမ်ကြီးက အမှောင်ထဲတွင် ငုတ်တုတ်ထိုင်နေသည့်သို့ပင်။

အိမ်တွင်းမှာ မီးရောင်မှိန်မှိန်လေးရှိနေ၏။

ဆံပင်ဖားလျားနှင့် တစ္ဆေမဘယ်မှာလဲ။

"ကိုပိန် ခြံထဲဝင်ကြည့်ကြမလား"

"ဟာ မဝင်ပါနဲ့ဆရာ။ တော်ကြာ သူ့ဒိုးအထင်ခံရပြီး အဝှာပြုနေလိမ့်မယ်"



မြစည်းရိုးအပြင် တစ်နေရာတွင်ရပ်နေပြီး အချိန်အနည်းငယ်အကြာမှာပင် –

"အား အီး အီး"

အော်ညည်းသံတစ်ခု အိမ်ကြီးဆီမှပေါ်ထွက်လာကာ ညဉ့်ယံကို ထိုးဖောက်သွားသည်။ ရွှေသရဖူမြို့ကြီးကကျယ်ဝန်းပြီး မြို့ပြင်အထွက်မှာ တည်ရှိ၍ အခြားအိမ်များ၊ မြို့များနှင့်ဝေးသောကြောင့် အခြားသူများကတော့ ကြားချင်မှကြားလိမ့်မည်။

ကျွန်ုပ်တော့်ရင်ခုန်သွားသည်။ ဘာသံလဲ။ ဘယ်သူအော်တာလဲ။ ဘာဖြစ်လို့လဲ။

"ကြားလား ဆရာ"

"ကြားတယ် ကိုပိန်"

ဤအသံကိုကြားသောမှ အမှတ်မထင်ဖြတ်သွားသူတို့သည် တစ္ဆေခြောက်သည်ဟု ဆိုကြခြင်းဖြစ်ဟန်ရှိ၏။

"ဟော ဟိုမှာ ဆရာ တစ္ဆေ တစ္ဆေ"

ကိုပိန်က ကျွန်ုပ်တော့်ကို လက်ကုတ်ပြီး ပြောသည်။

ကျွန်ုပ်တော် တွေ့ပါသည်။

လသာဆောင်၌ရိပ်ခနဲ ပေါ်ထွက်လာသောသဏ္ဍာန်တစ်ခု။ ညအမှောင်ဆန်းစလခြမ်း လရောင်ပါးဖျော့ဖျော့အောက်မှာ ပေါ်လာသည့်သဏ္ဍာန်။ ဆံပင်ဖားလျားနှင့် မိန်းမငယ်တစ်ဦး၏သဏ္ဍာန်။ တစ္ဆေလား လူလား။

"တစ္ဆေမ ဆရာ၊ ကျွန် ကျွန်ုပ်တော်တို့ အဝှာပြုရအောင်"

"ဘာပြုမှာလဲဗျ"

"မြန် မြန်ကြအောင် ပြောတာ"

"နေပါဦးဗျာ"

တစ္ဆေမသည် လက်ကိုဆန့်တန်းကာ အသံတစ်ခုကိုပြုလိုက်၏။ ညည်းသံလိုလိုဖြစ်သည်။ ခန္ဓာကိုယ်ကိုလှည့်လိုက်ချိန်တွင် ဆံပင်များဝေ့ဝဲသွားကာ



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာကို လရောင်ဖျော့ဖျော့တွင် ကျွန်တော်မြင်လိုက်ရ၏။ ကြောက်စရာ သွင်ပြင်မျက်နှာတစ်ခု။

ထို့နောက် တစ္ဆေမသည်ကြမ်းပြင်ပေါ်သို့ ဘုတ်ခနဲပစ်လှဲလိုက်၏။ ပစ်လဲ သွားခြင်းလည်း ဖြစ်နိုင်၏။

"အီး ဟီး ဟီး"

ထိုတစ္ဆေမထံမှ ညည်းသံ အော်သံ ပေါ်ထွက်လာ၏။

"အု အု ဝူ"

ထိုအချိန်တွင် ရွှေသရဖူမြို့ကြီးထဲမှ ခွေးတစ်ကောင်က အူလိုက်လေရာ အဝေးတစ်နေရာဆီမှ ခွေးများကလည်းလိုက်၍ အူကြလေသဖြင့် ကြက်သီးထ ဖွယ်ဖြစ်သွားသည်။

"မြန် မြန် မြန်ကြမယ်ဆရာ"

ကိုပိန် သွေးမျက်နေလေပြီ။

ကျွန်တော်သည်မူ ဘဝင်မကျ ဝေခွဲမရဖြစ်စွာဖြင့်ရှိနေ၏။

ကျွန်တော်မြင်နေရင်းက သဏ္ဍာန်သည်တစ္ဆေလား၊ လူလား။ သူ့အော်သံကို အိမ်ရှိလူများ မကြားကြဘူးလား။ အိမ်ထဲရှိလူများ၏ သဏ္ဍာန် ကိုမတွေ့ရ၊ ဘာကြောင့်လဲ။ လူဆိုလျှင်တော့ အိမ်ထဲရှိအခြားသူများ က သည်အတိုင်းလွှတ် ထားဖွယ်မရှိ။ သို့ဆိုလျှင် တစ္ဆေလား။ တစ္ဆေခြောက် သည် ဆိုလျှင်လည်း ထိုအိမ်ရှိလူများက သိရမည်။ ဒေါ်ခွေးမက တစ္ဆေခြောက် တာမတွေ့ဘူး၊ မကြားဘူးဟု ပြောသွားသည်က ဘာကြောင့်လဲ။

"အား ဟီး ဟီး"

ထိုတစ္ဆေသဏ္ဍာန်ဆီမှ အော်သံထပ်ထွက်လာ၏။ ကြည့်ရသည်မှာ လသာ ဆောင်ကြမ်းပြင်တွင် လူးလိမ့်နေသည်ဟန်မျိုး။ ဘာဖြစ်တာလဲ။ ဒါ ခြောက် တာလား။

လူတစ်ယောက်ဝေဒနာတစ်ခုကို ခံစားရ၍အော်သံမျိုးများလားဟု ကျွန် တော်တွေးသည်။

"ဟော ဆရာ တစ္ဆေပျောက်သွားပြီ"



ကိုပိန့်အသံ။

မှန်သည်။ ကျွန်တော် အတွေးဝင်နေခိုက်မှာပင် ထိုသဏ္ဍာန်က ပျောက် သွား၏။ ဘယ်ရောက်သွားပြီလဲ။ အိမ်ထဲဝင်သွားတာလား။ ပျောက်သွားတာ လား။

အသံလည်း တိတ်နေပြန်၏။

"ကဲ ပြန်ကြရအောင်ပါ ဆရာ။ ကျွန်တော် အတွာမြုနေပြီ"

ကျွန်တော်လက်လျှော့လိုက်ရသည်။

ရွှေသရဖူမြို့ကြီးဆီမှအပြန်တွင် ကျွန်တော့်ရင်သည် ရှင်းမသွားသည့်အ ပြင်ပို၍ပင် ရှုပ်ထွေးသွားသည်။

လူလား၊ တစ္ဆေလား။

၁၁

ကျွန်တော့်၏အကြီးအကဲ ဌာနကြီးမှူး၊ အင်ဂျင်နီယာမှူးကြီးများကို မိဘအရာထား၍ ကျွန်တော်သည် ယွန်းဝတီကိုမိဘများထံမှ တောင်းရန် ရွှေသရဖူ တိုက်အိမ်ကြီးဆီသို့ ရောက်ခဲ့ရသည်။

တိုက်အိမ်ကြီးမှာ ခေတ်မီဆန်းပြားသည်ဟု မဆိုသာသော်လည်း ခံ့ညား ထည်ဝါမှုက အပြည့်ဖြစ်သည်။ ဧည့်ခန်းအတွင်း ပြင်ဆင်ထားမှုများ မှာလည်း ခေတ်မီလှ၏။

ယွန်းဝတီ၏မိဘများနှင့် ကျွန်တော်၏လူကြီးများမှာ မိတ်ဆက်ကြပြီး နောက် –

"ဒီကလေး မောင်စောသီဟက အမေတစ်ခု သားတစ်ခုနဲ့နေပြီး မိခင်ဖြစ် တဲ့သူကလည်းရန်ကုန်မှာ လတ်တလောကျန်းမာရေး မကောင်းလှတာကြောင့် ကျွန်တော်တို့ကပဲ မိဘအရာနေရာက တာဝန်ယူရောက်ရှိလာကြတာပါ။ မောင်စောသီဟရဲ့ အရည်အချင်းနဲ့ကိုယ်ကျင့်တရားကို ကျွန်တော်တို့ အာမခံနိုင်ကြပါတယ်။ ထို့အတူပဲ ဟောဒီကလူကြီးမင်းတို့ရဲ့ သမီးလေး ယွန်းဝတီအပေါ် မြတ်နိုးစုံမက်မှုကလည်း စိတ်ရင်းအမှန်ဖြစ်ပါတယ်။ သူတို့လှ ယေိချင်းလည်း မေတ္တာမျှနေကြတာမို့ သူတို့နှစ်ဦးကို မိဘတို့ဝတ္တရားရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း လက်ထပ်ထိမ်းမြားပေးဖို့ ကျွန်တော်တို့က ကမ်းလှမ်းတောင်းဆိုရတာပါ''

အင်ဂျင်နီယာမှူးကြီး ဦးသိန်းဝင်းက တည်ငြိမ်စွာပြောသည်။

ကျွန်တော်က ယွန်းဝတီကို လှမ်းကြည့်သည်။ ကျွန်တော်နှင့် အကြည့်ချင်းဆုံပြီး ယွန်းဝတီမျက်လွှာချသွားသည်။

ယွန်းဝတီ၏ဖခင် ဦးထွန်းပေါ်နှင့်မိခင်ဒေါ်သူဇာတို့သည်လည်း အကြည့်ချင်းဆုံနေကြသည်။ မျက်လုံးချင်း စကားပြောနေကြသည်။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ –

''လူကြီးမင်းတို့ အခုလိုလူကြီးလူကောင်းပီသစွာ မိသားဖသားပီပီ လာတောင်းရမ်းတာကို ကျွန်တော်တို့ဂုဏ်ယူပါတယ်။ မောင်စောသီဟကိုလည်း ကြည့်တာနဲ့ သဘောကျဖွယ်ရှိတာ အကဲခတ်မိပါတယ်။ သမီးနဲ့လူငယ်ချင်း မေတ္တာမျှနေပြီဆိုတော့လည်း ပြောစရာမရှိသလောက်ပါပဲ''

ဦးထွန်းပေါ်က စကားစသည်။

ကျွန်တော့်ရင်မှာခုန်နေ၏။ လူကြီးတွေ သဘောမတူမှာကို ကျွန်တော်ကြောက်ခဲ့သလို ယွန်းဝတီကလည်း ကြောက်နေသည်မှာ အမှန်ဖြစ်၏။ ယွန်းဝတီအိမ်သို့ လာတောင်းမည်ဟု ကျွန်တော်ပြောစဉ်က ယွန်းဝတီ အကျောက်အကန်ငြင်းခဲ့သေးသည်။ ဖေဖေတို့က သဘောမတူရင် ဘယ်လိုလုပ်မလဲ။ အခုလိုကမှ အစ်ကိုနဲ့ယွန်းဝတီတွေ့နေ၊ မြင်နေ၊ ချစ်နေခွင့်ရသေးတယ်ဟု ယွန်းဝတီပူပန်စွာ ပြောခဲ့သည်။

''မိဘတွေဆီမှာ မိသားဖသားပီပီ တောင်းရမ်းတာကို ဘယ်မိဘမှျသဘောမကျစရာ မရှိနိုင်ပါဘူး။ ယွန်းဝတီနဲ့ အစ်ကို့အကြောင်းကို ယွန်းဝတီမေမေက သိနေတာပဲ။ ဘာမျှမှ မပြောတာ''

''ဖေဖေက ရှိသေးတယ်လေ အစ်ကိုရဲ့''

''ယွန်းဝတီဖေဖေကလည်း ယွန်းဝတီကို သိပ်ချစ်တာကိုး''

''အင်းလေ''

''အဲဒါဆို ဘာသဘောမတူစရာရှိသလဲ။ ယွန်းဝတီရယ် အစ်ကိုလို



အချစ်ကြီးတဲ့ အင်ဂျင်နီယာအကောင်းစားလေးကို ယွန်းဝတီမိဘတွေ ငြင်းမှာမဟုတ်တာသေချာပါတယ်''

''အစ်ကိုလိပ်မျိုး။ သူ့ဘာသာအထင်ကြီးလိုက်တာ''

ယခုလည်း ဦးထွန်းပေါ်၏စကားက ခက်ထန်မှုမပါ။ ဆန့်ကျင်အငြင်းသဘောများမပါဟု ကျွန်တော်ကတွေးမိပြီး ယွန်းဝတီကိုအားတက်စွာကြည့်မိ၏။ ယွန်းဝတီမျက်နှာလည်း ပြုံးရိပ်ပြုံးယောင်နှင့် ရှက်သွေးပန်းနုတို့ ရောယှက်ခက်ဖြာလျက်။

''ဒါပေမဲ့''

ယွန်းဝတီ၏မိခင် ဒေါ်သူဇာကဝင်ပြောသည်။

''ဒါပေမဲ့'' ဟူသောစကားဆက်မှာ ရှေ့ကစဉ်ခဲ့ပြီးသောအဓိပ္ပာယ်များနှင့်ဆန့်ကျင်ဘက် စကားများကို သယ်လာတော့မည်ဖြစ်ကြောင်း အတွေးဝင်လာသဖြင့် ကျွန်တော်အထိတ်တလန့်ဖြစ်သွားသည်။

ကျွန်တော့်ဘက်က လူကြီးများလည်း မျက်နှာပျက်သွားကြသည်။

ယွန်းဝတီဆိုလျှင် ဆိုဖွယ်ရာမရှိတော့။

''ကျွန်မတို့မှာလည်း ဒီသမီးလေးတစ်ယောက်တည်းရှိတာမို့ အသည်းတုန် အူတုန်ချစ်နေကြရတာပါ။ ဒီသမီးလေးကို ကျွန်မတို့ရင်ခွင်ကနေပြီး ဘယ်ကိုမှ ထွက်ခွင့်မပြုနိုင်ပါဘူး''

ဒေါ်သူဇာ့စကား။

ပြောသူမှာလည်း မျက်ရည်တွေနှင့်။

ပြောပြီးသည်နှင့် ရှိုက်ကြီးတငင်ငိုကြွေးကာ ဒေါ်သူဇာအတွင်းသို့ ပြေးဝင်သွားတော့သည်။

ကျွန်တော်နားမလည်နိုင်တော့။ လုံးဝနားမလည်နိုင်တော့။

ကျွန်တော့်ဘက်မှ လူကြီးများက သားသမီးကိုမိဘချစ်သည်မှန်သော်လည်း လောကသဘာဝကို ငြင်းဆန်၍မရနိုင်ကြောင်း ကလေးများ၏မေတ္တာတရားကို အလေးထားသင့်ကြောင်း ထပ်မံပြောဆိုပါသော်လည်း အရာမထင်တော့။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်သဘောကလည်း ကျွန်တော့်ဇနီးနဲ့ထပ်တူထပ်မျှပါပဲ။ ဒီသဘောထားကို ပြောင်းနိုင်မှာမဟုတ်တဲ့အတွက် တောင်းပန်ပါတယ်"

ဦးထွန်းပေါ်ကလည်း ကြေကွဲသံကြီးနှင့်ပြောသည်။

မင်္ဂလာပွဲသည် မင်္ဂလာမဖြစ်နိုင်တော့ပါ။

အိမ်ထဲသို့ငို၍ ပြေးဝင်သွားသော ယွန်းဝတီကိုကြည့်ရင်း နာကျင်ဆွတ်ပျံ့သော ဝေဒနာတို့ဖြင့် ကျွန်တော်ကျောက်ရုပ်ဖြစ်သွားခဲ့ရသည်။

"ကဲ ပြန်ကြရအောင် သီဟစောရေ။ တို့ အောင်မြင်စွာဆုတ်ခွာကြရအောင်"

အဖြစ်အပျက်ကို ကိုပိန်အပါအဝင် ကျွန်တော့်ဘက်မှ မိတ်ဆွေများအားလုံး နားမလည်နိုင်ဖြစ်ခဲ့ကြရသည်။

"ဒါ အတ္တကြီးတာပဲဆရာ။ ဒီလို အဓ္ဓာပြုတာမျိုး တစ်ခါမှမကြားဖူးဘူး"

"ဟုတ်တယ် ဆရာ။ မိဘက သားသမီးကို ချစ်လို့ အိမ်ထောင်ချမပေးနိုင်ဘူးဆိုတာက အဓိပ္ပာယ်မရှိတာပဲ"

"ဆရာ လက်မလျှော့နဲ့ဆရာ။ ဆရာချစ်သူနဲ့ တွေ့ပြီးတိုင်ပင်ပါ။ ဖြစ်နိုင်ရင် ခိုးပြေးဆရာ။ နောက်ပြဿနာ နောက်မှရှင်း"

အမျိုးမျိုး ဝေဖန်ကြ အကြံပြုကြသည်။

ကျွန်တော်သည်လည်း ယွန်းဝတီကို မစွန့်လွှတ်နိုင်။ ထို့ကြောင့် တမ္ပဒီပရှိ ယွန်းဝတီတို့၏ ရွှေသရဖူဆိုင်သို့ လိုက်သွားသည်။ မယုံနိုင်စရာ။ ဆိုင်ကို ပိတ်ထားသည်။

"ဒေါ်သုဇာပြောစကားအရဆိုရင်တော့ ဆိုင်ကို အတော်ကြာကြာပိတ်ထားဦးမယ့် ပုံပဲ"

ဘေးဆိုင်မှ ကျွန်တော့်ကို မျက်မှန်းတန်းမိနေသူ ဒေါ်စိန်ဥက ကျွန်တော့်ကို ပြောပြသည်။

"ဆရာ အဲဒါ အဓ္ဓာပြုတာပဲ။ ယွန်းဝတီကို တခြားကိုများပို့လိုက်မှာလားမသိဘူး။ အဲဒါဆိုရင် ဆရာတော့ အဓ္ဓာပြုပြီ"



"ကိုပိန်"

"ဗျာ ဆရာ"

"ခင်ဗျား ဒေါ်ခွေးမတို့နဲ့ ဆက်သွယ်လို့ရအောင်ကြိုးစားဗျာ။ ဒေါ်ထွေးမကိုစည်းရုံးပြီး ယွန်းဝတီကိုခိုးဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ"

"သိပ် အဓ္ဓာပြုတဲ့ ဆုံးဖြတ်ချက်ပဲဆရာ"

သို့ဖြင့်

ယွန်းဝတီကို ခိုးယူရေး စီမံကိန်းကို ကျွန်တော်ရေးဆွဲရပါတော့သည်။

ဟိုတစ်ခါကလိုပင် ညသည် ဆုတ်ခွာသွားသောလ၏ အကြွင်းအကျန်အရောင်ဖြင့်သာ မှုန်ဝါးဝါး မှိုင်းညို့ညို့ရှိနေ၏။

ရွှေသရဖူမြို့ကြီးဆီသို့ ဒုတိယအကြိမ်မြောက် ညဥ့်နက်သန်းခေါင် ချဉ်းကပ်လာရသည်မှာ ယခင်အကြိမ်ကထက်လည်း ပို၍ရင်ခုန်စရာကောင်းနေသည်။

ယခင်တစ်ခါကလို တရွှေကို မကြောက်။

ယွန်းဝတီကိုခိုးယူရေး အစီအစဉ်များလွဲမှာကိုသာ ကြောက်ရသည်။

"ကိုပိန်၊ ခင်ဗျား ဒေါ်ခွေးမကို သေသေချာချာပေးလိုက်တာနော်"

"ဟုတ်ကဲ့"

"ယွန်းဝတီလက်ထဲကို ထည့်ဖို့ရော သေသေချာချာ မှာလိုက်ရဲ့လား"

"မှာလိုက်ပါတယ်"

"ဒေါ်ခွေးမကရော ကူညီဖို့ သေချာရဲ့လား"

"အဓ္ဓာပြုပါတယ်ဆရာရဲ့။ မပူပါနဲ့"

"ခင်ဗျားကသာမပူပါနဲ့ ပြောနေတာ။ ကျွန်တော်ကတော့ ရင်ဘတ်ကိုမီးမြိုက်ခံနေရသလိုပဲ"

"ဟော ဘာသံလဲဆရာ"

ဆွဲဆွဲငင်ငင်အူသော ခွေးအူသံများနှင့် တစ်ဆက်တည်းလိုလိုပင် ယခင်တစ်ခါကကဲ့သို့ ရွှေသရဖူတိုက်အိမ်ကြီးအတွင်းမှ အော်ဟစ်ညည်းညူသံ သဲ့သဲ့ကို ကြားရသည်။ ငိုသံလား။ အော်သံလား။ ညည်းသံလား။ ဘာဖြစ်နေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com

"အရင်တစ်ခါ အသံမျိုး ဆရာ"

"ယွန်းဝတီ နိုးရာလိုက်မယ့်ကိစ္စကိုသိလို့ ဒေါ်သူဇာတို့က ရိုက်နှက်နေတာများလား"

"မဖြစ်နိုင်ဘူးဆရာ။ ဆူသံ၊ ပူသံ၊ ရိုက်သံ၊ နှက်သံ ဘာမျှအငှာမပြုပါဘူး"

"ချိန်းထားတဲ့အချိန် ကျော်နေပြီဗျ"

"ဟော ဟိုမှာ ဟိုမှာ"

"ဘယ်မှာလဲ"

"လေသာဆောင်မှာ ဆရာ"

ဟုတ်ပါသည်။ လေသာဆောင်တွင် အရိပ်သဏ္ဌာန်တစ်ခု။

အရင်လိုပါပဲ။ ဆံပင်ဖားလျားနှင့် မိန်းမသဏ္ဌာန်။

"ဒါ အရင်တစ်ခါတွေ့တဲ့ တစ္ဆေမပဲ။ ယွန်းဝတီမဟုတ်ဘူး"

"အီး ဟီး ဟီး"

"ဟော အော်နေတယ် ဆရာ"

"ကျွန်တော်တို့ ဖြိုထဲဝင်ရအောင်"

"ကြောက် ကြောက်တယ်ဆရာ"

"လာပါဗျာ ခင်ဗျားကလဲ။ ယောကျ်ားမဟုတ်တဲ့ အတိုင်းပဲ"

"ဆရာ ဟိုမှာကြည့်ပါဦး။ တစ္ဆေ ဝရန်တာလက်ရန်းပေါ်တက်နေပြီ"

"အား"

အဖြစ်အပျက်က မြန်သည်။ ထင်မှတ်မထားသည်များ ရုတ်ခြည်းဖြစ်သွားခြင်းဖြစ်သည်။ ဆံပင်ဖားလျားနှင့်တစ္ဆေမသည် ဝရန်တာလက်ရန်းပေါ်တက်ခြင်းမဟုတ်ဘဲ။ တစ်စုံတစ်ရာကို ခံစားရသလို ပြင်းစွာအော်ဟစ်လဲကျရာမှ အရှိန်လွန်၍ မြေပြင်ပေါ်ပြုတ်ကျခြင်း ဖြစ်သည်။

"ဒါ တစ္ဆေမဖြစ်နိုင်ပါဘူး"

ကိုပိန့် ထင်မြင်ချက်။

"သမီး သမီး"

"သမီး ယွန်းဝတီ"



တစ်အိမ်လုံး ပွက်ပွက်ညံသွားသောအသံများ။

ကျွန်တော့်တစ်ကိုယ်လုံး မီးတောင်ထဲပြုတ်ကျသွားသလို ခံစားရပြီး အသိမဲ့စွာ ခြံတွင်းတိုးဝင်၍ ရွှေသရဖူတိုက်အိမ်ကြီးဆီသို့ ပြေးသွားမိသည်။

မြင်လိုက်ရသည့်မြင်ကွင်းကား ချောက်ချားဖွယ် တုန်လှုပ်ဖွယ်။

မယုံနိုင်ဖွယ်။ လုံးဝမယုံကြည့်နိုင်ဖွယ်။

❁

ကျွန်တော်တို့ ရေပေးဝေရေး စီမံကိန်းကိုရောက်ရောက်လာပြီး ကျန်းမာရေးပြုစုစောင့်ရှောက်ပေးသည့် မြို့နယ်ဆရာဝန်ကြီး ဦးသုတက–

"ကျွန်တော် ဦးထွန်းပေါ်တို့ကို အကြံပြုဖူးတယ်။ စိတ်ကျန်းမာရေးဆေးရုံမှာသွားပြဖို့လေ။ ကျွန်တော်အကြံပြုတဲ့အတိုင်း သူတို့သွားပြပြီး ကုသဖူးတယ်။ မထူးခြားဘူး။ တစ်မြို့လုံးဘယ်သူမျှမသိအောင် သူတို့ကလျှို့ဝှက်ထားတာ။ မသိလည်း မသိနိုင်ဘူးလေ။ ယွန်းဝတီက နေ့ဘက်မှာလုံးဝအကောင်းပဲ။ ညရောက်ရင် အသိစိတ်ပျောက်သွားတယ်။ ရုပ်ဆင်းပျက်သွားတယ်။ ဝေဒနာတစ်ခုခုခံစားရသလို လူးလှိမ့်အော်ဟစ်နေရတယ်။ တစ်ခါတစ်ခါ ငြိမ်တယ်။ တစ်ခါတစ်ခါ အသည်းအသန်ဖြစ်တယ်။ ဆေးဝါးတွေစုံနေသလို အင်္ဂလိပ်၊မြန်မာ ဆေးဆရာတွေလည်း စုံနေပုံပါပဲ။ ကောင်းမလာဘူး။ ဒီရောဂါမျိုး ကျွန်တော်လည်း မမြင်ဖူးဘူး။ မကြားဖူးဘူး။ ဝဋ်နာကံနာလို့ပဲ ပြောရမလားမသိဘူး။ ကိုစောသီဟနဲ့ နိုးရာလိုက်ဖို့ချိန်းထားတာ နေ့လယ်ဘက်မှာ သူ့အသိရှိနေတယ်။ သိနေတယ်။ ဒါပေမဲ့ မိုးချုပ်တော့အသိပျောက်သွားပြီး ခါတိုင်းလိုဖြစ်လာတယ်။ နာကျင်တဲ့ဝေဒနာကြောင့် လဲအကျမှာ ဝရန်တာကနေပြုတ်ကျတာပဲ။ သူ့မိဘတွေက ညစဉ်ခံစားနေရတဲ့ သမီးကြောင့် စိတ်သောက ရောက်နေခဲ့ရတာ။ မရတဲ့အဆုံး လွှတ်ထားခဲ့ရတဲ့ သဘောပဲ။ ကိုစောသီဟနဲ့ လက်ထပ်မပေးတာလည်း အဲဒါကြောင့်နေမှာပါ။ ဒီအကြောင်းတွေကို တကယ်တော့ ကျွန်တော်လည်းလျှို့ဝှက်ထားခဲ့တာပါ။ ဗုဒ္ဓ ကိုစောသီဟ သိသင့်တယ်ထင်လို့" ပြောပြသည်။

ကျွန်တော် အံ့သြမဆုံးနိုင်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့စီပံကိန်း တည်နေရာနှင့်မလှမ်းမကမ်းရှိ တောင်ထွတ်တစ်ခု ပေါ်သို့ ယွန်းဝတီအလွမ်းပြေ ကျွန်တော်ရောက်သွားပြီး ဘုရားဖူးဆုတောင်း စဉ် ပုတီးစိပ်နေသည့် ဝတ်ဖြူစင်ကြယ်နှင့်အဘိုးအိုက–

"ငါ့မြေး ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်ဆိုတဲ့ ဘုံတွေအကြောင်း ကြားဖူးတယ်မဟုတ်လား။ အဲဒီထဲက အသူရကာယ်ဆိုတာ နေ့ခံ၊ ညခံရတယ် လို့လည်း ကြားဖူးတယ်မဟုတ်လား။ နေ့ဘက်မှာ လူကောင်းတွေလိုပဲနေနိုင် ပြီး၊ ညဘက်ကျမှ ငရဲကိုခံရတာမျိုးလေ။ ရှေးဘဝကရှိခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုတွေရဲ့ အကျိုးဆက်ပေါ့။ အင်း၊ ငါ့မြေးရဲ့ချစ်သူဟာ ညဘက်မှာ အသိလည်းပျောက်၊ရုပ်ရည်တွေလည်းပြောင်း၊ ဘာမှန်းမသိတဲ့ ဝေဒနာတွေကို အလူးအလဲခံစားရတာဟာ အဲဒီကသူရကာယ်လိုမျိုးများ ဖြစ်နေမလားလို့ စဉ်းစားစရာပဲ" ဟု ဆိုလေသည်။

အဘိုးအိုဏ်စကားကို ကျွန်တော် မငြင်းဆန်နိုင်သလို ယွန်းဝတီကိုချစ် သည့်စိတ်ဖြင့် လက်မခံလိုပါ။

ဆရာဝန်ကြီးဏ်စကား။ အဘိုးအိုဏ်စကားတို့က သိပ္ပံရှုထောင့်၊ ဝိဇ္ဇာရှု ထောင့်များမှ ရှုမြင်သုံးသပ်မှုများဖြစ်သည်။ စဉ်းစားချင့်ချိန်ဖွယ်ရာလည်း ဖြစ်သည်။ ကျွန်တော် မဆုံးဖြတ်တတ်။

လောကမှာ ကျွန်တော်မသိသည့်အရာတွေ အများကြီးပါလားဟုသော အသိရရှိလာသည်မှတစ်ပါး ကျွန်တော် မပြောတတ်။

ကျွန်တော်ပြောတတ်သည်မှာမူ ကျွန်တော့်ချစ်သူ တစ္ဆေမလေးအား တစ်သက်လုံး ကျွန်တော်လွမ်းနေမည်ဖြစ်ကြောင်း တစ်ခုတည်းသာ။

၁





www.burmeseclassic.com

# နှ နှ ဘာဝလော

ထိုအခိုက်မှာပင် ထွန်းရှင်၏ခန္ဓာကိုယ်ကြီး မှ အိတိသာသာကြီး တဆတ်ဆတ်နှင့် လှုပ်နေသည် ကို အားလုံးပင်မျက်ဝါး ထင်ထင်မြင်ကြရလေ သတည်း။

ကြွက်သိုးက ဖကျွန် (ဖဲကျွန်)တစ်ယောက်ဖြစ်လေ၏။ ဖကျွန်ဆိုတာ ဖဲဝိုင်း တစ်ဝိုင်းဖြစ်မြောက်ရေးအတွက် လူစုပေးရခြင်း။ ဖဲဝိုင်းတကာနောက် တကောက်ကောက်လိုက်၍ ဖဲဝိုင်းသူကဖော်ကြောနောက်ကြောများတက်လျှင် နှိပ်နယ်၍ အကြောပြေပေးရခြင်း။ ဖဲသမားများအတွက် အရက်လိုလျှင် အရက်၊ ဆေးလိပ်လိုလျှင်ဆေးလိပ် အချိန်တော်တော် မတော်တော် ရှာဖွေဝယ်ခြမ်းပေးရခြင်းစသည့် ဖဲသမားများ၏ ဝေယျာဝစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးရလေသည်။ ထိုသို့လုပ်ကိုင်ပေးတိုင်း နိုင်နေသောဖဲသမားများက ကြွက်သိုးကို အော်နာဟုခေါ်သည့် သဒ္ဓါကြေးငွေစကြေးစကလေးများကို ခွန့်ကြပေးကာမ်းကြလေသည်။ ထို့ကြောင့် ဖဲဝိုင်းတစ်ဝိုင်းအဆုံးသတ်သည့်အချိန်တွင် အချို့က အိတ်ကြီးဖောင်း၍ အချို့ကဆေးလိပ်ဖိုး၊ ကွမ်းဖိုးပြန်တောင်းရသည်အထိ မြူခါပြာခါကျတတ်ကြသော်လည်း ကြွက်သိုးကတော့ ဘာမြွေမပျက်။ လေကလေးတချွန်ချွန်နှဲ့ အိမ်အပြန်လှခဲ့သည်ချည်းသာ။ ရွာထဲတွင် ချိန်းဝိုင်းအသုံ ဘာအိမ်ရှိနေသရွေ့ ကြွက်သိုးစုပ်မှန်နေမည်သာ။ ကိုတောကျော်၏ ထန်းရည်တဲတွင် နံကားသည်အထိ အချိန်မှန်မှန်ပင် ထန်းရည်သောက်နေမည်သာ ဖြစ်ပါသည်။ သည်ကနေ့လည်း နံနက်စောစောစီးစီးပင် ထန်းရည်ချိုကလေး ကျိုက်ချင်သည့်ကြွက်သိုး ကိုတောကျော်၏ ထန်းရည်တဲဆီသို့ ခြေဦးလှည့်လိုက်မိသည်။



"ဟေ့ကြွက်သိုး၊ ငါကွာ မင်းကိုတစ်ရွာလုံးနှံ့အောင် လိုက်ရှာနေတာ ဖတ်ဖတ်ကိုမောနေပြီ။ ရွာတောင်ပိုင်းက အရီးလေးသန်းတင်အိမ်မှာ ကီစွပေါ် လို့ပေ့ာ။ အရီးလေးကမင်းကိုရှာပေးပါလို့ ငါ့ကိုခိုင်းလိုက်လို့ကွ"

ကီစွပေါ်လို့ဟူသော စံခင်၏အသံစကားကို ကြွက်သိုးကောင်းကောင်း သဘောပေါက်သည်။ လူတစ်ယောက် လူ့ပြည်မှထွက်ခွာသွားပြန်ပြီပေါ့။

"ဟေ့ ဘယ်တုတုံးကွ၊ သူတို့အိမ်မှာ မကျန်းမာတဲ့လူလဲ တစ်ယောက် မှမရှိပါဘူး။ အားလုံးဒေါင်ဒေါင်မြည်ပဲ"

ကြွက်သိုး... ဟာဖုံတဩကြီးဖြစ်ပြီး မေးချလိုက်သည်။

"ထွန်းရှင်ရယ်ပေါ့ကွာ။ မနေ့က ညနေတုန်းက တွင်းထဲမှာစွားသွားတောက်တယ်။ ရွာပြန်အဝင် သချိုင်းကုန်းကုက္ကိုပင်ကြီးအောက်က အတိုကောင် (မြွေဟွေး) အကိုက်ခံလိုက်ရတယ်။ အရီးလေးလည်း လှည်းတစ်တန်၊ လှေတစ်တန်၊ ကားတစ်တန်နဲ့ပို့ရမယ့် ဆေးရုံကိုမပို့တော့ပဲ ရှမ်းတဲကြီးရွာက မြွေဆရာဆရာလှကိုပင့်ပြီးကုတာ မြွေဆိပ်မကျဘဲ သည်မနက်မှာဆုံးသတဲ့။ လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ မင်းကိုအခေါ်ခိုင်းလိုက်တာဘဲ"

စံခင်က အတိုချုပ်ကာရှင်းပြမှပင် ကြွက်သိုးတတ်ရည်လည်သွား ရတော့သည်။

ကြွက်သိုး အရီးလေးတို့အိမ်သို့ ရောက်သွားသောအခါ အရီးလေးကငိုယိုပြီး ထွန်းရှင်၏အဖြစ်ဆိုးကို ပြောပြနေပြန်သည်။

"အဲသလိုကွ ကြွက်သိုးရဲ့။ ခုတော့ သားလေးရဲ့ကီစွမြေမကျမီ လုပ်သင့်တာလုပ်ဖို့ မင်းကိုအရီးလေး အကူအညီတောင်းရတာပဲ"

ရွာတွင် နာရေးကိစ္စများပေါ်ပေါက်လာတိုင်း ကြွက်သိုးမပါလျှင်မပြီးချေ။ သေသူကို ရေမိုးချိုးသန့်ရှင်းရေးလုပ်ပေးပြီး အလောင်းပြင်ပေးရသည့်အလုပ်ကို ကြွက်သိုးနှင့် ကိုနက်တူတို့ကသာ မညည်းမညူ ဒိုင်ခံလုပ်ပေးလေ့ရှိသည် မဟုတ်ပါလား။

"အင်း ကျွန်တော် ကိုနက်တူကြီးကို ပြေးခေါ်လိုက်ဦးမယ် အရီးလေး"

ပြောပြောဆိုဆို ကြွက်သိုးထိုင်ရာကထပြီး နက်တူကိုအခေါ်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

အဆင်သင့်တွေ့သဖြင့် နှစ်ယောက်သား အရီးလေးတို့အိမ်သို့ ရောက်လာကြပြန်သည်။ အရီးလေးထံမှ လိုအပ်သမျှပစ္စည်းပစ္စယတို့ကို တောင်းယူပြီး ထွန်းရှင်ကို ကျကျနနရေမိုးချိုးပေးသည်။ ပြီးလျှင် ခြေမခြေမချင်း အဝ်ချည်ကြိုးနှင့် ပူးချည်ပေးလိုက်သည်။ ရှပ်အင်္ကျီကိုလည်း နောက်ပြန်ဝတ်ပေးကာ ကျောဘက်တွင်ကြယ်သီးတပ်ပေးလိုက်ကြသည်။ ထို့နောက် ထွန်းရှင်အသက်ပျောက်ခဲ့သော သက်ပျောက်ဖျာပေါ်တွင် သက်ပျောက်ခေါင်းအုံးကိုချကာ ပက်လက်အနေအထားဖြင့် အလောင်းပြင်ပေးလိုက်တော့သည်။

''အရီးလေး၊ ဗိုင်းအစပ်မှာပဲဖြစ်ဖြစ် ဗိုင်းအပြင်မှာပဲဖြစ်ဖြစ် အလောင်းစင်ထိုးပြီး ကျွန်တော်ရွှေ့ပေးမယ်''

ယခု ထွန်းခင်ကို ယာယီပြင်ဆင်ပေးထားသောနေရာမှာ အိမ်ပေါ်တွင်ဖြစ်ပြီး ခန်းဆီးနားတွင်ကပ်ကာ ပြင်ပေးထားသဖြင့် ဖဲဗိုင်းများနှင့်လွတ်သော်လည်း တောထုံးစံအရ အနည်းဆုံးငါးရက်ခန့်ထားလျှင် အနံ့အသက်များထွက်လာတတ်ပြီး ယင်ကြီးများအုံလာတတ်သည်။ ထို့ပြင် သတင်းလာမေးသော ဧည့်သည်အတွက် အနံ့အသက်က အနှောင့်အယှက်ဖြစ်လာတတ်သည်။ ဧည့်သည်အတွက် ရေနွေးကြမ်းနှင့်လက်ဖက် တည်ခင်းဧည့်ခံသည်ဆိုပါစို့။ လက်ဖက်ခေါင်းပုပ်နံ့နှင့် အလောင်းကောင်မှထွက်လာသော အပုပ်နံ့မှာရောရောထွေးထွေးဖြစ်ပြီး အော်ဂလီဆန် အန်ချင်လာတတ်သည်။ ထို့ကြောင့် ယာယီအလောင်းပြင်ထားသောအိမ်ပေါ်မှ မြေထဲရှိအလောင်းစင်ပေါ်သို့ရွှေ့ရန် ကိုနက်တူက ပြောနေခြင်းပင်ဖြစ်သည်။

''ဟော့အေး မရွှေ့တော့ပါဘူးကွယ်၊ သားလေးနေရမယ့် ရက်ကလေးအတွင်း အိမ်ပေါ်မှာပဲ အရီးလေးတို့နဲ့အတူ နေပါစေကွယ်။ အမလေး သားလေးရေ သားလိမ္မာလေးရဲ့ အမေသားကိုမပစ်ရက်ဘူး ဟီး''

အရီးလေးက ပြောရင်းကငိုချလိုက်ပြန်သည်။ အသုဘရှင်ကာမှ ဆန္ဒမရှိတော့ ကိုနက်တူဆင်ခြေပေးနေ၍ အပိုပဲဖြစ်ပေမည်။ ထို့ကြောင့် ကိုနက်တူက အဓိပ္ပာယ်ပါပါနှင့် ကြွက်နီကိုမော့ကြည့်လိုက်သည်။ ကြွက်သိုးကလည်း အကင်းပါးသူပီပီ အရီးလေးဘက်သို့ လှည့်ကာ –



''ဒါဆို ပုလင်းနဲ့ပိုက်ဆံပေး။ ကျွန်တော် ရေနံဆီသွားဝယ်လိုက်မယ်''

ဟု ပြောလိုက်သည်။ တောတွင်အသုဘဖြစ်ပါက ဆွေမျိုးစုံအောင်စောင့်ပြီး သဂြိုဟ်လေ့ရှိကြသဖြင့် အနည်းဆုံးငါးရက်ထားတတ်ကြသည်။ ငါးရက်ဆိုသောကာလအတွင်း လူသေကောင်၏ဝမ်းတွင်း ကလီစာများမှာ ပိုးထိုးလောက်ကိုက်သဖြင့် ပုပ်ပွပြီး၊ အရည်များယိုစီးကျတတ်လေရာ အသုဘလာပို့သူများ၊ ဧည့်သည်များမှာ နှာခေါင်းတရှုံ့ရှုံ့ဖြင့် အလွန်ကျုံခြေမျက်ကြရသည်။ ထို့ကြောင့် ပိုးရွများသေစေရန်လည်းကောင်း၊ ရေနံဆီ၏အနံ့ဖြင့် အပုပ်နံ့အား ဖုံးသွားစေရန်လည်းကောင်း သေသူ၏ဝမ်းတွင်းသို့ ဝင်နိုင်သမျှဝင်အောင် လှုပ်၍လှုပ်၍ ရေနံဆီကိုပါးစပ်မှ လောင်းထည့်ကြသည်မှာလည်း တောဓလေ့ တစ်ခုပင်ဖြစ်ပါသည်။ ဒါကို နားလည်ပြီးဖြစ်သော အရီးလေးက မဆိုင်းမတွပင် ရေနံဆီပုလင်းနှင့် ရေနံဆီဖိုးကို ကြွက်သိုးအားပေးလိုက်ပါတော့သည်။

''ဟကောင်ရ မင့်ရေနံက ပုလင်းမပြည့်ပါလားကွ''

ရေနံဆီပုလင်းကို ကိုင်ကာအိမ်ပေါ်သို့ တက်လာသောကြွက်သိုးကို ကိုနက်တူက ဆီးမေးလိုက်သည်။

''ဟာ ရေနံဆီမဟုတ်ဘူးဗျ ပြဒါး ပြဒါး။ ကျွန်တော် ရေနံဝယ်မလို့ အသွားလမ်းမှာ အဂ္ဂိရတ်ထိုးတဲ့ အဘဦးဖိုးလူနဲ့ သွားတွေ့တယ်။ အဘက မေးလို့ ကျွန်တော်အကျိုးအကြောင်းပြောပြလိုက်တော့ အဘက ရေနံထက် အပုပ်ကို ပိုနိုင်တာက ပြဒါးတဲ့။ ဘယ်အသေကောင်က ထွက်လာတဲ့အပုပ်ရည်ပဲဖြစ်ဖြစ် ပြဒါးကကုန်အောင်စားပစ်နိုင်တယ်။ လာ လာ ငါနဲ့လိုက်ခဲ့ဆိုပြီး အိမ်ကိုခေါ်သွားတယ်။ ပြီးတော့ ပုလင်းထဲကို ပြဒါးအရည်တွေထည့်ပေးလိုက်တာဗျ''

ကြွက်သိုးကရှင်းပြမှပင် ကိုနက်တူသဘောပေါက်သွားတော့သည်။ အမှန်ပင်ပြဒါးဆိုက ပိုကောင်းသည်မို့ ကိုနက်တူစကားမရှည်တော့ဘဲ ကြွက်သိုးလက်ထဲက ပုလင်းကိုဆွဲယူလိုက်သည်။ မေးစေ့နေသော ထွန်းရှင်၏အလောင်းအနီးသွားပြီး စတီးဇွန်းနှင့် ပါးစပ်ထဲကိုဖြဲထည့်ကာ ပြဒါးရည်များကုန်အောင်လောင်းထည့် လိုက်တော့သည်။ ပြဒါးများ ထွန်းရှင်၏ဝမ်းထဲသို့လျှော



www.burmeseclassic.com

www.burmeseclassic.com

သွားသောအခါပြန်မစေ့သော ထွန်းရှင်၏ပါးစပ်အား ကိုနက်တူကသူ၏လက်ဖနောင့်ဖြင့် တွန်းပင့်ကာ ပြန်စေ့ပေးလိုက်ပြန်သည်။

"ကဲ အရိုးလေး အားလုံးအဆင်ပြေသွားပြီ။ ကျွန်တော်တို့ ပြန်ဦးမယ်။ ညကျမှ တစ်ခေါက်ထပ်လာတော့မယ်"

"အေး အေး ခြော် ကြွက်သိုး။ ဝိုင်းထိုင်မယ့်လူတွေကို သွားနှိုးဆော်လိုက်ဦးနော်။ ရော့ရော့ မင်းတို့ထန်းရည်ဝယ်သောက်ကြ"

အရိုးလေးအိမ်မှ နှစ်ယောက်သားဆင်းလာကြပြီး မြေဦးကို ကိုတောကျော် ထန်းရည်တဲသို့ ဦးတည်လိုက်ကြပါတော့သည်။

ကိုနက်တူနှင့် ကြွက်သိုးတို့၏ အထူးပြုလုပ်ချက်များကြောင့် ထွန်းရှင်၏အလောင်းမှ မဆိုစလောက်သော ညှီရှုရအနံ့ကလေးမှတစ်ပါး ဆိုးဆိုးဝါးဝါး အနံ့မထွက်ခဲ့ပါပေ။ ထို့ကြောင့် အလောင်းနံသော အိမ်ရှေ့ခန်းတွင်ပင် သုံးရက်သုံးညတိုင်တိုင် ဖဲဝိုင်းများခြိမ့်ခြိမ့်သဲ ရိုက်ခဲ့ကြသော်လည်း အလောင်းကြီးကို သတိမမူ့မြင်ဆိုသကဲ့သို့ ဖုတ်လေသည့်ငါးပိ ရှိလေသည်ဟူ၍ပင် သတိမပြုမိခဲ့ကြပါပေ။ ထွန်းရှင်မှာ အသက်ရှင်စဉ်က အလွန်ရိုးသားပြီး အေးအေးဆေးဆေး သောလယ်သမားကလေး ဖြစ်ခဲ့သည်။ လူကြီးရောဂါဖြင့် သေဆုံးခဲ့သော ဖခင်ကြီး၏နေရာတွင်ဝင်၍ အရက်မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်၊ မိန်းမမယူဘဲ မိခင်ကြီးအား လုပ်ကျွေးပြုစုခဲ့လေသည်။ သူ၏အစ်ကိုအစ်မများ အိမ်ထောင်ရက်သား အသီးသီးကျသွားကြသော်လည်း သူကမူရည်းစားသနာ ပင်မရှိခဲ့ပါပေ။ ထို့ကြောင့် ထွန်းရှင်ပိုးထိ၍ မမျှော်လင့်ဘဲ ဆုံးပါးသွားသော အခါ ဆွေမျိုးညီအစ်ကို မောင်နှမအားလုံးက အားတက်သရော ဝိုင်းဝန်း လုပ်ကိုင်ပေးကြလေသည်။ သင်္ကန်းလှူမည့်သူ၊ ဝတ္ထုကပ်မည့်သူ၊ အကျွေးအမွေးတွင် ကူငွေပါမည့်သူစသည်ဖြင့် များပြားလှရကား ထွန်းရှင်အဖို့ သေပန်းပွင့်သည်ဟုပင် ပြောရမလောက်ဖြစ်တော့သည်။

"အိမ်း ငါကတော့ ငါ့တူအတွက် ဆိုင်းတာဝန်ယူမယ်ကွာ။ အသုဘချတဲ့နေ့မှာ ချိုင်းတောင်ဝတ္တိ မျောက်မင်းအူသံတို့တီးပြီးချတော့ လွမ်းစရာကြီးပေါ့"



ထွန်းရှင်၏ဦးကြီးဦးမြိုင်က မျက်ရည်စမ်းစမ်း စမ်းစမ်းဖြင့်ပြောရှာသည်။ တောခလေ့အစဉ်မှာလည်း ထိုကဲ့သို့ အရွယ်ရောက်သောအသုဘများတွင် မာတ်စက်(သို့မဟုတ်) ဆိုင်းထည့်တတ်ကြသည်။ ထို့ကြောင့် ဦးမြိုင်ကခရမ်းမြို့သို့တက်ကာ ဆိုင်းကိုမရမကရှာပြီး လှည်းတစ်တန်၊ လှေတစ်တန်ဖြင့် သူတို့နေထိုင်ရာ ထန်းသုံးပင်ရွာသို့ ငှားရမ်းခေါ်ယူလာခဲ့သည်။ ဆိုင်းရောက်သည့်နေ့ကလည်း ကွက်တိပင်။ လေးရက်မြောက် ညနေချမ်းကလေးမှာဖြစ်သည်။ အသုဘအိမ်တွင်ပင် တစ်ညတာ အိပ်စက်အနားယူကာ နောက်တစ်နေ့တွင် တီးရန်ဖြစ်တော့သည်။ ဆိုင်းသမားများက ရေမိုးချိုးစားသောက်ပြီး အိမ်ရှေ့ကနားဖျင်းဖျာကြမ်းများပေါ်တွင် သူတို့၏ဗုံတိုပတ်စများကို နေရာချကြသည်။ ညချမ်းရောက်သောအခါ အိမ်ပေါ်ရှိကိုးမီးဝိုင်း။ တန်လက်ဝိုင်းများအနီးသို့ ချဉ်းကပ်ကာ ကြားပေါက် (အေးမှထိုးသည်) ပေါက်ကြသည်။ သန်းခေါင်ချိန်နီးသောအခါ နောက်တစ်နေ့တွင် ဆိုင်းတီးကြရမည်ဖြစ်သဖြင့် ဖျာကြမ်းများပေါ်တွင် ပိုးလိုးပက်လက်အိပ်စက်ကုန်ကြတော့သည်။ သူတို့အထဲမှကလေးမကျလူကြီးမကျ အသက်ဆယ့်သုံးလေးနှစ်သား ကောင်လေးတစ်ယောက်သာ မအိပ်ချင်သေးသောကြောင့် လင်းကွင်းတစ်ခြမ်းကိုယူကာ သစ်သားတုတ်ကလေးနှင့် တစ်ဖြန်းဖြန်းခေါက်နေလေ၏။ ညဉ့်နက်လာသည်နှင့်အမျှ ဖဲဝိုင်းများမှာ ရှုံးသူရောနိုင်သူပါ ထပြန်ကုန်ကြသဖြင့် ချိုကြီး၊ သန်းညွန့်၊ ကုလားတို့၏ ပိုကာဝိုင်းကလေးသာ အိမ်စောင့်အဖြစ် အသက်ရှည်လျက်ရှိတော့သည်။ ဖကျွန်ကြွက်သိုးကတော့ ထုံးစံအတိုင်းပင် ဖဲနိုင်နေသော ချိုကြီး၏ဖက်ကြောကိုလှ့ာ..ရင်း ဖဲချပ်များကို ငေးမောကြည့်ရှုနေလေသည်။

"ထွန်းရှင်က ပိုးထိတာဆိုတော့ အစိမ်းသေပေါ့နော်"

ဘေးထိုင်ဘိုင်ကျပြီး အိမ်သို့မပြန်နိုင်သေးသော စံခင်ကောက်ကာင်ကာ ဆိုသလို ပြောလိုက်သည်။

"အေးပေါ့ အဲဒါဘာဖြစ်လို့လဲ။ မင်းက အသည်းငယ်နေပြီလား"

သန်းညွန့်က ဝင်မလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြောက်လို့မဟုတ်ပါဘူး။ တို့ငယ်ငယ်က တို့ဘကြီးပြောပြဖူးတဲ့ သရဲအကြောင်းသွားသတိရလို့ပါ"

စံခင်က လေဆက်လာပြန်သည်။

"ဒါဆိုလဲ ပြောစမ်းကွာ ငါနားထောင်ချင်တယ်"

သန်းညွန့်က ထပ်မပြန်သည်။

"ရွာတစ်ရွာမှာ အစိမ်းသေသေတဲ့ အသုဘအိမ်ပေါ့ကွာ။ အလောင်းကြီးက ခေါင်းတလားထဲမှာ ထည့်ထားပြီး အခုလိုပဲနံဘေးမှာဖဲ ထိုင်ရိုက်ကြသတဲ့။ အဲဒီအချိန်မှာပဲ ကြောင်တစ်ကောင်က အခေါင်းကိုခုန်ကျော်လိုက်တော့ ငနဲက ငေါက်ခနဲထလိုက်သတဲ့"

"အလကား ရှိုးနေတာပါကွာ။ ပုံပြင်တွေပါ။ သေတဲ့လူက ထထိုင်ဖို့နေနေ သာသာ လှုပ်တောင်မလှုပ်နိုင်ပါဘူးကွာ။ ယုံတဲ့ကောင် ရူးနေတာပဲဖြစ်ရမယ်"

စံခင်၏စကားကို အရက်မူးနေသောကုလားက လှောင်လိုက်သည်။

"နောက်ရှိသေးတယ်ကွ။ အဲဒါကလဲ အစိမ်းသေပဲ။ အလောင်းကြီးက ခေါင်းထဲမှာ။ အသုဘမချရသေးဘူး။ အိမ်စောင့်ဝိုင်းတွေဘာတွေလည်း မရှိဘူး။ အားလုံးအိပ်နေကြသတဲ့။ အဲသည်မှာတင်ပဲ ငနဲကြီးကအခေါင်းထဲက ထွက်လာပြီး ခုလိုနောက်တစ်နေ့ အသုဘချမယ့်နေ့မှာတီးမယ့် ဆိုင်းဝိုင်းဆရာကို လက်ခွဲပုတ်နှိုးပြီး ဆိုင်းတီးခိုင်းသတဲ့။ အိပ်မှုန်စုံမွှားထလာတဲ့ ဆိုင်းဆရာက ငနဲကြီးကိုကြည့်ပြီး သေးဖြန်းဖြန်းပါအောင် ကြောက်နေတော့တယ်ဆိုပဲ။ ကြောက်ကြောက်နဲ့ တစ်ညလုံးဆိုင်းတီးပေးနေရတယ်။ ငနဲကြီးကလည်း ကွေးနေအောင်ကသတဲ့။ နောက်ဆုံး ဆိုင်းဆရာကလက်ပန်းကျပြီး မတီးနိုင်တော့လို့ ဆတ်ခနဲထပြေးတော့ ငနဲကြီးက ဆိုင်းဆရာနောက်ကအပြေးလိုက်"

"တော် တော် သည်ပုံပြင်ကရိုးနေပါပြီကွာ။ နောက်ထပ် သည့်ထက်ကြောက်စရာကောင်းတာရှိရင် ပြောဦး"

သန်းညွန့် ဆက်မပြန်သည်။ ထိုအချိန်တွင် ရွာလယ်လောက်ဆီမှ ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင်အူချလိုက်သည်။ တစ်ရွာလုံးရှိခွေးများကပါ လိုက်အူကြသဖြင့် တိတ်ဆိတ်နေသောညသည် ချောက်ချားဖွယ်ဖြစ်လာ၏။ ဖကျွန်



ကြွက်သိုးခမျာ ဆံပင်မွေးများထောင်လာသည်အထိ ကြောက်လာသည်။ အသုဘအိမ်တကာ လိုက်သော်လည်း သရဲကိုတော့ ကြွက်သိုးအသေကြောက်သည်။ ယခုမှ ပို၍ကြောက်လာသည်က ထွန်းရှင်၏အလောင်းကိုဖြစ်သည်။ ထွန်းရှင်က အစိမ်းသေပြီးတော့ ဖဲဝိုင်းနံဘေးတွင်စန့်စန့်ကြီး ကြွက်သိုးက ထွန်းရှင်၏အလောင်းရှိရာသို့ ဝေ့ခနဲမျက်စေ့ရောက်သွားမိသည်။ ထိုအခိုက် ထွန်းရှင်၏ ခန္ဓာကိုယ်ကြီးမှာ တဆတ်ဆတ်လှုပ်သွားသည်ဟု သူ့စိတ်ထဲက ထင်လိုက်မိသည်။ ကြွက်သိုး၏တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားကာ ကြွက်သီးမွေးညင်းများပင် ထလာသည်။ အိပ်ရေးပျက်လို့ အမြင်မှားတာလား။ သို့တည်း မဟုတ် ကြောင်သွားတာလား။ ဘာပဲဖြစ်ဖြစ် ထွန်းရှင်၏ခန္ဓာကိုယ်ကြီးကို ကြွက်သိုးမကြည့်ရဲတော့။

"မင်းတို့ကလဲကွာ အာရုံနောက်စရာတွေပြောနေကြပြန်ပြီ။ ဖဲမှားပစ်မိလို့ လျော်ရအောင်လုပ်နေကြတာလား။ တိတ်ကြစမ်းကွာ၊ မတိတ်ရင်အိပ်ကြ"

ချိုကြီးက သူတို့ကိုပြောလိုက်သည်။

"ကဲ တိတ်ဆိုလည်းတိတ်ပါ့မယ် ကိုယ့်လူရာ။ ဒါပေမဲ့ ဟိုအိမ်ရှေ့က လင်းကွင်းကို တချမ်းချမ်းတီးနေတဲ့ကောင်လေးကိုတော့ မင်းတိတ်ခိုင်းလို့ရမှာ မဟုတ်ဘူး"

စံခင်က အာမဘာနွှေခံလိုက်သည်။

"ဟုတ်ပဲ့ကွာ။ သည့်ကောင်နှယ် အိပ်ရေးအပျက်ခံပြီး တချမ်းချမ်းလုပ်နေတယ်။ မျက်လုည့်ဝိုင်းထဲမှာ လင်းကွင်းတီးခဲ့ဖူးသလားတောင် မသိဘူး"

ချိုကြီးက ပြောလိုက်ပြန်သည်။ ကြွက်သိုးကမကြည့်ပါဘူးဟု စိတ်တွင်းထားသည့်ကြားမှပင် ထွန်းရှင်၏ ခန္ဓာကိုယ်ကြီးကို ကြည့်ချင်လာပြန်သည်။ ထို့ကြောင့် မရဲတရဲနှင့် ဖွေ့ခနဲဝေ့ကြည့်လိုက်မိပြန်၏။

"ဟာ လှုပ်တယ်ဟေ့၊ တဆတ်ဆတ်နဲ့လှုပ်တယ်"

ကြွက်သိုး၏အသံက လွှတ်ခနဲထွက်သွားသည်။

"လာပြန်ပြီတစ်ယောက်။ အရင်းမရှိအဖျားမရှိ ဘာလှုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ချိုကြီးက သူ့ဇက်ပိုးကိုနှိပ်နေသော ကြွက်သိုးကို သမင်လည်ပြန်ကြည့်ပြီး မေးလိုက်သည်။

"ထွန်းရှင်ကိုယ်ကြီးလွှပ်နေတယ်ကွ"

"အရှုးတစ်ယောက် လာပြန်ပြီ။ အသေကောင်ကြီးက ဘယ်ကဇွတ်ဝင်ပြီး လှုပ်နိုင်မှာလဲ"

သည်တစ်ခါတော့ သန်းညွှန့်က အတည်ပြောလိုက်ခြင်းဖြစ်သည်။

"ငါ့မျက်စိနဲ့ တပ်အပ်မြင်ပာကွ။ မင်းတို့လဲ သေသေချာချာကြည့်ပါလား"

ကြွက်သိုးက သူ့ကို အရူးဟုပြောသည်ကို မခံချင်တော့။ ထို့ကြောင့် ထွန်းရှင်ကိုကြည့်ဖို့ ပြောလိုက်သည်။ အားလုံးက ထွန်းရှင်၏ခန္ဓာကိုယ်ကြီးဆီသို့ အာရုံရောက်သွားကြလေ၏။ ထိုအခိုက်မှာပင် ထွန်းရှင်၏ခန္ဓာကိုယ်ကြီးမှာ သိသိသာသာကြီး တဆတ်ဆတ်နှင့် လှုပ်နေသည်ကို အားလုံးမျက်ဝါးထင်ထင်မြင်ကြရလေသတည်း။

"အေးဟ လှုပ် လှုပ်"

မည်သူမျှ စကားကိုဆုံးအောင်ပင် မပြောနိုင်ကြတော့ဘဲ အိမ်ပေါ်မှ ဝုန်းဝုန်းဒိုင်းဒိုင်း ခုန်ဆင်းထွက်ပြေးကြလေ၏။ လူခြေတိတ်လုသော ညကြီးမင်းကြီးအချိန်တွင် သူတို့၏ရုန်းရင်းဆန်ခတ်ပြေးလွှားသံများကြောင့် အိမ်နီးဝန်းကျင်တွင် ထိတ်လန့်တကြားဖြစ်ကာ နိုးလာကြသည်။ အသုဘအိမ်ရှေ့သို့လည်း တစ်စုတစ်ဝေးကြီးရောက်လာခဲ့ကြပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

"ဘယ်လိုဖြစ်တာလဲ မသန်းတင်"

ရွာလူကြီးဦးသူတော်က အိမ်ရှင်ဖြစ်သူရီးလေးသန်းတင်ကို အကျိုးအကြောင်းမေးသည်။

"သိဘူးတော့ ဦးသူတော်၊ ကျွန်မတို့လဲ အိပ်ရေးပျက်တဲ့ညတွေများတာနဲ့ အိပ်ပျော်သွားတယ်။ အသံတွေကြားလို့ ထကြည့်လိုက်တော့ တစ်ယောက်မျှ မတွေ့တော့ဘူး"



ရီးလေးသန်းတင်က အဖြစ်မှန်ကို မသိကြောင်းဝန်ခံချက်ပေးလိုက်သဖြင့် ဦးသူတော်က ထိုလူစုကို ရှာဖွေခေါ်ယူခဲ့ဖို့ လူငယ်တစ်ဦးကို စေခိုင်းလိုက်သည်။ ကြွက်သိုးတို့အုပ်စု ကုပ်ကုပ် ကုပ်ကုပ်နှင့် ပြန်ရောက်လာသောအခါ ဦးသူတော်က သူတို့ကိုမာန်မဲလိုက်သည်။

"အိမ်စောင့်ထားခဲ့ပါတယ်ဆို ရန်ဖြစ်ပြီးဆူညံနေသလားကွ ဟင်"

ဦးသူတော် ဒေါသထွက်နေသဖြင့် အားလုံးခေါင်းငုံ့နေကြသည်။

"ဟို ရန်ဖြစ်တာမဟုတ်ပါဘူး။ ကြောက်ပြီးထွက်ပြေးကြတာပါ"

ချိုကြီးက ဦးဆောင်ပြီး ထွန်းရှင်၏အလောင်းကောင်ကြီး လှုပ်လာကြောင်းပြောပြလိုက်သည်။

"ဘာကွ၊ အသက်ထွက်သွားပြီးတဲ့လူက လှုပ်တယ်။ ဟုတ်လား။ ကြားမကြားဖူးပေါင်ကွာ။ သေပြီးလို့ ဝိညာဉ်ကင်းနေတဲ့ကိုယ်ထဲကို ဘယ်အသက်က ဝင်လာပြန်လို့ လှုပ်ရတာလဲ။ ခု သေသေချာချာထပ်ကြည့်စမ်း။ တုတ်တုတ်တောင်မလှုပ်ဘူး။ မူးရင်မူးနေတယ်ပြော ရူးကြောင်မူးကြောင်တော့ မလုပ်နဲ့"

ဦးသူတော်က ဟောက်လိုက်ပြန်သည်။

"ဟုတ်လိမ့်မယ် ကိုသူတော်ရဲ့၊ သူတို့ပြောတာဖြစ်နိုင်တယ်ဗျ"

လူအုပ်ထဲတွင်ရောက်နေသော ဦးဖိုးလှုကဝင်ပြောလိုက်သည်။

"ဘာဗျ ခင်ဗျားကမကြီးမငယ်နဲ့ မီးလောင်ရာလေပင့်လုပ်နေပြန်ပြီ။ ဟိုမှာ မမြင်ဘူးလားတောင့်တောင့်ကြီး"

ဦးသူတော်၏ဒေါသက ဦးဖိုးလှုထံ ကူးသွားသည်။

"ဒေါသကိုလျှော့ပါဦး ကိုသူတော်။ ကျုပ်ထင်တာမလွဲဘူးဆိုရင် ကလေးတွေပြောတာမှန်ပါလိမ့်မယ်။ ကျုပ်သက်သေပြပါ့မယ်၊ ရမ်းသမ်းပြီးမပြောပါဘူး။ ကဲ တော့ကြွက်သိုး ဆိုင်းဗိုင်းထဲက လင်းကွင်းကိုငါ့ဆီယူခဲ့ကွာ"

ဦးဖိုးလှု ဘာဆိုလိုသည်ကို လူစုကြီးကသဘောမပေါက်သေးချေ။ ကြွက်သိုးကတော့ လင်းကွင်းကိုသွားယူချလာသည်။ ဦးဖိုးလှုက -

"ကဲ ခင်ဗျားတို့အားလုံး၊ ထွန်းရှင်ကို ကြည့်နေကြ ကျုပ်လုပ်ပြမယ်။ သေသေချာချာကြည့်နေနော်"



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုပြီး လင်းကွင်းကြီးကို အားရပါးရတခွိမ်းခွိမ်းတီးချလိုက်တော့သည်။ ထိုအခါ ထွန်းရှင်၏ခန္ဓာကိုယ်ကြီးမှာ –

ဆတ်ခနဲ ဆတ်ခနဲနေအောင်လှုပ်၏။ ဦးဖိုးလူက အတီးရပ်လိုက်သောအခါ ထွန်းရှင်ကအလှုပ်ရပ်သွားသည်။ ဦးဖိုးလူက တီးပြန်သောအခါ ထွန်းရှင်က လှုပ်ပြန်သည်။ စည်းချက်နှင့်ကနေသည့်နှယ် –

"ဟာ လှုပ်တယ်ဟေ့ လှုပ်တယ်"

လူတစ်စုလုံးပင် အံ့ဩစွာရေရွတ်ကုန်ကြသည်။ သို့သော် လူအများနှင့်မို့ ကြောက်ပြီးတော့ မပြေးကြ။

"အဲဒါကြောင့်ဗျ။ အသုဘအိမ်က တစ်ညလုံးတချန်းချန်း ခေါက်နေတဲ့ လင်းကွင်းသံကြားပြီး ကျုပ်မျက်လုံးကြောင်နေတာ။ အိပ်လို့ကိုမရဘူး။ ဝုန်းဝုန်းဒိုင်းဒိုင်းအသံကြားတော့ ကျုပ်လည်းဖဲဝိုင်းကရန်ထဖြစ်တယ်ထင်ပြီး ရောက်လာတာ။ သည်ရောက်မှ ပြဿနာကတစ်မျိုးဖြစ်နေတယ်။ ပြဿနာရဲ့ အဆက်အစပ်ကို စဉ်းစားကြည့်တော့ သွားတွေ့တော့တာပေါ့။ ကျုပ်က ပြဒါးပေးလိုက်တဲ့လူလေ။ ကျုပ်ပေးလိုက်တဲ့ပြဒါးတွေက ထွန်းရှင်ရဲ့ကိုယ်ထဲမှာ။ ပြဒါးနဲ့ကြေးက မတည့်တော့ ကြေးလင်းကွင်းခေါက်တိုင်း ထွန်းရှင်ဗိုက်ထဲက ပြဒါးတထထခုန်တယ်။ ဒါကို ထွန်းရှင်ရဲ့အသက်မဲ့တဲ့ ကိုယ်ကြီးကလှုပ်တယ်လို့ ထင်ယောင်ထင်မှားဖြစ်ပြီး ထွက်ပြေးကြတော့တာပေါ့"

ဦးဖိုးလူကရှင်းပြမှ အားလုံးသဘောပေါက်ကုန်ကြတော့သည်။

"ဟုတ်ပါတယ်။ ညကြီးသန်းခေါင်မှာ အလောင်းကောင်ကြီးထလာတဲ့ ဒဏ္ဍာရီကို ကျွန်တော်ကလည်း မြိန်ရေရှက်ရေပြောမိတော့ ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဖြစ်သွားရတာပါ"

စံခင်က ဝန်ခံလိုက်သည်။

"ဒါကြောင့် ကျုပ်ကခင်ဗျားတို့ လက်တွေ့မျက်တွေ့မြင်သွားအောင် လင်းကွင်းတီးပြလိုက်တာ။ ဒါမျိုးက မမျှော်လင့်ဘဲတောရွာတွေမှာ ကြုံတတ်ပါတယ်။ ခုတော့ ဒါမျိုးမကြုံရအောင် ဆောင်ရန်ရှောင်ရန် အတွေ့အကြုံရသွားတယ်လို့ပဲ မှတ်ကြတာပေါ့။ ဟဲ ဟဲ ကျုပ်ပြန်ပြီး တစ်ရေးအိပ်ဦးမယ်ဗျာ"



ဦးဖိုးလူကပြောဆိုပြီး ထွက်သွားသောအခါ ဦးသူတော်မှာ မိမိလောကြီးပြီး ဒေါသဖြင့် ဦးဖိုးလူကိုပြောမိသော စကားအတွက် အားတုံ့အားနာဖြစ်နေမိလေသည်။ မည်သို့ဆိုစေ အစိမ်းသေပဲဖြစ်ဖြစ် အကျက်သေပဲဖြစ်ဖြစ်သေသူအဖို့တမလွန်ဘဝတွင် မိမိ၏နေရေးထိုင်ရေးအတွက် မိမိကိုယ်တိုင် သောကများပါဒများဖြင့် အရေးတကြီးရှာဖွေနေရသည်ဖြစ်ရာ ကျန်ရစ်သူများကို ခြောက်ဖို့လှန့်ဖို့ အချိန်ရရှာမည်မဟုတ်ဟု အားလုံးသောကျန်ရစ်သူတို့က ကိုယ်ချင်းစာနားလည်ပေးလျှင် ကောင်းလေစွဟု၍သာ။

၁ ပြီး

www.burmeseclassic.com

www.burmeseclassic.com

ဝင်းနက်စ်မှတ်တမ်းမှာ စံချိန်တင်ထားတဲ့

Goosebumps

တန်ဖိုး - ၁၀၀၀ ကျပ်



ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂ (၂၁) လွှာ ပထမထပ်၊

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၃၆၆၄၊ ၃၈၆၇၃၃။

# သက်ထွန်း ။ဆေးသိပ္ပံ။

## အခန်းအမှတ် (၆၉)



www.burmeseclassic.com

www.burmeseclassic.com

# အခန်းအမှတ် (၆၉)

"အခန်း (၆၉)ကို ဖိတ်လိုက်တော့ပေါ့။
ဘယ်ဧည့်သည့်မှ မတည်းစေနဲ့ ခုတင်တွေထုတ်ပြီး
ဝတ်ခန်းသလုပ်လိုက်။ သူပါ့ဖို့ရှိ ရေချိုးကန်ထဲမှာ
ရေချိုးရင်းရေနွေးသောက လေးယောက်ရှိသွားပြီ"

သူသိပ်ကို မောပန်းနွမ်းနယ်နေပါသည်။

မုန်တိုင်းတစ်ခုနီးပါး တိုက်ခတ်နေသောလေပြင်းနှင့် သဲသဲမဲမဲရွာနေသော မိုးကြောင့် ရေမြောင်းထဲလိမ့်ကျသွားသည့် ကြွက်စုတ်ပမာ သူသည်လည်း တစ်ကိုယ်လုံး ရွှဲရွှဲစိုနေပြီး ချမ်းအေးလှပါသည်။ နိုက်နိုက်တုန်ကာ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည့်ကြားမှ သူသည်ဆိုင်ကယ်ကိုကြိုးစားပြီး ထိန်းမောင်းနေရ၏။

မိုးသက်မုန်တိုင်း တိုက်ခတ်မနေလျှင်သော်လည်းကောင်း၊ တောင်ခြေရှိ နယ်စပ်မြို့ကလေးမိုင်းနောင်မှ မီးရောင်များကို လှမ်းမတွေ့ခဲ့ရလျှင်သော်လည်းကောင်း သူသည်ဆိုင်ကယ်ကို လမ်းဘေးထိုးရပ်ကာ သစ်ပင်ခြေရင်းတစ်ခုမှာ ထိုးအိပ်ပစ်လိုက်မည်သာဖြစ်၏။ သူတစ်ညနှင့်တစ်နေ့လုံးလုံး ဆိုင်ကယ်ကို မြင်းပွဲဝင်သလို တရမန်းကြမ်းမောင်းလာခဲ့ရသည်။

လမ်းမှာလည်း သုံးကြိမ်သာစားဖို့သောက်ဖို့ ရပ်တန့်ခဲ့သည်။ သို့သော် အိပ်ဖို့အချိန်မရ၊ အိပ်နေဖို့လည်း အချိန်မရှိ။ လူသတ်ဝရမ်းပြေး သူ့နောက်သို့ ရဲတွေလိုက်နေသည်။



မိုင်းနောင်မြို့သို့ရောက်လျှင်တော့ တစ်ဝက်စိတ်အေးရပေပြီ။ မိုင်းနောင်မှာ တစ်ညအိပ်ပြီး မနက်မိုးလင်း၍ ဆိုင်ကယ်နှင့် နာရီဝက် တစ်နာရီခန့် ခရီးဆက်လိုက်လျှင် တစ်ဖက်နိုင်ငံသို့ရောက်ပြီ။ လွတ်ပြီ ကျွတ်ပြီ။ သူလုသတ်ပြီး ယူလာခဲ့သော စိန်၊ ရွှေငွေ၊ ပတ္တမြားနှင့်ငွေသိန်းငါးဆယ်ကို အရင်းအနှီးပြုကာ မှောင်ခိုကုန်သည်လုပ်လိုက်ရလျှင်ဟူသော အတွေးက သူ့ကိုအနည်းငယ်တက်ကြွ လန်းဆန်းသောစေသည်။ သို့သော် –

"ဟဲ့ မောင်ကျော်၊ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်၊ နင်က ငါ့ကိုသတ်မယ်တဲ့လား။ နင်သတ်ရဲရင် သတ်လိုက်မစ်။ သေရဲတယ်ဟဲ့၊ နင့်ကိုငါရောက်ရာဘဝကနေ ဘဝဆက်တိုင်းဆက်တိုင်း လက်စားချေမယ်ဟဲ့"

သေအံ့မူးမူးတွင် ရင်ဝကိုလက်နှင့်ဖိပြီး သူ့ကိုအခဲမကျေသလိုပြောလိုက်သောအသံကို နားထဲတွင်ကြားယောင်လာသောအခါ ယောင်ယမ်းပြီး နားနှစ်ဖက်ကို လက်နှင့်ပိတ်လိုက်မိသောကြောင့် ဆိုင်ကယ်မှောက်မလို ဖြစ်သွားသည်။ အချိန်မီပြန်ထိန်းလိုက်နိုင်၍သာ၊ နို့မို့ဆိုလျှင် သူ့ကြီးတော် ကျိန်စာတိုက်ခဲ့သလို ဆိုင်ကယ်မှောက်ပြီး သေသွားနိုင်၏။

ရှိစေတော့၊ ပြီးတာတွေလည်း ပြီးခဲ့ပြီ။ ရှေ့လျှောက် ခေါင်းအေးအေးထားပြီး လုပ်သွားရန်သာ။ သူသာ ခေါင်းအေးအေးထားပြီး စဉ်းစားနိုင်ခဲ့လျှင် အခုလိုတောင် မိုင်ငါးရာကျော်ခရီးကိုဆိုင်ကယ်နှင့် ကမူးရှူးထိုးထွက်လာစရာမလို။ တကယ်တော့ မွေးစားအမေလည်းဟုတ်၊ ကြီးတော်လည်းဖြစ်သော ဒေါ်စိန်စိန်ကို သူ (သို့မဟုတ်)တစ်ယောက်ယောက်က သတ်သွားကြောင်း ခုချိန်ထိတောင် ရဲများက သိဦးမည်မဟုတ်။

သူထွက်လာတာလည်း ဘယ်သူမှမသိ။ ဒီအိမ်ကြီးမှာ ဒေါ်စိန်စိန်နှင့်သူတို့ တူဝရီးနှစ်ယောက်တည်းနေသည်ကို တစ်မြို့လုံးအသိ။ ထိုသို့နေလာခဲ့သည်မှာလည်း ကိုကိုကြီးနိုင်ငံခြားသို့ ပညာတော်သင်ထွက်သွားကတည်းကဆိုတော့ တစ်နှစ်နီးပါးရှိလေပြီ။

www.burmeseclassic.com

သူကလည်း ဆိုင်ကယ်တစ်စီးနှင့် တစ်နေကုန်ထွက်၊ ဒေါ်စိန်စိန်ကလည်း ဘုန်းကြီးကျောင်းမှာနေစဉ် ဥပုသ်စောင့်သွား။ တရားထိုင်သည်မို့ ဒီအိမ်ကြီးကို အစဉ်အမြဲလိုလို သော့ခတ်လျက်သားတွေ့နေရသည်။

သူ့ကြီးတော် မုဆိုးမကြီးဒေါ်စိန်စိန်သည် အတော့်ကိုချမ်းသာသည်။ သူ့မောင်လေးဦးညိုမောင် ရုတ်တရက်ကွယ်လွန်သွားပြီးနောက် ဒီတူကလေးကို သားရင်းကိုကိုကြီးနှင့်မခြား ပြုစုစောင့်ရှောက်ခဲ့သည်မှာ ကျော်မောင်ဆယ်နှစ်သားကတည်းကဖြစ်သည်။ ဒါပေမဲ့ သူ့အပေါင်းအသင်းများပြီး မဟုတ်တာတွေ အကုန်တတ်ခဲ့သည်။ အဆိုးဆုံးက မူးယစ်ဆေးဝါးပင်။

သည်တော့လည်း သူ့မှာအစဉ်အမြဲငွေလိုလာသည်။ အကြွေးတွေပတ်လာသည်။ သည်တော့လည်း ငွေကိုအစုလိုက်အပုံလိုက်ရနိုင်သည့် နည်းလမ်းက တစ်ခုတည်းရှိသောကြောင့် သူသည်မိုက်မဲစွာ •••

❁

သူ့ခုချိန်မှာ အလိုအပ်ဆုံးအတောင့်တမိဆုံးက အိပ်ရာတစ်ခုနှင့် ရေနွေးရသော ရေချိုးခန်းတစ်ခုသာဖြစ်၏။ ရေနွေးနွေးနှင့် ရေချိုးလိုက်ပြီး ထိုးအိပ်လိုက်ချင်သည်။ ဒါတွေကို ဖြည့်ဆည်းပေးနိုင်သည်ကလည်း မိုင်းနောင်မြို့၏ တစ်ခုတည်းသော ဟော်တယ် 'ငွေနှင်းမြူ'သာဖြစ်၏။ ညအက်တာဝန်ကျ ညွှန်ကြားရေးက သန်းခေါင်သန်းလွဲအချိန်ကြီးကျမှ ရောက်လာသောသူ့ကို အိပ်ချင်မူးတူးမော့ကြည့်ကာ –

"အခန်းတစ်ခန်းလိုချင်လို့ ဝမ်းနည်းပါတယ် ဆရာ"

"ဝမ်းနည်းပါတယ်။ အဲဒါ ဘာပြောတာလဲ"

"အခန်းတွေအားလုံး လူပြည့်နေပါပြီ"

"ဘာကွ၊ မိုင်းနောင်လို မြို့ဆီးရွာကလေးလောက်လေးမှာ ဟိုတယ်သုံးထပ်စလုံးက အခန်းတိုင်းလူပြည့်နေတာ ဘာသဘောလဲ ငါ မယုံဘူး"

"ဆုတောင်းပြည့်ဘုရားပွဲ စနေပြီလေ။ ဘုရားဖူးခရီးသည်တွေ"



သည်တော့မှ ဟိုတယ်ရှေ့တွင်ရပ်ထားသော Air - Con Bus ဘုရားဖူးယာဉ်နှစ်စီးကို သူသတိရလိုက်သည်။ သီပေါဘော်ကြီး ဘုရားပွဲပြီးလျှင် မိုင်းနောင်ဆုတောင်းပြည့်ဘုရားပွဲက ရှမ်းပြည်နယ်မှာ လူအစည်ကားဆုံးဘုရားပွဲဖြစ်လေသည်။ သူစိတ်တိုမောပန်းနေသဖြင့် ပါးစပ်ကအယုတ္တအနတ္တတွေ ထွက် သွားသည်။

"ဒါဖြင့် ငါက ဘယ်ကောက်ရိုးပုံ ဘယ်ခွေးကတက်မှာ သွားအိပ်ရမှာလဲ"

အတွေ့အကြုံနည်းသေးသော ညွှန်ကြားရေးက် သူ့ကို ကြောင်တောင်တောင်စိုက်ကြည့်နေ၏။ သူကတော့ ဒေါသနီးလျှံဝနေသော ဝင်းဝင်းတောက်မျက်လုံးများဖြင့်။

"ဘာဖြစ်နေတာလဲ အိုက်ပီ။ ဧည့်သည်ကို မချေမငံပြောနေတာလား"

ဝဲတဲတဲအသံနှင့်အတူ ညွှန်ကြားရေးဘေးသို့ အသက်ကြီးကြီးလူဝကြီးတစ်ယောက်ရောက်လာ၏။ အိုက်ပီဆိုသူက ထိတ်လန့်တကြားမော့ကြည့်ပြီး ရှမ်းစကားဖြင့် ပြန်ဖြေသည်။ သူကလည်း ရှမ်းစကားတတ်၍ ရှမ်းလိုပဲဝင်ပြောလိုက်၏။

"ကျွန်တော် နှစ်ရက်နဲ့တစ်ညလုံးလုံး တစ်မှေးမျှမအိပ်ရသေးဘဲ ဆိုင်ကယ်မောင်းလာရလို့ အလွန်ပဲမောပန်းနေပါတယ်။ ဒီရောက်တော့ အခန်းလေးတစ်ခန်းတောင်မှ မအားတော့ဘူးတဲ့"

"ကောင်းပါပြီ၊ လူကြီးမင်းရဲ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးပါ့မယ်။ အိုက်ပီ တကယ်ပဲ တစ်ခန်းမျှ မအားဘူးလား"

"အားလုံး လူရှိပါတယ်။ အခန်း (၆၉)ကလွဲလို့ပေါ့"

"အခန်း (၆၉)ကတော့ မဖြစ်ဘူးထင်တယ်"

ပိုင်ရှင်နှင့်စာရေးတို့ အပြန်အလှန်ပြောသံကို ကြား၍ သာအခါ သူဝင်ပြောလိုက်ပြန်သည်။ ဘယ်လိုအခန်းမျိုးပဲရရ သူ [illegible] ဒီတစ်ညမှာ အခန်းတစ်ခုရဖို့ အလွန်လိုအပ်နေပါသည်။ ခြေထောက်ဆန့်၍ရလျှင် အိမ်သာခန်းထဲမှာတောင် သူအိပ်ချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

''ဖြစ်ပါတယ်။ ဘယ်လိုအခန်းမျိုးပဲဖြစ်ဖြစ်ပါ။ ကျွန်တော် တည်းခိုပါရစေ''

''အခန်းက သိပ်အေးတယ်။ အလုံပိတ်ထားတာတောင် အေးလွန်းလို့ ဘယ်သူမှ မကြိုက်ကြဘူး။ ဒါကြောင့် မငှားဘဲ ပိတ်ထားတာ''

''သူတို့မကြိုက်လည်း ကျွန်တော်ကြိုက်ရင်ပြီးတာပဲ။ အခန်းခ နှစ်ဆပေးမယ်ဗျာ၊ သွားကြရို့ အိပ်ချင်လှပြီ။ ရေချိုးပြီးတာနဲ့ တန်းအိပ်တော့မယ်၊ ဒါနဲ့ ရေချိုးတော့ ဘယ်မှာချိုးရမှာလဲ။ ရေနွေးရတယ် မဟုတ်လား''

''အိပ်ခန်းနဲ့ရေချိုးခန်း တွဲလျက်ပါ။ ရေနွေးလည်း ပိုက်ဖွင့်လိုက်ရုံပါပဲ၊ ဒါပေမဲ့''

''တော်ပြီ ဒီလောက်ဆိုရင် အခန်းခသုံးဆပေးရလည်း ပေးမှာပဲ''

ကျောပိုးအိတ်ကို အလုပ်သမားတစ်ဦးထံ လှမ်းပေးလိုက်မှပဲ သူပေါ့ပါးသွားသည်။ ဒီအိတ်ထဲမှာ တစ်ထောင်တန် အုပ်ငါးဆယ်၊ လက်ဝတ်ရတနာ သိန်းနှစ်ရာဖိုးခန့်နှင့် သူ့အဝတ်အစားများပါသဖြင့် ဘယ်နေရာမှာမှ မချရဲခဲ့၊ ဒီလေးလံလှသော ကျောပိုးအိတ်ကြီးကို နှစ်ရက်နှင့်တစ်ညလုံးလုံးလွယ်ပြီး ခရီးပြင်းနှင်ခဲ့ရသည်။ ခုတော့လည်း မောပန်းလွန်း၍ အိတ်ထဲမှပစ္စည်းများကိုပင် သတိမပြုမိနိုင်တော့အောင် ဖြစ်နေ၏။

***

အခန်း (၆၉)က အပေါ်ဆုံးထပ်စင်္ကြံအဆုံးမှာ တစ်သီးတသန့်တည်ရှိသည်။ မျက်နှာချင်းဆိုင်မှာ အခန်းမရှိ၊ အနီးအနားမှာလည်း အခန်းမရှိသော ထောင့်ဆုံး အခန်းဖြစ်၏။ အခန်းကလည်း နှစ်ယောက်ခန်းစာကျယ်ဝန်းပြီး ရေချိုးခန်းပါ တွဲလျက်ပါသောအခန်းမျိုးကို လူမကြိုက်ကြသည်မှာ နည်းနည်းတော့ဆန်းနေသည်။ တစ်ချိန်က ဟိုတယ်နှင့်ပတ်သက်သူတစ်ဦးဦးနေထိုင်ခဲ့ပြီး နောက်မှသည့်သည်ခန်းလုပ်လိုက်သည်ဟု ထင်သည်။

အခန်းကိုဖွင့်လိုက်သည်နှင့် အလွန်အေးစိမ့်မှုနှင့် စွတ်စိုထိုင်းမှိုင်းမှုကို သိသိသာသာခံစားလိုက်ရ၏။ အလုံပိတ်ထားသောအခန်းထဲတွင် အပြင်ဘက်မှာထက် ပိုအေးနေသည်ကို သူနားမလည်။ ဘာ့ကြောင့်လဲ။



''ဟော့ ဒီအခန်းက အေးလှချည်လား။ ရေခဲတိုက်ထဲ ဝင်နေရသလိုပဲ''

''ဟုတ်တယ် ဆရာ၊ ဒါကြောင့်လည်း လူတွေမကြိုက်ကြတာ''

''ကိစ္စမရှိပါဘူး။ ငါ့အဖို့တော့ ရေနွေးနဲ့ရေချိုးပြီး အိပ်စရာနေရာရရင်''

''ဆရာ ရေချိုးရင် ရေပန်းနဲ့ပဲချိုးပါလို့ အကြံပေးပါရစေ''

''ဘာဖြစ်လို့လဲကွ။ ငါက ရေနွေးနဲ့ရေအေးစပ်ပြီး စိမ်နေချင်တာ''

''ဒါတော့ မသိဘူးခင်ဗျ။ ကျွန်တော်လည်း ဒီကိုရောက်တာ မကြာသေးလို့''

အလုပ်သမားလေးက ထိတ်လန့်တကြားမုံးကွယ်လိုက်သည်။ ထို့နောက် လှစ်ခနဲပြန်ထွက်သွား၏။ အခန်းထဲတွင် အနွေးဓာတ်ပေးသောစက် Heater ကိုဖွင့်ထားသော်လည်း အေးမြအေးနေဆဲပင်။

သူ့အခန်းတံခါးကိုပိတ်ပြီး ပြတင်းပေါက်ခန်းဆီးများကိုဖယ်ကာ ကြည့်လိုက်တော့ အပြင်ဘက်မှာ မည်းမှောင်နေသည်။ ခုထိ မိုးသက်လေပြင်းက မစဲသေး။ မိုးသံလေသံ တဝုန်းဝုန်းကိုကြားနေရဆဲပင်။ သူ ပြတင်းဆီမှ ပြန်လှည့်လာခဲ့ကာ ရေချိုးခန်းတံခါးကို ဖွင့်လိုက်တော့ အံ့ဩသွား၏။

ရေချိုးခန်းကြီးသည် ကျယ်ဝန်းလှ၏။ သာမန်ရေချိုးခန်းနှစ်ခန်းစာမျှ ကျယ်ပြီး ထမင်းစားခန်းတစ်ခန်းလောက်ဖြစ်သည်။ ရေချိုးခန်းထောင့်၌ မျက်နှာသစ်ရန် ကြွေကန်တစ်ခု၊ အဝတ်တန်း၊ ရေပန်း၊ ရေတိုင်ကီတို့သာမက ရေစိမ်ချိုးရန် ကြွေကန်ကြီးတစ်ခုပါရှိနေ၏။ သို့သော် ရေစိမ်ကြွေကန်ကြီးကလည်း ကြီးမားလှသည်။ သာမန်ရေစိမ်ကန်တွေထက် ပိုကြီးပြီးပိုကျယ်ပိုစောက်နက်၏။

သူရေချိုးခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ စိမ့်ခနဲဖြစ်သွား၏။ ရေချိုးခန်းထဲမှာက အိပ်ခန်းထဲမှာထက် ပိုအေးနေ၏။ သူကြက်သီးထသွားသည်။ ရေစိမ်ချိုးကန်ထိပ်ရှိ ဘုံဘိုင်ခေါင်းနှစ်ခုကို ဖွင့်လိုက်ရာ ရေပူရေနွေးရေအေးပါ ကျလာ၍ သူကျေနပ်သွားသည်။ သူစောင့်ရင်း စဉ်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com

ခုလောက်ဆိုရင်တော့ ရဲတွေအလောင်းကို တွေ့လောက်ပြီ။ ငါလူမသတ်ချင်ပါဘူး။ သူက ငါတောင်းတဲ့ဗိုက်ဆံကိုမှ မပေးပဲ။ ငါကလည်း မရတော့ဘူးလေ။ ရင်းထနေပြီ၊ ရင်တွေတလှပ်လှပ်လက်တွေတုန်။ အသာတကြည့်တောင်းတာမရလို့ လည်ပင်းညှစ်တောင်းတယ်။ အဘွားကြီးက တင်းခံနေတယ်။ မပေးဘူး။ ဒါနဲ့ရင်ဝကို ဓားထောက်တောင်းတာတောင် မရဘူး။ ငါ့စိတ်တွေ ဘယ်လိုဖောက်သွားတာလဲ။ ငါဓားကို သိပ်လိုအပ်နေပြီလေ။ ရင်းထနေပြီ။ ဒါနဲ့ငါလည်း လုပ်မိလုပ်ရာ လက်လွန်သွားတယ်။ သွေးတွေ ပန်းထွက်လာတာမြင်မှပဲ ငါမှားပြီ၊ သိပ်ကိုမှားသွားပြီ။ ဒါပေမဲ့ ငွေသိန်းနှစ်ရာကျော်။

သူရေချိုးခန်းထဲ ပြန်ဝင်တော့ ရေစိမ်ကန်ထဲမှာ ရေတစ်ဝက်ပြည့်နေပြီ။ ရေချိုးခန်းထဲရှိ မီးလုံးက ၄၀ ဝပ်အားမို့ သိပ်တော့မလင်း။ စိမ်ကန်ထဲရှိရေများသည် ပလုံစီထနေပြီး အငွေ့တထောင်းထောင်းထနေသည်။ ရေအပူအအေးကိုသိရှိရန် လက်နှိုက်စမ်းလိုက်ရာ အတော်ပဲဖြစ်သည်။ ထို့ကြောင့် ရေပိုက်ခေါင်းများကို ပိတ်လိုက်သည်။ ကန်ထဲမှ ရေတစ်ဝက်မှာ သူကန်ထဲဝင်စိမ်လိုက်သည်နှင့် ကန်ပြည့်သွားပေမည်။ ကန်ကိုအစိမ်းရောင်ကြွေနှင့်မြုလုပ်ထား၍ ရေများကပါ အစိမ်းရောင်သမ်းနေ၏။

အခန်းထဲမှာ ရေနွေးငွေ့များနှင့် ပြည့်နေပေမဲ့ ချမ်းတုန်းပင်။ သူ့ရေစိုအဝတ်အစားများကို ခပ်သွက်သွက်ချွတ်ပြီး အဝတ်တန်းမှာ လှန်းလိုက်သည်။ ရေစိမ်ကန်ထဲကို ငုံ့ကြည့်လိုက်တော့ ရုတ်တရက်လန့်သွား၏။ မျက်လုံးပြူးပြီးကြက်သီးဖြန်းဖြန်းထသွားရ၏။

ခပ်မှိန်မှိန်မီးရောင်အောက်တွင် အစိမ်းရောင်ရေများကို တွေ့ရသည်။ ထိုရေထဲရေစိမ်ကန်ကြီး၏အောက်အခြေတွင် လူတစ်ယောက် မှောက်လျက်သားကြီးရှိနေ၏။ သူကြက်သေသေပြီး အချိန်အတော်ကြာစိုက်ကြည့်နေမိသည်။ သူ သတိဝင်လာပြီး ခေါင်းကိုခါလိုက်သည်။ မျက်စိကိုခဏမှိတ်ပြီး ပြန်ဖွင့်ကြည့်လိုက်တော့ ဘာမှမရှိတော့။ မှိန်ပျပျအလင်းရောင်ထိုးသောကြောင့် ရေစိမ်ကန်အောက်ခြေတွင် ရေစိမ်ကန်နံရံတစ်ဖက်၏ အရိပ်ကိုသာတွေ့လိုက်ရသည်။ သူအရမ်းအိပ်ချင်နေပြီလေ။



ရေစိမ်ကန်ထဲသို့ သူဝင်လိုက်သောအခါ ကန်တစ်ဝက်ခန့်ရှိသော ရေတွေမြင့်တက်လာ၏။ သူသယ်တန်းတုန်းက သင်ခဲ့ရသည့်အာခီးမီးဒီစ်၏ ရေပေါ်ပေါ်ခြင်းနိယာမ (Law of Floatation) ကို သွားသတိရလိုက်သည်။ ဟီရိုဘုရင်ကြီး၏ သရဖူရွှေစစ်, မစစ်ဆိုသည့်ပြဿနာအား အာခီးမီးဒီစ်က ရေစိမ်ကန်ထဲတွင် ရေစိမ်ချိုးရင်း အဖြေရလိုက်သည်။ ထို့ကြောင့် သူအသတ်မခံရဘဲ အသက်ချမ်းသာရာခဲ့သည်။ ရေစိမ်ကန်၏ကျေးဇူး။

ရေနွေးနွေး၏ အထိအတွေ့ကြောင့် အကြောအခြင်တွေပြေပြီး အနည်းငယ် လန်းဆန်းလာ၏။ ရေမျက်နှာပြင်က သူ့လည်တိုင်အစပ်ထိ သူ့ခေါင်းများနှင့် လက်လေးသစ်မျှသာကျွာဝေး၍ သူ့တစ်ကိုယ်လုံး ရေထဲမှာမြုပ်နေသည်။ သူ့မှာ ချမ်းသည့်စိတ်တွေ မရှိတော့။ ရေနွေးထဲမှာ စိမ်နှင့်စိမ်နေရင်း သူစိတ်ကူးယဉ်ကြည့်သည်။

သူ့အဒေါ်ကိုသတ်ပြီး သူယူလာသောအရင်းအနှီးနှင့်ဆိုလျှင် တားမြစ်ကုန်ပစ္စည်းများကိုတစ်ဖက်နိုင်ငံနှင့် ကောင်းကောင်းကုန်ကူးနိုင်သည်။ လွတ်လပ်စွာ ကုန်သွယ်ခွင့်ရှိသည်ဆိုသော်လည်း နိုင်ငံတော်၏ အကျိုးစီးပွားအတွက် ပိတ်ပင်တားမြစ်ထားသော ကုန်များကတော့ ကျန်ရှိနေသေးသည်။ ကားပစ္စည်း။ အိုင်ကယ်ပစ္စည်းများက ဝန်ကျယ်သည်။ သယ်ရတာလည်း သိပ်မလွယ်။ ဝန်ကျဉ်းကျဉ်းနှင့် ကျော်ပျစ်လျစ်လျစ်ရှိပြီး အမြတ်လည်းများသောပစ္စည်းကို သယ်ရမည်။

ထိုပစ္စည်းကြောင့် သူ့ဘဝမျက်လုံးပါးဖြစ်ပြီး သေပြေးရှင်ပြေးပြေးလာခဲ့ရလေသည်။ ဒါလည်း မမှတ်သေးပါလေ။

သူတဖြည်းဖြည်း အိပ်ချင်လာသည်။ ရေစိမ်ကန်က ကြီးလွန်းလှသောကြောင့် ကန်အခြေနံရံကို သူ့ခြေထောက်များနှင့် မမီ။ တော်တော်ကိုအရပ်ရှည် သူဖြစ်ပါမှ ရေကန်ခြေရင်းနံရံကို ထိရုံသာရှိသည်။ အိပ်ငိုက်ရင်းနှင့် သူ့တစ်ကိုယ်လုံးတဖြည်းဖြည်းလျှောကျကာ ရေထဲသို့နစ်ဝင်နေသည်။ ရေမျက်နှာပြင်နှင့် သူ့ခေါင်းများထိလိုက်သောအခါ သူအိပ်ငိုက်နေရာမှ လန့်နိုးသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ခြေရင်းနံရံကိုလှမ်းကန်ပြီး ကိုယ်ကိုပြန်မတ်တင်ရန် သူကြိုးစားသော်လည်း သူ့ခြေထောက်နှင့်မမီဖြစ်နေသည်။ ထို့ကြောင့် ရေစိမ်ကန်၏ဘေးဘက်နံရံကိုအားပြုကာ သူ့ကိုယ်ကိုဆွဲတင်လိုက်သည်။ မေးများနှင့် ရေလွှတ်သွားသည်။

သူက မတ်မတ်ထိုင်ပြီး ဘာရယ်မဟုတ်ရေစိမ်ကန်၏ နံရံကိုငေးကြည့်နေမိသည်။ ရေစိမ်ကန်ပေါင်ပေါ်တွင် ရေကွက်ကလေးငါးကွက်ကို သူသွားတွေ့သည်။ ရေကွက်ကလေးများက အရွယ်အစားချင်း မသိမသာလေးကွာခြားသည်။ ထို့ပြင် ငါးကွက်အနက်လေးကွက်က သူတို့ချင်း လက်တစ်လုံးစာသာကွာဝေးပြီး အကြီးဆုံးရေကွက်က လက်လေးလုံးလောက်အကွာမှာ သီးခြားရှိနေသည်။

ရေကွက်အစုလေးက သူ့ဆီသို့မသိမသာလေးရွေ့လာ၏။ ဘာကွက်ကလေးတွေပါလိမ့်ဟု သူစဉ်းစားကြည့်သည်။ သိသလိုလို မသိသလိုလို။ အိပ်ချင်မူးတူးနှင့် သူ့ခေါင်းထိုက်ကျသွားပြန်သည်။ သို့သော်လည်း သူပြန်ခေါင်းမတ်လိုက်သည်။ ရေကွက်ကလေးများက တဖြည်းဖြည်းရွေ့လာကြပြန်သည်။ ဘာကြောင့်လဲ သူစဉ်းစားလို့မရ။

ပထမရေကွက်ကလေးငါးကွက်အစုလေး၏ နောက်ဘက်တစ်ပေအကွာလောက်တွင် နောက်ထပ်ငါးကွက်စုရေကွက်လေးများကို သူတွေ့လိုက်ပြန်သည်။ ဒါမျိုး ငါးဘယ်မှာမြင်ဖူးပါလိမ့်ဟု သူစဉ်းစားကြည့်လိုက်သော်လည်း ဘယ်လိုမှ စဉ်းစားလို့မရ။ ထိုရေကွက်ကလေးများဆီသို့ သူလက်လှမ်းလိုက်သောအခါ ရေကွက်ကလေးများက ရုတ်ခြည်းပျောက်ကွယ်သွား၏။ ခဏအကြာမှာ ပြန်ပေါ်လာပြန်သည်။ တစ်စုံတစ်ခုကို သူ သွားတွေးမိပြီး –

ရေချိုးထဲတွင် စိမ်နေလျက်နှင့် ကျောရိုးတစ်လျှောက် 'သံဘရုပ်ရှိ'နှင့် ပွတ်ဆွဲလိုက်သလို စိမ့်ခနဲစစ်ခနဲဖြစ်သွား၏။ ဒါကြောင့် ဟိုတယ်ဝန်ထမ်းလေးက ရေပန်းနဲ့ချိုးဖိုင်းတာကို။ ရေကွက်စုလေးနှစ်ခုက တဖြည်းဖြည်းရွေ့လာပြန်ပြီ။ သူတို့ကို စိုက်ကြည့်နေလျှင် အရွေ့ရပ်သွားသည်။ ကျောရိုးမှာ စိမ့်အေး



နေရာမှ သူ့ရင်တွေ တလှပ်လှပ်တုန်လာသည်။ လက်တွေလည်း ကတုန်ကယင်တုန်လာပြန်၏။

ဘာဖြစ်တာလဲ။ သူ ဆေးထလာပြီ၊ ရင်းထလာပြီဟု သိလိုက်သည်။ သူချက်ချင်းပဲ ရေချိုးကန်ထဲမှထွက်ကာအိပ်ခန်းထဲဝင်ပြီး ကျောပိုးအိတ်ထဲမှ စီးကရက်တစ်လိပ် ထုတ်လိုက်၏။ စီးကရက်က

အထူးစပါယ်ရှယ် စီးကရက်။

စီးကရက်ကို မီးညှိရင်းနှင့် သူ့ကျောပိုးအိတ်ကို စောင်းငဲ့ကြည့်လိုက်သည်။ ထိုအိတ်ထဲမှ ဥစ္စာပစ္စည်းတို့နှင့်ဆိုလျှင် နောက်နောင်မှာ သူ့အနေနှင့် အထူးစပါယ်ရှယ်စီးကရက်ပြတ်မှာ မပူရတော့။

မီးညှိပြီးနောက် ရေချိုး၍မဝသေးသဖြင့် ရေချိုးခန်းထဲ ပြန်ဝင်ခဲ့သည်။ ပထမရေပန်းအောက်မှာချိုးရန် ကြံသေးသော်လည်း စီးကရက်ရေစိုမှာ စိုးသောကြောင့် လက်ကိုမြှောက်ကာ ရေချိုးခန်းထဲသို့ပဲ ပြန်ဝင်လိုက်၏။ ရေစိမ်ရင်းနှင့် သူစီးကရက်သောက်နေဒိုက် ရေကွက်စုလေးများ ပြန်ပေါ်လာပြန်သည်။ သို့သော်လည်း သူဂရုမစိုက်တော့။

သူ့အရှိန်နှင့်သူ စီးကရက်ဖွာရင်း မှိန်းနေ၏။ စီးကရက်က တဖြည်းဖြည်းတိုဝင်သွားသလို ရေကွက်ကလေးများကလည်း သူ့မျက်နှာနှင့် တစ်စတစ်စနီးကပ်လာ၏။ စီးကရက် ကုန်သွားချိန်တွင် ရေကွက်ကလေးများက သူ့မျက်နှာနား နီးကပ်နေပေပြီ။ တစ်ထွာခန့်သာ ကွာဝေးတော့သည်။ သူသိပြီ။ ထိုရေ ကွက်ကလေးများက ...

အာဗီးမီးဒိစ်သည် ရေစိမ်နေရင်းနှင့် ပြဿနာ၏အဖြေကို ဖျတ်ခနဲ သိလိုက်ရသလို သူသည်လည်း ထိုရေကွက်ကလေးများ ဘာနှင့်တူသလဲဟု သိလိုက်သည်။

ရေစိုနေသော လက်များလေးများကို မျက်နှာပြင်တစ်ခုခုပေါ် ထောက်လိုက်ပါက ထိုအတိုင်း အရာထင်သွားပေမည်။ ဒါပေမဲ့ အကွက်လေးများက ရွေ့နေသည်။ တဖြည်းဖြည်းရွေ့နေသည်။ သူ့မျက်နှာနားသို့ တဖြည်းဖြည်းတိုးကပ်လာနေသည်။ ရေစိုနေသော လက်ချောင်းလေးများလော။



www.burmeseclassic.com

www.burmeseclassic.com

သူ ထိတ်လန့်တကြားမော့ကြည့်လိုက်၏။

ရေချိုးကန်ဘေးတွင် မီးခိုးမှိုင်းလိုလို နှင်းငွေ့လိုလို အရိပ်တစ်ခု သူတွေ့လိုက်ရသည်။ ကြည့်ရင်းကြည့်ရင်း အရိပ်ကဒေါ်စိန်စိန်၏ ပုံသဏ္ဌာန်လိုလို ထင်မိသည်။

"နင့်ကို ငါရောက်ရာဘဝကနေ ဘဝဆက်တိုင်း ဆက်တိုင်း လက်စားချေမယ်ဟဲ့"

သူကြီးတော် သေအံ့မူးမူးအချိန်မှာ ပြောသွားသောစကားများက သူ့နားရွက်များအနားကပ်၍ ပြောနေသလို ကြားလိုက်ရသည်။

သူ အသက်ရှူကျပ်လာသည်။ တဖြည်းဖြည်းလည်ပင်းအစ်လာသည်။ ရေကွက်ကလေးများလည်း ရေချိုးကန်ပေါင်ပေါ်မှာ မရှိတော့။

"အခန်း (၆၉)ကို ပိတ်လိုက်တော့ဟေ့။ ဘယ်ဧည့်သည်မှ မတည်းစေနဲ့။ ခုတင်တွေထုတ်ပြီး စတိုခန်းသာလုပ်လိုက်။ သူပါနဲ့ဆိုရင် ရေချိုးကန်ထဲမှာ ရေချိုးရင်းရေနစ်သေတာ လေးယောက်ရှိသွားပြီ"

**၁ သက်ထွန်း (ဘေးဒီဖွံ့)**




# နွယ်တာဟန်

## စိညာဉ်တွယ်သောမျက်လုံးများ



"သူရှိနေပါတယ်၊ ဒီအခန်းထဲမှာပဲရှိတယ်၊ ဟိုမှာလေ ဒါပေမဲ့ မမဆောင်း သူ့ကိုမမြင်ရဘူး မဟုတ်လား။ နှောင်းတစ်ယောက်ပဲ မြင်ရတာပါ"


www.burmeseclassic.com

www.burmeseclassic.com

# ဂန္တီရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲ ပြိုင်ပွဲဝင်စာမူ ဖိတ်ခေါ်ခြင်း

ဂန္တီရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲကို အောက်ပါစည်းကမ်းချက်များအတိုင်း ပြုလုပ်ရန် စီစဉ်ထားပါသည်။

၁။ စာမူပြိုင်ပွဲတွင် ကလောင်ဟောင်း၊ ကလောင်သစ်၊ ကလောင်ရှင်၊ ကလောင်နု၊ ပါသနာရှင် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများအား အဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး စာမူတစ်ပုဒ်ချင်းစီအပေါ် သုံးသပ်ချက်နှင့်တကွ လစဉ်ပြန်ကြားပေးသွားပါမည်။

၃။ ပြိုင်ပွဲဝင်စာမူများအနက် စာမူရသည့်တိုင် ဂန္တီရလောကမဂ္ဂဇင်းတွင် အသုံးပြုနိုင်လျှင် အသုံးပြုပေးပါမည်။

၄။ ဆုရစာမူအတွက် စာမူခ ကျပ် ၁၀၀၀၀ တိတိ ချီးမြှင့်ပါမည်။

၅။ ပင်ကိုရေးဝတ္ထု၊ သို့မဟုတ် အဖိုးဝတ္ထု (adaptation) များဖြင့် ပြိုင်ပွဲဝင်နိုင်ပါသည်။ အဖိုးဝတ္ထုဖြစ်လျှင် မူရင်းဝတ္ထုအမည်နှင့် စာရေးဆရာ၏အမည် ဖော်ပြပါရှိရမည်ဖြစ်ပါသည်။

၆။ ပြိုင်ပွဲဝင်စာမူပေါ်တွင်လည်းကောင်း၊ ပေးပို့သည့်စာအိတ်ပေါ်တွင်လည်းကောင်း ပြိုင်ပွဲဝင်စာမူဟု ထင်ရှားစွာရေးသားပြီး ဂန္တီရလောကမဂ္ဂဇင်းတိုက်သို့ ပေးပို့ရပါမည်။

၇။ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်အစား ဓာတ်ပုံနှင့်တကွ အမည်ရင်း၊ နိုင်ငံသား ကတ်နံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို ဖော်ပြပေးစေလိုပါသည်။

၈။ ရွေးချယ်ခြင်းမခံရသော စာမူများကို ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါ။

၉။ လစဉ်ပြိုင်ပွဲဖြစ်ပြီး လစဉ်စာမူများ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

၁၀။ ပြိုင်ပွဲဝင်စာမူသည် မည်သည့်မဂ္ဂဇင်းတွင်မျှ ဖော်ပြခြင်းမခံရသေးသည့်စာမူဖြစ်ကြောင်းနှင့် ယင်းစာမူအတွက် အစစတာဝန်ယူကြောင်းကိုလည်း ဖော်ပြပါရှိစေလိုပါသည်။

၁၁။ အခွင့်သင့်ပါက ဆုရစာမူများကို စုစည်း၍ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့၊
ဂန္တီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးရွှေပွားနှင့် ကိုယ်ပျောက်ဝတ်ရုံ

ကျွပ်တစ်ကိုယ်လုံးအပေါ် ရေခဲရေတွေ လောင်းချနေသလို အေးခဲ့ခြစ်ခြိ ကြက်သီးတွေ တဖြန်းဖြန်းထလာတာ ကောင်းကောင်းမှတ်မိပါးသေးတယ်။

ဖုန်ထူသော ရွာလယ်လမ်းမကြီးပေါ်ဝယ် ခါးတစ်ဖက်စောင်း ခြေတစ်ဖက်ခွင်လျက်၊ သီသာစွာတို့၍ကောက်နေသော ညာဘက်လက်ကလေး တယမ်းယမ်း တလှုပ်လှုပ်ဖြင့် ထူးခြားသောအဆင်းသဏ္ဌာန်ရှိသည့် လူကြီးတစ်ယောက်သည် ခြေဒယဉ့်ဆွဲရင်း တရွေ့ရွေ့လျှောက်သွားနေလေ၏။ အရေအတွက်အားဖြင့် တစ်ကျိပ်ခန့်ရှိမည်ဖြစ်သော ကလေးတစ်သိုက်သည် 'ဘိုးရွှေပွား ဘိုးရွှေပွား''ဟု ပါးစပ်မှညာသံပေးအော်ဟစ်ရင်း ထိုလူကြီး၏နောက်မှ တကောက်ကောက်လိုက်ပါလျက်ရှိကြ၏။

''ဘိုးရွှေပွား ဘိုးရွှေပွား တူတူပုန်းတမ်းကစားကြမယ်လေဗျာ''

ကလေးများက တကြော်ကြော်အော်နေကြသော်လည်း ဘိုးရွှေပွားဟူသော ပုဂ္ဂိုလ်ကြီးက လှည့်၍လည်းမကြည့်၊ တစ်ခွန်းတစ်ပါဒမျှလည်း ပြန်လည်ပြောဆိုခြင်းမပြုဘဲ တစိုက်စိုက်၊ တနဲ့နဲ့ တရွေ့ရွေ့၊ တလှုပ်လှုပ်ဖြင့်သာ ရှေ့တူရှုသို့ ဦးတည်သွားလျက်ရှိ၏။ သေချာစွာ သတိထားကြည့်လျှင်မူ ထိုပုဂ္ဂိုလ်ကြီး၏ မျက်နှာပေါ်ဝယ် ကျေနပ်ရွှင်မြူးသောအပြုံးတစ်ခု ခိုတွယ်လျက်ရှိသည်ကို ထင်ရှားစွာတွေ့ရပေလိမ့်မည်။ ထိုအပြုံးကပင် ကလေးများကို ကြောက်ရွံ့စိတ်ကင်းစေလျက်၊ ခင်တွယ်နေစေသလော မပြောတတ်ပေ။

ကလေးတစ်သိုက်နှင့် ဘိုးရွှေပွား၏အဆိုပါမြင်ကွင်းသည် ဤအရပ်ဤဒေသသို့ တစ်ကြိမ်တစ်ခါမျှရောက်ဖူးခြင်းမရှိသော လူစိမ်းတစ်ယောက်အတွက် ထူးဆန်းကောင်း ထူးဆန်းနိုင်သော်လည်း ဤဒေသခံများအဖို့မူ ထူးဆန်းဟန်မတူပေ။ သို့ဖြစ်၍ သူတို့တစ်သိုက်ကို မည်သူကမျှလည်း အထူးအဆန်းလုပ်၍ ကြည့်မနေကြတော့ပေ။

မကြာမီ သူတို့တစ်သိုက် ရွာဦးဇရပ်သို့ ရောက်သွားကြလေ၏။ ရွာဦးဇရပ်ကလေးသည် အကာအရံမရှိသော်လည်း လေးပတ်လည်ပျဉ်းကတိုးတိုင်၊ ခြောက်ငါးမူးပျဉ်ခင်းနှင့် အခိုင်အခန့် ဆောက်လုပ်ထားသော သုံးပေပတ်လည် အဆောက်အအုံကလေးဖြစ်သည့်အပြင် သရက်ပင်၊ ဆီးပင်ပျိုကလေးများ ဝေဆာနေခြင်းကြောင့် သာတောင့်သာယာရှိလှပေ၏။

ဘိုးရွှေပွားသည် သာလာယံဇရပ်ကို သူ့အိမ်သူ့ရာကဲ့သို့ သဘောထားဟန်ဖြင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီးနောက် သူ့အနီးတွင်ဝိုင်းအုံနေကြသော ကလေးများအနက်မှ အနီးဆုံးတစ်ယောက်ကို သူ၏နာမည်ကျော် ကောက်ကွေးနေသော ညာဘက်လက်ကလေးဖြင့် ဆတ်ခနဲဖမ်းချိတ်လိုက်၏။

''ဘိုးရွှေပွား လွှတ်ပါဗျ။ ကျွန်တော်တို့ တူတူပုန်းရအောင်ပါဆို''

လူငယ်ကလေးက မည်မျှရုန်းရုန်းမလွတ်ပေ။ ကျန်ကလေးများက လက်ခုပ်လက်ဝါးတီး၍ဟားပေးကြ၏။ ဘိုးရွှေပွား၏ ညာဘက်လက်ကလေးသည် လက်ကောက်ဝတ်နှင့် လက်ဖဝါးဆက်ရာနေရာတွင် သိသာစွာသိမ်၍နေသည့်အပြင် သံချောင်းတစ်ချောင်းအား အပေါ်လှန်တူဖြင့်ထု၍ ကွေးထားသကဲ့သို့ ပစောက်ကွေး ကွေးလျက်နေသေး၏။ အဆိုပါ ပစောက်ကွေးကလေးသည် မယုံကြည်နိုင်ဖွယ် သန်စွမ်းလှသော ပစောက်ကွေးကလေးလည်းဖြစ်၏။ မည်သည့်အရာဖြစ်စေ အဆိုပါ ပစောက်ကွေးကလေးဖြင့် ချိတ်တွယ်ဖမ်းဆုပ်ခြင်းခံလိုက်ရပြီဆိုပါက ကျားပါးစပ်ထဲရောက်သွားအံ့သော သားကောင်ငယ်ကဲ့သို့ ရုန်း၍မလွတ်တော့ပေ။ သန်မာမြဲမြံလှ၏။

ထိုသို့ အပေါ်သို့ကွေးကောက်နေခြင်းကြောင့် တိုဝင်သွားသော ညာဘက်လက်ဖဝါးတွင် လက်မအပွားကလေး တစ်ချောင်းကလည်းပါသေးရာ 'လက်



www.burmeseclassic.com

www.burmeseclassic.com

ရွှေပွား' ဟုလည်း သူ့ကိုအရပ်ထဲမှ ခေါ်ကြသေး၏။ ဒေသခံတစ်ယောက်ကမူ အောက်ပါအတိုင်းပြောပြဖူးလေ၏။

"သူ့နာမည်က ကိုရွှေတဲ့ဗျ။ လက်ပွားကလေးကြောင့် လက်ပွားကိုရွှေ ခေါ်ရာက လက်ရွှေပွားတွင်လာခဲ့တာပဲ။ ခုတော့ ဘိုးပွားရွှေပေါ့။ သူ့အသက် မနည်းတော့ဘူး။ တိတိကျကျသိတဲ့လူမရှိတော့ဘူး။ ဒီရွာမှာ အသက်အကြီးဆုံး 'ဘပန်းနိုင်' မဆုံးခင်က ပြောဖူးတယ်၊ ဘိုးရွှေပွားဟာ သူ့ထက်အသက်ကြီး သေးသတဲ့။ ဘပန်းနိုင်ဆုံးတော့ အသက်ကိုးဆယ်ရှိနေပြီ။ ဒီအတိုင်းသာဆို ဘိုးရွှေပွားအသက်ဟာ တစ်ရာနားကပ်လောက်ပြီပေါ့။ အံ့ဩစရာကောင်း တာက အရွယ်နဲ့မလိုက်အောင် ကျန်းမာတယ်။ ဘိုးရွှေပွား ဖျားတယ်၊ နာတယ် ဆိုတာ တစ်သက်နဲ့တစ်ကိုယ် ဘယ်သူမှမကြားဖူးကြဘူး"

ထိုသို့သော ဘိုးရွှေပွားတစ်ယောက် ယခုအခါ ရွာထိပ်ရေပ်၌ ကလေးများ နှင့် အပျို့ကျလျက်ရှိလေ၏။

"လူကလေးတို့က ကျုပ်နဲ့တူတူပုန်းတမ်း ကစားချင်တယ်ဆိုတော့ လွတ် အောင်ကော ပုန်းနိုင်မှာမို့လား"

ဘိုးရွှေပွားအမေးကို ကလေးများက 'ပုန်းနိုင်တယ် ပုန်းနိုင်တယ်' ဟု အားပါးတရအော်ဟစ်ဖြေလိုက်ကြလေ၏။ ဘိုးရွှေပွားက တဟဲဟဲရယ်မော လိုက်ပြီး -

"လူလေးတို့ လွတ်အောင်မပုန်းနိုင်ပါဘူး။ ကဲကွယ် ထားပါတော့၊ ကျုပ် လည်း လူလေးတို့နဲ့ တူတူပုန်းရတာပျော်ပါတယ်။ ကစားကြတာပေါ့" ဟု ပြောလိုက်ရာ ကလေးများက 'ဟေးခနဲ' အော်လိုက်ကြပြန်၏။

"ဒါနဲ့ လူကလေးတို့ကို တစ်ခုမေးဦးမယ်၊ နတ်ဝှက်တယ်ဆိုတာကို ကြားဖူးကြသလား"

"မကြားဖူးပါဘူး ဘိုးရွှေပွား"

"လူလေးတို့မှတ်ထား။ တူတူပုန်းတမ်းကစားရင် နေ့ဘက်မှာပဲကစား။ ညဘက်မကစားနဲ့၊ နတ်ဝှက်တတ်တယ်"



"နတ်ဝှက်တယ်ဆိုတာ ဘာကိုပြောတာလဲဘိုးရွှေပွား"

"နေ့တစ်ပတ်လည်ပျောက်သွားတာ။ ဘယ်သူမှ ဘယ်လိုမှရှာလို့မတွေ့ အောင် ပျောက်သွားတာ"

နေ့တစ်ပတ်လည်ဆိုသော စကားကို ကလေးများက နားလည်ဟန်မတူ ကြ။ အသံတိတ်၍နေ၏။ ဘိုးရွှေပွားက -

"နေ့တစ်ပတ်လည်ဆိုတာ ၂၄နာရီလုံးလုံး ပျောက်သွားတယ်လို့ပြောတာ"

"နတ်ဝှက်ရင် ဘာဖြစ်တတ်သလဲ ဘိုးရွှေပွား" ဟု ကလေးများက မေးကြပြန်၏။ ထိုအခါ ဘိုးရွှေပွားသည်သူ၏ ကောက်ကွေးလျက်ရှိသော ညာဘက်လက်ကလေးကို ထောင်ပြလိုက်ပြီး -

"ဟော့ဒီလိုမျိုး ဖြစ်သွားတာပေါ့" ဟုပြောလိုက်ရာ၊ ကလေးများကတစ် ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အသံတိတ်၍သွားပြန်၏။ ဘိုးရွှေပွား ကဆက်၍ -

"နတ်ဝှက်တဲ့အကြောင်း ကျုပ်ကိုယ်တွေ့ကြုံခဲ့တာ ပြောပြမယ်။ လူလေး တို့ နားထောင်ကြမလား" ဟုမေးခွန်းထုတ်လိုက်ရာ ဆာလောင်မွတ်သိပ် လျက်ရှိသူက ထမင်းပွဲပြင်ပြီးပါပြီဟူသော စကားကိုကြားလိုက်ရသကဲ့သို့ ကလေးတစ်သိုက် ဝမ်းသာအားရ အော်ဟစ်လိုက်ကြလေသတည်း။

"နားထောင်ချင်တယ်၊ နားထောင်ချင်တယ်"

ကျုပ်ကလေးအရွယ်တုန်းကပေါ့။ ပြောရရင် လူကလေးတို့အထဲက ဟော ဒီသျှောင်ပေစုးကလေးအရွယ်လောက်ကပေါ့။ လူကလေးတို့လိုပဲ သူငယ်ချင်း တွေ အများကြီးရှိတယ်။ ပညာသင်ချိန်ဆို မိဘတွေကဘုန်းကြီးကျောင်း ပို့ထားလေ့ရှိတာဆိုတော့ ကျုပ်တို့အားလုံး ဘုန်းကြီးကျောင်းသားတွေချည်း ပေါ့။

တစ်ညသားမှာ ဘုန်းကြီးကျောင်းသားတွေ တူတူပုန်းတမ်းကစားကြ တယ်။ နေ့ဘက်မကစားဘဲ ညဘက်မှတူတူပုန်းရတာ တခြားကြောင့်မဟုတ်ပါ ဘူး။ ကျုပ်တို့ကိုစာသင်ပေးတဲ့ ဆရာတော်ကြီးက စည်းကမ်းသိပ်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com

နေ့ခင်းဘက်မကစားရဲဘူး။ ညပိုင်းရောက်လို့ ဆရာတော်ကြီးကျိန်းပြီဆိုတော့မှ ကစားရဆော့ရတာကိုး။ ဆရာတော်ကြီး မီးလို့ကမြင့် နှစ်ပင်လိမ်ထားတဲ့ ထားဝယ်ကြိမ်နဲ့ အသုတ်ခံရတတ်သေးတယ်။ ဘုန်းကြီးကျောင်းသားတွေက မမှတ်ပါဘူး။ ညတိုင်း ရောက်လာရင် တူတူပုန်းတဲ့ဝါသနာကို မစွန့်နိုင်ကြဘူး။ ပြီးတော့ ညဘက်တူတူပုန်းရတာ ပိုပြီးပျော်စရာ၊ စိတ်လှုပ်ရှားစရာလည်း ကောင်းတာ အမှန်ပါပဲ။

ကျုပ်တို့နေရတဲ့ ဘုန်းကြီးကျောင်းကြီးကကြီးသလောက် ကျောင်းဝင်းကြီးကလည်း အလွန်ကျယ်တယ်။ ကျောင်းဝင်းထဲမှာ လူကြီးနှစ်ဖက်စာရှိတဲ့ သရက်ပင်၊ မရမ်းပင်ကြီးတွေလည်း နေပြောက်မထိုးနိုင်အောင်ရှိတယ်။ သရက်မရမ်းပေါ်ချိန်များဆို သူ့အလိုလိုမြေကြီးပေါ်ကြွေတာကို နိုင်အောင်မကောက်နိုင်အောင် ပေါများတယ်။ နောက်ပြီး ပင်စည်ကနေမြေကြီးပေါ်ရောက်အောင် အမြစ်မှျင်၊ အမြစ်မြှာတွေတန်းလန်းကျနေတဲ့ ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင်လည်း ရှိသေးတယ်။ ကျုပ်တို့ တူတူပုန်းလို့တော့ အလွန်ကောင်းတာပေါ့။

ပြောကြပါစို့။ ကျုပ် ပုန်းရမယ့်အလှည့်တစ်လှည့်မှာ အခုပြောတဲ့ညောင်မုတ်ဆိတ်ပင်ကြီး အမြစ်မျှင်တွေကြားထဲ ဝင်ပုန်းနေလိုက်တယ်။ လိုက်ရှာရမယ့်သူက မျက်စိစုံမှိတ်ထားရပြီး တူပြီလားလို့မေးတယ်။ တူလို့ ကျုပ်တို့က တူသံပေးလိုက်တော့ သူကလိုက်ရှာတော့တာပဲ။ သိပ်မကြာခင်မှာပဲ ဟော့ဒီမှာ အောင်ဘုတွေ့ပြီ၊ ဟော့ဒီမှာ ချစ်ပိုတွေ့ပြီ၊ ဟော့ဒီမှာ ခွေးနီတွေ့ပြီနဲ့ အော်သံတွေ အဆက်မပြတ်ကြားရတယ်။ ကျုပ်ကို သူရှာမတွေ့သေးဘူး။ ဟော လိုက်ရှာနေတဲ့သူက ကျုပ်ပုန်းနေတဲ့ညောင်မုတ်ဆိတ်ပင်ကြီး တည့်တည့် လျှောက်လာနေပြီ။ လရောင်အောက်မှာ ကျုပ်မြင်နေရတယ်။ ရင်တွေတဒိန်ဒိန်းခုန်လို့ပေါ့။ ဒီအတိုင်းဆို ကျုပ်ကိုမိတော့မယ်။ လွတ်လိုလွတ်ငြား ကိုယ်ကိုပိုပြီး ကျုံ့လိုက်တယ်။ ရင်ခုန်စရာအကောင်းဆုံး အချိန်ပေါ့။ တူတူပုန်းရတဲ့အရသာဟာ အဲဒါပဲလို့ ကျုပ်ခဏခဏတွေးမိဖူးပါတယ်။ အသက်တောင်ပြင်းပြင်း မရှူရဲဘူး။ လိုက်ရှာတဲ့သူက ညောင်မုတ်ဆိတ်ကြီးအောက်ရောက်နေပြီ။ အမြစ်မျှင်တွေ တဖွားဖွားတန်းလန်းကျနေတဲ့ အမြစ်ပျဉ်းကြီးကြားထဲ သေသေချာချာငုံ့ကြည့်နေတယ်။ ဘယ်လောက်စိတ်လှုပ်ရှားစရာကောင်းမယ်ဆိုတာ လူကလေးတို့သိမှာပါ။ လိုက်ရှာတဲ့လူနဲ့ ကျုပ်နဲ့က မျက်နှာချင်းတောင်ထိတော့မယ်။ ကျုပ်လည်းမျက်လုံးအပြူးသားနဲ့ အသက်ကို အောင့်ထားမိတယ်။ ဒီအတိုင်းဆို ကျုပ်ကို မိသွားတော့မှာပါ။



အမှောင်ထဲမှာပေမဲ့ ကျုပ်တို့မျက်လုံးတွေက ကျင့်သားရနေကြပြီ။ ကျုပ်ရှိရာကို စူးစိုက်ကြည့်နေတဲ့ သူ့မျက်နှာကို အနီးကပ်တွေ့နေရတာပေါ့။ အံ့ဩစရာပဲဟေ့။ ဝင်သက်ထွက်သက်ချင်းတောင် တစ်ယောက်မျက်နှာတစ်ယောက် ထိကပ်နေကြပါလျက် သူကျုပ်ကို လုံးဝရှာမတွေ့နိုင်ဘူး ဖြစ်နေတယ်။

ခဏအကြာမှာ နောက်တစ်နေရာကို ပြောင်းရှာဖို့ သူညောင်မုတ်ဆိတ်ပင်ကြီးအနီးက ခွာခနဲလှည့်ထွက်သွားတော့တာပဲ။ ဒီအတိုင်းဆို ကျုပ်အနိုင်ရဖို့သေချာပြီပေါ့။ လိုက်ရှာတဲ့ သူတစ်ယောက်အဖို့ တစ်နေရာတည်းကို နောက်တစ်ခါပြန်ရှာလေ့မှ မရှိပဲကိုး။ ကျုပ်လည်းအခုမှ အသက်ဝဝရှူရတော့တယ်။

အဲ့ဒီအချိန်မှာပဲ။ ကျုပ်တစ်သက်မှာ အံ့ဩစရာအကောင်းဆုံး အဖြစ်အပျက်တစ်ခုနဲ့ ကြုံရတော့တာပဲဟေ့၊ ကျုပ်လက်မောင်းကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်လိုက်ပြီး –

"အခုအချိန်မှာ သင့်ကိုသိကြားမင်းထင်းရှာတောင် ရှာလို့မတွေ့ဘူး။ ဘာကြောင့်လဲဆိုတော့ သင့်ရဲ့ကိုယ်ပေါ်မှာ ကျွန်ုပ်က ကိုယ်ပျောက်ဝတ်ရုံခြုံပေးထားလို့ပဲ"လို့ ပြောလိုက်သံကို နီးနီးကပ်ကပ်ကြားလိုက်ရတာပါပဲ။ လှည့် ကြည့်တော့လည်း ဘယ်သူမှမရှိပါဘူး။ ကျုပ်ဘယ်လောက်များ တုန်လှုပ်ချောက်ချားသွားလိမ့်မယ်ဆိုတာ လူကလေးတို့ တွေးကြည့်ပါ။ ဘာအကောင်ဖြစ်မှ မမြင်ရတဲ့အသံရှင်က ထပ်ပြောပြန်တယ်"

"ကျွန်ုပ်ပြောတာ သင်ယုံပုံမရပါဘူး။ ဒါဆိုရင် သင်ယုံကြည်အောင် ကျွန်ုပ်လက်တွေ့ပြရလိမ့်မယ်။ ကြည့်ပေတော့" တဲ့။ တစ်ဆက်တည်းမှာပဲ လက်ဖျောက်တီးလိုက်သလို 'ဖြောက်' ဆိုတဲ့အသံကြားလိုက်ရပြီး ကျုပ်မျက်စိထဲ လျှပ်ပြက်လိုက်သလို ဝင်းခနဲလက်သွားတော့တာပဲဟေ့။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီအလင်းရောင်နဲ့ ကျုပ်မြင်လိုက်ရတာကတော့ ကျုပ်နဲ့ကစားဖက်တွေအားလုံး တစ်စုံတစ်ယောက်ကို အသည်းအသန်လိုက်ရှာနေကြတာပါပဲ။ သူတို့လိုက်ရှာနေတဲ့သူက ကျုပ်ပဲပေါ့။ ပါးစပ်ကလဲ မောင်ရွှေ မောင်ရွှေ ဆို ပြီး ကျုပ်နာမည်ကို အသံခပ်အုပ်အုပ်နဲ့ တကြော်ကြော်ခေါ်နေကြတယ်။ မျက်နှာတွေပေါ်မှာလည်း စိုးရိမ်တဲ့လက္ခဏာတွေ မြင်နေရတယ်။ ပြောရမယ်ဆိုရင် အဲ့ဒီအနိုက်အတန့်ကလေးလောက် ကျုပ်သူငယ်ချင်းတွေအပေါ် သနားစိတ်ဖြစ်ပေါ်မိတာမျိုး တစ်ခါမှမရှိဖူးဘူး။

အသံတစ်ခုခုပြုဖို့ ကြိုးစားတော့လည်း အချည်းနှီးပါပဲ။ ကျုပ်ပါးစပ်က ဘာသံမှထွက်မလာဘူး။ ခဏအကြာမှာ ကျုပ်ရှိနေတဲ့ညောင်မှတ်ဆိတ်အောက် သူတို့တစ်အုပ်စုလုံး ဝိုင်းအုံရောက်လာကြတယ်။ ကျုပ်နာမည်ကို တတွတ်တွတ်ရေရွတ်ရင်း မကျေနပ်သလို ဖြစ်ရှာကြပြန်တယ်။ ပြောရမယ်ဆိုရင် ကျုပ်နဲ့သူတို့က လက်တစ်လှမ်းလေးရှိတာပါ။ ဒါပေမဲ့ သူတို့တွေ ကျုပ်ကို ဘယ်လိုမှရှာမတွေ့ကြပါဘူး။ ကျုပ်မှာ ပါးစပ်ကလည်းအသံပြုလို့မရ၊ လူကလည်းတုတ်တုတ်မျှ လှုပ်မရနဲ့ ကျုပ်သူငယ်ချင်းတွေကို ဒီအတိုင်းငုတ်တုတ်ကြီး ကြည့်နေရတော့တာပါပဲ။ အတော်ကြာတော့ သူတို့အားလုံးတစ်ယောက်တစ်ပေါက် ပြောဆိုရေရွတ်ရင်း လက်လျှော့ပြန်သွားကြတော့တယ်။ ကျုပ်ကို ချုပ်ကိုင်ထားတဲ့ အသံရှင်ကတဟဲဟဲသဘောတွေကျရင်း ဘယ့်နှယ်လဲ ကျုပ်ရဲ့ ကိုယ်ပျောက်ဝတ်ရုံကို ယုံကြည်ပြီမဟုတ်လား တဲ့။

အဲ့ဒီအချိန်မှာတော့ ကျုပ်ဖြစ်ချင်တာက တစ်ခုပဲရှိတယ်။ ကိုယ်ပျောက်ဝတ်ရုံလည်း စိတ်မဝင်စားဘူး။ ဘာကိုမှလည်း စိတ်မဝင်စားလှဘူး။ ကျုပ်သူငယ်ချင်းတွေနဲ့ ကျုပ် အတူတူပြန်လိုက်သွားချင်တာပါပဲ။ အသံရှင်က ပြောပြန်တယ်။

''အချိန်တန်ရင် အိမ်ပြန်ရစေမြဲပါကွယ်၊ ကျုပ်တို့ မင်းကိုအကြာကြီး ခေါ်မထားပါဘူး။ ပြန်ပို့ပေးမှာပါ။ ခဏကလေးသည်းခံပါ။ ကျုပ်တို့လောကမှာလည်း သင်တို့လောကမှာလို ဆုပေးဒဏ်ပေးစနစ်ဆိုတာရှိသကွ၊ ကောင်းမှုပြုရင် ကောင်းကျိုးစံ၊ မကောင်းမှုပြုရင် မကောင်းဒဏ်ခံဆိုတဲ့သဘောဟာ



မည်သည့်လောကမှာမဆို ရှိနေမှာပဲ။ လောကတိုင်းနဲ့ မကင်းနိုင်တဲ့ နိယာမတရားပဲ။ဒါမှလည်း လောကထဲမှာ မျှတမှုဆိုတာရှိပေမပေါ့။ ဒါကြောင့် ရှေးဦးစွာ သင့်ကိုဆုပေးပါမယ်။

'' သင်ဟာ နေ့စဉ်ဘုရားဝတ်ပြုပြီးတိုင်း သတ္တဝါအားလုံးကျန်းမာချမ်းသာဖို့ မေတ္တာပို့လေ့ရှိသူတစ်ယောက်ဖြစ်တယ်။ သတ္တဝါအားလုံးထဲမှာ ကျုပ်တို့လည်းပါတာပေါ့''

စကားသံခဏတိတ်သွားပြီး ကျုပ်ခေါင်းပေါ်လက်ဖဝါးနဲ့ အုပ်ကိုင်လိုက်သလိုခံစားရတယ်။ ကျုပ်တစ်ကိုယ်လုံးအပေါ် ရေခဲရေတွေ လောင်းချနေသလို အေးခနဲဖြစ်ပြီး ကြက်သီးတွေတဖြန်းဖြန်းထလာတာ ကောင်းကောင်းမှတ်မိပါသေးတယ်။

''ယနေ့ကစပြီး သင်ဘယ်တော့မှ ဖျားခြင်း၊ နာခြင်းမရှိတော့ဘူး။ သင့်အသက်ရာကျော်အောင် လူ့လောကကြီးထဲမှာ ကျန်းမာပြီး အပူအပင်ကင်းကင်းဖြတ်သန်းရပါလိမ့်မယ်''

စကားသံဆုံးတာနဲ့ ကျုပ်ခေါင်းပေါ်က လက်ဖဝါးအုပ်ထားသလို ခံစားမှုပျောက်သွားတယ်။ ခန္ဓာကိုယ်ထဲတွင်လည်း အစွမ်းခွန်အားတွေ တဖြည်းဖြည်းပြန်ဝင်လာတယ်။ ပြီးတာနဲ့အသံရှင်က -

''သင်ဟာ အပြစ်ကင်းမဲ့တဲ့ ငှက်ကလေးတွေကို ဖမ်းဆီးဖို့အတွက် ကျုပ်တို့ မှီခိုနေထိုင်ရာ ညောင်မှတ်ဆိတ်ပင်ကြီးကို ဓားနဲ့ထစ်ပြီး ညောင်စေးထုတ်ယူလေ့ရှိတာကြောင့် အခုတစ်ဖန် သင့်ကို ကျုပ်တို့ဒဏ်ပေးရမယ့်အလှည့်ဖြစ်တယ်'' လို့ပြောပြန်တယ်။ ညောင်စေးကို ခွက်တစ်ခုထဲထည့်ပြီး မီးနဲ့ကျိုလိုက်ရင်အလွန်ကောင်းတဲ့ ကော်ဖြစ်သွားတယ်။ အဲ့ဒီ ညောင်စေးကော်နဲ့ ငှက်ကလေးတွေကို ကျုပ်ထောင်ဖမ်းခဲ့ဖူးတာလည်း မှန်ပါတယ်။ အသံရှင်ရဲ့ စကားသံတိတ်သွားတာနဲ့ တစ်ပြိုင်နက်တည်း ကျုပ်ရဲ့ညာဘက်လက်တစ်ခုခုနဲ့ ဆွဲဆန့်လိုက်သလို ရှည်ထွက်သွားတယ်လို့ ခံစားလိုက်ရတော့တာပဲ။ အမှန်က အဲ့ဒီလိုမဟုတ်ဘူး။ ကျုပ်ရဲ့လက်မအမွှားကလေးရှိနေတဲ့ ညာဘက်လက်ကို အဝတ်ရေညှစ်သလိုလိမ်ပြီး ညှစ်လိုက်တာပါ။ ကျုပ်လည်း ကြောက်အား



www.burmeseclassic.com

www.burmeseclassic.com

အား အသံကုန်ဟစ်အော်ပေမဲ့ ဘာသံမျှတော့ထွက်မလာပါဘူး။ အဲ့ဩစရာတစ်ခုက ကျုပ်ရဲ့လက်ဟာ လက်ကောက်ဝတ်ကနေ ဟံတောင်ဆစ်အထိ ရှုံ့ပျော့ပျော့အတောင့်ကြီး တစ်ရစ်ပြီးတစ်ရစ် အလိမ်ခံနေရသလို စိတ်ထဲမှာ ရှိနေပြီ။ နာကျင်မှုကတော့ တစ်စက်ကလေးတောင် မရှိတာပါပဲ။ အဲ့ဒီအချိန်မှာ လူကြီးတစ်ယောက်က လူမမည်ကလေးတစ်ယောက်ကို လှောင်ပြောင်ကျီစယ်နေသလိုမျိုး ဗိုးဗိုးခစ်ခစ်ရယ်သံတွေ တရစပ်ကြားနေရတယ်။ ပြီးတာနဲ့ ''ခုချိန်ကစပြီး ကောင်းမှုနဲ့မကောင်းမှု၊ ကုသိုလ်နဲ့ အကုသိုလ်ရဲ့ အကျိုးအပြစ်ကို သင့်တစ်သက်တာ လက်တွေ့ခံစားနိုင်ပါပြီ သင့်ရဲ့မိဘနဲ့ သူငယ်ချင်းတွေက သင့်အတွက်စိတ်ပူနေကြပြီ'' သင့်ဘဝ တစ်လျှောက်ခမှုနဲ့အခမှု၊ အမှားနဲ့ အမှန်ခွဲခြားတတ်သူ ဖြစ်ပါစေ'' ဆိုတဲ့ စကားသံဆုံးသွားတယ်ဆိုရင်ပဲ ကျုပ်မျက်စိထဲ မှာ လင်းခနဲတစ်ချက်ဖြစ်သွားပြန်တယ်။ ကျုပ်ဟာ အိပ်မက်က လန့်နိုးသွား တဲ့လူတစ်ယောက်လိုပဲ။ တစ်နည်းပြောရရင် အဲ့ဒီတော့မှ ကျုပ်ဟာ လက်တွေ့ဘဝထဲကို ပြန်ရောက်ခွင့်ရတဲ့လူလိုပဲ။ စိတ်ထဲမှာ ပေါ့ပါးလွတ်လပ်သွားရတော့တယ်။

❁

ဘိုးရွှေပွား၏ နတ်ဝှက်ခြင်းအကြောင်းပြောပြချက်များက အထက်ပါအတိုင်း အဆုံးသတ်သွားသည်ဖြစ်ရာ၊ ဘိုးရွှေပွားနံဘေးပတ်လည်၌ ဝိုင်းရံလျက် စိတ်ဝင်တစား နားထောင်နေကြသော ကလေးများက သူတို့သိလိုသည်များကို အောက်ပါအတိုင်း ဆက်လက်မေးမြန်းကြလေ၏။

''ဒါဆိုရင် ဘိုးရွှေပွားရဲ့လက်ကလေးအခုလိုတို့ပြီး ကောက်သွားတာက''

''ဟုတ်ပါ့ဗျာ၊ အဲ့သလို နတ်ဝှက်ခံရပြီး နောက်ပိုင်းမှ အခုလိုဖြစ်သွားရတာပါ။ အမေ မွေးစဉ်က လူလေးတို့လို အကောင်းအတိုင်းပါဗျာ''

''ဘိုးရွှေပွားပြောတော့ နက်ဝှက်ရင် ၂၄နာရီကြာတယ်ဆို''

''ဟုတ်ပါ့ဗျာ၊ ကျုပ်စိတ်ထဲမတော့ အဲ့ဒီ မမြင်ရတဲ့အသံရှင်နဲ့ ကြုံတွေ့လိုက်ရတာ ခဏကလေး ဘာမျှမကြာလိုက်ဘူးပဲအောက်မေ့တာပါ။ ကျုပ်မိဘတွေ ကျုပ်သူငယ်ချင်းတွေနဲ့ ပြန်တွေ့တော့မှ ကျုပ်ပျောက်နေတာ နေ့တစ်ပတ်လည် ရှိနေပြီဆိုတာ သိရတော့တာပါ''

ကလေးတစ်သိုက်သည် ဘိုးရွှေပွား၏ အဖြစ်အပျက်နှင့်ပတ်သက်၍ သူတို့အချင်းချင်းတစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်လျက် ရှိနေကြသေး၏။ ထို့နောက် သူတို့သည် တစ်စုံတစ်ရာကို သတိရသွားပြီး –

'' ဘိုးရွှေပွား ဘိုးရွှေပွား၊ တူတူပုန်းတမ်းကစားကြမယ်လေ။ ဘိုးရွှေပွားက မေ့ချင်ယောင်ဆောင်နေတာလား မရဘူး မရဘူး'' ဟု ပြိုင်တူအော်ဟစ်ကြပြန်ရာ ဘိုးရွှေပွားက အနီးဆုံးကလေးတစ်ယောက်အား သူ၏ကောက်နေသော ပစောက်ကွေး လက်ကလေးဖြင့် ကျီစယ်သကဲ့သို့ မြဲမြဲစွဲဖမ်းချိတ်ဆွဲယူလိုက်ပြီးနောက် –

''ဟုတ်ပါပြီဗျာ၊ အခုအချိန်ကစပြီး ကျုပ်တို့တူတူပုန်းတမ်းကစားကြမယ်။ ဒါပေမဲ့ လူလေးတို့ ကျုပ်ကိုဘယ်လိုမှ လွတ်အောင်မပုန်းနိုင်ပါဘူး'' ဟု၍ တဟဲဟဲ သဘောကျစွာရယ်မော ပြောဆိုလိုက်ပေတော့သတည်း။

၁ ပျော့ဖတ်တော်ဖြင်းဖြိုး



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ထဝင်ရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲ
# ပြိုင်ပွဲဝင်စာမူ ဖိတ်ခေါ်ခြင်း

ဂန္ထဝင်ရလောကမဂ္ဂဇင်း လစဉ်ဝတ္ထုတိုစာမူပြိုင်ပွဲကို အောက်ပါစည်းကမ်းချက်များအတိုင်း ပြုလုပ်ရန် စီစဉ်ထားပါသည်။

၁။ စာမူပြိုင်ပွဲတွင် ကာလောင်ဟောင်း၊ ကာလောင်သစ်၊ ကာလောင်ရှင်၊ ကာလောင်နု၊ ဓါးသနားရှင်မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများအား အဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး စာမူတစ်ပုဒ်ချင်းစီအပေါ် သုံးသပ်ချက်နှင့်တကွ လစဉ်ပြန်ကြားပေးသွားပါမည်။

၃။ ပြိုင်ပွဲဝင်စာမူများအနက် ဆုရရှိသည့်တိုင် ဂန္ထဝင်ရလောကမဂ္ဂဇင်းတွင် အသုံးပြုနိုင်လျှင် အသုံးပြုပေးပါမည်။

၄။ ဆုရစာမူအတွက် စာမူခ ကျပ် ၁၀၀၀၀ တိတိ ချီးမြှင့်ပါမည်။

၅။ ပင်ကိုယ်ရေးဝတ္ထု၊ သို့မဟုတ် အမှီးဝတ္ထု (adaptation) များဖြင့် ပြိုင်ပွဲဝင်နိုင်ပါသည်။ အမှီးဝတ္ထုဖြစ်လျှင် မူရင်းဝတ္ထုအမည်နှင့် စာရေးဆရာ၏အမည် ဖော်ပြပါရှိရမည်ဖြစ်ပါသည်။

၆။ ပြိုင်ပွဲဝင်စာမူပေါ်တွင်လည်းကောင်း၊ ပေးပို့သည့်စာအိတ်ပေါ်တွင်လည်းကောင်း ပြိုင်ပွဲဝင်စာမူဟု ထင်ရှားစွာရေးသားပြီး ဂန္ထဝင်ရလောကမဂ္ဂဇင်းတိုက်သို့ ပေးပို့ရပါမည်။

၇။ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်အစား ဓာတ်ပုံနှင့်တကွ အမည်ရင်း၊ နိုင်ငံသား ကတ်နံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်နိုင်သည့် တယ်လီဖုန်းနံပါတ်များကို ဖော်ပြပေးစေလိုပါသည်။

၈။ ရွေးချယ်ခြင်းမခံရသော စာမူများကို ပြန်လည်ပေးပို့နိုင်မည် မဟုတ်ပါ။

၉။ လစဉ်ပြိုင်ပွဲဖြစ်ပြီး လစဉ်စာမူများ ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်သည်။

၁၀။ ပြိုင်ပွဲဝင်စာမူသည် မည်သည့်မဂ္ဂဇင်းတွင်မျှ ဖော်ပြခြင်းမခံရသေးသည့်စာမူဖြစ်ကြောင်းနှင့် ယင်းစာမူအတွက် အစစတာဝန်ယူကြောင်းကိုလည်း ဖော်ပြပါရှိစေလိုပါသည်။


၁၁။ အခွင့်သင့်ပါက ဆုရစာမူများကို စုစည်း၍ လုံးချင်းစာအုပ်အဖြစ် ဆုပြည့်စုံတွန်းစာပေမှ ဖြန့်ချိပေးသွားမည်ဖြစ်ပါသည်။

အယ်ဒီတာအဖွဲ့
ဂန္ထဝင်ရလောကမဂ္ဂဇင်း




www.burmeseclassic.com

Quality Publish
www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# ခေတ္တ - တမလွန်

"တစ်ခါက ကားက ရှတ်တိုက်လာတော့ ဦးလေးလည်း ကျွဲရှောင်ရင်းက ကားချောက် ထဲကျသွားရတာပဲ။ ဦးလေးကိုခွင့်လွှတ်ပါကွယ်၊ ငါ့အလေသေပြီးမှတော့ ငါတို့တွေ ဘာတတ်နိုင်မှာလဲ"

ကျွန်မသည် ရည်ရွယ်ချက်မဲ့စွာ လျှောက်လှမ်းလာလျက်ရှိသည်။ ကျွန်မဘယ်ဆီသို့ ဦးတည်လျှောက်လှမ်းနေသည်ကို ကျွန်မကိုယ်တိုင်မသိပါ။ ကျွန်မတစ်ကိုယ်လုံးမှာလည်း နာကျင်လျက်ရှိပါသည်။

ကျွန်မသည် တန်ခိုးရှင်တစ်စုံတစ်ဦးက လမ်းညွှန်လိုက်သလို ရှေ့တည့်တည့်သို့ လျှောက်လှမ်းလျက်ရှိပါသည်။ မည်သည့်နေရာသို့ မည်သည့်ရည်ရွယ်ချက်ဖြင့် လျှောက်လှမ်းနေရသည်ကိုမူ တွေးလို့မရပါ။

ကျွန်မ၏ပတ်ဝန်းကျင်ကား မှုလောင်ထိုင်းမှိုင်းနေပေသည်။ ဘေးဝဲယာတွင်လည်း မည်သည့်အရာကိုမျှ ကျွန်မ မမြင်ရပါပေ။ ပကတိ သဲမြေများသာဖုံးလွှမ်းနေသော ဖုန်းဆိုးမြေကြီးကို မျက်စိတပြန့်တပြောမြင်နေရပါသည်။

ကျွန်မသည် ရပ်နေလို့လည်း မရ၊ ကိုယ်တိုင်လည်း စိတ်ပါလက်ပါမရှိဘဲ ရှေ့တည့်တည့်သို့ခပ်သွက်သွက်လျှောက်လှမ်းလာခဲ့သည်။

ကျွန်မရင်တစ်ခုလုံး မောဟိုက်နေသည်။ ကျွန်မတစ်ကိုယ်လုံးလည်း နာကျင်နေပါသည်။

ထိုစဉ် ကျွန်မဦးခေါင်းထက်ဆီမှ တပေါက်ပေါက်ကျဆင်းလာသည့်အရာများကြောင့် ကျွန်မက ထိုအရည်စက်များကို လက်ဖြင့် ကိုင်ကြည့်လိုက်သည်။



အလို ... သွေးတွေပါလား။

ကျွန်မလန့်သွားသည်။

ကျွန်မခေါင်းက ဘာလို့သွေးတွေစီးကျနေရတာလဲ။

ကျွန်မစဉ်းစားလို့မရပါ။

သွေးအကြောင်းကိုသာမဟုတ်။ ယခုအချိန်တွင် ကျွန်မကိုယ် ကျွန်မလည်း မည်သူမှန်းမသိနိုင်အောင်ဖြစ်နေသည်။ ဘာဆိုဘာမျှစဉ်းစားလို့မရပါပေ။

ကျွန်မသည် အရာရာကို ဝေခွဲမရဖြစ်နေသော်လည်း ရှေ့တူရူသို့မူ ခပ်မှန်မှန်လျှောက်လှမ်းလျက်ရှိပေသည်။

"သရဖီ ... သရဖီ ..."

"သရဖီရေ ... လာဟေ့"

ခေါ်သံများကိုကြားလိုက်ရသည်နှင့် ကျွန်မကိုခေါ်မှန်း သိလိုက်ပါသည်။ ကျွန်မနာမည် သရဖီဆိုတာကိုလည်း ရုတ်ခြည်းမှတ်မိလိုက်လေသည်။

ဟုတ်ပါသည် ... ကျွန်မသရဖီပါ။

ကျွန်မသရဖီသည် ဒီနေရာကိုတစ်ယောက်တည်း ဘာလာလုပ်နေတာလဲ။ ဘာလို့ရောက်နေရတာလဲ။

ကျွန်မနာမည်ကို ဘယ်သူတွေက အော်ခေါ်နေတာလဲ။

ကျွန်မသည် ရှေ့သို့သုံးလေးလှမ်းဆက်လျှောက်လိုက်သည်နှင့် ကျွန်မကိုအော်ခေါ်နေသူများအားမြင်တွေ့လိုက်ရပါတော့သည်။

ရှေ့တွင် ချောင်းလိုလို မြစ်လိုလို ရေစီးကြောင်းကြီးတစ်ခု။ ထိုရေစီးကြောင်းထဲတွင် လှေကလေးတစ်စင်း။ လှေကလေးတစ်စင်းပေါ်တွင် လှေနှင့်မဆံ့အောင် လူများအပြည့်အသိပ်ရှိနေကြသည်။

ထိုလှေပေါ်မှနေ၍ ကျွန်မနာမည်ကိုအော်ခေါ်နေသည့် ကျွန်မသူငယ်ချင်းများကို တွေ့လိုက်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသူငယ်ချင်းများဖြစ်သည့် နွယ်နီ၊ ချောချောနှင့် ယောက်ျားလေးသူငယ်ချင်းများဖြစ်သော စောဝေမိုး ချာလီချမ်းတို့ဖြစ်ပါသည်။

သူတို့ကိုအုပ်စုလိုက်မြင်လိုက်သည်နှင့် ကျွန်မ၏အသိဉာဏ်များ လင်းပွင့်သွားခဲ့ရပါပြီ။

ကျွန်မသူငယ်ချင်းများသည် ဒေသးငယ်သောလှေကလေးပေါ်သို့ တက်ကာ ဘာလုပ်နေကြပါလိမ့်။ သူငယ်ချင်းများထဲတွင် ယောက်ျားလေးသူငယ်ချင်း ရဲရင့် မပါသည်ကိုလည်း ကျွန်မသတိထားလိုက်မိပါသည်။

တကယ်တော့ ကျွန်မတို့သည် ခရီးတစ်ခုထွက်လာကြခြင်းဖြစ်သည်။ ကျွန်မရယ်၊ မိန်းကလေးများဖြစ်သည့် နွယ်နီနှင့်ချောချောရယ်၊ ယောက်ျားလေးသူငယ်ချင်းသုံးယောက်ဖြစ်သည့် စောဝေမိုး ချာလီချမ်းနှင့်ရဲရင့်တို့ဖြစ်ပါသည်။ ကျွန်မတို့ခြောက်ယောက်သည် အဆိုတော်များဖြစ်ကာ နယ်မြို့လေးတစ်မြို့သို့ စတိတ်ရှိုးသီဆိုဖျော်ဖြေရန် ထွက်ခွာလာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်မမှတ်မိလာပါပြီ။

ကျွန်မတို့ နယ်မြို့လေးတွင် သီချင်းဆိုခဲ့ကြပြီးပြီ။

ထို့နောက် ထိုမြို့မှပြန်လာကြသည်။

ယခု ကျွန်မဘယ်ရောက်နေပါသနည်း။

"သရဖီ ... သရဖီ ... လာလေ ... မြန်မြန်လာခဲ့လေ"

"မြန်မြန်လာခဲ့သရဖီ၊ လှေကထွက်တော့မှာ"

"ပြေးခဲ့သရဖီ၊ နင်တစ်ယောက်တည်း ကျန်နေခဲ့လိမ့်မယ်"

လှေပေါ်မှကျွန်မသူငယ်ချင်းများက အမျိုးမျိုးအော်ဟစ်ကာ ကျွန်မကိုခေါ်နေကြပေသည်။

ကျွန်မက မြစ်ပြင်ထဲမှလှေကလေးကိုမျှော်ကြည့်လိုက်သည်။

ကျွန်မခြေလှမ်းများက တွဲဆိုင်းနေပါသည်။

လှေပေါ်မှာက လူတွေအများကြီး။



မြစ်ပြင်ကိုကျော်၍တစ်ဖက်ကမ်းကိုကြည့်လိုက်သည့်အခါတွင်လည်း တံလျှပ်များတရိပ်ရိပ်ထနေသော သဲပြင်များကိုသာမြင်နေရပါသည်။

ကျွန်မသည် မြင်ကွင်းကို မနှစ်မြို့သလိုဖြစ်လာ၏။

လှေပေါ်ကို ကျွန်မ မတက်ချင်ပါ။

ကျွန်မသူငယ်ချင်းများကိုလည်း လှေနှင့်လိုက်မသွားစေချင်ပါ။

ကျွန်မက သူငယ်ချင်းများကို ဟစ်အော်ဟန့်တားရန်ကြိုးစားသော်လည်း နှုတ်မှအသံထွက်မလာချေ။

ထိုစဉ် ကျွန်မပခုံးကိုအေးစက်သောလက်တစ်ဖက်ဖြင့် အကိုင်ခံလိုက်ရလေသည်။

"ဘာလုပ်နေတာလဲ၊ တက်လေ၊ နင်တက်ပြီးတာနဲ့လှေထွက်တော့မှာ၊ နင့်ကိုစောင့်နေတာ"

ကျွန်မပခုံးကိုဆုပ်ကိုင်ပြီးပြောလိုက်သော အသံသြသြကြီးကိုကြားလိုက်ရလေသည်။

ကျွန်မက ထိုသူကိုလှည့်ကြည့်လိုက်၏။

အို ... ကျွန်မမျက်စိများပြာဝေသွားရပါတော့သည်။

ထိုသူသည် ဦးခေါင်း၌ ဦးရျိုကြီးတစ်ချောင်းပေါက်နေ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံး အဝတ်ကင်းမဲ့နေကာ အရှက်လုံရုံကလေး သစ်ရွက်ဖြင့် ဖုံးအုပ် ထားလေသည်။

ကျွန်မက ကြောက်စရာကောင်းသောလူကြီးကိုမကြည့်ဝံ့ဘဲ မျက်နှာလွှဲလိုက်သည်။

"မတက်ဘူး။ ဘာလို့တက်ရမှာလဲ၊ ကျွန်မလှေပေါ်မတက်ချင်ဘူး"

ကျွန်မနှုတ်မှ ငြင်းဆန်စကားများထွက်ကျသွားလေသည်။

"မတက်ချင်လို့ဘယ်ဖြစ်မလဲမိန်းကလေးရဲ့၊ သေပြီးတဲ့လူတွေဟာ ကူးတို့လှေစီးပြီး တစ်ဖက်ကမ်းက တမလွန်ကိုကူးရတာထုံးစံပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဘာ သေပြီးတဲ့လူ၊ ဟုတ်လား"

ကျွန်မကစက်ဆုပ်ရွံရှာသည့်ကြားမှ သူ့ကိုတစ်ဖန်ပြန်ကြည့်လိုက်သည်။ သူ့လက်ထဲ၌ လှေလှော်ရာတွင်အသုံးပြုသော လှော်တက်တစ်ချောင်းကို ကိုင်ထား၏။

"ဟုတ်တယ်၊ မင်းဟာ သေပြီးပြီလေ။ သေပြီးရင်တမလွန်ကို သွားရမှာပဲ။ ငါက လူသေတွေကိုတင်ပြီး တမလွန်ကိုပို့ပေးတဲ့ကူးတို့လှေက မရဏကူးတို့ရှင်ပေါ့"

"အမလေး ... ဟင့်အင်း ... ဟင့်အင်း ..."

"မင်းကြောက်နေသလားကွယ်၊ တကယ်တော့ ... ကြောက်စရာ မဟုတ်ပါဘူး။ သေသူတိုင်း ဒီလိုပဲသွားရတာပါ။ ဟိုမှာ ... မင်းနဲ့အတူတူ ကားတိုက်သေခဲ့တဲ့ မင်းသူငယ်ချင်းတွေလည်းပါတယ်လေ။ ကဲ- ကဲ- ပြောနေကြာတယ်၊ ကူးတို့လှေက မင်းကို စောင့်နေတာ၊ လူလည်းပြည့်ပြီ၊ ထွက်တော့မယ်၊ လာ- လာ- တက်"

မရဏကူးတို့ရှင်သည် ကျွန်မကူးတို့လှေပေါ်တက်သည်အထိ မစောင့်တော့ဘဲ ကျွန်မကိုအကြမ်းပတမ်းဆွဲကာ လှေပေါ်သို့တွန်းတင်လိုက်လေသည်။

"ဟေး ... သရဖီကွ"

"ဒါမှ တို့သူငယ်ချင်း ..."

ကျွန်မသူငယ်ချင်းများက ကျွန်မလှေပေါ်ရောက်လာသည်ကို လက်ခုပ်လက်ဝါးတီး၍အားပေးလိုက်ကြလေသည်။

လှေက ထွက်လာပေပြီ။

မရဏကူးတို့ရှင်သည် လှေပဲ့ပိုင်းမှနေ၍ လှေကိုလှော်လျက်ရှိပေသည်။

လှေကလေးသည် ကမ်းစပ်နှင့် တစ်စ တစ်စ ဝေးကွာလာလေ၏။

ကျွန်မသည် ဝမ်းပန်းတနည်းဖြစ်လာလေသည်။



ဘေးမှကျွန်မ၊ သူငယ်ချင်းများကိုကြည့်လိုက်တော့ ရယ်ရယ်မောမော နှင့်ပင် အူမြူးနေကြသည်ကို တွေ့လိုက်ရပေ၏။ သူတို့ စိတ်မှကောင်းကြသေးရဲ့လား။

ကျွန်မက ကျွန်မသူငယ်ချင်းများကိုလှည့်ကြည့်လိုက်ရာ သူတို့၏ နဖူးပြင်များမှ သွေးများစီးကျနေသော အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့လိုက်ရလေတော့သည်။

သူတို့သည် ကျွန်မကဲ့သို့ပင် ဦးခေါင်းမှသွေးများကျဆင်းနေကြသည်။ နှယ်နီသည် မျက်လုံးတစ်ဖက်ပေါက်ပက်ဖြစ်နေကာ၊ ချောချောကတော့ အပေါ်နှုတ်ခမ်းမရှိတော့ဘဲ သွားများကို ဟာလာဟင်းလင်းမြင်နေရပေသည်။ စောဝေမိုး၏လည်ပင်းတွင် အပေါက်ကြီးဖြစ်နေကာ ထိုအပေါက်မှ သွေးများ ဒလဟောစီးကျနေပေ၏။ ချာလီချမ်းတွင်လည်း လက်တစ်ဖက်မရှိ တော့ပါပေ။

"နင်တို့ နင်တို့ ကိုယ့်ကိုယ်ကိုယ် သေပြီးကြပြီဆိုတာရော သိကြရဲ့လားဟင်"

ကျွန်မက မေးလိုက်သည်။

"သိသားပဲ၊ သေပြီးမှတော့ ဘာတတ်နိုင်မှာလဲသရဖီရာ၊ ပျော်ပျော်ပဲနေကြတာပေါ့"

"ဟုတ်သားပဲ သရဖီ၊ ငါတို့ တမလွန်မှာ သီချင်းဆက်ဆိုကြမယ်လေ။ တမလွန်လောကသားတွေကိုပျော်ပြေမယ် ... ဟီဟီ ..."

သူတို့စကားများက ပေါ့ပျက်ပျက်နိုင်လှချေသည်။

"အို ငါမသေချင်ဘူး၊ ငါမသေချင်သေးဘူး"

ကျွန်မက ကြောက်လန့်တကြားနှင့် စူးစူးဝါးဝါးအော်လိုက်လေသည်။ ဤကူးတို့လှေပေါ်မှလည်း ထွက်ပြေးချင်စိတ်ပေါက်လာ၏။

ကျွန်မ၏အော်သံကြောင့် ကူးတို့လှေပေါ်တွင်ပါလာသူအားလုံးက လှည့်ကြည့်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကူးတို့လှေပေါ်၌ ကျွန်မတို့အုပ်စုအပြင် လူများစွာပါပါသေးသည်။ တချို့က အိုမင်းရင့်ရော်နေသူများ။ တချို့က နာမကျန်းဖြစ်နေဟန်ဖြင့် ပိန်လှီဖျော့တော့စွာ၊ သူတို့ကိုယ်ပေါ်မှ ဆေးနံ့များက ဆေးရုံတစ်ခုထဲရောက်သွားသလိုခံစားနေလေသည်။

ထိုသူများမှာ သေနေ့စေ့၍သော်လည်းကောင်း၊ နာများမကျန်းဖြစ်၍သော်လည်းကောင်း ကွယ်လွန်ခဲ့သူများဖြစ်ပေမည်။ အေးအေးဆေးဆေး တိတ်တိတ်ဆိတ်ဆိတ်ပင် လိုက်ပါလာကြလေ၏။

ကျွန်မတို့အုပ်စုသာလျှင် ရုတ်တရက် အစိမ်းသေသေဆုံးခဲ့သူများဖြစ်ပေလိမ့်မည်။ ကျွန်မတို့အုပ်စုသည် စတိတ်ရှိုးသီဆိုပြီး ကားဖြင့်ပြန်လာကြစဉ် ကားမှောက်၍ကွယ်လွန်ခဲ့ရခြင်းဖြစ်ပါသည်။

"ဒါဖြင့် ... ရဲရင့်ကော၊ ရဲရင့်ဘယ်မှာလဲ"

ကျွန်မတို့အုပ်စုမှ ယောကျ်ားလေးသုံးယောက်၊ မိန်းကလေးသုံးယောက်၊ ခြောက်ယောက်ဖြစ်ပါသည်။ အတူပါသူထဲမှ ရဲရင့်ကိုမတွေ့မြင်ပါ၍ ကျွန်မကမေးလိုက်ခြင်းဖြစ်၏။

"ရဲရင့်မသေဘူးထင်တယ်၊ ပါမလာဘူး"

အို ... ရဲရင့်တောင် မသေဘဲလွတ်သွားသေးတာ၊ ကျွန်မက ဘာဖြစ်လို့ သေရမှာလဲ။ ကျွန်မစိတ်ထဲက မခံချင်ဖြစ်လာလေသည်။

"ငါတို့က ပွဲချင်းပြီးသေတော့ ဒီကူးတို့ပေါ်ကိုအရင်ရောက်နေတာပေါ့။ နင်ကတော့ ချက်ချင်းမသေဘူးလေ၊ နင့်ကိုဆေးရုံသယ်သွားကြတယ်။ ဒါပေမဲ့ နင်သေမယ်ဆိုတာသိလို့ ငါတို့က ကူးတို့လှေကိုစောင့်ခိုင်းထားတာသရဖီ"

ချောချောက ကျွန်မကိုရှင်းပြနေသည်။

ကျွန်မသည် ဆေးရုံရောက်ပြီး သူတို့ထက်နောက်ကျမှသေသည့်အတွက် ဤနေရာသို့နောက်ကျမှရောက်လာရခြင်းပါကလား။



"ဟိုသူငယ်လေးက ကားအပေါ်ကတွယ်စီးလာတာလေ၊ ကားသေးကိုမောင်းသွားတော့ သူထွက်ကျပြီး မသေဘဲလွတ်သွားတာပေါ့။ ဦးလေးတို့ကားကတော့ ချောက်ထဲကျသွားလို့ ဦးလေပါသေရတာပါမိန်းကလေး"

ရှေ့ကိုမျက်နှာလှည့်ထိုင်နေသောလူကြီးတစ်ယောက်က ကျွန်မကိုလှည့်၍ ပြောလိုက်ခြင်းဖြစ်ပါသည်။ လူကြီး၏မျက်နှာတစ်ခုလုံး သွေးများစို့နေကာ မျက်နှာတွင် မှန်စများစူးဝင်နေလေသည်။

ထိုလူကြီးကို ကျွန်မသေချာကြည့်လိုက်တော့ ...

"ဟင် ... ဦးလေးက ကျွန်မတို့ကားကိုမောင်းလာတဲ့ ဒရိုင်ဘာကြီးမဟုတ်လား"

"ဟုတ်တယ်ကွယ့်၊ ဦးလေးလည်း သတိနဲ့မောင်းတာပါပဲကွယ်။ တောင်ဆင်းတောင်တက်လမ်းဆိုတာက ရှောင်ရတိမ်းရခက်တယ်လေ၊ တစ်ဖက်က ကားက ဖွတ်တက်လာတော့ ဦးလေးလည်း ကွေ့ရှောင်ရင်းက ကားချောက် ထဲကျသွားရတာပဲ။ ဦးလေးကိုခွင့်လွှတ်ပါကွယ်၊ အေးလေ ... သေပြီးမှတော့ ငါတို့တွေ ဘာတတ်နိုင်မှာလဲ"

ဒရိုင်ဘာဦးလေးကြီးက ကျွန်မကိုရှင်းပြပြီးနောက် ရှေ့ကိုပြန်လှည့်သွားလေတော့သည်။

ဒရိုင်ဘာကြီးရှင်းပြလိုက်၍ သီချင်းဆိုပြီးအပြန်လမ်းတွင် ကားတိမ်းမှောက်ခဲ့သည့်ဖြစ်ရပ်ကို ကျွန်မပြန်ပြီးမြင်ယောင်လာပါသည်။

ကျွန်မတို့စီးလာသည့်ကားက တောင်းအော့စ်ကားလေး။ ကားထဲတွင် ကျွန်မတို့သူငယ်ချင်းခြောက်ယောက်ပါသည်။ လမ်းတစ်ဝက်တွင် ရဲရင့်က ကားထဲမှာအိုက်တယ်ဆိုကာ ကားတံခါးပေါက်မှာ မတ်တတ်ရပ်ရင်းစီးလာခဲ့သည်။ တောင်ဆင်းလမ်းအတိုင်းဆင်းလာသောကျွန်မတို့ကားသည် ရုတ်တရက် တောင်ကွေ့အကွယ်မှတက်လာသောကားကိုမြင်လိုက်သည်တွင် ကွေ့ရှောင်လိုက်ရသည်။ တစ်ဖက်မှာက ချောက်ကမ်းပါးသာရှိပါသည်။ ကားသည် ချောက်ထဲသို့ တလိမ့်ခေါက်ကွေးကျသွား၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကျွန်မက ကားမှောက်သည့်မြင်ကွင်းကို ပြန်မြင်ယောင်လာသည်။

ကားထဲဝါးဝမှစီးလာသောရဲရင့်သည် ကားတိမ်းအသွားတွင် လမ်းနှံ့ထွက်ကျခဲ့ခြင်းပဲဖြစ်ပါလိမ့်မည်။

ရဲရင့်ကံကောင်းပါသည်။ ရဲရင့်သေဘေးမှလွတ်သလို ကျွန်မဘာလို့မလွတ်ရတာလဲ။ ရဲရင့်ကို မနာလိုခြင်းမဟုတ်ပါ။ ရဲရင့်အတွက် ဝမ်းမြောက်မိပြီး ကိုယ့်အတွက်ကိုယ် ကြေကွဲမိခြင်းပင်ဖြစ်ပါသည်။

ကူးတို့လှေပေါ်တွင် ပါလာသည့်သူများထဲတွင် သေခြင်းတရားကိုလက်မခံနိုင်သူမှာ ကျွန်မတစ်ယောက်ပဲရှိမည်ထင်ပါသည်။ အခြားသူများကကူးတို့လှေခေါ်ဆောင်ရာသို့ တိတ်ဆိတ်စွာလိုက်ပါလာကြပြီး ကျွန်မသူငယ်ချင်းများကတော့ သီချင်းများပင်ညည်းလို့နေပါသည်။

ကျွန်မ မသေချင်သေးပါ။

ကျွန်မမသေရဘူး။

ကျွန်မသည် ဤလှေပေါ်မှထွက်ပြေးရန် မိုက်မိုက်မဲမဲကြံစည်လိုက်လေသည်။

ကျွန်မရေကူးတတ်ပါသည်။

ကျွန်မက ရေထဲသို့ငုံ့ကြည့်လိုက်သည်။ ရေက တသွင်သွင်စီးဆင်းနေပေ၏။ မသာကူးတို့လှေကား ရေကိုဆန်တက်နေခြင်းဖြစ်ပါသည်။

ချောင်းထဲမှတသွင်သွင်စီးဆင်းနေသောရေများကိုအမြင်တွင် ကျွန်မစိတ်မှာ အနည်းငယ်သက်သာရာရသွားသည်။ လှေပေါ်ကခုန်ချပြီး ရေကူးပြေးလျှင် ကျွန်မလွတ်နိုင်ပါသည်။

ကျွန်မက ကိုယ်ကို လှုနံ့အထိရွှေ့လိုက်သည်။

"ဟိုကလေးမ၊ ဘာလို့နေရာရွှေ့ထိုင်တာလဲ။ လှေက မသာတွေနဲ့ကျပ်နေရတဲ့အထဲ။ ဘာလဲ၊ ရေထဲဆင်းကူးပြေးမလို့လား။ မလုပ်နဲ့ မရဘူး။ မင်းမောရုံပဲရှိမယ် ကလေးမ"

လှေပဲ့ပိုင်းမှလှော်ခတ်လာသော မရဏကူးတို့ရှင်က လှမ်းအော်လိုက်ခြင်းဖြစ်ပါသည်။ သူသည် ကျွန်မအကြံကိုရိပ်မိနေပေ၏။



ကျွန်မက အကြံရခက်စွာ သက်ပြင်းကိုချလိုက်သည်။

ဒီလှေပေါ်ကလွတ်အောင် ကျွန်မတစ်ခုခုလုပ်မှဖြစ်မည်။ ဘာလုပ်ရမယ်ဆိုတာတော့ ကျွန်မစဉ်းစားလို့မရပါ။

ကျွန်မသည် အကြံတစ်ခုခုရလိုရငြား ကျွန်မအင်္ကျီအိတ်များထဲတွင် တစ်ခုခုတွေ့နိုးနိုးဖြင့် လိုက်စမ်းကြည့်နေမိသည်။

ကျွန်မဝတ်ထားသောအင်္ကျီမှာ ယောကျ်ားရှပ်အင်္ကျီပုံစံချုပ်ထားပါသည်။ အင်္ကျီ၌အိတ်ကပ်များလည်းပါသည်။

ကျွန်မသည် ညာဘက်အောက်ဘက်မှအိတ်ထဲသို့ လက်ကိုနှိုက်လိုက်ရာ စာရွက်ခေါက်ကလေးတစ်ခုကို စမ်းလိုက်မိလေသည်။ ကျွန်မကစာရွက်ခေါက်ကလေးကိုထုတ်ယူလိုက်၏။

လက်တစ်ဝါးစာ စာရွက်ပိုင်းလေးကိုဖြန့်ဖတ်လိုက်သည့် အခါမှပင်ကျွန်မအသိဉာဏ်ဝယ် မှတ်မိလာပါတော့၏။

သီချင်းဆိုပျော်မြူးသည့်မြို့မှအပြန်တွင် ကျွန်မတို့ ထိုမြို့မှ ဘုရားများကိုဝင်ဖူးကြသည်။ ဆုတောင်းပြည့်ဘုရားကြီးအပါအဝင်ဖြစ်ပါသည်။ ဆုတောင်း ပြည့်ဘုရားဆင်းတုမှာ မဟာမြတ်မုနိဆင်းတုပုံစံ ထုလုပ်ထားပြီးအလွန်ပင် သပ္ပာယ်လှပါသည်။

ကျွန်မသည် ဘုရား၌ရွှေသင်္ကန်းကပ်လှူခဲ့ပါသည်။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ

**မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီး**

ရွှေသင်္ကန်းအလှူတော်ပြေစာပိုင်း

| | |
|---|---|
| လှူဒါန်းသူအမည် | မသာရဇီ(စတီရိယိုအဆိုတော်) |
| ရွှေသင်္ကန်းရွက်ရေ | ၅ ရွက် |
| တန်ဖိုး | ၆၀၀၀ကျပ် |

ဂေါပကအဖွဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာရွက်ပိုင်းလေးမှာ ကျွန်မရွှေသက်န်းကပ်လှူသည့်အတွက် ဂေါပက အဖွဲ့မှထုတ်ပေးသော အလှူငွေပြေစာဖြတ်ပိုင်းလေးပင်ဖြစ်ပါ၏။

မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီးကိုရောက်ရှိစဉ် ရွှေသက်န်းကပ်လှူဖြစ်ပုံများကို ကျွန်မပြန်လည်မြင်ယောင်လာပါသည်။

ဘုရားသို့အရောက်တွင် ချောချောနှင့်နွယ်နီက ဘုရားကိုဦးသုံးကြိမ်ချရုံချပြီး ဓာတ်ပုံရိုက်ရန် ထသွားကြပါသည်။ ဘုရားတည်ထားသောကုန်းမြေမှာကုန်းမြင့်ဖြစ်ရာ ဘုရားပေါ်မှကြည့်လျှင် ရှုခင်းမှာအလွန်လှပါသည်။ စောဝေမိုးနှင့်ချာလီချမ်းတို့က ဓာတ်ပုံရိုက်ပေးမည်ဆိုကာ ဘုရားရင်ပြင်၌ စောင့်ဆိုင်းနေကြပါသည်။

စောဝေမိုးနှင့်ချာလီချမ်းမှာ ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပါ။

နွယ်နီနှင့်ချောချောတို့ ဓာတ်ပုံရိုက်ဖို့ထသွားသော်လည်း ကျွန်မက ဘုရားရှိခိုးကို ပြီးဆုံးအောင်ရှိခိုးနေခဲ့ပါသည်။ ဘုရားရှိခိုးအပြီးတွင် သပ္ပာယ်လှသောဘုရားဆင်းတုကို ရွှေသက်န်းကပ်လှူလိုစိတ်များ ပေါက်လာခဲ့ပါသည်။

ကျွန်မက ရွှေသက်န်းရောင်းသောကောင်တာတွင်သွား၍ အလှူငွေထည့်ရင်း ရွှေသက်န်းများယူနေစဉ် နွယ်နီနှင့်ချောချောမှာ စောဝေမိုး၊ ချာလီချမ်းတို့နှစ်ယောက်နှင့် ဓာတ်ပုံရိုက်ကောင်းနေကြပါသည်။

ကျွန်မက ရွှေသက်န်းငါးရွက်ဝယ်ယူခဲ့ပြီး ဘုရားဆင်းတုရှိရာသို့ လာခဲ့ပါသည်။

ကျွန်မတို့မိန်းကလေးများမှာ ရွှေသက်န်းကိုကိုယ်တိုင်ကပ်လှူခွင့်မရှိပါ။ ဗုဒ္ဓဆင်းတုစံမြန်းရာကျောင်းဆောင်ထဲသို့ မိန်းမသားများဝင်ရောက်ခွင့်မရှိသည့်အတွက်ဖြစ်ပါသည်။

ကံအားလျော်စွာပင် ဘုရားရှေ့သို့ကျွန်မအရောက် ရွှေသက်န်းကပ်လှူပြီးပြန်ဆင်းလာသည့်ရဲရင့်နှင့် ဆုံလိုက်ပါသည်။

"ရဲရင့်ရယ် . . . ငါ့အတွက် ရွှေသက်န်းကပ်ပေးပါဦး"



ရွှေသက်န်းကပ်ရန် ရဲရင့်ကိုပင် အကူအညီတောင်းလိုက်ရတော့သည်။

ကျွန်မက အလှူငွေလက်ခံဖြတ်ပိုင်းလေးကိုကြည့်ရင်း ဘုရားတွင် ရွှေသက်န်းကပ်လှူခဲ့ပုံများကို မြင်ယောင်လာမိသည်။

ဖြတ်ပိုင်းပေါ်တွင် မဟာမြတ်မုနိဆုတောင်းပြည့်ဘုရားကြီး၏ပုံကို ရေစာဖြင့် နောက်ခံရိုက်နှိပ်ထားပါသည်။

ကျွန်မကြည့်ညိုဦးညွှတ်ခဲ့သောဘုရားပုံတော်ကိုမြင်လိုက်သည့်အခါတွင် ကျွန်မရင်၌အတိုင်းမသိအေးငြိမ်းမှုကိုရလိုက်ကာ လက်ရှိဖြစ်ရပ်များကိုပင်မေ့လျော့သွားမိလေတော့၏။ ဘုရားတွင် ရွှေသက်န်းကပ်လှူခဲ့သည့် အလှူဒါနအတွက်လည်း ဝမ်းသာပီတိဖြစ်မိလေသည်။

ကျွန်မက အလှူငွေဖြတ်ပိုင်းပေါ်မှ ဘုရားဆင်းတုပုံတော်ကို စိုက်ကြည့်ကာ ကြည်ညိုဦးညွှတ်နေမိသည်။

နှုတ်မှလည်း ပြေစာဖြတ်ပိုင်းထိပ်တွင်ရေးထားသည့် "**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**" ဆိုသည့်စာသားကို မပြတ်ရွတ်ဖတ်နေမိပါသည်။ ထိုစာသားကို ဖြတ်ပိုင်းပေါ်တွင်တွေ့ရ၍သာ ရွတ်ဆိုနိုင်ခြင်းဖြစ်ပါသည်။ စာသားအပြစ်သာမတွေ့ရလျှင် လက်ရှိအဖြစ်တွင် ကျွန်မဦးနှောက်မှ စဉ်းစားနိုင်မည်မဟုတ်ပါ။

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

"**ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ**"

ကျွန်မကဘုရားစာကို နှုတ်မှမပြတ်ရွတ်ဖတ်နေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစာရွတ်ဖတ်နေစဉ်တွင် လက်ရှိအဖြစ်၏မနှစ်မြို့ဖွယ်ရာများကို ကျွန်မမေ့သွားပါသည်။ လေပြည်လေညင်းကလေးများသည် ကျွန်မတစ်ဝိုက်တွင်တိုက်ခတ်နေပါသည်။

ရေပြင်သည်လည်း ကြည်လင်စိမ်းလဲ့လာပါသည်။

အေးမြကြည်လင်သောရေပြင်ကိုကြည့်ကာ ကျွန်မစိတ်မထိန်းနိုင်တော့ပါ။

ကျွန်မသည် မရဏာကူးတို့လှေပေါ်မှထကာ ရေထဲသို့ ခုန်ချလိုက်မိပါတော့၏။

❁

''ရေ ... ရေ ... ရေ ...''

''ဟော ... သတိရလာပြီ၊ သူသတိရလာပြီ''

''သမီး၊ သမီးသရဖီ''

''ရေ ... ရေ ...''

''ရေတိုက်လိုက်ပါ''

ကျွန်မပါးစပ်ထဲသို့အေးမြသောရေများ တစ်ပေါက်ချင်းစီးကျလာပါသည်။ ကျွန်မက ရေစက်များကို အငမ်းမရသောက်မျိုလိုက်မိလေသည်။

ကျွန်မမျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်မကို စိုးရိမ်စွာကြည့်နေသော မေမေ့မျက်နှာကို မြင်လိုက်ရပါ၏။ နောက် ဖေဖေ၊ ဆရာဝန်နှင့် သူနာပြုဆရာမများ။

''သမီး သမီးသတိရပြီလားဟင်''

မေမေက ကျွန်မကို မေးလိုက်လေသည်။

''သတိရပါပြီ မေမေ''

''အို ... တော်ပါသေးရဲ့ကွယ်၊ သမီးအားလုံးကို မှတ်မိတယ်နော်''

''မှတ်မိပါတယ် မေမေ၊ သမီးတို့ စတီတ်ရှိုးကားအပြန် ကားမှောက်လို့လေ''



''သ ရယ် ဒါတွေကို ပြန်မတွေးနဲ့ဦးနော်။ အခု သမီးသေတွင်းကလွတ်ပြီ။ စိတ်အေးအေးနေနော်သမီး''

မေမေကကျွန်မကိုနှစ်သိမ့်နေစဉ် အခန်းထဲသို့ လူတစ်ယောက်ဝင်လာလေသည်။

ရဲရင့်ပင်ဖြစ်ပါ၏။

''ဟင် ... ရဲရင့်''

ရဲရင့်ညာလက်မှာ ကျောက်ပတ်တီးကြီးနဲ့ပါလား။

''သရဖီ၊ နင်သတိရပြီနော်''

''ရပါပြီ ရဲရင့်ရယ်၊ ရဲရင့် နင်ငါ့ကိုယ်စား ဆုတောင်းပြည့်ဘုရားမှာ ရွှေသင်္ကန်းကပ်ပေးခဲ့တာ ကျေးဇူးတင်ပါတယ်ဟယ်''

ကျွန်မက ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောလိုက်ခြင်းဖြစ်ပါသည်။

''နင်လည်း ဘာမှမဖြစ်ဘူးနော်၊ လက်ကျိုးရုံပဲပေါ့။ တော်သေးတာပေါ့ဟယ်''

''ဟုတ်တယ် သမီး၊ ဘာမှမဖြစ်ကြဘူး။ သမီးသူငယ်ချင်း နွယ်နီတို့ ချောချောတို့၊ စောဝေမိုးနဲ့ချာလီချမ်းတို့လည်း ဘာမှမဖြစ်ဘူးသမီး။ ဒီဆေးရုံထဲမှာပဲ ရှိကြတယ်။ အေးအေးဆေးဆေးမှ သူတို့နဲ့တွေ့နော် သမီး''

မေမေ့စကားကြောင့် ကျွန်မပြုံးလိုက်မိပါသည်။

မေမေသည် သတိလည်ခါစကျွန်မကို စိတ်ဆင်းရဲသွားမည်စိုး၍ သူငယ်ချင်းများအဖြစ်ကို ဖုံးကွယ်နေခြင်းပင်ဖြစ်ပါသည်။

''သမီးသိပါတယ် မေမေ၊ ချောချောတို့နွယ်နီတို့၊ စောဝေမိုးနဲ့ချာလီချမ်းရော ပွဲချင်းပြီး ဆုံးသွားကြတယ်လေ။ ဒါတွေကို သမီးသိပါတယ် မေမေရယ်''

''အို ... သမီး''

''စိတ်မပူပါနဲ့ မေမေ၊ သမီး တရားနဲ့ဖြေတတ်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com

မေမေက သက်ပြင်းချလိုက်သည်။

"အမေ့သမီးလေးကတော့ ဘုရားဂုဏ်ကျေးဇူးကြောင့် ဘေးတွင်းကလွတ်ခဲ့ရတာပါကွယ်"

"ဟုတ်ပါတယ်မေမေ၊ သမီးဘေးတွင်းကလွတ်ခဲ့တာ ဘုရားဂုဏ်ကျေးဇူးကြောင့်ပါ။ သမီးလေ မေမေနဲ့ဖေဖေ့ကို ကျေးဇူးတင်ပါတယ်။ သမီးကို ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ မွေးဖွားပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် မေမေရယ်။ ပြီးတော့ ... သမီးကို ဘုရားတရားကြည်ညိုတတ်အောင် သင်ကြားပြသပေးခဲ့တဲ့မေမေတို့ကျေးဇူးကိုလည်း မမေ့ပါဘူး။ ဖေဖေနဲ့မေမေ့ကို ကန်တော့ပါတယ်"

ကျွန်မက မိခင်နှင့်ဖခင်ကို လက်အုပ်ချီကာ ပြောလိုက်လေသည်။

"သမီးလေးရယ် ..."

မေမေကတော့ ကျွန်မစကားများကို လတ်တလောတွင် နားလည်နိုင်ဦးမည်မဟုတ်ပေ။

ကျွန်မနေကောင်းလို့ ပြန်ပြောပြနိုင်တဲ့အခါကျမှ သာဓုခေါ်ပါတော့ မေမေရယ်။

ကျွန်မပြန်လည်ကျန်းမာလာသည့်အခါတွင် တမလွန်သို့ရောက်သွားကြသောသူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုကာ အမျှဝေရပါဦးမည်။

**၁ ငှေ့တမာန်**



...ချိန်တင်ထားတဲ့ ကမ္ဘာ့အရောင်းရဆုံး သည်းထိတ်စာစဉ်

Goosebumps

တန်ဖိုး - ၁၀၀၀ ကျပ်



ဆုပြည့်စုံထွန်းစာပေ

အမှတ် - ၅၀၈/၅၁၂(၂စ)...

ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ...

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com